# ကျပြဿနာ

ဆောင်းဥက္ကာ

၁၀၅၈

ဇင်းမြိဳ့ကစရာပ်ပါရဂူ ဘာသာနှစ်ရပ်ပါမောက္ခ

# တောင်တွင်းကြီး ဆရာတော်

## အသျှင်ဥက္ကဋ္ဌရေး

# ကပ္ပဖြသာနှ

* * * * * * * * * * *

တည်းဖြတ်သူ

ပါဠိမြန်မာစာပေ ပါမောက္ခ

## ဆရာကြီးကွန့်

ဝဏ္ဏကျော်သိုက်၏ ဒုတိယ လက်ဆောင်

သာသနာ သက္ကရာဇ် ၂၄၉၉

ကောဇာ သက္ကရာဇ် ၁၃၁၇ ခုနှစ်။

THE SERVICE OF THE POOR IS THE SERVICE OF THE BUDDHA

TAUNG DWIN SYI HMO

IBU

BURMA

INTERNATIONAL BUDDHA UNIVERSITY

ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း အုပ်ရေ (၁၀၀၀)

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်



# မာတိကာ။


| အကြောင်းအရာ | | သိုက်ညွှန်း |
|---|---|---|
| ကျမ်း၏နိဒါန်း .... .... | | က |
| ကျမ်းဆရာ၏အမှာ .... .... | | ကု |
| ကမ္ဘာ့ပြဿနာကျမ်းဒုတိယအကြိမ်ရိုက်နှိပ်ရခြင်း ........ | | .... |
| အကြောင်း။ .... .... .... | | ကဲ |
| ဘာသာဟူသည့်အဘယ်နည်း။ .... | အဖြေ .... | ၁ |
| (၁) စိန့်သောမတ်-စ် အကွိနတ်၏အလို .... | | ၃ |
| (၂) ဘာဂျုန်ဆီလီ၏အလို ... .... | | ၃ |
| (၃) ဖရက်ဒရစ်ဟာရစ်ဆံ၏အလို .... | | ၃ |
| (၄) ဂါလျုက်စ်၏အလို ... .... | | ၃ |
| (၅) ဆီသီရိုး၏အလို ... .... | | ၄ |
| (၆) ဂျိမ်းစ်မာတင်း၏အလို .... .... | | ၄ |
| (၇) ကားနတ်၏အလို .... ... | | ၄ |
| (၈) သသျှူးဓာနိုးဂ်၏အလို .... .... | | ၄ |


ဘာသာအားလုံးကိုခြုံ၍ကျွန်ုပ်တို့၏ အလိုကျ
အဓိပ္ပါယ်ကို ကောက်ယူဖေါ်ပြချက်


| | | |
|---|---|---|
| အဘယ် အကြောင်းကြောင့်ဘာသာ .... | | |
| ဖြစ်ပေါ်လာရသနည်း | အဖြေ .... | ၆ |
| ဘာသာများအဘယ်သို့ဖြစ်ပေါ် .... | | |
| လာကြကုန် သနည်း။ | အဖြေ | ၁၄ |
| အဘယ်ကြောင့်ဘာသာကို . | | |
| လိုက်စားရသနည်း။ | အဖြေ | ၁၈ |
| ဘာသာလိုက်စားရခြင်း၏ အကျိုးအပြစ်ကို | | |
| ဝေဖန်ပြပါ။ | အဖြေ | ၂၄ |

ဘာသာကို လုံးဝ မကိုးစား မနာယူသူမှာ အကျိုး
ရှိမည်လော ?(ဝါ) အပြစ်ချည်းရှိမည်လော ? အဖြေ ၃၁
ဘာသာမပါဘဲ ကိစ္စတိုင်း ပြီးမည်လော ?
(ဝါ) မပြီးဘဲရှိမည်လော ? အဖြေ ၄၃
ကိုယ်နှင့်ဆိုင်သောအလုပ် .... .... .... ၄၄
နှုတ်နှင့်ဆိုင်သောအလုပ် .... .... .... ၄၄
စိတ်နှင့်ဆိုင်အရာအလုပ် .... .... .... ၄၅
အတ္တဟိတ မိမိနှင့်ဆိုင်သောလုပ်ငန်း .... .... ၄၅
ပရဟိတ သူတပါးနှင့်ဆိုင်သောလုပ်ငန်း .... .... ၄၅
ရပ်နှင့်ဆိုင်သောအလုပ် .... .... .... ၄၆
နာမ်နှင့်ဆိုင်သောလုပ်ငန်း .... .... .... ၄၇
ကောင်းသောအလုပ်ကိစ္စ .... .... .... ၄၉
မကောင်းသောအလုပ်ကိစ္စ .... .... .... ၅၀
ဗုဒ္ဓဘာသာဝင်တို့၏အလုပ်ကိစ္စ .... .... .... ၅၁
ခရစ်ယာန်တို့၏ ဘာသာရေးလုပ်ငန်း .... .... .... ၅၃
ပသီတို့၏ဘာသာရေးလုပ်ငန်း .... .... .... ၅၅
ဟိန္ဒူ ဘာသာရေးလုပ်ငန်း .... .... .... ၅၆
ဘာသာ လုံးဝ မရှိသူ များ၏
အခြေ အနေ မည်သို့ရှိသနည်း။ အဖြေ .... .... ၅၇
ဘာသာအမျိုးအစားများကိုဖော်ပြပါ။ အဖြေ .... ၅၈
ဘာသာ၏ မှားမှန်ကို မည်သို့
ဝေဖန် မည်နည်း။ အဖြေ .... .... .... ၆၂
အမှန်ဆုံးဘာသာဟု ယူဆရန်နှင့်၎င်းအတွက်
လိုလောက်သောအချက်များကားအဘယ်နည်း ? အဖြေ ၆၉

ဘာသာ၏ အတွင်းအားဖြင့် လုပ်ငန်းကား
အဘယ်နည်း? အဖြေ ၇၁
ဘုရားနှင့်တရား .... .... .... ၇၃
ဗုဒ္ဓဘာသာဘုရား။ .... .... .... ၇၆
သီရိဓမ္မာ သောကမင်းကြီး
ကိုယ်တိုင်စိုက်တူခဲ့သော ကျောက်စာမှု .... .... ၇၈
ဗုဒ္ဓဘာသာတရား .... .... .... ၈၅
တရား၏ဂုဏ်လက္ခဏာ .... .... .... ၈၇
နိဗ္ဗာန် .... .... .... .... .... ၉၀
ပယ်ရမည့်တရား .... .... .... ....၉၈
ပြုလုပ်ရမည့်လုပ်ငန်း .... .... ... ၁၀၃
ဗောဓိပက္ခိယတရား .... .... .... ၁၀၆
မဂ္ဂင်ရှစ်ပါး .... .... .... ....၁၁၂
ဓမ္မစကြာပဝတ္တန .... .... .... ... ၁၁၇
ဓမ္မစကြာပဝတ္တနတရားစကြာဟုသည့် .... .... ၁၁၈
လူ့ကျင့်ဝတ်တရားများ .... .... .... ၁၂၅
ခရစ်ယာန်ဘာသာ .... .... .... ....၁၃၂
ခရစ်ယာန်ဝါဒ အကျဉ်းချုပ် .... ... .... ၁၃၄
ခရစ်ယာန်ဘုရား .... .... .... .... ၁၃၇
ခရစ်ယာန်တရား(က)ဖဘုရား၏တရား.... .... ၁၄၀
ပညတ်တော် ၁၀ပါး.... .... .... ၁၄၁
အပြစ်ဖြေခြင်း .... .... .... ၁၄၃
လက်စားချေတရား.... .... .... .... ၁၄၅
သားဘုရား .... .... .... ၁၄၇
သားဘုရား၏တရား .... .... ၁၄၈

ခရစ္စယယုံကြည်ရေး .... .... .... ၁၅၂
ပသီဘာသာ .... .... .... ၁၅၅
ပသီဘုရား .... .... .... ၁၅၆
ပသီဘုရား၏အခြင်းအရာ .... .... ၁၅၉
အလ္လာဟာဘုရား၏ လုပ်ငန်းများ .... ၁၆၁
ကောက်ချက် .... .... .... ၁၆၃
ပသီတရား .... .... .... .... ၁၆၃
ပသီဝါဒ .... .... .... .... ၁၆၅
ပသီငရဲ .... .... .... .... ၁၆၇
ပသီကောင်းကင်ဘုံနန်း .... .... .... ၁၆၉
ပသီတို့၏ ရှင်ပြန်သမြောက်ခြင်း .... ....၁၇၂
ရှူးဟာခေါ်ဝိညာဏ်ရုပ်ပါး .... .... ....၁၇၄
ပသီသူတော်ကောင်း၏လက္ခဏာ .... .... ၁၇၅
မဟာမဒ်ဆာဟာဗ် .... ... .... ၁၇၆
ဟိန္ဒူဘာသာ .... .... .... ....၁၈၁
ဟိန္ဒူဖြစ်ရန် ဂုဏ်အင်္ဂါ .... .... .... ၁၈၃
ဟိန္ဒူဘာသာ၏ ပဓါနထူးခြားချက် .... .... .... ၁၈၄
ဟိန္ဒူဘာသာ၏အများနှင့်ဆက်ဆံခြင်းသဘော ....၁၈၄
ဟိန္ဒူဘုရား .... .... .... .... ၁၈၆
ဟိန္ဒူဘုရား ကွဲလာပုံ .... .... ၁၈၇
ဗြဟ္မာ၏လုပ်ငန်း။ .... .... .... ၁၈၈
ဗိဿနိုး၏လုပ်ငန်း .... .... .... ၁၈၉
ရှီဗ၏လုပ်ငန်း .... .... .... ၁၉၁
ဗြဟ္မာ၏လျှို့ဝှက်မှုကို ရှိဝမိသွားပုံ .... .... ၁၉၄
ဟိန္ဒူကျမ်းစာများ .... .... .... ၁၉၅

(၁) ရိဂ ဝေဒ .... .... .... ၁၉၆
(၂) ယဇုဝေဒ .... .... .... ၁၉၆
(၃) သာမဝေဒ .... .... .... ၁၉၇
(၄) အထ္ထာရဝဝေဒ .... .... .... ၁၉၇
ဝေဒကျမ်း၏အဖွင့်များ .... .... ....၁၉၈
ဝေဒင်္ဂကျမ်း .... .... .... ၁၉၉
ဝေဒနယ်မှလွတ်သောကျမ်းများ(၁)သုတ္တ .... ၁၉၉
(၂)သမိတိ .... .... .... ၂၀၀
(၃)ပုရာဏ .... .... .... ၂၀၀
(၄)တန္တရ .... .... .... ၂၀၂
(၅)ယာမာယဏ .... .... .... ၂၀၄
(၆)မဟာဘာရတ .... .... .... ၂၀၅
ကမ္ဘာဖန်ဆင်းပုံ .... .... ၂၀၆
ဟိန္ဒူဝါဒ .... .... .... ၂၀
ဟိန္ဒူဝါဒသင်္ခေပ .... .... .... ၂၁
ဟိန္ဒူဓလေ့ထုံးစံများ .... .... .... ၂၁
၁- ဆမ်ဆကာရ .... .... .... ၂၁
၂- ဥပါသန .... .... .... ၂၁
၃- သဒ္ဓါ .... .... .... .... ၂၁
၄- သန္တိ .... .... .... .... ၂၁
၅- ဝတ္တ .... .... .... .... ၂၂
၆- ဒါန .... .... .... .... ၂၂၂
၇- အရှရမ .... .... .... .... ၂၂၄
၈- ပရာယရှ ကျစ်တ် .... .... .... ၂၂၄
၉- သုစိ .... .... .... .... ၂၂၆

| အကြောင်းအရာ | သိုက်ညွှန်း |
| --- | --- |


၁၀-ဝဋ္ဋ .... .... .... .... ၂၂၆

တာယိုဘာသာ .... .... .... ၂၂၇

တာယိုတေကင် .... .... .... ၂၂၈

တာယိုဝါဒ .... .... .... .... ၂၃၀

(၁) တာယိုအဘိဓမ္မာ .... .... .... ၂၃၀

(၂) တာယို တိုင်းရေးပြည်ရေး .... .... ၂၃၁

(၃) တာယိုဘာသာ .... .... ... ၂၃၂

ကွန်ဖူးရှပ်ဘာသာ .... .... .... ၂၃၄

ကွန်ဖူးရှပ်၏ဝါဒ .... .... .... ၂၄၁

ကွန်ဖူးရှပ်၏ လောကဓါတ်ပညာ .... .... ၂၄၂

ကွန်ဖူးရှပ်၏ အစိုးရ .... .... .... ၂၄၂

ကွန်ဖူးရှပ်၏ ပူ. ကျင့်ဝတ် . ... .... ၂၄၃

ကွန်ဖူးရှပ်၏ လောလောကျင့်စဉ် ... ... ၂၄၄

ကွန်ဖူးရှပ်၏ရွှေမျဉ်းမမ္ဘသတ် .... .... ၂၄၅

ရှင်တိုဘာသာ .... .... .... ၂၄၆

သာသနာ့ဝေဒ ကိုးကွယ်မှု .... ... ၂၄၆

ဘုရင်မင်းကောင်းတို့ရှိခိုးမှု ... .... ၂၄၇

ကျောက်တုံးကျောက်ခဲ ကိုးကွယ်မှု .... ၂၄၈

လောကာယ တဘာသာ .... .... ၂၅၀

ဝိညာဏ်ဝါဒ .... .... .... ၂၅၁

ဇိန ဝါဒ .... .... .... .... ၂၅၄

ပါရစီဘာသာ .... .... .... .... ၂၅၈

ဆစ်ခ်ဘာသာ .... .... .... .... ၂၆၁

ဆစ်ခ်လက္ခဏာ .... .... .... ၂၆၃

| အကြောင်းအရာ | သိုက်ညွှန်း |
|---|---|


ဆစ်ခ်ဘုရား .... .... .... ၂၆၄
ဂုရုများ .... .... .... ၂၆၄
ဆစ်ခ်တရား .... .... .... ၂၆၅
အဘယ်ကဲ့သို့သော သူကို ဘုရားဟု ခေါ်ဆို၍ မည်
ကဲ့သို့သောအရာကို တရားဟုခေါ်ဆိုရပါသနည်း
(ဖြေ) .... .... .... .... ၂၆၈
တရား .... .... .... .... ၂၇၂
ဘုရားနှင့် တရား အဘယ်သို့ ဖြစ်ပေါ်လာကြရသနည်း
အဖြေ ၂၇၇
ဘုရား၏ စွမ်းအားနှင့် တရား၏ စွမ်းအားကိုဖော်ပြပါ
အဖြေ ၂၈၀
ဘုရားနှင့် တရားမရှိပဲ မယားပဲ ဖြစ်နိုင်ပါမည်လော?
မဖြစ်နိုင် ဘူးလော? အဖြေ ၂၈၄
ငင်းဘုရားနှင့် တရားကို အသိအမှတ် မပြုသူတို့ ငါးတို့
က ဘယ်လို အပြစ်ဒဏ် ပေးဦး မည်နည်း? အဖြေ ၂၈[illegible]
ဘုရားနှင့် တရားကိုမည်သူက ပြုလုပ် ဖန်ဆင်း[illegible]
သနည်း? ဖြေ ၂[illegible]
ဘုရားနှင့် တရား အဘယ်နားမှာ တည်[illegible]သနည်း?
အဖြေ ၂၉၂
ဘုရားက တရားကိုခိုင်းစေနိုင်သလား?(ဝါ) တရားက
သာ ဘုရားကို ခိုင်းစေနိုင်သလား? သို့မဟုတ် ၎င်းတို့
အချင်းချင်း ခိုင်းစေနိုင်ကြပါသလား အဖြေ ၂၉၈
မည်သူမှ မခိုင်းစေနိုင်သော အရာမျိုး ရှိပါသလား?
အဖြေ ၃၀၂
အကယ်၍မည်သူမှ မခိုင်းနိုင်မပြုနိုင်သောအရာရှိခဲ့[illegible]

၎င်းကိုမည်သို့ရအောင် ပြုလုပ်ရမည်နည်း? အဖြေ ၃၀၄
အမှန်ဆုံး ဘုရားနှင့်တရားဟု ဆိုနိုင်ရန် လုံလောက်
သောအချက် နှင့် သန့်ရှင်းသော ရွေးချယ်နည်းကား
အဘယ်နည်း အဖြေ ၃၁၀
ဘာသာ-ဘုရား-တရား-သုံးခု အနက်တခု ခု မှန်က
ကျန် ၂ခုပါ မှန်မည်လော? အဖြေ....... ....... ....၃၁၄
ဘာသာ-ဘုရား-တရားသုံးခုကို အားမထားပဲ(ဝါ)
အသိအမှတ်မပြုပဲ လိုရာကိစ္စအားလုံးပြီးပါမည်လော
(ဝါ)မပြီးပဲနေမည်လော? အဖြေ............ ...........၃၁၆
ဘာသာ-ဘုရား-တရား သုံးခု ကိုအားကိုး
ယုံကြည်နေရုံနှင့် လိုရာ ကိစ္စ ပြီးပါမည်လော?(ဝါ)
မပြီးဘဲ နေမည်လော? အဖြေ........................... ၃၁၈
အချို့ကိစ္စ ၎င်းသုံးခုကို အားမထားပဲ၊ လိုသလို
ပြီးမြောက်ခဲ့၏ ထိုသို့ ပြီးမြောက် ရခြင်း၏ အကြောင်း
ကား။ဘာလဲ? အဖြေ.................................... ၃၂၁
လိုရာကို ရအောင်လုပ်နည်း ရှိပါသလော?အဖြေ ၃၂၃
ကိုယ်ဖြစ်ချင် သလို အဘယ်ကြောင့် မဖြစ်ရ
သလဲ? ဖြစ်နိုင်ကိုရာကော ရှိပါသေးသလား? အဖြေ ၃၂၈
ဘာသာ-ဘုရား- တရား- သုံးခုက ကိုယ်ဖြစ်ခြင်
ရာကို လုပ်ပေးနိုင်ပါသလော?အဖြေ..................... ၃၃၂
အဘယ် ကြောင့် အကောင်း ချည်းလဲ မဖြစ်
အဆိုးချည်းလဲမဖြစ်ရသနည်း? အဖြေ................. ၃၃၇
အကောင်း နှင့် အဆိုးကို မည်သူက
လုပ်ပေး သနည်း? အဖြေ......................... ၃၄၁

အဆိုးအဖြစ်နည်း၍အကောင်းအဖြစ်များအောင်
မည်သို့လုပ်ရမည်နည်း? 　　အဖြေ.................. ၃၄၆
မည်သည့် အရာကို အမြဲ အားထားရ
မည်နည်း? 　　　　အဖြေ ....　....　.... ၃၅၀
မည်သည့် အရာသည် အထွဋ်အထိပ်
အကျဆုံး ဖြစ်သနည်း? 　　အဖြေ ....　.... ၃၅၅
ငင်းအချက်သို့ ရောက်အောင်မည်သို့
လုပ်ရ မည်နည်း? အဖြေ 　....　.... ၃၅၆

## ဗုဒ္ဓဘာသာ အခန်း (၁)

ဗုဒ္ဓဘာသာ ဟူသော စကား၏
အဓိပ္ပါယ်ကား ဘာလဲ? 　　အဖြေ 　　၃၅၈
မည်သည့် အရာသည် ဗုဒ္ဓဘာသာ၌
အမွန် မြတ်ဆုံးဖြစ်သနည်း? 　　အဖြေ ....　.... ၃၅၉
၎င်း၏ မွန်မြတ်ပုံ၊ အမြင်း အရာကား
မည်သို့နည်း? 　　အဖြေ ....　....　.... ၃၆၅
ဗုဒ္ဓဘာသာ၌ မည်သည့်အရာများကို အဆိုး အညံ့
တွေဟု မှတ်ယူ၍ မည်သည့်အရာကို အကောင်း
အမွန်တွေဟု မှတ်ယူထားပါသနည်း? အဖြေ ... ၃၇၁
ဗုဒ္ဓ ဘာ သာ ကိုး ကွယ် ယုံ ကြည် သူ များ သည်
မည်သို့သော အကျိုးကို ရမည်နည်း? အဖြေ ... ၃၇၃
ဗုဒ္ဓဘာသာ ဘုရားကို ဆဲက အပြစ်ရှိမည်ဆို၏။
ထိုအပြစ်ကို ဗုဒ္ဓဘာသာ ဘုရားက ပေးသလော?
သို့မဟုတ် မည်သူက ပေးသနည်း? အဖြေ ... ၃၇၄

အပြစ်ဟူသော အရာသည် အဘယ်က ဖြစ်ပေါ်လာသနည်း? အဖြေ .... .... .... ၃၇၆

လူတွေ သို့မဟုတ် သတ္တဝါတွေအပြစ်ခံရပုံ၊အ ပြစ်ကပင် ကြိုတင်၍ စောင့်နေသလော? သို့မဟုတ် ထိုအပြစ် အဘယ်က ထွက်ပေါ်လာသနည်း? အဖြေ ....၃၇၉

တယောက်ရမည့် အပြစ်ကို တယောက်က ပြောင်းလွှဲယူ၍ ရမည်လော? ရလျှင် မည်ကဲ့သို့ ရ၍ မရလျှင် အဘယ်ကြောင့် မရသနည်း? အဖြေ .... ၃၈၃

ဗုဒ္ဓဘာသာကို မကိုးကွယ်မယုံကြည်ဘဲ အခြား ဘာသာကို ကိုးကွယ်ယုံကြည်သူများသည် ကောင်းကျိုးမခံစားရဘဲ ဆိုးပြစ်ကိုသာ ခံကြရတော့မည်လော? အဖြေ .... .... .... .... ၃၉၀

ဗုဒ္ဓဘာသာကို ကိုးကွယ်လျှင်အပြစ်မခံရတော့ဘူးလား? အဖြေ .... .... .... .... ၃၉၂

ဗုဒ္ဓဘာသာဝင်ဖြစ်ရန် လုပ်ငန်းနှင့် ဗုဒ္ဓဘာသာဝင်တို့ လိုက်နာရမည့် တာဝန် ဝတ္တရား တို့ကား အဘယ်နည်း? အဖြေ .... .... .... ၃၉၈

မဋ္ဌတာဟူသောစကား၏အဓိပ္ပါယ်ကား အဘယ်နည်း? အဖြေ .... .... .... ၄၀၁

မဋ္ဌတာဖြစ်ပေါ်လာပုံကာအဘယ်နည်း? အဖြေ--၄၀၆

မဋ္ဌတာ၏အစကားအဘယ်နည်း? အဖြေ .... ၄၀၇

မဋ္ဌတာကို မည်သူက ဘန်ဆင်းပေးသနည်း? အဖြေ ၄၀၈

မဋ္ဌတာနှင့် လူ မည်သူက စသနည်း? အဖြေ ၄၀၉

ဘယ်လိုဟာကို လူဟု ခေါ်သနည်း? ၄၀၉

| အကြောင်းအရာ | သိုက်ညွှန်း |
| --- | --- |
| လူသည် ဘယ်ကစသနည်း? အဖြေ | ၄၁၀ |
| ဓမ္မတာနှင့် တရား မည်သည့် အရာက စသနည်း မည်သည့်အရာက လွှမ်းမိုးသနည်း? အဖြေ | ၄၁၁ |
| အရာတိုင်းမှာ ဓမ္မတာနှင့် တရား ပါဝင်သလော? ၎င်းနှစ်ပါးသည် အမြဲရှိနေသလော? အဖြေ | ၄၁၂ |
| ဓမ္မတာသည် အကြောင်းလော? သို့မဟုတ် အကျိုးလော? အဖြေ | ၄၁၃ |
| နိဂုံးပိုဒ်စုံ ရတု | ၄၁၇ |
| နိဂုံး သံပိုင်း | ၄၂၀ |

သိုက်ညွှန်း ပြီး၏

## ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
| --- | --- | --- | --- |
| ၁၁၅ | ၆ | ဥက်ယံဇိခွါပြ | ဥခွံကိုခွဲဖေါက် |

## နိဒါန်း



### ဤစာအုပ်၏ရည်သန်မြော်လင့်ချက်။

(၁) ကမ္ဘာလောကရှိ လူမျိုးတိုင်း အရေး အကြီးဆုံး ဖြစ်သော ကိုးကွယ်ယုံကြည်ရာ ဘာသာနှင့် ထိုဘာသာကို တည်ထောင်သူဘာသာရှင်၊ ထိုဘာသာရှင်၏ သဘာဝ ဓမ္မ အမျိုးမျိုးကို အခြေတည်၍ မေးမြန်းအပ်သော ပြဿနာ အရပ်ရပ်နှင့် တကွ၊ သဘာဝဓမ္မ သဘောကို စောကြော မေးမြန်းအပ်သော မေးခွန်း အမျိုးမျိုးတို့ကိုပါ ကမ္ဘာသား တို့၏အမှန်ဆုံးဖြစ်သောအကျိုးတရားရကြစေလိုမှုအကျိုးငှါ ဒယာကရုဏာ ရှေ့ထားလျက် သဘာဝ အချက်တို့ကို အကွယ်ကျအလက်ကျ ဖြေဆိုပေါ် ပြပြီးလျှင် စီစဉ်ရေးသား အပ်သော ဤကျမ်းစာသည် ကမ္ဘာသားတို့၏ နောက်ဆုံး ဖြစ်သော အလိုဆန္ဒများကို ပြည့်စုံစေနိုင် ပေလိမ့်မည်ဟု ယုံကြည်နိုင်လောက်ရာ၊ သို့ ယုံကြည်သဖြင့် ကြည့်ရှုဘတ် ကြားသူတိုင်း သဘါဝဓမ္မ၌ သဘါဝ အနှစ်အမှန်ဆုံးဖြစ်သော ဓနစ်ကို စိစစ်ဝေဖန်၍ မမှန်သောဝါဒမှ၊ အမှန်သို့ကျအောင် ဤစာအုပ်ကပင် ရှေ့ဆောင်လမ်းပြ ပြုလုပ်လျက် ချမ်းမြေ့ မြေလှသော သဘာဝသုခ ကမ္ဘာ့ချမ်းသာကြီးကို ကမ္ဘာ သားအားလုံးတို့သည် ညီညွှတ် စွာ ခံစား နိုင်ခွင့် ရှိကြပေလိမ့် မည်ဟု ရည်သန် မြော်လင့်ချက် ရှိပေသည်။

(၂) သို့ ရည်သန် မြော်လင့်သည့်အတိုင်း ဘာသာဝါဒ ဂိုဏ်းခွဲ အမျိုးမျိုးတို့ကို ဖြတ်ချီးပယ်ရှင်း၍ အလင်းဉာဏ် ပေါက်ကာ တဘာသာ တဝါဒလည်း ကမ္ဘာကြီး လုံးစည်း လျက် ထုံးနည်းကျကျ အမှန်ဓမ္မတို့ကို အမှန်နယတို့ဖြင့် အမှန် သဘာဝအတိုင်း သိမြင်ကြကာမြေ စိုပြေသော

ဤကမ္ဘာလောက၏ အခြေအနေသည် အထူးပင်ကြက်သရေ ရှိလှပေမည်ဟု စဉ်းစားတွေးမြော် မိလေသည်။

(၃) ယခုအခါကမ္ဘာတိုက်အတွင်း၌ အလင်းရောင်အား နည်း၍ အားမဲ့ခိုက် ကြုံကြိုက်လျက်ရှိရာ ဤသည့် ကျမ်းစာ သည် အလင်းဓာတ်အား ကိုဖြည့်ဆွမ်းနိုင်၍ ကမ္ဘာ့ ဓာတ်မီး တိုင်ကြီး သဘွယ် ကြံ့ခိုင်စွာ တည့်တန့်လျက်အမှောင်ဓာတ် ကြီးများကို ဟန့်တားလွင့်ရှားစေပြီးလျှင် ထင်ရှားဖြောင့်မှန် သောသဘာဝဓမ္မလမ်းကြီးကိုအလင်းတင်ဘင်သိမြင်ကြကာ ထိုသဘာဝ အမှန်သို့ ကမ္ဘာသား တိုင်း လျှောက်သွားနိုင်ကြ လဖြင့် နိဗ္ဗာနသုခတည်း ဟူသော အမြဲ ချမ်းသာခွင့်ကို ကိုယ်ပိုင် အသင့်ရရှိ၍ ဒုက္ခဆင်းရဲ ဟူသမျှမှ မချွတ်လွတ်ကင်း ပေမည်ဟု ယုံကြည် ကြရာ၌ သံသယ ကင်းရှင်းစွာလည်း ရှိကြပေလိမ့်မည်။

(၄) ထိုသို့ သံသယကင်းရှင်း၍ ဉာဏ်အလင်း ပွင့်မြူး လျက် လေးနက်သော သဘာဝနှင့် ဓမ္မအမှန်ကို အရိယ သစ္စာဉာဏ်ဖြင့် အခြေပြုကာဆုံး ဖြတ်ကြပြီးလျှင် ကာသာ ဝါဒ၌ နာနာနာလာတည်းဟူသော ရှေးခေတ်က ဓလ္လမ်းချက် ကျို၌ ယဉ်သင့် ယူသင့် ဆင်ခြင်ခွင့်ဖြစ်ပေါ်စေ၍ သင့်လျော် သော မဇ္ဈိမ ပဋိပဒါ-အခြေ၌ တည်ကြကာညီမျှစွာသော ကမ္ဘာ့ သာသာကြီး တရပ်ဖြစ်ဘို့ ရည်သန် မြော်လင့်ချက် ရှိပေသည်။

(၅) နှစ်ပေါင်းများစွာသော နောက်ခေတ် အချိန်ကာလ ငြိမ်ဆိတ်သောကမ္ဘာ့ကာသာနေ၌ သွေးစည်း အောင်ဆော် နှယ်ဤအမှန်နယ်သို့ သွေးဆောင်လမ်းပြမည့် ဤကဲ့သို့သော

ကျမ်းစာဓမ္မလည်း တကြိမ်မျှ မပေါ်ပေါက်ခဲ့ဘူးသေးသဖြင့်၊ လက်ဦး ပေါ်ပေါက်လာသော ကျမ်းစာပင်ဖြစ်လင့်ကစား၊ ကမ္ဘာ့မေတ္တာနှင့် ကမ္ဘာ့သစ္စာကို ယုံကြည်၍ ခံတည်ကာ အဆုံးအဖြတ်ခံဝံ့သည့် ပြင်ရိုးသား ဖြူဖြောင့်စွာ စိတ်ထားမှုကြောင့်စိုးနှော်ရှုံ့ ကြောက်ခြင်းမရှိဘဲ ဤကမ္ဘာ့ဘာသာ သာသနာ ပွဲကြီးသို့ ရဲရဲကြီးဝင်ခဲ့သဖြင့် ပြင်မဲ့ ဆင်မဲ့တကဲ့ ကမ္ဘာ့သူခမိန် အပေါင်းတို့အား အလုပ်ကောင်းကြီး တခုကိုလွှဲအပ်သော အနေသဘောသို့ ဆိုက်ရောက်ဘိ့ကိုလည်း ရည်ရွယ်မှန်ထားလေသည်။

(၆) ယခုအခါ ကမ္ဘာကြီး မငြိမ်းချမ်းဘဲ စစ်တည်းဟူသောဘေး ကြမ်း ဘေးဆိုးအမျိုးမျိုးတို့ဖြင့် လွှမ်းမိုးအုပ်ဖုံး၍ နေခဲ့ရာ ကိုးကွယ်အားထားဘွယ်ရာ ဘာသာလက်မဲ့ဖြစ်ကြဘိသို့၊ဝေဖန်၍ကြည့်ရှုက ကရုဏာ သက်ဖွယ် ကောင်းလှသော လူသားတို့အကြောက် ငဲ့ကွက် ယောက်ညာမိ သဖြင့်လည်း ကမ္ဘာ၏အားထားဘွယ်ရာအမှန်ဆုံးသော လက်ကိုင်ဘာသာဓမ္မကို စိစစ်ဘို့အချိန် တိုင်ရောက်ခဲ့လေပြီဟုလည်း သဘောပိုက်ခါ ကမ္ဘာ့ ဘာသာအမျိုးမျိုးတို့ကို စိထိုးချိန်ဆနိုင်ကြရန်လိုရင်းကို ဖေါ်ထုတ်လျက် အချုပ်အားဖြင့် ပြပြီးလျှင်နှိုင်းယှဉ်စဉ်းစားဘွယ်ရာ တာဝန်ကိုကမ္ဘာ့ စာကြည့်သူတို့အဘို့ သက်မှတ်လျက် ဆုံးဖြတ်ချက်တာဝန်မှာ နိယာမဖြစ်သော သဘာဝဓမ္မအစစ်ကို ရည်ညွှန်း၍ အစွန်းမထွက်သစ္စာဓမ္မနှင့် ချိန်စက်ကာ ကိုးကွယ်အားထားရာ အမှန်ဆုံးသော ဘာသာဓမ္မအစစ် သာသနာအစစ်ကို ကမ္ဘာသားတိုင်း လက်တွေ့ ဖြစ်ကြရန်အတွက်လည်း ယုံကြည်ပြီးဖြစ်လေသည်။

(၇) ဤကဲ့သို့ ဘာသာ ဓမ္မအစစ်ကို ကမ္ဘာ့သားတိုင်း လက်တွေ့ ဖြစ်ကြက၊ အားကိုးရာမဲ့ အပြစ်မှ လွတ်ကင်း၍ သန့်ရှင်းသော ကမ္ဘာ၌ သာယာ ငြိမ်းချမ်းသော ခေတ် ညီညွတ်စည်းလုံးသော စနစ်နှင့်၊ ကမ္ဘာသစ် ဘာသာသစ် အဖြစ်တမျိုးပြောင်း၍ကြက်သရေအပေါင်းတို့ဖြင့် တင့်တယ် ကောင်းမွန် လှသော ဤလူ့ဘုံကြီးကို ကမ္ဘာ့ သားတိုင်း တွေ့ကြုံလိုကြမည်သာမက ယခုလက်ရှိ မည်သည့်ဘာသာ ဓမ္မနှင့်မျှလည်း မဆန့်ကျင်ပေရကား အားရနှစ်သက်ဘွယ် ကကယ်လိုလားကြစွာနှင့်ဤသည့်ကျမ်းစာကို သေချာစေ့ငု ကြည့်ရှုမှတ်သားရမည့် တာဝန် ဝတ္တရားမှာ ကမ္ဘာ့သား အားလုံးတို့၏ မလွှဲမဖယ် ရမည့်တာဝန်ဖြစ်သည့် အတိုင်း ထိုသည့် တာဝန်ကို မည်သူ့အပေါ်သို့မျှ မရည်ညွှန်းဘဲ ကိုယ်စီ ဖြေရှင်းပေကြကာ အလွန်မွန်မြတ်မှန်ကန်သော အဆုံး သတ်သုခချမ်းသာစစ်ကြီးကို အပြီးတိုင်ယာက်ရောက်ရရှိကြ၍ အပြုအပြင် အပြောင်းအလဲကင်းစွာ ငြိမ်သက် ဖြိုးမို့သော အဖြစ်သို့ ရောက်ကြ ပေမည် ဟုလည်း မြော်လင့် ခြင်းရှိ ပေသည်။

(၈) ဤသို့ ဖေါ်ပြ ခဲ့သော အကြောင်း အချက် တို့ကို ထောက်ဆ၍ ဤကျမ်းစာအုပ်ရေးသားထုတ်ဝေ ရခြင်း၏ မူလသဘောသွားနှင့် ရိုးသားဖြူဖြောင့် အနှောင့်အယှက် ကင်းသော စိတ်ထားမေတ္တာ ကရုဏာ ရှေ့သွားရှိကြောင်း များကို ထင်ရှားသိသာနိုင်ကြပြီဖြစ်၍ ဘာသာဓမ္မအစစ်ကို ဖေါ်လှစ် ထုတ်ယူ နိုင်ကြကာ ငြိမ်း ချမ်းမြသော အမတ ဘုံနန်းသို့ခိုလှုံ လှမ်းကြွနိုင်ကြခြင်း တည်းဟူသော မေတ္တာ အဘုံ ပြန်ခြင်းဖြင့် ကြေလည်နိုင်ကြမည် ဖြစ်ပါကြောင်း။

# ကျမ်းဆရာ၏အမှာ။

ဤကျမ်းစာကား မြန်မာနိုင်ငံတော်အထက်ပိုင်းအောက်ပိုင်းရှိ ငါးကျိပ်ကျော်ကုန်သော ရဟန်းပညာရှိ၊ လူပညာရှိတို့၏။ အကြံဉာဏ်ပေးချက် ဖြည့်စွက်ချက်တို့ကို အလေးပြုကာ ထုလုပ်ခဲ့သော အရုပ်ဖြစ်သည့်အပြင် နိုင်ငံလုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ သာသနာပြု အဖွဲ့ဝင် ဆရာတော်တို့ကိုယ်တိုင် သုံးကြိမ်တိတိ ကိုယ်ဘိုရင်ဘို တိတိကျကျ ဂရု သေချာစွာ ဆေးရောင်ခြယ်၍ မှုန်းခဲ့လေပြီ။ ထို့ပြင် ရွှေဘိုဆရာတော် (အရှင်ကေသရ)၏ လက်ရာဖြစ်သော နိဒါန်းနှင့် နိဂုံးပိုဒ်စုံ ရတုပျို့ဖြင့်လည်း ကောင်းစွာ တန်ဆာ ဆင် အပ် ရ ကား ဝေဝေ ဆာဆာ တင့်တယ် ထယ်ဝါပြီး ဖြစ်ခဲ့လေပြီ။ ထို့ကြောင့် ပန်းပုဆရာ ကိုယ်တိုင်ကမူ အချီးနိဒါန်း သို့မဟုတ် အမှာဟူသော ပုတီးလက်ကောက် တို့ကို ၎င်း အရုပ်တွင် ထပ်မံဆင်ပြင်ပေးရန် ရည်ရွယ်ချက်မရှိခဲ့ချေ။

သို့ရာတွင် အချိန်ကား ငြိမ်ငြိမ်လိပ်ခွေအမြဲနေတတ်သော သဘောတရားမှ ကင်းသည့် အားလျော်စွာ အမြဲတစေ အပြောင်း စွန့်ပစ်၍အသစ်လဲကာ နေမြဲဖြစ်ခဲ့၏။ နည်းငယ် တိုလျှသော ကာလအတွင်း၌ ခုတမျိုး နောက်တဖုံ မီးကုန် ယမ်းကုန် ပြောင်းလဲနေတတ်ချေသည်၊ သို့ဖြစ်ရာ ဤကျမ်းစာရုပ်လုံးကို ထုလုပ်၍ ပြီးစီးခဲ့သော ၁၃၀၂ ခုနှစ်သည် ၁၃၀၃ ခုနှစ်ကို မီးရှူးသန့်စင်ဖွင့်ပါးမြှင့်ပြီးနောက် မပြန်လမ်း သို့ ကြွမြန်းခဲ့လေပြီ။ ဤသို့အားဖြင့် နှစ်ဟောင်းကြွေ၍နှစ်သစ်

တွေ့ ဖွါး၍ဖွါး၍ လာခဲ့ရာ ဆွေ(၇)ဆက်ကိုပင် ကျော်လွန်၍ လာခဲ့လေပြီ။

ဤအတော အတွင်း၌ ကမ္ဘာ လောကကြီးနှင့် လောကသားတို့သည်၎င်း၊ ထို့ပြင်ကမ္ဘာသူ ကမ္ဘာသားတို့၏အတွေး အခေါ် အယူအဆ သည်၎င်း၊ ပတ်ဝန်းကျင် အခြေ အနေ၏ အာနုဘော်ကြောင့် အဆမတန် ပြောင်းလဲလျက်လာခဲ့ချေပြီ။ ထို့အတူပါ ဤစာရေးသူ၏ ခန္ဓာကိုယ်အစုဟု ဆိုအပ်သော စက္ခု၊ သောတ၊ ဃာန၊ဇိဝှါ၊ ကာယ၊ ဟဒယ၊ ရုပ်ကြည်တို့သည်လည်း ဖြစ်ပျက်ဖြစ်ပျက် ဟူသော သဘာဝဓမ္မချက်ကို မတော်လွှန်နိုင်ဘဲ နာရီစက်ကဲ့သို့ ကက္ကက်ပြီး ကက္ကက် ပြောင်းလဲ၍ လာခဲ့ကြလေပြီ။

ဤကျမ်းစာကို ရေးသားစဉ်က စာရေးသူ၏ ပသာဒ ရုပ်ကြည်တို့သည် ဘဝဟောင်းကို စွန့်ပစ်၍ ဘဝသစ်ကိုယူကြလေကုန်ပြီ။ ရုပ်ဟောင်းတွေ ချုပ်ပျောက် ကြကုန်ပြီဖြစ်၍ ရုပ်သစ်တွေပေါ်ပေါက် ဖြစ်ပွါးနေသည်ဟု ဆိုလိုကြောင်း။ အဟောင်းမဟုတ်သော ပသာဒ ရုပ်ကြည်တို့သည် အသစ်ဖြစ်သော အကြံဉာဏ်နှင့် နာမ်တရားတို့ကို ပေါက်ပွါးစေမြဲ ဖြစ်ကြကုန်၏။

ထို့ကြောင့် စာရေးသူ၏ ရုပ်သစ်ကို အမှီပြု၍ ဖြစ်ထွန်း ပေါ်ထွက်လာသော နာမ်သစ် အကြံသစ် ဉာဏ်သစ်များသည်(၁၃၀ ၂၃ နှစ်)ကျမ်းဆရာ၏ ရုပ်ဟောင်းထွက် အယူဟောင်း အမြစ်ဟောင်းတို့နှင့် မတူကွဲပြား အလွန်ခြားနားသော အသွင်လက္ခဏာကို ဆောက်လျက်နေကြ လေကုန်ပြီ။ သို့ဖြစ်ရာ အကြံဉာဏ်ဟောင်းတို့၏ လက်ရာဖြစ်သော ဤကျမ်းစာပါ အချို့သောအယူအဆနှင့် အတ္တုဒ္ဒါရ ဟူသည်

ပစ္စုပ္ပန်ရုပ်သစ်ဖွား အကြံသစ်ဥာဏ်သစ် အမြင်သစ်သဘော တရားတို့နှင့် အဆင်မပြေနိုင်လောက်အောင် ပဋိပက္ခလာ၍ ဖြစ်နေကြ လေကုန်ပြီ။ အမှန်မှာ အရောင်အမျိုးမျိုး ရှိသော ဥပါဒါန်မှန်ဘီလူးကို တပ်ဆင်ပြီး ကြည့်ရှုရာ၌ မြင်ရသော ရူပါရုံနှင့် ၎င်းတို့ကိုချွတ်ပြီး ပကတိကြည်လင်သော မျက်လုံး ဖြင့် ကြည့်ရှုတွေ့မြင်ရသော အာရုံများ ခြားနားသကဲ့သို့ပင် ဖြစ်၍နေချေပြီ။

သို့ရာတွင် အထက်၌ဖော်ပြခဲ့သည့်အတိုင်း ဤကျမ်းစာ တရပ်လုံးသည် အဖွဲ့ဝင် ဆရာတော်များနှင့် တကွ အခြား သော ရဟန်းပညာရှိ၊ လူပညာရှိ ၅၀ ကျော်တို့၏ သဘော တူညီချက်ကို ရရှိခဲ့ပြီဖြစ်သောကြောင့် ကျမ်းဆရာ၏ အမြင် သစ်နှင့် ဆီလျော် ကိုက်ညီအောင် ပြုပြင် မွမ်းမံနိုင်ရန် အခွင့် အလမ်းပိတ်လျက်ရှိချေပြီ။

ထို့ကြောင့် ဤကျမ်းစာပါ အချို့သော အယူအဆ အပြောအဆိုတို့ကား အပေါင်းဖြစ်သော(ဥက္ကဋ္ဌ)နှင့်သာ သက်ဆိုင်သည် ဟူ၍ မှတ်ယူကြပါဟူသော အမှာ စကား ကလေးနှစ်လုံးတပိုဒ်ကို ရေးသားလိုက်ခြင်းဖြင့် မှန်ကူကွက် ကလေးတပ်ဆင်၍ ပေးလိုက်ရပါသတည်း။

**အရှင်ဥက္ကဋ္ဌ**

ပုဒ္ဓတက္ကသိုလ်

တောင်တွင်းကြီးမြို့။

(22 nd July 1955)

# ကမ္ဘာပြသနာကျမ်း။

## ဒုတိယအကြိမ် -- ရိုက်နှိပ်ရခြင်းအကြောင်း။

ကျွန်ုပ်တို့ လူသားနေထိုင်ရာ ကမ္ဘာကြီး၏ သက်တန်းကား ရာဇဝင် ဆရာကြီးများနှင့် လောကဓါတ် ဝိဇ္ဇာဓိုရ်များက ခေါမ ရောမ တရုပ် ဣန္ဒိယ အီဂျစ် စသောရှေးအကျဆုံးနိုင်ငံများ ဖြစ်ပေါ်လာပုံ အခြင်းအရာကို စစ်ဆေးကြရာ နှစ်ပေါင်း တသောင်းထက် မပိုသေးကြောင်းကို တွေ့ရှိကြကုန်သည်။ ။

ဘုရားနာမံတော်ကို ခံယူနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဤတသောင်းခန့်သော ခေတ်အတွင်း၌ ပေါ်ပေါက်လာပုံများကို မှန်းဆကြသောအခါ ၎င်းကမ္ဘာ့သက်တန်း၏ ၁ပိုင်း ၂ပိုင်း အကျော်လွန်ခဲ့သော နှစ်ပေါင်း (၃၅၀၀) ခန့်တွင် ဣန္ဒိယနိုင်ငံဂင်္ဂါမြစ်ဝှမ်း၌ ဗြဟ္မဏ ဘာသာရှင်များသည်၎င်း၊ ထို့နောက် နှစ်ပေါင်း (၁၀၀၀) အကြာတွင် ဣန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှ ဂေါတမဗုဒ္ဓ သည်၎င်း၊ ၎င်းနောက် (၅၄၄) ခုနှစ်ကြာသောအခါ ပယ်လက်စတိုင်ပြည် ဂျေရုစလင်မြို့မှ ယာဝေ ဘုရား၏ တမာန်တော်သခင်ယေရှုခရစ်သည်၎င်း၊ထို့နောက် (၅၁၀) ခန့်ကြာသောအခါ အာရေဗျနိုင်ငံ မက္ကာမှ ခိုဒါအရှင်၏ တမာန်တော် မိုဟာမဒ်သခင်သည်၎င်း၊ ဖြစ်တွန်းပေါ်ပေါက်ခဲ့ကြကုန်၏။ ဤသို့အားဖြင့် ဘုရားနာမံတော်ကို ဆင့်မြန်းခဲ့ကြသော ပုဂ္ဂိုလ်ထူးကြီးများကား၊ အားလုံးပင် အာရှတိုက်သားများဖြစ်ခဲ့ကြရာ ဘုရားတည်းဟူသော ဇယဦပုခက်တော်ကို အရှေ့တိုက်သားများသာ စီးနိုင်ခွင့်ရှိသည်ဟူ၍ ဥရောပတိုက်သား ပညာရှိတဦးက ရေးသားဘူးလေသည်။ ။

ယခုလက်ရှိ ကပ္ပါကြီးကား၊ ရေဒီယို တယ်လီဗစ်ရှင်း ရုပ်ဖန်းသံဖန်းလေယျာဉ်စသည့်ခေတ်ကြီးဖြစ်၍တအိမ်တည်း ကဲ့သို့ ဖြစ်နေပေပြီ။ ထို့ကြောင့် ကပ္ပါသုံး ဘုရားကြီးလေးဆူ၏ တံရားတော်များကိုလည်း အားလုံးကျင့်သုံးနိုင်ရန် တအုပ်တည်း စုပေါင်းထားရန် အချိန်တန်ပါပြီဟူ၍ ကပ္ပါလူထုက တောင်းဆိုသကဲ့သို့ ရှိချေပြီ တဦးတည်းမစွမ်းနိုင်က ကပ္ပါကြီးကို တအိမ်တည်းရှုမှတ်နိုင်သောမေတ္တာရှင် ပညာရှိများ စုပေါင်းရေးသားရန်ဖြစ်သည်။ ဘာသာတိုင်း၏ တရားမွေ အဆီအနှစ်ကို နှိုင်းရှင်ချက်ရပါမှ ကပ္ပါသားတို့၏။ သန္တာန်၌ တရားအပေါင်း ခိုင်ခန့်တည်မြဲဖွာက်နိုးအောင်း နှိုင်ပါသည်စသောဥရောပတိုက်သား ပညာရှိများနှင့် ဇာနီ့ယ ပြည်သား ဒေါက်တာ တဂိုးစသော ကပ္ပါ့ ပညာရှိကြီး တို့၏ ရှောက်ထားချက်ကို ကြားနာရသည်မှစ၍ တောင်တွင်းကြီးဆရာတော်အချုပ်ဥက္ကဋ္ဌသည့် ပါဠိ အင်္ဂလိပ် နာဂရီ အူရဒူ ဟူသော ဘာသာစာပေလေးရပ်ကို ကျွန်ုပ်သိမ်းမွှာ သကြားရုံမျှမကမူ၍ ဆိုင်ရာဆိုင်ရာ ဘာသာဝင်ဆရာကြီး များနှင့် အထပ်ထပ်နှီးနှော ဆွေးနွေးပြီးလျှင် ထိုဘုရားရှင် လေးဆူတို့၏ ဗုဒ္ဓဝင် မမွဝင်ချုပ်ခေါ် "ကပ္ပပြဿနာ' ကို လည်းအရှတိုက်သားဖြစ်သောငါသည်ပင်ရေးသားရန်အဓိ ဋ္ဌာန်ပြုလျက်ကျိုးစားခဲ့ရာဗုဒ္ဓသက္ကရာဇ် ၂၄၇၃ ခရစ်သက္ကရာဇ် ၁၉၃၉ ခုတွင် မူကျမ်းရေးသား၍ ပြီးခဲ့လေပြီ ထိုနှစ်တွင်ပင် ဂိုဏ်းပေါင်းစုံ ပုဂ္ဂိုလ်ကြီး (၁၂) ပါးသို့တင်ပြ၍ သုံးကြိမ် တိုင်တိုင် ဝေဖန်ဆွေးနွေးခဲ့သည် ထို့နောက် ပြည်တွင်း ပြည်ပ ပုဂ္ဂိုလ်ကြီး (၁၅၀) ထံသို့လည်း ပိုဖျက် လိုစွက် ရန် မူကျမ်းကိုတင်ပြခဲ့ပြီး၊ ထို့နောက် စာအုပ်ရိုက်ရန်အချိန်

(ကော်)

တွင် ဒုတိယ ကပ္ပါစစ်ကြီးနှင့် ကြုံကြိုက်နေ၍ အထမ မြောက်ရုံမျှမက ဂျပန်ပြည်သို့ သံအမတ်ကြီးအဖြစ်ဖြင့်သွား သော ဆရာဝန်ကြီး ဦးသိန်းမောင်က တိုကျိုမြို့တော်မှာရိုက် ရန်ယူသွားရာ မှုကျမ်းပါ ရှာမရသောအခြေသို့ ရောက်သွား ရတော့၏။ စစ်ပြီးအချိန်တွင်ဆရာတော်၏ တပည့်ကြီး အရှင် ရေဝတ ကူးယူထားသော မှုကျမ်းကို တွေ့လာပြန်သဖြင့် မှုမပျောက်စေရန်အုပ်ရေ (၁၀၀၀) ရိုက်နှိပ်ထားရာ ယခု အခါ အစအနမျှပင်ရှာမရနိုင်တော့သဖြင့် ကပ္ပါသားတိုင်း အမြဲလက်စွဲထားသင့်သော ကပ္ပါသားတိုင်း၏ဘဝကိုဆုံးဖြတ် ပေးစွမ်းနိုင်သော ဘုရားတရားဘာသာပေါင်းချုပ် ဖြစ်သော ကပ္ပါသား တဦးတယောက်မျှမရေးသားဘူးသေးသော ဤ "ကပ္ပပြဿနာကျမ်း"ကို ဒုတိယ အကြိမ် ထပ်မံရိုက်နှိပ်ရန် ပို၍လိုလားခဲ့လေပြီ။ အဘယ်ကြောင့်နည်း? ယခုအခါ ဤ ကပ္ပါမြေပြင်ကား "ဘာသာနဲ့ ဘာသာမဲ့" တို့၏အပြင်း ထန်ဆုံးသည့်တိုက်ပွဲသည် လက်နက်တွေကို သုံးပြီးတဝုံးဝုံး ဒယ ဖယ် ပယ်ခပ်တိုက်ခိုက်နေရာစစ်တလင်းကြီး ဖြစ်လျက်နေချေ သည်။ ဤ ကပ္ပပြဿနာကျမ်းသည်ဘာသာနဲ့ဖက်သားလူ အများတို့အတွက်၊အနုမြူဟိုက်ထရိုဂျင်ဗုံးတို့ထက်ပိုမို၍သုံး စွဲရာမှာထက်မြက်လှသောလက်နက်ကောင်းတခု ဖြစ်သော ကြောင့်တည်း ဘာသာမဲ့ လိုင်လုံးတို့သည် ဗုဒ္ဓဘာသာဟိန္ဒူ ဘာသာခရစ္စယံဘာသာဣဆလမ်ဘာသာဟူသော ကျောက် ဆောင်ကြီးများကိုနေ့မပြတ် ည မပြတ်အမြဲဒလဇပ်တိုးဝှေ့ တိုက်ခပ်လျက်ရှိချေပြီ။ ဘာသာနဲ့ အမည်ကို ခံယူကြသော ဘာသာကြီးလေးရပ်ဝင် ရှေ့မြင် နောက်မြင် သူတော်စဉ်တို့

သည် ကပ္ပပြဿနာ ဟူသော လက်နက်ကောင်းကို ကိုင်ဆောင်ခြင်းဖြင့် ဘာသာမဲ့တို့၏ တိုက်ခပ် တိုးဝှေ့မှုကို ကြန္တေမပျက် ခံနိုင်ပေလိမ့်မည်၊ ဤကပ္ပပြဿနာ ကို မကိုင်နိုင်သော အချို့သော ဒေသဌာနများတို့၌ ခိုင်ခန့်သောကျောက်ဆောင်ကြီးများမှအစ အနကလေးများ ပဲ့၍ ပဲ့၍ ထွက်သွားလျက်နေသည်ကို နေ့စဉ်နှင့်အမျှ တွေ့မြင်နေရသောကြောင့် ရိုးသွားမဘတ်အခြေသို့ဆိုက်ရောက်လျက်နေချေပြီ။ မှန်လှ၏ ဘာသာဝင်တိုင်းသည်မိမိနှင့်သက်ဆိုင်ရာ ဘာသာ၏အချက်အချာဖြစ်သော တရားဓမ္မတို့ကို အသားကျကျ နားလည်ရန် ဝတ္တုရားကို ကြေပြွန်ဘို့ လိုလာလေပြီ။ ထိုမျှမက ဘာသာနဲ့ လူမျိုးတိုင်းသည် ဘာသာဟူသော အခြေခံ၌ ရပ်တည်၍ အချင်းချင်းနားလည်မှု ရရှိကြပြီးလျှင်စိုးလုံးညီညွတ်ဘို့အချိန်သင့်ခဲ့လေပြီ၊ ယခုသော် တမူကား၊သူတို့သည် တဦးနှင့်တဦးခဲနှင့်ပစ်၍ နှုပ်လုံးဆိုးဖြင့်ထိုး၍ နေကြလေပြီ၊ ၎င်းကား ဘာသာမဲ့အဖို့အားရ အတွက် အနဂ္ဃဖြစ်သော အချက်ကောင်းပင် ဖြစ်ချေသည်။ ထို့ကြောင့် ဘာသာမဲ့တို့သည်၊ ၎င်းတို့ရရှိနေသည့် အခွင့် အရေးကို လက်လွှတ် မခံကြကုန်ဘဲ တင်းပြည့်ကျပ်ပြည့် အသုံးပြုလျက်နေကြလေပြီ။ ၎င်းတို့၏ တိုက်ခိုက်မှုကား မည်မျှပြင်းထန်သနည်း? ဘာသာနဲ့ဘက်သားတိုင်း။ တွေးငိုင်ပြီး ငေးမှိုင်ရတဲ့ အခြေသို့ ဆိုက်ရောက်လျက်နေချေပြီ။ အို ဘာသာ နဲ့ လူသားဘာသာမဲ့ လူသားကိုမြင်ရုံ ကြားရုံနှင့် တုံ့လှုပ်မနေပါလင့် ငေးမှိုင်ပြီး တွေးငိုင်မနေပါလင့်။ အသင့်ဘာသာနဲ့ လူသားသည် ဤကပ္ပပြဿနာကျမ်းကို ကိုင်စွဲလိုက်ရုံနှင့်အင် အားပြည့်ဖြိုး၍ သတ္တိတွေတိုးတက်လာပါလိမ့်မည်။ ထိုမျှမကတုံသေး၊ ကပ္ပါပေါ်ရှိ

(ကား)

ဘာသာနဲ့ လူသားတိုင်းနေ့စဉ်ရက်ဆိုင်းနေရသော ကမ္ဘာပြဿနာအရပ်ရပ်တို့ကိုလည်း ရှင်းလင်းပြတ်သားစွာ ဝေဖန်လျက်အမှန်သို့ဒုတ်ဒုတ်သိရောက်အောင် ပို့ဆောင်ပြီး ပါရှိပေလိမ့်မည်၊ အကြောင်းမူကား။ ဤကမ္ဘာပြဿနာကျမ်းကို အကောင်အထည် ရုပ်လုံးဖော်ရာ၌ ဘာသာ အမျိုးမျိုးဆိုင်ရာမူရင်းကျမ်းစာမြောက်မြားစွာတို့ကို ကျ-နသိပ်သီးစွာ လေ့လာဆီးပူးပြီး လျှင်-ဘာသာရေးဆိုင်ရာ သုတေသနလုပ်ငန်းကို အဝှမ်းကျယ်ပြောစွာ ပြုလုပ်ပြီးမှ ရရှိအပ်သော အဆီအနှစ်တို့ကို အသုံးပြုခဲ့သောကြောင့် ဖြစ်ပေသည်။ ထို့ပြင်၊ဤကမ္ဘာပြဿနာကျမ်းသည်ဘာသာမှန်သမျှ စိတ်ကူးဘဝ၌ သာကိစ္စကုံးမြဲဖြစ်သည်ဟူ၍ စွဲယူမှတ်သားပြီးလျှင် မိမိကိုယ်ကို မိမိဘာသာမရှိဟူသောဆိုင်းပုတ်ကိုကပ်လျက်ထားသော အသင်ဘာသာမဲ့လူသားအတွက် လည်း အနုဂ္ဂပင် ဖြစ်ပေလိမ့်မည်။ ဘာကြောင့်နည်း ? အသင်ဘာသာမဲ့လူသား၏ဘဝမှန်အမြင်မှန် အယူမှန်ကို ဂါကျစွာ ဝေဖန်ဖော်ပြလားရာ၊ ဘာသာမဲ့ဆိုတဲ့-နာမံကား ဤကမ္ဘာ့လောက၌ ယုန်ချိုလိပ်မွေးပုဇွန်သွေး ဟူသောအရာများကဲ့သို့သာဖြစ်ကြောင်းကို ဤကျမ်းစာကိုဘတ်ပြီးသော အချိန်၌ အသင်တို့၏ဉာဏ်အမြင်တွင် ထင်လင်းလာပေလိမ့်မည်။ထို့ကြောင့်ဤကျမ်းစာသည်။ ဘာသာနဲ့-ဘာသာမဲ့။ လူတန်းစားနှစ်ရပ်လုံးအတွက် ရက်ရက်စက်စက်အကျိုးများလိမ့်မည် ဟု ယုံကြည်ချက်ဖြင့်ဒုတိယအကြိမ် ထပ်မံရိုက်နှိပ်ဖြန့်ဝေလိုက်ပါကြောင်း။

ပုံနှိပ်ထုတ်ဝေသူ

နမော ဝိဘင္ဇဝါဒိနော ဂေါတ မဿ

# ကပ္ပပြဿနာကျမ်း

## (ပဌမပိုင်း)

### အခန်း (၁) ဘာသာ

### မေး (၁) ဘာသာဟူသည် အဘယ်နည်း။

ဖြေ (၁) ဘာသာဟူသော ပုဒ်သည် ပါဠိဘာသာမှ ဆင်းသက်ပေါက်ဖွားလာသော ဗမာစကားဖြစ်၏၊ ၎င်းသည်

(၁) ပြောဆိုသော စကား။

(၂) အလေ့အကျင့်။

(၃) စာပေ။

(၄) အယူဝါဒ (ဝါ) ကိုးကွယ် ဆည်းကပ်မှု စသော **အနက်**တို့ကို ဟော၏။ ဤသို့ကျယ်ဝန်းသောအနက်အဓိပ္ပါယ် **ရှိသော** ပါဠိပုဒ် ဘာသာသည် ယခုအခါ ဒုက္ခစသော ပါဠိ **စကား**တို့ကဲ့သို့ပင် မြန်မာဘာသာစကားအဖြစ်ဖြင့် အများ သုံးစွဲလျက်ရှိချေပြီ၊ အကြောင်းကား ထိုသည့် ပါဠိပုဒ်ကို မြန်မာတို့သည် စဉ်းစားတွေးတောမနေရဘဲအနက်အဓိပ္ပါယ် အမျိုးမျိုးဖြင့် သုံးစွဲနေကြသော ကြောင့်တည်း။ မှန်လှ၏။

(၁) ဣန္ဒိယနိုင်ငံ၌မည်သည့်ဘာသာကိုလူအများတို့ပြော ဆိုကြသလဲ?....။

(၂) ကျေးတောသားတို့သည် သူတို့ဘာသာဘာသာ ပျော် မြူးနေကြကုန်၏။

(၃) ပထမပြုန် ကော်မီတီသည် ပထမကြီးတန်း၌ '၁၀' ဘာသာဖြေဆိုရမည်ဟု ကန့်သတ်လိုက်၏။

(၄) ဤသူကား ခရစ္စယံဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူတည်း ဟူသောစကားတို့ကို မြန်မာလူမျိုးတို့သည်အလွယ်တကူနှင့်ပင် ဆိုလိုရင်း အဓိပ္ပါယ်ကျကိုနားလည်နိုင်ကြကုန်၏။ ။

ဤစာအုပ်၌အမေး၌ဘာသာဟူသောပုဒ်၏ အဓိပ္ပါယ်ကား အယူဝါဒ၊ယုံကြည်ရာ၊ ကိုးကွယ်ရာ၊ ဆည်းကပ်အားထားရာ ဟူ၍ မှတ်ယူရမည်။

သို့ရာတွင် မည်သည့်အရာကို ယုံကြည် ရမည်နည်း ? ဘာကို ကိုးကွယ်ရမည်နည်း? မည်သူ့ကိုအားထားရမည်နည်း? (ဝါ)ဆည်းကပ်ရမည်နည်း?စသောပြဿနာပေါင်းများစွာ ပေါ်ထွက်လာချေသည်။ရင်းတို့ကား ကမ္ဘာပေါ်ရှိဘာသာဝင်အသီးသီးတို့၏ ကျေကျေနပ်နပ်လက်ခံနိုင်သော အဖြေမရသေးသော ပြဿနာတို့ဖြစ်ကြကုန်၏။ စင်စစ်မှာ ထိုဘာသာဟူသော ပုဒ်ကိုပင် ပညာရှင်အသီးသီးတို့သည် မိမိတို့၏ထင်မြင်ယူဆချက် အားလျော်စွာ အဓိပ္ပါယ်အမျိုးမျိုးတို့ဖြင့်ဝေဖန်ရေးသားနေကြကုန်၏။အနောက်တိုင်းသားပညာရှိ အများတို့သည် အယူဝါဒ, ယုံကြည် ကိုးကွယ်မှု, အားထားမှုအဓိပ္ပါယ်ရှိသောဘာသာပုဒ်၏အတ္ထုဒ္ဓါရ(ဝါ) အဓိပ္ပါယ်ဖော်ပြချက်ကို အမျိုးမျိုး ထုတ်ဆောင်၍ ပြခဲ့ကြကုန်သည်။ ၎င်းတို့၏အဓိပ္ပါယ်ကောက်ယူချက်ကို အောက်၌ ဖော်ပြထားသည်။

## (၁) စိန်သေမတ်စ် အက်ကွီနတ်၏ အလို။

ဌာဝယဘုရား၏ အလိုဆန္ဒတော်အတိုင်းငင်း၏အမှုတော်ကို ကျေပွန်အောင်ယမ်းရွက်ခြင်း(ဝါ)ဌာဝယ၏ဂုဏ်တော်ကျေးဇူးတော်ကို အောက်မေ့ဆင်ခြင်ခြင်းသည် "ဘာသာ" မည်၏။

## (၂) ဆာဂျွန်ဆီလီ၏ အလို။

မျက်မြင်ကမ္ဘာလောကအတွင်း၌ထင်ရှားရှိ၍ရှိခိုးထိုက်၊ ချီးမွမ်းထိုက်၊ ပူဇော်ထိုက်၊ ဖူးမြော် ကန်တော့ထိုက်သော အရာဟူသမျှကို ရှိခိုး ပူဇော်ခြင်း၊ ချီးမွမ်းထိုက် ထောမနာထိုက်သော အရာတို့ကို ချီးမွမ်း ထောမနာခြင်းသည် "ဘာသာ"မည်၏။

## (၃) ဖရက်ဒရစ် ဟာရစ်ဆံ၏အလို။

သိညာဏက- အဝိညာဏက (ဝါ) သက်ရှိ သက်မဲ့ ကမ္ဘာလောကဓါတ်ကို စီစဉ်ပေးနေသော (ဝါ) လွှမ်းမိုးကြီးစိုး၍ အုပ်ချုပ်နေသော(ဝါ) ကမ္ဘာ၏ကောင်းမှု ဆိုးမှု ဘက်မှုကျမှုဟူသမျှတို့ကို စီမံနေသောတန်ခိုးပါဝါသည် ရှိ၏။ ငင်းကို ရိုသေကိုင်းရှိုင်းခြင်းသည် "ဘာသာ" မည်၏။

## (၄) ပါချက်စ်၏အလို။

လူသားနှင့် ဌာဝယဘုရား ပြန်လည် ပူးပေါင်းမိအောင် ပေါင်းပေါ် ညွှန်ပြသော နည်းလမ်းကို "ဘာသာ" ဟု ခေါ်သည်။

## (၅) ဆိဆိရိုး၏အလို။

အနန္တပါးခိုးတော်ရှင် ဤကမ္ဘာ လောက၏ ဖန်ဆင်းရှင် ဖြစ်သော ဌာဝသဘာရားကို ကြည်ညိုရိုသေလှစွာရှိခိုးပူဇော်ခြင်း ခစားဆည်းကပ်ခြင်း သည်သာလျှင်“ဘာသာ”မည်၏။

## (၆) ဂျိမ်းစ်ကာဒ်၏အလို။

ရှုပ်ထွေးများပြားလှသောလောကမှုတာဝန်ဝတ္တရားတွေ များမြောင်လှစေကာမူ ဌာဝသဘာရား၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို မေ့လျော့ခြင်းမရှိဘဲ အမြဲဟာစေ့တစ်သအောက်မေ့လျက် ချီးကြူးထောမနာ ပြုခြင်းသာလျှင် မုချအားဖြင့်“ဘာသာ”မည်ချေသည်။

## (၇) ဘာနက်၏အလို။

ဘာသာဆိုသည်ကား အဝတ်တန်ဆာ၌ သော်၎င်း၊ ဓမ္မသီချင်းကြူးရင့် သီဆိုခြင်း၌၎င်း၊ ဆုတောင်းမေတ္တာ ပတ္ထနာကိုပြုခြင်း၌သော်၎င်း၊အထူးထူးသောမင်္ဂလာအခမ်းအနားများကို ပြုလုပ်ခြင်း၌ သော်၎င်း၊တည်ရှိနိုင်သော အရာမဟုတ်။ အဟုတ်သော်ကား သန့်ရှင်းစင်ကြယ်၍ တည်ငြိမ်သော စိတ်၌သာလျှင် တည်ရှိဖြစ်ပေါ်နိုင်သောအရာ ဖြစ်သတည်း။

## (၈) မသျူးအာနိုးလ်၏အလို။

တစုံတယောက်သော လူသား၏ အတွင်း စိတ်ဓါတ်၌ ထိထိမိမိ လက်တွေ့သိရှိထင်မြင်လာသော အချက်ကိုဖေါ်ပြခြင်း(ဝါ)ဒယာသံယုတ သမ္မာစာရ (ဝါ) ကြင်နာစိတ်နှင့်ယှဉ်သောအကျင့်သည်“ဘာသာ”မည်၏။

ဤသို့စသည်ဖြင့် ဘာသာ၏ အဓိပ္ပါယ်ကျ အတ္ထုဒ္ဓါရကို ထိုထိုဘာသာဝင်ပညာရှင်တို့သည် ၎င်းတို့လိုက်နာယုံကြည်သောဘာသာနှင့် ကိုက်ညီဆီလျော်အောင် ဖွင့်ဆိုရေးသားခဲ့ကြကုန်သည်၊ သို့သော် ၎င်းတို့ ဖွင့်ပြသော အနက်ကို ကမ္ဘာသူ ကမ္ဘာသား လူသတ္တဝါအများတို့ ကာယဘော တူတူအယူမျှမျှကျေနပ်လှစွာလက်ခံနိုင်ကြပြီလော?။လက်မခံနိုင်ကြသေး။ ထို့ကြောင့် ကျွန်ုပ်တို့၏ အဓိပ္ပါယ် ဖော်ပြချက်ကို နားဆင်ပါဦးလော့။

(၉) အကြင့်တရားသည် ကျင့်ကြံအားထုတ်တကယ် တန်းအလုပ်လုပ်သော သတ္တဝါကို ထိုကျင့်ကြံအားထုတ်သော အချိန်မှစ၍ ပာဒယ နှလုံးကိုရော၊ ဦးနှောက်ကိုပါ နှစ်သိမ့် မြေစေလျက်၊ အပူဒုက္ခနှင့် ၎င်း၏ မျိုးစေ့ကိုပါ အကြွင်းမဲ့ ပျောက်ငြိမ်း စေနိုင်၏၊ ၎င်းတရားကား မုချအားဖြင့် "ဘာသာ" ပင်ဖြစ်သတည်း။ (ဝါ) ယုံကြည်ကိုးကွယ်ရာဖြစ်သတည်း။ (ဝါ) အယူဝါဒဖြစ်သတည်း။

ဤမျှဖြင့်ဘာသာဟူသော စကား၏ အနက် အဓိပ္ပါယ် အတန်အသင့်ပြည့်စုံ လုံလောက်ပေပြီ။ ကမ္ဘာသူ ကမ္ဘာသား လူသတ္တဝါ အများတို့လည်း နှစ်သိမ့်စွာ လက်ခံနိုင်လောက်ပေပြီ။ အထက်၌ ဖော်ပြခဲ့ပြီးသော (၉) ချက်သော အနက်အဓိပ္ပါယ်တို့တွင် မည်သူ မည့်ဝါ မည်သည့်ဆရာ၏ ဖွင့်ဆိုချက်ကား ကျေနပ်လောက်ပါပေသည်ဟု ကျွန်ုပ်ဟို ဆုံးဖြတ် ပြောဆိုရန် အခွင့်အရေးမရှိ ဖြစ်ခဲ့၏။ သို့သော် အညှစ်အကြေးကင်းသော ကြေးမုံပြင်၌ ဗဟိဒ္ဓ အရိပ်များ သည် ကြည်လင် ပြတ်သားစွာ ထင်လာကြကုန် သကဲ့သို့ ဥပါဒါန်ဟူသော စွဲလမ်းမှုအညှစ်အကြေးမှ ကင်းဝေးသော

ဥာဏ် အမြင်ရှိသူ၏ နှလုံးသား အကြည့်၌ မူ ခိုင်မြဲမှန်ကန်သော "ဘာသာ" ၏ အနက် အဓိပ္ပါယ်သည် ထင်လင်းပြတ်သားစွာ ပေါ်လွင်၍ လာပေလတံ့။ ထိုသို့ ပေါ်လွင်ဘင်ရှားလာသော အဓိပ္ပါယ် ဖေါ်ပြချက် သည့်သာလျှင် "ဘာသာ" အားလုံးကို ငုံမိ-ခြုံမိ၍ ကမ္ဘာ့ ပညာရှင်တို့ နှစ်သက်စွာလက်ခံနိုင်သောအရာဖြစ်ပေသည်။ ဘာဘာဝင် အသီးသီးတို့နှစ်သိမ့်စွာ လက်ခံနိုင်သော အဓိပ္ပါယ် ဖေါ်ပြချက်ကို တွေ့မြင်သိရှိနိုင်ပြီးဖြစ်၍ ထိုအဓိပ္ပါယ်ဖေါ်ပြချက်ကို အခြေခံထား၍ စဉ်းစား ဆင်ခြင် ခဲ့သော် "ဘာသာ" မှန် အယူစစ် အယူမှန် ကိုလည်း ကေန်ဒိဋ္ဌ တွေ့ရှိသိမြင်နိုင်ကြချေပြီ။

## အခန်း (၂)

### မေး (၂) အဘယ် အကြောင်းကြောင့် "ဘာသာ" ဖြစ်ပေါ်လာရသနည်း?

ဖြေ (၂) ဤကမ္ဘာ လောက တည်းဟူသော ဇာတ်ခုံပေါ်သို့လူသတ္တဝါများ တက်ရောက်ကပြသော နေ့မှ စ၍ နေထိုင်ရေး၊ စားသောက်ရေး၊ ကိုးကွယ်ရေးစသောကိစ္စများလည်းပေါ်ပေါက်၍လာခဲ့ကြကုန်သည်။ လူသတ္တဝါ၏အလိုဆန္ဒကား များပြားလှစွာ၏။ လူသတ္တဝါသည် မိမိ၏ဆန္ဒပြည့်စုံရေးအတွက်၊ ဖင့်နွေးလေးကန် အပျင်းကြောသန်မနေမူ၍ အမြဲတစေ စူးစမ်းရှာဖွေလုပ်ကိုင်၍ နေခဲ့လေသည်။ ထိုသို့ အမြဲတစေ လုပ်ကိုင်နေသော လူသတ္တဝါသည် ရှေးဦးစွာ မိမိကိုယ်ခန္ဓာ၏ ဘေးကင်းမှုကို လိုလားခဲ့၏။ ထိုစကားဆို

အပ်စွာ။ လူသည် အစ ပဌမ၌ တောအတွင်းတွင် သားရဲ တိရစ္ဆာန်တို့နှင့် အတူ တွဲ၍ နေခဲ့ရ၏။ ထိုသားရဲ တို့၏ အန္တရာယ်ကားကြီးမားလှစွာ၏။ လူသည်မိမိနှင့်တကွသော သားမယားတို့ကို ထိုသားရဲတို့၏ဘေးမှ ကင်းဝေးစေရန် ကြံဆောင် အားထုတ်ခဲ့ရ၏။ သို့ အားထုတ်ခဲ့ခြင်းကြောင့် သစ်ခေါင်းမှ-ကျောက်ဂူ၊ ၎င်းမှ-သစ်တဲ၊ ၎င်းမှ အိမ်စသည့် အဆောက်အဦး တိုင်အောင် တိုးတက် လာခဲ့၏။ ထို့ပြင် ရှေးလူအတွက် အကြီးဆုံးသော သဘာဝ ဓမ္မ ရန်သူကား အဓေါက်ပင်ဖြစ်ခဲ့၏။ ထိုအဓရေန်ကို ကာကွယ်ရန် တောဇော (ဝါ)အပူဓါတ်ကို လိုလားအပ်လေသည်။

၎င်းကိုပေးစွမ်းနိုင်သူကား နေနှင့်မီးပင် ဖြစ်၏။ထိုနေနှင့် မီးတို့သည်အဓေါက်ဟူသော သဘာဝဓမ္မရန်ကို ကာကွယ် ပေးတတ်သောကြောင့် ရှေးလူတို့ အလွန်လိုလားအပ်သော အရာများဖြစ်ကြကုန်၏။ ၎င်းတို့သည် လူသား၏ ကိုယ်ခန္ဓာ နှင့်တကွ စိတ်ကိုပါ ထူးခြား မွန်မြတ်သော ချမ်းသာကို ပေးစွမ်းနိုင်ခဲ့ကြ၏။

ထို့ကြောင့်လည်း လူသည် အဂ္ဂနိ ဒေဝတာ မီးနတ်၊ သူရိယ ဒေဝတာ နေနတ် ဟူသောအမည်တို့ဖြင့် ၎င်းတို့ကို ကိုးကွယ်ခဲ့ကြကုန်၏။ထိုခေတ်ကားအလွန်ရှေးကျ၍ရိုင်းစိုင်း လှသောကြောင့် လူသားသည် ကိုယ်ခန္ဓာ၏ဖြေမှု၊ဘေးကင်း မှုချမ်းသာမှုကိုသာ ပိုမိုအလေးပြုခဲ့၏။အကွင်းဖြစ်သောစိတ် ၏ချမ်းသာမှုကို များစွာဂရုမပြု အမှုမထားခဲ့သေးချေ။ ထို့ ကြောင့်လူသည်*Nature Worship*(ဝါ)သဘာဝဓမ္မကိုးကွယ် မှုဖြင့် လူ့ရာဇဝင်ကို စ,ခဲ့လေသည်။ ဤကိုးကွယ်မှုကို စတင် လိုက်သည်နှင့်တပြိုင်နက် သဘာဝဓမ္မ နယ်အတွင်း၌ထူးထူး

ဆန်းဆန်းအံ့ဘနန်းဖြစ်သောမိုဃ်းရွာခြင်း၊မိုဃ်းကြိုးသစ်ခြိုး ခြင်း၊ လေမုန်တိုင်းတိုက်ခြင်း၊ မြေလျှင်တုံလှုပ်ခြင်း၊တော်လဲ ခြင်း၊ ဥက္ကာပျံခြင်း၊လကြပ်ခြင်း၊နေကြပ်ခြင်းစသောသဘာ ဝဖြစ်စဉ်တို့ကို ကြောက်ရွံ့ ထိပ်လန့်စွာ ကိုးကွယ်စပြုခဲ့ကြ လေသည်။ ဤကိုးကွယ်မှုကား လူသတ္တဝါ၏ ရှေးအကျဆုံး သော "ဘာသာ" ပင်ဖြစ်လေတော့၏။

ထို့ကြောင့်ရှေးလူတို့၏"ဘာသာ"ပေါ်ပေါက်တွန်းကား လာရခြင်း အကြောင်းကား ဆန်းပြားလှသည် မဟုတ်ချေ။ [illegible]မှာ ထိုသည့်ရှေးလူများ၏ ဘေးကင်းလိုမှု၊ခန္ဓာကိုယ် ချမ်းသာလိုမှု၊ စိတ်ချေလိုမှုပင် ဖြစ်လေသည်။

ဤသည်ကို ထောက်ဆ ခဲ့သော် ကမ္ဘာ၌ ရှေးဦးစွာ "ဘာသာ" ဟု ပေါ်လာရခြင်းသည် ထိုရှေးကျသော လူ သတ္တဝါ၏ဘေးရန်ကို ကြောက်မှု ကိုယ်ရောစိတ်ပါချမ်းသာ လိုမှုကြောင့် ဖြစ်သည်ဟု မချအားဖြင့် ဆိုနိုင်ချေသည်။

သို့ရာတွင် ထိုရှေးခေတ် လူသားတို့ကိုးကွယ် အားထား ခဲ့သော "ဘာသာ" ကား သဘာဝဓမ္မ ကိုးကွယ်မှုသာ ရှိခဲ့ သေး၏။ပူဇော်မှု ပသမှုများ မပေါ်ခဲ့သေးချေ။ ဘာ ကြောင့်? ထိုရှေးလူသည် ရှေ့ဘဝ နောက်ဘဝ, ဟူသော စကားမျိုးကိုပင် မကြားဘူးသေး (ဝါ) မသိသေးချေ အမှန် မှာ ယခုလက်ရှိ ဖြစ်သောသူ၏ ပစ္စက္ခဘဝကိုသာ သိသေး ၏။ ထို့ကြောင့်-- သူ၏လက်ရှိ-- ကိုယ်ခန္ဓာ မြေချမ်းသာရေး အတွက်သာ သူ လုံးပန်းနေလေသည်။ ထိုသို့ သဘာဝဓမ္မ ဖြစ်စဉ်တို့ကို သူ့ထက်တန်ခိုးကြီးသောနတ်(ဝါ) "ဘုရား" များဟူ၍သာ အသိအမှတ်ပြု၍ ရှိသေလေးမြတ်စွာ ကိုး ကွယ်မှုကိုသာ ပြုခဲ့လေသည်။ ပူဇော် ပ--သ-- မှုတို့ကား

ရှေးလူတို့၏ အသိဉာဏ် အတော် အတန် တိုးတက်လာ၍ ထွန်ယက်စိုက်ပျိုး စားသောက်ရမှန်း သိလာသောခေတ်သို့ ရောက်သော အခါမှ စော်ပေါ်ပေါက် လာခဲ့လေသည်။ ရှေးလူတို့သည်အမဲလိုက်ပြီးအစိမ်းစားခဲ့သောခေတ်မှမီးဖြင့် ဖုတ်ကင်၍အကျက်စားသောခေတ်သို့ရောက်ခဲ့ရ၏၊ထိုခေတ်မှထွန်ယက် စိုက်ပျိုး စားသောက်သောခေတ်သို့ရောက်ခဲ့၏။ ထိုခေတ်သို့ ရောက်သောအခါ လူသည် သူလုပ်ကိုင်စိုက်ပျိုးသားသောကောက်ပဲသီးနှံများတစုံတခုသောအကြောင်းကြောင့် ပျက်စီးသည်ကို တွေ့ရလေသည်။ ရေကြောင့်ပျက်စီးသော် မိုးနတ်၏ စိတ်ဆိုးမှုကြောင့်ဟု ထင်မှတ်လာလေသည်။ထိုအခါ ထိုသည့်နတ် စိတ်ဆိုးပြေစေရန်တစုံတခုသော အဏာဝတ္တုဖြင့် ပူဇော်သမှုကို စ၍ပြုခဲ့လေသည်။ မိုးခေါင်ခြင်း။ ရေကြီးခြင်း။ လေပြင်းတိုက်ခြင်းစသည်တို့ဖြစ်ပျက်သောအခါ၌လည်း ရှေးနည်းအတိုင်းပင်သူ၏ တစုံတခုသောပြစ်မှုကြောင့် ထိုထို"နတ်" များ(ဝါ) "ဘုရား"များ အမျက်ထွက်သည်ဟု ယုံကြည် လာပြန်လေသည်။ ထိုသို့အားဖြင့် ယဇ်ပူဇော်မှုများ ဖြစ်ပွားလာခဲ့လေသည်။ ထိုအခါယဇ်ပူဇော်ခြင်းဖြင့်ထို"နတ်" "ဘုရား" တို့အမျက် ပြေသည်။ သို့ ပြေသဖြင့် လူသား၏ ကိစ္စ၌ ဝင်ရောက် နှောက်ယှက်ခြင်း မပြုကြ၊ သို့ မပြုကြခြင်းကြောင့် လူသား၏ စိတ်အလိုဆန္ဒပြည့်ဝသည်ဟု ယုံကြည်လာကြလေသည်။ နောက်ခေတ်များ၌ ထိုလုပ်ငန်းစဉ်များသည် "ဘာသာ"ရေးလုပ်ငန်းများဖြစ်လာကြကုန်၏။

ထိုနောက် လူသတ္တဝါ၏ အသိဉာဏ် ရင့်သန်တိုးပွားလာခဲ့ပြန်၏။ ထိုအခါ လူသည် မိမိ၏ထင်မြင်ချက်ဖြင့် မိမိ

ကိုယ်တိုင် ဖန်ဆင်းထားသော "ဘုရား" တို့ကို အဆိုး အကောင်းရွေးချယ်လာပြန်လေသည့်သူ၏ကိုယ်ရောစိတ်ပါ ချမ်းသာသုခကိုဖြစ်စေတတ်သော "ဘုရား" ကို အကောင်း၊ သူ၏ ကိုယ်စိတ်-၂-ပါးကို နှောင့်ယှက်တတ်သော (ဝါ) ပူပန် ဆင်းရဲစေတတ်သော "ဘုရား" ကိုအဆိုးဟု၊ သမုတ် ပြန်လေသည်။ ထိုနောက် အဆိုးအကောင်း -- ၂-ဖက်တို့၌ တန်ခိုး အကြီးဆုံး 'ဘုရား"များကို ရွေးချယ်၍ထားခဲ့ပြန်လေ သည်။ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းဆိုရသော် ရှေးလူတို့ သည် သဘာဝမွှ၌ ထူးထူးဆန်းဆန်း ကြက်သီးဖြန်းမျှ၊ အံ့ဘနန်း၊ လန့်ဘနန်း၊ ဖြစ်ပေါ်လာသော အရာဟူသမျှကို စစ်ဆေး တွေးတောခြင်း မပြုကြကုန်ဘဲ "နတ်" အဖြစ် "ဘုရား" အဖြစ်သို့ မြှင့်တင် ကိုးကွယ်ကြကုန်၏။ ပူဇော် ပသခဲ့ကြကုန်၏။

ဤနည်းအားဖြင့် ရှေးလူတို့၏ ဘေးကြောက်မှု ချမ်းသာ လိုမှု တို့သည် "နတ်" "ဘုရား" ကိုးကွယ်သော "ဘာသာ" ဝါဒများဖြစ်ပေါ်ရန် "ပဓာန"အကြောင်းများ ဖြစ်ခဲ့ကြလေ ကုန်သည်။

ထိုနောက် ရှေးလူတို့သည် လူဦးရေ တိုးပွားများပြား လာမှုကြောင့် နေထိုင်စားသောက်ရေး ကြပ်တည်းလာကြ ပြန်လေသည်။ ထိုအခါ--ရဲရင့်သူ--စွန့်စားသူ အချို့တို့သည် ကမ္ဘာမြေပြင်ရှိ အခြားရေကြည်ရာ၊ မြက်နုရာ အရပ်များ သို့ စွန့်စွန့်စားစားသွားရောက် နေထိုင်စပြုခဲ့ကြလေပြီ။ ထို သူတို့ရောက်လေရာ အရပ်ဒေသများ၌လည်း၊ "ဒေသန္တရ" ဆိုင်ရာ "နတ်" များ "ဘုရား" များ ပေါ်ပေါက် လာကြ ပြန်လေသည်။

ဥပမာ ဇာန္ဒီယနိုင်ငံ ဂင်္ဂါမြစ်ဝှမ်းဒေသသို့ ရှေးဦးစွာရောက်လာကြသောရှေး "အရိယာ" လူမျိုးတို့ သည်မိမိတို့ပေါက်ဖွားရာ နေခဲ့ရင်း ဌာနဖြစ်သော–အလယ်ပိုင်း "ရှေ" ရှိ "ပါမိရ" ကုန်းမြေမြင့် အရပ်၌ မတွေ့ဘူး မမြင်ခဲ့ဘူးသော ဂင်္ဂါမြစ်ကြီးကိုတွေ့မြင်ကြလေကုန်ပြီ။ ထိုအခါ–ဂင်္ဂါမြစ်၏ မြေကြည်လင်သော ရေစင်နှင့် ထိုရေကြောင့် ဖြစ်ပေါ်လာသော အလွန်ကောင်းမွန်သော မြေနှင့် အနှစ်သြဇာ ပြည့်ဝသော အသီးအနှံ များကို တွေ့ရှိကြကုန်သောကြောင့် "ဂင်္ဂါမာတာ" ဟူသော အမည်ဖြင့် ထိုမြစ်ကို ကိုးကွယ်စ ပြုခဲ့ကြလေကုန်ပြီ။ ထိုနည်းအတိုင်း လူသည် မိမိရောက်လေရာဒေသ၌ ဘုရားအမျိုးမျိုး နတ်အမျိုးမျိုးတို့ကို ဖန်ဆင်းပြုပြင်၍ "ဘာသာ" တရပ်အနေဖြင့် ကိုးကွယ်ခြင်း ပ–သ–ခြင်းတို့ကို ပြုခဲ့လေသည်။

ဤသို့အားဖြင့် လူ သတ္တဝါ သည် ကိုယ် စိတ် နှစ် ဖြာဘေးဘယာကင်းပမှု မြေချမ်းသာ မှုများ အတွက် (ဝါ) ဘေးကြောက်မှု၊ ချမ်းသာသုခကို လိုလားမှုတခုခုအတွက် ကိုးကွယ်မှု အားထားမှုဟုဆိုအပ်သော "ဘာသာ" တရပ်ကို တည် ထောင် ခဲ့ လေ သည်။ လူသား၏ စိတ်၌ ဘေးကြောက်မှု၊ ချမ်းသာကို တမ်း တ လိုချင်မှုဟု ဆိုအပ်သော "အာ သာ ဆန္ဒ" ကား၊ ပြင်းထန်လှစွာ ၏။ ထို သို့ ပြင်း ပြ သော ၎င်း ၏ "အာ သာ ဆ န္ဒ" မပြေမပျောက်တိုင်း "ဘာသာ" တွေ အဆုံးအဆ မရှိအောင် ပေါ်ပေါက်ခဲ့လေသည်။

လူ၏ အဆင့်အတန်း တိုးတက်၍ လာလေလေ၊ ၎င်း၏ အလိုဆန္ဒ များပြားလာလေလေဖြစ်၏။ တိရစ္ဆာန်ရိုင်းတို့၏

ဘေးနှင့် အဓအေပူဘေးကိုသာ ကြောက်ရ--လန့်ရမှန်း သိခဲ့သောလူသည် အသိဉာဏ်ရင့်ကျက်လာ၍ အဆင့်အတန်းမြင့် တက်လာသောအခါ အိုဘေး, နာဘေး, သေဘေး စသော ဘေးအမျိုးမျိုးနှင့်တကွ တမလွန်လောက နောက်ဘဝ၌ တွေ့ရမည့် ဘေးတို့ကိုပါ တွေးပြီး ကြောက်လာလေပြီ။ ယခုဘဝ–ဤကိုယ်ကာယ ချမ်းသာမှုနှင့်၊ အောက်တန်းစား အလိုပြည့်မှုကလေးကိုသာတောင်းတ မျှော်လင့်တက်ခဲ့သော လူသည် နတ်လောက ဗြဟ္မာလောက ကောင်းကင်ဘုံနန်းဆိုတဲ့ ဌာနမျှမက၊ "ကေန္တ" သုခစစ် ချမ်းသာမှန်ဖြစ်သော "နိဗ္ဗာန်" ထိအောင်ပင်၊ လိုလားတောင့်တလာခဲ့လေပြီ။ ထိုသို့ လူ၏အသိဉာဏ် ရင့်ကျက် တိုးတက်လာလေလေ--ရေးကဖြစ်ကတတ်ဆန်း၊ ကြက်ကဏ်း ဆန်တွေ့၊ လွှေ့လွှေ့ငန်းငန်း၊စွဲလမ်းယုံကြည်၍ လာခဲ့သော "ဘာသာ" ရပ်များသည် နေရောင်ခြည် တောက်တဲ့ ဆီးနှင်းပေါက်ကဲ့သို့ တခုပြီးတခု ကွယ်ပျောက်သွားလေလေ ဖြစ်တော့၏။ ထို့ကြောင့် ခေတ်သစ်ပြောင်း၍ ဉာဏ်သစ်လောင်းသော သမယ၌ ဖြစ်ပေါ်လာကြသော "ဘာသာ" တို့ကား ရှေးခေတ်ဟောင်း"ဘာသာ" တို့ထက် သာလွန်ပြည့်စုံ၍ လာလေသည်။ သို့ရာတွင် ဤသို့ဆိုရစေကာ ယခုခေတ် လူသတ္တဝါတို့၏စုံစမ်းလိုသော၊ စစ်ဆေးလိုသော၊ စမ်းသပ်လိုသောစိတ်ကို ရောင့်ရဲနှစ်သိမ့်စေနိုင်သည့် "ဘာသာ" ကားအလွန်ရှားပါးလျက်ပင်ရှိချေသေး၏။ အကြောင်းကား ယခုလက်ရှိ "ဘာသာ" ဝါဒများကို တည်ထောင်သူအချို့တို့သည် ၎င်းတို့ဖြစ်ပေါ်ပေါက်ဖွားရာ အရပ်ဒေသနှင့်လူမျိုး၏အဆင့်အတန်းအားလျော်စွာ ယုတ္တိသာဓက ရှာမရနိုင်လော်

အောင် သေးသိမ်သော အယူအဆများဖွာတို့ကို ဟောပြော ခဲ့ကြသောကြောင့် ဟူလို။

လူသတ္တဝါသည် ပူပင်မှုဒုက္ခဟူသမျှကို ရှုံမုန်း၏။ငြိမ်း ခြင်းသုခကို လိုလားနှစ်သက်၏။ထို့ပြင်သူသည် အစူးအစမ်း အမေး အမြန်းထူထပ်၍ သဘာဝအားဖြင့် အတွေးအခေါ် အကြံ အစီ ပေါများသော သတ္တဝါ ဖြစ်လေသည်။ ယခု ပစ္စက္ခဉာဏ်ဘဝ၌ရင်း၊ တမလွန်လောက နောက်ဖြစ်လတံ့သော ဘဝ၌ရင်း၊ သူ အလိုရှိသော ငြေသော သုခ စည်းစိမ်ကို ပေးစွမ်းနိုင်သော (ဝါ) ပေးစွမ်းနိုင်လိမ့်မည်ဟု သူတကယ် ယုံကြည်သော "ဘာသာ"ကို လိုက်လံစုံစမ်း နေဆဲပင် ဖြစ် ချေသည်။စင်စစ်မှာလူသည်မှောင်ထဲ၌မနေလို၊ အလင်းရောင် ကို ခိုလှုံလို၏၊ အမှောင်မှထွက်မြောက်၍ အလင်းသို့ရောက် အောင် ပို့နိုင်မည့် "ဘာသာ" သည် အစစ် အမှန် ဖြစ်၍ လောက၌ တည်နေခွင့် ရရှိချိမ့်မည်။ လူ၏ အလို ဆန္ဒကို မဖြည့်စွမ်းနိုင်သော "ဘာသာ" တို့ကား၊ ရှေးခေတ်ဟောင်း "ဘာသာ" များ၏ သွားရာလမ်းသို့ ပြန်ရက်မရှိ မြန်းရမည် သာ ဖြစ်သတည်း။

ဤမျှသောစကားအစဉ်ဖြင့်၊ လူသတ္တဝါ၏ ဘေးကြောက် မှု၊ ချမ်းသာသုခ လိုလားမှုသည်"ဘာသာ"ဖြစ်ပေါ် လာရ ခြင်း၏ အကြောင်းဖြစ်သော အချက်ကား ပေါ်လွင်ထင်ရှား ခဲ့ချေပြီ။

## အခန်း (၃)

**မေး (၃) "ဘာသာ"များအဘယ်သို့ဖြစ်ပေါ် လာကြကုန်သနည်း။**

ဖြေ (၃) လူသတ္တဝါ၏ ဘေးကြောက်မှု၊ ချမ်းသာလိုမှုကြောင့်"ဘာသာ"များဖြစ်ပေါ်လာကြောင်းကိုနံပါတ်(၂) အဖြေ၌ရေးခဲ့ပြီ၊ လူသတ္တဝါ၏အလိုသည် များပြားလှစွာ၏၊ သူ၏အလို မပြည့်စုံတိုင်း "ဘာသာ" တရပ် ပေါ်၍ ပေါ်၍ လာရမြဲဖြစ်ချေသည်၊ ရှေးအကျဆုံးလူမှာ အလိုဆန္ဒအနည်းငယ်သာရှိခဲ့၏၊ ဧသောအခါ ပူလိုခြင်း။ ပူသောအခါ ဧလိုခြင်း၊ မှောင်သောအခါလင်းစေလိုခြင်းမျှလောက်သော အလိုဆန္ဒသာ ရှိခဲ့လေသည်။

ထိုသည့် အလိုကို ဖြည့်စွမ်း နိုင်သော အရာ များကို ကိုးကွယ်အားထားမှု ဟူသော "သဘာဝဓမ္မ" ကိုးကွယ်ခြင်း "ဘာသာ" သည် ကမ္ဘာ့ ရာဇဝင်၌ ရှေးအကျဆုံး "ဘာသာ" ပင် ဖြစ်ခဲ့လေသည်။

ထို သဘာဝဓမ္မ "ဘာသာ" အရ မြစ်-ချောင်း-တောတောင် ကိုရန္တာန်ကြီးများ၊ သစ်ပင်-မုန်တိုင်း-မိုးကြိုး နေ-လ စသော အရာများသည် မြင့်မြတ် ကြီးကျယ်သော တန်ခိုးပါဝါများကို ပိုင်ဆိုင်ကြကုန်၏။ ထိုအရာများသည် တန်ခိုးရှိသောနတ်တို့၏မိုရာများဖြစ်သည်ဟုယူဆကြကုန်၏။ ၎င်းတို့သည် လူတို့၏ပူဇော် ပသာမှုကို နှစ်သက် သည်ဟု ယုံကြည်ကြ ကုန်၏။ ထို့ကြောင့် ယဇ်ပူဇော် မှုများ ပေါ်ပေါက်လာခဲ့ကြကုန်၏။ ထိုနောက် နတ်ကိုးကွယ်သော "ဘာသာ"များ ဆက်ကာ-ဆက်ကာ ပေါက်ဖွား လာကြ

လေသည်။ ထိုနတ်တို့၏ အရေတွက်ကား ဂဏန်းချ၍ မရနိုင်လောက်အောင် များပြားလှချေသည်။ ဇွန္ဒိယနိုင်ငံတခု၌ပင် နတ်ပေါင်း ကုဋေ ၃၀ ကျော် ရှိလေသည်။ ထိုမှတပါး အခြားသော ဥရောပ—အာဖရိကတိုက် များနှင့် တိဗက်တရုပ်စသော ရှေးကျသော နိုင်ငံတို့၌လည်း မရေတွက်နိုင်လောက်အောင် ပေါများသော နတ်များရှိချေသည်။ကျွန်ုပ်တို့၏မြန်မာနိုင်ငံ၌ပင်အတွင်း(၃၇)မင်း၊အပြင်(၃၇)မင်းကစ၍ ဒေသန္တရ ဆိုင်ရာနတ်တွေ အများအပြား နတ်ကန္နားတွေနှင့်ရှိလျက် နေသည်ကို တွေ့ရာ၏။

ထိုသို့နတ်ကိုးကွယ်သော"ဘာသာ"တို့သည် ဝေဒခေတ်၌အထွဋ်အထိပ်သို့ ရောက်ကြလေ ကုန်သည်။ ဝေဒခေတ်ကား ကျွန်ုပ်တို့၏ "ဗုဒ္ဓ" ဂေါတမ မဖြစ်ပေါ်မီ နှစ်ပေါင်းတသောင်းခန့်အခါက စခဲ့၏။ ထိုခေတ်သို့ရောက်သော် ထိုသို့အရေအတွက်များပြားလှသော နတ်တို့အနက်မှ တန်ခိုးပါဝါအကြီးဆုံးဖြစ်၍ ခေါင်းဆောင် ဖြစ်ထိုက်သော နတ်များကို ရွေးချယ်ကြလေသည်။သို့ရွေးချယ်သောအခါ(၁)ဗြဟ္မာ(၂)ဗိဿနိုး(၃)ရှိဝဟူ၍ အကြီးစား နတ်ကြီး ၃ ပါး ပေါ်ထွက်လာသေသည်။ ၎င်းနောက် ဥာဏ်ပညာရှင် ဖြစ်ကုန်သော လူပဏ္ဍိတ် တို့သည် ထိုနတ်ကြီး ၃ ပါးကို တပါးထည်း ပေါင်းလိုကြသဖြင့် "ဤရှရ" ဟူသော အမည်သစ် တခုကို ဖေါ်ထုတ်ကြပြန်သည်။ ထိုအခါ "ဘုရား" ဟူသည်ကား တဆူသာရှိ၏။ အဒုတိယဖြစ်၏။ အစမရှိ၊ အဆုံးမရှိဟူသော ထက်မြက်သည့် စကားလုံးများကို သုံးလာကြကုန်၏။ ထို "ဘုရား" ကား "ဤရှရ" ဖြစ်သည်ဟု အခိုင်အမာ ပြောဆိုလာကြကုန်၏။

ယင်းသို့ဖြစ်သော် မူလ ဘုရားကြီး ၃ ပါးကို ဖျက်ပစ်မည်လော?ဟူသောပြဿနာ ပေါ်ထွက်လာပြန် ချေသည်။ ထိုစိတ်ကူး ဉာဏ်ပိုင်ရှင် ပညာရှိ တို့သည် ထိုပြဿနာကို ဖြေရှင်းရန်လည်း အသင့်ရှိခဲ့ကြကုန်၏။

အကြင်အခါ၌ တဆူထည်းသော "ဤရွှေ" သည် "ရဂျ" ဂုဏ်ကိုဆောင်၏၊ ထိုအခါ "ပြဟ္မာ" ဟူ၍၎င်း၊ "ဆတ္တ" ဂုဏ်ကို ဆောင်သောအခါ၌ "ဗိသျှနိုး" ဟူ၍၎င်း "တမ" ဂုဏ်ကို ဆောင်သောအခါ၌ "ရှိဝ" ဟူ၍၎င်း ထင်ရှားလာ၏။ "ရဂျ" ဆိုသည်ကား လုပ်ကိုင်လှုပ်ရှား တတ်သော သတ္တိဖြစ်၏။ "ဆတ္တ" ကား အသိဉာဏ် အလင်းဓါတ်ကို ဆိုသည်။ "တမ" ကား အလိုဆန္ဒဓါတ်ပင်ဖြစ်၏။

ဤသို့အားဖြင့်များပြားလှသော နတ်တို့သည် (၃) ဆူသော ဘုရားအဖြစ်သို့၎င်း၊ တဖန်ထို (၃) ဆူသော ဘုရားတို့သည် တဆူ တည်းသော ဘုရားအဖြစ်သို့၎င်း၊ စုပေါင်း၍ သွားကြပြန်လေသည်။ ထို "ဤရွှေ" သည် ယခုအခါ ဒွာဝယဟူသော နာမဖြင့် ကမ္ဘာ၌ ထင်ရှားနေလေသည်။

ထိုသည့်နည်းအတိုင်း သမ္မာ,ကျမ်းပါ ယေဟောဝါခေါ် ဘုရားနှင့်ကိုရံ, ကျမ်းပါ အလ္လာဟခေါ် ခိုဒါဘုရားတို့သည် လည်း တဆင့်ပြီး တဆင့် တိုးတက်ပြုပြင်၍ နောက်ဆုံး မှုံး ထားသော ဆေးသားတို့သာ ဖြစ်ကုန်၏။

ထိုမှတပါး အီဂျစ်--ဂရိတ်--စသောနိုင်ငံတို့၌ ဒဏ္ဍာရီမှာ ထင်ရှားသော သူရဲကောင်းများကို နတ်ဘုရားအဖြစ်သို့ မြှင့်တင် ကိုးကွယ်ကြကုန်သေး၏။ စင်စစ်လိုရင်းမှာ မည်သည့် တိုင်းပြည်နိုင်ငံက နတ်ပင်ဖြစ်စေ နောက်ဆုံး ရောက်ရမည့် ပန်းတိုင်ကား "ဒွာဝယ" အဆင့်အတန်းပင် ဖြစ်လေသည်။

ထို "ဌာဝယ" တို့သည် ရှေးလူတို့၏ နတ်များမှ တိုးတက်ကြီးပွားလာကြသူများ ဖြစ်သောကြောင့် ယင်း ပူဇော်မှုကို များစွာလိုလား နှစ်သက်ကြကုန်သည်။ ရှေးလူတို့၏ ယင်း ပူဇော်ခြင်း အလေ့အထသည်ရင်း၊ ကိုးကွယ် ဆည်းကပ်ပုံသည်ရင်း၊ ယနေ့တိုင်အဆက်မပြတ် အသက်ရှည်လာခဲ့လေသည်။ ထို့ကြောင့် "ဌာဝယ" ဘုရားဦးစီးသော "ဘာသာ" တို့သည် ရှေး လူ တို့ ၏ အမွေအနှစ်သာ ဖြစ် လေ တော့သတည်း။

ရှေးလူတို့၏သဘာဝ ဓမ္မကိုးကွယ်မှုမှ တိုးတက်ကြီးပွားလာသော နတ်ကိုးကွယ်မှု၊ ၎င်းမှတဆင့် တက်လာသော "ဌာဝယ"ကိုးကွယ်မှုတို့ကို ရဲဝံ့စွာတော်လှန်၍ ထိုဌာဝယ စသည့်ကို အခြေမတည်ဘဲ (ဝါ) အလေးမပြုဘဲ"ဘာသာ" သစ်တခု တည်ထောင်ဖန်ဆင်းခဲ့သူကား ကမ္ဘာ့ရာဇဝင်၌ "ဗုဒ္ဓ" ဟူသောဘွဲ့နာမံဖြင့် ထင်ရှားခဲ့သော "သိဒ္ဓတ္ထ ဂေါတမ"အရှင်ဖြစ်ခဲ့လေသည်။

"ဗုဒ္ဓ" ၏ဟောပြောချက်လိုရင်းကား၊ နတ်ကိုရင်း၊ ဌာဝယကိုရင်း၊ အားထား ယုံကြည်ခြင်း၊ ကိုးကွယ်ခြင်းဖြင့် လူသား၏ ဆန္ဒမပြည့်ဝနိုင်။ လူသား ကြောက်ရွံ့သော ဘေးမှမလွတ်နိုင်။ လူသားလိုလားသော ချမ်းသာ သုခကို မရနိုင်။လူသားတို့၏ဘေးကို လူသားရှောင်မှ လွတ်မည်။လူသား လိုသောချမ်းသာကို လူသားကိုယ်တိုင် ကြိုးစား အားထုတ်၍ပြုလုပ်ယူမှရမည်ဟူသော ကိုယ့်အား ကိုယ်ကိုး၍ ဝေဖန်ပြီးလျှင် ကိုယ်တိုင် ကြိုးစားရမည်ဆိုတဲ့ "ဘာသာ" ဖြစ်သတည်း။

(ထိုဘာသာ အသီးသီးတို့၏ အကျယ်သည် နောက်၌ ထင်ရှားလာလတ္တံ့။)

ဤသို့ဖော်ပြခဲ့ပြီးသော "ဘာသာ" ဖြစ်ပေါ်လာပုံများကို အကျဉ်းချုံးလိုက်သော်။

(၁) ရှေးလူတို့၏သဘာဝ ဓမ္မ ကိုးကွယ်မှု၊ နတ်ကိုးကွယ်မှုမှတိုးတက်လာသော ဋ္ဌာဝယ ဘာသာ။

(၂) ရှေးလူတို့၏ မှားယွင်းသော ကိုးကွယ်မှုကို ပယ်ဖျက်၍ လမ်းမှန်ကိုပြသော ဓမ္မဘာသာဟူ၍ နှစ်မျိုးသာရှိလေသည်။

ထို့ကြောင့် ဘာသာတို့၏ဖြစ်ပေါ်လာပုံမှာ အမှားတွေကို ထပ်ခါထပ်ခါ မှန်ရာသို့ရောက်လေမလားဟူသော ရည်ရွယ်ချက်ဖြင့် အမှန်းတင်လာခြင်း၊ အမှားကို တွေ့ရဖန်များလှသောကြောင့် အမှန်ကို တွေ့မြင်သောအခါ၌ ထိုအမှားတွေကိုခြေစုံကန်ပစ်ပြီးလျှင် အမှန်သို့ လမ်းညွှန်ခြင်းတို့သာ ဖြစ်လေသည်။

### အခန်း(၄)

### မေး (၄) အဘယ်ကြောင့် ဘာသာကို လိုက်စားရသနည်း?

ဖြေ (၄) ဤကမ္ဘာလောက မြေအပြင်၌ လူသတ္တဝါ ရှေးဦးပထမ ပေါ်ပေါက်ခဲ့သော အခါသမယမှ အစပြု၍ ယနေ့အထိ "ဘာသာ" မရှိသော လူမျိုးကား မရအောင် ရှားပါးချေမည်။ ထို့ကြောင့်လည်း ဤပြဿနာ ပေါ်ပေါက်လာချေသည်။ ဤပြဿနာ၌ လိုက်စားဟူသော စကားသည်

(၁)အကြားအမြင် ဗဟုသုတအလို့ငှါ လေ့ကျင့်ခြင်း၊ နာယူမှတ်သားခြင်း၊ ဖတ်ရှုခြင်း။
(၂)နစ်နစ်ကာကာ စွဲစွဲမြဲမြဲ အူထဲ အသဲထဲက လိုက်လိုက်လှဲလှဲ လိုက်နာ ယုံကြည်ခြင်း ဟူသော အနက်နှစ်မျိုးလုံး ပါဝင်သောပုဒ် ဖြစ်လေသည်။
ထိုတွင်နံပါတ် ၂ အနက်ကိုသာ ဤနေရာ၌ အလိုရှိအပ်၏။ လူသတ္တဝါသည် ဘေးရန်အန္တရာယ် အမျိုးမျိုးကို စက်ဆုတ်ရွံမုန်း၏။ သူသည်ချမ်းသာ သုခကို အမြဲတမ်း လိုလား၏။ ဤကြောက်လန့်မှုနှင့် လိုလားမှု နှစ်ခုသည် လူသတ္တဝါ၏ "ဘာသာ". လိုက်စား ရခြင်း၏ အကြောင်းများ ဖြစ်လေသည်။

**ရှင်းဦးစို့။** ။လူသည် သူမှတပါးအခြားအားလုံးသော သက်ရှိသတ္တဝါတို့နှင့် မဆက်ဆံသော (ဝါ)၎င်းတို့မှာ မရှိသော ထူးကဲမြင့်မြတ်သော အရာတခုကို ပိုင်ဆိုင်ခဲ့၏။ ထို့ကြောင့်လည်း ကမ္ဘာအစမှ ယခုသမယ တိုင်အောင် အဆက်မပြတ်တည်ရှိလာခဲ့၍ အားလုံးသော သက်ရှိသတ္တဝါတို့ယက်မြင့်မြတ်သော အခြေအနေ၌ ရပ်တည် နေနိုင်ခဲ့လေသည်။

ထိုမျှမက အခြားသက်ရှိသတ္တဝါ အားလုံး၏ အရှင်သခင် ဖြစ်နေလေသည်။ သက်မဲ့ဖြစ်သော ဓါတ်သတ္တုများကိုင် သူအလိုရှိတိုင်း ခိုင်းစေနိုင်ခဲ့၏။ သူသည် ထိုထူးကဲမြင့်မြတ်သောအရာ၏ ပိုင်ရှင် ဖြစ်ခြင်းကြောင့် သက်ရှိသက်မဲ့ အားလုံးတို့သည် သူ၏အစေခံများသာ ဖြစ်ခဲ့ရဘူနိပြီ။ ထိုမျှ မြင့်မြတ်သော အရာကား အဘယ်နည်း ?"၎င်းကား အခြား မဟုတ် အသိဉာဏ်ပင်ဖြစ်၏။"

လူသည် မိမိ၏ ကိုယ်ပိုင်ဖြစ်သော အသိဉာဏ်ကို အလဟဿ မထားနိုင်ချေ။ အသုံးမချဘဲ မနေနိုင်ချေ။ သူ၏ လက်နက် ကောင်းကြီး တခုဖြစ်သော ထို အသိဉာဏ်ကို အမြဲတစေ အသုံးချ၍နေရချေမည်။ ယင်းသို့ အသုံးချသော အားဖြင့် ဉာဏ်မျက်စိကို ဖွင့်ကြည့်ခဲ့သော် သူသည် "ဘာတွေ" ကိုတွေ့မြင်ရမည်နည်း?

သို့ကြည့်ချေသော် သူသည် ကြည်သာ ရွှင်ပြခြင်း ချမ်းသာမြေခြင်း စသောသုခ၏ အရိပ် နိမိတ်ကို ဤကမ္ဘာ မြေပြင်၌ တွေ့မြင်ရချိမ့်မည်လော? တွေ့ရမည် မဟုတ်ချေ။ စင်စစ်သော် ဆူမှု--ပူမှု--သတ်မှု--ဖြတ်မှု--တိုက်မှု--ခိုက်မှု--လုမှု ယက်မှု--လိုက်မှု--ပြေးမှု--ဒုက္ခဖြစ်မှု--အသုံးမှာ အလိုမပြည့်မှု တွေကိုသာ တွေ့ရချိမ့်မည်။ မှန်စွ။ လူသည် အချင်းချင်း ပေါင်းသင်းဆက်ဆံကာ အဖွဲ့အစည်းနှင့် နေရမှ စိတ်ကြည် နိုင်--ရွှင်လန်းနိုင်၊ ဝမ်းမြောက် နိုင်သော သတ္တဝါ တမျိုး ဖြစ်ခဲ့၏။

ထိုသို့အဖွဲ့နှင့် အစည်းအရုံးနှင့် နေသောအခါ သူသည် လူတိုင်းလူတိုင်းအလိုမပြည့်၍ညည်းညူငေးမှိုင်နေဒါကို တွေ့ရ၏။ သို့တွေ့ရသဖြင့် လူတိုင်းမှာပူပင်ခြင်း ဗလပွေသော ကတွေအရှုပ်ရှုပ်၊ ဒုက္ခတွေ အနန္တ၊ လောဘ--ဒေါသ-- ဒီလှိုင်း ကဲ့သို့သနေသည်ကို တွေ့ရ၏။ ထိုအခါသူသည် အလိုမပြည့်ခြင်းသည် ဆင်းရဲ ဧကံ "ယံပိစ္ဆံ နလဘတိ တံပိဒုက္ခံ" ဖြစ်ကြောင်းသိလာလေသည်။

သူသည် မအိုချင်ဘဲ လျက်နှင့် အိုရခြင်း၊ မနာချင်ဘဲ လျက်နှင့်နာရခြင်း၊ မသေချင်ဘဲလျက်နှင့် သေရခြင်း တို့ကို လက်တွေ့သင်္ခန်းစာ သဘောဖြင့် မနောအကြည် ထိအောင်

သုတေသနစာ
ဆာသိန်းစာကြည့်တိုက်

သိမြင်ခဲ့လေပြီ။ အချုပ်မှာ ချမ်းသာ ကြည်နူးမှု တပဲနှင့် ပူပင်ဆင်းရဲမှု တခွဲသား တွဲ၍နေသည်ကို တွေ့ကြုံနေရသော လူသားသည် ဆင်းရဲလေလေ ချမ်းသာချင်လေလေ ဖြစ်လာမည်ကားမလွဲချေ။ ထို့ကြောင့် သူသည် မိမိ၏ လက်နက်ကောင်းဖြစ်သော အသိဉာဏ်ကိုအသုံးပြုရချေမည်။မှန်လှ၏။ လူတို့တွင် အသိဉာဏ်ပညာစူးရှထက်မြက်၍ အခြားလူတို့ ဉာဏ်ထက် လွန်ကဲသော အမြင်ရှိသူတို့သည် လူသားကိုယ်တိုင်မလိုလားသောဆင်းရဲဒုက္ခမှလွတ်မြောက်ရေး၊ချမ်းသာသုခ၊ရရှိရေး အတွက်၊ နည်းကောင်း နာကောင်း၊ ဥပါယ်ကောင်းတို့ကို စူးစမ်း ရှာဖွေကြ ကုန်၏။ တည်ထွင်ခဲ့ကြကုန်၏။ ထိုပုဂ္ဂိုလ်ထူးတို့သည် မိမိတို့ ရှာဖွေတွေ့ရှိ ရသော နည်းနာနယတို့ကို အခြားလူတို့အား ဟောပြော ပြသကြကုန်၏။

ထိုအခါ ဆင်းရဲမှု ဟူသမျှကို အမြဲတမ်း ရှုံမုန်း၍၊နှလုံးနာနေ ကြသော လူသတ္တဝါ အပေါင်း တို့သည် ထိုလူထူးတယောက်၏ တွေ့မြင်သိရှိ၍ ဟောပြောပြသသောမှငြိမ်းမှု ချမ်းသာ ရှင်လန်းမှုကို တကယ် ဖြစ်စေ နိုင်သည်ဆိုသောနည်းလမ်းရှိရာသို့(ဝါ)“ဘာသာ”ဘက်သို့သူ့ထက်ငါဦး စုအုံကာလိုက်ကြလေ ကုန်သည်။ ပျောက်စေဆရာ တယောက် ပေါ်ပေါက်လာသော အခါ၊ရောဂါ ပျောက်မှု မပျောက်မှု အပထား၍၊ဝေဒနာသည် ရောဂါသည် အများကား ထိုပျောက်စေဆရာ၏ ထံမှောက်သို့ တစုကြီးတဝေးကြီး လာရောက်ခိုလှုံကြကုန် သကဲ့သို့တည်း။

“ဘာသာ” တရပ်တည်ထောင်ဟောပြောသူ “ဘာသာ’ ရှင်၏ တရား ဥပဒေသ ကို တကယ်

ကိုယ်... စာကြည့်တိုက်

မဆုတ်တမ်း ဟူသော ဇွဲဖြင့် ကျင့်ကြံ အားထုတ် ခြင်းကြောင့် ကမ္ဘာ့ဆင်းရဲရှင်ဖြစ်ကုန်သော လူသတ္တဝါတို့၏ ဆင်းရဲခြင်း ကင်းသည်ဖြစ်စေ (ဝါ)မကင်းသည် ဖြစ်စေ၊ထို"ဘာသာ" ရှင်၏ အဆုံး အမကို သေချာ ကျန လိုက်နာ ကျင့်ကြံမည့် သူကား ဤလောက၌ ရှားလှမည် မဟုတ်ချေ။ ရှေးခေတ်၌ ဖြစ်ပေါ် ခဲ့ကြကုန်သော "ဂေါတမဗုဒ္ဓ" "ရာမ-ကရသျှဏ" "ယေရှုခရစ်" "မဟာမက် ဆာဟင်" "ဇိုရို ယက်စတာ" "ဘာသာ"ရှင်ကြီးများကို ဖယ်ထား ဦးလော့။ ယခုခေတ် သမယ၌ပင် မည်သူ မည်ဝါ မဆို တစုံတယောက်သော လူသည် ကမ္ဘာ့ဆင်းရဲရှင်တို့၏ ဆင်းရဲဒုက္ခရော ကြောင်း ငြိမ်းရာ ငြိမ်းကြောင်း နည်းကောင်းလမ်းကောင်း တရား ဥပဒေသကောင်းကို ညွှန်ပြ ဟောပြော နိုင်အံ့။ ထိုသူ၏ နည်းလမ်းကိုလိုက်၍ ၎င်း၏ ညွှန်ပြချက်အတိုင်း ကျင့်ကြံ အားထုတ်မည့်သူကား နည်းပါးလိမ့်မည်ဟုဆိုသော်လည်းမှား ချိမ့်မည်။ အကြောင်းမူကား"ဘာသာ"ရှင်များ(ဝါ)ဘုရား များအဘယ်ချုပ်ငြင်ခဲ့စေကာမူ၊နည်းကောင်းလမ်းကောင်းနှင့် တရားကောင်းတွေ အဘယ်လောက်များခဲ့စေကာမူ ကမ္ဘာ့ ဒုက္ခသယ် လူသားသည် ထိုနည်း ထိုလမ်းတို့ထက် ကောင်း သော (ဝါ) ပို၍ သေချာသော ဖြတ်လမ်းဖြင့် သွားလို စိတ် ပြင်းထန်လျက် ရှိသေးသောကြောင့်တည်း။

"ဂေါတမ" နွယ်ဖွား "ဗုဒ္ဓ" ရှင်တော်ဘုရား ဟောကြား ခဲ့သောတရားတော်ကို တသွေမတိမ်း လိုက်နာအားထုတ်နေ ကြသော လူသတ္တဝါတို့သည်၎င်း၊ ဝေဒကျမ်းလာ အတိုင်း ပြင်းထန်စွာ ကျင့်နေ သူတို့ သည်၎င်း၊ရာမ ကရသျှဏ ရားကို လိုက်နာနေသူတို့ သည်၎င်း၊ ပြင်းထန်သော ပဉ္စာ

တပ အပူငါးမျိုး၏အလယ်မှာ ထိုင်၍ကျင့်နေကြသူတို့သည်ရင်း။ယေဟောဝါခေါ်ဋ္ဌာဝယ၏တရားကိုလိုက်နာကျင့်ကြနေသူတို့သည်ရင်း၊ ခိုဒါအရှင်နှင့်မဟာမက်ဆာဟဗ်၏အယူဝါဒကိုစွဲမြဲစွာ ယုံကြည်နေသူတို့သည်ရင်း၊ ရုပ်ထု ဆင်းတုအမျိုးမျိုးကို ကိုးကွယ်နေသူတို့သည်ရင်း၊ရှိဝလိင်ခေါ်ပုရိသလိင်ကို ကိုးကွယ်နေကြသူတို့ သည်ရင်း၊ မီးကိုပူဇော်သနေကြသူတို့သည်ရင်း၊ ဂုရုနာနတ် စသော ဆရာကြီး တို့၏အယူကို လိုက်နာယုံကြည်နေကြသူတို့ သည်ရင်း၊ ယုတ်စွာ့အဆုံးကျွန်ုပ်တို့၏"မြန်မာနိုင်ငံ"၌အိမ်တွင်းမင်းမဟာဂီရိနတ်မြင်းဖြူရှင်နတ်၊သုံးဆယ့်ခုနှစ်မင်းနတ်းဦးရှင်ကြီးနတ်၊စသောနတ်အမျိုးမျိုးတို့ကို ပူဇော်ပသ နေကြ သူတို့ သည်ရင်းကျွန်ုပ်တို့၏ဘေးကြောက်မှုချမ်းသာလိုမှုကြောင့် "ဘာသာ" လိုက်စားသည်ဟူသောအဖြေကို ထောက်ခံချက်ပေးနေကြကုန်သည်။ယုံကြည်သူမရှိသော 'ဘာသာ' လိုက်နာကျင့်ကြံမည့်သူ ကင်းမဲ့သောတရားစသည်တို့ မရှိခြင်းတို့သည်လည်းကျွန်ုပ်တို့၏အဖြေကိုပိုမိုလေးနက်စေလေသည်။

ဤချဖြင့် "ဘာသာ"၏ ကောင်းဆိုးကိုမခွဲခြားဘဲ ထိုထို "ဘာသာ" တို့ကို လူသတ္တဝါအများ စိတ်အား ထက်သန်လှစွာ ပြင်းထန်သော စေတနာဖြင့် သချာ ဂရု လိုက်စားယုံကြည် အလီလီ မြတ်နိုး၍ ကိုးကွယ် ဆည်းကပ် ခြင်း၏အကြောင်းထင်လျှားခဲ့ချေပြီ။

—o—

## အခန်း (၅)

**မေး (၅) 'ဘာသာ' လိုက်စားရခြင်း၏ အကျိုးအပြစ်ကို ဝေဖန်ပြပါ။**

ဖြေ (၅) ကျွန်ုပ်တို့သည် "ဘာသာ" လိုက်စားရခြင်း၏ ဝါ 'ဘာသာ" တရားအတိုင်း လိုက်နာကျင့်ကြံ အားထုတ်ရခြင်း၏ အကျိုးအပြစ်ကို စိစစ်ဝေဖန်ခြင်း မပြုမီ၊ ထိုထို "ဘာသာ" အယူဝါဒ အသီးသီးတို့ကို တည်ထောင်ဟောပြောခဲ့ကြသော "ဘာသာ" ရှင်တို့၏ ပဓါန ဖြစ်သော အာဘောဂရည်ရွယ်ချက်ကို သေချာစွာ စစ်ဆေးဝေဖန်ရန်လိုလေသည်။ မှန်ပေ၊ ထိုထို "ဘာသာ" ရှင်တို့၏မူလရည်ရွယ်ချက်ကိုသေချာမိမိ-မသိရှိမီ ထိုထို "ဘာသာ" တို့ကို လိုက်စားရခြင်း၏ ကျိုးရှိပြစ်ရကို ဝေဖန်ခဲ့သော် ယထာဘူတ ကျနမှန်ကန်ခြင်းသို့ ရောက်ရန် ခဲယဉ်းပေ လိမ့်မည်။ ထို့ကြောင့် "ဘာသာ" ရှင်တိုင်း၏ ရည်ရွယ်ချက်ကို ရှေးဦးစွာ ကြည့်ကြဦးစို့။

ဘာသာ တခုကို တည်ထောင် ဖန်ဆင်း ခဲ့သော "ဘာသာ" ရှင်၏ ရည်ရွယ်ချက်ကား၊ မြင့်မြတ်သည်သာ များခဲ့လေသည်။ ဘာကြောင့်။ "ဘာသာ" ရှင် တိုင်းသည် မိမိဖြစ်ပွန်းရာအရပ်ဒေသ၌ လူအများတို့ မိမိ မဖြစ်ပေါ်မီ အခါမှစ၍ အမြဲတစေ-လိုက်နာပြုကျင့် ကြသော ဓလေ့ထုံးစံအကျင့်စာရိတ္တဆိုးများကိုအနည်းနှင့်အများပပျောက်သွားစေရန် ထိုလူတို့၏ အကျင့်စာရိတ္တ ကောင်းမွန်ရေး လောကဓမ္မ တိုးတက်ရေး စသည် ဖြစ်ပေါ် စေရန်သာ ရည်ရွယ် ခဲ့ကြကုန်သည်။

ဥပမာ၊ "ပသီဘာသာ" ကို စတင် ဟောပြောခဲ့သော မဟာမက် ဆာဟာဗ်သည် အာရေဗျ တိုင်း၌ ဖြစ်ထွန်းပေါ် ပေါက်ခဲ့၏။ ထိုနိုင်ငံဖွား၊အာရဗ်လူမျိုးများအတွက် အိဆလမ်ခေါ် "ပသီဘာသာ" ကို ဟောပြောတည်ထောင်ခဲ့၏။ မဟာမက်သည်အာရဗ် လူမျိုးတို့ကို မယား (၄) ယောက် သာယူရမည်ဟု ပညတ်ချက် ထုတ်ခဲ့၏။ ဤပညတ်ချက်ကို အာရဗ် လူမျိုးတို့၏ အကျင့်စာရိတ္တ ကောင်းမွန်ရေး အတွက် ထုတ်ခဲ့ရ၏။ မဟာမက်သာမဟုတ်၊ ထိုခေတ် ထိုသမယ ထိုဒေသ၌ ဖြစ်ပေါ်သော "ဘာသာ" ရှင်မှန်က ထိုဥပဒေမျိုးကို ထုတ်ရမည့်သာ ဖြစ်ခဲ့လေသည်။

သို့သော် ထိုမဟာမက်၏ တရားဥပဒေကို သမံကာ ရှံကာတွေးဆသူတို့ကမူမိန်းမသားများအပေါ်၌သက်ညှာ ထောက်ထား သနားခြင်းကင်းမဲ့သောဝါဒဟူ၍၎င်း၊မိန်းမ များကို ဖိစီးနှိပ်ကွပ်သော တရားဟူ၍၎င်း၊ မိန်းမတို့အဆင့် အတန်း အခြေအနေကို နိမ့်ကျစေသော ပညတ်ချက်ဟူ၍ ၎င်း၊ ထင်မှတ်ကြပေမည်။ သို့ရာတွင် ထိုသူတို့၏ ထင်မြင် ချက်မှာ ခိုင်လုံသော အထောက်အထားမရှိချေ။စင်စစ်မှာ ထိုခေတ် ထိုအခါက အာရဗ်ရာဇဝင်သည် မဟာမက်၏ ပညတ်ချက်ကို မွန်မြတ်သော ဥပဒေသ ဖြစ်သည့်ဟု ထောက်ခံချေသည်။ အကြောင်းမှန်ကား မဟာမက်မပေါ် မီအခါက အာရဗ်လူမျိုးတို့သည် မယားအများ ယူသော ဝါဒကို ယုံကြည်ခဲ့ကြ၏။ ယုံကြည်သည့် အတိုင်းလည်း ကျကျနန လိုက်နာပြုကျင့်ကြ၏။

မိန်းမတို့သည် ယောကျ်ားတို့၏ ကိလေသာစိတ်ကို ဖြေဖျော်ရန်အတွက်ဖြစ်လာသောလူသတ္တဝါတမျိုးဟုအယူ

ရှိကြ၏။ ထို့ကြောင့်လည်း အာရဗ်ယောက်ျားတယောက် လျှင် မယား(၁၀)ယောက်ယူလေ့ယူထရှိခဲ့ကြ၏။ စည်းမရှိ ကမ်းမရှိ မယားတွေမှုံလိုပေါက်အောင်လည်း ယူခဲ့ကြ၏။ မဟာမက်ဖြစ်ပေါ်လာသောအခါ ဤဆိုးဝါးသော အလေ့ အထကို တွေ့မြင်ခဲ့လေသည်။

ထိုအခါ သူသည် ဤအလေ့ဆိုးကြီးကို အရင်းအမြစ် မကျန် တော်လှန် ဖျောက်ဖျက်ပစ်လို၏။ သို့သော် တံငါရွာ ၌ ပါဏာတိပါတ သူ့အသက် မသတ်နှင့်ဆိုသောတရားကို နာကြား လိုက်နာမည့်သူ မရှိသကဲ့သို့ ဖြစ်ခဲ့ရလေပြီ။ ဤ အခြေမျိုးသို့ ရောက်ခဲ့သော် အဘယ်သို့ လုပ်မည်နည်း မဟာမက်၏ နည်းထက်ကောင်းသည်ကိုရှာတွေ့သူ ရှားပါး ပေရာ၏။ သူ့နည်းကား အစ ဖျောက်ဖျက်ရန် မဖြစ်နိုင်၍ စည်းကမ်းသတ်ပေးလိုက်ခြင်းဖြစ်၏။ စည်းမဲ့ကမ်းမဲ့မယား တွေကို စိတ်ထင်သလို မယူကြနှင့်၊ လေးယောက်သာ ယူကြလေ ဟူသော ပညတ်ချက်သည် မိန်းမသားများ အပေါ်၌ မဟာမက်၏ ကြီးမားသော ကရုဏာကို ဖေါ်ပြ ထားခဲ့လေသည်။

ဤသို့ ရာဇဝင်ကြောင်းနှင့် တွေးဆဝေဖန်သော်သာ အမှန် သို့ ရောက်နိုင်ပေမည်။ အမှန်မှာ လုံးဝပျောက်ကင်းအောင် ကုသ၍ မရနိုင်သော ရောဂါဆိုး အနာဆိုးကို အနည်း ငယ်သက်သာအောင် ဆေးပေးခြင်းမျိုးပင် ဖြစ်သတည်း။

အခြားသော "ဘာသာ" ရှင်တို့၏ မူလ ရည်ရွယ်ချက် ကိုလည်း ဤဖေါ်ပြခဲ့ပြီးသော နည်းအတိုင်းစစ်ဆေး၍ အမှန် သို့ ရောက်အောင် ကြံဆောင်ရာသတည်း။

ထို့ကြောင့် အားလုံးသော "ဘာသာ" ရှင်တို့သည်မိမိတို့ ဖြစ်ထွန်းပေါ်ပေါက်ရာ အရပ်ဒေသ ခေတ်ကာလတို့၌ ထို ဒေသရှိ လူမျိုးတို့၏ မကောင်းယုတ်ညံ့သော။ သိမ်ဖျင်း သေးနုပ်သော၊ စည်းကမ်းမထား အရမ်းကာယော လိုက် စားနေကြသော အယူအဆ အလေ့အထများကို တတ်နိုင် က လုံးလုံးပျောက်စေရန်၊ မတတ်သာက နည်းများမဆို သက်သာရာရစေရန်ရည်ရွယ်၍သာပျောင် ထိုထို "ဘာသာ" အသီးသီးတို့ကို ကြံစည်ကြိုးစားကာ ဟောကြားခဲ့သည်ဟု မှတ်ယူရန် သင့်လေသည်။ ထိုအခါ "ဘာသာ" ရှင်တို့၏ ကြီးမြတ်သောမဟာဗျာသယ၊ (ဝါ) ရည်ရွယ်ချက်ကိုသိမြင် ကြပေမည်။ ဤသို့ "ဘာသာ" ရှင်တို့၏ ရည်ရွယ်ချက်ကို ထောက်သော် "ဘာသာ" လိုက်စားရခြင်းသည် ကျိုးရ ပြစ်ခဲ့ လုပ်ငန်းတခုဖြစ်သည်ဟု ဆိုးဖြတ်နိုင်လေသည်။

သို့သော် စေတနာကောင်းနှင့် ကျွေးသော သေဆေးကို မျိုဝါးစားသောက်ခဲ့သော် မသေပါသလော? မေးသင့်ပေ ၏။ ရည်ရွယ်ချက် မြင့်မြတ်သော မျက်မမြင် သူဟာ၏ လမ်းညွှန်ရာသို့လိုက်ခဲ့သော် ချောက်ရှိ မြောင်ကြား မြင့်မား သော ချောက်ကမ်းပါးသို့ ကြ၍ မပျက်စီးရာ သလော? ဤအချက်လည်း လျော်ကန်လှပေ၏။ နတ်တို့စခမ်း ကောင်း ကင်ဘုံနန်းသို့ ရောက်စေလိုသော ရည်ရွယ်ချက် ကောင်း ဖြင့် မီးပုံတွင်းသို့ အဆင်းခိုင်းသော "ဘာသာ" ရှင်၏စကား အတိုင်းခုန်ဆင်းခဲ့သော် သေခြင်းလျှင် အဆုံးရှိသော ဆင်းရဲ ကို ခံစားရမည် မဟုတ်တုံလော? အခွင့်ဆိုက်လှပါပေ၏။

ဤသည်တို့ကား မုချမေးထိုက်သောပြဿနာများဖြစ်ကြ ကုန်၏။ ဤသို့မေးသော် အသို့ဖြေမည်နည်း? အသို့ပြုလုပ်

ရမည်နည်း? ထိုအခါ ထိုထို"ဘာသာ"တို့၏ အမှားအမှန် ဤနှစ်တန်ကို ဝေဖန် စိစစ်ရချေမည်။ "ဘာသာ"ရှင်တို့ သည် များသောအားဖြင့် လူသား၏ ဒုက္ခဆင်းရဲ ငြိမ်းမှု၊ ချမ်းသာစစ် ချမ်းသာမှန်ကိုရမှု၊အကျင့်စာရိတ္တ သန့်ရှင်းစင် ကြယ်မှု၊အဆိုးတရားတွေ အကုန်ပျောက်၍အကောင်းတရား တွေပေါ်ပေါက် ဖြစ်ပွားမှု စသည်တို့အတွက် "ဘာသာ" အသီးသီးကို တည်ထောင်ခဲ့ တရားဓမ္မကို ဟောခဲ့ပြောခဲ့ ကြကုန်သည်။ သူတို့၏ ရည်ရွယ်ချက်ကား မွန်မြတ်ပေစွ။

သို့သော် သူတို့ဟောတိုင်း ပြောတိုင်း မဆိုင်းမတွလုပ် ကြည့်ပါ၊ လက်တွေ့ကျင့်ကြံကြည့်ပါ။ စမ်းသပ်ကြည့်ပါ။ ဤသို့လက်တွေ့စမ်းသပ်ကျင့်ကြံ ကြည့်ပါက၊ သူတို့ဟောခဲ့ တိုင်း ပြောခဲ့တိုင်း ကြောက်ဘွယ် လန့်ဘွယ် ဒုက္ခအပေါင်း ဆင်းရဲအပေါင်းမှ တကယ် ကေန် အမှန် လွတ်လပ်သည် မလွတ်လပ်သည်ကိုငင်း၊ သူတို့အာမခံချက်အတိုင်း သုခ အစစ် ချမ်းသာအမှန်ကို မချွတ်မလွဲ ရ-မရကိုငင်း တွေ့ရ ချိမ့်မည်။ သူတို့ ဟော ခဲ့ သည့် အ တိုင်း ဆင်း ရဲ မှ လ ည်း မလွတ်၊ ချမ်းသာကိုလည်း မ ရရှိခဲ့သော် ထို "ဘာသာ" သည် မမှန်တော့ပြီ။ စိတ်ကူးဖြင့် မှန်းပြီး ရမ်းစစ်ခဲ့သော အရာမျှသာ ဖြစ်တော့၏။

ထိုမမှန်သော "ဘာသာ" ကို-ဇွတ်မှိတ်၍ယုံကြည်လိုက် နာနေလျှင်(ဝ၁)မိရိုးဖလာစွဲဖြင့် လိပ်ခဲတင်းလင်း တွယ်ကပ် နေခဲ့လျှင် စေတနာကောင်းကောင်း ရည်ရွယ်ချက် ကောင်း ကောင်းဖြင့် ကျွေးသော သေဆေးကို သောက်နေသလို သာ ဖြစ်ချေမည်။

“ဘာသာ” တရပ်၏အမှန်အမှားကို ခွဲခြားစစ်ဆေးဘို့ကား လူသား၏တာဝန်သာဖြစ်ခဲ့၏။လူသတ္တဝါသည် အသိဉာဏ်ပိုင်ရှင်ဖြစ်ကြောင်းကျွန်ုပ်တို့သိခဲ့ရပြီ။လူမှာ ‘ဘာသာ’ မှန်-မှားကို ခွဲခြားဝေဖန် စစ်ဆေးရန် မှတ်ကျောက်ရှိခဲ့၏။

ထိုမှတ်ကျောက်ကား အခြားမဟုတ်။အကြောင်းအကျိုး တဲ့ မတဲ့၊ လောကယုတ္တိ သဘာဝ ယုတ္တိ မဲ့-မမဲ့ကို၊ဝိဘဇ္ဇ သဘောဖြင့် စစ်ကြောတတ်သောဝိမံသနဆိုသော ဆင်ခြင် စဉ်းစားတတ်သော ဉာဏ်ပင်ဖြစ်ချေသည်။

ရွှေ စစ် မစစ်ကို စမ်းသပ်ရာ၌ မှတ်ကျောက်သည် မရှိလျှင် မပြီးတမ်း အရေးကြီးသကဲ့သို့“ဘာသာ”တရပ်၏ မှန်မမှန်ကို စီစစ်ဝေဖန်ရာ၌ ဝိမံသနဉာဏ်သည် များစွာအရေးကြီးလေသည်။ အနာနှင့်ဆေး၊ တဲ့အောင်ပေး၊ ပျောက်ရေး မခက်ပါ ဟူသောစကားကဲ့သို့ ကမ္ဘာ့ ဆင်းရဲရှင်ဖြစ်သော လူသား၏ဝေဒနာနှင့်တဲ့မတဲ့ကို ထောက်မဦးစွာ ကြည့်သင့်၏။

ထို “ဘာသာ” တရားကို လိုက်စား ကျင့်ကြံခြင်းဖြင့် ကမ္ဘာ့ဝေဒနာရှင်လူသား၏ ရောဂါအနာ ပျောက် မပျောက်ကိုလည်း၊ ဝေဒနာရှင်အပေါင်းတို့ စွဲစွဲလမ်းလမ်း အာသာငမ်းငမ်း တမ်းတမြော်မှန်းနေသော သုခစစ် ချမ်းသာမှန်ကို ဧကန်ဧက ပေးစွမ်းနိုင် မနိုင်ကိုလည်း၊ လူသား၏ ကိုယ်ပိုင် ဝိမံသန ဝိစာရဏာဉာဏ်ဖြင့်စစ်ဆေးကြည့်ရမည်။ လက်တွေ့စမ်းသပ်ကြည့်ရမည်။ ဤသို့စမ်းသပ်ပြီးမှ(ဝါ)အမှန်ဘဲဟု ယုံကြည်စိတ်ချရမှ လိုက်စားမှု ကိုးကွယ်မှုသည်သာလျှင် ကျိုးရပြစ်မဲ့ချည်း ဖြစ်နိုင်ချေမည်။ သို့မဟုတ်သော် ဆေးအတွက် ပိုပြီး လေးတတ်ချေသည်။

ကမ္ဘာလောကအတွင်း၌ ထင်ရှားရှိနေသော "ဘာသာ" ရှင် အချို့တို့သည် စုံစမ်းခွင့်၊ စစ်ဆေးခွင့်၊ ဝေဖန်ပိုင်းခြားခွင့်ကို ငြင်းပယ်ခဲ့ကြကုန်၏။

အထူးထူးသော စည်းကမ်းများကို ထား၍၎င်း၊ ကြီးလေးသောအပြစ်ဒဏ်များ ထား၍၎င်း၊ ကြောက်ဘွယ် လန့်ဘွယ်သော ငရဲဘေးဖြင့် ခြောက်လှန့်၍ လူသတ္တဝါ၏ ဘိုး-ဘ ပိုင်အခွင့်အရေးကို အသုံးမပြုနိုင်အောင် ချုပ်ချယ်ခဲ့ကြကုန်၏။

သို့သော် ဝိမံသန ဉာဏ်ရှင်ဖြစ်သော လူသတ္တဝါသည် မိမိ၏အဆင်ခြင်ဉာဏ်ကို အသုံးမပြုဘဲ မနေနိုင်ချေတကား။ လူသတ္တဝါ၏ သဘောကား အချုပ်အချယ်များလေလေ ၎င်းတို့ကို အတားတိုးတွက်ချင်လေလေဖြစ်၏။ မသိစေလို မမြင်စေလို၍ ဖုံးကွယ်ထားသော အရာကို သာ၍သိချင်၏။ မြင်ချင်၏။ ပို၍ကြည့်ချင်၏။ ထို့ကြောင့် လူ၏ ဝိမံသန ဓာတ်ရည် ဉာဏ်ရင့်သန်လာလေလေ "ဘာသာ" ရေး အတားအဆီး အချုပ်အချယ်များ လွင့်ပါးပျောက်ပျက်၍ သွားလေလေ ဖြစ်ခဲ့ရ၏။ လူသား၏စုံစမ်းလိုမှု၊ စစ်ဆေးလိုမှု၊ မေးလိုမြန်းလိုမှု၊ သိမြင်လိုမှုများသည် မည်သူမှတားမနိုင် ဆီးမရသော ဒီရေအလျှံ တိုးတက်၍လာခဲ့ချေပြီ။

ဤသို့တိုးတက်လာခြင်းကြောင့် ကျဉ်းမြောင်းသေးသွယ်သော "ဘာသာ" ဖွဲ့လမ်းမှု ဥပါဒ်နှင့် ရေကာတာရိုးများသည်လည်း တခုပြီးတခုဆက်ကာဆက်ကာ နေရာရွေ့ရှား ပျက်ပြား သွားခဲ့ကြကုန်လေပြီ။ လူသား၏အသိဉာဏ်အတွင်းသို့ တဖြည်းဖြည်း တစစ အလင်းရောင်ဝင်ရောက်၍ လွှမ်းမိုးခပြုခဲ့ချေပြီ။

ထိုသို့ အပြောင်းချုပ်ရာ, အလင်းဉာဏ်ရသော လူသားသည် စပ်ဆေးခြင်း၊ ဝေဖန်ခြင်း၊ စမ်းသပ်ခြင်းဖြင့် "ဘာသာ" မှန်ကို ရှာဖွေရချေမည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ရရှိအပ်သော "ဘာသာ" မှန်ကို လိုက်စားမှု၊ ယုံကြည်မှု၊ ကျင့်ကြံအားထုတ်မှုသည် ပြစ်ကင်းကျိုးရသာ ဖြစ်ရမည်။

ထိုကြောင့် ဤပြဿနာ၏ အမှန်နှင့် ထပ်တူညီမျှသော အဖြေကား "မှန်သောဘာသာ"ကိုလိုက်စားခဲ့သော် ကျိုးရ ပြစ်ကင်းဖြစ်၏။ "ဘာသာမှား"ကို လိုက်နာယုံကြည်ခဲ့သော် ကျိုးမဲ့ပြစ်ရ ဧကန်မုချ ဖြစ်၏ဟူသော ဆုံးဖြတ်ချက်မှတပါး အခြားမရှိတော့ပြီ။

အခန်း ( ၆ )

**မေး (၆) "ဘာသာ"ကိုလုံးဝ မကိုးကွယ်မနာယူသူမှာ အကျိုးရမည်လော? ဝါ၊ အပြစ်ချည်း ရမည်လော?**

ဖြေ (၆) "ဘာသာမှန်" "ဘာသာမှား" ကို စိစစ်ဝေဖန်၍ "ဘာသာမှန်"ကို လိုက်နာရမည်။ "ဘာသာမှား" ကို စွန့်ရမည်ဟု အထက်၌ ကျွန်ုပ်တို့ရေးခဲ့ပြီ၊ ဤပြဿနာကား "ဘာသာ" မှန်-မှား နှစ်စားကိုပင် လုံးဝမလိုက်စားသောလူတမျိုး ရှိသေးသည်ဟူ၍ အခြေတည်ထားပြီး မေးသောပုစ္ဆာဖြစ်ခဲ့၏။ ဤသို့မှတ်ညှိခဲ့သော် "ဘာသာ" တရားလုံးဝမပေါ်မီအခါက လူသတ္တဝါ၏ အခြေအနေကို ကြည့်ရှုရချေမည်။ ထိုသို့ကြည့်သော် "ဘာသာ" တရားမလိုက်စားမီအခါက လူများကို ယခုခေတ်ရှိလူများက လူရိုင်းဟု ခေါ်

ကြောင်းတွေ့ရှိရချေသည်။ "ဘာသာ" မှန်သည် လူသတ္တဝါ
ကိုယဉ်ကျေးစေခဲ့၏၊ တိုးတက်စေခဲ့၏၊ အသိဉာဏ်ပွင့်လင်း
စေခဲ့၏။

ထို့ကြောင့် "ဘာသာ"မှန်မပေါ်မီက လူသတ္တဝါသည်
အကျဉ်းသဖွယ် ဖြစ်ခဲ့၏၊ အဆိုး အကောင်းကို ခွဲခြားနိုင်
သော ဉာဏ်မရှိခဲ့၊ သူသည် အကျဉ်း ထမ်းသွားသကဲ့သို့
အကောင်းကို လုပ်မိသောအခါ လုပ်မိ၍၊ မကောင်းကိုလုပ်မိ
သောအခါလည်း လုပ်မိချေသည်။ အကယ်တာစေ "ဘာသာ"
တရားမှန် မပေါ်ပေါက်ခဲ့ချေသော် လူသားတို့၏အခြေအနေ
သည်မူလလူရိုင်းဘဝမှ တိုးတက်၍လာခဲ့ရန် အကြောင်းမရှိ
ချေ။ ထို့ကြောင့် "ဘာသာ" ကို လုံးပမပိုက်စားသူသည်
ကျိုးရှုံးနည်းနိုင် [illegible] ပေသည်။

သို့ [illegible] အလွှန် ခေတ်ဆန်လှ၏။ ခေတ်
ပေါ် [illegible] ကြောင့်? အတိုးကာလ
ရှေးခေါ်သမယ၌ [illegible] ခဲ့ပြီးသော လူသား [illegible] တို့သည်
မိမိတို့ [illegible] "ဘာသာ" တခုစီ ယက်ကိုင်ထား၍၊
သိသရုပ်ပေါ် သွားခဲ့ကြသောကြောင့်ဟည်း။ လူ့ အစည်း
အရုံးဟူ၍ ခေတ်မှန်မဆွေဖြစ်ထွန်းပေါ်ပေါက်လာသောအခါ
မှစ၍ လူသည် ကောင်းကောင်းဆိုးဆိုး "ဘာသာ" တခုကို
ကား ကိုက်စားယုံကြည်၍ လာခဲ့လေသည်။

သို့သော် ယခုခေတ်ကမ္ဘာလောကသည် "ဘာသာ"ရေး
အဆိရုဏ်သဖြင့် ခိုခဲ့ပြီ၊ ဝခဲ့ပြီ၊ "ဘာသာ"တို့သည်မိုင်းဦးကျ
အခါ၌ မှိုတွေ့ ဖြစ်တွေပေါ်ကသလို တဖွားဖွား တသက်
သက် ဆက်ကာဆက်ကာ ပေါ်ပေါက်လာကြခြင်းကြောင့်
ငါးသိုင်းများ ဟင်းဟုန် ခိုယကဲ့သို့ ဖြစ်နေချေပြီ။ ကမ္ဘာက

သွေးတောင်းသောဓါတ်စာ မဖြစ်တော့ပြီ၊ တန်ဖေဆား - လွှန်ဘား စခမ်းသို့ ဆိုက်ရောက်နေခဲ့ချေပြီ။

ထို့ကြောင့်အချို့သောခေတ်ပေါ်လူတို့သည်‘ဘာသာ’ သည် ဘိန်းနှင့်တူသည်ဟု ဆိုကြလေပြီ၊ ‘ဘာသာ’ စွဲသူ သည် ဘိန်းစွဲသူနှင့်မခြားဟု ဆိုကြလေပြီ။ ‘ဘာသာ’ စွဲသူ သည် ဘိန်းစွဲသူကဲ့သို့ အချွတ်ရခက်၏။ ဤလောကကြီး၏ တိုးတက်မှု၊ သာယာမှု၊ ဝမ်းသာမှု၊ စည်ပင်မှု၊ ကြီးပွားချမ်း သာမှု တို့ကို ဥပေက္ခာပြု လစ်လျူ ရှုတတ်၏။ စိတ်ကူးနှင့် မျှော်မှန်းပြီးရော်ရမ်းကာ လွမ်းနေတတ်၏ဟု ရေးသားပြော ဆိုကြလေကုန်ပြီ။

အချို့လူတို့ကမူ လူသား၏သန္တာန်၌ကိန်းဝပ်လာသော ကျွန်စိတ်သည် ‘ဘာသာ’ ၏ လက်ဆောင် ဖြစ်သည်ဟုပင် ဆိုကြလေကုန်ပြီ။

အချို့ရဲရင့်သူတို့ကမူ ထို့ထက်တဆင့်တက်ပြီး‘ဘာသာ’ ရှင်တို့သည် လူသတ္တဝါ အပေါင်းကို အချင်းချင်း သွေး ကွဲအောင်၊ မေတ္တာစိတ် ပြယ်အောင် လုပ်ခဲ့ကြသည်ဟုပင် စွပ်စွဲခဲ့ကြလေပြီ။ “ဘာသာ” သည် လူ့အစည်း အရုံးကို အစိပ်စိပ်အမွှာမွှာဖြစ်အောင်ခွဲစိပ်ရာ၌အကောင်းဆုံးသော ဂျင် ဖြစ်သည်ဟုလည်း ဆိုစပြုလေသည်။ အကယ်၍ ဟိန္ဒူဘုရား ပသီဘုရားတို့ကသာ ထိုသည့်ဟိန္ဒူ ‘ဘာသာ’ နှင့်ပသီဘာ ‘သာ’ ကိုမတည်တောင်ခဲ့လျှင် ဟိန္ဒူပသီရိုက်ပွဲ၊ နှက်ပွဲ၊ သတ် ပွဲ၊ဖြတ်ပွဲများ၌ကမ္ဘာလောက၌ဖြစ်ပေါ်ဖွယ်မရှိဟုသာဖေ ဆောင်ကြလေကုန်ပြီ။ ယေရှုဘုရားကသာ ခရစ်ယာန် ‘ဘာ သာ’ ကို မတည်ထောင်ခဲ့ပါမူ ခေတ်ခုလတ်အခါက ဥရောပ တိုက်၌ဖြစ်ပေါ်ခဲ့သော ကရုဆိဒ်ခေါ် “ဘာသာ”ရေး စစ်ပွဲ

သည့်၎င်း၊ ကြောက်မက်ဘွယ်ရာကောင်းလှသော အဖြူ အနီ (ဝါ) ရေနှစ် ရေဖြန်းတို့၏ အချင်းချင်းနိုင်ရာ ညှင်းပန်းမှုများ သည့်၎င်း၊ "Inqusiltion" အင်ကွင်ဇစ်ရှင်းခေါ် 'ဘာသာ' ရေးနှိပ်ကွပ်မှုဥပဒေများသည့်၎င်း၊ ဖြစ်ပေါ်ခဲ့ဘွယ်ရာမရှိ နိုင်ပဲ ဥဒါဟရဏ် ဆောင်ကြလေကုန်ပြီ။

ထိုသို့သော အကြောင်းမျိုးတို့ကြောင့် အချို့သောလူတို့သည် ထိုထို ကျဉ်းမြောင်းလှသော "ဘာသာ" ရေး စည်း အတွင်းမှ အတင်းရုန်းကန် ထွက်ကြပြီးသော် "ဘာသာ" မဲ့ အစည်းအရုံးများကိုတည်ထောင်၍စည်းကြကုန်၍ အထက် ပါ ပြဿနာတို့ကို အသံကုန်ဟစ်ကာ မေးမြန်းလေကြ ကုန်သည်။

ထို့ပြင်ရုရှားပြည် "လီနင်" သည် "ခရစ်ယာန်ဘာသာ" ၏ မျိုးစေ့ကိုရုရှမြေ၌မကျန်ရအောင် သုတ်သင်ခဲ့သော ပုဂ္ဂိုလ် တဦးဖြစ်ခဲ့၏။ ယခုအခါ ဆိုဗီယက်ရုရှနိုင်ငံ၌ဗွာဝယ ဘုရား မရှိတော့ပြီ။ ၎င်းအနန္တတန်ခိုးရှင် ဗွာဝယ ဘုရား၏ဘုံနန်း ပြဿာဒ်တို့သည်အသုံးကျသောအသင်းရုံ အလုပ်ရုံအဖြစ်သို့ ပြောင်းလဲ ရောက်သွားကုန်ကြလေပြီ။ ထိုတန်ခိုးရှင် ဗွာဝယ ဘုရားသည် ဘာမျှမတတ်နိုင်၊ လက်မှိုင်ချပြီးလျှင် လီနင်ကို အရှုံးပေးလိုက်ရလေပြီ။

သူ၏ဘက်တော်သား (ဝါ) သူ၏ကိုယ်စားလည်များ (ဝါ) သူနှင့်လူ၏အကြားမှာ ပွဲခဖြင့်အသက်မွေးသော ပွဲစားများ ဖြစ်ကြကုန်သော ခရစ်ယာန် ဘုန်းကြီးတို့၏ အမွေအစလည်း မရှိတော့ပြီ။ သူတို့အယူအဆအရ ခရစ်ယာန် ဘုန်းကြီးတို့သည် ဗွာဝယဘုရား၏ ကိုယ်စားလည်များ (ဝါ) အေးဂျင်းများ ဖြစ်၍အလွန်တန်ခိုးကြီးကြကုန်၏။ သူတို့သည် ဗွာဝယဘုရား

၏ ကိုယ်စား လူသတ္တဝါအများ၏ အပြစ်လွတ်မှု၊ အပြစ်မလွတ်မှုကို ပြုလုပ်နိုင်ကြကုန်၏။

သူတို့သည် လူသတ္တဝါ၏ အခွင့်အရေးကို များစွာ ချုပ်ချယ်ကြကုန်၏။လွတ်လပ်မှုကို ချေမှုန်းပစ်ကြကုန်၏။စဉ်းစားတွေး တော မှုကို ဖိနှိပ်ကြကုန်၏။ စင်စစ်မှာ သူတို့သည် ကောင်းကင်ဘုံနန်းနှင့် ငရဲ၏သော့ကိုင်များဖြစ်ကြကုန်၏။ လူသားသည် သူတို့၏ စိတ်ကြေနပ်မှ ကောင်းကင်ဘုံနန်းသို့ တက်ခွင့်ရ၏။ သူတို့စိတ် မကြေနပ်က ငရဲတွင်းထဲသို့ ဆင်းရမည့် အမှန်ဖြစ်တော့သည်။ ထိုမျှတန်ခိုးရှိသော ဘုန်းကြီးများ ရှိနေခြင်းသည် ကြီးစွာသော အနာက် အယှက် တခု ဖြစ်သည်ဟု သူတို့ယူဆကြသည်။

ဤသို့ဖြစ်သော် "ဗုဒ္ဓဘာသာ ဘုန်းကြီး" များသည် လည်း ထည့်ရှိနေထိုက်ပါသေးသလော? "ဗုဒ္ဓ ဂေါတမ" တည်ထောင်ခဲ့သော ဘာသာကား လူသား၏ သန္တာန်၌ ကိန်းနေသော "ကျွန်စိတ်ကို ပပျောက်စေခဲ့၏။" လူသားကို "ရဲရင့်စေခဲ့ တိုးတက်စေခဲ့၏" "ယဉ်ကျေးမှု၏၊" လောက၏ "ကြည်ရွှင်မှု စသည့်ကို တိုးပွားစေခဲ့၏" ဘာသာ အားလုံးတို့အနက် "ဗုဒ္ဓဘာသာ" သည်သာလျှင် ဘာသာ တိုင်း၏ အုဋ္ဌမြစ်ဖြစ်သော ဋ္ဌာဝယ ဘုရားကို ဥပေက္ခာပြု လစ်လျူရှုခဲ့လေသည်။ ၎င်းသည်သာလျှင် မိမိကိုယ်မှတပါး အခြားသူကိုအားမကိုးရန်ဆုမ္မခဲ့၏။"လူတိုင်း လူတိုင်း ကိုယ့်အလုပ်ကို ကိုယ်လုပ်ရန် ဟောခဲ့၏' ဆုတောင်းမေတ္တာ ပတ္ထနာဖြင့် ဘာကိုမျှ မရနိုင်ကြောင်းကို အတိအလင်းဖော်ပြခဲ့၏။ ၎င်းသည်သာလျှင် စစ်ဆေးခွင့်

စုံစမ်းခွင့် စောဒက တက်ခွင့်ပြုခြင်းဖြင့် လူ့သတ္တဝါကို လွတ်လပ်ခွင့်ပေးခဲ့၏။

၎င်း "ဗုဒ္ဓ" ဝါဒသည်သာလျှင် လူသားသည် သူကိုယ်တိုင်၏ ပိုသုကာဆရာကြီး ဖြစ်ကြောင်းကို ညွှန်ပြခဲ့လေသည်။ ထိုဗုဒ္ဓဘာသာ သာသနာထမ်းကြသောရဟန်း(ဝါ) ဘုန်းကြီးတို့သည် လူတိုင်းလူတိုင်း သူတပါးအို လုပ်ရမည်ဟူသော ဝါဒကို လိုက်နာနေသူတို့တည်း။ အတ္တဟိတ ပရဟိတ (ဝါ)ကိုယ်ကျိုးသူကျိုး ၂---ပါးလုံးကို ပြုကျင့်အားထုတ်သူများဖြစ်၏။ (ဝါ) ဘုန်းကြီးများသည် လူများအပေါင်း၏ တိုးတက် ကြီးပွားရေးကို ဆောင်ရွက်ရမည့်သူတို့ဖြစ်၏။ ထိုသို့ဖြစ်ခြင်းကြောင့် "ဗုဒ္ဓဘာသာ" ဘုန်းကြီးတို့သည် ကမ္ဘာလောက၏ တိုးတက်စည်ပင် ကြည်-ရှင်ရေးနှင့် ခွဲမရအောင်ဆက်စပ်လျက် ရှိကြကုန်၏။

ထို့ကြောင့် ဤကမ္ဘာလောက၌ မရှိမဖြစ်၍ မုချတည်ရှိနေထိုက်သည်ဟု တိုတိုနှင့် လိုရင်းကျ ဖြေဆိုအပ်ပေသတည်း။

ယခုသော်ကား စကားဆက်ကို ပြန်ကောက်ကြဦးစို့။ အထက်၌ ဖေါ်ပြခဲ့သော ဘာသာမရှိဆိုသော လူတို့သည် မည်သည့် တို့ကို လုပ်နေကြပါ သနည်း? သူတို့တွင် "ဘာသာ"မရှိဟုဆိုခြင်းသည်မှန်ပါ၏လော?

သူတို့သည် ဘာသာမရှိကာ မတ္တဖြင့် မကောင်းဆိုးဝါး မတော်မတရားဒါတွေကိုချည်း ပြုလုပ်ကြူးလွန်နေကြပါသလော? ဤသို့ စိစ်ဆေးမေးမြန်းပြီး ကျွန်ုပ်တို့၏ နံပါတ်(၁) အဖြေ၌ ပါရှိခဲ့ပြီး အမှတ် (၉) ဘာသာ၏အဓိပ္ပါယ်ဒွါရ (ဝါ)

အဓိပ္ပါယ် ဖေါ်ပြချက်အရ စဉ်းစားခဲ့သော် သူတို့သည် ခရစ္စယံဘာသာမှ ထွက်ရုံသာ ထွက်ခဲ့ကြသည်။

ဘာသာအလျှင်းမဲ့ သူများမဟုတ်ကြောင်းကို တွေ့ရချေမည်။ သူတို့သည် ယုတ္တိသဘော အလျှင်းရှာမရသော(ဝါ) အကြောင်းအကျိုး မတဲ့သော(ဝါ) အမြင်တို၍ကျဉ်းမြောင်းသော(ဝါ)ဤကမ္ဘာလောက၏ တိုးတက်ရေးစည်ပင်ဝပြိုးရေးကြည့်ရှုင်ချမ်းသာရေး၌ အတားအဆီးဖြစ်သော(ဝါ) လူသားတို့၏ ဘိုးဘပိုင် အသခြေဥာဏ်ကို အလုပ်မလုပ်နိုင်အောင် တုပ်နှောင်ထားသော လက်ထိပ် သံခြေကျဉ်းနှင့်တူသော (ဝါ) လူသားကို အစဉ်သဖြင့် ကျွန်ဘဝ၌သာထားသော ဘာသာ၏နယ်နိမိတ်အတွင်းမှ အတင်းဖဲထွက်၍ လောကယုတ္တိ သဘာဝယုတ္တိရှိ၍ ကျယ်ပြန့်သော ဘာသာရေး နယ်နိမိတ် အတွင်းသို့ ကူးပြောင်းခြင်းမျှသာ ဖြစ်၏။ သူတို့သည် ယခုအခါဘာသာစွဲ ဂိုဏ်းဂွဲပါတီစွဲမရှိတော့ပြီ။ ကမ္ဘာလောကသည် ငါတို့၏ တိုင်းပြည်ဖြစ်၏။ ကမ္ဘာသူကမ္ဘာသားတို့၏ အကျိုးကို သည်ပိုး ရွက်ဆောင်ခြင်းသည် ငါတို့လုပ်ငန်းဖြစ်၏။ ဘာသာဖြစ်၏ဟုကြွေးကြော်နေလေပြီ။

သူတို့၏ လုပ်ငန်းသည် "လောကတ္ထစရိယာ" လောကအတွက် (ဝါ) လောက အကျိုးကို ဆောင်ရွက်ခြင်းသည် မြင့်မြတ်သော လုပ်ငန်းဖြစ်၏ဟု ဟောခဲ့သော 'ဂေါတမဗုဒ္ဓ' ၏ စကားတော်နှင့် ကိုက်ညီလျက် နေချေသည်။ ဤသို့ ခရစ္စယံ ဘာသာကို ပစ်ပယ်၍ ကျယ်ပြန့်သော ဘာသာကို လိုက်စားနေသူတို့သည် ယခုအခါ ဉရောပတိုက်၌ရင်း၊ အမေရိက တိုက်၌ရင်း၊ မြောက်မြားစွာ ပေါ်ပေါက်လျက်ရှိကြကုန်၏။

သူတို့သည်ကမ္ဘာလောက အတွင်းရှိကြသူ လူအားလုံးက မကောင်းဟု သမုတ်ထားသော (ဝါ) သဘာဝအားဖြင့် မကောင်း၍ ဆိုးကျိုးကို ဖြစ်စေတတ်သော ကာယကံမှု ဝစီကံမှုမနောကံမှုများကို ရှောင်ကြဉ်၍ ကောင်းသောအမှု များကို ပြုလုပ်နေကြ ကုန်သည်။

သူတို့မှာ ဘာသာစွဲ ဘုရားစွဲ မရှိခြင်းတခုပင် အခြား ဘာသာပင်တို့နှင့် ကွဲပြားလေတော့သည်။ သူတို့သည် ပုဂ္ဂိုလ်စွဲသည် ငရဲထက်ဆိုး၏ ဟူသော "ဂေါတမဗုဒ္ဓ" ၏ စကားတော်ကို သဘောပေါက်နေပုံရသော သူတို့ဟည်း။ ထို့ကြောင့် သူတို့သည် လမ်းဖေါက်သူ အင်္ဂလိပ် ဂိုယာကို အသိအမှတ်မပြုသော်လည်း၊ ဖြောင့်စင်းညီညာသော ၎င်း၏ လမ်းကောင်း လမ်းမှန်ကိုသာ အမြဲလျှောက်ခါ သွားလာ နေသူတို့တည်း။

ဘုရား၌ (ဝါ) ပုဂ္ဂိုလ်စွဲကို ဖယ်စွန့်ပြီး၊ ထိုသူများ၏ (ဝါ) ပုဂ္ဂိုလ်၏ တရားမှန်ကိုသာ ကျင့်ကြံလိုသူတို့ဖြစ်ကုန် ၏။ "ချစ်သား ဝက္ကလိ ငါ၏ခန္ဓာငါးဝရုပ်နာမ်ဓမ္မ အစုဖြစ် သော ကိုယ်ကာယကို ကြည်ညိုနေခြင်းဖြင့်၊ သင့်မှာဘာ အကျိုးရှိမည်နည်း။ ငါညွှန်ပြသော တရားမှန်ကိုသာ လိုက် နာကျင့်ကြံလော့။ ထိုအခါ ငါ့ကိုမြင်နေရသည် မည်လိမ့်သ တည်း" ဟု ဟောခဲ့သော ဂေါတမဗုဒ္ဓ၏ စကားတော်နှင့် လည်းကိုက်ညီလှာ နေထိုင်ကြသူတို့ဖြစ်ကုန်၏။

၎င်းတို့သည် လွတ်လပ်၍ သူတို့၏ စဉ်းစားဉာဏ်ကို ကျယ်ပြန့်စေနိုင်သော ဘာသာကိုသာ လိုက်နာလိုကြကုန်၏ "ဗုဒ္ဓဘာသာ"၏ ထူးခြားချက်ကို မသိမြင် သေးသော

ကြောင့်သာလျှင် ဘာသာဟူသော နာမကို စွန့်လွှတ်ထားကြခြင်းဖြစ်တန်ရာသည်။

အခြားသော ဘာသာ တို့သည် လူသတ္တဝါတို့ကို ကျွန်အဖြစ် အစေခံအဖြစ်(ဝါ)တပည့် ငယ်သား အဖြစ် ၌သာ အမြဲထားခဲ့ကြကုန်၏။

ခရစ္စယံ ဘာသာဝင် တယောက်သည် အစဉ် အမြဲ ခရစ်၏နောက်လိုက်သာဖြစ်နေရချေမည်။အဖဗွာဝယဘုရား၏ အခြေအနေကို ဖယ်ထား ဘိဦး။ သား ဘုရား ယေရှု၏ အခြေအနေသို့ပင် ဘယ်မည်သော ခရစ်ဝါဒီမှ ရောက်နိုင်လိမ့်မည်မဟုတ်ချေ။ လူသားသည် လူသား၏အဆင့်အတန်းဖြင့်သာ ရောင့်ရဲနေရ ချေမည်။ ခရစ္စယံ တယောက်သည် ဘာကိုပင်လုပ်လုပ်၊ ဘာတရားကိုပင် အားထုတ်ထုတ်၊ ဘယ်နံ့ယောအခါမျှ ခရစ်၏ အဆင့် အတန်းသို့ မရောက် နိုင်ဟု ဆိုလိုသည်။

အစ္စလမ်မီဒေါ် ပသီဘာသာဝင်တို့ သည်လည်းထိုနည်း အတူပင် မဟာမက် ဆာဟာဗ်၏ အခြေသို့ ဘယ်အခါမှ မရောက်နိုင် တော့ပြီ။ ဆိုလိုရင်း ကား ယိုယို ဘာသာရှင်တို့သည် ၎င်းတို့၏အခြေအနေ(ဝါ) အဆင့်အတန်းကို၎င်းတို့ အတွက် သီးသန့်မှတ်ပုံတင်ထားခဲ့ကြသည်။

"ဗုဒ္ဓ" ကား ဤသို့မဟုတ်ချေ။ "ဗုဒ္ဓဂေါတမ" ကားသူ့ကိုယ်တွေ့များကို(ဝါ)သူ့ကိုယ်တိုင် သွားခဲ့ဘူးသော လမ်းကိုညွှန်ပြခဲ့၏။ သူရောက်ရှိနေသော အဆင့် အတန်း (ဝါ)ဗုဒ္ဓ အဖြစ်သည် လူတိုင်းလူတိုင်းအတွက် လမ်းဖွင့်လျက်ရှိရာ ညွှန်ပြထားသောလမ်းအတိုင်း သွား၍လိုအပ်သော အရည်အချင်းနှင့်ပြည့်စုံလျှင် လူတိုင်းဗုဒ္ဓအခြေသို့ ရောက်နိုင်၏။ ရောက်ရန်

အခွင့်အရေးရှိ၏၊ လူတိုင်း လွတ်လပ်ရမည်၊ လူတိုင်း ကိုယ့်ကိုယ်ကို၊ ကိုယ်အားကိုးရမည်။ လူတိုင်း အချုပ်အချယ် အကန့်အသတ်မရှိပဲ။ စဉ်းစားနိုင်သည်၊ စစ်ဆေး နိုင်သည်၊ စမ်းသပ်နိုင်သည်။

ဗုဒ္ဓဘာသာသည် အကျင့်ယုံ အရမ်းယုံကို ရှုံ့ချကဲ့ရဲ့၏၊ အကြောင်းအကျိုးမြင်အောင်ဆင်ခြင်စဉ်းစား၍၊ ခွဲခြမ်းစိတ်ဖြာ၍၊ လက်တွေ့စမ်းသပ်၍၊ ယုံကြည်မှုကို အားပေး၏။ ချီးမွမ်း၏ "ဧဟိ ပဿိကော" လာကြည့်ဟူ၍ (ဝါ) လူသတ္တဝါကို စစ်ဆေးလှည့်၊ စုံစမ်းလှည့်၊ စောဒက တက်လှည့်၊ လက်တွေ့ စမ်းသပ်လှည့်ဟူ၍ ရဲရင့်စွာ လက်ယပ် ခေါ်သော ဘာသာကား "ဗုဒ္ဓဘာသာ" တခုသာ ရှိသေး၏။

ဤ "ဗုဒ္ဓဘာသာ" ကဲ့သို့လာကြည့်ဟုလက်ယပ်ခေါ်သည့် ဘာသာ (ဝါ) လူသား၏ ဝိစာရဏာ, ဝိမံသ, ဝိဘဇ္ဇ ဟူသော စုံစမ်း စစ်ဆေး ဝေဖန်လိုတဲ့ ဉာဏ်ကို ကွန့်ချင်တိုင်းကွန့်၍ မြူးချင်တိုင်းမြူးပြီး လွန့်ချင်တိုင်းလွန့်၍ လူးချင်တိုင်း လူးနိုင်သော ဘာသာကို တွေ့ရှိ ပါမူ၊ ထိုသူ တို့သည် ဘာသာ ဟူသော စကားလုံးကို ပန်းကုံးကဲ့သို့၊ မြတ်နိုးခင်မင် အမြဲတမ်း ပန်ဆင်ကုန်ကြပေမည်။

ဌာဂယ ဘုရားစသည်တို့၏ အာစရိယမုဋ္ဌိ ဟူ၍ဆိုအပ်သော အချို့ကို ဖော်၍ အချို့ကို ဂှက်ထားသော (ဝါ) အတွင်းနေ တသည့်တို့သာ သိအပ်သောတရား၊ အများလူတို့ သိအပ်သော တရားဟူ၍ ခွဲခြားလော့ ရှိသော ဘာသာမျိုး ကိုသာ ကန်တော့ဆွမ်းလောင်းခဲ့ကြကုန်၏။

စင်စစ်မှာထိုသူတို့သည် ဘာသာလုံးဝမရှိသူများမဟုတ်ကြကုန်။ သူတို့၏စိတ်၌(ဝါ)ဉာဏ်အမြင်၌မှားသည်ဟု ထင်

မြင်သော အရာများကို ဥနို့ပယ်၍မှန် သည့်ထင်သောအချက်များကိုလိုက်နာပြုကျင့်နေသူတို့သာဖြစ်ကြကုန်သည်။

အမှန်မှာ ဤကမ္ဘာလောကအတွင်း၌ ဘာသာလုံးဝမရှိသော လူသတ္တဝါ ဟူ၍မရှိ နိုင်ချေ၊ ထိုစကား ဆိုအပ်စွ။ လူတမျိုး(ဝါ)လူ့အစည်းအရုံး၌ပါဝင်နေသေးသောလူတစုတို့မှာ အများကြေနပ်စွာလိုက်နာကျင့်ကြံနေသောဥပဒေသ(ဝါ)စည်းမျဉ်းတခုရှိရမည်။ ထိုသည့် စည်းမျဉ်းကား ထိုသူတို့၏ ဘာသာပင်ဖြစ်တော့သည်။

အချုပ်ဆိုရသော် ဘာသာမှန်သည်လမ်းမှန်ကိုညွှန်ပြ၏။ လူသား၏ တိုးတက်ရာ လမ်းမ၌ မီးရှူးတိုင်သဘွယ်ဖြစ်၏။ လူသား၏အသိဉာဏ်၌ အကောင်းနှင့်အဆိုးကိုထင်လင်းစွာ ကွဲပြားခြားနားစေခဲ့၏။ ထိုအခါသူသည် အဆိုးကိုရှောင်ကြဉ်၍ အကောင်းကို ပြုလုပ်ချေမည်။ ထိုသို့ပြုလုပ်ခဲ့သော် ကျိုးရများ၍ ပြစ်ရှိနည်းမည်အမှန်ဖြစ်ချေမည်။ ထို့ကြောင့်ဘာသာမှန်ကို လိုက်စား မှုသည် ကောင်းရာသို့ ရောက်အောင်ပို့ဆောင်နိုင် သောကြောင့်(ဝါ) ကောင်းမှုကို လုပ်အောင် တိုက်တွန်းတတ်သောကြောင့် မချွတ်လိုလားအပ်လေသည်။

ဘာသာမှန်ကိုမလိုက်စားသူ(ဝါ)ဘာသာမှန်ကို လုံးဝမယုံ သူသည် လုပ်ချင်ရာ တွေကို လုပ်မိ တတ်ခြင်း(ဝါ) အကောင်းအဆိုး မခွဲခြားနိုင်ဘဲ မိမိထင်ရာ မြင်ရာ သဘောရှိရာတို့ကို ပြုလုပ်မိတတ်ခြင်း တို့ကြောင့် ပြစ်ရသာ များချေမည်။

ဘာသာမှားကို လိုက်စားမှုကား လမ်းမှားကိုလိုက်မည့်အစား မသွားဘဲထိုင်နေခြင်းက ပိုမိုကောင်းမြတ်သည်ဟူသ

ကဲ့သို့ ဆေးအတွက်ပိုလေးခြင်းကို ဖြစ်စေတတ်လေသည်။ ထို့ကြောင့် ဘာသာများကို မလိုက်စားပဲ ဘာသာမှန်ကို လိုက်စား၍ ၎င်းကညွှန်ပြသောနည်းကောင်းလမ်းမှန်ကိုသာ ပြုလုပ်သင့်လေသည်။

ယခုသော် ဘာသာ ဟူ၍ သက်သက် မရှိသော (ဝါ) ဘာသာကို လုံးဝမကိုးစားသောလူတယောက်ရှိသေးသည် ဟု စကားအဖြစ် ထားကြည့်ကြပါဦးစို့။ ထိုသူ၏ ကျိုးရပြစ်ရှိကို မည်သို့ ဝေဖန်မည်နည်း? ထိုသို့ဆိုသော် ၎င်း၏ အလုပ်ကိုကြည့်၍ ဆုံးဖြတ်ရ ရချေမည်။ သူသည် အကယ်တစေ မကောင်းမှု တွေကို ချည်း လုပ်နေချေသော် ပြစ်ရှိ မှန်မြတ်သော ကောင်းမှုများ ကိုသာ ပြုကျင့် နေချေသော် ကျိုးရှိဟု ဆုံးဖြတ်ရချိမ့်မည်။ ယင်ရှားစေအံ့။ ကျိုးရပြစ်ရှိ နှင့် ကျိုးမဲ့ပြစ်ကင်းတို့သည် ဘာသာကို လုံးဝ ကိုးစား ယုံကြည်မှု၊ မကိုးစားမယုံကြည်မှု သက်သက်ကို အမှီသဟဲ မပြုကြကုန်၊ ထိုပြင်ဘာသာ၌ အကျိုးရစေ၊ အပြစ်ရစေဟု အမိန့်ချမှတ်ပေးနိုင်သောအာဏာလည်းမရှိချေ၊ အကြောင်းကား ဘာသာကို ယုံကြည်သူများသည် ဘာမျှ မလုပ်ဘဲ အိပ်နေကာမျှဖြင့်ဘာအကျိုးမျှ မရနိုင် သောကြောင့်၎င်း၊ ဘာသာယုံကြည်ပြီး ရာဇဝတ်မှုကျူးလွန်မိသူကို မည်သည့် ဘာသာကမှ အပြစ်လွတ်စေဟု အမိန့်ချမှတ် မပေးနိုင်သော ကြောင့်၎င်း ဖြစ်ချေသည်။

ထို့ကြောင့် လူတယောက်၏ ကောင်းကျိုး ဆိုးပြစ်ကို "ဘာသာ-တခုထည်းဖြင့်" ဆုံးဖြတ်ရန် ပမာန မဖြစ်နိုင်။ ၎င်း၏ "အလုပ်ဖြင့်သာ ပမာနအားဖြင့် ဆုံးဖြတ်ရပေမည်။

## အခန်း(၇)

## မေး(၇)ဘာသာမပါဘဲကိစ္စတိုင်းပြီးမည်လော? (ဝါ) မပြီးဘဲရှိမည်လော?

ဖြေ (၇) လူသတ္တဝါ၏အလိုဆန္ဒကား များပြားလှစွာ၏။ ယင်းသို့ အလိုဆန္ဒများသလောက် အလုပ်ကိစ္စ လည်း ပေါများခဲ့ချေသည်။ ထိုများပြားလှစွာသော အလုပ်ကိစ္စတို့တွင် ဘာသာတရားကို လုံးဝ ကိုးစားယုံကြည်ခြင်းမရှိဘဲ ပြီးမြောက်နိုင်သော အလုပ်ကိစ္စတို့သည်လည်း အသင်္ချေအနန္တ ပေါများလှ၏။ထိုမှတပါး ဘာသာပါမှ ပြီးနိုင်သော ကိစ္စလည်း ရှိပေသေးသည်ဟု မှတ်သင့်၏။

ဤပြဿနာ၌ "တိုင်း" ဟူသောစကားသည် အလုပ်ကိစ္စကား တမျိုးထဲမဟုတ်၊ အမျိုးမျိုးအစားစား ကွဲပြားလျက်ရှိကြောင်းကို ညွှန်ပြလေသည်။ ထိုသို့ညွှန်ပြတိုင်းလည်း။

(၁) ကိုယ်ဖြင့် လုပ်ပိုင်သောကိစ္စ။

(၂) နှုတ်ဖြင့် လုပ်ပိုင်သောကိစ္စ။

(၃) စိတ်ဖြင့် လုပ်ပိုင်သောကိစ္စဟူ၍ သုံးမျိုးသုံးစား ကွဲပြားလျက်ရှိချေသည်။ တဖန်ထိုသုံးမျိုးကွဲပင်။

(၁) မိမိတဦးတည်းအတွက် ပြုလုပ်သော အတ္တဟိတ လုပ်ငန်း။

(၂) သူတပါးတို့အတွက်ပြုလုပ်ရသော ပရဟိတလုပ်ငန်းတို့ဖြင့် မြောက်ပွားရပြန်လေသည်၊ ထို့ပြင်။

(၁) ရုပ်နှင့်ဆိုင်သောလုပ်ငန်း။

(၂) နာမ်နှင့်ဆိုင်သောလုပ်ငန်းဟူ၍ခွဲခြားနိုင်လေသည်။ ဖေါ်ပြခဲ့ပြီးသောလုပ်ငန်းကိစ္စအဝဝကို။
(၁) ကောင်းသောလုပ်ငန်းကိစ္စ။
(၂) မကောင်းသော လုပ်ငန်းကိစ္စ၍ ၂ မျိုးထည်းဖြင့် သိမ်းကျုံးမိနိုင်လေသည်။

## "ကိုယ်နှင့်ဆိုင်သောအလုပ်"

ကာယကံ (ဝါ) ကိုယ်နှင့်လုပ်မှုပြီးမြောက်သောကိစ္စတို့ကား၊ပေးကမ်းခြင်း၊လှူဒါန်းခြင်း အမှုကြီးငယ်ကို ကိုယ်ဖြင့်ကာယကံမြောက် ဆောင်ရွက်ခြင်း၊ ပြေးခြင်း သွားခြင်း ကစားခြင်း။ ကိုယ်လက်ကျန်းမာရေးအတွက် လှုပ်ရှားသွားလာခြင်း ကခြင်း ခိုးခြင်း၊သတ်ခြင်း ဖြတ်ခြင်း၊ခိုးခြင်း ဝှက်ခြင်း သောက်စားခြင်း၊ ကာမဂုဏ်လိုက်စားခြင်း စသောကောင်း မကောင်းနှင့် သောင်းပြောင်းရောရာ အလုပ် ကိစ္စတို့ဖြစ်သတည်း။

## "နှုတ်နှင့်ဆိုင်ရာအလုပ်"

ဝစီကံ(ဝါ)နှုတ်နှင့်ဆိုင်သော အလုပ်တို့ကား မေတ္တာပို့ခြင်း၊ ဆုတောင်းခြင်း၊စာပေရွတ်ဖတ်ခြင်း၊တရားဓမ္မဟောပြောခြင်း၊ချိုသာသော စကားကိုဆိုခြင်း၊ ကြမ်းတမ်းသောစကားကိုဆိုခြင်း။ လိမ်လည်ပြောဆိုခြင်း၊ အတင်းပြောခြင်း၊ ဂုံးချောခြင်း၊ ဆဲရေးခြင်း၊ တိုင်းတွာခြင်း၊ ကျိန်ဆဲခြင်း၊ အကျိုးမဲ့စကားကိုဆိုခြင်း၊ သီချင်းသီဆိုခြင်း စသည်တို့ပင်ဖြစ်သတည်း။

## "စိတ်နှင့်ဆိုင်ရာအလုပ်"

မနောကံ(၀ါ)စိတ်နှင့်ဆိုင်သောအလုပ်တို့ကား အမှန်ကို ကြံစည်ခြင်း တွေးတောခြင်း၊ဖြစ်ပျက် ၂ တန်ကိုပွားများခြင်း မနာလိုခြင်း၊ ငြူစူခြင်း၊ မှားသောအရာကို ယုံကြည်ခြင်း စသည်တို့ ဖြစ်သတည်း။

## အတ္တဟိတ မိမိနှင့်ဆိုင်သော လုပ်ငန်း။

မိမိ၏ အလုပ်ကိစ္စဟူ၍ဆိုအပ်သော အတ္တဟိတလုပ်ငန်း ဟူသည်ကား မိမိ တဦးတည်းအတွက် ကျန်းမာရေး၊ ချမ်းသာရေး၊ စိတ်လက်ကြည်ရွှင်ရေး၊ စီးပွားရေး၊ ကြီးပွားရေး၊တိုးတက်ရေး၊ ဘိုးဘွားဇာအာဏာရရှိရေး၊ လွတ်လပ်ရေး ဒုက္ခဝဋ်မှ ကျွတ်လွတ်ရေးပွဲကို နေ့ဆက်ရက်ဆက်မပျက် မကွက် ပြုလုပ်နေမှုပင် ဖြစ်၏။

## ပရဟိတ သူတပါးနှင့်ဆိုင်သောလုပ်ငန်း။

သူတပါးဆိုသည်ကား။

(၁) တမျိုးလုံးတဆွေလုံး။

(၂) တပြည်လုံး တနိုင်ငံလုံး။

(၃) တလောကလုံးတကမ္ဘာလုံး၌ပါဝင်သောသတ္တဝါ အပေါင်းကိုဆိုသည်။ ရိုးရိုးလူသားများသည် နံပါတ်(၁)၌ ပါဝင်သော သူတပါး အတွက်ငှာ။ အလတ်တန်းစားတို့ သည် နံပါတ် (၂)ပါ သူတပါးအတွက်ငှာ၊ အမြင့်ဆုံး အတန်းဝင်လူထူးပုဂ္ဂိုလ်ထူးတို့သည်နံပါတ်(၃) ပါသူတပါး အတွက်ငှာ၊ ကိုယ်နှုတ်စိတ်တို့၏ ပင်ပန်းမှုကို ဂရုမစိုက်ကြ ကုန်ဘဲ ဆောင်ရွက်အားထုတ်နိုင်ကြကုန်၏။ မိမိ၏ အကျိုး

စီးပွားကို လျစ်လျူရှုနိုင်ကြကုန်၏။ ထိုသုံးမျိုး ပုံးစားလုံး သော သူတပါးတို့၏ ကောင်းစားရေးမှန်သမျှကို ပြုလုပ်ခြင်း သည် ပရဟိတ လုပ်ငန်းမည်၏။

## "ရုပ်နှင့်ဆိုင်သောအလုပ်"

လူသည် အအားနေတတ်သော သတ္တဝါမျိုးမဟုတ်။ အမြဲတစေ အလုပ် လုပ်နေရမှကျေနပ်သောသတ္တဝါဖြစ်၏။ မှန်လှ၏။ အလွန်ရှေးကြသော အတိးကာလ၌လူသည်အလွန် ရိုင်းစိုင်းသောအခြေ၌ တည်ရှိခဲ့ရပြီ။

ထိုအခါသူသည် သူ၏ချစ်လှစွာသော မယားနှင့်သား ငယ် သမီးငယ်များ စားသောက်ဘို့အတွက် အမဲလိုက်ခြင်း ငါးမျှားခြင်း ငါးဖမ်းခြင်းကို လုပ်ကိုင်ခဲ့ရ၏၊ သူသည် မြေကြီးကို တွန်ယက် စိုက်ပျိုးစားသောက်ရမှန်း သိသော အခါ ကြမ်းတမ်းလှသော ကိရိယာ တန်ဆာပလာများဖြင့် မြေကြီးကို တွန်ယက်၍ စိုက်ပျိုးရေးကို လုပ်ခဲ့၏။ မည်းနက် ထူထဲလှစွာ ပေါက်ရောက်နေသော တောကြီးမြက်မဲများ ကို ခုတ်ထွင် သုတ်သင်၍ စိမ်းစိုဝေဆာသော လယ်ယာ ကိုင်းကျွန်းအဖြစ်သို့ပြောင်းလဲစေခဲ့၏။ သူသည် မိမိနှင့်တကွ သားမယားတည်းဟူသော အချစ်ပန်းပွင့်များကို အပူအအေ တို့ကြောင့် မညှိုးနွမ်းစေရန်၎င်း၊ တောသား တိရစ္ဆာန် ရိုင်းတို့၏ဘေးမှ ကင်းဝေးအောင် ကာကွယ်ပေးရန်၎င်း၊ ကျောက်တောင် ကျောက်ဆောင်များကို ညံ့ဖျင်းသော လက်နက်များဖြင့် ပင်ပန်းလှစွာ လှိုင်ဂူများ တွင်းပြီးသော် သာယာသောနေအိမ်အဖြစ်သို့ရောက်အောင် ဖန်ဆင်းခဲ့၏။

ထိုနောက် သစ်ရိုင်းဘုံးတို့ဖြင့် ကြမ်းသမ်းညံ့ဖျင်းလှစွာသော တဲအိမ်များကို ဆောက်လုပ်ခဲ့၏။ လူသည် တောတောင်များအတွင်း၌ ရိုင်းစိုင်းစွာ ပြေးလွှား၍ ထင်သလို ကျက်စားနေသော ကျွဲ နွား မြင်း သိုး ဆိတ် စသောသတ္တဝါများကို ယဉ်ကျေးစေ၍ အိမ်သုံးပစ္စည်းဖြစ်အောင် ပြုလုပ်ခဲ့ရ၏။

မိမိကိုယ်တိုင် သွားလာရေး၊ မိမိလုပ်သော အသုံးအဆောင်ပစ္စည်းများကို သက်သာလွယ်ကူစွာ ပြောင်းရွှေ့သယ်ယူရေးအတွက် လူသည် သစ်သားစွပ်ဖါးမှ ယခုခေတ်ပေါ်ယာဉ်အမျိုးမျိုး တိုင်အောင်သော ယာဉ်တို့ကို ဖန်ဆင်းခဲ့၏။ လူသည် မိမိဝတ်ဆင်နေကျဖြစ်သော သစ်ရေသားရေ သစ်ရွက်သစ်ခေါက်တို့မှ တဆင့်တက်၍ ဝတ်ရုံဆင်မြန်းရန် အဝတ်ကြမ်း အထည်ကြမ်းများကို ယက်လုပ်ရေးအတွက် ယက်ကန်းစင်များကို မနေမနား ကြိုးစားလုပ်ကိုင်ခဲ့၏။

သူသည် တောမြက်ရိုင်းများကို ပြောင်းစပါးဂျုံ မယောစသည့် အဖြစ်သို့ ရောက်အောင်ရင်း၊ အသုံးမကျသော တောချုံရိုင်းများကို လှပမွှေးကြိုင်သော ပန်းချုံပန်းရုံအဖြစ်သို့ ရောက်အောင်ရင်း ပြုလုပ်ခဲ့၏။ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းဆိုရသော် ယခုကာလ၌ ကျွန်ုပ်တို့ နေ့စဉ်တွေ့မြင်နေရသော လူ့အသုံးအဆောင်မှန်သမျှသည် မပျင်းမရိ အားအံခဲ့၍ အမြဲအလုပ် လုပ်လာခဲ့သော လူသတ္တဝါ၏ လက်ရာတို့သာဖြစ်သတည်း။ ဤသို့စသောအလုပ်ကိစ္စတို့ကား ရုပ်နှင့်ဆိုင်သော လုပ်ငန်းတို့ပေတည်း။

# “နာမ်နှင့် ဆိုင်သောလုပ်ငန်း

အယောက်ရုပ်လုပ်ငန်းဆိုင်ရာ၌ ဖော်ဂြခဲ့သည့်အတိုင်း ရိုင်းစိုင်းသော လူမှ ယဥ်ကျေးသော လူအဖြစ်ရင်း၊ ဂူဝပ်ဖါး ဘီးလှည်းမှမီးရထား၊ မော်တော်ကား၊ လေယာဉ်ပျံ အထိရင်း၊ကျောက်ဂူနှင့်သစ်လုံးကြမ်းအိမ်မှ ခေတ်ပေါ်တိုက်အိမ်အထိရင်း၊ သစ်လုံးကို တွင်းထားသော လှေမှ ပင်လယ်ကူးသင်္ဘော စစ်သင်္ဘောစသည့် အထိရင်း၊ ကျောက်သွားတပ်သော လက်နက်မှ၊ ခေတ်ပေါ် လက်နက် အမျိုးမျိုးအထိရင်း၊ သစ်ခေါက်နှင့် သားရေအဝတ်မှ ပိုး ဖဲ သက္ကလပ်အထိရင်း၊သစ်ခေါက် ဝါး ရွက် စသည်တို့၌ ရေးသားသောစာကျမ်းမှ၊ ဖြူနုပါးလွှာနိုင်ခန့် တောက်ပြောင်သော စက္ကူ၌ ရိုက်နှိပ်ထားသော စာအုပ်အထိရင်း။လူသား၏အခြေအနေအသုံး အဆောင်များ တိုးတက်၍ လာခဲ့၏။ သို့ကြီးပွားတိုးတက်လာစေကာ၊လူသား၏စိတ်၌ရောင့်ရဲတင်းတိမ်ခြင်း မရှိသေး၊ ဤသို့အဖက်ဖက်မှာပြို ဘက်ယှဉ်ဘက်မရှိအောင် တိုးတက်လာခြင်းဖြင့်လူသားသည် သူလိုလားသောချမ်းသာသုခကိုရရှိပြီလော ?မရသေး။ဤလောကသည်ချမ်းသာခြင်း ငြိမ်းသာယာခြင်းနှင့် အမြဲဒွန်တွဲနေပြီလော? မနေသေး။

ဘာကြောင့်? ကမ္ဘာ၏ ကောင်းစားရေး တိုးတက်စည်ပင်ရေးအတွက်၊ အမျိုးမျိုးသောပြုမှု ပြင်မှုတွေကိုလုပ်ခဲ့စေကာ၊(ဝါ)လူသား၏ လုပ်ငန်းလုပ်ခွင်၌ လိုလေသေးမရှိ တိုးတက်ကြီးပွား လာခဲ့စေကာ၊ကမ္ဘာသည် ဆင်းရဲနှင့် အပြစ်ဟူသော ငွင်းဒနှစ်ကောင်၏ထိုးဆိတ်ခြင်းမှ မလွတ်ကင်းခဲ့သေးချေ။ ဘာကြောင့်? အချုပ်ဆိုရလျှင်ယခုအခါကမ္ဘာ

ကြီးယဥ်ကျေးလာပြီဟု လူတိုင်းကပြောခဲ့၏။ သို့ယဉ်ကျေးခဲ့လျှင်ထောင်တွေမှာလူလျော့ပါ၏လော? တရားရုံး တွေမှာလူပြတ်ပါ၏လော? တရားသူကြီးတွေရှေ့နေတွေပုလိပ်တွေစပ်သားတွေအလုပ်လက်မဲ့ ဖြစ်ပါ၏လော? မဖြစ်သေးချေ။ ဘာကြောင့်?

ထိုဘာကြောင့်?ဟူသောအမေး၏ အဖြေကိုစဉ်းစားရန်လိုသည်။ သို့စဉ်းစား တွေးတောခဲ့သော် ရုပ်နှင့် ဆိုင်ရာလုပ်ငန်းချည်းသက်သက်ဖြင့်ကမ္ဘာကလိုလားနေသော သုခစစ်ချမ်းသာမှန်ကေန်မပြည့်စုံနိုင်သေးသည်၏အဖြစ်ကို တွေ့ရချိမ့်မည်။ ထိုမပြည့်စုံခြင်းသည် နာမ်၏လုပ်ငန်းကို ညွှန်ပြနေလေသည်၊ နာမ်နှင့်ဆိုင်ရာလုပ်ငန်းကား။ စိတ်အလုပ်ပင်ဖြစ်၏။ နာမ်၏လုပ်ငန်းကား၊ အမှန်တရားကို စိတ်၌နှလုံးသွင်းခြင်း၊ စိတ်၌ကပ်ငြိနေသော အညစ်အကြေးကို ပယ်ခွာဆေးကြောခြင်း၊ ဟိုဟို ဒီဒီ လွင့်လေ နေသော စိတ်ကိုတည်ငြိမ်အောင် အုပ်သိမ်းခြင်း၊ ချစ်ခင်ခြင်းမေတ္တာ၊ သနားခြင်းဂရုဏာ စသည်တို့ကို မိမိစိတ်၌ အမြဲကိန်းဝပ်အောင်ပွားများခြင်း၊ ဖြစ်ပျက်သဘာဝကို မြင်အောင် ရှုခြင်းစသောလုပ်ငန်းတို့ပင် ဖြစ်သတည်း။

## "ကောင်းသော အလုပ်ကိစ္စ"

အထက်၌ဖော်ပြခဲ့ပြီးသော အလုပ်ကိစ္စ ဟူသမျှတို့ကို (၁) ကောင်းသော (၂)မကောင်းသော အလုပ်ကိစ္စ ဟူ၍ နှစ်မျိုးနှစ်စားဖြင့် ခွဲခြားနိုင်လေသည်၊ ထိုတွင်ကောင်းသောအလုပ်ဟူသည်ကား မိမိနှင့်တကွအားလုံးသော သတ္တဝါတို့၏ ကိုယ်ရော စိတ်ပါ ချမ်းသာခြင်း၊ ကြည်လင် ရွှင်လန်း

ဝမ်းမြောက်ခြင်း တို့ကို တိုးတက် ဖြစ်ပွား စေနိုင်သော လုပ်ငန်းများ ဖြစ်သတည်း။

## "မကောင်းသော အလုပ်ကိစ္စ"

မိမိနှင့်တကွ အားလုံးသော သတ္တဝါတို့ပါ ကိုယ်၏ ချမ်းသာခြင်း စိတ်၏ ငြိမ်းခြင်း စသည်ကို ဖျက်ဆီး တတ်သော အလုပ် မှန်သမျှသည်၎င်း၊ မိမိတဦး အတွက် ကောင်းမွန်စေကာ အခြားသတ္တဝါများ၏ ကိုယ်စိတ်တို့၌ ဒိုက်နစ်နာစေတတ်သော အလုပ်များသည်၎င်း၊လိုရင်းမှာ လူကောင်း-သူကောင်းတို့ ကဲ့ရဲ့ရှုံ့ချအပ်သော လုပ်ငန်းမှန် သမျှသည်၎င်း၊ မကောင်းသော အလုပ်တို့ပင်မည်လေသည်။

ဤသို့ ဖေါ်ပြအပ်ပြီးသော, လုပ်ငန်းကိစ္စ အဝဝတို့တွင် ဘာသာကို အဘယ်လုပ်ငန်း၌ ထည့်သွင်း ရေတွက် မည်နည်း?။အကျယ်ဖွင့်ပြခဲ့သော လုပ်ငန်းများကိုဖယ်ထား ပြီး၊ နောက်ဆုံးဖေါ်ပြခဲ့သော အလုပ်ကိစ္စနှစ်ခုသို့၊ ဘာသာ ကို ထည့်သွင်းကြည့်ကြစို့၊ သို့ကြည့်သော် ဘာသာသည် ကောင်းသော အလုပ်ကိစ္စ၌ထည့်သွင်း ရေတွက်အပ်သော ကိစ္စဖြစ်၏။ ကောင်းသော လုပ်ငန်းကိစ္စတွင် မထည့်သွင်း နိုင်သော ဘာသာသည် ဘာသာမှန်မဟုတ်နိုင်ပြီ။

မည်သည့်ဘာသာမဆို၊ မှန်က ကောင်းသော ကိစ္စသာ ဖြစ်ရမည်။ ဤအချက်သည် ဘာသာမှန်မှားကို စစ်ဆေး သောအခါ၌ များစွာအထောက်အပံ့ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ဘာသာမပါဘဲပြီးနိုင်သော ကိစ္စလည်းရှိ၍ ဘာသာတရားပါမှ ပြီးမြောက် စကောင်းသော ကိစ္စအချို့ လည်းရှိသည်ဟူ၍ မှတ်ရာ၏။

## "ဗုဒ္ဓဘာသာဝင်တို့၏ အလုပ်ကိစ္စ"

ယခုသော်ကား ကမ္ဘာ၌ထင်ရှားသောဘာသာကြီး(၄) ရပ်တို့၏လုပ်ငန်းကို ကြည့်ကြဦးစို့။ ထိုထိုဘာသာဝင်တို့ လုပ်ရမည့်လုပ်ငန်းအကျဉ်းချုပ်ကို ကြည့်ပြီးလျှင် ကောင်း သောအလုပ် မကောင်းသောအလုပ် နှစ်ခုတို့တွင် တခုခုသို့ ထည့်သွင်းနိုင်လေသည်။ ကောင်းသောအလုပ်သို့ထည့်သွင်း ရေတွက်နိုင်သော ဘာသာမှသာလျှင်၊ ဘာသာ ဟူသော အမည်ကိုခံယူနိုင်ချိမ့်မည်ကမ္ဘာ၌လူဦးရေအများဆုံး လိုက် နာယုံကြည်သည့်ဗုဒ္ဓဘာသာ၏လုပ်ငန်းကို ရှေးဦးစွာ ကြည့် ကြစို့။

ဗုဒ္ဓဘာသာက ညွှန်ပြသော (ဝါ) ဗုဒ္ဓဘာသာ ဝင်တိုင်း လုပ်ရမည်ဖြစ်သော ပဓာနကိစ္စတို့ကား....။

(၁) လောဘ။ လိုချင်မှု၊ စွဲလမ်းမှု၊ ကပ်ငြိတွယ်တာမှု ဟူသမျှကို ခေါင်းပါးအောင် လုပ်ရမည်။ နောက်ဆုံး၌ ထို လောဘတရားကို အမြစ်မကျန် ဖြုတ်တောက် ပစ်ရမည်။ မှန်စွ။ ယခုလောက၌အမြဲတစေဖြစ်ပွားနေသော ရာဇဝတ် မှုများ၊ တိုက်ခိုက်နေသော စစ်ပွဲများသည် လောဘကြောင့် သာ ဖြစ်ရခြင်း များလေသည်။

(၂) ဒေါသ၊ အမျက်ထွက်ခြင်း၊ မလိုမုန်းထားခြင်း၊ ငြိုးသူ့ရန်ဘက်ထားခြင်း၊ သတ်လိုဖြတ်လိုခြင်း၊ လက်စားချေ လိုခြင်းဟူသမျှ လုံးဝ ပျောက်ကင်းရန် အားထုတ်ရမည်။

(၃) မောဟ၊မသိခြင်း၊မလိမ္မာခြင်း၊တွေဝေခြင်း၊အမှန် ကို မမြင်နိုင်အောင် ကာကွယ်ဖုံးဖိတတ်သော အရာများကို လက်စတုံး-ချေမှုန်းတိုက်ဖျက်ရန်အားထုတ်ရမည်။ ဤသုံးမျိုး တို့သည်, လောက၌ရှိသမျှသောပြစ်မှု(ဝါ)မကောင်းသော

အမှုတို့၏ရေသောက်မြစ်များဖြစ်ကြလေသည်။ ထိုသုံးမျိုးကို ခေါင်းပေါ်အောင်မပြုလုပ်သမျှ ကမ္ဘာ၏ ငြိမ်းသာယာမှု ဘယ်အခါမျှမဖြစ်နိုင်၊ ရှည်လျားသော ဗုဒ္ဓဘာသာရာဇဝင်ကိုကြည့်လေ့၊ ဘာသာရေးအတွက် သွေးတစက်မျှမကျခဲ့ဘူးချေ။ ဤသုံးမျိုးကား ပယ်ရမည့်လုပ်ငန်းတို့တည်း။

ပြုလုပ်ရမည့်ကိစ္စတို့ကား....။

(၁) ဒါန--နှစ်မျောပြိုင်တွယ်ခြင်းမရှိပဲ အသုံးလိုသူ၊ဆင်းရဲနွမ်းပါးသူ၊ ချို့တဲ့ သူများကို နည်းများမဆို ပေးကမ်းထောက်ပံ့မှု။

(၂) သီလ--အကျင့် စာရိတ္တ ဖြူစင်ရေး၊ ၎င်းနှင့်။

(၁) ပါဏာတိပါတ၊ အသက်ရှိသတ္တဝါ အားလုံးကို ညှဉ်းပန်းခြင်း၊ နာကျင်စေခြင်း၊ သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်မှု။

(၂) အဒိန္နာဒါန်၊ သူတပါးပိုင် ပစ္စည်းကို တပ်မက်သော စွဲငြိသော ခိုးလိုသောစိတ်ဖြင့် ခိုးဝှက်တိုက်ခိုက် လုယက်ယူခြင်းမှ ရှောင်ကြဉ်မှု။

(၃) ကာမေသုမိစ္ဆာစာရ၊ သူတပါး တို့၏ သားမယား ကို ပစ်မှား ကျူးလွန်ခြင်းမှ ရှောင်ကြဉ်မှု။

(၄) မုသာဝါဒ-မဟုတ်မမှန် ကြံဖန်လည်ဆယ်၍မုသားစကားပြောကြားခြင်းမှ ရှောင်ကြဉ်မှု။

(၅) ပိသုဏာဝါစာ၊ ဂုံးချောစကား ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။

(၆) ဖရုသဝါစာ။ ကြမ်းတမ်းရိုင်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်မှု။

(၇) သမ္ဖပလာပ၊ ကိုယ်ကျိုး-သူကျိုးမရှိသော စကားကို ပြောဆိုခြင်းမှရှောင်ကြဉ်မှု။

(၈) အဘိဇ္ဈာ၊ သူတပါးကြီးပွားချမ်းသာခြင်းကို မနာလို-မရှုစိမ့်သောသဘောမှ ရှောင်ကြဉ်မှု။

(၉) ဗျာပါဒ၊ ဒေါသလွှမ်းမိုးသဖြင့် သူတပါးတို့ပျက်စီးကြောင်း၊ဒုက္ခဖြစ်ကြောင်း၊ ကြံစည်တွေးတောခြင်းမှ ရှောင်ကြဉ်မှု။

(၁၀) မိစ္ဆာဒိဋ္ဌိ၊ မှားယွင်း ချွတ်ချော်သောအမြင် [ ၀၁ ] အယူမှ ရှောင်ကြဉ်မှုတို့ပါဝင်လေသည်။

(၃) ဘာဝနာ၊ရုပ်နာမ်ဓမ္မတို့မမြဲမှု၊ချမ်းသာသုခမှဆိတ်သုဉ်းမှု၊ ရုပ်နာမ်သာရှိ၍ ၎င်းတို့(၂)ခုမှတပါးအခြားဘာမျှထင်ရှားမရှိမှု၊ဆင်ခြင်စဉ်းစားပွါးများခြင်းဟူ၍ သုံးမျိုးရှိ၏။ ဤကားအကျဉ်းမျှဖြစ်စေကာ မောနအချုပ်အချာဖြစ်သော ဗုဒ္ဓဘာသာရေး လုပ်ငန်းများဖြစ်သတည်း။

## "ခရစ်ယာန်တို့၏ဘာသာရေးလုပ်ငန်း"

ခရစ်ယာန် ဘာသာရေး လုပ်ငန်းတို့ကား....။

(၁) ငါမှတပါး အခြားဘုရားကို မကိုးကွယ်ရ။

(၂) ရုပ်တု-ဆင်းတု မကိုးကွယ်ရ။

(၃) ဘုရား၏ နာမတော်ကို မှသားနှင့်ဆိုင်၍ မမြွက်ဆိုရ။

(၄) ဥပုသ်နေ့၌ အလုပ်မလုပ်ရ။ အလုပ်-လုပ်သော် သေဒဏ် သေပြစ်ပေးရမည်။

✓ (၅) မိဘကိုရိုသေရမည်။

✓ (၆) လူ၏အသက်ကိုမသတ်ရ။

(၇) သူ့သားမယားကို မပြစ်မှားရ။
(၈) သူ့ဥစ္စာကိုမခိုးရ။
(၉) မုသားသက်သေမခံရ။
(၁၀) ကိုယ်နှင့်မဆိုင်သော သူ၏ သက်ရှိသက်မဲ့စည်း ကို မတပ်မက်ရဟူသော ပညတ်တော် ၁၀-ပါးနှင့် တကွ ယဇ်ပူဇော်ရာ အခမ်းအနားမြောက်မြားစွာ ဖြစ်သတည်း။ လက်စားချေရမည်။ အရက်ပြင်းပြင်းနှင့် သိုးကင်-ချိုးကင် နှင့် ပူဇော်ရမည်။ တနင်္ဂနွေနေ့တိုင်း ဥပုသ်စောင့်ရမည်။ ဌာဝယဘုရား၏ ကမ္ဘာဖန်ဆင်းပုံနှင့် ကယ်တင်ပုံကို ယုံကြည်ရမည်။

(၁) ခမည်းတော်။
(၂) သားတော်။
(၃) သန့်ရှင်းသော ဝိဥာဏ်တော်ဟူသော ရတနာ သုံးပါးကို ယုံရမည်။

ယေရှုခရစ်ကို ကယ်တင်ရှင် အဖြစ်ဖြင့် အကြွင်းမဲ့ ယုံကြည်ရမည်။ ယေရှုသည် လူသားအတွက် ကားစင် ထက်၌ အသေခံကြောင်း၊ သေပြီးနောက်သုံးရက်မြောက်၌ ထမြောက် ရှင်ပြန်ကြောင်းကို သံသယကင်းမဲ့စွာ ယုံကြည် ရမည်။

တရားဆုံးဖြတ်ရာ နေ့ကိုငင်း၊ ယေရှုခရစ်၏ ဒုတိယ အကြိမ် ကြွလာခြင်းကိုငင်း၊ ယေရှုခရစ်အားယုံကြည်သူတို့ သွားရောက်စံမြန်းရမည့် အနန္တကောင်းကင်ဘုံနှင့် အနန္တ သုခကိုငင်း၊ မယုံကြည်သူများပစ်ချခြင်းခံရမည့် အနန္တငရဲ နှင့် အနန္တဒုက္ခကိုငင်း၊ စင်ကြယ်သော ဝိစိကိစ္ဆာဖြင့်

ယုံကြည်ရမည်။ ဤသည်တို့ကား ခရစ္စယံဘာသာဝင်တို့၏ ဘာသာရေး လုပ်ငန်းများ ဖြစ်ကြကုန်သတည်း။

## "ပသီတို့၏ ဘာသာရေး လုပ်ငန်း"

ပသီဘာသာရေး လုပ်ငန်းကား....။

(၁) အလ္လာဟ ဘုရားတဆူကိုသာ ယုံကြည်ရမည်။

(၂) နောက်ဆုံးနေ့ကို ယုံကြည်ရမည်။

(၃) ကောင်းကင်တမန်တော်များကို ယုံကြည်ရမည်။

(၄) ကိုရံကျမ်းစာများကို ယုံကြည်ရမည်။

(၅) နဗီခေါ် အလ္လာဟ၏ ပရောဖက်များကို ယုံကြည်ရမည်။

(၆) အလ္လာဟကိုချစ်ခင်သော အားဖြင့် မိမိ၏ ပစ္စည်းများကို မိမိဆွေမျိုး များကိုဎင်း၊ မိဘမဲ့များကိုဎင်း၊ လိုနေသော သူတို့ကိုဎင်း၊ သူတောင်းစား တို့ကိုဎင်း၊ ပေးကမ်းစွန့်ကြဲရမည်။

(၇) ဘုရားရှိခိုးမှုကို အမြဲလုပ်ရမည်။

(၈) ကတိတည်ရမည်။

(၉) သည်းခံနိုင်သော စွဲရှိရမည်။

(၁၀) အသက်ကို အသက်ချင်း ယောက်ျားကို ယောက်ျားချင်း ပြန်လည် သတ်ဖြတ်ခြင်းဖြင့် လက်စားချေရမည်။

(၁၁) ရမ်မဒမ်လ၌ ဥပုသ်စောင့်ရမည်။

(၁၂) သတ္တဝါကိုသတ်၍ သတ်မှတ်ထားသော အချိန်မှာ ယဇ်ပူဇော်ရမည်။

(၁၃) မယုံကြည်သူများကို သုတ်သင်ပစ်ရမည်။ (ခ-၁၉၁)။

(၁၄) မက္ကာသို့ ဘုရားဖူးသွားရမည်။ ဤသို့စသည်တို့ကား အစ္စလမ်ခေါ် ပသီ ဘာသာရေး လုပ်ငန်းများဖြစ်ချေသည်။

## 'ဟိန္ဒူဘာသာရေးလုပ်ငန်း'

ဟိန္ဒူတို့၏ဘာသာရေး လုပ်ငန်းတို့ကား ရှုပ်ထွေးလှ၏။ ၎င်းတို့မှာ ဇာတ်လေးမျိုးရှိ၏။ ၎င်းတို့မှာ အသီးသီးဆိုင်ရာ လုပ်ငန်းတွေ ရှိကြကုန်၏။ ထို့ပြင် အာရှရမခေါ် အဆင့်အတန်း လေးမျိုးရှိပြန်၏။၎င်းတို့မှာလည်း အဆင့်အတန်းအား လျော်စွာ လုပ်ငန်းများ ရှိကြကုန်၏။ တဖန် ဗိဿနိုး ကိုးကွယ်သူတို့၏ ဘာသာရေး လုပ်ငန်းသည် ရှိဝကိုးကွယ်သူတို့၏လုပ်ငန်းနှင့်မတူ ကွဲပြားခြားနား၍ နေပြန်လေသည်။ ဤသို့သောအကြောင်းတို့ကြောင့် ဟိန္ဒူအများကြိုက် ညီသောဘာသာရေးလုပ်ငန်းကို ထုတ်ပြရန် မဖြစ်နိုင်သလောက် ရှိနေချေသည်။ သို့ရာတွင် အများ သဘောတူ လောက်သော ဘာသာရေးလုပ်ငန်းအချို့မှာ--

(၁) ပေးကမ်း လှူဒါန်းရမည်။

(၂) ကိုယ်ကျင့်စာရိတ္တကောင်းမွန်ရေး အတွက်အသက်သတ်ခြင်းစသည်မှ ရှောင်ကြဉ်ရမည်။

(၃) ဝေဒကျမ်းကိုယုံကြည်ရမည်။

(၄)အဝတာရခေါ် ဌာဝယ ဘုရား၏ ကိုယ်စားလှယ်များ၏ အဆုံးအမကို လိုက်နာရမည်။

(၅) ဗြဟ္မာခေါ် ဌာဝယဘုရား၏ ဂုဏ်ကို အမြဲအောက်မေ့ရမည်။

(၆) ယဇ်ပူဇော်ရမည်။

(၇) အဏ္ဍ၏ တိုးတက်ရေး အတွက် ကောင်းသမျှကို လုပ်ရမည် စသည်တို့ပင် ဖြစ်သတည်း။

အိုအချင်းစာဖတ်သူ။ အသင်၏ရှေ့၌ ဘာသာကြီးလေးခုတို့၏ဘာသာရေး လုပ်ငန်းများကို တင်ပြခဲ့ပြီ၊ ကောင်းသော အလုပ် (ဝါ) မကောင်းသော အလုပ်ဟူသော ကိစ္စနှစ်မျိုး အတွင်းသို့ သွတ်သွင်းရေတွက်ဖို့ကား အသင်၏တာဝန်သာ ဖြစ်တော့၏။

ယခုသော် ကျွန်ုပ်တို့သည် အ လုပ် ကိစ္စ အမျိုးမျိုးနှင့် တကွဘာသာရေးလုပ်ငန်းများကိုပါ ဖော်ပြခဲ့ပြီဖြစ်၍ ဘာသာရေးလုပ်ငန်း၏ သဘောကိုလည်း သိခဲ့ကြပြီ။ ထို့ကြောင့် ဘာသာ မပါဘဲ ပြီးနိုင်သော ကိစ္စနှင့် မပြီးနိုင်သော ကိစ္စတို့ကို ခွဲခြားဝေဖန်ပြီး ဖြစ်လေတော့သတည်း။

—o—

အခန်း (၈)

**မေး (၈) ဘာသာ လုံးဝမရှိသူများ၏ အခြေအနေမည်သို့ရှိမည်နည်း?**

ဖြေ (၈) ဤပြဿနာကား နံပါတ်(၁)၌ ကျွန်ုပ်တို့ဖော်ပြခဲ့ပြီးသော ဘာသာတခုခုကိုမှ မယုံကြည်သူများ၏ အခြေအနေကို မေးမြန်းခြင်းပင်ဖြစ်၏။

ထိုသို့ဖြစ်သော် ထိုသူတို့သည် လကွယ်သန်းခေါင် မိုးညှိုး တိမ်တောင် အုပ်ဖုံးသော တောကြီးမြက်မဲ အတွင်း ဆူးညောင့်ခလုပ် ချုံပုတ် နိမ့်မြင့် အဆင့်ဆင့်များသော လမ်းကြမ်းကြီး၌ အဖော်မပါ တယောက်တည်း သွားနေရသော

ဝမ်းတွင်းကျမ်း မျက်မမြင်၏ အခြေအနေ၌သာ ရှိနေသည် ဟု မှတ်သင့်၏။ ၎င်းတို့သည် အကြောင်းနှင့် အဆိုး(ဝါ)အကြောင်း အကျိုးကိုပင် ခွဲခြားသိမြင်နိုင်သော ဉာဏ် ရှိကြတော့ မည် မဟုတ်သောကြောင့် မိမိ တို့ စိတ်ထင်ရာကို ဆင်ကာကျမ်းတော့တိုး အကျိုးမရှိ ပြုလုပ်နေကြမည့်ကား မလွဲပင်ဖြစ်၏။သူတို့သည် ရှေးလူရိုင်းတို့၏အခြေအနေသို့ (ဝါ) တောသား တိရစ္ဆာန်တို့၏အဆင့်အတန်းသို့ ပြန်လည်ဆိုက်ရောက်ရန်သာ ရှိတော့သတည်း။

—o—

## အခန်း (၉)

**မေး (၉) ဘာသာအမျိုးအစားများကိုဖော်ပြပါ။**

ဖြေ (၉) ဤကမ္ဘာမြေပြင်၌ တိုက်ကြီး ငါးတိုက်ရှိ၏။ ၎င်းတို့ကား (၁)ဧရှ (၂)အာဖရိက (၃)ဥရောပ (၄)အမေရိက (၅)သြစတြေးလျကျွန်းဖြစ်သတည်း။၎င်းတို့တွင် ဧရှတိုက်သည် အသက်အကြီးဆုံး (ဝါ) အရင့်ဆုံးဖြစ်၍ ယခုအခါ ထင်ရှားသော ဘာသာအားလုံးတို့၏ ပုခက်သဘွယ် ဖြစ်ခဲ့၏။(ဝါ) စတည်ဖြစ်ထွန်းရာဌာနဖြစ်ခဲ့၏။ယခုအခါကြီးပွားတွန်းကား၍ လူအများလိုက်နာ ယုံကြည်နေကြသော ဘာသာတို့သည် ဧရှတိုက်၌သာ အခြေစိုက်ခဲ့ကြကုန်သည်။ ထို့ကြောင့်အခြားသောတိုက်ကြီးတို့သည်။ ဘာသာရေးဆိုင်ရာ၌ ဧရှတိုက်၏ လက်အောက်ခံများ (ဝါ) တဆင့်ခံ ဒေါင်းရွက်ဖျပ်ထိုးများသာဖြစ်ကြကုန်၏။ ၎င်းတို့သည် ဘာသာရေးနှင့် ပတ်သက်လာသော် ရှေဘက်သို့ ဦးညွတ်ကြရကုန်၏။

ယခုအခါ ဤကမ္ဘာ၌ ဘာသာ၏ အရေ အတွက်ကား မနည်းလှသေးချေ။ ထိုသို့ ရှိနေသေးသော ဘာသာ တို့မှာ နောက်လိုက် နည်းများ မဆို ရှိကြ ကုန်၏။ ရှေးရှေးသော ဘာသာအချို့ တို့မှာ ချုပ်ပျောက် ကွယ်ပခြင်းသို့ ရောက် သွားကြလေ ကုန်ပြီ။ သို့သော် အသစ် အသစ် ဖြစ်သော ဘာသာတို့သည် ထိုပျောက် သွားသော ဘာသာများ၏ အစား၊ ပေါ်ပေါက်လာခဲ့ကြကုန်သည်။ အစစ်မှာ ဘာသာ သည် အရပ်ဒေသတခု၌ ဟုံတခုသောခေတ်မှာ ပေါ်ပေါက် လာသော ကြံရည် ဖန်ရည် ပညာဉာဏ်ရည် ထူးချွန်သော လူသားတဦးဦးက တည်ထွင်ခဲ့သောအရာဖြစ်၏။

ကောင်းကင်ဘုံသား ဣဿရဘုရား၊ နတ်ဘုရား တို့သည် လူသားက အသက် သွင်းပေး ထားသော အရုပ် များသာ ဖြစ်ကြကုန်၏။ လူသားက မြှောက်တင်ပေးသော်သာ ၎င်းတို့ သည် အမြင့်သို့ ရောက်ကြ၍ ဆွဲချ ပြန်သော် အောက်သို့ ပြန်ကျ ခဲ့ရ လေသည်။ ၎င်းတို့သည် လူသား၏ လက်ရာ ဖြစ်သောကာလ၌သာ တည်ရှိနိုင်ကြကုန်၏။

ထို့ကြောင့်ဘာသာသည် ဣဿရဘုရား(ဝါ)နတ်ဘုရား ဦးစီးသော ဘာသာနှင့်၊ လူသား ဦးစီးသော ဘာသာဟူ၍ နှစ်မျိုးနှစ်စားသာ ရှိနိုင်လေသည်။ ထို့ပြင် အတ္တ ဘာသာ အနတ္တဘာသာဟူ၍နှစ်မျိုးသာရှိနိုင်လေသည်။ အတ္တဘာသာ ကား ရုပ်နှင့်နာမ်မှတပါး အခြား အရာတခု(ဝါ)သဘာဝ တခု ရှိသေးသည်ဟူသောဘာသာဖြစ်၏။ ၎င်းသည် ကမ္ဘာ၌ အမြစ်တွယ်နေသောဘာသာဖြစ်၏။ အတ္တဘာသာမှန်သမျှ၌ ဣဿရဘုရား ပါဝင်ရမြဲဖြစ်လေသည်။

အနတ္တဘာသာကား ဤလောကဓာတ် အတွင်း၌ ရုပ်နှင့် နာမ်သာရှိသည်။ ရုပ်နာမ်မှလွဲသောအရာ (ဝါ) သဘာဝဟူ၍ ဘာတခုမျှ မရှိ ဟူသော ဝါဒ ဖြစ်၏။ ၎င်းဝါဒကား ဗုဒ္ဓ ဟူသော ဘွဲ့ထူးကိုဆွတ်ခူးပန်ဆင်နိုင်သော ထူးချွန်သော ပုဂ္ဂိုလ်ထူး (ဝါ) လူသားဘုရားများ ဖြစ်ထွန်း ပေါ်ပေါက်မှ သာလျှင် ထင်ရှားနိုင်သောအရာဖြစ်လေသည်။

ယခုအခါ ဤကမ္ဘာ၌ ထင်ရှားရှိနေသော ဘာသာအမျိုး အမည်တို့ကို ဖော်ပြဦးစို့။

(၁) ကမ္ဘာ့လူဦးရေအများဆုံးကိုးကွယ်သော ဗုဒ္ဓဘာသာ။ ၎င်းကိုဗုဒ္ဓဘွဲ့ထူးကိုနောက်ဆုံးပန်ဆင်သောသိဒ္ဓတ္ထဂေါတမစတင်တည်ထောင်ခဲ့လေသည်။

(၂) ဇင်ဒါအဝက်စတာဘာသာ။ ၎င်းကို ဇရတုစတြ (ဝါ) ဇိုရိုယက်စတာမည်သော ဣရန် ပြည်သားတယောက်က ဟောပြောခဲ့၍ ပါရစီလူမျိုးများ လိုက်နာ ယုံကြည်နေကြလေသည်။

(၃) ဂျိမ်းဘာသာ။ ၎င်းကို ဝေသာလီမြို့သား ဝဍ္ဎမာန မဟာဝီရ ဟူ၍ ရာဇဝင်၌ ထင်ရှားသော (ဝါ) နိဂဏ္ဌနာဋပုတ္တဟူသော နာမံဖြင့် ပါဠိစာပေ၌ ကျော်ကြားသော ပုဂ္ဂိုလ်ထူးက စတင်တည်ထောင် ခဲ့၏။

(၄) ဝေဒနှင့်ပြဟ္မဏဘာသာ။ ၎င်းကား ရှေးကျသော ပြဟ္မဏ လူမျိုး ရသေ့ကြီးများ၏ လက်ရာတည်း။ ၎င်းကို ဟိန္ဒူဘာသာဟူ၍ လည်းခေါ်သည်။

(၅) တရုပ်နိုင်ငံဖွား ပြည်ကြီးသားလာဟိုဇီသည် တာယိုဘာသာကို တည်ထောင်ခဲ့၏။

(၆) ကွန်ဖူးရှင်ဘာသာကို တရုပ်ပြည်ကြီး၏ ပညာရှိ ကွန်ဖူးရှင်က စတင်ဟောပြောတည်ထောင်ခဲ့၏။

(၇) ခရစ္စယံဘာသာ။ ပါလေတိနပြည်၊ နဇာရက်ရွာနေ ယောသက် မည်သော လက်သမားတယောက်၏ သားခရစ်သည်။ ၎င်း၀ါဒကို တည်ထောင်ခဲ့၏။

(၈) အစ္စလမ်ဘာသာ။ ၎င်းကို မက္ကာအမျိုးသား မဟာမဒ်ကတည်ထောင်ခဲ့၏။

(၉) ဂျာမဏီပြည်သား မာတင်လူသာသည် ရေဖြန်းဘာသာကို တည်ထောင်ခဲ့၏။

(၁၀) အဒွိတ္တဝေဒန္တ ဘာသာကား မာလဘာနယ်သား၊ ဆံကရ၏လက်ထက်ပွားဖြစ်၏။

(၁၁) ဒွိတ္တဝေဒန္တဘာသာ။ ဥဒိပိနယ် ဘဲလီရွာသား မာဓဝမည်သော ပုဏ္ဏားသည် ဒွိတ္တဝေဒန္တဘာသာ၏ လက်သယ်ဖြစ်၏။

(၁၂) ဝိသေသဒွိတ္တ။ ဤကား မာဒေါ့ပြည်သား ရာမာနုဇ္ဇသည် ဝိသေသဒွိတ္တ ဝါဒကို တည်ထောင်ခဲ့၏။

(၁၃) ဗိုက်ရှနဝဘာသာ။ ကျိုက်တန္တယမည်သော ဗင်္ဂလားနယ်သားသည် ဗိဿုနဝဘာသာကို တည်ထောင်ခဲ့၏။

(၁၄) ဆစ် (ခ) ဘာသာ။ ဂုရုနာနတ်သည် ပန်ဂျပ်(၀ါ) ပဥ္စာလတိုင်းသား စူဠနီဗြဟ္မဒတ်၏ အနွယ်ဖြစ်ကုန်သော ၇ခေါင်းပေါင်းကြီးကုလား ပန်ဂျာပီများအတွက် ဆစ်(ခ)ဘာသာကို စတင်တည်ထောင်ခဲ့၏။

(၁၅) ဗြဟ္မဏသမဂ္ဂ။ ၎င်းကို ရာဇာရစ်မိုဟန်ရွိုင်က တည်ထောင်ခဲ့၏။

(၁၆) အရိယသမဂ္ဂ။ ဆွာမိဒယာနန္ဒသည် မူလဟိန္ဒူဘာသာရင်းမှ ခွဲထွက်၍ ၎င်းဘာသာကို တည်ထောင်ခဲ့လေသည်။ ၎င်းတို့တွင် (၄) (၁၁)(၁၂)(၁၃)(၁၄)(၁၅)(၁၆)တို့သည် ဟိန္ဒူဘာသာအတွင်းသို့ သွတ်သွင်း ရေတွက်ရသောဘာသာတို့ဖြစ်သတည်း။

ထိုမှတပါး တိုက်ကြီး(၅)တိုက်စလုံးမှာပင်နတ်ကိုးကွယ်သော အလေ့အထများ ရှိကြကုန်၏။ နတ်ဦးရေအများဆုံး တိုင်းနိုင်ငံတို့ကား။ဣန္ဒိယ တရုပ် အိဂျစ် ဂရိတ် မြန်မာတို့ဖြစ်ပေသည်။ ထိုနတ်တို့၏ အရေအတွက်ကား များပြားလှ၏။ ဣန္ဒိယနိုင်ငံ တခုတည်း၌ပင်(၃၃) ကုဋေကျော်ရှိခဲ့လေသည်။ သို့သော် ၎င်းနတ်ကိုးကွယ်မှုသည် ဘာသာတခုအနေဖြင့် လိုက်စားခြင်းမဟုတ်သောကြောင့် ဘာသာစာရင်း၌ထည့်သွင်းဖော်ပြရန်မလိုတော့ပြီ ဤ၌ဘာသာအမည်နှင့် တည်ထောင်သူ၏ အမည်ကိုသာ ဖော်ပြခဲ့၏။ သို့သော် ဘုရား တရားအခန်းသို့ ရောက်သောအခါ ၎င်းတို့၏ အကျယ်ကို တွေ့ရှိရပေလိမ့်မည်။

---o---

## အခန်း (၁၀)

### မေး (၁၀) ဘာသာ၏ မှားမှန်ကို မည်သို့ဝေဖန်မည်နည်း?

ဖြေ (၁၀) ကျွန်ုပ်တို့သည် ဘာသာဟူသော ပုဒ်၏ အနက်အဓိပ္ပါယ်နှင့်တကွ ဘာသာ အမျိုးမျိုးတို့ကိုပါ သိခဲ့ကြကုန်ပြီ။ ယခုသော် ထိုထိုများပြားလှသော ဘာသာတို့၏ အမှန်အမှားခွဲခြားဝေဖန်၍အမှန်သို့ရောက်အောင်စမ်းဆေးနည်းကို ရေးသားဖော်ပြရဦးမည်။

တရံခါသော် ကာလာမ မည်သော ပုဏ္ဏားတို့သည် ဗုဒ္ဓဂေါတမ၏ ရှေ့တော်မှောက်သို့ ရောက်ကြကုန်၍ ဤသို့လျှောက်ထားလေ၏ "အရှင်မြတ်ဘုရား ။ တပည့်တော်များသည် ဘာသာရှင်အသီးသီး (ဝါ) ဂိုဏ်းဆရာကြီး အသီးသီးတို့၏အထံသို့ ရောက်ခဲ့ကြပါပြီ၊ ၎င်းဘာသာရှင်တို့သည် မိမိတို့ဟောသော ဘာသာ တရားသာလျှင် မှန်သည်၊ အခြားဘာသာရှင်တို့၏ ဘာသာတရားတို့ကား အမှားချည်းသာဖြစ်သည်ဟု တပည့်တော်တို့အား ပြောကြားလိုက်ကြပါပြီ။ ထို့ကြောင့်တပည့်တော်များ၏ စိတ်၌ မည်သူ၏ဘာသာတရားကို အမှန်ဟု ယုံမှတ်ရပါမည်နည်း ဟုယုံမှားခြင်း တွေဝေခြင်းဖြစ်ခဲ့ရပါပြီ။" "ဟုတ်လှ၏။ ကာလာမတို့ သင်တို့၏။ သံသယသည့်အကြောင်းလုံလောက် လှပေ၏။ ဤသို့ မိမိ၏ တရားမှာ မှန်ပါ၏၊ အခြားတရားတို့ မှား ကုန်၏ဟု ဆိုသော် အမှန်မရှိသော ပြိုပျက်၍ မည်သူမဆို သံသယဖြစ်ပေရာ၏။

သို့သော် အချင်းကာလာမတို့။ နားထောင်ကြပြီးသော၊ သင်တို့သည် တဆင့်စကား သူတပါးပြောသံကြားမျှဖြင့် ၎င်းကိုမှန်ပြီဟု မယုံကြည်ရာ။ အစဉ်အဆက် သက်ကြီး စကား သက်ငယ်ကြား ဟူသကဲ့သို့ သူပြော လူပြောကာမျှ (ဝါ) ယုံကြည်သူတွေ များကာမျှဖြင့်လည်း မှန်လှပြီဟု မထင် မယူရာ။ ဤလိုတဲ့ ဟိုလိုတဲ့ဟု ပြောဆိုကာမျှဖြင့်လည်းအမှန် ဟုမယုံမှတ်ရာ။ မိမိတို့ ယုံကြည်ကိုးစားသော ကျမ်းလာ ပေစာတွင်ပါရှိကာမျှဖြင့်၊ (ဝါ) မိမိတို့၏ ကျမ်းစကားနှင့် ညီညွတ်ကာမျှဖြင့်လည်း မုချကေန် တကယ်မှန်လှပြီဟု မယုံ ကြည်ရာ။ မိမိတို့၏ ဉာဏ်ရည်ဖြင့် ကြံစည်တွေ့ရသော

ကြောင့်လည်း မှန်လှပြီဟု မမှတ်မယူရာ။ လောကူပမာ အကြောင်းယုတ္တိ အထောက်အထားရှိကာမျှနှင့်လည်း အမှန်ဟု မမှတ်ယူရာ။ မိမိတို့၏ဉာဏ်နှင့် ကိုက်ညီကာမျှ ဖြင့်လည်း မှန်ပြီဟု မမှတ်ရာ။ ဂုဏ်သိရ်ရှိ၍ ယုံကြည် ထိုက်သည့် သူတယောက်၏ စကားဖြစ်ကာ မျှဖြင့်လည်း မှန်ပြီဟု မမှတ်ရာ။ ငါတို့၏ဆရာ့ စကားသည် အမှားမဖြစ်ရာဟု ထင်မှတ် လေးစား ကာ မျှ ဖြင့် လည်း မှန် လှ ပြီ ဟု မယုံ ကြည်ရာ။

စင်စစ်မှာ အချင်းကာလာမတို့။ အသင်တို့၏ ကိုယ်ပိုင် ဉာဏ် စဉ်းစားဉာဏ် အဆင်ခြင်ဉာဏ်ဖြင့် တရားတခု၏ ကျိုးရ ပစ်မှဲကိုဆင်ခြင်ရာ၏။ စစ်ဆေးရာ၏။ စမ်းသပ်ရာ၏။ ရွှေပန်း သိမ်ဆရာသည် ရွှေစစ် မစစ်ကိုမီးဖြင့် တိုး၍စမ်းသပ်သကဲ့သို့ ပြုလုပ်ရာ၏။ ယင်းသို့ စမ်းသပ်၍ ကျိုးရ ပြစ်မှဲကို သိရ သော်သာ အမှန်ဟု မှတ်ယူ ယုံကြည် ရာ၏။ ဤကား ဗုဒ္ဓ ဂေါတမ၏ ဘာသာ စစ်ဆေးနည်း မှတ်ကျောက် ဖြစ် သတည်း။ ဤမှတ်ကျောက်ဖြင့် စမ်းသပ်ခဲ့သော် ဘာသာမှန် များကို ခွဲခြားသိမြင်နိုင်ပေရာ၏။

ဘာသာတရားတို့သည် အမျိုးမျိုး အစားစား ကွဲပြားခဲ့ ကြကုန်၏။ ထိုသို့ ကွဲပြားနေသော ဘာသာ အသီးသီးကို လိုက်နာ ယုံကြည် နေကြသော ဘာသာဝင်တို့သည် မိမိတို့ ကိုးကွယ် ယုံကြည်သော ဘာသာမှ တပါးသော အခြား ဘာသာ တို့ကို မှားသည်ဟု ပြောဆို ယုံကြည် နေကြ ကုန်သည်။ ဘာသာ အမျိုးမျိုးဝင် လူပုဂ္ဂိုလ် တို့သည် မည်သည့်တရားအချက်အလက်(၀၁)ကျင့်လမ်းကြံလမ်းကို မဆို၊ ၎င်းတို့ ကိုးကွယ်ယုံကြည်သော ဘုရားက ဟောခဲ့ပါ

မဟုတ်ဟူသော အကြောင်းပြချက်ကလေးမျှနှင့် မှားသည်ဟု ဆုံးဖြတ်လေ့ရှိကြ ကုန်သည်။ ၎င်းတို့ ယုံကြည်သော ဘာသာဆိုင်ရာ စာပေ၌မပါခြင်းကြောင့်လည်း၊မှားသည်ဟု ပြောဆိုလေ့ရှိကြကုန်၏။ ယင်းသို့ဆုံးဖြတ်ခြင်းဖြင့်အမှန်သို့ ရောက်နိုင်ပါမည်လော? မရောက်နိုင်ချေ။ဘာကြောင့်? မိမိ ကိုးကွယ်သော ဘာသာနှင့် ဘုရားတို့ကို ငဲ့ကွက်ညှာတာ စိတ်၊ ချစ်ခင်စိတ်၊ ကြည်ညို လေးမြတ် သောစိတ်၊ ဂတိ ခေါင်းသောစိတ်ဖြင့် ဆုံးဖြတ်ခြင်းကြောင့်ဟူလို။

မှန်လှ၏။ ငဲ့ကွက်ခြင်း၊ ဥပါဒါန်စွဲခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း တို့သည်အမှန်သို့ သွားရာလမ်း၌ ကြီးကျယ် ထူထပ်သော အတားအဆီးများ ဖြစ်ခဲ့ကြကုန်၏ (ဝါ) အမှန်၏ရန်သူများ ဖြစ်ကြကုန်၏။ဘာသာမှန်ကို ယုံကြည်လိုသူ လိုက်စားလိုသူ အားထားလိုသူသည် ဘုရား,ဘာသာ, ဖုန်းကြီး,နတ်,စာပေ တို့ကို ကြောက်လန့်၍ မိမိ၏ ပိစာရဏာ ဝိမံသနဉာဏ်ကို မစွန့်လွှတ်သင့်ချေ၊ ၎င်းကို စွန့်လွှတ် လိုက်သည်နှင့် တပြိုင် နက်၊သူသည် ဘာသာ၏ကျွန်(ဝါ)စာ၏ကျွန်(ဝါ)ဘုရား၏ ကျွန် ဖြစ်လေတော့၏။

ဘုရား,ဘာသာတို့မှာ အပြစ် ပေးနိုင် (ဝါ)အကျိုးပေး နိုင်သောပါဝါတန်ခိုးများမရှိကြဟု သေချာစွာသိမြင်၍ စစ် ဆေး တွေးတောမှုကို ပြုသင့်၏။ စဉ်းစားခြင်း၊ဆွေးနွေးခြင်း၊ စစ်ဆေးခြင်း၊ ဝေဖန်ခြင်း၊ စမ်းသပ်ခြင်းတို့သည်လူသတ္တဝါ၏ အခွင့်အရေးများ ဖြစ်ကြသည်သာမက အလုပ်ဝတ္တရားများ လည်းဖြစ်ကြကုန်၏၊ထို့ကြောင့် လူသားသည်ဘုရားကို ၎င်း၊ ဘာသာကို၎င်း၊ ဖုန်းကြီးကို၎င်း၊ စာပေကို၎င်း၊သေချာစွာ စစ်ဆေးခြင်းစသည် ပြုလုပ်ရမည်။

ထိုသည့် စဉ်းစားခြင်း ဆွေးနွေးခြင်း စစ်ဆေးခြင် ဝေဖန်ခြင်း စမ်းသပ်ခြင်း တို့ဖြင့်သာ ဘာသာမှန် ဘုရားမှန်ကို ရနိုင်သောကြောင့်တည်း။

လူသတ္တဝါသည် မိမိ တွေ့ရှိ ရသော ဘာသာ, ဘုရားစသည်ကို ချစ်စိတ်၊ မုန်းစိတ်၊ ကြောက်စိတ်၊ မြှော်လင့်စိတ် မထားဘဲ (ဝါ) လုံးလုံး ငဲ့ခြင်း ညှာခြင်း ကင်းပြီး စစ်ဆေး ဝေဖန်ရမည်၊ စမ်းသပ်ရမည်။ ဘုရား (ဝါ) ဘာသာတခုကို ချစ်ခင်ကြည်ညိုစိတ်ဖြင့်၊ စစ်ဆေးသော် အမှားမတွေ့ရဲ အမှန်တွေ အကောင်းတွေချည်း တွေ့နေရတတ် ချေသည်။ မုန်းစိတ်နှင့် စစ်ဆေးရာမှာမူ အကောင်းအမှန်ကိုမတွေ့မမြင် ရပဲအဆိုးနှင့်အမှားကိုသာလျှင် တွေ့မြင်နေရတတ်ချေသည်။ ထို ဘု ရား နှင့် ဘာ သာ တို့ က ငရဲသို့ ချလိမ့် မည်၊ ကြီး စွာ သော ဒုက္ခ ကို ပေး လိမ့် မည်ဟု ခြောက်လှန့် ထားခြင်းဖြင့် ကြောက်လန့် နေခဲ့သော် အချက် ကျကျ အကွက်ကျကျ စုံစမ်းခြင်း၊ စစ်ဆေးခြင်း စသည်ကိုပြုလုပ် ဝံ့တော့မည်မဟုတ်ချေ။ ထိုဘုရားနှင့် ဘာသာတို့က ရလိမ့် မည်ဟု ဟောပြောထားသော ချမ်းသာ သုခကို၊ မျှော်လင့် တောင့်တခုံမင်၍နေပြန်ကလည်းဘာသာ ဘုရားမှန် အမှား ကို စဉ်းစားနိုင်တော့မည်မဟုတ်ချေ။

ထို့ကြောင့် လူသား၏ရည်ရွယ် ချက်ကား တခုတည်း သာ ရှိရမည် ၎င်းကား ဘာသာမှန် ရမှုပင် ဖြစ်ရမည်။ သူ သည် ပိမိသန္တာန်နှင့် ဝိစာရဏာဉာဏ်၏အမိန့်ကိုမဖီမဆန်လျှင် ဘာသာမှန်သည် ဘေးရန်ကင်းပ၍ မြဲသော လက္ခဏာရှိ ကြောင်း ကို၎င်း၊ ဘာသာမှားသည် ပူပြင်း၍ ကြောက်လန့် ဘွယ်လက္ခဏာရှိကြောင်းကို၎င်း၊ သိမြင်ရချေမည်။ လူသည်

တစုံတခုသော ဘာသာမှ ထွက်ပေါ်လာသော အလုပ်ကိစ္စ အကျင့်ဓမ္မ ယုတ္တိသာဓက ဆင်ခြေဆင်လက်တို့ကို ဝိပဿန ဝိစာရဏာဟူသော ချိန်ခွင်၌တင်၍ စမ်းသပ်ကြည့်ရမည်။

သူသည် ဩဇာအာဏာတန်ခိုးပါဝါတို့ကိုဂရုမစိုက်ရ ကျမ်းလာစာထွက်ကို အမှုမထားရ ဂုဏ်ကြီးသိန်ရှိအဓိပတိ ပုဂ္ဂိုလ်တွေက ဟောခဲ့ဒါဘဲဟုအသိ အမှတ်မပြုရ။ ထုံးစံ တွေ ဓလေ့တွေကို မငဲ့မကွက်ရ။ ဘာသာတွေ အယူဝါဒ တွေကို အလေးဂရုပြုမနေရ။ ဤသို့ငဲ့မှု ကွက်မှု ညှာတာမှု တွေကိုအကုန်ပယ်ပြီးမှ သန့်ရှင်းစင်ကြယ်သောအမြင်ဉာဏ် ဆီးနှင်းမြူတိမ်, စသည်ကင်းစင်သော ဝိပဿနဝိစာရဏာဖြင့် စဉ်းစားရမည်။ဆွေးနွေးရမည်။စစ်ဆေးရမည်။ဝေဖန်ရမည် စမ်းသပ်ရမည်။ သူသည်သူ၏ကမ္ဘာတခွင်၌ သူပင်အာဏာ ရှင်ဖြစ်သည်ဟု သဘောပိုက်၍ စစ်ဆေးခြင်း စသည်ကို ပြုလုပ်ကြည့်ရမည်။ ထိုအခါမှသာလျှင်အစစ်အမှန်ဖြစ်သော ဘာသာကို တွေ့ရှိနိုင်ချိမ့်မည်။

ဘာသာမှန်ကို တကယ်တမ်း လိုလားသူသည် ရှေးကျ သောဘုရား, ဘာသာ, စာပေတို့ကို ရှေးကျသောကြောင့် မှန်သည်ဟူ၍၎င်း၊ ခေတ်ပေါ်ဘာသာစာပေတို့ကို အသစ် ဖြစ်သောကြောင့် မှားသည်ဟူ၍၎င်း၊ ဘာသာ ဟုခုသည့် ပါရှားကျော်ကြားသူတဦးက တည်ထောင် ဟောပြောခဲ့ သောကြောင့်မှန်သည်။ မထင်မရှား အညပြ လူသားက ဟောပြောခဲ့သောကြောင့် မှားသည်ဟူ၍၎င်း၊ တန်ခိုးပါဝါ ဩဇာကြီးသူကဟောပြောခဲ့သောကြောင့်မှန်သည်။ တန်ခိုး ပါဝါ သေးသိမ်သူ တယောက်က တည်ထောင်ခဲ့သော ကြောင့် မှားသည်ဟူ၍၎င်း၊ နတ်, ဘုရား,က ဟောခဲ့သော

ကြောင့် မှန်သည်။ လူသားက ဟောပြောခဲ့သောကြောင့် မှားသည်ဟူ၍၎င်း၊ ကျမ်းပြု ဆရာကြီးတဦးကတည့်မထောင်ခဲ့သောကြောင့် မှန်သည်။ ကျမ်းစာမရေးသားနိုင် သူကတည့်ထောင်ခဲ့သောကြောင့် မှားသည်ဟူ၍၎င်း၊ ဘာသာတခုသည် ရှေးစာဟောင်း ပေဟောင်း ကျမ်းကြီး ဂန်ကြီးတို့၌ပါရှိသောကြောင့်မှန်သည်၊ ခေတ်ပေါ်စာပေတို့၌ ပါရှိခြင်းကြောင့် မှားသည်ဟူ၍၎င်း မမှတ်ယူသင့်ချေ။

စင်စစ်မှာ ထိုထိုဘာသာတို့၌ပါရှိသောစကား အချက်အလက်နှင့် ထိုသည့်စကား၏ အဓိပ္ပါယ် လိုရင်းဖြစ်သော ကျင့်လမ်းကြံလမ်း တရားစခမ်းတို့၏ ယုတ္တိ-ရှိ-မဲ့။ ကြောင်းကျိုးတဲ့ မတဲ့သာလျှင် အရေးကြီးလေသည်။

အကြင်ဘာသာတရပ်၌ ပါရှိသော (ဝါ) အကြင်ဘာသာက ညွှန်ပြခဲ့သော တရားလမ်းစဉ် တခုသည် လောကယုတ္တိ သဘာဝယုတ္တိလည်းရှိ၏။ အကြောင်းအကျိုးလည်း ဆက်မိ၏။ လူသား၏အစဉ်းစားဉာဏ်နှင့်လည်း တိုက်ဆိုင်၏၊ ဆွေးနွေးစစ်ဆေးခြင်းကိုလည်း ခံနိုင်၏။ စမ်းသပ်ကျင့်ကြံကြည့်သော အခါ၌လည်း၊ မွန်မြတ်သော သုခစစ် ချမ်းသာမှန်ကို ဖြစ်ပေါ်လာစေနိုင်၏။ထိုဘာသာကားမှချွတ်ကေန်၊မည်သူမည်ဝါမည်သည့်သတ္တဝါမျှ မငြင်းနိုင်အောင် မှန်လေတော့သတည်း။

အချုပ်ပြောရသော်- ဘာသာတရပ်၌ပါရှိသော လုပ်ငန်း (ဝါ) ဘာသာဝင်တိုင်း လိုက်နာကျင့်ကြံရမည့် လမ်းစဉ်သည်၊ ကောင်းသောအလုပ်ကိစ္စစာရင်းသို့လည်း သွင်းနိုင်သော လမ်းစဉ်အတိုင်း၊ လက်တွေ့လိုက်နာကျင့်သုံးသူတိုင်း ယင်းဒိဋ္ဌ ယနုဘွစ္စက္ခုဒ္ဒ အကာလိက အခါမလင့်သအော

ဖြင့် ကောင်းမြတ်သော အကျိုးခံစားခွင့်လည်း ရှိနိုင်သော ဘာသာကို မှန်သောဘာသာဟုမှတ်ယူ၍ ထိုမှကြွင်းသော ဘာသာကိုမူ ဗျတ္တိရိက်လှန်၍ မှတ်ယူကြရန်ပင် ဖြစ်တော့သတည်း။

—·—()—·—

အခန်း (၁၁)

**မေး (၁၁) အမှန်ဆုံး ဘာသာဟု ယူဆရန်နှင့်ရင်းအတွက် လုံလောက်သော အချက်များကား အဘယ်နည်း ?**

ဖြေ (၁၁) အဝိဇ္ဇာ မောဟ ယက်ပို၍ တူယပ်သော အမှောင်ဓါတ်သည် ဤလောက၌ မရှိတော့ပြီ။ ဝိဇ္ဇာထက်ပိုမိုပြောင်လက် အရောင်တွက်သော အလင်း သည်လည်း ဤလောကဓါတ်တခွင်၌ မရှိချေ။ လူသတ္တဝါသည် ဘူ၏ပကတိသဘောအားဖြင့်အမှောင်ကို စက်ဆုပ်၏။ ဂုံမှုန်းမုန်းနှလုံးနာ၏၊အလင်းရောင်ကို မြေ့လင့်၏၊တောင့်တ၏၊ခုံမင်၏၊လိုလားနှစ်သက်၏။ ဘာသာတိုင်း၏ ပဓါန ရည်ရွယ်ချက်ကား လူသတ္တဝါကို အမှောင်နယ်အတွင်းမှထုတ်နုတ်ပြီးလျှင် အမှောင်မသန်း၊ အလင်းရောင် လျှမ်းသော နယ်ပယ်သို့ ရောက်အောင် ပို့ရန်ဖြစ်ခဲ့၏။

ဖြစ်လာသော အရာတို့သည် အဖြစ်တွင်ရပ်၍ မနေကြ ကုန်ပဲ ပျက်ခြင်းသို့တိုင် ရောက်ရခြင်း၊ ထို့ပြင် မွေးပြီး သေရခြင်းတို့ထက် ပိုမိုစူးရှပြင်းထန် အခံရခက်သော ဆင်းရဲဒုက္ခကား လောက၌ မရှိတော့ပြီ။

လူသည် ထိုဒုက္ခဆင်းရဲကိုနှစ်မျိုးခြင်းမရှိ၊ဘာသာပိုင်း၏

ရည်ရွယ်ချက်ကား အများအားဖြင့် လူကို ထိုပဲနက်သော ဒုက္ခတွင်းထဲမှ ဆွဲယုတ်၍ သုခချမ်းသာ တည်းဟူသော ကြည်းကုန်းထက်သို့ တင်ပို့ရန်ဖြစ်၏။

တပ်မက်ခြင်း၊ အမျက်ထွက်ခြင်းထက်ပို၍ ပူပြင်းသော မီးသည် ဤကမ္ဘာလောက၌ မရှိတော့ပြီ။ ဘာသာတိုင်း၏ လုပ်ငန်းကား များသောအားဖြင့် လူသား၏ အပူဓါတ်ကို ငြိမ်းသတ်၍ အဧဓါတ်ကို ထူထောင်ပေးရန်ဖြစ်ခဲ့၏။

လူသတ္တဝါ၏ အသိဉာဏ်ကို ပိုမိုစူးရှထက်မြက်အောင် လုပ်ပေးမှု၊လူသား၏ ပူမှု ဆူမှု ဆင်းရဲမှုတွေကို ဧအောင် ငြိမ်းအောင်လုပ်ပေးမှုတို့သည် ဘာသာ၏လုပ်ငန်းတို့ ဖြစ်ကြ ရာ ထိုသည့် လုပ်ငန်းများကို ကျေပွန်အောင် တင်းပြည့် ကျပ်ပြည့် ဆောင်ရွက်ပေးနိုင်သောဘာသာသည် အမှန်ဆုံး ဘာသာပင် ဖြစ်ချေမည်။

၎င်း၏ တာဝန်လုပ်ငန်းကြေမကြေကို စစ်ဆေးဘို့ကား လူသား၏ တာဝန်သာဖြစ်ခဲ့၏။ ထိုသို့စစ်ဆေးရန်အတွက် မှတ်ကျောက်တို့ကို နံပါတ် (၁၀) အဖြေ၌ ရေးခဲ့ပြီ။ ထိုနည်း အတိုင်း စမ်းသပ်ကြည့်သောအခါ အစစ်အမှန်ဖြစ်သော ဘုရားကိုအကြင်ဘာသာ၌တွေ့ရ၏။ ယိုဘာသာ ကိုအမြဲတမ်း မလွှတ်တမ်း ဆွဲကိုင်ထားရမည်။

ဤသို့ စစ်ဆေးခြင်း၊ ရွေးနွေးခြင်း၊ စုံစမ်းခြင်း၊ ဝေဖန် ခြင်း၊ လက်တွေ့လိုက်နာ လုပ်ကိုင်ကြည့်ခြင်းဖြင့်၊ လူသတ္တဝါ ၏ ယဉ်ကျေးမှုကို၎င်း၊ ငြိမ်းမှုကို၎င်း၊ ချမ်းသာကြည်ရွှင် မှုကို၎င်း၊ ဉာဏ်အမြင် ဖြောင့်မှန်မှု သန့်ရှင်းမှုကို၎င်း၊ ကိုယ်ရောစိတ်ပါ လွတ်လပ်မှုကို၎င်း၊ မချရရှိနိုင်၏။

ယခုခေတ်ရှိ ဘာသာအားလုံးတို့၌ ပါဝင်သောအချက် အလက်များကို အသက်ပါနည်းဖြင့် စမ်းသပ်ကြည့်ခဲ့သော် အမှန်ဆုံး ဘာသာကို တွေ့ရချိမ့်မည်၊ထို့ပြင် မည်ကာမတ္တ ဖြစ်သော (ဝါ) လူရိုးတို့၏အလေ့အထ မပျောက်သေး သော (ဝါ) ကြမ်းတမ်းရက်စက်သော (ဝါ)သတ်မှုဖြတ်မှု ကို ဖြစ်စေတတ်သော ဘာသာများကိုလည်း တွေ့ရ ပေမည်။

အို အချင်းလူသား။ အသင် ကိုးကွယ်ယုံကြည်နေသော ဘာသာကို စစ်ဆေးလော့၊ ဝေဖန်လော့၊ စမ်းသပ်လော့ အမှတ်တမဲ့ ယုံကြည်နေခြင်းဖြင့် သင့်မှာ ဘာအကျိုးရှိမည် နည်း?အချင်းလူသား၊သင်၏ ကောင်းစားရေး ချမ်းသာရေး အတွက် သင်၏ဘာသာကို ဝေဖန်လော့၊ စစ်ဆေးလော့။ စမ်းသပ်ပါလော့။

—o—

## အခန်း [ ၁၂ ]

### မေး(၁၂)ဘာသာ၏ အထွဋ်အထိပ် လုပ်ငန်းကား အဘယ်နည်း?

ဖြေ (၁၂) ဘာသာ၏ အထွဋ်အထိပ် အကျဆုံးလုပ်ငန်း ဟူသည်ကား လူသား၏ ကြောက်စိတ်ကို ပပျောက်စေမှု နှင့် ၎င်း၏အသိဉာဏ်ကို ဖြောင့်မှန် ကြည်လင်စေမှုပင်ဖြစ် သတည်း။

(မှတ်ချက်။ ။နောက်၌ ဘာသာဟူသော စကားကို သုံးစွဲသော အခါပတိုင်း တွေ့မြင်သောအခါတိုင်း၌ မှန်သော ဘာသာဟု မှတ်ယူရမည်။)

လူသားစိတ်၌ အကြောက်ဓါတ် ကိန်းအောင်းလျက် ရှိခဲ့၏။ ထိုကြောက်စိတ်သည်ယဇ်ပလ္လင်များကိုဆောက်လုပ်၍ ကျွဲ နွား မြင်း ဆိတ် သိုး ချိုး ခါ စသောသတ္တဝါတို့ကိုသတ်၍ ၎င်းတို့၏ အသွေးအသားတို့ဖြင့် လူကို ပူဇော်စေခဲ့၏။ ထို အကြောက်စိတ်ပင် လူသားကို ဒူးထောက် ဝပ်တွား စေခဲ့၏။ ဘုရားကျောင်း နတ်ကွန်း နတ်စင်တို့ကို ဆောက်လုပ် စေခဲ့၏။ အဓိပ္ပါယ်မရှိသော ဆုတောင်းပတ္ထနာတို့ကို ရွတ်ဖတ် စေခဲ့၏။ ၎င်းသည် လူသားကိုမမှန်မုသား အမှားကို ဆိုပြော စေခဲ့၏။ လိမ်လည်စေခဲ့၏။ ဟန်ဆောင်စေခဲ့၏။ ထိုကြောက် စိတ်ကြောင့် လူသားသည် မှားယွင်းသော အရာများကို လုပ်ခဲ့ရ၏။ မိမိကိုယ်ကို မိမိယုံကြည်မှု ကိုးစားမှု အားထားမှု မိမိ၏ဉာဏ်ကိုအထင်ကြီးမှု အားကိုးမှုများကို ထိုကြောက် စိတ်ကပင် တိုက်ဖျက်ချေမှုန်းခဲ့လေသည်။

ထိုကြောက်စိတ်ကြောင့် လူသည် ဘုရားမှန်မှား၊ ဘာသာမှန်မှား စသည်တို့ကို မစစ်ဆေး မစုံစမ်းဝံ့ပဲ အကန်းပမာ သူတပါးတောင်ဝှေးဆွဲရာသို့ လိုက်ပါခဲ့ရ၏။ ထိုကြောက်စိတ်သည် လူသား၏ ဉာဏ်အမြင်ကို မှေးမှိန် စေခဲ့၏။ ကွေးကောက်စေခဲ့၏။ နေရာတိုင်း၌ ကြောက်စရာ တွေကို ထင်မြင်စေခဲ့၏။ လိုရင်းမှာ လူသတ္တဝါ၏ အမှား ဟူသမျှသည် ထိုကြောက်စိတ်၌ အခြေပြု၍ တည်နေကြ ကုန်၏။

လူသား၏ အသိဉာဏ်ကို ဖြောင့်စင်း၍ အလင်း ရအောင် လုပ်ပေးသူကား ဘာသာပင်ဖြစ်၏။ ဘာသာမှန် သည် အကောင်းနှင့် အဆိုးကိုခွဲခြား၍ပြခဲ့၏။ အကျိုးနှင့် အကြောင်းကို ထင်ရှားစွာ ဖော်ထုတ်ခဲ့၏။ အမှန်တခုကို

....

တွေမြင်တိုင်း၊ ကွေ့မြင်တိုင်း၊ လူသား၏အခြေအနေ တိုးတက်လာမြဲဖြစ်ခဲ့၏။ လူသည် သင်္ချိုင်းကျောက်ဂူတွင်းအောင်း၍ သားစိမ်းစား ဘဝမှ ယခုအခြေရောက်အောင် တိုးတက်လာခဲ့၏။ ၎င်းကား ဘာသာ၏ ကောင်းမှုပင် ဖြစ်တော့သည်။ လူ၏အသိဉာဏ် တိုးပွားကြွယ်ဝလာမှု ပိုမိုဖြောင့်မှန်မှု များကို ဘာသာမှန်ကသာ ဖြစ်စေနိုင်ခဲ့လေသည်။ လူသား၏ ဉာဏ် အမြင်ကြည် လင် ဖြောင့် မှန် လာလေလေ၊ ၎င်း၏ ချမ်းသာသုခလည်း တိုးတက်လေလေ ဖြစ်ခဲ့၏။

ထို့ကြောင့် ကြောက်စိတ် ပပျောက်၍ ရဲရင့်သော စိတ်ဓါတ် ကိန်းဝပ်မှု၊ လူသား၏ ဉာဏ်အမြင် ကြည်လင်မှု တို့သည် ဘာသာမှန်၏ အထွဋ်အထိပ် အကျဆုံး အမြင့်ဆုံး အကောင်းမွန်ဆုံး လုပ်ငန်းများဖြစ်သတည်း။

—()—

## ဒုတိယပိုင်း

## ဘုရားနှင့်-တရား

### အခန်း (၁)

ဤအခန်း ဆိုင်ရာ ပြဿနာများကို ဖြေရှင်း သုံးသပ်ခြင်းကိုမပြုမီ ဘုရားအမျိုးမျိုးနှင့် တရားအစားစားကို သိရှိနားလည် ထားသင့်ပေသည်။ ဘုရားနှင့် တရားတို့ကား ဘာသာနှင့် လူမျိုးအလိုက် ကွဲပြားသျက်ရှိချေသည်။

ထိုစကားမှန်လှ၏။ ပညာဉာဏ် အဆင့်အတန်း နိမ့်ကျသော(ဝါ)ခေတ်မမှီသော လူမျိုး၏ ဘုရားနှင့် တရားသည် ချို့တဲ့ခြင်း မပြည့်စုံခြင်း နိမ့်ကျခြင်း ယုတ်ညံ့ခြင်း စသော ချို့ယွင်းချက်များဖြင့် ပြည့်နှက်လျက် ရှိချေသည်။ ထို့ပြင်

ကြံရည် ဖန်ရည် ဉာဏ်ရည်ပြည့်ဝ စိတ်ကူးဉာဏ် အထက် တန်းကျသော လူတမျိုး၏ ဘုရားနှင့်တရားတို့မှကား၊ထို့ အတူပင် ဖန်ဆင်းတည်ထောင်သူ၏ အဆင့်အတန်းကိုလိုက်၍ အထက် တန်းကျ၍ ထူးခြားမွန်မြတ်သော လက္ခဏာ အပေါင်းနှင့်ပြည့်ဝနေလေသည်။စင်စစ်မှာ ဘုရားနှင့် တရား တို့သည် ၎င်းတို့ကိုဖန်ဆင်းတည်ထွင်သူ၏ အယူတ်အမြတ် ကို အမှီပြုကြလေကုန်သည်။

ထင်ရှားအောင် ပြရသော် ရှေးလူရိုင်းတို့၏ ဘုရားနှင့် တရားတို့သည်၊ယခုခေတ်လူများအတွက်ရယ်စရာသာဖြစ်ခဲ့ ၏။ သတ်မှု ဖြတ်မှု သွေးထွက်သံယိုဖြစ်မှု၌ ဝါသနာထုံသူ တို့၏ ဘုရားနှင့် တရားတို့သည် သတ်မှု ဖြတ်မှု စသည်တို့ ကိုသာ အားပေး ခဲ့လေသည်၊ မယား များများ ယူလေ့ ရှိသောသူများ လုပ်ယူလိုက်သော ဘုရားနှင့် ရေးဆွဲလိုက် သော တရားတို့သည်လည်း ၎င်းတို့၏ လက်သယ်ဖြစ်သော အသက်သခင် လူသား၏ အလိုကို လိုက်လျော၍ ဘုရား ကိုယ်တိုင်က မယားတွေ အများကြီးယူ၍ တရားကလည်း မယားများများ ယူသော အလေ့ကို ထောက်ခံရ၏။ ထို့ကြောင့် ဘုရားတွေအမျိုးမျိုး တရားတွေအဖုံဖုံ ဖြစ်ထွန်း ခဲ့ရလေသည်။

အချို့သော ဘုရားများသည် ပုံသဏ္ဍာန်မရှိ နိရာကာ ရ ဖြစ်ကြကုန်၏။ အချို့ကား ပုံသဏ္ဍာန်ရှိ၍ သာကာရ ဖြစ်ကုန်၏။အချို့ဘုရားတို့၏ ဥက္ကောင်း၌ ဦးချိုများ ပေါက် လျက်ရှိကြကုန်၏။အချို့ဘုရားများမှာလက်လေးဘက်(ဝါ) ရှစ်ဘက်ရှိကြကုန်၍ အချို့မှာ မျက်စိသုံးလုံး ရှိကြကုန်၏။ အချို့ဘုရားမှာ အတွယ်ပေါက်၍ အချို့မှာ ဆင်ခေါင်း

နှင့် လူကိုသိရှိကြကုန်၏။အချို့ဘုရားများမှာလူပျိုကြီးဖြစ်၍ အချို့ဘုရားတို့မှာ လူအိုများ ဖြစ်ကြကုန်၏။ အချို့သည် အသက်အရွယ်ကြီးမှ ဘုရားဖြစ်ကြ၍ အချို့မှာ ငယ်ငယ် ကပင် ဘုရားအဖြစ်သို့ ရောက်ခဲ့ကြကုန်၏။ အချို့မှာ အမြဲ တမ်း မအိုမသေ ဘုရားအဖြစ်၌ တည်နေခဲ့ကြ ကုန်၏။ အချို့ဘုရားများသည် ရုပ်ချော၏။ လှ၏။အချို့မှာ အကျည်း တန်၏။အချို့ဘုရားများသည် အချိုးကျ၏။ အချို့မှာ ချိုးမ ကျ။အချို့ဘုရားမှာသားမယားရှိ၍အချို့မှာမရှိကြလေကုန်။

ဤသို့စသည်ဖြင့် ဘုရားတွေ အစားစား ပေါ်များခဲ့လျှင် တရားတွေလည်း မိုးလိုပေါက် နေမည့်ကား ယုံမှားဖွယ်ရာ မရှိတော့ချေ။ ဘုရားနှင့် တရား အားလုံး ခြုံမိသော (၀၁) ငုံမိသော အတ္ထုပ္ပတ္တိ (၀၁) အခိပ္ပါယ် ဖေါ်ပြချက်တခုပြုလုပ် ခဲ့သော် အချို့ဘုရားနှင့် တရားများ လွင့်ပါးပျောက်ပျက်၍ သွားချေမည်။

သို့သော် ထိုအတ္ထုပ္ပတ္တိကို မထုတ်ပြမီ ကမ္ဘာ၏လူဦးရေ အများဆုံးတို့၏ ယုံကြည်ရာ လိုက်နာ ကိုးကွယ်ခြင်းကိုခံယူ နိုင်သော ဘာသာကြီးတို့၏ စာပေ ကျမ်းဂန်များ၌ ပါဝင် သည့်ဘုရားနှင့် တရားတို့ကို သိကားနှင့်ရန် များလှလိုလား အပ်လေသည်။

၎င်းစာပေတို့၌ ပါရှိသည့်အတိုင်း ဘုရားကား ဘယ်လို၊ တရားကားမည်သို့ဟုထင်လင်း သေချာသိရှိပြီးသော အခါမှ ကျွန်ုပ်တို့ဖေါ်ပြလတံ့သော ဘုရားတရား စစ်ဆေးနည်းဖြင့် ထိုထို ဘုရားတို့ကို စမ်းသပ်ကြည့်ရှုရာ၏။ ထိုသို့ကြည့်မှ သာလျှင်ဘုရားမှန်တရားစစ်ကို ရရှိနိုင်ပေလိမ့်မည်။

## "ဗုဒ္ဓဘာသာဘုရား"

ဗုဒ္ဓဘာသာဝင်တို့၏ အယူအဆအားဖြင့် ဇာတိအားဖြင့် ဖြစ်သောဘုရား (ဝါ) ဘုရားမျိုး၊ (ဝါ)အဖေ ဘုရားအမေ ဘုရားတို့မှ မွေးဖွားသောကြောင့်၊ သားလည်း ဘုရားဟူ၍ မရှိချေ၊ ပကတိအားဖြင့် မွေးခြင်း သေခြင်း ကင်းပြီး ဘုရား အဖြစ်၌ တည်နေသော ဘုရားကဖြစ်သော ဘုရားမျိုးကား ဗုဒ္ဓဘာသာဝင်တို့အတွက် ရယ်ဘွယ်ရာသာ ဖြစ်ချေသည်။

သို့ရာတွင် ဘုရားဆိုသော စကား လုံးကား ဤကမ္ဘာ လောကတခွင်၌ ယှဉ်ဇရာ၊ ပြိုင်စရာ၊ နှိုင်းစရာ ခိုင်းစရာမရှိ အဓိပတိအဖြစ်ဆုံး၊ အကောင်းဆုံး၊ အမွန်ဆုံး၊ အမြတ်ဆုံး ဂုဏ်ထူး ဘွဲ့ထူးဟူ၍မူကား အားလုံးသော ဗုဒ္ဓဘာသာဝင် တို့က ဝန်ခံနိုင်ကြလေသည်။

၎င်းဘုရားဆိုသော ဘွဲ့ထူးကား ဗုဒ္ဓဘာသာ ကျမ်းစာတို့ အရ တဦးထည်း တယောက်ထည်း ဆိုင်သော ဘိုးဘပိုင် မဟုတ်ချေ။ စင်စစ်မှာ အများနှင့်ဆိုင်သော ဘုံပိုင် ဘုံဆိုင် ဘွဲ့ထူးမျှသာ ဖြစ်လေသည်။

၎င်းသည် လူသတ္တဝါတိုင်း တောင့်တမျှော်မှန်းနိုင်သော ဘွဲ့ဖြစ်၏။ ထိုဘုရား (ဝါ) ဗုဒ္ဓ(ဝါ)သိသူ ဟူသောဘွဲ့ထူး ဂုဏ်ထူးကိုဆွတ်ခူးပန်ဆင်လိုသူသည်---

(၁) ဤလောကသား အားလုံးအတွက် မိမိ၏ အသက် ရော စည်းစိမ်ပါ ဘယ်အခါမဆို စွန့်လွှတ်နိုင်ခြင်း။

(၂) ကိုယ်ကျင့်ဘရား ဖေါက်ပြား ပျက်ယွင်းခြင်း မရှိ ပကတိဖြူစင်သော အကျင့်အာစာရကို အားထုတ်ခြင်း။

(၃) လောကရှိစည်းစိမ်ဥစ္စာ သားရောမယားပါငဲ့ညှာ

ခြင်းမရှိဘဲ အမှန်ကိုသိမြင် ရရှိရေးအတွက် စွန့်လွှတ်ပယ်ခွာ၍ ထွက်သွားနိုင်ခြင်း။

(၄) ရှိသမျှ အရာအားလုံးတို့၏ မမြဲသော သဘော၊ ဆင်းရဲသော သဘော၊ ရုပ်နှင့်နာမ်မှ တပါး အခြား အတ္တခေါ်သော သဘာဝမှ ဆိတ်သုဉ်းသော သဘော တို့နှင့် ပတ်သက်၍ အမှန်ကို မြင်သော အသိဉာဏ် ပညာကို ရအောင်အားထုတ်ခြင်း။

(၅) အမှန်ကိုသိရှိရေး၊ လောကတခုလုံး၏ လွတ်လပ်ရေးအတွက် မနေမနား ပျင်းရိ ငြီးငွေ့ခြင်း မရှိပဲ၊ အမြဲတစေ အားထုတ်ပြုလုပ်နေခြင်း။

(၆) အမှန် တရားကို ခေါင်းဆောင် ထားပြီးလျှင် ပေးထားသော ကတိ စကားကို ဘယ်အခါမျှ ပျက်ကွက် ရွေ့သွားခြင်းမရှိအောင် သစ္စာတည်ခြင်း။

(၇) တွေ့ကြုံခံစားရသော ဆင်းရဲဒုက္ခ၊ ပူဇော်၊ ပင်ပန်းမှုသမျှကို မငြီးမငွေ့ကြီးမားသော စိတ်ဓါတ်ဖြင့်၊ သည်းခံနိုင်ခြင်း။

(၈) အလွန်ခိုင်မြဲ၍ လှုပ်ရှားခြင်း မရှိသော စိတ်၏ ဆုံးဖြတ်မှုရှိခြင်း။

(၉) ပုဂ္ဂိုလ်မရွေး မုန်းသူ၊ ချစ်သူမရွေး၊ တပြေးတည်း သဘောထား၍ ချစ်ခင်နိုင်ခြင်း။

(၁၀) ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းစသည့် တို့ကြောင့် မတုန် လှုပ်ပဲ၊ ညီမျှစွာ သဘောထားနိုင်ခြင်းဟူသော (၁၀) ပါးသော အကျင့်ပူးအကျင့်မြတ် တို့ကိုပြုလုပ်အားထုတ်ရမည်။

ဤသတ္တလောကတခုလုံး၏ ချမ်းသာရွှင်ပျရေး၊ လွတ်လပ်ရေးအတွက် ဆောင်ရွက်လိုသော စိတ်ထားဖြင့်၊ ကြိုးစားအားထုတ်ရမည်။ ဤသို့ အားထုတ်သဖြင့် ပြည့်စုံခြင်းသို့ ရောက်သောအခါ ထိုသူသည် ဗုဒ္ဓ ဟူသော ဘွဲ့ထူးကို ပန်ဆင်နိုင်လေတော့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ ကျမ်းစာများအရ၊ ဘုရား(ဝါ) ဗုဒ္ဓအဖြစ်သို့ သွားသောလမ်းသည် လူအားလုံးအတွက် အမြဲပွင့်လျက်ရှိ၏။

ဤလောကဌ်အဆင့်အတန်း (ဝါ)ရာထူးခွဲခြားထားသကဲ့သို့၊ ဗုဒ္ဓ(ဝါ) ဘုရား အဖြစ်သည်၊ အမြင့်ဆုံး၊ အမြတ်ဆုံး အကောင်းဆုံး ရာထူးသာဖြစ်၏။ဤကား အခြားသောဘာသာတို့နှင့်မတူထူးခြား ကဲ့ပြားသော အချက်ဖြစ်သတည်း။

ထိုထို ကျင့်လမ်း [illegible] လမ်း၏ ခရီး အဆုံး ရောက်၍။ဗုဒ္ဓ (ဝါ)ဘုရားဟူသော ဘွဲ့ထူးကို ပန်ဆင်နိုင်ပြီဖြစ်သောဘုရား (ဝါ)ပုဂ္ဂိုလ်ထူး၏ဂုဏ်တော်တို့ကား—

(၁) စိတ်ဌ် တွယ်ကပ် တတ်သော၊ ငြိစွမ်းတတ်သော စိတ်၏ ရန်သူ အညစ် အကြေး ကိလေသာ မြူဟူသမျှကို သုတ်သင်ရှင်းလင်းပြီးခြင်း။

(၂)သိသင့် သိထိုက်သော တရား အချက် အလက်နှင့် သဘာဝ ဟူသမျှကို မိမိ၏ လုလ္လဝိရိယ ဉာဏ်အားဖြင့် သိမြင်ပြီးခြင်း။

(၃) အသိ စခမ်း အကျင့် စခမ်း တို့ဌ် ဆုံးခန်းတိုင် ရောက်ခြင်း။

(၄) အဖြစ်ဟူက မြူမျှမတင်၍ ကောင်းမြတ်ဖြောင့်မှန်သော ကျင့်လမ်း ဤလမ်း မဂ်စခမ်းဖြင့် ဖြောင့်တန်းစွာ ကျင့်ကြံလာခဲ့ခြင်း။

(၅) လောကအကြောင်းအရာ အဖြာဖြာကို သေချာစွာ ဝေဖန်ပိုင်းခြား၍ ပြတ်သားထင်လင်းစွာ သိမြင်ပြီးခြင်း။

(၆) ကိုယ်နှုတ်စိတ် သုံးပါးလုံးရိုင်းစိုင်း၍ထု ထိုင်းထိုင်း ဖြစ်နေသူ ဟူသမျှတို့အား အမှန် တရားကို ပြ၍ ယဉ်ကျေး အောင် ဆုံးမနိုင်ခြင်း။

(၇) အား လုံး သော သ တ္တ ဝါ တို့ ကို လမ်း ကောင်း လမ်းမှန် ညွှန်ပြ နိုင်ခြင်းကြောင့် ၎င်းတို့၏ ဆရာ အစစ် ဖြစ်ခြင်း။

(၈) အမှန်တရားကိုကြံစည်ခြင်း၊တွေးတောခြင်း၊ဝေဖန် ခြင်း၊ကိုယ်တိုင်လက်တွေ့ စမ်းသပ်ခြင်းတို့ဖြင့် ကိုယ်တိုင် ထိုးထွင်းသိမြင်ခြင်း။

(၉) မိမိ၏ စိတ်ကို အောင်မြင်ပြီး ဖြစ်၍ ၎င်း၏ အစိုးရ သခင် အာဏာရှင် ဖြစ်ခြင်းတို့ ဖြစ်သတည်း။၎င်းတို့ကား ဘုရားဘွဲ့ကို ခံယူရရှိပြီးနောက် ဖြစ်ပေါ်ထင်ရှား လာသော ဘုရားစစ် ဘုရားမှန်ပေပဲဟု၊ သိကြောင်း သိရာဖြစ်သော ဂုဏ်လက္ခဏာတို့ပေတည်း။

ထိုသို့သော ဂုဏ်လက္ခဏာတို့နှင့် ပြည့်စုံသော ဘုရား ဘွဲ့ ထူး ကို နောက် ဆုံး ဆွတ် ခူး ပန် ဆင် နိုင် သော ပုဂ္ဂိုလ်ထူးကား "သိဒ္ဓတ္ထဂေါတမ" ဖြစ်လေသည်။၎င်းသည် သာသနာမတိုင်မီ ၅၂၈ နှစ်ခြောက်ရာကျော်အခါ၌ ဖြစ်ပွားပေါ်ပေါက်လာခဲ့လေသည်။

ယခုအခါ ရှုမိဒေဝ်ခေါ်သော လုမ္ဗိနီဥယျာဉ်၌ ဖွားမြင်ခဲ့ ကြောင်းကို ထိုမီးရှူးသန့်စင်ရာ အရပ်၌ သိရိဓမ္မာသောက မင်းတြားကြီး ကိုယ်တိုင် စိုက်ထူ ခဲ့သော ကျောက်စာက ခိုင်မာစွာ ထောက်ခံချက်ပေးလေသည်။

ထိုကျောက်စာတိုင်ကား နေပါလိနယ်တွင်းသို့ လေးမိုင်ခန့်ရောက်၍ တိလာရ် (၀ါ) တရုပ်ခရီးသည် ရဟန်းတော်အရှင်ဟိယံဆိုင်၏ သွေးမြန်၏ အနောက်ဘက်မှာတည်ရှိ၏။ (85-11-E-Long-25-58-*N*-Lat.) ထိုကျောက်စာ တိုင်၏ အထွဋ်ဖြစ်သော မြင်းရုပ်ကား မိုးကြိုးခသဖြင့်၊ ယခုအခါ မရှိတော့ပြီ။ သို့သော် ကျောက်စာကား ကျောက်တိုင်၏ အောက်ခြေ၌ ရေးထိုးထားခဲ့သောကြောင့် မပျက်မစီးပဲ၊ ယခုတိုင် ပကတိအတိုင်း၊ ဇ ည်ရှိနေဆဲဖြစ်လေသည်။

## "ငှင်းကျောက်စာမူကား"

(၁) ဒေဝါနံ ပိယေန ပိယဒဿိနာ၊လာဇိနာ ဝီသတိ ဝဿာဘိသိတေန။

(၂) အတ္တန အာဂါစ မဟီယိတေ ဟိဒ ဗုဓ္ဓေ ဇာတေ သကျမုနီတိ။

(၃) သိလာဝိဂဍဘိစာ ကာလာပိတ သိလာထဘေ့စ ဉသပါပိတေ။

(၄) ဟိဒဘဂဝံ ဇာတေတိ လုမ္မ နိ ဂါမေ ဥဗလိကေ ကတေအဋ္ဌဘာဂိယေစ။

## "အဓိပ္ပါယ်ကား"

နတ်အပေါင်းတို့၏ ချစ်ခင် လေးမြတ် ခြင်းကို ခံယူ ရရှိသော မင်းကြီးကြီးသည် နန်းစံအနှစ် ၂၀၌ ကိုယ်တော်တိုင်ကြွလာပြီးသော်၊ သကျမုနိ ဗုဒ္ဓ ရှင်တော်ဘုရား မွေးဖွားတော်မူရာ အရပ်ကိုအရိုအသေပြုတော်မူ၏။ မြင်းရုပ်အထွဋ်

တပ်သောကျောက်တိုင်ကို စိုက်ထူစေတော်မူ၏။ ဤအရပ်၌ ရှင်တော်ဘုရား မွေးဖွားခဲ့ခြင်းကြောင့် လုမ္ဗိနီရွာကို မြေခွန် ဂပုံ ၂ ပုံသာ ကောက်ယူစေ။ ။[illegible]။

ကပိလဝတ္ထုမြို့ဟောင်း ဗာရာဏသီ မြို့၏ မြောက်ဖက် မိုင် ၁၀၀ ကျော်ခန့်မှာ တည်ရှိပေသည်။ [illegible] ယခု အခါ လူနေအိမ်ခြေလူဦးရေစိမ့်ကြီး မြို့ကြီးဖိုးသာခြင်း၊ တော ကြီး မြက်ခဲဖြစ်နေလေသည်။ ထိုမြို့၌ ရှေးကောင်တင်ပြောက် ထားသော၊ အကြီးအမှူး(ဝ)သမ္ဘာမင်းကား၊ သုဒ္ဓေါဒန ဖြစ်ခဲ့၏။ အကြောင်းကား၊ ထိုခေတ်သမယ၌ သကျနိုင်ငံ၏ အုပ်ချုပ်ရေးသည် ယနေ့ခေတ်ပေါ် ဒီမိုကရေစီအုပ်ချုပ် နည်းမျိုးပင် ဖြစ်ခဲ့သောကြောင့်တည်း။ ထိုသုဒ္ဓေါဒန၏ ကြင် ယာတော် မဟာမာယာဒေဝီသည် အာဂုမင်း ဖြိုးသော ကမ္ဘာ့ သက္ကရာဇ် ၆၀-ခု ဝိသာခပုဏ္ဏမီဖြစ်သော ကဆုန် လပြည့် သောကြာနေ့၌ သိဒ္ဓတ္ထကုမာရကို မီးရှူးသန့်စင် ဖွားမြင်ခဲ့လေသည်။

သိဒ္ဓတ္ထကုမာရသည် ထိုခေတ်အခါကခေတ်စားသော ဝိဇ္ဇာသိပ္ပဟူသမျှကို ကလေးအရွယ် ငယ်စဉ်ကပင် တဖက် ကမ်းရောက် တတ်မြောက်အောင် သင်ကြားခဲ့၏။ ၁၆-နှစ် အရွယ်သို့ရောက်သောအခါ မိဘတို့၏ သဘောတူညီချက် အရ၊ ယသော်ဓရာ မင်းသမီးနှင့် လက်ထပ်ခဲ့ရ၏။ ၎င်းတို့ နှစ်ဦးမှ ရာဟုလာမည်သော သားတယောက် ပေါက်ဖွား ဖြစ်ပေါ်ခဲ့လေသည်။

ဤသို့ သားမယား အခြွေအရံ ပေါင်းစိမ် ချမ်းသာ ပျော်စရာရှင်စရာ အခြားခြားတို့ဖြင့် ပြည့်စုံစွာနေထိုင်ရစေ ကာမူ၊ သိဒ္ဓတ္ထသည် ၎င်းတို့ကို သာယာ[illegible]ခြင်း မရှိခဲ့၊

အမြဲအားဖြင့် ကမ္ဘာ၏ဒုက္ခ ရောဂကြောင်းကိုသာ စဉ်းစား တွေးတော၍ နေခဲ့လေသည်။ ထို့ကြောင့် အသက် ၂၉-နှစ် သို့ ရောက်သော် ကမ္ဘာ၏ဆင်းရဲမှု ဟူသမျှ၏ အကြောင်း ကို ရှာဖွေရန် အရေးက ပိုမိုအရေးကြီး လာလေသည်။ ထို့ကြောင့် သူသည် ထီးရောနန်းပါ သားရော မယားပါ စည်းစိမ်ရော ချမ်းသာပါ သာမန်လူသားတို့ စွဲလမ်း တပ်မက်ဖွယ်ရာ ဟူသမျှကိုရဲဝံ့စွာ ပယ်စွန့်ပြီးတော့ထွက် လေသည်။

ထိုနောက် ၆ နှစ်တိုင်တိုင် မယိမ်းမယိုင်သောစွဲ စွဲမြဲ သော အဓိဋ္ဌာန် သူမတူတန် ပြင်းထန်သော ဝိရိယဖြင့် အမှန်တရားကို မနေမနား စူးစမ်းရှာဖွေခဲ့လေသည်။

ထို့နောက် သက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့်နေ့၌ပင် အလင်းဉာဏ်ကို ရရှိ၍ အမတဓါတ် အမှန်တရားမြတ်ကို တွေ့ရှိ သိမြင်တော်မူခဲ့၏။ ထိုအခါမှစ၍ ငယ်မည်ပျောက်၍ ဗုဒ္ဓဟူသောဘွဲ့ထူးအမည်ဖြင့် ကမ္ဘာ့ရာဇဝင်၌ ထင်လျှား ခဲ့လေသည်။

ယင်းသို့ ဗုဒ္ဓ (ဝါ) ဘုရားဘွဲ့ကို ပန်ဆင်ရရှိပြီးနောက် ဗာရာဏသီမြို့အနီး မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦး ဟောတော်မူ၏။ ဗုဒ္ဓ၏ ပဌမဆုံး တရားကား ဓမ္မစက္က ပဝတ္တန တရားပင်တည်း။ (ဝါ) တရားစကြာ လည်ပတ်သုတ်ဖြစ်၏။ (၎င်း၏ဘာသာပြန်ကို နောက်၌ဖော်ပြ ပေအံ့။)

သူသည် ၎င်းမိဂဒါဝုန်တော၌ ပဌမ ဝါ ကပ်တော်မူ၏။ ထိုပဌမဝါကျွတ်သောအခါ၌၊ ကမ္ဘာ့ရာဇဝင်၌ ထင်လျှား [illegible] သာသနာပြုစေလွှတ်ခြင်းလုပ်ငန်းကြီးကိုစခဲ့လေသည်

ချစ်သားတို့ လောကသားအားလုံး၏စီးပွားရေးကြီးပွားရေး တိုးတက်ရေး ချမ်းသာရေးအတွက် အမှန်တရားကို ပြကြလော့၊ ချစ်သားတို့ထွက်ခွါကြလော့၊ လှည့်လည်ကြလော့၊ အရပ်ဒေသတိုင်းသို့ သွားကြကုန်၍မြင့်မြတ်သော နမူနာကို ပြကြကုန်လော့။ အစ အလယ် အဆုံးသုံးပါးလုံး၌ အပြစ်ကင်းသော အမှန်တရားကို ပြကြလော့ဟု မိန့်မှာ၍ တပည့်အများကို သာသနာပြု စေလွှတ်တော်မူခဲ့လေသည်။ ဤကား ကမ္ဘာ့ရာဇဝင်၌ မဋ္ဌမရှေးဦးဆုံး သာသနာပြု စေလွှတ်သော လုပ်ငန်းဖြစ်ခဲ့၏။

ထိုအမိန့်ကို ရိုသေသောအားဖြင့်လည်း ဗုဒ္ဓဘာသာ သာသနာပြု ဆရာတော်များသည် မရောက်သော နေရာ မရှိလောက်အောင် လှည့်လည်ကြွသွားခဲ့ကြကုန်၏။ အမှန်တရားကို ဟောပြ ခဲ့ကြကုန်လေသည်။ ရောက်လေရာ အရပ်ရပ်တို့၌ ရှိနှင့်ရင်းဖြစ်သော ရိုင်းစိုင်းခြင်း ဟူသော အမှောင်ဓါတ်ကို ပယ်ဖျက်၍ အလင်းရောင် ဆောက်ပစေ ခဲ့လေသည်၊ ဗုဒ္ဓကိုယ်တိုင်လည်း ၄၅-နှစ်တိုင်တိုင် မရပ်မနားကြွသွားဖြန့်ချိ အမြတ်တမ်းဒေသစာရီ လှည့်လည်ခဲ့၍ ဒုက္ခဝန်ကို ထမ်းရသဖြင့် ပင်ပန်း နွမ်းလိုက်နေသော လောကသား အားလုံးတို့၏ အကျိုးစီးပွား တိုးတက် ကြီးပွားရေးအတွက် အမှန်တရား တည်းဟူသောစည်ကြီး ကို ရိုက်တီး ဆော်ဩခဲ့လေသည်။ ဗုဒ္ဓ ဝေါဟာရဝေါဟာရ ဆိုစဉ်နှင့်တကွ အလုပ်လုပ်သော အချိန်စာရင်းကိုပါ ပါဠိမှတ် တမ်းများ၌တွေ့ရှိရလေသည်။

ဒုတိယ တတိယ စတုတ္ထ သာတ္တရသမ ဝိကာတိပ ပါ ရာဇပြိုဟ်မြို့၌ဇင်း၊ ပဌမ တေရသမ အဋ္ဌာရသမ ဧကူနဝီ

သ ဝါ စာလိယတောင်၌ရှင်း ဆဋ္ဌမဝါ မကုဋလတောင်၌ရှင်း။ သတ္တမဝါ တာဝတိံသာ၌ရှင်း၊ အဋ္ဌမဝါ သုံသုမာရဂိရိမြို့၌ရှင်း၊ နဝမဝါ ကောသမ္ဗီမြို့၌ရှင်း၊ ဒသမ ဝါ ပုလလဲတော၌ရှင်း၊ ဧကာဒသမဝါ နာလာ ရွာ၌ရှင်း၊ ဒွါဒသမဝါ ဝေရဉ္ဇာမြို့၌ရှင်း၊ စုဒ္ဒသမ ဝါ ဇေတဝန် ကျောင်း၌ ရှင်း၊ ပန္နရသမ ဝါ ကပိလဝတ္ထုမြို့၌ရှင်း၊ သောဠသမ ဝါ အာဠဝီမြို့၌ရှင်း၊ ထို့ပြင် ၂၄ ဝါတိုင်တိုင် သာဝတ္ထိမြို့၌ရှင်း၊ နောက်ဆုံး ဝါ ဗေလုဝဂါမ်ရွာ၌ရှင်း၊ ကပ်ဆိုတော်မူခဲ့လေသည်။

အလုပ်ချိန်မှာလည်း တနေ့လျှင် နာရီပေါင်း ၂၀ ကျော်မျှ ရှိခဲ့လေသည်။ ထို့ကြောင့် ကမ္ဘာ့ရာဇဝင်၌ နှစ်ကာလ အကြာဆုံး နယ်မယ် အကျယ်ပြန့်ဆုံး တနေ့လျှင် အလုပ်ချိန်အများဆုံး အလုပ်လုပ်ခဲ့သော ဘုရားကား ဗုဒ္ဓဂေါတမ သာလျှင် ဖြစ်ခဲ့လေသည်။

ထိုသို့ ကမ္ဘာ့သူ ကမ္ဘာ့သား သတ္တဝါအပေါင်းတို့၏ အကျိုးကို သည်ပိုး ရွက်ဆောင်တော်မူပြီး၍ သက်တော် ၈၀ ဝါတော် ၄၅ ၌ မလ္လာတိုင်း ကုသိနာရုံမြို့ အနီး အင်ကြင်း ဥယျာဉ်တွင်း၌ ဒုက္ခဇာတ်သိမ်း၍ အငြိမ်းကြီး ငြိမ်းခဲ့လေသည်။ ထိုနေ့ကား မဟာသက္ကရာဇ် ၁၄၈--ခု ကဆုန်လပြည့် သောကြာနေ့ဖြစ်သတည်း။

ဤဗုဒ္ဓ ဂေါတမကား ဗုဒ္ဓဘာသာဝင်တို့၏ ဘုရားဖြစ်သည်။ ဤသို့ ကျင့်လာခြင်းကြောင်း ပြောနိုင်ကမ်းနိုင် ဖြစ်သော ဘုရားမျိုးကား ရှားလှ၏။ ထိုသို့ စည်းကမ်း အကျင့်စခန်း ပြည့်စုံ ရှိခြင်းကြောင့် သည်း ထို လမ်းစဉ်အတိုင်း လျှောက်ကျင့်ကြံခဲ့သော်၊ မည်သူမဆို ထိုမြင့်မြတ်သော

အဆင့် အတန်းသို့ ရောက်နိုင်ကြောင်း ဟူသောအချက်သည် ပိုမိုလေးနက် နိုင်ခဲ့လေသတည်း။

## "ဗုဒ္ဓဘာသာတရား"

ဗုဒ္ဓဘာသာ၌သာလျှင် အခြားသော ဘာသာနှင့် မတူပဲ တရား၏ဂုဏ် (၀၁) လက္ခဏာများကို တွေ့ရလေသည်။ အခြားသော ဘာသာဝင်တို့၏ အယူအဆအားဖြင့် တရားဆိုသောအရာသည် ဥာဝယက်ရှင်၏ မုက္ခပတ်နှုတ်တော်ထွက်ဖြစ်ရမည့် (၀၁) ဥာဝယ၏ မုက္ခပတ်မှသာလျှင်တရားဟူသော နာမံကို ခံယူနိုင်လေသည်။ ထိုသည့် ဥာဝယ၏ မုက္ခပတ်သည် အမြဲတစေ မှန်၍နေရမည်။ လူသတ္တဝါသား၏ အစဉ်းစားဥာဏ်နှင့် ကိုက်ချင်ကိုက် မကိုက် ချင်နေ (၀၁) လောက, သဘာဝ, ယုတ္တိ ရှိချင်ရှိ မရှိချင်နေ ဥာဝယ၏ စကားကို ပြန်လှန် စစ်ဆေးခြင်း မဆောင်ကြတက်ခြင်း ဝေဖန်ခြင်းမပြုဘဲ မျက်စိမှိတ်၍ ယုံကြည်ရမည်ဟု ဥာဝယဝါဒီတို့ကပြောဆိုကြကုန်၏။

သို့သော် ဗုဒ္ဓဘာသာ၌ကား ဤသို့မဟုတ်ချေ။ ဗုဒ္ဓဘာသာဝင်တို့ကား ဟောသူ ပြောသူရေးသားသူ၏ မျက်နှာကိုမလိုက်ပဲ ပေးထားသော ဂုဏ်လက္ခဏာတို့နှင့် ပြည့်စုံမှသာလျှင် အမှန်တရား အစစ်ဖြစ်သည်ဟု ယုံကြည်နိုင်ကြလေသည်။

## "တရား၏ဂုဏ်လက္ခဏာကား"

(၁) သန္ဒိနည်း။အလက်၂နည်း၊ဆန်းနည်းစသည့်တို့ဖြင့် ဘယ်လိုပင် စစ်ဆေးစမ်းသပ်စေကာ အပြစ် အနာ အဆာ

မတွေ့ရပဲ၊ ကောင်းမွန် ချောမွေ့သော ဂုဏ်တို့ဖြင့် ပြည့်စုံသော စာအသွားအလာရှိခြင်း။

(၂) အကြင်သူ တဦး တယောက်သည် တရားကို ကျင့်ကြံ၏။ လက်တွေ့စမ်းသပ် လုပ်ကိုင်ကြည့်၏။ ထိုသူသည် ကျင့်ကြံခြင်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော မွန်မြတ်သော အကျိုးကို ယခု မျက်မှောက်၌ပင် ခံစားရရှိနိုင်ခြင်း။

(၃) အခါမလင့်၊ အချိန်မဖင့်ပဲ။ ချက်ချင်း လက်ငင်း ကောင်းသောအကျိုးကို ဖြစ်ထွန်းစေနိုင်ခြင်း။

(၄) ယုံသူမယုံသူ တို့နှစ်လူတို့ကို စစ်ဆေးရန် ဆွေးနွေးရန်၊ စုံစမ်းရန် လက်တွေ့ စမ်းသပ် ကြည့်ရှုရန်၊ ဖိတ်မန္တက ပြုခြင်း(ဝါ)အခွင့်ပြုနိုင်ခြင်း။

(၅) အမှန်တရားကိုတကယ်တမ်းမဆုတ်တမ်းအဟုတ်တမ်း ကျင့်ကြံသူကို၊ သန္တာသုခ (ဝါ) ငြိမ်းသော ချမ်းသာ အစစ်သို့ရောက်အောင်ပို့ဆောင်တတ်ခြင်း။

(၆) အကြောင်း အကျိုးကို စဉ်းစား ဆင်ခြင် တတ်၍ အသိဉာဏ် အလွန်ထက်သန်သော ပညာရှင်ပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်တိုင် ကျင့်ကြံပါမူ မိမိတို့ကိုယ်တိုင်ပင် ထိုးထွင်း သိမြင်နားလည်နိုင်ခြင်း။

ဗုဒ္ဓဘာသာ တို့သည် ဤဂုဏ် လက္ခဏာ အင်္ဂါများနှင့် ပြည့်စုံသော တရားကိုသာ အမှန်ဟု လက်ခံနိုင်ကြပေမည်။ ၎င်းတို့သည် ဘယ်သူ ဘယ်ဝါ ဘယ်ဆရာ ဘယ်ဘုရား ကပင် ဟောဟော၊ ဟောသူ ပြောသူကို အလေး မပြု ဥပေက္ခာ ရှုပြီးလျှင်၊ အထက်ပါ ဂုဏ်လက္ခဏာ များနှင့်

ကိုက်ညီလျှင် အမှန်တရားဖြစ်ကြသည်ဟု ယုံကြည်နိုင်ကြလေကုန်သည်။

ထိုဂုဏ်အင်္ဂါလက္ခဏာတို့တွင်လည်း နံပါတ် ၂-၃-၄-၅- တို့သည်၊ အလွန်အကြူး အထူး အရေးကြီးသော ဂုဏ်တို့ ဖြစ်ကြကုန်၏။

လိုရင်းကား ဤဂုဏ် လက္ခဏာ တို့ဖြင့် အစစ် အဆေး အစမ်းအသပ်ခံနိုင်သော တရားမှသာလျှင် အမှန် ဟူသော ဝိသေသနပုဒ်ကိုခံယူနိုင်မည် ဖြစ်သတည်း။

ဗုဒ္ဓဘာသာဝင် အပေါင်းတို့၏ တရားသည် ပိဋကတ် ၃ ပုံ၊ နိကာယ်ငါးရပ်၌ ပါဝင်လေသည်။ ဓမ္မက္ခန္ဓာအားဖြင့် (၈၄၀၀၀) ရှိ၍အလွန် ကျယ်ဝန်းများပြား လေသည်။ ဗုဒ္ဓဂေါတမ ဘုရား ၄၅ နှစ်တိုင်တိုင် ဟောပြော ခဲ့သော တရားများကို အကုန်စုပေါင်းပြီး ကရောင်းရှစ်ချီးနှင့် ပုံရိုက်ခဲ့သော် စာမျက်နှာ ၁၅၀၀၀ ကျော် ရှိချေမည်။ ပိဋကတ် ၃ ပုံကား ပထမ ဝိနယ၊ ဒုတိယ သုတ္တ။ တတိယအဘိဓမ္မာ တို့ဖြစ်၏။

ထိုတွင် ပထမ ဝိနယ ပိဋကတ်ကို (၁)သုတ္တဝိဘင်္ဂ (၂) ခန္ဓက (၃)ပရိဝါရ ဟူ၍ခွဲခြားထားလေသည်၊ ၎င်းတို့၌ရဟန်းများကျင့်ကြံ လိုက်နာရမည့် သိက္ခာပုဒ်များ ပါဝင်လေသည်။

ဒုတိယ သုတ္တန်၌ဒီဃ မဇ္ဈိမ သံယုတ္တ အင်္ဂုတ္တရ ဟူသော နိကာယ်ကြီးလေးခု ပါဝင်လေသည်။ ဒီဃ၌ ရှည်လျားသော သုတ်များ၊ မဇ္ဈိမ၌ အလယ် အလတ် ဖြစ်သော သုတ်များ ပါဝင်၍၎င်းတို့၌သုတ်ပေါင်း (၁၈၆) သုတ်ပါဝင်လေသည်။ သံယုတ္တ၌သုတ်ပေါင်း(၅၅) ခုပါရှိ၍အကြောင်းအရာများကို အစီအစဉ်ကျကျ ဖော်ပြထား လေသည်၊ အင်္ဂုတ္တရ၌ကား

၁ ခု--၂ ခု--၃ ခု-- မှစ၍ ၁၁ ခု တိုင်အောင် အရေ အတွက် သင်္ချာတူ တရားများကို တခုစီ တခုစီ ခွဲခြားဖော်ပြ သွား လေသည်။ ၎င်းသည် အရှည်လျားဆုံးနိကာယ်ဖြစ်လေသည်။

တတိယဖြစ်သော အဘိဓမ္မာ ပိဋကတ်၌ ကျွန်ုပ် တို့သည် နက်နဲခက်ခဲသော ရုပ်နာမ်ဆိုင်ရာများကို နည်း အမျိုးမျိုးဖြင့် ဝေဖန်ထားသည်ကို တွေ့ရလေသည်။ ၎င်းပိဋကတ်ကို (၁) ဓမ္မသင်္ဂဏီ (၂) ဝိဘင်္ဂ (၃) ဓာတုကထာ (၄) ကထာဝတ္ထု (၅) ပုဂ္ဂလပညတ္တိ (၆) ယမက (၇) ပဋ္ဌာနဟူ၍ ၇ ပိုင်းခွဲခြား ထားလေသည်။ ၎င်းတို့တွင် ကထာဝတ္ထု ဟူကျမ်းသည် သာလျှင် နောက်အကျဆုံးဖြစ်၍ ရေးသားသူဂန္ထကာရက၏ အမည်ထင်ရှားလေသည်၊ ထို့ပြင် ပိဋကတ် နောက်ဆက် တွဲများလည်း များစွာ ရှိသေး၏။ သို့ရာတွင် ၎င်းတို့ကား အထက်ပါပိဋကတ်တော်များကိုသာအမှီပြုကြသောကြောင့် အထူးရေးသားဖော်ပြရန် လိုအပ်မထင်ပြီ။

## "နိဗ္ဗာန်"

ဗုဒ္ဓဘာသာဆိုင်ရာ ပါဠိအဘိဓာန် ဦးကာစာပေ အတွေ့ တွေ့တို့၌ အရေးကြီးဆုံး အဓိက အချက်ဖြစ်သော (ဝါ) ဗုဒ္ဓဘာသာဝင် လူရှင် ရဟန်းတို့ အာသာ ငန်းငန်း တွဲလမ်း တောင့်တ မရမနေသသောဖြင့် ရည်မှန်းအားပြုရာဖြစ်သော (ဝါ) ဆင်းရဲ ဟူသော ဒုက္ခ ဝန်ကို အားသွန် ကြိုးပမ်း၍ ထမ်းပိုး နေရသော လူသားတိုင်း လူသားတိုင်း အားထား ခိုမှီသင့်သော အရာကားအခြားမဟုတ် နိဗ္ဗာန်ပင်ဖြစ်၏။

၎င်းကားအများနားရှင်းအောင် ဟောပြောရေးသားရန် အလွန်ကြီး မလွယ်ကူလှသော သဘော တရား ဖြစ်ခဲ့၏။

ဟောပြောသူနာယူသူ ရေးသားသူ ဖတ်ရှုသူ နှစ်ဦး လုံးပင် မျက်တွေ့ ကိုယ်တွေ့ စိတ်တွေ့ ကာ တွေ့လေးချက်နှင့်ပြည့်စုံရန် လိုအပ်လေသည်။

ဟောပြောသူ ရေးသားသူ တို့က အားကြိုးမာန်တက် အဖက်ဖက်မှ လိုလေသေး မရှိအောင် ပြုသော်ငြားလည်း ကိုးကား၍ ဟောကြား ရေးသားကြ စေကာမူ နာယူ ဘတ်ရှုသူတို့၌ အတွေ့လေးချက်ဖူလုံခြင်း မရှိပါလျှင် သဲကွင်းရေကျသို့ အလ ဟဿ ဖြစ်တတ်ချေသည်။

ထို့ကြောင့်အတွေ့နှစ်စုံဖူလုံစေရန် အတန့်အသင့် အခွင့် အားလျော်စွာအားထုတ်ပြီးဖြစ်သော ကျွန်ုပ်တို့သည် နိဗ္ဗာန် ဟူသော သဘာဝဓမ္မကို ဝေဖန် ပိုင်းခြား၍ ရေးသားရာ၌ အတွေ့လေးခု ဗဟုသုတရှိသူ စာဖတ်ပရိသတ်များကိုသာ ဗဓာနအားဖြင့် ရည်မှန်းခဲ့လေပြီ။

ထိုနိဗ္ဗာန်ကား(နိ)ပုဒ်နှင့်(ဝါန)ပုဒ်တို့စပ်ပြီး ထုတ်လိုက် သောရုပ်ဖြစ်၏။ နိကားပဋိသေဓပုဒ်ဖြစ်၍ မရှိခြင်းအနက်ကို ဟော၏။ ဝါနပုဒ်မှာကား ဝါန ဒါန်အကပ်အစေး ချေးညော် ကော်ဟူသော အနက်တို့ကိုဟောလေသည်။နှစ်ပုဒ်စပ်လိုက် သောအခါ ဥပါဒါန် အကပ်အစေး ချေး ညော် ကော်မရှိ ဟူသောအနက် ဖွားမြင်လာလေသည်။ကိလေသာ ကုန်ခမ်း ခြင်း၊ ကဏှာကုန်ခြင်း၊ အာသဝေါ ခမ်းခြောက်ခြင်းစသော စကားများသည်လည်း ထိုအနက်၏ဖွားဖက်များသာဖြစ်ကြ ကုန်၏။ ထို့ပြင် အောက်၌ဖော်ပြထားသော ၎င်း၏ဖွားဖက် တော် (၄၀) ကိုလည်းသတိပြု၍ ကြည့်ရှုရာ၏။

# အသျှင်ဥက္ကဋ္ဌ ရေး

## “ နိဗ္ဗာန် ”

(၁) အစ္စန္တံ။ ။
ဘဝ စက်ကြီးကို ဖျက်ဆီး လိုက်ပြီး ဖြစ်၍ အလည့်ရပ်ခြင်းသဘော။

(၂) အကတံ။ ။
မည်သူ- မည်သို့- မည်သည့် အရာကြောင့် ဖြစ်လာရသည်မှ မရှိခြင်းသဘော။

(၃) အနုတ္တရံ။ ။
အစကားဦးမှာ အဆုံးက ဟိုမှာဟု လက်ညှိုး ထိုး၍ ပြစရာ မရှိခြင်းသဘော။

(၄) အစ္စုတံ။ ။
မွေးမှု ဖြစ်မှုကို နှုတ်ပြီးဖြစ်ခြင်းကြောင့် သေမှု ပျက်မှု မရှိခြင်းသဘော။

(၅) အသင်္ခတံ။ ။
ကံ စိတ် ဥတု အာဟာရတို့၏ ပြုမှု ပြင်မှုမှ ကင်းခြင်းသဘော။

(၆) အနိဒဿနံ။ ။
အာရုံ မျိုးစုံ၊ ဇာတ်သိမ်း မြုံသဖြင့် ဤလောက ဘုံယက် ဖြတ်ခြင်း သဘော။

(၇) အပလောကိတံ။ ။
ညစ်ကြေးမတင်၊ ချေးညှော်စင်သဖြင့်၊ ကြည်လင် တောက်ပခြင်းသဘော။

(၈) ပဏီတံ။ ။
ခံစားရသော လူသားကို မအိ မဝစေနိုင်သဖြင့် မွန်မြတ်ခြင်းသဘော။

(၉) သရဏံ။ ။
ဘေးရန်မျိုးစုံ အကူနိလုံသဖြင့် ခိုလှုံရာ ဖြစ်ခြင်းသဘော။

(၁၀) ခေမံ။ ။
ဘေးဆိုး ရန်ဆိုး အန္တရာယ်ဆိုး၊ အနာမျိုးတို့ မချဉ်းမကပ်နိုင်ခြင်းသဘော။

(၁၁) တာဏံ။ ။
ဘေးရန် ဒုက္ခ ဟူသမျှကို၊ တားမြစ်တတ်ခြင်းသဘော။

(၁၂) လေဏံ။ ။
မွေးခြင်း-သေခြင်း ဟူသော သာရဲတိရစ္ဆာန် အလိုက်ခံနေရသော သတ္တဝါ၏ ခိုအောင်းရာ လှိုဏ်ဂူသဘော။

(၁၃) ပရာယနံ။ ။
ဤလောကဥ္စတွေ့ကြုံရသော ဆင်းရဲဒုက္ခအပေါင်း မှလုံခြုံခြင်းသဘော။

(၁၄) သိဝံ။ ။
အပူဒုက္ခ ဟူသမျှတို့ မြူမျှမကြွင်းကျန်တော့ပြီ ဖြစ်၍ ငြိမ်းခြင်းသဘော။

(၁၅) နိပုဏံ။ ။
တကယ်တမ်း မလုပ်သူ - မကျင့်သူတို့ အဟုတ်တမ်း မသိနိုင် လောက်အောင် သိမ်မွေ့ခြင်းသဘော။

(၁၆) သစ္စံ။ ။
အမှားနည်းကို လွန်မြောက် နေသဖြင့် ဖေါက်လွဲ ဖေါက်ပြန် မရှိ ပကတိ မှန်ခြင်းသဘော။

(၁၇) ဒုက္ခက္ခယံ။ ။
ပူမှုဆူမှုမှုအစု၏ ကုန်ခြင်းသဘော။

(၁၈) အနာသဝံ။ ။
ယင်ကောင်သည် ရဲရဲနီအောင်တောံပ ပူပြင်းသော သံချောင်းသို့ မချဉ်း မကပ် မနား သကဲ့သို့ အာရုံငါးပါးတို့ မချဉ်းကပ်မငြိတွယ်ခြင်း သဘော။

(၁၉) ပါရံ။ ။
ဒုက္ခ ဟူသော ဤမှာဘက်ကမ်းမှလွန်မြောက်၍ ထိုမှာ ဘက်ကမ်းသဖွယ် ဖြစ်ခြင်းသဘော။

(၂၀) ပရံ။ ။
မဂ်ဖိုလ်တို့ အာရုံ သုခချမ်းသာ အလုံးစုံ တို့၏ အထွတ်အထိပ်ဖြစ်၍ အမြင့်မြတ်ဆုံးသဘော။

(၂၁) မောက္ခံ။ ။
သတ္တဝါကို ဆင်းရဲဒုက္ခတွင်းမှ အရှင်း ကင်းလွတ်စေတတ်သောသဘော။

(၂၂) နိရောဓံ။ ။
ရုပ်နာမ်ဟူသော ဒုက္ခ၏မှိုရာများကို ဖျက်သိမ်း ပြီးခြင်းသဘော။

(၂၃) အနိဒဿနံ॥ ॥

လုလ္လအား၊ ဉာဏ်အား၊ ချို့တဲ့ လျော့ပါးသော သာမန်လူသားတို့ ဉာဏ်မျက်စိ၌ ထင်မြင်နိုင်ခြင်း မရှိသော သဘော။

(၂၄) ဓုဝံ॥ ॥

ဖြစ်မှု ပျက်မှု ပြောင်းလဲမှုအားလုံး ချုပ်ငြိမ်းကုန်ဆုံးသဖြင့် မြဲခြင်းသဘော။

(၂၅) အဗျာပဇ္ဈံ॥ ॥

အာရုံရန်သူ ပူပူသမျှတို့၏ အနှောင့်အယှက်တို့မှ ကင်းလွတ်ခြင်းသဘော။

(၂၆) ဒီပံ॥ ॥

အမြင့်ဆုံးအမြတ်ဆုံးဖြစ်၍ ဘေးရန်အကင်းဆုံး ကိုယ်ကျွန်း ဖြစ်ခြင်းသဘော။

(၂၇) ဝိဝဋ္ဋံ॥ ॥

ဖြစ်ချီပျက်ချီ ဘဝစက်၊အလည့် ရပ်ခြင်းသဘော။

(၂၈) ကေဝလံ॥ ॥

ကုစရာ ယှဉ်စရာ နှိုင်းစရာ မရှိအဒုတိယ တခုတည်း တည်ခြင်းသဘော။

(၂၉) အနီတိကံ॥ ॥

ရောဂါဘေးဆိုး၊ ရန်အမျိုးမျိုး တို့မှ ကင်းဝေးသဖြင့် ငြိမ်ခြင်းသဘော။

(၃၀) အနာလယံ॥ ॥

မျှားဖွာအာရုံ ကာမဂုဏ် တို့ကိုတပ်ငြိစွဲလမ်း တောင့်တမှုမှ ကင်းခြင်းသဘော။

(၃၁) အက္ခယံ॥ ॥
မည်သူ - မည်ဝါ မည်မျှ တန်ခိုးကြီးသောသူမှ ဖျက်လို့ မရခြင်း သဘော॥

(၃၂) ဝိမုတ္တံ॥ ॥
အဖြစ်ရှိက အပျက်ရှိရသော အဆင့်အတန်းမှ လွတ်မြောက်ခြင်းသဘော॥

(၃၃) အပဝဂ္ဂံ॥ ॥
မည်သူမည်ဝါ မည်သည့် သတ္တဝါသာလျှင် နိဗ္ဗာနအဆင့်အတန်းသို့ ရောက်စေဟု လူဖြူ လူမဲ နှာခေါင်းချွန်ပြား ခွဲခြားခြင်း မရှိသော သဘော॥

(၃၄) ဝိရာဂံ॥ ॥
အညစ်အကြေးမတင် သန့်စင်ခြင်းသဘော॥

(၃၅) ယောဂက္ခေမံ॥ ॥
ယောဂဟူသော နှောင်ကြိုးတို့ကို လက်စသတ် ဖြတ်ခြင်းသဘော॥

(၃၆) ဝိသုဒ္ဓိ॥ ॥
ဘဝဒျေးညှော် တို့ကို ဆေးလျှော်သုတ်သင်ပြီး၍ ဖြူစင်ခြင်း သဘော॥

(၃၇) နိဗ္ဗုတံ॥ ॥
အပူမီးဟူသမျှတို့ကိုသတ်ငြိမ်းပြီးခြင်းသဘော॥

(၃၈) အနာဒိ॥ ॥
မည်သူမည်ဝါက ပြုလုပ်ဖန်တီးသဖြင့်ပေါ်ပေါက် လာရခြင်း မဟုတ်သောကြောင့် အစမရှိခြင်း သဘော॥

(၃၉) အမတံ။ ။
ဖြစ်ခြင်း မရှိ၍ သေခြင်း မရှိသောသဘော။

(၄၀) သန္တိ။ ။
အလိုမီး---အမျက်မီး---အမှောင်မီးတို့ လက်စသတ် ကင်းငြိမ်းပြီးဖြစ်၍ ပကတိငြိမ်သောသဘော။

ဤသို့စသည်ဖြင့် နိဗ္ဗာန်၏ သဘောမှန်ကို အကွင်းသား အကွင်းသား ထင်လျှားစေသောပုဒ်များကို ပါဠိအဋ္ဌကထာ စသည်တို့၌ အကြောင်းအရာ အခွင့်အခါ အားလျော်စွာ ဗုဒ္ဓဂေါတမ ကိုယ်တိုင်နှင့် နောက်ခေတ်ပေါက်ဖွား ဆရာအများတို့ သုံးစွဲခဲ့ကြကုန်၏။

ဖော်ပြပါရာနိဗ္ဗာန်၏အခြင်းအရာအာကာရလက္ခဏာပြ ပုဒ်များကို တွေးတွေးတောတော အတွင်းရော အပြင်ပါ သေချာစွာစဉ်းစားဝေဖန်ခဲ့သော် နိဗ္ဗာန်သည်ဂုဏသဘာဝ (ဝါ) ဂုဏ်သဘော သက်သက် ဖြစ်ကြောင်းကို မချွတ်မုချ တွေ့မြင်ရချေမည်။

သို့ဖြစ်လျှင် ဂုဏ်နှင့်ဒြပ် ကပ်လျက်ရှိရမည် ဟူသော ပရိဘာသာအရ ထိုဂုဏ်၏မှီရာတည်ရာဒြပ်ကို သိရှိနားလည် ရန် အရေးကြီးလေသည်။ ဂုဏ်နှင့်ဒြပ် မခွဲခြားမှုကြောင့် အများသောသူတို့သည် ဂုဏ်ကိုချည်း ရည်မှန်း တောင့်တ၍ တဖွဖွ ဆုတောင်းနေခဲ့ကြကုန်၏။ အလင်းဟူသောဂုဏ်ကို အလိုရှိသူသည် ထိုအလင်းရောင်ကို ရရှိရန် ဆုတောင်း မနေပဲ မီးအိမ် မီးခွက်ကို ရရှိအောင် ဖန်တီးပြင်ဆင်ထားလျက် လိုက်လျှင် အလင်းရောင်ရရှ ကိုဋ္ဌယဝတည်း ပြည့်စုံသည်၏ အဖြစ်ကို မေ့လျော့ခဲ့ကြကုန်၏။

ထို့ကြောင့်နိဗ္ဗာန်ဟူသော ဂုဏ်၏မှီရာဖြစ်ကား အဘယ်နည်း?ဟူသော ပုစ္ဆာကို ရှေးဦးစွာ ထုတ်သင့်လေသည်။ ၎င်း၏အဖြေဝိသဇ္ဇနာကိုကား။

ဣမသ္မိံ ယောဝကဠေဝရေဗျာမ မတ္တေသဝိညာဏကေသမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိ ပဋိပဒဉ္စ။
လောကသည်၎င်း၊ လောက၏ ဖြစ်ကြောင်းသည်၎င်း၊ လောက၏ချုပ်ရာနိဗ္ဗာန်သည်၎င်း၊ ၎င်းသို့ ရောက်ကြောင်း လမ်းစဉ်မှန်သည်၎င်း၊စိတ်အသက်ဝိညာဏ် တင်းလင်းရှိသော တလံမျှလောက် ရှည်လျားသော ခန္ဓာကိုယ်အတွင်း၌သာရှိသည်ဟု ငါကျေညာ၏ဟူသော သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌ တွေ့ရှိနိုင်လေသည်။

ဤပါဠိတော်အရ နိဗ္ဗာန်ဟူသောအလင်းရောင်ကားဘုရားရဟန္တာတို့၏ ခန္ဓာငါးရပ်ဟူသော အခြေတည်၌ အမှီပြုသည်၏အဖြစ် တထင်ထင် သိမြင်နိုင်၏။

ထို့ပြင် "အဓိဂန္တွာ အညံ နိဗ္ဗာနံ နပဟာယ ဝတ္တတေ။ နိဗ္ဗာန်ကားတခြား ခန္ဓာကား တခြားဟု မဆိုကောင်းချေ ဟူသော ကထာဝတ္ထု ပါဠိတော်နှင့် နိဗ္ဗာနံပိ ခန္ဓပဋိဗဒ္ဓမေဝ. နိဗ္ဗာန်သည်လည်း ခန္ဓာနှင့် စပ်လျက် တည်ရှိသည်သာလျှင်တည်း ဟူသော ဝိသုဒ္ဓိမဂ် မဟာဋီကာတို့လည်း အထက်ပါ သံယုတ်ပါဠိတော်ကို လေးနက်စွာထောက်ခံကြကုန်၏။ ထိုမှတပါးနိဗ္ဗာန်၏ သဘာဝအမှန်ကို ဖော်ပြသော ပါဠိအဋ္ဌကထာ ဋီကာတို့လည်း မြောက်မြားစွာ ရှိကြကုန်သေး၏။ သို့ရာတွင် ဤမျှသောကိုးကားချက်ဖြင့်ပင် နိဗ္ဗာန်၏ ဂုဏသဘာဝ ဖြစ်သော အချက်မှာ လုံးဝပြည့်စုံ ဖူလုံ

ပြီဖြစ်၍ အကျယ်တဝင့် ဆင့်ကာဆင့်ကာ ဖော်ပြနေရန် မလိုတော့ပြီ။

နိဗ္ဗာန်ဟူသည် ဝါနဟူသော တဏှာမှ ထွက်မြောက်ခြင်း ကိလေသာ အပူဟူသမျှတို့၏ ငြိမ်းခြင်း သဘာဝမျှ ဖြစ်၏။

ဤအချက်၌ အငြင်းထွက်ဘွယ် မလိုချေ။ ထိုနိဗ္ဗာန် ဟူသော ဂုဏသဘာဝ၏ မှီရာ တည်ရာဒြပ်ကား ဘုရား ရဟန္တာတို့၏ ခန္ဓာငါးရပ်ဖြစ်သည်ဟု ဆိုခဲ့ရာတွင် ထိုခန္ဓာ ငါးခုကို ခွဲခြားရန်လိုလာသည်။ ယင်းသို့ ခွဲခြားလိုက်သော အခါ ရုပက္ခန္ဓာတခု၊ အရူပက္ခန္ဓာ (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ)လေးခုကို ရရှိလေသည်။

ထိုတွင် အရူပက္ခန္ဓာလေးခုသည် ရုပက္ခန္ဓာ၏ ဂုဏ်များပင် မဟုတ်တုံလော? နိဗ္ဗာန်သည် ထိုကဲ့သို့သော ဂုဏ်မျိုးပင် ဖြစ်လေသလော? ဟူ၍ လင်းပါးဘွယ်ရှိသော ပြဿနာကို အားနှင့်မေးသင့်လှ၏။ ထိုဝေဒနာ၊သညာ၊ သင်္ခါရ၊ ဝိညာဏ ဟူသော အရူပက္ခန္ဓာ လေးပါးတို့သည် အမှန်အားဖြင့် ရုပက္ခန္ဓာ၏ ဂုဏ်တို့သာ ဖြစ်ကြကုန်၏။

သို့ရာတွင် ဂုဏ်ဟူသည်လည်း (၁) အဖြစ်ဂုဏ် (၂) အနှစ်ဂုဏ်ဟူ၍ နှစ်မျိုးရှိ၏။ ဆိုအပ်ခဲ့ပြီးသော အရူပက္ခန္ဓာ လေးပါးတို့သည် အဖြစ်ဂုဏ်တို့သာ ဖြစ်ကြကုန်၏။

ထိုတွင် အဖြစ်ဂုဏ်ဆိုသည်ကား အဇ္ဈတ္တရုပ်ကလာပ်တွင် ရှိသော ပသာဒရုပ်ကြည်နှင့် ဗဟိဒ္ဓမှာရှိသော သက်ဆိုင်ရာ အာရုံ တခုခုတို့ တွေ့ကြုံသိခိုက်မိသော အခါမှ ဖြစ်ပေါ် ပေါ်ပေါက်လာသော ဂုဏ်ဖြစ်သည်။ ရုပ်ကလာပ်တွင်ရှိသော စက္ခုပသာဒ ဟူသော မျက်စိအကြည်ရုပ်သည် အကြင်အခါ

၌ ရူပါရုံဟူသော ဗဟိဒ္ဓအဆင်းရုပ်နှင့် တိုက်ဆိုင်သိခိုက် မိ၍။ ထိုအခါဝေဒနာ သညာစသော ဂုဏ်တို့သည်ဖြစ်ပွား၍ လာကြကုန်၏။ ဓါတ်မီးခြစ်ခေါ် အရာဝတ္ထုတွင် သံဘီး ကလေးကိုရင်း၊ကျောက်ခဲငယ်ကိုရင်းအမှီပြု၍မီးပွင့်ကလေး ဖြစ်ပွားလာသကဲ့သို့**တ**ည်း။

ထိုပြင် အနှစ်ဂုဏ်ဆိုသည်မှာ တစုံတခုသော ဗဟိဒ္ဓ ဝတ္ထုပစ္စည်းကို အမှီပြု၍ ပေါ်ပေါက်လာရသော သဘော မဟုတ်မူ၍၊ ၎င်း၏အလိုလို ပင်ကိုယ်သဘာဝ အတိုင်း ဖြစ်နေသော ဂုဏ်မျိုးဖြစ်သည်။

ဥပမာ။ စိန်ကောင်း မြကောင်းတို့မှထွက်သောအရောင် ကဲ့သို့တည်း၊ ထိုအရောင်သည်ညဉ့်အမှောင်တွင်းမှာဖြစ်စေ၊ နေ့ခင်းမှာဖြစ်စေ၊ဗဟိဒ္ဓ ပစ္စည်းဝတ္ထုတခုခုကိုမျှ အမှီမပြုပဲ အမြဲတစေ ထွန်းလက်၍နေမြဲဖြစ်ပေသည်။

ဤဂုဏ်နှစ်မျိုးတို့တွင် နိဗ္ဗာန်ဟူသည့် မုချအားဖြင့် အနှစ် ဂုဏ်ဖြစ်၏။ ထိုအနှစ်ဂုဏ်သည် ဘုရားရဟန္တာတို့၏ ခန္ဓာ ငါးပါးဟူသော စိန်တုံး မြခဲမှ အမြဲထွက်လျက် နေလေ သည်။

ခီဏာသဝ ပုဂ္ဂိုလ်(ဘုရား နှင့် ရဟန္တာ)၏ ခန္ဓာငါးပါး နှင့် ပုထုဇ္ဇန်တို့၏ခန္ဓာငါးခုတို့သည် စကျင်ကျောက်ခဲ (ဂါ) ကျောက်စရိုက်ခဲနှင့် စိန်တုံးမြခဲတို့ ကွဲပြားသလောက်ပင် ကွဲပြားခြားနားချေသည်။ စိန်နှင့်မြတို့၌အကျိုးဝင်သော ဓါတ် သဘာဝတို့သည် နာမဒဗ္ဗအားဖြင့်၎င်း၊ သဘာဂဒဗ္ဗအားဖြင့်၎င်း၊ တူသည်ဟု ယူမြင် မှတ်ယူရစေကာမူ အခြေအနေအားဖြင့် မူကား နှိုင်းစာ၍မဖြစ်နိုင်လောက်အောင် ကွဲပြားခြားနား

လျက်ရှိသည်၏ အဖြစ်ကား လူတိုင်း မြင်နိုင်သည်၏ အချက်ဖြစ်ချေသည်။

ခီဏာသဝတို့၏ ခန္ဓာငါးရပ်ကား ဆိုလတ္တံ့သော ဗောဓိပက္ခိယ တရား (၃၇) ပါးတို့ဖြင့် မွမ်း၍ထုံ၍ ထားအပ်လေသည်။ ဤသို့အမြဲ နိစ္စပါတ် မွမ်းထုံ၍ ထားအပ်သောကြောင့် နိစ္စဓူဝ အဝိနာသီ သဘောအားဖြင့် အမတရသနှင့် သန္တိသုခ ကို ခံစားနေသည်ဟု ဆိုနိုင်ပေသည်။ ဥပမာ မံသောဒနဟု ဆိုအပ်သော သားပွမ်းအာဟာရကို ပြုပြင်စီမံသကဲ့သို့ကားသည်။ ရိုးရိုးသာမန်ဖြစ်သော အမဲသားနှင့် ဆန်ကိုအမွှေးအကြိုင် အနံ့အရသာကို ဖြစ်စေတတ်သော ဟင်းခတ်စရာ မဆလာ ၃၇ မျိုးတို့ဖြင့် မွှေးထုံ အပ်သော သားပွမ်းအာဟာရ၏ အရသာကဲ့သို့ပင်တည်း။

အဘိုရှိနိုး၍ အကျဉ်းချုံးရပေသော် အကြင် လူသတ္တဝါ တယောက်၏ ခန္ဓာငါးပါးသည် အကြင်အခါ၌ ထို ၃၇ ပါးသော ဗောဓိပက္ခိယ ဟင်းခတ်စရာအမွှေးအကြိုင် မဆလာတို့ဖြင့် ထုံအပ်၏။ မွမ်းအပ်၏။ ထိုအခါထိုလူသတ္တဝါ၏ ငါးပါးသော ခန္ဓာတို့တွင် အမတ ရသ ပြန့်နှံ့ လွှမ်းမိုး၍ တည်ရှိလာလိမ့်မည်။ ၎င်းသည်ပင် သန္တိသုခ (ဝါ) နိဗ္ဗာန်အစစ်ဖြစ်လေတော့သတည်း။

## "ပယ်ရမည့်တရား"

ဤလောက၌ ထင်ရှားရှိသော ဘာသာအချို့ကို တည်ထောင်ခဲ့ကြသော ဘာသာ ခေါင်းဆောင် အချို့ပင် သတိ ဖူးဖူးယောင်ပွ ငန်းမန်းယနေသောအနာကို မြင်၍ ထိုအနာကြောင့် ဖြစ်ပေါ်လာသော ပြင်းရှဲ့ဝေဒနာသည် ကြွက်စူးရှ

ယက်မြက် အခံရ ခက်ပေရာ၏ဟု သိနားလည်၍၏။ ထို့ပြင် ပြင်းထန်သောဝေဒနာကို ဖြစ်ပေါ်စေတတ်သော ထိုအနာ ကြီး ပျောက်ကင်းသွားခဲ့လျှင်လည်း အလွန်အမင်း ချမ်းသာ ခြင်းကြီးမက ချမ်းသာပေရာ၏ဟုလည်း သိမြင်ကြကုန်၏။ သို့သော်ထိုအနာဆိုးကြီးဖြစ်ပေါ်လာရခြင်း၏အကြောင်းကို မူ မရိပ်မိ မသိရှိသော ဆေးသမားကဲ့သို့ အနာပျောက်ကင်း သူ၏ချမ်းသာသုခကိုသာ အလှုပ်းတကြီးဟောခဲ့ပြောခဲ့ကြ ကုန်သည်။

အနာမသိ ဆေးမရှိဟူသကဲ့သို့ အနာ၏ အကြောင်းကို မသိဘဲ ပေးသော ဆေးသည် ဘေးဖြစ်တတ် ကြောင်းကို မေ့လျော့ ခဲ့ကြကုန်၏။

အနာ၏ အကြောင်းရင်းနှင့်တကွ ထိုဝေဒနာရှင် ရှောင် ရမည့်အစာ ဆောင်ရမည့် အစာတို့ကို စည်းကမ်း တကျ ညွှန်ကြားပေးခဲ့ခြင်း မရှိခဲ့ကြကုန်။ ထို့ကြောင့် ၎င်း တို့သည် အနာကိုလည်းမသိ၊ ၎င်း၏ အကြောင်းကိုလည်း မသိ၊ ဆေးဝါးလည်းမရှိဘဲ အနာပျောက်ကင်းလျှင် ချမ်းသာ ပါသဲ ဆိုသောအချက်တခုကို သိကာမျှဖြင့် ဆေးဆရာ လုပ်နေကြသူနှင့် တူကြကုန်၏။

သို့သော် ဂေါတမဗုဒ္ဓကား ဤသို့မဟုတ်ခဲ့ချေ။

ရောဂါ အနာ၏အကြောင်း၊ ထိုအနာပျောက်ကင်းစေရန် အတွက်ဆေးနှင့်ဓါတ်စာ၊ ပျောက်ကင်းပြီးသောအခါ၌ ရှိ ခံစားရပေတော့မည့် နိဗ္ဗာန်ဟူသော အခြေအနေကိုပါ ပြည့်စုံ စွာ ညွှန်ပြခဲ့ပေသည်။

အနာပျောက်ရေးအတွက် ဆေးကောင်းစေကာ ရှောင်စား သောင်စာ(၀၁)ခုတ်ကြိုက် မာဟ်ခိုက် စားတို့သည်လည်း

များစွာအရေးကြီးကြကုန်၏။ ထိုတွင် ကျွန်ုပ်တို့သည် ခိုက်စာ (ဝါ) ရှောင်စရာဖြစ်သော ပဟာတဗ္ဗပယ်ရမည့်အချက်တို့ကို ရှေးဦးစွာ ဖော်ပြပေအံ့။

မိမိကိုယ်တိုင် နိဗ္ဗာန အဆင့်အတန်း (ဝါ) အခြေအနေသို့ ရောက်လိုသော လူသားကို ကုပ်နှောင်ဖွဲ့စည်းထားသော လက်ထိပ်သံခြေကျဉ်းတို့ကား (၁၀) ကွင်းရှိချေသည်။ လူသားသည် ထို (၁၀) ကွင်းတို့ကို ရှေးဦးစွာ ချိုးဖျက် ပစ်ရချေမည်။ ။

(၁) သက္ကာယဒိဋ္ဌိ။

သဘာဝ အမှန်ကို မမြင်ခြင်းကြောင့် သက်ရှိသက်မဲ့ ရုပ်ပစ္စည်းတို့၏ ရှေ့၌ ငါဟူသော စာလုံးတပ်နေခြင်း။

(၂) ဝိစိကိစ္ဆာ။ ။

သို လော သို လော တွေး တော ၍ အမြဲ တစေ သံသယရှိနေခြင်း။

(၃) သီလဗ္ဗတပရာမာသ ။ .

ဆု တောင်း ခြင်း၊ ယဇ် ပူ ဇော် ခြင်း၊ နတ် ကိုး ခြင်း၊ ပသ ခြင်း၊ ဝါကာ ပန္နက် ရှက်ဖတ်ခြင်း။ တန္တရ (ဝါ) ရိက်တိုက်ရွတ်ခြင်း။ ယဖြာချေခြင်း၊ ဗေဒင်ယုံခြင်း၊ မှားယွင်းသော အကျင့်ကို ကျင့်ခြင်း၊ ကိုယ်၏ပင်ပန်းမှုကို ပြုလုပ်ခြင်း စသည်တို့ဖြင့် စိတ်၏ သန့်ရှင်းစင်ကြယ်ခြင်း (ဝါ) နိဗ္ဗာန အဆင့် အခြေသို့ရောက်ခြင်း ဖြစ်နိုင်သည်ဟု ယုံကြည့်ငြာလိုက်နာမှုကို ဆိုလိုသည်။

ဤ ၁-၂-၃- ဟူသောလက် ထိပ်ခြေကျဉ်း ၃ ကွင်း

ကို ပယ်ရှင်း ဖြတ်တောက်ပြီးသော လူသား၏ စိတ်ဓာတ်သည် သောတာ ပတ္တိ အဆင့်အတန်း သို့ရောက်လေတော့၏။

(၄) ကာမရာဂ ။ ။
၎င်း ကား အ ဆင်း အ သံ စ သည့် မျိုး စုံ နှစ်သက်ဖွယ်ရာ ခင်မင်တွယ်တာဖွယ်ရာ ကာမ အာရုံတို့၌ ကပ်ငြိမှု စွဲလမ်းမှု သဘောပင်တည်း။

(၅) ပဋိဃ။ ။
ပ ဋိ မ ခြောက် ချိုး ဖေါက် ပယ် ဖျက် ရ မည့်သံခြေကျဉ်းကားဒေါသ (ဝါ) မုန်းတီးစိတ် ဖြစ်၏။ ၎င်းကို မေတ္တာ ချစ်ခြင်း။ ကရုဏာ၊ သနားခြင်း။ မုဒိတာ၊ ဝမ်းမြောက်နိုင်ခြင်း။ ဥပေက္ခာ၊ သာ နာမရှိ ညီမျှသော သဘော ထားနိုင်ခြင်းဟူသော အမြတ်တရား ၄-ပါး ကို ပွားများခြင်းဖြင့် ပယ်ဖျက်ရာ၏။ ဤသို့ ဆိုအပ်ပြီး သော သံခြေကျဉ်းကို ပယ်ဖျက်ပြီးသော လူသား ၏ စိတ်သည် သကဒါဂါမိ အနာဂါမိ အဆင့် အတန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လေ တော့၏။

(၆) ရူပရာဂ။ ။
ဒို့တွေ ဝါ ဒ အ ရ ရုပ် ဈာ န် ပါ တွဲ၍ အထက်ကောင်းကင်ဘုံနန်း၌၊ မနည်းသော ချမ်းသာသုခကို ခံစား ခံ စား ရလိမ့်မည် ဟု ယုံကြည်ခြင်းသဘော။

(၇) အရူပရာဂ။ ။
အဒ္ဒိတ္တ ဝါ ဒ အ ရ ကောင်း ကင် ဘုံ စခမ်း၊ အထက်နန်း၌ ရုပ်ကားမပါ၊နာမ်ပိဋကဉ် သက်သက်သာ ကြီးစွာသော သုခကို ခံစားရလိမ့်မည်ဟု ယုံကြည့်ခြင်းသာဘော။
(၈) မာန။ ။
မ မှန် သော အ မြင် ကြောင့် ဖြစ် ပေါ် လာတတ်သော လွဲမှားသော(ဝါ)အစွဲလွန်သော မာန(ဝါ) စိတ်နေ မြင့်ခြင်းသဘော။
(၉) ဥဒ္ဒစ္စ။ ။
စိတ် ၏ ကြည် ငြိမ် မှု မ ရှိ ခြင်း သ ဘော။
(၁၀) အဝိဇ္ဇာ။ ။
နောက်ဆုံးချိုးဖျက်ရမည့် အဓိကမာဆုံး သံခြေကျဉ်းကား၊ အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုးကို မသိမမြင်နိုင် စေရန် ပိတ်ဆို့ ကာဆီးတတ်သော မောဟ (ဝါ) အမှောင်ပိတ်ဖြစ်၏။

ဤသို့ဖော်ပြခဲ့ပြီးသော ဒုတိယနှောင်ကြိုး ငါးကွင်းကို အကြွင်းမဲ့ ချိုးဖဲ့ ဖျက်ဆီးပြီးသောအခါ လူသား၏ စိတ်ဓါတ်သည် ရဟန္တာ အဆင့် အတန်းသို့ ရောက်၍ နိဗ္ဗာန် အခြေသို့ ဆိုက်လေတော့သတည်း။

## "ပြုလုပ်ရမည့် လုပ်ငန်း"

နိဗ္ဗာနဟူသော ငြိမ်းမှု အဆင့်အတန်းသို့ ရောက်ရန် မျှော်မှန်းသော လူသားသည် ဖော်ပြခဲ့ပြီးသော နှောင်ကြိုး (၁၀)စင်းဟူသော ခိုက်စာကို အမြဲရှောင်ကြဉ် ရမည်။ဤသို့

ရှောင်ကြဉ်၍ မိမိကိုယ်တိုင်မြင့်မြတ် တိုးတက်ရေးအတွက် ဆောင်ရမည့်(ဝါ)အမြဲမှီဝဲရမည့်ဓါတ်စာတို့လည်း(၁၀)ပါး ပင်ရှိလေသည်။

(၁) ဒါန။ ။

မိမိ၌ ရရှိလာသော ပစ္စည်းဥစ္စာ ရတနာတို့ကို အပ္ပဟိတ (ဝါ) မိမိတဦးသည်း အတွက် ချည်း သက်သက် သုံးစွဲခြင်း မပြုပဲ ဤလောကနှင့် လောကသားတို့၏ ချမ်းသာသုခ ကြည်လင် ရွှင်ပျရေး အတွက်ပေးကမ်း လှူဒါန်း စွန့်ကြဲခြင်း။

(၂) သီလ။ ။

မိမိ၏ ကိုယ်ကျင့် စာရိတ္တ ကောင်းမွန် တိုးတက်ရေး အတွက် မိမိ အသက်နှင့် စည်းစိမ် ကိုပင် ငဲ့ကွက်ခြင်း မရှိပဲ ကိုယ်နှုတ် စိတ်တို့ကို လုံခြုံအောင် စောင့်စည်းခြင်း။

(၃) ဘာဝနာ။ ။

ထူးထွေ ဆန်းပြား နှစ်သက် ခုံမင်စရာ နှင့် မုန်းတီးရွံရှာဘွယ်ရာ ဖြစ်သော အာရုံအစား စားတို့၌ လှည့်သွား ပျံ့လွင့်နေသော စိတ်ကို တည်ငြိမ်အောင် အုပ်ထိန်း ချုပ်သိမ်းခြင်း၊ ဖြစ်မှုပျက်မှု ဖေါက်လွဲ ဖေါက်ပြန် ဖြင်တတ်မှု အင်းရဲမှုစသည်တို့ကို ဆင်ခြင်ပွားများခြင်း။

(၄) အပစာယန။ ။

အရွယ် ကြီးရင့်သူ ဉာဏ် ပညာရင့် သန့် ထွားကြီးသူ ရှိသေ ထိုက်သူ ချီးမွမ်း ထော

မနာထိုက်သူ စသည့်တို့ကို ရိုသေ ချီးမွမ်း နိုင်ခြင်း။

(၅) ဝေယျာဝစ္စ။ ။
ပရဟိတ လုပ် ငန်း၌ ရွှင်လန်း ဝမ်းမြောက်သော စိတ်ဖြင့် မိမိ မှ တပါး အခြားသော လောကသားတို့၏ အကျိုးကို မိမိ၏ အကျိုးတမျှ အားကျိုး မာန်တက် စိတ်လက်ကိုယ်ပါ ဆောင်ရွက်လုပ်ကိုင်ခြင်း။

(၆) ပတ္တိဒါန။ ။
မိမိ ၏ ကောင်းမြတ် မှန်ကန် သောအလုပ်ကိစ္စ အဝဝ တို့၌ သူတပါးတို့အား ရယ်ယာဝေစု ယူစေခြင်း။

(၇) ပတ္တာနုမောဒါန။ ။
သူတပါးတို့ လုပ်ကိုင် ဆောင်ရွက် နေသော တော်တည့် ဖြောင့်မှန် သော လုပ် ငန်းကိစ္စတို့ကို မနာလိုမရှုစိမ့်မရှိဘဲ၊ အားတက်ဝမ်းမြောက်ခြင်း။

(၈) ဓမ္မဿဝန။ ။
သူတပါးတို့ ဟောကြား ပြသသော အမှန်တရားကို လိုက်စားနာယူကျင့်ကြံခြင်း။

(၉) ဓမ္မဒေသနာ။ ။မိမိကိုယ်တိုင် တိုးတွင်း သိမြင်လာသော အမှန်တရားကို သူတပါးတို့အား ပြောကြားခြင်း။ (၁၀)ဖေါက်သည်ချခြင်း။

(၁၀) ဒိဋ္ဌိဇုကမ္မ။ ။
မမှန်သော အရာတို့ကို လိုက်စားခြင်းမှ ရှောင်ကြဉ်၍ မှန်သော တရားကိုသာယုံကြည် လိုက်နာခြင်း။

ဤ (၁၀) မျိုးတို့ကား ဝေနေယျသာယ် လူသား အတွက် ဝါတ်စာများ ဖြစ်ကြကုန်၏။ ၎င်းကို အစဉ်အမြဲ စားသုံးမှီဝဲ၍ ခိုက်စာ(၁၀)မျိုးကို ရှောင်ခဲ့သော် သန္တိ ခရှင် ဖြစ်နိုင်လေတော့သတည်း။

## "ဗောဓိပက္ခိယ တရား"

ဗုဒ္ဓဘာသာသည် အထက်၌ ဖော်ပြခဲ့သည့် အတိုင်း ခိုက်စာရှောင်ကြဉ်ရေးနှင့် ဝါတ်စာမှီဝဲရေး ပြုမက မူ၍အမြဲ တစေ လုံ၍ မှန်း၍ သွားရမည့်လမ်းစဉ်ကိုပါဖော် ခဲ့လေသည်။

## (၁) (သတိပဋ္ဌာန်) စွဲမြဲစွာ နှလုံးသွင်းမှု လေးပါး။

(၁) ကာယာနုပဿနာ။ ။
ခန္ဓာ ကိုယ်ကာယ၏ အစိတ်အပိုင်း အားလုံးတို့၏ လှုပ်ရှား လုပ်ကိုင်မှုများကို မလွဲမှားစေရအောင် နှလုံးသွင်းသတိထားမှု။

(၂) ဝေဒနာနုပဿနာ။ ။
လက်ငင်း တွေ့ကြုံခံစား နေရသော သုခ-ဒုက္ခ (ဝါ) ဆင်းရဲ ချမ်းသာတို့၏ အဖိုးမတန်ခြင်း။ အစိုင်အခဲ အမြဲ မတည်ခြင်းစသည်ကိုနှလုံးသွင်း သတိထားမှု။

(၃) စိတ္တာနုပဿနာ။ ။
မခိုင်မမြဲဖေါက်လွဲ ဖေါက်ပြန်ဖြစ်နေတတ်သော စိတ်ကို ထိန်းအုပ် သိမ်းချုပ်မိအောင် နှလုံးသွင်း သတိထားမှု။

(၄) ဓမ္မာနုပဿနာ။ ။
"ဖြစ်"ဆိုသော စကားလုံးဖြင့် ၎င်း၌ ရစကောင်း သော အရာ သတ္တဝါ တို့သည်ရှိ မြဲသော သဘော မှ ဆိတ်သုဉ်း၏ဟု အမြဲတစေ နှလုံးသွင်း သတိ ထားမှု။

## (၂) (သမ္မပဓါန်) စွဲမြဲအားထုတ်မှုလေးပါး။

(၁) အနုပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဝါယာမော။ ။အသစ်အသစ်ဖြစ်လာမည့် သော မကောင်းမှု အကုသိုလ်များကို အာရုံ၏ သွေး ဆောင်ရာ မလိုက်ပါခြင်းဖြင့်၊ မဖြစ်အောင် ကြံ ဆောင်ကြိုးစားခြင်း၊

(၂) ဥပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဝါယာမော။ ။ဖြစ်ပြီး ကျူးလွန်မိ ပြီးသော မကောင်းမှု အကုသိုလ်တရားတို့ကို နောက်ထပ် တဖန် မကျူးလွန်မိ စေရန် သတိသံဝေဂနောင် တရခြင်းဖြင့် တဖြည်းဖြည်း ခေါင်းပါးပပျောက် အောင် ကြံဆောင်ကြိုးစားခြင်း။

(၃) အနုပ္ပန္နာနံကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဝါယာမော။ မဖြစ်သေးသော ကောင်းမှု၊ လောက၏ သု ခ ချမ်းသာ တိုးတက်မှုများကို အသစ်သစ် အထပ်

ထပ်ဖြစ်ပေါ်လာ အောင်ကြိုးဆောင် အားထုတ်ခြင်း။

(၄) ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဘိယျောဘာဝါယ ဝေပုလ္လာယ ဝါယာမော။ ။

ပြုလုပ်ပြီး [ဝါ] ဖြစ်ပြီးသော ကောင်းမှု ကုသိုလ်တရားအစားစားတို့ကို တိုးသည်ထက် တိုး၍ ပွားသည်ထက်ပွား များသည်ထက် များအောင်ကြိုးဆောင်ပြုလုပ် အားထုတ်ခြင်း၊

## (၃) (ဣဒ္ဓိပါဒ်) ရဟန္တာအဖြစ်သို့ ညွှန်ပြသော လမ်းလေးသွယ်။

(၁) ဆန္ဒိဒ္ဓိပါဒ။

အရဟတ္တ အဆင့်အတန်းသို့ အရှေးနှင့်အမြန် ကေန် ကေရောက်ရှိရေး အတွက်ပြင်းထန်သော အာသာဆန္ဒ [ဝါ] လိုလားတောင့်တမှုရှိခြင်း။

(၂) ဝီရိယိဒ္ဓိပါဒ။ ။

မိမိကိုယ်တိုင် နိဗ္ဗာနအခြေသို့ ဆိုက်ရောက်မှု အတွက် ပြုလုပ်ဘွယ်ကိစ္စအဝဝတို့ကို ကြောက်ရွံ့နောက်တွန့်ခြင်းမရှိ ပကတိခိုင်မြဲသော စိတ်ဓါတ်ဖြင့်အားခဲပြုလုပ်နိုင်သောဝီရိယ။

(၃) စိတ္တိဒ္ဓိပါဒ။ ။

တောမျောက်ရိုင်း ကဲ့သို့ ထင်ရာမြင်ရာစိုင်း၍ ပြေးလွှားနေတတ်သောစိတ်ကို တခုတည်းသော ချည်တိုင်၌ ခိုင်မြဲစွာဘုပ်နှောင်၍ ထားနိုင်ခြင်း ကြောင့် ဖြစ်ပေါ်လာသော စိတ်၏တန်ခိုး။

(၄) ဝိမံသိဒ္ဓိပါဒ။ ။
အမှား-အမှန်ဤနှစ်ပါးကို ပေဖန်ပိုင်းခြားနိုင်ရန် စုံစမ်းစစ်ဆေးနိုင်ခြင်း။

## (၄) (ဣန္ဒြေ) စောင့်စည်းမှုငါးပါး။

(၁) သဒ္ဓိန္ဒြိယ။ ။
မိမိကိုယ်တိုင်စုံစမ်း၊စစ်ဆေး၊စမ်းသပ်ခြင်းဖြင့် မှန်သည်ဟု ဆုံးဖြတ်ထားသောအရာ၌ ယုံကြည်မှုကို မပျက်ပျောက် မတိမ်းစောင်းစေရန် စောင့်စည်းခြင်း။

(၂) ဝီရိယိန္ဒြိယ။ ။
ကောင်းမြတ်သော လုပ်ငန်း ပြီးမြောက်ရေး အတွက် အားတက်မာန်ပါ ကြိုးစားသောဇွဲဖြင့် အားခဲ၍ စိုက်ထုတ် ထားသော ဝီရိယဓါတ်ကို မလျှော့ရှားစေရန် စောင့်စည်းခြင်း။

(၃) သတိန္ဒြိယ။ ။
ခပ်သိမ်းသော ကိစ္စ ကုသလျှော်ကိုင်ရွဲရွဲသောသတိ တရားကိုမလစ်ဟင်းမပျောက်ပျက်စေရန် စောင့်စည်းခြင်း။

(၄) သမာဓိန္ဒြိယ။ ။
မမှန့် မရှား၊ အနာဂုံ မကြားတဲ့၊ တသားတည်း ဟည်ငြိမ်ပြီးဖြစ်သော [ ပါ ] သမာဓိ ရပြီးသော စိတ်ဓါတ်ကို မပျက် မပျောက်စေရန် စောင့်ရှောက်ထိန်းသိမ်းခြင်း။

(၅) ပညိန္ဒြိယ။ ။
အကြောင်း အကျိုးနှင့် ကောင်းဆိုး နှစ်တန်ကို ဝေဖန်ပိုင်းခြား၍ ထင်ရှားစွာ သိမြင် စွမ်းနိုင်သော ဉာဏ်ပညာကို မတိမ်ကော မပပျောက်စေရန် စောင့်စည်းခြင်း။

## (၅) (ဗုိလ်) ငါးပါး။

(၁) သဒ္ဓါဗလ။ ။
ကောင်းမြတ် မှန်ကန်သော ချမ်းသာရှင်ပျူမှုကို တိုးတက်စေတတ်သော အရာတို့ကို ယုံကြည်နိုင်သော အားခွန်ဗလ။

(၂) ဝိရိယဗလ။ ။
ကောင်းမြတ် မှန်ကန်သော အလုပ်ကိစ္စ တို့ကို အားထုတ် ပြုလုပ်ရာ၌ ကွန့်တိုဆုတ်ယုတ်ခြင်း ကင်းသော ဝိရိယအားထုတ်မှုဗလ။

(၃) သတိဗလ။ ။
သွားရာလာရာ လုပ်ကိုင်ဆောင်ရွက်ရာ၊ အားထုတ်ရာတို့၌ မေ့လျော့ခြင်းမရှိသော နိုင်မြဲသော သတိ (ဝါ) အမှတ်အသား။

(၄) သမာဓိဗလ။ ။
မလှုပ်မရှား ကြံ့ခိုင် ကြီးမားသောသမာဓိ (ဝါ) စိတ်၏ တည်ငြိမ်မှု အားခွန်ဗလ။

(၅) ပညာဗလ။ ။
အကြောင်းမှန် အကျိုး မှန်ကိုဝေဖန် သိမြင်

နိုင်စွမ်းသော၊ နက်နဲ သိမ်မွေ့သော အသိဉာဏ် ပညာအား။

## (၆) (ဗောဇ္ဈင်) အဘိုးတန်ရတနာခုနစ်ပါး။

(၁) သတိသမ္ဗောဇ္ဈင်။ ။
သတိတရား၏ စင်ကြယ် ခြင်း။

(၂) ဝီရိယသမ္ဗောဇ္ဈင်။ ။
အဆုတ် အလျှော့မရှိ အတိုး အတက်ချည်းသာ ဖြစ်သော ဝီရိယအားထုတ်မှု။

(၃) ဓမ္မဝိစယသမ္ဗောဇ္ဈင်။ ။
ကြောင်း ကျိုး နှစ်တန်ကို ခွဲခြားဝေဖန်၍ အမှန် ကိုသိမြင်စွမ်းနိုင်သော ဉာဏ်ပညာ။

(၄) ပီတိသမ္ဗောဇ္ဈင်။ ။
အညစ် အကြေးချေးညှော် မကင်ပဲ သန့်ရှင်း စင်ကြယ်သော ရွှင်လန်းပမ်းမြောက်မှု။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်။ ။
ကိုယ်နှုတ်-စိတ်တို့ကြောင့် ဖြစ်သောအပြစ် အာဒီနဝ ဟူသမျှတို့ကို လုံးပဆေးကြော သုမ်သင်ပြီး ဖြစ်၍ ကိုယ်ရောစိတ်ပါ ငြိမ်းခြင်း။

(၆) သမာဓိသမ္ဗောဇ္ဈင်။ ။
ကျောက်တောင် သံတိုင်တို့သို့ မလှုပ်မယိုင်၊ ကြံ့ခိုင်သောစိတ်၏ တည်ကြည်ငြိမ်ခြင်းသမာဓိ။

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်။ ။
ပူမှု၊ အေးမှု၊ ဆင်းရဲမှု၊ ချမ်းသာမှု စသည်တို့ကို မခွဲမခြား တသားတည်းရှုနိုင်သောသဘော၊

ဤအဘိုးတန် ရတနာ (၇) ပါးကိုလက်ကိုင်ထား နိုင်သူသည် အတက်တန်းရောက်သော လူ့ အဘိုးတန်ပင် ဖြစ်လေတော့၏။

## (၇) (မဂ္ဂင်) မဂ္ဂင်ရှစ်ပါး။

ဤမဂ္ဂင်ရှစ်ပါး တရားကို ဗုဒ္ဓဘာသာ ဆိုင်ရာပြဿနာ နံပါတ်(၃)၏အဖြေ၌ အကျယ်တဝင့်ဖော်ပြလိမ့်မည်။ ဤ စုစုပေါင်း ၃၇-ပါးရှိသော တရားတို့သည် အမှန်ကိုသိသော ဉာဏ်ပညာ၏ ဖွားဘက်များဖြစ်ကုန်သည်။ နိဗ္ဗာန အဆင့် အတန်း(ဝါ)အခြေအနေသို့ဆိုက်ရောက်ပြီးသော ခီဏာသဝ ၏အင်္ဂါလည်းဖြစ်ကုန်သည်။ ဤသို့ ဖော်ပြအပ်ပြီးသော ပယ်မှု လုပ်မှု ပွားမှုတရားတို့ကို စခမ်းအစဉ်အားဖြင့်ခွဲလိုက် သော် သီလစခမ်း၊ သမာဓိစခမ်း၊ ပညာစခမ်းဟူ၍ သုံးပါး သာရရှိလေသည်။

ဤသို့ ဖော်ပြခဲ့ပြီးသော နည်းများ အတိုင်း လက်တွေ့ စမ်းသပ်လိုသောလူသားသည် ပယ်ရမည့်အရာကို ပယ်၍ ၎င်း၊ လုပ်ရမည့်ကိစ္စကို လုပ်ကိုင်၍၎င်း၊ ပွားများအားထုတ် ရမည့် တရားကို ပွားများ လေ့လာ၍၎င်း၊ ပြုလုပ်သင့် လေသည်။

ထိုသို့ လက်တွေ့စမ်းသပ်ကြည့်ခဲ့သော် ထိုသည့်လူသား သည် သံဒိဋ္ဌိက အကာလိက သဘောဖြင့်လက်ငင်းချက်ချင်း အချိန်မဆိုင်း အခါမလင့်ဘဲ နိဗ္ဗာန အခြေသို့ဆိုက်ရောက် ရမည်ကား မချွတ်မလွဲပင်ဖြစ်တော့သတည်း။

အို....အချင်းလူသား။ ဖတ်ရုံကြားနာရုံနှင့် တင်းမတိမ်ပဲ ကိုယ်တွေ့စမ်းလော့လက်တွေ့စမ်းသပ်လော့၊ နောက်မဆုတ်

တမ်း ဟူသောလုလ္လ ဒိရိယဖြင့် အားထုတ်ပြုလုပ်ကြည့်လော့၊ အသင်လူသားအလိုရှိနေသော အမြဲတောင့်တ မြော်လင့်နေသော သုခစစ် ချမ်းသာမှန်ကိုကေန်ဒိဋ္ဌ တွေ့ကြုံရမည်ကား မလွဲတည်း။

အကြင်လူသား တယောက်သည် အထက် ၁ါ အတိုင်း ကျင့်ကြံအားထုတ်မှုကြောင့်၊ နိဗ္ဗာန အခြေသို့ ဆိုက်ရောက်နေလေ၏။ ထိုလူသားကို အရဟန္တ (ဝါ) အညစ် အကြေး ရန်ဘေးကင်းပေ့ ခေါ်ဆိုရလေသည်။

ထိုအရဟန္တာ ဟူသော ပုဂ္ဂိုလ် ထူး၏ သုခ ချမ်းသာကား ဘာသာ စကားနယ်ကိုလွန်လျက် နေချေ၏၊ ၎င်းကို ပြောဆိုရေးသားရန် ဤလောကဥ္စကားလုံး အလုံအလောက် မရှိတော့ပြီ။ လောကဥ္စရှိသမျှ ခံစားရသမျှ သုခ ချမ်းသာ ကြွက်သရေ မင်္ဂလာတို့နှင့် နှိုင်းယှဉ် စံထိုးပမာ ကိုးစရာ မဟုတ်ချေ။

ထို့ကြောင့် ထိုအရဟန္တာ ပုဂ္ဂိုလ်ထူးကား ညစ်ကြေး မတင် ချေးညှော်ကင်းစင်၍ အမြဲရွှင်လန်း ဧမြလျက်ရှိသော ဖေါ်ပြလတ္တံ့သော အမွေးရနံ့အစုံ (၃၀) သော ကျေးဇူး ရဏ်တို့ဖြင့်၊ ထုံလွှမ်းထားအပ်ပေသတည်း။

(၁) မကောင်းသူဟူသမျှကို ကျူပင်ခုတ်ကာ၊ ကျူငုပ် မကျန် အမြစ်ပါလှန်၍ အကုန် ဖျက်ဆီးခုတ်ထွင်၊ သုခ် သင်ပြီးခြင်း။

(၂) သူ၏စိတ်သည် နူးညံ့သိမ်မွေ့သော မေတ္တာဓါတ် ဖြင့်၊ အမြဲစိမ့်တုံ၍ အလုံးစုံပြည့်လျှံနေခြင်း။

(၃) မာန်မာန ဟူသော ပလ္လားမှု တရားများကို သူ၏ စိတ်မှ ပယ်ထုတ်ပြီးဖြစ်ခြင်း။

(၄) သူ၏စိတ်သည်တုန်လှုပ်ချောက်ချား၍ ထိုထို-ဤဤ ပြေးလွှား ကျက်စားတတ်သော သဘောမှ ကင်းခြင်း။

(၅) မိမိ၏လုပ်ငန်းကိစ္စ ဟူသမျှနှင့် မိမိ၏စွမ်းအားတို့၌ လှုပ်ရှားမယိုင် ခိုင်ခန့်သော ယုံကြည်မှုရှိ၏။

(၆) သူ၏စိတ်သည် ပွားများအားထုတ်မှုကြောင့် ရရှိအပ်သော မြေသော သုခ, ချမ်းသာမှုကို အမြဲတစေ ခံစားလျက်နေခြင်း။

(၇) အညွန်းအငြိအပြစ်အနာမရှိ ချေးညှော်မှကင်း သန့်ရှင်းစင်ကြယ်သော ဘဝ၏နမူနာကို ပြနိုင်ခြင်း။

(၈) အားလုံးသော သက်ရှိသတ္တဝါအပေါင်း၏ ချစ်ခင်ကြည်ညို-ရိုသေ-လေးမြတ်မှုကို အမြဲခံယူနိုင်ခြင်း။

(၉) လောက၌အမြင့်ဆုံး အဆင့်အတန်းသို့ဆိုက်ရောက်ပြီးသော ပုဂ္ဂိုလ်ထူးတို့၏ ချီးမွမ်းသြဘာ ထောမနာ ပြုမှုကို ခံယူရရှိခြင်း။

(၁၀) အားလုံးသော သတ္တဝါအပေါင်း၏ ကြည်နူးစွာ ဆီးကပ် ပူဇော်မှု ပြုရာဖြစ်ခြင်း။

(၁၁) ဤကမ္ဘာလောကရှိ လူလိမ္မာ လူပညာရှိ အပေါင်းတို့၏ အရိုအသေပြုမှုကို ခံယူနိုင်ခြင်း။

(၁၂) ယခုဘဝ နောက်ဘဝတို့၌ စွဲမက်မှုဘဝ သမုဒယ ကင်းငြိမ်းပြီးခြင်း။

(၁၄) လောကပြစ် ဓမ္မပြစ်တို့ အနက်မှ အသေးငယ်ဆုံးသော အပြစ်ကိုပင် အမြဲရှောင်ကြဉ်လေ့ရှိခြင်း။

(၁၄) အနန္တသုခ ဟူသော ချမ်းသာစစ် ချမ်းသာမှန် ရှာကြံသူတိုင်း ရရှိခံစားအပ်သော အကျိုးထူး အာနိသံသကို ရရှိခြင်း။

(၁၅) ရောင့်ရဲ တင်းတိမ်သောစိတ်၏ ပိုင်ရှင်ဖြစ်ခြင်းကြောင့် လိုသောအရာမရှိ အမြဲ ပြည့်စုံလျက်ရှိခြင်း။

(၁၆) ဤကမ္ဘာလောကကြီး တခုလုံးကို သူ၏အိမ်၊ လောကသား အားလုံးကို သူ၏အိမ်သူအိမ်သား အမှတ်ပြု၍ ကျင့်ကြံ သွားလာနေထိုင်ခြင်း။

(၁၇) တဏှာ(ဝါ)စွဲမက်ခြင်းဟူသောဥက်ယ ° ငြိမ်း ဖ ပြီးဖြစ်၍ နောက်ထပ် အသစ်တဖန် ပေါက်ပွားဘွယ် မရှိခြင်း။

(၁၈) အမြင့်မြတ်ဆုံးစခမ်းသို့ သွားရာလမ်း၌ အနှောင့်အယှက်ဖြစ်သော တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊တွေဝေခြင်း၊ယုံမှားခြင်းဟူသော ခလုတ်ငါးစင်းကို ပယ်ရှင်းပြီးခြင်း၊

(၁၉) ညစ်ကြေးမတင် ချေးညှော်စင်၍ မြင့်မြတ်သောအကျင့်စာရိတ္တရှိခြင်း။

(၂၀) အခြားအခြားသော သာမန် လူသားတို့ထက်ထူးကဲမြင့်မြတ်သော အပြုအမူရှိခြင်း။

(၂၁) လောက ဥပဒေ၊ အစည်းအရုံး၏ ဥပဒေတို့ကို မည်သည့်အခါမှ မကြူးလွန်ခြင်း။

(၂၂) သူ၏စိတ်၌ အရှုပ်အထွေးကင်းလျက် အမြဲရှင်းလင်း နေခြင်း။

(၂၃) သူ၏စိတ်သည်အားလုံးသောသံယောဇဉ် အနှောင်အဖွဲ့ အတားအဆီးဟူသမျှမှ ကင်းဝေးနေခြင်း။

(၂၄) အမှန်တရားကို သူ၏ကိုယ်ပိုင်ဉာဏ်ဖြင့် ထင်လင်းစွာ မြင်ခြင်း။

(၂၅) သူ၏စိတ်သည် စိုးရိမ်ပူပန်မှု အားလုံးမှကင်းဝေးခြင်း။

(၂၆) သူ၏စိတ်သည် မကောင်းသောဖက်သို့ တိမ်းစောင်း ကိုင်းညွတ်ခြင်းမှ အမြဲကင်းဝေးခြင်း။

(၂၇) အပြစ်နယ်ကို လွန်မြောက်၊ အမှန် နယ်ဖက်သို့ ရောက်နေခြင်း။

(၂၈) အမဟာဟူသော ရသာထူးဖြင့် ပြည့်ဝနေခြင်း။

(၂၉) ခိုင်မြဲသော ချမ်းသာမှန်ကို အမြဲတစေ ခံစား၍ နေရခြင်း။

(၃၀) မကောင်းနှင့် အဆိုးဟူသမျှ အမြစ်ပြတ်ပြီးဖြစ်၍ အကောင်းနှင့်အမြတ်တို့ဖြင့် မွှမ်းလျက်ရှိခြင်း။

၍သို့ ဖေါ်ပြခဲ့ပြီးသော ကြက်သရေ မင်္ဂလာတို့ကား ၎င်း တို့ အတွင်းသဘောကို ကြည့်ကာ လူသားတိုင်း) သတ္တဝါတိုင်း လိုလားတောင့်တ၍ မြှော်မှန်းနေသောအရာ တို့ပင် ဖြစ်သတည်း။

၍ဆိုခဲ့ပြီး အရသာထူး(၃၀)တို့ဖြင့် ထုံအပ် စိမ်အပ်သော်သာ၊ သတ္တဝါ၏စိတ်သည် ကြေနပ်ရောင့်ရဲမှုဖြစ်နိုင်ချေမည်။ ဘာသာဟူသော ကတ္တားဖြင့် ပိုင်းခြားထားသော လူအစားစားတို့သည် ၍အရသာ ထူးကို ခံစားလိုခြင်း၌သဘောမကွဲ တသားထည်းဖြစ်ကြကုန်သည်။

အို အချင်းလူသား။ ဘာသာ ကတ္တားကိုချိုးလော့၊ ဖျက်လော့၊ လွတ်လပ်စွာ ကြံစည် စဉ်းစားလော့၊ လွတ်လပ်စွာ တွေးတောလော့၊ မဆုတ် မနစ်သော လုလ္လဖြင့် ဖေါ်ပြခဲ့ပြီးသော အကျင့်မှန်တို့ကို ကျင့်ကြံကြလော့၊ ကျိုးကုတ်လော့၊ အားထုတ်လော့။ နောက်ဆုံး၌ သင်၏ လိုလားချက် ပြည့်စုံရမည်သာတည်း။

## "ဓမ္မစက္က ပဝတ္တန"

ကျွန်ုပ်တို့ ယခုတည်ဆောက်ခဲ့သော ဗုဒ္ဓဘာသာဗိမာန် ကား၊ဓမ္မစက္ကပဝတ္တန(ဝါ)တရားစကြာလှည့်ခြင်း၊(ဝါ)တရား မြှိုတည်ထောင်ခြင်းတည်းဟူသော အတွင်း၌ ဒုပိကာ မတပ် ဆင်ဲ ပြည့်စုံသောကြက်သရေမင်္ဂလာကို ဆောင်လိမ့်မည် မဟုတ်ချေ၊

၎င်းသုတ်သည် ဗုဒ္ဓဂေါတမ၏ ပထမ ဗုဒ္ဓဝစန ဖြစ်၏။ (ဝါ) လက်ဦးဆုံး ဟောပြသောတရားဖြစ်၏။ ၎င်းသည်ဗုဒ္ဓ ဘာသာ၏ အုဋ်မြစ်လည်းဖြစ်၏။ခိုင်ခံ့သောဒုဒယ်၊ ထယ်ဝါ သော ကိုယ်ထည်လည်းဖြစ်၏။ ဝင်းလက် တောက်ပြောင် အရောင်ထွက်သောအတွင်း၌ ဒုပိကာ ၄က်မြတ်နားလည်းဖြစ် ခဲ့၏။ ဤသုတ်၌ ကျွန်ုပ်တို့သည် ဗုဒ္ဓဂေါတမ၏ မုက္ခပတ် စကားအစစ်ကို တွေ့ရ၏။ ၎င်းကိုယ်တိုင် သုံးလေ့နှုန်းလေ့ ဟောလေ့ပြောလေ့တို့ကိုဆောင်သောအသုံးအနှုန်းများကို လည်းတွေ့မြင်ရလေသည်။နောက်ခေတ်နောက်ပွါး ပညာရှိ များ၏ ထည့်သွင်းချက်များမှ လုံးဝကင်းစင်သော သုတ် ဖြစ်၏။

၎င်းသည် ဗုဒ္ဓဝါဒ တခုလုံး၏အခြေခံဖြစ်သည်ဟု မယုံ ကြည်နိုင်လောက်အောင် တိုလှ၏။ ကျဉ်းလှ၏။ သို့သော် လိုရင်းကို ယိမိခြင်းကြောင့် ပိဋကတ်သုံးပုံ၊နိကာယ်ငါးရပ်ကို အကုန်သိမ်းခြုံမိလေသည်။၎င်းသုတ်သည် အမှန်နှင့်အမှား ကို ခွဲခြားဝေဖန်၍ အမှန်ကို သိမြင်စေရန်အတွက် မှတ် ကျောက်အစစ်ဖြစ်၏။ ၎င်းမှတ်ဖြင့် တိုက်ကြည့်သောအခါ အရည်မမှီသောတရားသည် ဘယ်ကျမ်း ဘယ်စာ ဘယ်ပါဠိ

ဘယ်အဋ္ဌကထာမှာ ပါသည်ဖြစ်စေ၊အမှန်ဟူသောနာမံကို မခံယူနိုင်တော့ချေ။

ထို့ပြင် ဤသုတ်၏ ထူးခြားချက် တခုရှိသေး၏။ ကမ္ဘာ၌ ပေါ်ပေါက် ဖြစ်ထွန်းခဲ့သမျှသော ဘာသာရှင် အားလုံးတို့သည် ဋ္ဌာ၀ယဘုရားနှင့် မြဲသောအတ္တကို လက်သုံးပြု၍၊ ၎င်းတို့ တည် ထောင် သော ဘာသာ၏ အုဋ္ဌမြစ်ကိုချကြခဲ့ကုန်သည်။

ဤဗုဒ္ဓ ဘာသာ၏ အုဋ္ဌမြစ်ဖြစ်သော ဓမ္မစက္က ပ၀တ္တနသည် ထိုဘာသာတိုင်း၏ လက်သုံးအခြေခံဖြစ်သော အချက်ကြီးများကို အလေးမပြု ဂရုမထားခဲ့ချေ။ထိုမှတပါး မဟုတ်မမှန်သောအချက်များကို စွဲလမ်းတတ်သောဥပါဒါန်မှ ကင်းခြင်း၊ ဋ္ဌာ၀ယ ဘုရားနှင့် ကောင်းကင် ဘုံနန်းတို့ကို ဂရုမထား အရေးမစိုက်ခြင်း၊ ရုပ်ထု၊ ဆင်းတုကိုးကွယ်မှု၊ နတ်ကောင်း နတ်ဆိုးတို့ကို အားထားယုံကြည် ပသမှု၊ မန္တာန်မန္တရား လိုက်စား ယုံကြည်မှု၊ ဆုတောင်း မေတ္တာကို အားထားမှု စသည့်တို့မှ လွတ်ကင်းစင်ကြယ်ခြင်း တို့သည် အပိုထူးခြားချက်တို့ပင်ဖြစ်သတည်း။

ထို့ကြောင့် ဤသုတ်၌ ပါ၀င်သော အချက် အလက်တို့သည် ဘာ သာ ရှင် အားလုံးတို့၏ တရားတို့တွင် အနက်နဲအသိမ်မွေ့ဆုံး ဖြစ်ကုန်၏။ အနှစ် အသား အပါဆုံး ဖြစ်ကြကုန်၏။ ၎င်းသည် ဘာသာအားလုံးကို စုပေါင်း သိကုံး၍ထားသော ပုတီးကုံး၌ ပင်လယ်ကျူး ပုတီးခေါင်း သဘွယ်ဖြစ်၏။ ၎င်းသည် ကမ္ဘာ့သရဖူ၌ အဘိုးအတန်ဆုံး အရောင်အလက်ဆုံး ရတနာဇေစစ်ဖြစ်၏။ ထို့ကြောင့်ကျွန်ုပ်တို့သည်

လူအများ နားလည်နိုင်လောက်သောစကား အသုံးအနှုန်းတို့ဖြင့် ထိုသုတ်ကိုဘာသာပြန်ဆိုပေအံ့။

## (ဓမ္မစက္က ပဝတ္တန) တရားစကြာလှည့်

ချစ်သားတို့။ ။
အပူနယ်မှ လွတ်ထွက်၍ ဧကွက် ရရှိရန် အဟုတ်ကြိုးပန်း ရှာဖွေသူများ သွေကွင်းရှောင်ဖယ်ရမည့် အစွန်းနှစ်ဘက်ရှိကုန်၏။

ချစ်သားတို့။ ။
တဖက်စွန်းကား လူသား၏ ဓါတ်ကြိုက်ဖြစ်သော (ဝါ) ယုတ်သော ညံ့သော ကြမ်းသော တမ်းသော ပျော်မှု ပါးမှု ငါးပါးအာရုံ ကာမဂုဏ် လိုက်စားမှုဘက်သို့ အုပ်မနိုင်သိန်းမရ၊ သိမ်း၍နိုင် ချုပ်မရ အလွန်အကြူး စည်းလွတ် ကမ်းလွတ် တရားလွတ် လိုက်စားခြင်း ပင်တည်း။

ချစ်သားတို့။ ။
အခြားအစွန်း တဖက်သော်ကား မိမိ၏ကိုယ်ခန္ဓာကို ပင်ပန်းစေတတ်သော နွမ်းနယ်စေတတ်သော (ဝါ) နာကျင်ခြင်းကို ဖြစ်စေတတ်သော အကျင့်ကြမ်း၊ အကျင့်များတို့ကို အားထုတ် ကျင့်ကြံခြင်း ပင်ဖြစ်သတည်း။

ချစ်သားတို့။ ။
ထိုအစွန်း နှစ်ဖက်တို့၏ အလယ်၌ ကျယ်ပြောပြန့်ပြူးသော ဖြောင့်စင်း ညီညာသော ခလုတ်ကင်း ဆူး ငြောင့်ရှင်းသော အလယ်လမ်းစဉ်ကို

ငါကိုယ်တိုင် သိရှိတွေ့မြင်ခဲ့လေပြီ။ ထိုလမ်းစဉ်ကား အဘယ်နည်း?ကောင်းစွ။

ချစ်သားတို့။ ။

ထိုလမ်းစဉ်ကား။

(၁) မှန်သောအမြင်
(၂) မှန်သောကြံစည်မှု
(၃) မှန်သောနှုတ်မှု
(၄) မှန်သောကိုယ်မှု
(၅) မှန်သော အသက်မွေးမှု
(၆) မှန်သော အားထုတ်မှု
(၇) မှန်သော မှတ်သားမှု
(၈) မှန်သော စိတ်တည်ငြိမ်မှု ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော လမ်းစဉ်ပင် ဖြစ်ချေသည်။

ချစ်သားတို့။ ။

ပထမဖြစ်သော ဒုက္ခသစ္စာ(ဝါ)ဆင်းရဲမှန် ဟူမှုကား ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲ၏။ ထို့အတူ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း တို့လည်း ဆင်းရဲကုန်၏။ မလိုသောအရာကို ရခြင်း၊ လိုသော အရာများနှင့် ကွေကွင်းရခြင်း။ အလိုမပြည့်ခြင်း တို့သည်လည်း ဆင်းရဲပင် ဖြစ်ကြကုန်၏။

ချစ်သားတို့။

ဝိုတိုကျဉ်းကျဉ်းနှင့် လိုရင်းဆိုရသော် စွဲလမ်းမှုနှင့် တကွဖြစ်သော ရုပ်အစု နာမ်အစုတို့လည်း ဆင်းရဲ ဒုက္ခပင်ဖြစ်ကြကုန်၏။

ချစ်သားတို့။ ။

ဤသည်တို့ကား ပထမ ဆင်းရဲမှန်ဖြစ်သတည်း။

**ချစ်သားတို့။ ။**

ထိုဆင်းရဲဒုက္ခ အပေါင်း၏ အကြောင်းမှန် ဖြစ်သော ဒုတိယ သစ္စာကား အဘယ်နည်း?

**ချစ်သားတို့။ ။**

ဘဝအသစ်ကို ဖြစ်စေတတ်သော ကာမအာရုံကို ခံမင်တွယ်တာခြင်းနှင့် တကွသော (ဝါ) ထိုဘဝ ဤဘဝတို့၌ ကြေနပ်ခြင်းကို ရှာကြံတတ်သော အဓိပ္ပါယ်ကား လူသား၏ ကာမအာသာ ပြည့်စုံမှုအတွက် တောင့်တ စွဲလမ်းခြင်း(ဝါ)အနာဂတ်ဘဝကို တောင့်တခြင်း ဟူသော စွဲလမ်းမှုပင် ဖြစ်သတည်း။

**ချစ်သားတို့။ ။**

စွဲလမ်းမှုသည် ဒုက္ခဆင်းရဲ အပေါင်း၏ အကြောင်းမှန် ရေသောက်မြစ်ဖြစ်သော ဒုတိယ အကြောင်းမှန် ဖြစ်သတည်း။ ၎င်းကား အဘယ်နည်း?

(၁) ကာမဆာခြင်း။

(၂) ဘဝဆာခြင်း။

(၃) ဘဝစီးစိမ်ကို ဆာခြင်းတို့ပင်တည်း။

**ချစ်သားတို့။ ။**

ထိုဆင်းရဲအားလုံး၏ ကုန်ဆုံးခြင်းဟူသော အကျိုးမှန်ဖြစ်သော တတိယ သစ္စာကား အဘယ်နည်း?

**ချစ်သားတို့။ ။**

ထိုတဏှာဟူသော စွဲလမ်း တပ်မက်မှု၏ မရှိခြင်း။ ကုန်ဆုံးခြင်း၊ ချုပ်ငြိမ်းခြင်း၊ အညွန့်မထွက်နိုင်ခြင်း၊ တဖန်ပြန်၍ မရှင်နိုင်ခြင်း (ဝါ) ထိုစွဲလမ်းမှု ရေ

သောက်မြစ်ကို အပြီးတိုင် ဖြတ်တောက်လိုက်ခြင်း ပင် ဖြစ်၏။

ချစ်သားတို့။ ။
ဤသည်ကား တတိယ အကျိုးတရား ဖြစ်သတည်း။

ချစ်သားတို့။ ။
ဒုက္ခဆင်းရဲ အားလုံး၏ ကုန်ဆုံးခြင်းကို ဖြစ်စေတတ်သော စတုတ္ထ အကြောင်းမှန်ကား အဘယ်နည်း?

ချစ်သားတို့။ ။
(၁) စွဲလမ်းခြင်း ယုံမှားခြင်းတို့မှ ကင်းသော အမြင်မှန်မှု
(၂) မြင့်မြတ်သော အထက်တန်းစား လူ့အဖိုးတန် တို့နှင့်သာ ထိုက်တန်သော မှန်သော ကြံစည်တွေးတောမှု
(၃) ကြင်နာခြင်း ဖြောင့်မှန် ပွင့်လင်းခြင်းနှင့် တကွသော မှန်သောပြောဆိုမှု
(၄) ငြိမ်းဧသာယာခြင်း၊ ရိုးဖြောင့်စင်ကြယ်ခြင်း၊ ချစ်ခင် သနားခြင်းနှင့် ယှဉ်သော မှန်သောလုပ်ကိုင်မှု
(၅) သက်ရှိ သတ္တဝါ တို့အား ထိခိုက် နာကျင်စေခြင်း၊ သေကြေပျက်စီးစေခြင်း၊ အကျိုးဆုတ်ယုတ်စေခြင်း တို့မှ ကင်းသော မှန်သော အသက်မွေးမှု
(၆) မိမိကိုယ်တိုင် လေ့ကျင့်ခြင်း၊ အုပ်ထိန်းခြင်း၊ စောင့်စည်းခြင်းနှင့် တကွသော မှန်သော အားထုတ်မှု

(၇) ပေါ့ပါးလျင်မြန် သွက်လက်သော သိမ်းချုပ် ထိန်း အုပ်၍ ထားသော မေ့လျော့ ပျောက်ပျက်ခြင်း မရှိသော မှန်သော မှတ်သားမှု

(၈) ဘဝ၏ အဖြစ်အပျက်အမှန်ကို စဥ်းစား ကြံစည် ခြင်းဖြင့် ရရှိအပ်သော မှန်သောစိတ်၏ တည်ငြိမ်မှု ဟူသော မဂ္ဂင်ရှစ်ပါး အလယ်လမ်းတရား အစု ပင်၊ ဒုက္ခဆင်းရဲခြင်း၏ ဇာတ်သိမ်းရန် အကြောင်း မှန်ဖြစ်သတည်း။

**ချစ်သားတို့။ ။**

ဤသည်ကား ဒုက္ခ သစ္စာ ဆင်းရဲမှန်ဖြစ်၏။ ထိုဆင်းရဲ မှန်ကား ပိုင်းခြားသိမြင်ရမည့် သဘောတရား ဖြစ်၏။ ၎င်းကိုငါသည် ပိုင်းခြားသိမြင်ခဲ့ပြီ။

**ချစ်သားတို့။ ။**

ဤသည်ကား ဒုက္ခသမုဒယ ဆင်းရဲ၏အကြောင်းမှန် ဖြစ်၏။ ထိုအကြောင်းမှန်ကား ပယ်ထုတ် တိုက်ဖျက် ပစ်ရမည့် သဘောတရားတည်း။ ၎င်းကို ငါသည် တိုက်ဖျက်ပယ်ထုတ်၍ပြီးခဲ့ပြီ။

**ချစ်သားတို့။ ။**

ဤသည်ကား ဒုက္ခနိရောဓ ဆင်းရဲ ကင်းငြိမ်ခြင်းအမှန် ဖြစ်၏။ ၎င်းကားအာရုံပြုရမည့် သဘောတရား ဖြစ်၏၊ ၎င်းကို ငါသည် အာရုံပြု၍ပြီးခဲ့ပြီ။

**ချစ်သားတို့။ ။**

ဤသည်ကား ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ ဆင်းရဲငြိမ်းရာ လမ်းစဥ်မှန်ဖြစ်၏။ ထိုလမ်းစဥ်မှန်ကား လက်တွေ့လုပ်

ကိုင်ရမည့် သဘောတရားဖြစ်၏။ ၎င်းကိုငါသည် လက်တွေ့သုံးသပ်လုပ်ကိုင်၍ ပြီးခဲ့ပြီ။

ဤသို့ သိမြင်သည်နှင့်တပြိုင်နက် ရှေးက ကြားမှမကြားဘူးသော သဘာဝဓမ္မ တို့နှင့် ပတ်သက်၍၊ ငါ့ဘုရား၌ မျက်စိပွင့်ခဲ့ပြီ။ အသိဉာဏ်ပေါ်ခဲ့ပြီ။ ပညာထွန်းခဲ့ပြီ။ ဝိဇ္ဇာပေါက်ခဲ့ပြီ။ အလင်းရောင်တောက်ခဲ့ပြီ။

**ချစ်သားတို့။ ။**

ဤအမှန်လေးချက်ကို ကွက်ကွက်ကွင်းကွင်း ထင်လင်းသေချာ၊ အကြွင်းမျှလောက်သော ကာလပတ်လုံး ငါကိုယ်တိုင် မသိမမြင်ခဲ့သေး။ ထိုမျှလောက်သောကာလပတ်လုံး ငါသည်ဤမြေပြင်ရော ကောင်းကင်ဘုံနန်း၌ပါ အဘုမရှိသောထိုးထွင်း၍ အမှန်မြင်တတ်သော ဉာဏ်ကို မရခဲ့သေးချေ။

**ချစ်သားတို့။ ။**

ယခုသော် တမူကား ငါသည်ထိုဉာဏ်အလင်းရောင်ကို ရရှိခဲ့ချေပြီ။ ထိုဉာဏ်အလင်းရောင်သည်ငါ၏စိတ်ဓါတ်၌ ကိန်းဝပ်ခဲ့ပြီ။ ငါ၏စိတ်သည်အမှောင်ကင်း၍ အလင်းသို့ရောက်ခဲ့ပြီ။ ငါ၏လွတ်လပ်မှုကား မလှုပ်ရှားမယိမ်းယိုင်တော့ပြီ။

**ချစ်သားတို့။ ။**

ဤကား ငါ၏နောက်ဆုံးဘဝဇာတ်ဖြစ်ခဲ့ပြီ။ ဘဝသစ်တဖန်ဖြစ်စေတတ်သောဘဝရေသောက်မြစ်ကို လက်စသတ် ခုတ်ဖြတ်ပြီးခဲ့လေပြီ။

ဤကား ဂေါတမဗုဒ္ဓ၏ "ဓမ္မစက္က ပဝတ္တန" သုတ်ကို အကျဉ်းချုပ် အများနားလည်လွယ်အောင် ဘာသာပြန်ဆို

ချက်ဖြစ်၏။ဤသုတ်၏လိုရင်းအချုပ်ကားအကြောင်းအကျိုးမှတပါး အခြားဘာမျှမရှိဟူသောအချက်ဖြစ်၏။

အကြောင်းအကျိုးမှ လွတ်သော(ဝါ)ကင်းသော အရာသည် အမှန်မဟုတ်ဟူသော အချက်ကို လက်ညှိုး ညွှန်ပြလေသည်။ ၎င်းသုတ်သည် တိုလှကျဉ်းလှ၍ လွယ်မယောင် တိမ်မယောင် ထင်ရစေကာ ဗုဒ္ဓဘာသာတရား အားလုံးကို သိမ်းကြုံးမိခြင်း၊ ကိုယ်ကျင့်တရားရော အဘိဓမ္မာပညာပါ အကြုံးဝင်ခြင်း တို့ကြောင့် ဗုဒ္ဓဝါဒ၏ အခြေခံ ဖြစ်ထိုက်လေသည်။ အထပ်ထပ်ဖတ်၍ အကြိမ်ကြိမ် ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဘို့လိုလေသည်။ ဤသို့ဖတ်၍စဉ်းစားတွေးတောမိလေလေ၊ နက်နဲ၍သွားလေလေဖြစ်သော သုတ်ပင်ဖြစ်၏။

မိမိ၏ ကိုယ်ပိုင် ဉာဏ်ကို အသုံးမပြုသူ၊ စဉ်းစားတွေးတောခြင်း ကင်းသူများ အဖို့၊ အမြင်နက်၍အသိခက်သောတရားဖြစ်ခဲ့၏။ ထို့ကြောင့် အိုအချင်းလူသား၊ အထပ်ထပ်ဖတ်၍အကြိမ်ကြိမ် စဉ်းစားလော့။ အမှန်သို့ထိရောက်အောင်ကြံလော့၊ စည်လော့၊ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြု၍တွေးတောပါလေလော့။

## "လူကျင့်ဝတ် တရားများ"

ဗုဒ္ဓဘာသာဆိုင်ရာ မူလအခြေခံတရားများကို ကျွန်ုပ်တို့ရေးပြီးခဲ့လေပြီ။ ၎င်းတို့ကို ထောက်ဆခြင်း အားဖြင့် မင်္ဂလာ အခမ်းအနားလုပ်ခြင်း၊ နတ်ကို ကိုးကွယ်ပသခြင်း၊ ဗေဒင်ယုံခြင်း၊ သိုက်တပေါင်ကို အားကိုးခြင်း၊ ယတြာချေခြင်း၊ ဂါထာမန္တရားမန်းမှုတ်ခြင်း၊ တန္တရဝိဇ္ဇာ ဂိုဏ်းသုံးပရိတ်တွေကို ရွတ်ဖတ်ခြင်း၊ ဆုတောင်းခြင်း စသည်တို့ဖြင့်

လူသားတို့၏ ကောင်းဆိုးနှစ်ဝ နှစ်ပွားနသော အကျိုးကိုပြီးစေနိုင်သည့်ဟူသော အယူဝါဒမျိုး ဗုဒ္ဓဘာသာ၌ မရှိကြောင်း ထင်လျှားချေပြီ။

သို့ရာတွင် ယခုအခါ ဗုဒ္ဓဘာသာဝင် ခေါ်ဆိုကြသော လူတို့သည် ထိုထိုများစွာသော ယုတ္တိယုတ္တာ ကင်းမဲ့သော အရာများကို ပြုလုပ်နေကြပါကော ဟူ၍ မေးဘွယ်ရာရှိ၏။ အဖြေကား ၎င်းတို့ပြုလုပ်နေခြင်းကား ဘာသာရေးမဟုတ်၊ စင်စစ်မှာ လူမျိုးဆိုင်ရာ (ဝါ) ဒေသန္တရဆိုင်ရာ ထုံးစံဓလေ့ များသာဖြစ်ချေသည်။

ဤသို့ အဓိပ္ပါယ်ကင်းမဲ့သော ထုံးစံ အလေ့အလာများကို ယုံကြည်စွာ လိုက်နာ ပြုကျင့် နေကြခြင်းသည်လည်း ဉာဏ်ပညာ အလင်းရောင်ကို မရမသေးသောကြောင့်သာ ဖြစ်ခဲ့၏။ အကြင်အခါ စဉ်းစား ဆင်ခြင်တတ်သော ဉာဏ် အလင်းပေါ်လာ၏။ ထိုအခါ အမှောင်ထုမာထိုထိုများလှစွာ သော ထုံးစံဓမ္မတာတို့သည် အလိုအလျောက် ကွယ်ပျောက် ချုပ်ငြိမ်းခြင်းသို့ ရောက်ချေမည်။

မှန်လှ၏။ ဗုဒ္ဓဂေါတမ ၏ ဝါဒကား မဖြစ်နိုင်တာတွေ စိတ်ကူးနှင့်သာ ရှုးရသော အရာတွေကိုသာ မြော်မှန်းပြီး အကာအား လပ်သွားသလို စမ်းတဝါးဝါး ပြုလုပ်နေရန် မဟုတ်။ အဟုတ်ကား၊ စိတ်နိုင်ဉာဏ်ပိုင် ကိုယ်တိုင်လုပ်ကိုင်၍ ဖြစ်သော ချက်ချင်းလက်ငင်း အကျိုးအာနိသင်ကို ဖြစ်စေ နိုင်သော လုပ်ငန်းပင် ဖြစ်သတည်း။

ဗုဒ္ဓဂေါတမ သည် စိတ်ကူးစိတ်တန်းဖြင့် လေဖန်းဒန်းစီး ရသကဲ့သို့သော အလုပ်မျိုးကို အလွန်စက်ဆုပ်တော်မူခဲ့၏။

ထို့ကြောင့် ၎င်းသည် ဒွာဝယာဘုရားကိုင်း၊ မြဲသောအတ္တဇီဝကိုင်း၊ သူ၏တရားနယ်ပယ်မှ ဖယ်ထုတ်ပြီးလျှင်လက်တွေ့လုပ်ငန်း ဆိုင်ရာတရားကိုသာ ဟောကြားခဲ့လေသည်။

ဗုဒ္ဓသည် လူသားအားလုံးနှင့်ဆိုင်သော(ဂါ)နှာခေါင်းချွန်ပြား အသားဖြူမဲ မခွဲခြားပဲ၊ လူသားအများနှင့် ဆိုင်သောလူ့ကျင့်ဝတ်ငါးပါးကို ရှေးဦးစွာဟောပြခဲ့၏။ ၎င်းကား။

(၁) သတ္တဝါ၏အသက်ကို မသတ်ခြင်း။
(၂) သူတပါး၏ပစ္စည်းဥစ္စာကို မခိုးခြင်း။
(၃) ဖြူစင်သန့်ရှင်းသော အကျင့်စာရိတ္တရှိခြင်း။
(၄) မှန်သောစကားကိုဆိုခြင်း။
(၅) မူးယစ်စေတတ်သော အစာရေစာမှ ရှောင်ကြဉ်ခြင်းတို့ပင် ဖြစ်၏။

၎င်း လူကျင့်ဝတ်ငါးပါးကို လူသားတိုင်းလိုက်နာရမည်။ လိုက်နာခြင်းဖြင့် မွန်မြတ်သော အကျိုးကို လက်ငင်းဒိဋ္ဌခံစားရချေမည်။ ယခုခေတ်၌ ဤငါးပုံ့ကျင့်ဝတ် ချို့တဲ့သောလူမျိုးကို လူရိုင်းဟု ခေါ်ဆိုလေသည်။

ဤငါးပါးမှ တပါးသော လူကျင့်ဝတ် တရားတို့လည်း ဗုဒ္ဓဘာသာ ဆိုင်ရာ ပိဋကတ်တို့၌ များပြားစွာ ရှိကြကုန်သေး၏။ ၎င်းတို့သည် မယဉ်ကျေးသေးသောလူသားအတွက် များစွာ အဖိုးတန်သော ကြောင့်၎င်း၊ ယဉ်ကျေးပြီးသောလူ သား ၏ တိုးတက်ရေး၌ အားပေးတံ့မာ ဖြစ်သောကြောင့်၎င်း။ အကျဉ်းမျှ မဖော်ပြပဲ မဖြစ်နိုင်ချေ။

(၁) လိုချင်တပ်မက်ခြင်း၊အမျက်ထွက်ခြင်း၊ အသိဉာဏ်ကင်းမဲ့ခြင်းကို ဖျောက်ဖျက်နိုင်ခြင်းသည် မွန်မြတ်လှ၏။

(၂) ချစ်ခင်ခြင်းလောကနှင့်လောကသားတို့၏ **ကောင်း** ကျိုး ချမ်းသာ တိုးတက်အောင် ပြုလုပ်ခြင်းသည် ဘာသာ တရားအမှန်ဖြစ်၏။

(၃) အသင်တို့သည် အဘယ် ဘာသာကိုပင် ယုံယုံ။ ထိုသင်တို့ ယုံကြည်သော ဘာသာအားဖြင့် ပူမှုငြိမ်း၍မှုကို ၎င်း၊သည်းခံခြင်းကို၎င်း၊ ရောင့်ရဲခြင်းကို၎င်း၊ကြည်သာရွှင်ပျ ခြင်းကို၎င်း ဖြစ်စေနိုင်၏။ ၎င်းကားတရားဖြစ်၏။

(၄) ဆင်းရဲမွဲတေနေသော သူတို့အား ပေးကမ်းသည့် ဒါနကို အမြတ်ဆုံးဟု ဗုဒ္ဓကိုယ်တိုင်က ချီးမွမ်းတော်မူ၏။

(၅) ငါ့အား ခစား ဆီးကပ် လိုသူများသည် လူမမာ ဂိလာနကို ဖေးမ ကူညီပြုစုခြင်းဖြင့် ထို ဆည်းကပ်လိုမှုကို ပြီးစေရာ၏။

(၆) မှန်သောတရားကို ကျင့်ကြံသူ၏စိတ်၌နိဗ္ဗာန်တရား တည်ရှိခဲ့၏။

(၇) အလိုမီး အမျက်မီး အမှောင်မီး ငြိမ်းသောအခါ နိဗ္ဗာန အဆင့်အတန်းသို့ ရောက်လေသည်။

(၈) ကျန်းမာ ခြင်းသည် အကောင်းဆုံး လာဘ်ဖြစ်၏။ တင်းတိမ်ရောင့်ရဲခြင်းသည် အမြတ်ဆုံးရတနာဖြစ်၏။စိတ်၏ ငြိမ်းမှုသည် အမြင့်ဆုံးချမ်းသာဖြစ်၏။

(၉) အမှန်တရားကို ဟောပြောခြင်းသည်။ အမြတ်ဆုံး အလှူဖြစ်၏။

(၁၀) မိမိကိုယ်ကို အောင်နိုင် ခြင်းသည် အမြတ်ဆုံး သော အောင်ခြင်းမင်္ဂလာဖြစ်၏။

(၁၁) အမျက်ထွက်သူကို ချစ်ခြင်း မေတ္တာဖြင့် အောင် လော့၊ ဆိုးယုတ် သူကို ကောင်းမြတ်သော အမူ အရာဖြင့်

အောင်လော့။ လိမ်လည်တတ်သူကို အမှန်ဖြင့် အောင်မြင်လော့။ကပ်စေးနဲသူကို ပေးကမ်းခြင်းဖြင့် အောင်မြင်လော့။

(၁၂) ရန်သူ ဟူသမျှကို ရန်တုံ့ခြင်းဖြင့် မအောင်နိုင်။ လက်စားမချေခြင်းဖြင့်သာ အောင်မြင်နိုင်လေသည်။

(၁၃) စင်ကြယ်သော နှလုံး၊အချစ်ဓါတ်ဖြင့် ထုံအပ်သော စိတ်ကိုထား၍ သူ့ဘာပါးတို့အား နှိပ်စက်ကလူ မပြုရ။ကိစ္စအားလုံးကို ကိုယ်ချင်းစာထား၍ ပြုကျင့်ရာ၏။

(၁၄) ပဋိသန္ဓေအားဖြင့် မြင့်သူမြတ်သူ ယုတ်သူမာသူ မဖြစ်နိုင်၊ မရှိနိုင်။ စင်စစ်မှာ ကိုယ်ကျင့် တရားဖြင့် အယုတ်အမြတ်ကို ဆုံးဖြတ်နိုင်၏။

(၁၅) မိဖတို့ကို ကိုးကွယ်ရိုသေခြင်း၊ သားမယားတို့ကို ကျွေးမွေးစောင့်ရှောက်ခြင်း၊ အပြစ်ကင်းသောအသက်မွေးမှုရှိခြင်း တို့သည် တွင်မြတ်သော ကြက်သရေများ ဖြစ်ကြကုန်၏။

(၁၆) မိမိတကိုယ်ထည်း၏ ချမ်းသာရေးအတွက် သူတပါးကို ညှဉ်းပန်းသူသည် ချမ်းသာစစ်ကို မတွေ့နိုင်။

(၁၇) အားလုံးသော သက်ရှိသတ္တဝါတို့ကို ချစ်လော့၊ သနားလော့၊ ၎င်းတို့၏ချမ်းသာသုခ တိုးတက်ရေးအတွက် အားထုတ်လော့။

(၁၈) မိမိ၏ ကိုယ်နှုတ်စိတ်တို့ကို နိုင်အောင် ထိန်းအုပ်သိမ်းချုပ်လော့။၎င်းတို့ကို အောင်နိုင်သူသည် တကမ္ဘာလုံးကို အောင်နိုင်သူထက် ပိုမိုမြင့်မြတ်၏။

(၁၉) ရွှေငွေနှင့် အခြားစည်းစိမ် ဉစ္စာတို့သည် အများသတ္တဝါ၏ အကျိုး၌သာ သုံးနိုင်သော်သာ မြင့်မြတ်သော ကြက်သရေ မင်္ဂလာကို ဆောင်စွမ်းနိုင်ကြလေသည်။

(၂၀) ငါနှင့် သူတပါးကို တသားသည်း ဖြစ်အောင် ဥာဏ်မျက်စိဖြင့် ရှုကြည့်လော့။ ထိုသို့ ထင်မြင်အောင် ကြည့်ရှု၍ သူတပါးတို့အား နာကျင်မှု စိတ်မရွှင်မှု မဖြစ်စေဘဲ ကြည့်ရှုရှင် ချမ်းသာ ဖြစ်စေရာ၏။

(၂၁) ငါ၏အလုပ်သည် ငါပိုင်ဖြစ်၏၊ ၎င်းသည် ငါ၏ အမွေအနှစ်ဖြစ်၏။၎င်း၏အကျိုးမှငါပြေးရှောင်၍မလွတ်နိုင် ထို့ကြောင့်ကောင်းသောအလုပ်ကိုသာ ကြိုးစား၍လုပ်ကိုင်ပါလော့။

(၂၂) မိမိ၏ ကိုယ်ရောစိတ်ပါ လွတ်လပ်ရေးအတွက် အခြားသူကို အားကိုးအားထား မပြုပါနှင့်။ မိမိကိုယ်တိုင် အားထုတ် ပြုလုပ်မှသာလျှင် ထိုလွတ်လပ်ခြင်း၏ အရသာကို ခံစားနိုင်၏။

(၂၃) ရေချိုးရေငံ ရေမွှေး ရေနံတို့ဖြင့် မိမိစိတ်ကို မစင်ကြယ်စေနိုင်။ ကောင်းမြတ်သော လုပ်ငန်းဖြင့်သာ ၎င်းကို စင်ကြယ်စေနိုင်၏။

(၂၄) အနာဂတ် ချမ်းသာသုခနှင့် လာဘ်လာဘကို မြှော်လင့်တောင့်တမှုမရှိပဲပေးကမ်းစွန့်ကြဲရာ၏။

(၂၅) ချမ်းသာခြင်း မွဲတေခြင်း ဂုဏ်ရှိခြင်း မဲ့ခြင်း ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်း ထင်လျှားခြင်း မှေးမှိန်ခြင်း ပူခြင်း ခြေင်းစသည်တို့ကြောင့် မဘုန်လှုပ်သူသည်လူမြတ်ဖြစ်၏။

ဤသည်တို့ကား ဗုဒ္ဓဘာသာဆိုင်ရာ လူကျင့်ဝတ်တရားတို့၏ သဲလွန်စမျှသာဖြစ်ချေသည်။ ထိုထက် များမြောင်လှသောလောကကျင့်ဝတ်တို့ကို အလိုရှိသသူသည် ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်များကိုကြည့်ရှုသင့်ပေသည်။ ဤလူကျင့်ဝတ်တရားများကိုဘာသာတိုင်း၌ ကျွန်ုပ်တို့ တွေ့မြင်ရကုန်သည်။

သို့ရာတွင် ဗုဒ္ဓဘာသာ၏ ထူးခြားချက်ကား၊ ထိုလူကျင့်ဝတ်အတိုင်း နေထိုင်သူအား ဋ္ဌာဝယ ဘုရားက ဆုတောင်းလာဘ်တော် ပေးသည်ဟူသောအချက်ကို အသိအမှတ်မပြုခြင်းပင် ဖြစ်သတည်း။

ဆိုသင့်စွာ့။ အခြားဘာသာဝင်တို့သည်ကောင်းမြတ်သောလူကျင့်ဝတ်တရားကိုကျင့်ကြံနေကြကုန်၏။ အပြစ်ကင်းသောလုပ်ငန်းများကိုပြုလုပ်အားထုတ်နေကြကုန်၏။ သို့သော်ဋ္ဌာဝယဘုရား၏ အလိုတော်မပါဘဲ၊ ပြည့်စုံခြင်း ကောင်းမြတ်ခြင်းစသည် မဖြစ်နိုင်ဟု အယူရှိကြကုန်၏။ အလုပ်ကိစ္စဘည့်သည့်စည်းစနစ်ကျနစွာလုလ္လဝိရိယဖြင့် လုပ်ကိုင်ဆောင်ရွက်မှုကြောင့် ပြီးမြောက်ခြင်းသို့ ရောက်သည် မဟုတ် (ဝါမီး လူတယောက်သည် မြင့်မြတ်သော လူကျင့်ဝတ်တရားဝ္ဂကို ရှိသေစွာ လိုက်နာ ကျင့်ကြံခြင်းကြောင့် မြင့်မြတ်ခြင်းသို့ ရောက်သည်မဟုတ်။ အဟုတ်သော်တမူကား ဋ္ဌာဝယဘုရား၏ အလိုတော်ကြောင့်သာအလုပ်ကိစ္စလည်း ပြီးမြောက်ရ၏ လူလည်းမြင့်မြတ်လာရ၏ဟု ယုံကြည် နေကြကုန်၏။

ဗုဒ္ဓဘာသာဝင်တို့ကမူ ကိုယ့်အား ကိုယ်ကိုးမှုသည်မြင့်မြတ်၏ ကိုယ်ကျင့်ဝတ်, ကိုယ်ကျင့်သော် မြင့်မြတ်လာရ၏။ သူတပါးကိုယုံ၍ နေ,ကို ခုန်ဆွဲခြင်းသည်ရယ်ဘွယ်သာဖြစ်၏။ ဤခြားနားချက်ကား ကြီးကျယ်လှစွာ၏။ အလုပ်တခုကို ကိုယ်တိုင် လုပ်မှပြီးခြင်းသည် လောက၌ ထင်ရှားပါလျက် အခြားသူတဦး၏အလိုကြောင့် ပြီးရသည်ဟုယုံကြည်နေမှုတွေ ရှိနေသေးသောကြောင့် ကမ္ဘာ၏ ပညာအဆင့်အတန်းထင်သလောက် မမြင့်သေးကြောင်းမှာ ထင်ရှား ပါသည်း။

## "ခရစ္စယံ ဘာသာ"

ရေနှံ် ရေဖြန်း (ဝါ) စာပြု စာနီ အလီလီသော ခရစ္စယံ ဝါဒီအပေါင်းတို့၏အားကိုးအားထားရာကျမ်းစာကားသမ္မာကျမ်းပင်တည်း။၎င်းကိုဓမ္မဟောင်းနှင့် ဓမ္မသစ်ဟူ၍ နှစ်ပိုင်းခွဲခြားထားခဲ့လေသည်။ဓမ္မဟောင်းကား ဖဘုရားခေါ်ဣသရေလ၏ မုက္ခပတ်တော်ဖြစ်၍ အစပထမဉ္စဟော၏ ဘာသာဖြင့်ရှိခဲ့၏။၎င်းတွင်ကျမ်းစာ အရေအတွက်အားဖြင့် ၃၉ ကျမ်းပါဝင်၏။ ၎င်းဓမ္မဟောင်းပါ ကျမ်းများ၌ အခဏ်းပေါင်း ၉၂၉ ခဏ်း၊လင်္ကာအပိုဒ်ပေါင်း ၂၃၂၁၄ ပါဝင်လေသည်ဟူဒိ တို့ကမူ အပို ခရစ်ဖါမည်သော ၁၄ ကျမ်းကိုပါဓမ္မဟောင်း၌ ထည့်သွင်း ရေတွက်လေသည်။၎င်းတို့ကား ။

(၁) အိစဒြ ပထမစာစောင် ။
(၂) အိစဒြ ဒုတိယစာစောင် ။
(၃) တိုဗစ် ။
(၄) ယုဒိသ ။
(၅) အိစသာ နောက်ဆက်တွဲ ။
(၆) ရှောလမုံပညာ ။
(၇) အီကလက် ဆီယက်စတပ် ။
(၈) ပရုစ် ။
(၉) သူငယ်သုံးဦး၏ဓမ္မသီချင်း ။
(၁၀) သုသန္န ရာဇဝင် ။
(၁၁) ဗေလနှင့်ဒရက်ဂုံ ။
(၁၂) မာနဿမေတ္တာစာ ။
(၁၃) မက္ကာဗီ ပထမစာစောင် ။
(၁၄) မက္ကာဗီ ဒုတိယစာစောင်တို့ ဖြစ်သတည်း ။

၎င်းတို့သည် ဂရိဘာသာဖြင့် ရှိသောဆက် ပတ္တူကျင်းခေါ် ဓမ္မဟောင်း၌၎င်း။ ဗွာလဂိတ်ခေါ် လယ်တင်ဓမ္မဟောင်း၌၎င်း။ ပါရှိခဲ့ကြစေကာ ယခုခေတ်သုံး အင်္ဂလိပ်ဘာသာပြန်ဓမ္မဟောင်းမှမူပယ်ထုတ်ခြင်းကိုခံကြရလေကုန်ပြီ။

ဓမ္မသစ်ကား အစပထမ၌ဂရိဘာသာဖြင့် ရေးသားဘာသော ကျမ်းဖြစ်၍ကျမ်းပေါင်း ၂၇၊ အခန်းပေါင်း ၂၆၀း လက်ာအပိုဒ်ပေါင်း ၇၉၅၉ ပါရှိသော ကျမ်းဖြစ်၏။ ထိုသို့အားဖြင့် သမ္မာကျမ်း တစောင်လုံး၌ ပုဒ်ရေ–၇၇၄၆၀ ပါရှိ၍ ယေဟောဝါ ဟူသော ၌ာဝယဘုရား၏ ငယ်နာမည် ၆၈၅၆ ကြိမ်ပါရှိလေသည်။

ဆက်ပတ္တူဂျင်ခေါ် ဓမ္မဟောင်း ကျမ်းကို ပတို လမီးဖိလေဒေလဖက်၏ အမိန့်အရ(၇၂)ယောက်သော ဘာသာပြန်ဆရာကြီးတို့သည် ခရစ်မပေါ်မီ အနှစ် ၂၀၀(ဝါ)၃၀၀ ခန့်က အလိသန္ဒြမြို့၌ ဂရိဘာသာသို့ ပြန်ဆိုခဲ့ကြ လေသည်။ ဗွာလဂိတ် သမ္မာကျမ်းကား ခရစ်သက္ကရာဇ် ၄၀၀ ၌ ဂျာရုန်း မည်သော ဆရာကြီးသည် လယ်တင် ဘာသာသို့ ပြန်ဆိုခဲ့သောကျမ်းဖြစ်၏။ ဂျွန်ဝိုင်ကလစ်ဖ်သည် ၁၃၈၀ ခုနှစ်၌ဗွာလဂိတ်သမ္မာကျမ်းကိုရှေးဦးစွာ အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုခဲ့၏။ မူရင်းဖြစ်သော ဟေဗြဲဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသူကားဝိလျံတင်ဒေလ်ဖြစ်၍ ၁၅၂၅–၃၄ ခုနှစ်၌ပြီးမြောက်အောင် ပြုပြင်ခဲ့လေသည်။ တဖန် ၁၆၀၁ ခုအင်္ဂလန်ပြည့်ရှင်ပထမမြောက် ဂျိမ်းဘုရင်၏ လက်ထက်၌ဘုရင်၏အမိန့်ဖြင့်အများသုံးအတည်ပြုရန်အားလုံးပြင်ဆင်၍ အသစ် ဘာသာ ပြန်ဆိုပြန်လေသည်။ ၎င်းကားယခုအခါ အများအသုံးပြုနေကြသောသမ္မာကျမ်းစာပင်ဖြစ်သည်။

ထို့ပြင် သက္ကရာဇ် ၁၉၀၀, ကုန်ခါနီးသို့ ရောက်သော အခါ ထိုသမ္ဘာကျမ်းကို အသစ်တဖန် မွမ်းမံ ပြင်ဆင်ပြန် လေသည်။ သို့သော်ဂျိမ်းဘုရင်၏ လက်ထက်၌ ပြင်ဆင် သောကျမ်းနှင့် များစွာထူးခြားခြင်း မရှိချေ။

## ခရစ္စယာန်ဝါဒအကျဉ်းချုပ်

ခရစ္စယာန်ဘုရားနှင့် တရားကို မရေးသားမိ အများသော သုတေသီပုဂ္ဂိုလ်တို့ အလွယ်တကူ သိမြင်နိုင်စေရန် ထို ခရစ္စယာန်ဘာသာ၏ အတိုချုပ်ကို ဤနေရာ၌ ရေးသားဖေါ်ပြ ရသော် များစွာ သင့်လျော်ပေရာ၏။ ထို့ကြောင့် ရှုလော့၊ ကြည့်လော့။ ခရစ်သက္ကရာဇ် မစမီ နှစ်ပေါင်း ၄၀၀၄ နှစ် အခါက ယေဟောဝါ အမည်ရှိသော ဌာဝယ ဘုရားသည် ဤကမ္ဘာ လောကဓါတ်ကြီး တခုလုံးနှင့် အတွင်းရှိ အရာ အားလုံးကို ဖန်ဆင်းခဲ့လေသတတ်။ သူသည်း လူထီးကို ရွှံ့ ရုပ် ပြုလုပ်၍ဖန်ဆင်းခဲ့၏။ ထိုရွှံ့ရုပ်လူ၏နှာခေါင်း တွင်းသို့ လေမှုတ်သွင်းခြင်းဖြင့် အသက်ရှိသောလူအဖြစ်သို့ရောက်စေ ခဲ့၏။

လူမကို လူထီး၏နံရိုးတချောင်းဖြင့် ထုလုပ်ဖန်ဆင်းခဲ့၏။ မြေကြီး ကောင်းကင်-- နေ-- လ--ကြယ်-- တာရာ-- ရေ-- လေ သစ်ပင် တော-- တောင်နှင့် တကွ၊ အားလုံးသော သား တိရစ္ဆာန်များကိုမူ "ဖြစ်စေသတည်း" ဟူသောစေတလုံးဖြင့် သာ ဖန်ဆင်းခဲ့၏။

ထိုလူထီးနှင့်လူမကို ဌာဝယသည်အီဒင်ဥယျာဉ်အတွင်း၌ ထားခဲ့၏။ အသိဥာဏ်ကို ပေးတတ်သောအပင်မှ ဥာဏ်သီး နှင့် အသက်ပင်မှ အသက် သီးကို မစားရန် တားမြစ်ထား ခဲ့သည် သို့ရာတွင် စာတန်ခေါ် မာရ်နတ်၏ သွေးဆောင်

ဖြားယောင်း ချက်ကြောင့်၊ ထိုလူ ၂ ဦးတို့သည် ဌာဝယ် ဘုရား၏အမိန့်ကိုဖီဆံတော်လှန်၍ ဥာဏ်သီးကို ခိုးယူစားကြ ကုန်ပြီ၊ ထို့ကြောင့် သူတို့ ၂ ယောက်သည် အသိဥာဏ်ကို ရလာကြကုန်သော ဟူ၏။ ထိုအကြောင်းကို သိသော အခါ ဌာဝယ ဘုရားသည် သွေးဆောင်သူ မာရ်နတ်ကို ကျိန်ဆဲ၍ လူ ၂ ယောက်ကိုလည်း အပြစ်ဒဏ်ခပ်ပြီးသော် ဥယျာဉ် အတွင်းမှ နှင်ထုတ်လိုက်လေသည်။ ထိုနောင်နှစ်ပေါင်း ၁၅၀၀ ခန့်ကြာသောအခါ လူသတ္တဝါ၏ညစ်ညမ်းဆိုးသွမ်းမှုကိုငင်း၊ တော်လှန်ဖီဆံမှုကိုငင်း၊ သည်းမခံနိုင်သော ဌာဝယ ဘုရား သည့်နောနှင့်ဘက္ကသောလူ(၈)ယောက်၊ ဘိရစ္ဆာန်အမျိုးမျိုးမှ ဖို-မ တကောင်စီမှဘပါး အခြားသောသူ၏သားသမီးများကို ရေဘေးဖြင့် သတ်ဖြတ်တော် မူခဲ့သော ဟူ၏။ ထိုနောက် ဌာဝယသည် အဗရဟမ်းအမှူးရှိသော ရဟူဒီလူမျိုးတို့ကို ရွေးချယ်၍ သူတို့ကို တရားဥပဒေများလုပ်ပေးခဲ့၏။ သူသည် ၎င်းတို့ကိုယဉ်ကျေးအောင် ကြိုးစားခဲ့၏။ သူသည် ၎င်းတို့ အတွက် အရာအားလုံးကို အုပ်စိုးနိုင်သော သခင်အဖြစ်သို့ ရောက်အောင်ကြိုးဆောင် ကြိုးစားခဲ့၏။ သို့သော်၎င်းတို့သည် ကျွန်အဖြစ်ဖြင့်သာ ရောင့်ရဲခဲ့ကြရကုန်ပြီ။

သူသည်သူ၏အလိုဆန္ဒကို နည်းအမျိုးမျိုးဖြင့် ထင်ရှား ပေါ်ပြခဲ့၏။ သူသည်များစွာအံ့ဩဘွယ်ကောင်းသော တန်ခိုး ဗျာဒိတ်ဟာများကို ပြုလုပ်ခဲ့လေ သတတ်။ သို့သော် သူသည် မအောင်မြင် ခဲ့ချေ။ နောက်ဆုံး၌ သူသည် လူသတ္တဝါကို တိုးတက်ယဉ်ကျေးအောင် ပြုခြင်းငှါ မစွမ်းနိုင် ကြောင်းကို သိမြင်လာသောကြောင့်၊ လူဝင်စားဇာတ်ကိုခင်းရန်စီမံရပြန် လေသည်။

ထို့ကြောင့်သူသည် အပျိုစစ်မာရိ၏ ဝမ်းတိုက်၌ ကိမ်း အောင်း ဖွားမြင်ခြင်းဖြင့် လူ၏အသွင်ကို ယူခဲ့ရပြန်၏။ သူ သည် ပါလေတိနမှာ နေထိုင်၍ အသက် ၃၀ အရွယ်တွင် ဠာဝယ၏ သတင်းကောင်းကို စတင်ကျေညာ ခဲ့လေသည်။ ထိုနောက် ထိုနယ်ပယ်တလျှောက်သို့ လှည့်လည်၍ သုံးနှစ်ခန့် ဧဝံဂေလိတရားတော်ကို ဟောကြား ခဲ့လေသည်။

သူသည်လည်းအဖဘုရားကဲ့သို့ပင် တန်ခိုးအမျိုးမျိုးကိုပြု လုပ်ခဲ့လေသည်။သူသည်တရံအခါ လူသေများကို အသက် သွင်းပေးခဲ့သတတ်၊ အကန်းများကို အလင်း ရ စေ ခဲ့သ တတ်၊နားပင်းသူများကို ကြားနာခွင့်ရစေခဲ့သတတ်၊ ဆွံ့အ သောသူများကို စကားပြောစေ၍ ခြေလက် သေသူများကို လမ်းလျှောက် စေခဲ့လေသတတ်၊ ဤသို့စသည်ဖြင့် လောက သားတို့၏အကျိုးကို သည်ပိုး ရွက်ဆောင်နေစဉ် ရဟူဒီတို့ သည် သူ့ကို ဘုရားသခင်အား ပြစ်မှားသောအမှုဖြင့် စွပ်စွဲ ကြလေကုန်ပြီ၊နောက်ဆုံး၌ လူအများ၏ သဘောတူညီချက် အရ ဖိလိတ် ဘုရင်ခံသည် သူ့ကို သူ ခိုး နှစ် ယောက် ၏ အလည်ကြား၌ လက်ဝါးကပ်စင်တင်၍ သတ်စေဟု အမိန့် ချမှတ်လိုက်လေသည်။

သို့ရာတွင် ခရစ္စယံတို့ကမူ သူသည်သူ့အား ယုံကြည် ကိုးစားအားထားသူ လူသတ္တဝါအပေါင်း၏ အပြစ်ကို မိမိ သွေးဖြင့် စင်ကြယ်အောင် ဆေးကြောသုတ်သင်ရန် အလို့ ငှါ သူ့ကိုသူ ယဇ်ပူဇော်ခြင်းသာ ဖြစ်သည်ဟု ယုံကြည် နေကြလေကုန်သည်။

သူသည် သေပြီးနောက် ၃ ရက် မြောက် မှာ ရှင်ပြန် ထမြောက်၍ အရက် ၄၀ တိုင်တိုင် တပည့်တော်များနှင့်နေ

ထိုင်ပြီးသော် အဆုံးသတ် သဘောဖြင့် ကောင်းကင်ဘုံနန်း သို့ တက်ကြွပြီးလျှင် ဖဘုရား၏ ထံပါးတွင် အမြဲတည်ရှိနေ သောဟူ၏။

သူသည် တရားဆုံးဖြတ်ရာနေ့သို့ ရောက်သော အခါ သူ့အားယုံကြည်သူများ၏ အပြစ်ကိုခွင့်လွှတ်၍ မယုံသူများ ကို အနန္တအဆုံးမရှိသောငရဲသို့ပို့ချလိမ့်မည်။ အပြစ်ကို ခွင့် လွှတ်ခြင်းခံရ၍ ကောင်းကင်ဘုံနန်းသို့ တက်ခွင့်ရသော သူ တို့သည် မအို မနာ မသေပဲ ဌာဝယသုခချမ်းသာကို အမြဲ တစေ ပျော်ပျော်ပါးပါး ခံစားနေရလိမ့်မည်။

ငရဲသို့ ပို့ချခြင်းခံရသော သူတို့မှာကား ၎င်းတို့၏ ရုပ်နှင့် နာမ်ကို ငရဲမီး လောင်ကျွမ်း၍ ပစ်လိုက်သောကြောင့် ရုပ် ရောနာမ်ပါချုပ်ပြီး ဘဝဇာတ်သိမ်းရသောဟူ၏။ ဤကား "ခရစ္စယံဝါဒ"၏အကျဉ်းချုပ် သဘောတရားတည်း။

## "ခရစ္စယံဘုရား"

(၁) အဖဘုရား။

(၂) သားဘုရား။

(၃) ဝိညာဏ်တော်ဟူ၍ ၃မျိုး ကွဲပြားနေစေကာ။ ၎င်း ၃ခုသည် သဘာဝအားဖြင့်မူ အဟူတူပင်ဖြစ်၏။ ၎င်းတို့ကို ခရစ္စယံ ရတနာ(၃)ပါးဟူ၍လည်း ခေါ်ဆိုနိုင်၏။၎င်းကို၃ခု တဆူဘုရားဟု ခေါ်၏။ အကြောင်းကား ၎င်း(၃)ခုသည် အ လုပ်အားဖြင့် ကွဲပြားနေစေကာ သဘောအားဖြင့် အတူတူ ပင် ဖြစ်သောကြောင့်တည်း။

(၁) အဖဘုရားဟူသည်ယေဟောဝါ။

(၂) သားဘုရားဟူသည်ယေရှုခရစ်။

(၃) ဝိညာဏ်တော်ဟူသည် နံပါတ်(၁)နှင့် (၂)မှဖြစ်

ပေါ်လာသော သဘော တရားကို ဆိုသည်။ ဤ(၃)ခုတဆူ ဘုရားကိုပင် ဌာဝယဘုရားဟု ခေါ်သည်။

ဧင်းဌာဝယသည် ရှေးကျသော ဘုရင်ဂျိကိုဏ်း(ဝါ) စာ နီကိုဏ်း(ဝါ) ရေနှစ်ဂိုဏ်း၏ အယူအားဖြင့် ကိုယ်လက်အင်္ဂါ အပြည့်အစုံရှိသော သာကာရဘုရားဖြစ်၏။သူသည်ကောင်း ကင်မြေကြီးတောတောင်အလင်းအမှောင်မြစ်ချောင်း သမုဒ္ဒ ရာ သစ်ပင် နွယ်ပင်မြက်ပင် ရေသွား ကုန်းသွား ကောင်း ကင်ပျံ တိရစ္ဆာန်အားလုံးနှင့် လူထီးလူမ တစုံကို ၆ရက်နှင့် ပြီးအောင်ဖန်ဆင်းခဲ့၏။ သူသည် အနန္တတန်ခိုးရှင်ဖြစ်၏။အစ မရှိ အဆုံးမရှိ မွေးခြင်း သေခြင်းမရှိ ပကတိအတိုင်း ဘုရား ဇာတိအားဖြင့် အမြဲတည်နေ၏။

နောက်ပေါ်ပရော်တက်စတင်ဂိုဏ်း(ဝါ)စာဖြူဂိုဏ်း၏ အလိုအားဖြင့် ဌာဝယသည် ဘာမျှမရှိသော(ဝါ)နိရာကာရ ဖြစ်သောသူညဖြစ်၏။ခြေမရှိပဲလျက်နှင့်သွားနိုင်၏။နားမရှိပဲ လျက်နှင့်ကြားနိုင်၏။ မျက်စိမရှိပဲလျက်နှင့်မြင်နိုင်၏။ ပါးစပ် မရှိပဲလျက်နှင့် ပြောဆိုနိုင်၏။ဤသည်တို့ကားထိုသူညဘုရား ၏ ဂုဏ်များပင်ဖြစ်ကြကုန်၏။ ခရစ်ယာန်တို့သည် သူတို့ဘုရား နှင့်ပတ်သက်၍ သာကာရ နိရာကာရ သာကွဲကြ ကုန်သည်။ အခြားအခြားသောဂုဏ်ပုဒ်တို့မှာဧင်းဂိုဏ်းအားလုံးသဘော တူကြလေကုန်သည်။

ထိုယေဟောဝါခေါ်သောဌာဝယဘုရားသည်ဤကမ္ဘာ လောက၏ အာဏာရှင် ဖြစ်၏။ သဘာဝ ဓမ္မသည် သူ၏ အမိန့်ကိုနာခံရ၏။သူသည် သဘာဝဓမ္မကို ကပြောင်းကပြန် လှန်ချင်သလိုလှန်နိုင်၏။ အဓိပ္ပါယ်ကား မီးကိုရေဖြစ်အောင် (ဝါ)ရေကို မီးဖြစ်အောင်ပြုလုပ် စွမ်းနိုင်၏ဟု ဆိုလိုသည်။

သူသည် တရားပိုင်မင်း ဖြစ်သောဟူ၏။ သူသည် အနန္တ တန်ခိုးရှင်ဖြစ်သောကြောင့်ကမ္ဘာသူကမ္ဘာသားတို့သူ့ အား ယုံကြည်၍ ကိုးကွယ် ဆည်းကပ် စေခြင်းငှါ များမြောင်လှစွာသော တန်ခိုးပျာဒိဟာတို့ကို ပြုလုပ်ခဲ့ရသောဟူ၏။

သူပြုလုပ်ခဲ့သောတန်ခိုး ပျာဒိဟာ အချို့ကို ဓမ္မဟောင်းကျမ်းမှ အမြွက်ချဖော်ပြပေအံ့။ သူသည် တိရစ္ဆာန် များကို လူကဲ့သို့ စကား ပြောဆိုစေနိုင် ခဲ့၏။ခြောက်သွေ့ နေသော အရိုးမှစမ်းရေထွက်အောင် လုပ်နိုင်ခဲ့၏။စစ်ဗိုလ်ကြီးဂျောရှုယ သတ်ဖို့၊ ဖြတ်ဖို့၊ အချိန်ပိုစေရန် အလို့ငှါ၊ နေနှင့် လတို့ကို ကောင်းကင်၌ရပ်တန့်နေစေခဲ့၏။နေနာရီ၌နာရီလက်တံရိပ်ကို နောက်သို့ပြန်လည်သွားအောင်လုပ်နိုင်ခဲ့၏ မီးကိုလောင်မြိုက်ရန် ငြိမ်းပယ်စေနိုင်ခဲ့၏။ ရေသည် ညီသော မျက်နှာပြင် ရှိ၏ ဟူသော ဓမ္မတာကို ပယ်ဖျက်၍ နံရံကဲ့သို့ မတ်မတ် ထောင်နေအောင်ပြုလုပ် နိုင်ခဲ့ လေသတတ်။ မြေမှုန့်များကို ပိုးကောင်ဖြစ်အောင်ပြုလုပ်နိုင်ခဲ့၏။လက်ကိုင်ဒုတ် ၂ ချောင်း ကိုမြွေဖြစ်စေ၍အချင်းချင်းမျိုဝါးအောင်တတ်နိုင်ခဲ့၏။ရေကို အာကာစုန့သတ္တိကိုငြင်းဆံ၍ မြင့်မောက်သော တောင်ပေါ် သို့ စီးတက်စေနိုင်ခဲ့သောဟူ၏။ လူမိန်းမကို ဆားတုံး ဆားခဲ ဖြစ်စေခဲ့၏။ လူသေများကို အသက် တဖန် ပြန်၍ ရှင်စေခဲ့ဘူးသောဟူ၏၊ ဤသို့စသော သဘာဝဓမ္မနှင့် ဆန့်ကျင်ဘက် ဖြစ်သော တန်ခိုးပျာဒိဟာများကို ပြုလုပ်ခဲ့သောဟူ၏။

ဤသို့စသော ဘုန်းတန်ခိုးနှင့် ပြည့်စုံသော ဌာဝယဘုရား၏ ဂုဏ်ပုဒ်များကိုအကျဉ်းချုံးလိုက်သော်---

(၁) အနန္တတန်ခိုးရှင်။
(၂) အနန္တဉာဏ်ကြီးရှင်၊

(၃) မဟာကရုဏာရှင်။
(၄) တရားပိုင်မင်း။
(၅) မွေးခြင်း သေခြင်း ကင်း၍ အနန္တ ကာလတိုင် ဘုရားဇာတိဖြင့် တည်နေခြင်းတို့ ဖြစ်သတည်း။ ဤဂုဏ်များနှင့်ပြည့်စုံမှသာ ဘုရားဖြစ်နိုင်သည်။

လူသားဘုရားဟုမရှိနိုင်၊ မရှိထိုက်။ ဘုရားဇာတိအားဖြင့် အမြဲတမ်း ဘုရားအဖြစ်၌တည်ရှိ၍ဘုရားကဖြစ်သော ဘုရားမှ ဘုရားစစ် ဘုရားမှန် ဖြစ်သည်ဟု ခရစ်ယာန်အများတို့အယူရှိကြ(၀၁)ယုံကြည်ကြကုန်သတည်း။

## ခရစ်ယာန် တရား

## (က) ဖ ဘုရား၏ တရား

ခရစ်ယာန်တရားကို (၁) ဖ ဘုရား၏တရား (၂) သားဘုရား၏ တရားဟူ၍နှစ်မျိုးခွဲခြားထားလေသည်။ ထိုတွင် ဖဘုရား၏ တရားသည် ဓမ္မဟောင်း ၃၇ ကျမ်း၌ ပါ၀င်ခဲ့လေသည်။ ထိုဓမ္မဟောင်း ကျမ်းအရ, ဖ ဘုရားသည် စမဲဟင်းလျာကို ကြိုက်နှစ်သက်၏။ သိုးငယ် နွားငယ်၏ အသား ချိုးခါ၏ အသားများကို အလွန်ကြိုက်၏။ အဖုတ် အကင် အကြော် အလှော်ကို ပိုမို၍မြတ်နိုး၏။ ထို့ကြောင့် ကောင်းကင်ကျော ပေးသွားသော တိရစ္ဆာန်များကို စား သောက် နိုင်၏ ဟု ဟောခဲ့၏။

ထို့ပြင် ပြင်းထန်သော စပြစ်ရည်(၀၁)မီးတောက်သော အရက်ကိုလည်း အထူးခုံမင်တော်မူ၏။ ရဟူဒီ လူမျိုးတို့ကို အထူးချစ်ခင်၍ အခြားလူမျိုးတို့ကို မုန်းတီးတော်မူခဲ့၏။ ရဟူဒီတို့ကို အမြဲတမ်းအကူအညီပေးခဲ့၏။ ၎င်းတို့၏ စစ်ပွဲ

များတွင် သူကိုယ်တိုင် ခေါင်းဆောင်၍ တိုက်ခိုက်သတ်ဖြတ်ခဲ့၏။ သူ့အားမကြည်ညိုသူ(ဝါ)သူ့အားမိန့်မနာခံသူများကို ပြင်းထန်စွာကျိန်ဆဲ၍ ရက်စက်စွာသတ်ဖြတ်တော်မူလေ့ရှိ၏။ ဥပမာ၊သဘော်ကို ချောင်းကြည့်မိကာ မတ္တာပြင်၊ လူ(၇၀၀၀၀)ကျော်ကို အပြစ်မဲ့သတ်ဖြတ်တော်မူခဲ့၏။

သူသည် လက်စားချေတတ်သော အလေ့ရှိ၏။ (ထွက်မြောက်ရာကျမ်း တောလည်ရာ ကျမ်းများကိုကြည့်ပါလေ) သူသည် အသားစားခွင့် အရက်သောက်ခွင့် သတ်ဖြတ်ခွင့်ပြုခဲ့၏။ တရားဥပဒေအမျိုးမျိုးကိုပြုလုပ်ခဲ့၏။ သေဒဏ်အပြစ်ပေးနိုင်သော ပြစ်မှု ရာပေါင်းများစွာရှိလေသည်။ ဥပမာ။ ဥပုသ်နေ့ (ဝါ) တနင်္ဂနွေနေ့မှာ အလုပ်လုပ်ခြင်းသည် သေဒဏ် သေပြစ်ပေးထိုက်၏ (ထွး ၂၃း ၂) ကျွန်ုပ်တို့သည်ဤဖဘုရား၏ လုပ်ပုံ ကိုင်ပုံ ဟောပုံ ပြောပုံ ကျိန်ပုံ ဆဲပုံ သတ်ဖြတ်ပုံတို့ကို အလုံးစုံ ဖေါ်ပြနေခဲ့သော် ခမ္မ ဟောင်း တကျမ်းလုံးကို ကူးရေးရမလိုဖြစ်သောကြောင့် စာဖတ်သူတို့အား၊ ထိုကျမ်းကိုလက်ညှိုးညွှန်ပြ၍ သူ၏ပဓာန တရားများကိုသာ ရေးသားဖေါ်ပြပေအံ့။

## ပညတ်တော် (၁၀) ပါး။

ခမ္မ ဟောင်း၌ အကောင်းဆုံးတရားကား ပညတ်တော် (၁၀)ပါးဖြစ်၏။ ပထမ၌ ကိုယ်လက်အင်္ဂါစသည်မရှိသော ဌာဝယဘုရားသည် ၎င်းတရား(၁၀)ပါးကို ကျောက်ပြားနှစ်ချပ်ပေါ်၌ ကိုယ်တော်တိုင် လက်ညှိုးဖြင့် ရေးတော်မူ၍ မောရှေသို့ ပေးအပ်ခဲ့သတတ်။ ၎င်းပညတ်တော်(၁၀)ပါးကို ထွက်မြောက်ရာကျမ်း အခဏ်း ၂၀ ၌တကြိမ်၊ တရားဟောရာကျမ်း အခဏ်း ၅ ၌တကြိမ် တွေ့ရှိရ၏။

(၁) ငါမှတပါး အခြားသောဘုရားကို ကိုးကွယ်ဆီးကပ်ခြင်း မပြုရ။

(၂) အထက်မိုးကောင်းကင်၌၎င်း၊ မြေကြီးအောက်ရေထဲ၌၎င်း၊ ရှိသောအရာနှင့်ပုံသဏ္ဌာန်တူအောင် ရုပ်ထုကိုကိုယ့်အဖို့မလုပ်နှင့်၊ဦးမချ ဝတ်မပြုနှင့်၊ အကြောင်းမူကား၊ သင်၏ဘုရားသခင် ယေဟောဝါဘုရားသည် သင်၌အပြစ်ရှိသည်ဟု ယုံလွယ်သော(ဝါ)ငြူစူတတ်သောငါ့ကို မုန်းသောသူတို့၏ အမျိုးအစဉ်အဆက်၊တတိယအဆက်၊စတုတ္ထအဆက်တိုင် အဖတို့၏အပြစ်ကိုသားတို့၌ ဆပ်ပေးစီရင်သော ဘုရား၊ ငါ့ကိုချစ်၍ငါ့ပညတ်တို့ကို ကျင့်သောသူတို့၏ အမျိုး အစဉ်အဆက် အထောင်အသောင်းတိုင်အောင် ကရုဏာကိုပြသောဘုရားဖြစ်၏။

(၃) သင်၏ဘုရားသခင် ယေဟောဝါ ဘုရား၏ နာမတော်ကို မှသားနှင့်ဆိုင်၍မမြွက်မဆိုနှင့်။အကြောင်းမူကားနာမတော်ကို မှသားနှင့်ဆိုင်၍ မြွက်ဆိုသောသူကို အပြစ်မရှိဟု ယေဟောဝါဘုရား မှတ်တော်မမူ။

(၄) ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှါ ထိုနေ့ ရက်ကို အောက်မေ့လော့။ ခြောက်ရက်ပတ်လုံးအလုပ်လုပ်၍ထိုနေ့၌ ငြိမ်ဝပ်စွာနေလော့။

(၅) သင်၏မိဖကိုရိုသေစွာပြုစုပါလော့ ။

(၆) လူ၏အသက်ကိုမသတ်နှင့် ။

(၇) သူတပါး၏ သားမယားကို မပြစ်မှားနှင့် ။

(၈) သူတပါး၏ဥစ္စာကို မခိုးမဝှက်နှင့် ။

(၉) ကိုယ်နှင့်စပ်ဆိုင်သူတဖက်၌မမှန်သော သက်သေကို မခံနှင့် ။

(၁၀) ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်ကို၊သူ၏ မယားကို၊သူ၏ကျွန်ထိန်းမကို၊ သူ၏ကျွဲ နွားကို တပ်မက်သောစိတ်မရှိနှင့်။

## အပြစ်ဖြေခြင်း။

ဓမ္မဟောင်းကျမ်း၌ဖ--ဘုရား၏ တရားတို့တွင် အာပတ်ဖြေခြင်း(ဝါ)အပြစ်ဖြေခြင်းလည်းပါဝင်၏၊ဣသဝယဘုရား၏အပြစ်ဖြေနည်းကား ယဇ်ပူဇော်ခြင်းပင်ဖြစ်၏။ယဇ်ပူဇော်ပုံပူဇော်နည်းတို့ကား များပြား လှ၏။ သားကောင်၊ ချိုးကောင်၊ခါကောင်များကိုမီးနှင့်မြှိက်၍ပူဇော်ခြင်း၊ အကြော်အလှော်၊အဖုတ်--အကင်တို့ဖြင့်ပူဇော်ခြင်း၊ အသားစိမ်းဖြင့်ပူဇော်ခြင်း၊ အသွေးဖြင့်၊ပူဇော်ခြင်းစသောယဇ်ပူဇော်ရာအစီအရင်များကို ဝတ်ပြုရာကျမ်း၊ တောလည်ရာ ကျမ်း၊ တရားဟောရာကျမ်းတို့၌ တခဏ်းတနား ရေးသား ဖေါ်ပြထားခဲ့၏။

သို့ရာတွင်လိုရင်းအစီအစဉ်ကား အကြင်တစုံတယောက်သော လူသားသည် အပြစ်တခုခုကိုဖေါက်ပြားကျူးလွန်၏ ထိုသူသည် ထိုအပြစ်မှပပျောက်စေရန်အလို့ငှာအပြစ်အနာအဆာကင်းစင်သောသန့်ရှင်းသောနွားကိုဂင်း၊ဆိတ်ကိုဂင်း သိုးကိုဂင်း၊ဥချိုးကိုဂင်း၊ခါကိုဂင်းအပြစ်အချိုးအစားအလိုက် ယဇ်ပုရောဟိတ်(ဝါ) ဖုန်းကြီးထံသို့ ယူဆောင်သွားရမည်။ ယဇ်ပုရောဟိတ်သည် ယဇ်ကောင်ပေါ်သို့ သူ၏လက်ကိုတင်လိမ့်မည်။ ထိုအခါ လူ၏ အပြစ်သည် ယဇ်ကောင်သို့ ကူးပြောင်းသွားလတံ့။ထိုနောက်ဖုန်းကြီးသည်ယဇ်ကောင်ကိုသတ်၍ ဂင်း၏အသွေးဖြင့် ဣသဝယဘုရား၏ ယဇ်ပလ္လင်ကို ဖြန်းပက်ပြီးလျှင် အပြစ်အားလျော်စွာ မီးမြှိက် ဖုတ်ကင်၍

ရှင်း၊ အသားစိမ်းသက်သက် ဖြင့်ရှင်း ပူဇော်ခြင်း အမှုကို ပြုလိမ့်မည်။

ထိုအခါ လူသား၏ အပြစ်သည် ပပျောက် လေတော့ သတည်း။အပြစ်နှင့် ယဇ်ကောင်ရာရှိ၊အချိုးစု မကိုက်သော် အပြစ်မှကင်းလွတ်ခြင်း မဖြစ်နိုင်။ ထို့ကြောင့် အပြစ် အကြီး အငယ်ကိုလိုက်၍ ယဇ်ကောင်ကို ယူဆောင် သွားရသော ဟူသတတ်။ ထိုသို့ ယဇ်ပူဇော် ရမည့် အပြစ် တို့ကား ဓမ္မဟောင်းကျမ်း၌ အလွန် ပေါများ ချေသည်။ထို့ကြောင့် ထိုကျမ်းကို ကြည့်ရှု ခြင်းဖြင့် အကျယ်ကို သိရာသည်။ သို့သော်ကျွန်ုပ်တို့သည် အပြစ် တခုနှင့် ထိုအပြစ် အတွက် ယဇ်ပူဇော်ပုံအခြင်းအရာတခုကိုနမူနာအဖြစ်ဖြင့်ဓမ္မဟောင်း ကျမ်းပါအတိုင်း ဖော်ပြပေအံ့။

မိန်းမသည် ပဋိသန္ဓေယူ၍ သားယောကျ်ားကို ဖွားမြင် ပြီးလျှင် ဥဘုရောက်၍ခုနှစ်ရက်မစင်ကြယ်သကဲ့သို့ခုနှစ်ရက် မစင်ကြယ်နေရမည်။အဋ္ဌမနေ့၌သားယောကျ်ားအားအရေ ပြားလှီးခြင်းကိုပြုရမည်၊ ထိုနောက် အမိသည် စင်ကြယ်စေ ခြင်းနှင့် ဆိုင်သော အသွေးရှိ၍ အရက်သုံးဆယ် သုံးရက် ပတ်လုံး နေရမည်၊ စင်ကြယ် စေခြင်း နေ့ရက် မစေ့မီ တိုင်အောင်သန့်ရှင်းသော အရာကိုမကိုင်ရ၊ သန့်ရှင်းသော ဌာနတော် (ဘုရား ကျောင်းကို ဆိုလိုသည်) သို့ မသွားရ သားမိန်းမကို ဖွားမြင်လျှင် ဥဟု ရောက်သကဲ့သို့ တဆယ့် လေးရက်ပတ်လုံး မစင်ကြယ်နေရမည်။

စင်ကြယ် စေခြင်းနှင့် ဆိုင်သော အသွေးရှိ၍ အရက် ခြောက်ဆယ်ခြောက်ရက်ပတ်လုံး နေရမည်။ သားယောကျ်ား ဖြစ်စေမိန်းမဖြစ်စေစင်ကြယ်စေခြင်းနေ့ရက်ကာလစေ့သော

အခါမီးရှို့ရာယဇ်သို့ အခါမလည့်သော သိုးငယ်တကောင် အပြစ် ဖြေရာ ယဇ်ဖို့ ဂျိုးငယ်တကောင်၊ သို့မဟုတ်၊ ခိုတကောင်ကို ပရိသဘက် စည်းဝေးရာ တဲတော် (ဘုရားကျောင်းဝတ်ဇရပ်) တံခါးရှေ့ယဇ်ပရောဟိတ်ထံသို့ ဆောင်ခဲ့ရမည်၊ယဇ်ပရောဟိတ်သည် ယေဟောဝါဘုရား ရှေ့တော်၌ ပူဇော်၍ ထိုမိန်းမအဖို့ အပြစ် ဖြေခြင်းကို ပြုသဖြင့် သူသည် အသွေးသွန်ခြင်း အလုပ်မှ သန့်ရှင်းလိမ့်မည်။သိုးအငယ်ကို မတတ်နိုင်လျှင် ခိုနှစ်ကောင်ဖြစ်စေ ဂျိုးကလေးနှစ်ကောင်ဖြစ်စေ မီးရှို့ရာ ယဇ်ဖို့တကောင် အပြစ်ဖြေရာ ယဇ်ဖို့တကောင်ကို ဆောင်ခဲ့၍ ယဇ်ပုရောဟိတ် သည် သူ့အဖို့ အပြစ်ဖြေခြင်းကိုပြုသဖြင့် သူသည် သန့်ရှင်းရလိမ့်မည် (ဝတ် ၁၂း၂-၈) အမိပွါယ်ကား မိန်းမသားများ ကလေးမွေးဖွားလျှင် အပြစ်ရှိ၍ ထိုအပြစ်မှ သန့်ရှင်းစေခြင်းငှာ အထက်ပါ အတိုင်း ယဇ် ပူဇော်ရမည်ဟုဆိုလိုသည်။

## "လက်စားချေ တရား"

ခမည်းတော် ယေဟောဝါဘုရားသည် ဝတ်ပြုရာကျမ်း အခန်း ၂၆ အပိုဒ် ၂၇-၂၈ တို့၌ငါ့စကားကိုနားမထောင်၊ ငါ့ကို ဆန့်ကျင်ဘက်ပြုသေးလျှင်ငါသည်လည်း အမျက်ထွက်၍ သင်တို့ကို ဆန့်ကျင်ဘက် ပြုသဖြင့် သင်တို့အပြစ်ကြောင့် ခုနစ်ဝသော အပြစ်ဒဏ်ကို ပေးဦးမည်ဟု အတိအလင်းဟောခဲ့၏။

အမိပွါယ်ကား ငါ့ကို ဂလံ ဂဆံ ကဏ္ဍကောစလုပ်သူကို ငါအမျက်ထွက်သဖြင့်အပြစ်ဒဏ် ၇ မျိုးပေးမည်ဟု ဆိုလို၏။ ထို့ပြင် ရာဇဝင်ကျမ်း (၂၅း၁၆) ၌ ယေဟောဝါ၏အမည်ကိုပြစ်မှားသူသည် အသေသတ်ခြင်းကို ခံရမည်။တဖန် အပိုဒ် ၂၀ ၌

အရိုးကို ချိုးသည့် အတွက် အရိုးချိုးခြင်းကို၎င်း၊ မျက်စိကို ဖျက်သည့်အတွက် မျက်စိကွယ်ခြင်းကို ၎င်းသွားကိုချိုးသည့်အတွက် သွားချိုးခြင်းကို၎င်း၊ သူ့ကို နာကျင်စွာ ပြုသည့်အတိုင်း၊နာကျင်စွာ ခံရမည်ဟု လက်စားချေ တရားများကို ဟောကြားခဲ့လေသည်။

ဤဓမ္မဟောင်းကျမ်း၌ ပါဝင်သော ဖ ဘုရားသည် ပြုလုပ်ပြောဆိုခြင်း အမျက်ထွက်ခြင်းစသော အမှုအရာများရှိခြင်းကြောင့်၎င်း၊ ယာကုပ်နှင့် နဘမ်းသတ်၍ ၎င်းကို ပေါင်ကျိုးအောင် လက်သီးနှင့် ထိုးနိုင်သောကြောင့်၎င်း၊ အဗြဟာမ် အိမ်သို့အ လည်အပတ် ကြွလာနိုင်ခြင်းကြောင့်၎င်း၊ မောရှေ ကိုယ်တိုင် မြင်ရ၍၎င်း၊ မောရှေနှင့် စကားပြောဆို နေနိုင်သောကြောင့်၎င်း၊ ပုံသန်းသဏ္ဍာန် ကိုယ်ခန္ဓာအပြည့်အစုံ ရှိသူဖြစ်ကြောင်း ထင်ရှားလေသည်။

ဤဖ ဘုရား ယေဟောဝါ၏ ဒေသနာတော်၌ ငရဲ အကြောင်း ကောင်းကင်ဘုံနန်းအကြောင်း အရိပ်အမြွက်မျှ မပါချေ။ အပြစ်ရှိသူကို ယဇ် အမျိုးမျိုး ပူဇော်စေခြင်း ကိုယ်တော်တိုင် အပြစ်ဒဏ်ခတ်ခြင်း လက်စားချေခြင်းဖြင့် ပြီးစေခဲ့၏။

၎င်းကိုငရဲသို့ပို့ခြင်းဖြင့်လက်စားချေမည်။ကောင်းကင်ဘုံနန်းသို့ ပို့ခြင်းဖြင့် ဆုပေးတော်မူမည်ဟူသော စကားလုံးတို့ကို ဖ ဘုရား သည်တကြိမ်တခါမျှမသုံးစွဲခဲ့ချေ၊မှန်လှ၏။ ဖဘုရားသည် အနာဂတ်ဘဝအကြောင်းကို မဟောခဲ့သေးချေ။ သူ၏လုပ်ငန်းသည် သင်္ချိုင်းကုံး ရောက်သည်နှင့် တပြိုင်နက် အပြီးသို့ရောက်ခဲ့၏။

ထိုအချက်များကို သားဘုရားအတွက်ထားခဲ့ဟန်ရှိလေ

သည်။ ဓမ္မဟောင်း၌ ဖဘုရားသည် အတိတ်လုပ်ငန်းများကို ဖေါ်ပြပြီး၍ ဓမ္မသစ်၌ ၎င်း၏ အနာဂတ် လုပ်ငန်းများကို ဖေါ်ပြချိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သားဘုရား၏ လုပ်ငန်းနှင့် သူ၏တရားကို နာယူကြဦးစို့။

## " သားဘုရား "

ကျွန်ုပ်တို့သည် သားဘုရား၏ အတ္ထုပ္ပတ္တိကို ရှင်မဿဲ ရှင်လုကာ ရှင်မာကု ရှင်ယောဟန် မည်သော ခရစ်ဝင် လေးကျမ်း၌ တွေ့ရှိကြကုန်၏။ သို့ရာတွင် ထိုခရစ်ဝင် ကျမ်းဆရာတို့သည် ယေရှုခရစ်တပါးတည်း၏ အတ္ထုပ္ပတ္တိကို ရေးသားခဲ့ကြစေကာ တဦးနှင့် တဦး အဆိုအမိန့်မတူကြကုန်။

၎င်းကျမ်းများ၌ သူ၏မွေးရက် မွေးလ မွေးသက္ကရာဇ်ကို အတိအကျမရေးသား မဖေါ်ပြခဲ့ချေ။ သို့ရာတွင်အချို့ဆရာ တို့က သူသည် ခရစ်သက္ကရာဇ်မဖေါ်မှီ ၄-နှစ်ခန့်မှာ မွေး သည်ဟူ၍၎င်း၊ အချို့ပညာရှိတို့ကမူ ထိုထက်အနည်းငယ် စော၍မွေးဖွားခဲ့သည်ဟူ၍၎င်း၊ပြောဆိုကြကုန်၏။ သို့သော် သူသည် နဇာရက်ရွာနေ လက်သမား ယောသတ်နှင့် မေရီ တို့၏ သားဖြစ်ကြောင်းကား ထင်ရှားခဲ့ချေ၏။

ခရစ္စယံတို့၏ ယုံကြည်ချက်အားဖြင့် မေရီသည် ယော သတ်နှင့် လက်မထပ်မီအချိန်မှစ၍ ပဋိသန္ဓေ (ဝါ) ကိုယ်ဝန် အရင့်အမာရှိနှင့်ပြီးဖြစ်သောကြောင့် သူသည် အပျိုစစ်မေရီ မှ လက်သယ်အဖေမရှိပဲ မွေးဖွားခဲ့ရသောဟူ၏။ မည်သို့ပင် ဖြစ်စေ သူသည် မေရီ၏သားဖြစ်ကြောင်းကား မငြင်းနိုင် သောအချက်ဖြစ်၏။

သူ၏မွေးဖွားရာ ဗိမာန်တော်ကား ဂျေရုဆလင်မြို့အနီး ထမင်းဆိုင်တခုအတွင်းရှိနွားတင်းကုပ်ဖြစ်၏။ ဤသို့မွေးဖွား

သည့်မှစ၍ ၁၂ နှစ်သားတိုင်အောင်သော အချိန်အတွင်း၌ ဖြစ်ပျက်ခဲ့သောသူ၏ အတ္ထုပ္ပတ်ကို ခရစ်ဝင်ကျမ်းများ၌ တွေ့ရှိနိုင်လေသည်။

သို့ရာတွင် ၎င်း ၁၂-နှစ်မှ ၃၀--အထိဖြစ်သော ၁၈-နှစ် အတွင်း၌ သူ၏အကြောင်းအရာသည် တိမ်မြုပ်လျက်ရှိခဲ့၏။

သို့သော်အသက် ၃၀ အရွယ်၌ ဘုရားသားတော် သား ဘုရားအဖြစ်ဖြင့် ပေါ်ပေါက်လာခဲ့လေသည်။ ထိုအခါမှစ၍ သူသည် ဂျူဒနယ် တလျှောက်သို့ လှည့်လည်ကြွသွား၍ သတင်းကောင်းကို ပြောကြားခဲ့လေသည်။

သူသည် ဋ္ဌာဝယ၏ သားဖြစ်သည်ဟု ပြောဆိုမိခြင်း ကြောင့် တရားစွဲခံရ၍ နောက်ဆုံး၌လက်ဝါးကပ်စင်တင်ပြီး အသက်ခံခဲ့ရလေသည်။ သို့ရာတွင်ထိုနောက် ၃-ရက်မြောက် ၌ ရှင်ပြန်ထမြောက်သွားသောဟူသတတ်။ သူသည် ၃--နှစ် နီးပါး ဧဝံဂေလိတရားတော်ကို ဟောကြားခဲ့၏။တန်ခိုးဖျာဒိ ဟာ အမျိုးမျိုးကိုပြုလုပ်ခဲ့သောဟူ၏။ရှင်မဿဲကျမ်း၌တန်ခိုး ပေါင်း ၂၂-မျိုး၊ ရှင်လုကာ၌ ၁၈-မျိုး၊ ရှင်မာကု၌ ၁၉-မျိုး၊ ရှင်ယောဟံ၌ ၇-မျိုး ပြုလုပ်ခဲ့သည်ဟု မှတ်တမ်းတင်ခဲ့ လေသည်။

သားဘုရား ပွင့်ရခြင်းအကြောင်းကို သူ၏ မုက္ခပတ်တော် အားဖြင့် ထင်ရှားစေရသော် အလွန်သင့်မြတ်ပေရာ၏။ ရှင် မဿဲခရစ်ဝင်ကျမ်း ၁၀း ၃၄ ၌ မြေပေါ်သို့ ငြိမ်သက်ခြင်း ကိုစေလွှတ်အံ့သောငှါလာသည်ဟုမထင်ကြနှင့်။ ငြိမ်သက် ခြင်းကို စေလွှတ်အံ့သောငှါ ငါလာသည်မဟုတ် ဒါးကိုစေ လွှတ်အံ့သောငှါငါလာသတည်း။(၃၅)အဖနှင့်သား၊အမိနှင့် သမီး၊ယောက္ခမနှင့် ချွေးမ အချင်းချင်းကွဲပြားစေခြင်းငှါ ငါ

လာသတည်း စသည်ဖြင့် ဟောခဲ့၏။ တဖန် ၎င်းကျမ်း အခန်း ၁၅ အပိုဒ် ၂၄ ၌ဣသရေလ(ယဟူဒီ)အမျိုးဝင်ပျောက် လွင့်သောသိုးများမှတပါး အခြားသောလူမျိုးရှိရာသို့ ငါ့ကို မစေလွှတ်ဟု မိန့်မြွက်ပြန်၏။

ထို့ပြင် တပည့် ၁၂-ယောက်ကို သာသနာပြု စေလွှတ် ခန်း၌လည်း “သင်တို့သည် တပါး အမျိုးသား ရှိရာသို့ မသွားကြနှင့်၊ ရှမာရိမြို့ရွာသို့ မဝင်ကြနှင့်၊ ဣသရေလ အမျိုးပျောက်လွင့်သော သိုးများရှိရာသို့ သွားလော့” ဟု တွေ့ရပြန်လေသည်။ ထိုမှတပါး ခရစ်၏ မျက်နှာလိုက်မှု ကို ပေါ်ပြသော အပိုဒ်များလည်းတွေ့ရှိသေး၏။ သို့ရာတွင် ဤ မျှဖြင့် သားဘုရားပွင့်ရခြင်း၏ အကြောင်းတရား ထင်ရှား ခဲ့ချေပြီ။

## “ သားဘုရား၏ တရား ”

သားဘုရား(ဝါ)ယေရှုခရစ်၏တရားတို့တွင် (Serm on the mount) တောင်ပေါ်၌ ဟောသော တရားသည် အကောင်းဆုံးဖြစ်၏။ ၎င်းတရားကို ရှင်မဿဲအခန်း ၅--နှင့် ရှင်လုကာ အခန်း ၇--တို့၌ တွေ့ရှိရလေသည်။

ထိုတရားကား။ ။

(၁) စိတ်နှလုံးနှိမ့်ချသော သူတို့သည်၎င်း။
(၂) စိတ်မသာ ညည်းတွားသောသူတို့သည်၎င်း။
(၃) စိတ်နူးညံ့သူတို့သည်၎င်း။
(၄) ဖြောင့်မတ်သော ပါရမီကို ဆာငတ်ခင်မွတ် သူတို့သည်၎င်း။
(၅) သနားချစ်ခင်တတ်သော သူတို့သည်၎င်း။
(၆) စိတ်နှလုံး ဖြူစင်သူတို့သည်၎င်း။

(၇) သူတပါးတို့ ခိုက်ရန်ဖြစ်ခြင်းကို ငြိမ်းစေတတ်သော သူတို့သည်၎င်း။
(၈) ဖြောင့်မှန်ခြင်းတရားကြောင့် ညှင်းဆဲခြင်းကို ခံရသော သူတို့သည်၎င်း။
(၉) ငါ့ကြောင့် ညှင်းဆဲခြင်း မမှန်ဘဲ အပြစ်တင်ခြင်း ခံရသူတို့သည်၎င်း။
(၁၀) တရားတော်ကို စောင့်သိန်း၍ ဟောပြောသူတို့သည်၎င်း။
(၁၁) အပြစ်ကို သည်းခံ ခွင့်လွှတ်သူတို့သည်၎င်း။
(၁၂) ခမည်းတော် ဌာ၀ယဘုရား၏ အလိုအတိုင်း လိုက်နာပြုကျင့်သူတို့သည်၎င်း။
(၁၃) မိမိမှာ ရှိသမျှရောင်းချ၍ လူဆင်းရဲတို့အား ပေးလှူသူတို့သည်၎င်း။
(၁၄) ငါ့အတွက် အိုးအိမ် သားမယား ဆွေမျိုးမိဘ မောင်နှမတို့ကို စွန့်ပြစ်နိုင်သူတို့သည်၎င်း။
(၁၅) ဆာသူကိုကျွေး၊ ရေငတ်သူကိုရေတိုက်၊ ဧည့်သည်ကိုလက်ခံကျွေးမွေး၊ အဝတ်မဲ့သူကို အဝတ်ဆင်၊ လူနာကို ပြုစုသူတို့သည်၎င်း ဖဘုရား၏ ကောင်းကင်ဘုံနန်းသို့ ဝင်ရောက်ခွင့်ကို ရရှိကြလိမ့်မည် စသည်တို့တည်း။

ထို့ပြင် ယေရှုခရစ်သည်၍တောင်ပေါ်တရား၌ပင် ဖခင်ဌာ၀ယဘုရား၏ မှားယွင်းသောတရားတို့ကို ပြင်ဆင်ခဲ့ပြန်လေသည်။ ဖဘုရား၏ပညတ်တော် ၁၀-ပါး၌ သူ့သားမယားကို မပြစ်မှားနှင့်ဟုပညတ်ခဲ့၏။ သားဖရားကမူ၎င်းတို့ကို တပ်မက်သောစိတ်ဖြင့်ပင် မကြည့်ရဟုတားမြစ်ခဲ့လေသည်။

ဤသို့စသည်ဖြင့် သားဘုရား၏ ပြင်ဆင်ချက်များကို တွေ့ရ၏။

၎င်းသည် ဖဘုရား၏ မပြည့်စုံမှု ချို့ယွင်းမှုများကို ကင်းရှားစေ၏။ ဤမဿဲခရစ်ဝင်၌ ယုံကြည်မှုဖြင့်ကောင်းကင်ဘုံသို့ ရောက်လိမ့်မည် (၀၊) ကယ်တင်ခြင်း ခံရလိမ့်မည်ဟူသော အချက်များကား အရိပ်အမြွက်မျှ မပါမရှိချေ။

သို့ရာတွင် ရှင်မာကုခရစ်ဝင်နှင့်အတူ ခက်ခဲမှုများ စ၍ ပေါ်ပေါက်လာခဲ့၏။ ဘာကြောင့်? ထိုကျမ်းသို့ရောက်သောအခါ ယုံကြည်မှုကို ပဓာန ပြုလာသောကြောင့်တည်း။ ယုံကြည်၍ နှစ်ခြင်းကို ခံရသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတံ့။မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်း ခံရလတံ့ စသည်တို့ကို၎င်း၊ မယုံကြည်သူများကို ငါ့ရှေ့သို့ခေါ်ဆောင်၍ သတ်ပစ်ရမည်ဟူသော တရားတို့ကို၎င်း၊ ထိုမာကုလုကာဟူသော ခရစ်ဝင် ကျမ်းများ၌ တွေ့ရှိရချေသည်။

ထို့ပြင်ကျွန်ုပ်တို့သည် ယောဟန်ခရစ်ဝင်သို့ ရောက်သောအခါ ခရစ်တော်လေသံပြောင်းသွားသည်ကို တဖန်တွေ့ရပြန်၏။ ၎င်းသို့ရောက်သောအခါ ခရစ်သည် ကယ်တင်ခြင်းခံရဘို့အတွက် (၁) ဒုတိယမွေးခြင်းကို ခံယူရမည်။ (၃း၅) (၂) ယေရှုခရစ်ကို ယုံကြည်ရမည်။(၆း၄၇) (၃) ခရစ်၏ အသားကိုစား၍ အသွေးကိုသောက်ရမည်။ (၆း၅၃,၅၄) ဟု ဟောပြန်လေသည်။ ။ဤသို့ဖြင့် သားဘုရား၏တရားကို စာဖတ်သူတို့ရိပ်မိလောက်ပေပြီ။

# "ခရစ္စယံ ယုံကြည်ရေး"

ခရစ္စယံတို့၏ ပဓာန ယုံကြည်မှုတို့ကား။ ။

(၁) ရတနာ ၃ ပါး။

(၂) လူဝင်စား။

(၃) အပြစ်ဖြေခြင်း။

(၄) ရှင်ပြန်ထမြောက်ခြင်း။

(၅) တရား ဆုံးဖြတ်ရာနေ့တို့ဖြစ်သတည်း။

ထိုတွင် (၁) တရနာသုံးပါးဟူမှုကား။

[ ၁ ] ခမည်းတော်ဌာဝယဘုရား။

[ ၂ ] သားတော်ယေရှုခရစ်ဘုရား။

[ ၃ ] ဝိညာဉ်တော် ဘုရားတို့ဖြစ်၏။

(၂) လူဝင်စားဟူသည်ကား သားဘုရားသည် အဖ၏ အာနုဘော်အားဖြင့် လူ့ဇာတိကိုယူ၏။ သူသည် ဘုရားတပိုင်း လူတပိုင်းဖြစ်၏။ သို့ရာတွင် သဘာဝအားဖြင့် သူသည် ဘုရားအစစ်ဖြစ်၏။ သို့သော် ဇာတိအားဖြင့် လူသားဖြစ်၏။ ပြည့်စုံသောဘုရား ပြည့်စုံသော လူသားဖြစ်သည်။ သားဘုရား လူဝင်စား ဇာတ်ခင်းရခြင်း၏ အကြောင်းရင်းကား ဌာဝယဘုရားသည် လူသတ္တဝါကို သနားခြင်းကြောင့်ရင်း၊ ထိုလူသား၏အပြစ်ကို သုတ်သင်လိုသောကြောင့်ရင်း၊ လူဇာတိကိုယူရလေသည်။

(၃) အပြစ်ဖြေခြင်း ဟူသည်ကား ခရစ်သည် လက်ဝါးကပ်တိုင်၌ မိမိ၏အသက်ကို စွန့်လွှတ်ခြင်းဖြင့် လူသား၏ အပြစ်ဟူသမျှကို သူ၏သွေးဖြင့် ဆေးကြောသုတ်သင်ခြင်းကိုဆိုသည်။

(၄) ရှင်ပြန်ထမြောက်ခြင်းကား နှစ်မျိုးရှိ၏။ [ ၁ ]

**ယေရှုခရစ်၏ ရှင်ပြန်ထမြောက်ခြင်း** [ ၂ ] လူ သတ္တဝါအပေါင်း၏ရှင်ပြန်ထမြောက်ခြင်း ဖြစ်၏။ ခရစ်သည် သေပြီးနောက်၃-ရက်မြောက်၌ ရှင်ပြန်ထမြောက်ခဲ့သတတ်။ လူသားအားလုံးလည်း တရားစီရင်ရာနေ့၌ ပြန်လည်ရှင်ပြန် ထမြောက်ကြရဦးမည့်။

(၅) တရားဆုံးဖြတ်ရာနေ့။ ။ထိုနေ့သို့ ရောက်သော် ဌာဝယဘုရား၏ ကောင်းကင်တမန်တော်တို့သည် တံပိုး (ဝါ) ခရာတို့ကို မှုတ်ကြကုန်လတ္တံ့။ ထိုအခါ သေခဲ့သေပြီးသူ (ဝါ) ရှေးကသေပြီးသူတို့သည် မိမိတို့၏ သင်္ချိုင်းဂူအတွင်းမှ အပြိုင်နက်သကြရကုန်လတ္တံ့။ ယင်းသို့ သတ္တဝါအားလုံး ထပြီးသောအခါ ဌာဝယဘုရားသည် ကိုယ်တော်တိုင် တရားလွှင်၌ထိုင်၍ လူသား၏ကျိုးရှိ ပြစ်ရကို စစ်ဆေးတော်မူလိမ့်မည်။

ဌာဝယက သူ့သားတော်ဘုရား ယေရှုခရစ်အား ယုံကြည်သူများကိုလက်ျာ၊ မယုံကြည်သူများကို လက်ဝဲဟု ခွဲခြားပြီးသော် လက်ျာဘက်လူများကိုနတ်စောင်းပေး၍ ကောင်းကင်ဘုံသို့ ပို့တော်မူလတ္တံ့။ ထိုနောက်သူမယုံသူများကို ရုပ်ရောနာမ်ပါ လက်စသတ် ဇာတ်သိမ်း၊ နောက်ထပ်တဖန် ဘယ်အခါမှ ထိုရုပ် ထိုနာမ်တို့ ပြန်လည်၍မတွဲ မဆင်နိုင် (ဝါ) ပြန်ပေါင်း မထုပ်နိုင်သော အနန္တငရဲသို့ အပြီး ပို့တော်မူလိမ့်မည်။

ယေရှုခရစ်ကို ယုံကြည်၍ကောင်းကင်ဘုံနန်းသို့ အပို့ခံရသောသူတို့သည် ထိုကောင်းကင်ဘုံနန်း၌ အနှစ်တထောင်တိုင်တိုင် ဌာဝယဘုရားနှင့်အတူ နေထိုင်ကြရပေလိမ့်မည်။ ယင်းသို့နေထိုင်ပြီးနောက် အနှစ်တထောင် စေ့ရောက်သော

အခါ ဋ္ဌာဝယဘုရားနှင့်တကွ အားလုံးသောလူသားတို့သည် ဤကမ္ဘာမြေပြင်သို့ ဆင်းသက် လာကြကုန်လတံ့၊ ဂျေရုဆလင် မြို့သစ်လည်း ကျ၍လာလတံ့၊ လူသားသည် ဋ္ဌာဝယဘုရားနှင့်အတူ မအို-မနာ-မသေတော့ပဲ သားနှင့်သမီးနှင့် မယားနှင့်ဇနီးနှင့် ဆွေနှင့် မျိုးနှင့် အနန္တ ကာလ တိုင်အောင်အနန္တသုခခံစားနေရပေလတံ့။ ၎င်းကားခရစ်ယာန်တို့၏ နောက်ဆုံးဇာတ်သိမ်းရာ စခမ်းဖြစ်သတည်း။

မယုံကြည်သော သူများကား ငရဲမီးအလောင်အမြိုက်ခံရခြင်းကြောင့် ရုပ်ရော နာမ်ပါ ချုပ်ငြိမ်း သွားရတော့သတည်း။ ဘဝသစ်တဖန်ထပ်မံဖြစ်ဘို့မရှိတော့ပြီ။ ခရစ်ယာန်တို့၏အလိုအားဖြင့်ရုပ်နာမ် ၂-ပါးချုပ်ငြိမ်း၍ဘဝဇာတ်သိမ်းရခြင်းသည် အပြင်းအထန်ဆုံးဆင်းရဲဒုက္ခဖြစ်၏။ အသက်မသေပဲ ဤရုပ်ဤနာမ်နှင့်အမြဲနေ၍သာဝရစည်းစိမ်ကိုခံစားရခြင်းသည် အကောင်းဆုံးချမ်းသာသုခဖြစ်သတည်း။

ထိုအနန္တသုခကို ရရှိခံစားရေးအတွက် ပဓာန ဖြစ်သောလုပ်ငန်းကား ခရစ်တော်အား ကယ်တင်ရှင် ဖြစ်သည်ဟု ယုံကြည်ခြင်းပင်ဖြစ်၏။သင်တို့သည်ဘာကိုပင်လုပ်လုပ်(ဝါ) အကောင်းကိုပင်လုပ်သည် ဖြစ်စေ၊ မကောင်းဒါ ကိုပင်လုပ်သည်ဖြစ်စေ ခရစ်ကိုမယုံကြည်က အပြစ်ကျခံရမည်။ ၎င်းကိုယုံကြည်သော် အကျိုးခံစားရချိမ့်မည်။

သင်တို့သည်ဘယ်လိုပင် ကောင်းမှုတွေ အကောင်းတွေကို လုပ်စေကာမူ ခရစ်၏ အဆင့်အတန်းသို့ မရောက်နိုင်ချေ။ သင်တို့သည်အစဉ်သဖြင့် အနန္တကာလ တိုင်အောင် ကျွန်အဖြစ်နှင့်သာ ကျေနပ်နေရချေမည်။ ဖဘုရား၏ စံမြန်းရာဖြစ်သော ကောင်းကင်ဘုံနန်းသို့ ရောက်ရစေကာ သင်တို့

သည့် ယခုလက်ရှိအခြေအနေထက်မပိုနိုင်ချေ၊ ခရစ်၏အပါး မှာ အမြဲတမ်းခစားနေရချိန့်မည်သာတည်း။

ထို့ကြောင့်အို အချင်းလူသား၊ အသင်၏ဉာဏ်မျက်စိကို ဖွင့်၍ကြည့်လော့၊ မှန်မမှန်ကိုစုံစမ်းစစ်ဆေးပါလေလော့။

## " ပသီဘာသာ "

အစ္စလမ်(ဝါ)မဟာမေဒင်(ဝါ)ပသီဘာသာဝင်အားလုံးတို့ အတွက် အရေးအကြီးဆုံး ဓမ္မ ကျမ်းစာကား ကိုရန်ကျမ်း ဖြစ်၏။ ၎င်းကား အလ္လာဟ ဘုရား၏ မုက္ခတ်အစစ်ဖြစ်သည် ဟု ယုံကြည်ကြ၏။ ၎င်းဘုရားသည် ထိုကျမ်းစာကို သူ၏ တမန်တော် (ဝါ) ကိုယ်စားလှယ်တော်ဖြစ်သော မဟာမဒ် သခင်သို့တပိုဒ်စီအားဖြင့်၎င်း၊ ကဏ္ဍတခုစီအားဖြင့်၎င်း (၂၃) နှစ်သောကာလအတွင်းမှာ ပြောပြခဲ့သည်။ မဟာမဒ်သည် အလ္လာဟဘုရား၏တမန်တော်ဖြစ်သည်အား လျော်စွာ ထိုဘုရား၏ညွှန်ပြသောနည်းအတိုင်း ကိုယ်ရန်ကျမ်းပါ တရားတို့ကို သူ့ သားအား ဟောပြခဲ့လေသတတ်။

၎င်းကျမ်း၌ ရှိယာဆွ်နီဟူသော ပသီအားလုံးတို့၏ ကိုးစားရာ အားထားရာ တရားပေစာ အယူဝါဒအားလုံး သိမ်းကျုံးပါဝင်လေသည်။ ၎င်းကိုရန်ကျမ်းကို ကဏ္ဍအားဖြင့် ၁၁၄-ခဏ်း ခွဲခြား၍ထားလေသည်။ ၎င်းကဏ္ဍ(ဝါ)အခဏ်း တို့သည် အတိုအရှည် မတူညီကြကုန်။ အချို့မှာ အလွန် ရှည်လျား၍အချို့ကားအလွန်တိုလေသည်။အရှည်လျားဆုံး ကဏ္ဍသည် ကိုယ်ရန်ကျမ်း၏ ၁/၁၂ ချရှိ၍ အတိုဆုံး အခဏ်း မှာလက်ာ ၃-ပိုဒ်သာရှိလေသည်။ ကိုရန်ကျမ်းစာတခုလုံး၌ အာယတ်(ဝါ)လက်ာပိုဒ်ပေါင်း ၆၂၄၇---သို့မဟုတ်ဗစ္စမီလာ

ဟူသော ပဏ္ဏာမတွေကိုပါ ထည့်သွင်း ရေတွက်ခဲ့သော် ၆၃၆၀---ရှိလေသည်။

ပရောဖက်မဟာမဒ်သခင်သည် အလ္လာဟဘုရား၏ မုက္ခပတ်များကို ၎င်းဘုရား၏ သွန်သင် ညွှန်ပြချက်အတိုင်း ဟောကြားသာ ဟောလေသည်။ တကျမ်းတဖွဲ့ ဖြစ်စေရန် ရည်သန်ရိုးရင်း နှလုံးသွင်းဖြင့် ၎င်း၏ တရားဟူသမျှ ကို စုပေါင်းဖွဲ့စည်း၍ ရေးသားခဲ့သည် မဟုတ်ချေ။

ဤသို့ တကျမ်းတဖွဲ့ ဖြစ်စေရန် ရည်သန်ချက်လည်း ရှိခဲ့ ဟန် မတူချေ။ သို့ရာတွင် သူ သေလွန်ပြီးနောက် သူ၏ ရိုက်ရာကို ဆက်ခံ သိမ်းပိုက်သော အဗူဗက္ကရသည် သူ၏ ဟောပြော ချက် ဖြစ်သော တရားစာပိုဒ် တို့ကို ရနိုင်သမျှ စုဆောင်း၍ စုပေါင်းခဲ့လေသည်။ သို့သော် ၎င်း၏စုဆောင်း ချက်သည်လည်း ပြန့်ကြဲနေသော တရားများကို ပြည့်စုံစွာ မပေါ်ပြနိုင်ချေ။

ထို့ကြောင့်တတိယမြောက် မဟာမဒ်၏ ရိုးရာကိုဆက်ခံ သော ကာလိဖါ အိုသမန်သည် အပြီးသတ် သဘောဖြင့် အပြည့်အစုံ စုဆောင်း၍ သင်္ဂါယနာတင်ခဲ့၏။ ထိုအိုသမန်၏ ကျမ်းစာကား မူအဖြစ်ဖြင့် ယခုတိုင်တည်ရှိခဲ့၏။ နောက်ထပ် တဖန် ပြင်ဆင်ခြင်း ဖြည့်စွက်ခြင်း မရှိတော့ပဲ ပသီဘာသာ ဝင်အားလုံးတို့၏ ဓမ္မကျမ်းစာ အဖြစ်ဖြင့် အတည်ဖြစ်ခဲ့ လေသည်။

## "ပသီ ဘုရား"

ပသီဘာသာဝင် တို့သည် တဆူတည်းသော ဘုရားသာ ရှိသည်ဟု ယုံကြည်ကြကုန်၏။ ထိုဘုရားကား အလ္လာဟပင် တည်း၊ ၎င်းကိုခိုဒါ(ဝါ)ခုဒ အာကိုယ်တိုင်လာဟူ၍လည်း

ခေါ်ဆိုကြလေသည်။ ၎င်းဘုရား၏ ပဓါနဖြစ်သော ဂုဏ်တို့မှာ အောက်ပါအတိုင်းဖြစ်၏။

(၁) အလ္လာဟ။ ။

၎င်းသည် ပသိဘုရား၏ ဂုဏ်တို့တွင် အမြင့်ဆုံး အမြတ်ဆုံး အထင်ရှားဆုံး ဖြစ်၏။ ၎င်းသည် ဘုရားနှင့်သာဆိုင်သော ပုဒ်ဖြစ်၏။အခြားလူသားတို့နှင့် မဆိုင်ချေ။ ၎င်းပုဒ်သည် ကေဝဠနောမ်သဘော ရှိသော အာရဗီ ဘာသာ စကားဖြစ်၏။ ၎င်းအလ္လာဟ ဟူသော အာရဗီဘာသာကို အခြား မည်သည့် ဘာသာ စကားမျိုး နှင့်မျှ အဓိပ္ပါယ် တိုက်ရိုက်ကျအောင် ဘာသာ ပြန်ဆိုခြင်းငှါ မတတ်နိုင်ဟု မောလာနော မဟာမဒ်အလီသာ ရေးသား ဖေါ်ပြခဲ့လေသည်။

သို့သော် အနီးကပ်ဆုံးဘာသာပြန်ရသော် ၎င်းပုဒ်သည် မြင့်မြတ်သူဟူသော အနက်ကို ဟောလေသည်။ဤအလ္လာဟဟူသော ဂုဏ်ပုဒ်ကို ကိုရန်ကျမ်း၌ (၂၇၈၈) ကြိမ်တွေ့ရှိရ၏။ထို့ကြောင့်၎င်းသည် ပသိဘုရား၏ ပထမတမ်းဂုဏ်ပုဒ်ဖြစ်သည်ဟု အတိအလင်း ဆိုနိုင်လေသည်။

(၂) ရဗ္ဗ။ ။

၎င်းသည် ပသိဘုရား၏ ဒုတိယ အကောင်းဆုံး ဂုဏ်ပုဒ်ဖြစ်၏ ၎င်း၏ အဓိပ္ပါယ်ကား အရှင်သခင် (ဝါ) စောင့်ရှောက်သူဟု ဆိုလိုသည်။

၎င်းဂုဏ်အရ ပသိဘုရားသည် ယုံကြည်သူနှင့် မယုံကြည်သူခွဲခြားပဲ(ဝါ)ပသိဘာသာဝင် ဟုတ်သူနှင့်မဟုတ်သူ မခြားမနားပဲ တသားတည်း ကူညီ စောင့်ရှောက် တော်

မှုသတတ်၊ ၎င်းရဗ္ဗဂုဏ်ကို ကိုရန်ကျမ်း၌ (၉၆၅) ကြိမ် တွေ့ရှိရသောကြောင့် ၎င်းသည် ဒုတိယ အရေးအကြီးဆုံး ဂုဏ်ပုဒ်ဖြစ်ဟန် ရှိလေသည်။

(၃) ရမာန်နှင့် ရဟာမ်။ ။

၎င်းသည်တတိယမြောက်ဂုဏ်တော်ဖြစ်၏။ရမာန်ကား လူသား၏ ကောင်းကျိုး ချမ်းသာ မင်္ဂလာကို ဆောင်တတ်သော ရဟာမ်ကား သနားကရုဏာအပြည့်ရှိနေခြင်းဟူသော အနက်ကို ဟောလေသည်။ ၎င်းဂုဏ်ပုဒ်သည် ကိုရန်ကျမ်း၌ အကြိမ်ပေါင်း (၅၇၀) ပါရှိ၍ ရဗ္ဗဂုဏ်၏ နောက်၌ တန်ခိုးအမောက်ဆုံး ဂုဏ်တော်ဖြစ်ဟန် ရှိလေသည်။ ပသိဘုရားသည် ရမာန်ဂုဏ်တော်အားဖြင့် ကမ္ဘာ မြေပြင်၌ သတ္တဝါအားလုံးတို့ အသက်ရှင်၍ တည်တန့်နေနိုင်ရေးအတွက် ၎င်းတို့၏ အသုံးအဆောင် အစားအသောက် စသည်းဟူသမျှကို ဖန်ဆင်းပေးစွမ်းနိုင်၏။ ၎င်း ဘုရားသည် ရဟာမ် ဂုဏ်တော်၏ အစွမ်းအားဖြင့် သတ္တဝါ အပေါင်း၏ ကောင်းမကောင်း ဟူသော ကမ် (ဝါ) အလုပ်တို့၏ အကျိုးကို ပေးစွမ်းနိုင် လေသည်။တနည်းသော်ကား ပသိ ဘုရားသည် ရမာန် ဂုဏ်အားဖြင့် လူသတ္တဝါ စိတ်ဝိညာဏ် တိုးတက် ရင့် သန်စေရန် မုက္ခ ပတ်ဖြင့်လမ်းမှန်ကို ညွှန်ပြနိုင်၏။ ထို့ပြင် ရဟာမ်ဂုဏ်၏အစွမ်းကြောင့် ယုံကြည်သူသည် ပသိဘာသာဝင်အပေါင်း၏ကောင်းသော

အလုပ်အတွက် ကောင်းကျိုးချမ်းသာကို ပေး
စွမ်းနိုင်လေသည်။

(၄) ဿာဖုရ။ ။

စတုတ္ထ(၄)ခုမြောက်ဖြစ်သော ဤဿာဖုရဂုဏ်ပုဒ်၏ အဓိပ္ပါယ်ကားအခွင့်လွှတ်ခြင်းပင်ဖြစ်၏။ ၎င်းဂုဏ်အရ ပသိဘုရားသည် ပသိဘာသာဝင်ဟုတ်သူ မဟုတ်သူ ထိုနှစ်ဦးသောသူတို့၏ အပြစ်ကို ခွင့်လွှတ်သော ဟူ၏။

(၃၉–၅၃) ၎င်းဂုဏ်ပုဒ်ကို ကိုရန်ကျမ်း၌ (၂၃၃) ကြိမ်တွေ့ရှိရလေသည်။

ဤသို့ ဖေါ်ပြခဲ့ပြီးသော ပဓာနဂုဏ်ပုဒ်ကြီး (၄) ခုတို့မှ တပါး အခြား များပြားလှစွာသော ဂုဏ်တော် အငယ်စားတို့လည်း ရှိကြကုန်သေး၏။ ၎င်းတို့ကို အကျယ်သိရှိလိုကြသော သုတေသီတို့သည် မော်လာနာ မဟာမဒ် အလီ ပြု စု ရေးသားသော ကိုရန်အဋ္ဌကထာ၌ ကြည့်ရှုကြကုန်ရာသည်။

ပသိဘာသာဝင်တို့၏ အလိုအားဖြင့်(ဝ၅)ကိုရန်ကျမ်း၏ အဆိုအားဖြင့် ဤဂုဏ်တော်အပေါင်းဖြင့် ပြည့်စုံ မှသာ ဘုရားဖြစ်၏။ထိုဘုရားလည်း တဆူသာရှိရမည်။ ၎င်းကား အလ္လာဟသာ ဖြစ်ရမည် (အလ္လာဟ) ဘုရားကိုခစားလော့၊ ၎င်းမှတပါး သင်တို့အဖို့ အခြားဘုရားမရှိပြီဟု ကိုရန်ကျမ်း (၇း၅၉။၆၅။၇၃။၈၅)တို့၌ ဟောပြောခဲ့လေသည်။

**"ပသိဘုရား၏ အခြင်းအရာ"**

အထက်၌ ဖေါ်ပြခဲ့ပြီးသော ဂုဏ်တော်များနှင့် ပြည့်စုံသည်ဟု ဆိုကြသော တခုထည်းသော ထိုအလ္လာဟ ဘုရား

သည့် လူမျိုး အား လုံးအတွက် ၎င်း၊ အတိတ် ပစ္စုပ္ပန် အနာဂတ်ဟူသော ကာလသုံးပါးအတွက်၎င်း၊အမြဲတည်ရှိသောတဆူတည်းသောဘုရားဖြစ်၏၊ ၎င်းဘုရားသည် အလ်-အဝ္ဝလ်-အစလည်းဖြစ်၏။အလ်-အာခိရ်-အဆုံးလည်းဖြစ်၏ အလ်-ဗာရိ-အရာအားလုံးဖန်ဆင်းသော ဘုရားဖြစ်၏။အလ်-ယဒ္ဒ်-ကရုဏာရှင်ဖြစ်၏၊အလ်-အဇ္ဇစ်ဇ်-အနန္တတန်ခိုးတော်ရှင်၊ အလ်-ဣလင်မအနန္တ ဉာဏ်တော်ရှင်၊ အလ်-ဖဆိရ်-ဒိဗ္ဗစက္ခုရှင်ဖြစ်၏၊ အလ်-ဟ လင် မ-သည်းခံခြင်း-ခန္တီ-တရားနှင့် ပြည့်ဝသူဖြစ်၏၊ အလ်-အဖုမ်-အပြစ်-ဟူသမျှကို ခွင့်လွှတ်တတ်သော သူဖြစ်၏။ အလ်-ရှကုရ်- ကောင်းကျိုးချမ်းသာ သုခမင်္ဂလာကို ပေးစွမ်းနိုင်သူဖြစ်၏။

၎င်းဘုရားသည် အခြင်းအရာ အာကာရမရှိ နိရာကာရပင်ဖြစ်၏။ သူသည်မြင်ခြင်း၊ကြားခြင်း၊သနားခြင်း၊ချစ်ခင်ခြင်းမုန်းခြင်း-သဘော မကျခြင်း- အမျက်ထွက်ခြင်း စသောအပြုအမူများကို ပြုလုပ်သည်ဟု ကိုရန်ကျမ်း၌ ပါရှိခဲ့၏။

သို့ပင်ဖြစ်စေတမင့် သူ့မှာ အခြင်းအရာ အာကာရမရှိ။ ပုံပန်းသဏ္ဌာန်မရှိ။ အဖြူအမဲစသည်မရှိဟု မော်လာနာမဟာမဒ်-အလီကရေးခဲ့၏။(သူ့ကိုမမြင်နိုင်သူသည်အမြင်ကိုကျော်လွန်၏)ဟု ကိုရန်ကျမ်း အခဏ်း ၆ အပိုဒ်(၁၀၄)၌ ပါရှိသောစကားသည် အထက်ပါ အချက်ကို ထောက်ခံလေသည်။ထို့ကြောင့် ပသီတို့၏ အားထားရုံကြည် မှီခိုရာဖြစ်သော အလ္လာဟ ဘုရားသခင်သည်ကား အသွင်အပြင်ပုံပန်းသဏ္ဌာန်စသည်မရှိ ပကတိသဘောဖြင့် အမြဲတည်ရှိနေသော နိရာကာရပင် ဖြစ်သတည်း။

## အလ္လာဟ ဘုရား၏ လုပ်ငန်းများ။

ထိုသို့ဆိုခဲ့ပြီးသည့် အားလျော်စွာ နိရာကာရဖြစ်သော အခြင်းအရာမရှိသော (၀ါ)သုညဖြစ်သောအလ္လာဟာဘုရား သည် ကောင်းကင်မြေကြီးနှင့်တကွ ဂါးအဖွင်းရှိ သက်ရှိ သက်မဲ့ဟူသမျှကို ခရစ္စယံ ဋ္ဌာ၀ယဘုရားကဲ့သို့ခြောက်ရက် ဖြင့် မဟုတ်ပဲ၊ ခြောက်ခေတ်ဖြင့် ပြီးမြောက် စုံလင်အောင် ဖန်ဆင်းခဲ့လေသတတ်။

လူသတ္တ၀ါကို မြေကြီးမှ ရွံ့ရုပ်လုပ်ပြီး ဖန်ဆင်း၍ သူ၏ ဝိညာဉ်ကို(၀ါ)လေကိုထိုရွံ့ရုပ်၏နှာခေါင်းမှမှုတ်သွင်းခြင်း ဖြင့်အသက်ရှူသော(၀ါ)ရုပ်ရှား သွားလာသော လူသား စင်စစ်ဖြစ်စေခဲ့သော ဟူ၏၊ ကောင်းကင် တမန်တော်များကို အရောင်မှဖန်ဆင်း၍ မာရ်နတ်ကိုမူ မီးတောက်မီးလျှံအား ဖြင့် ဖန်ဆင်းခဲ့၏။ ရှင်းရှင်းဆိုရသော် ကောင်းကင် တမန်နှင့် မာရ်နတ်တို့သည် အရောင်နှင့် မီးတောက်ကို တုလုပ်သား သောအလ္လာဟာဘုရား၏အရုပ်များဖြစ်လေသည်။ (၃၉း၇၂)

သူသည်လူသတ္တ၀ါများစီးရန်(၀ါ)စားသောက်ရန်အလို့ ငှါ ကျွဲ နွား မြင်း ဆိတ် စသော သတ္တ၀ါများကို ဖန်ဆင်း၍ ပေးခဲ့သောဟူ၏။ သူသည် မျက်နှာလိုက်ခြင်း သဘောမရှိ သောကြောင့် သူ့ကို ယုံကြည် ကိုးကွယ်၍ သူ့အမိန့် အတိုင်း ကောင်းမှု ကောင်းတာ ကောင်းသော အရာများကို ပြုလုပ်သူများ သွားရောက် နေထိုင်ရန်အလို့ငှါ ဂျန္နတ်ခေါ် သော ကောင်းကင် ဘုံနန်းကို ဖန်ဆင်းခဲ့၏။ ထိုသူ သည် မဟာကရုဏာတော်ရှင်ဖြစ်သော(၀ါ) သတ္တ၀ါအများကိုမိမိ ၏ရင်ဝယ်ပေါက်ဖွားသောသွေးအသွင်အလွန် ချစ်ခင် တော် မူသော အလ္လာဟာဘုရားသည်ပင် သူ့အားမယုံကြည်သူ သူ့

အမိန့်မနာခံသူ မကောင်းမှုပြုသူများအဖို့တံခါး(၇)ပေါက်ရှိ သောဟန္နူးမ်ခေါ် ငရဲကို လက်မွန်မဆွစတင်ဖန်ဆင်းခဲ့၏။

ထို့ကြောင့် ကိုရန်ကျမ်း အခန်း ၃၄ အပိုဒ် ၆၄ ၌ အလ္လာဟသည် မယုံကြည်သူ လူမိစ္ဆာများ ၌ထာဝရနေရန် အလို့ငှါ ထိုငရဲကို ပြင်ဆင်ထားခဲ့၏ဟု ပါရှိလေသည်။ သူသည် ချစ်ခင်ခြင်း သနားခြင်းကရုဏာတို့ဖြင့် ပြည့်ဝသော နှလုံးရှိသူဖြစ်ခြင်းကြောင့်မယုံကြည်သူမသမာသူများကို ငရဲ ၌ခံစေ၍ ယုံကြည်သူ သမ္မာအယူရှိသူများကို ကောင်းကင် ဘုံနန်း၌မွန်မြတ်သော အရသာကို အနန္တကာလတိုင်အောင် ခံစားစေသည်ဟု ကိုရန်ကျမ်း အခန်း ၄၅ ၌ ပါရှိလေ သည်။

ထိုသည့်ကရုဏာတော်ရှင် ဟလ္လာဟ ဘုရားသည်ပင် ကိုရန်ကျမ်း အခန်း ၂ အပိုဒ် ၁၉၁ ၌ မယုံကြည်သူ(ဝါ) တရားလွန်သူများကို သတ်ဖြတ်ပစ်ရန်၎င်း၊ ၂၂၄ ၌ မယုံ ကြည်သူကို တိုက်ခိုက်ရန်၎င်း၊ ဟောခဲ့လေသည်။ အလ္လာဟ သည် အသက်ကိုပေးသူ အသက်သခင် လည်း ဖြစ်၏။ သေခြင်းကိုလည်းသူပင်ဖြစ်စေခဲ့၏။ သူသည် ကတိလိုက်စား မှုများမှကင်းလွတ်သောကြောင့်၊ သူအပြစ်လွှတ်လိုသူများကို လွှတ်၍အပြစ်ပေးလိုသူများကို ပေးစွမ်းနိုင်၏။ ဘာကြောင့် သူသည် သတ္တဝါအားလုံး၏ အရှင်သခင်ဖြစ်သောကြောင့် ဟူလို(၂၆း၂၈၄)ထိုပြင်အခန်း(၁၆၈)၌မူအလ္လာဟသည် မယုံကြည်သူ မတရားကျင့်သူများကို အပြစ်မှ လွတ်လပ် ခွင့်မပေးပဲ၊ ငရဲသို့ သွားရန်လမ်းကြောင်းကိုသာ ပြလိမ့်မည် ဟု အတိအလင်းပါရှိလေသည်။

## "ကောက်ချက်"

ဤသို့ပြဆိုခဲ့သော အလ္လာဟ ဘုရားသည် ဝိညာဏ်ဘုရားဖြစ်သည်ဟု မော်လာမာ မဟာမဒ်အလီစသော ပသီပညာရှိကြီးများက ပြောဆို ရေးသား ခဲ့ကြစေကာ ကိုရန်ကျမ်းစာကို သေသေချာချာ ဖတ်ရှုသောအခါ ကိုယ်အင်္ဂါ အစိတ်အပိုင်း အပြည့်အစုံနှင့် ပြောဆို လုပ်ကိုင် နေသော အလ္လာဟ ဘုရားကို တွေ့မြင် ရလေသည်။ ကိုရန်ကျမ်း အခန်း(၃၉)အပိုဒ် ၇၅၌၊ဒို မာရ်နတ်၊ငါ၏လက်နှစ်ဘက်ဖြင့် ဖန်ဆင်းထားခဲ့သော လူသတ္တဝါကို အသင် အဘယ်ကြောင့် အရိုအသေမပြုလိုရသနည်း?ဟုပါရှိလေသည်။

ဤသို့အားဖြင့် ပသီတို့၏ ကိုးကွယ် အားထား ရာ ဖြစ်သော အလ္လာဟာဘုရား၏ဂုဏ်များ၊အခြင်းအရာများ၊လုပ်ငန်းများသည် ထင်ရှား ပေါ်လွင်ခဲ့ချေပြီ။ ယခုသော် ၎င်းတို့ ယုံကြည် လေးမြတ်စွာလိုက်နာကျင့်သုံးနေကြသော ပသီတရားကို ကြည့်ရှုကြဦးစို့။

## "ပသီတရား"

ပသီဘာသာဝင် အားလုံးတို့သည် အလ္လာဟ ဘုရား၏ နှုတ်ခပတ်တော်(ဝါ)တမန်တော် ဂေဗရီယယ်၏ ညွှန်ကြားခြင်းအားဖြင့် မဟာမဒ်သခင်က ဟောပြောခဲ့သော ကိုရန်ကျမ်းစာကိုသာ ဘာသာရေးအတွက် မှီခိုအားထား ကြကုန်၏။ ၎င်းတို့မှာ ကိုရန်ကျမ်းမှတပါး အခြား ယုံကြည်လိုက်နာဘွယ်ရာ ဘာသာရေးစာအုပ်စာတမ်း မရှိတော့ပြီ။ ၎င်းတို့အဖို့ ကိုရန်ကျမ်းစာ၌ ပါရှိသမျှသည် တရားဖြစ်၏။ ထိုကျမ်း၌ပါရှိသောစကား ဟူသမျှသည် အလ္လာဟာဘုရား၏မုက္ခပတ်တော်ဖြစ်ခြင်း၊ ထို့ပြင် မဟာမဒ် သခင်အားဖြင့်

ထင်ရှားခြင်း တို့ကြောင့် အမှားမရှိ အမှန်ချည်းသာ ဖြစ်၏။ သို့သော် ကိုရန်ကျမ်း၌ပါဝင်သော အကြောင်းအရာတို့ကား အစီအစဉ်မှ ကင်းကုန်၏။ အကြောင်းအရာ အမျိုးမျိုးအစားစား ရောထွေးလျက်ရှိ၏၊ ထို့ကြောင့်ရာဇဝင်ကြောင်း အရခုနှစ် သက္ကရာဇ်တို့ဖြင့် သေချာစွာကိုက်မိအောင် မည်သူမျှ မစီစဉ်နိုင်ချေ။

ထိုကိုရန်ကျမ်း၌ ပရောဖက်မဟာမဒ်၏ တရားများ၊တားမြစ်ချက်များ၊စည်းကမ်းများ၊လူမျိုးဆိုင်ရာ ဥပဒေများ၊သူ၏အတ္ထုပ္ပတ္တိများ၊ သူတိုက်ခိုက် အောင်မြင်ခဲ့သော(၀၁) ရှုံးခဲ့သော စစ်ပွဲအမျိုးမျိုး၏ အကြောင်း အရာ များ၊ ခရစ်ယာန်မွေဟောင်းကျမ်း၌ ပါရှိပြီးဖြစ်သော အာဒံ၏ အကြောင်းအရာများ၊ နောဧ၏အဖြစ်အပျက်များ အဗ္ဗရာဟံနှင့် မောရှေတို့၏ ရာဇဝင်များ အီးနော့နှင့် လောတတို့၏ အဖြစ်အပျက်များ၊အာရန်နှင့်ဒေးဗစ်တို့၏ အကြောင်းအရာများ၊ရှောလမုံနှင့် ယောဘတို့၏ ရာဇဝင်များ၊ ထို့ပြင် ဓမ္မသစ်၌ ပါပြီးဖြစ်သော ယေရှုခရစ်၏ အတ္ထုပ္ပတ္တိများ၊ယေရှုမယ်တော် မာရိ၏အကြောင်းအရာများ၊ယောဟန်၏ အဖြစ်အပျက်များ ပါဝင်လေသည်။ ဤသည်တို့ကို ထောက်ရှုသော် ကိုရန်ကျမ်း၌ ပါဝင်သော အကြောင်းအရာများသည် အကြောင်းမျိုးစုံနေသဖြင့် ခွဲခြားရန်ပင် မလွယ်ကူလှချေ။

မည်သို့ပင်ဖြစ်စေ ပသီဘာသာ ဝင်တို့အဖို့ကား ကိုရန်ကျမ်း၌ ပါဝင်သော စကား ဟူသမျှသည် တရား ဖြစ်၏။ တရားသည် အခြားသော ကျမ်းစာတို့၌ မပါရှိနိုင်။ ထို့ကြောင့် ပသီ ဘာသာဝင်တို့၏ အလိုအားဖြင့် တရား ဆိုသည်ကား အလ္လာဟ၏ မုက္ခပတ်တော်ဖြစ်၍ ကိုရန်ကျမ်း၌

ပါရှိသော အရာသာ ဖြစ်ရမည်ဟု ဆိုလိုရင်းဖြစ်သတည်း။

"ပသီဝါဒ"

အသာ ကိုရန်ကျမ်း၏ ဒုတိယ ကဏ္ဍဖြစ်သော အလ်ဗက္က ရာ စလျှင်စခြင်း ပသီ ဘာသာဝင် အားလုံးတို့ အမြဲမသွေ လိုက်နာကျင့်သုံး နေကြရမည်ဖြစ်သော ဝါဒစည်းမျဉ်းငါးခု ကို ဖေါ်ပြထားလေသည်။

(၁) အလ္လာဟ ဘုရားမှတပါး အခြားဘုရားမရှိ။သူသာ လျှင် တဆူတည်းသော အနန္တတန်ခိုးရှင်ဖြစ်သော ဘုရားဖြစ်၏ဟု ယုံကြည်ခြင်း။

(၂) တနေ့လျှင် အနဲဆုံးငါးကြိမ်။ နမာဇ ဖတ်ရမည်။ (ဝါ) ဘုရားရှိခိုးခြင်း ဆုတောင်းမေတ္တာ ပို့ခြင်း။

(၃) အလ္လာဟ ဘုရား၏ အာနုဘော်အားဖြင့် ရရှိအပ် သော မိမိတို့၏ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေတို့ကို တတ်အားသ၍ ပေးကမ်းလှူဒါန်းခြင်း။

(၄) ပရော်ဖက် မဟာမဒ် သခင်နှင့် အလ္လာဟ၏ အာ နုဘော်အားဖြင့် သူ ဟောကြားခဲ့သော ကိုရန် ကျမ်းကို ယုံကြည်မြတ်နိုးခြင်း။

(၅) ယခုဘဝမှ သေလွန်ပြီးနောက်၌ ဘဝတခုရှိခြင်းနှင့် နောက်ဆုံး တရားဆုံး ဖြတ်ရာနေ့ ရှိခြင်း တို့ကို ယုံကြည်ခြင်း။

ဤသည်တို့ကား ပသီဘာသာဝင်တို့၏ အရေးအကြီးဆုံး ဝါဒစည်းမျဉ်းဖြစ်သတည်း။ ထိုနောက် ယုံကြည်သူ (ဝါ) ပသီ ဘာသာဝင်တို့ စံစား ခံစား ရလတံ့သော ကြီးကျယ် မွန်မြတ်သော အကျိုးနှင့်၊ မယုံကြည်သူ(ဝါ) ပသီဘာသာ ဝင် မဟုတ်သူများ တွေ့ကြုံ ခံစားရမည့် စူးရှ ထက် မြက်

အခံရ ခက်လှသော ဆင်းရဲ ဒုက္ခများကို ပိုင်းခြား ဝေဖန်၍ ဟောပြခဲ့လေသည်။

တဖန် တိုဒုတိယကဏ္ဍ အပိုဒ် ၁ ၆ ဂ မှစ၍အပိုဒ် ၁ ၇ ၆ တိုင်အောင် လူသတ္တဝါအများ စားသောက်ဖို့ အစားအသောက် စာရင်းကို ဖော်ပြလေသည်။

"အို လူသားတို့ တရေးသော မြေပြင်၌ရှိသော ကောင်းသောအရာများကို စားကြလော့"ဟု အစချီ၍ စားသင့်စားအပ်သောအစာနှင့် မစားသင့် မစားအပ်သော အစာတို့ကို ခွဲခြား၍ ဖော်ပြခဲ့လေသည်။မစားသင့်မစားအပ်သောအစာတို့ကား (၁) သဘာဝကျနစွာ မသတ်ရပဲ အလိုလျောက် သေသောသတ္တဝါ၏ အသား(၂)သတ္တဝါ၏ အသွေး(၃)ဝက်၏အသားတို့ ဖြစ်သတည်း။

တဖန် မဟာမဒ်သခင်သည် ရမ္မဒံလ၌ ကိုရန်ကျမ်းစာကို စတင် ဟောပြောခဲ့သောကြောင့် ပသီဘာသာဝင် အားလုံးတို့သည် ထိုလ၌ ဥပုသ်စောင့်ရမည်ဟု အမိန့် ချမှတ်ခဲ့၏။ ဥပုသ်ထွက်သော အစ်ဒ်ပွဲများ ပြုလုပ်လေ့ရှိကြ၏။ အစ်ဒ်ဆိုသည်ကား ဆိတ် နွား စသည်ဘို့ကိုသတ်၍ ယဇ်ပူဇော်ခြင်း တမျိုးပင်ဖြစ်သတည်း။ ထိုသို့ဥပုသ်စောင့်စဉ် မိမိတို့၏သားမယားနှင့် ဆက်ဆံမှုပြုနိုင်သည်ဟု (၂း၁ဂ၇)၌ အခွင့်ပေးခဲ့လေသည်။

အာတ်စဉ် ဥပုသ်နေ့ကား သောကြာနေ့ပင် ဖြစ်သည်ဟု ကိုရန်ကျမ်းစာ အခန်း ၆၂ အပိုဒ်(၁၁) တို့၌ သတ်မှတ်ခဲ့လေသည်။ ထိုသောကြာနေ့၌ ဘုရားဝတ်ပြုရန် သတ်မှတ်ထားသောအချိန်ကား မွန်းလွဲပြီးခါစ အချိန်ဖြစ်၏။ထိုဝတ်ပြုချိန်၌ ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းကား(၁)တရားမွှေ

ဟောပြောခြင်း၊ (၂)ရကတ် ၂ခု ရွတ်ဖတ်ခြင်း ဖြစ်၏။ ထို နောက် ညနေစောစောအချိန်၌ တဖန် ဝတ်ပြုရပြန်၏။ ထို အချိန်ကား ရကာတ်(၇)ခု (ဝါ)ကိုရန်ကျမ်းမှ ကလာမ၇ခုကို ရွတ်ဖတ်၍ ကြားနာရလေသည်။

မည်သည့်အချိန်မှာ ဘုရား ဝတ်ပြုသည်ဖြစ်စေ ထိုအချိန် ၌ အနောက်ဘက်သို့ ကာဗလာမူရမည်၊ ကာဗလာဆိုသည် ကား မျက်နှာမူရာ အရပ်ကို ဆိုလိုသည်။ မဟာမဒ် သခင် အသက်ရှင်စဉ်အခါက သူသည် မက္ကာမြို့မှ ဂျေရုဆလင်မြို့ရှိ ဘုရားကျောင်းဘက်သို့ ကာဗလာပြုခဲ့လေသော်၊ ထိုနောက် ဂျူးလူမျိုးမြောက်မြားစွာ နေထိုင်သော မဒီနာမြို့သို့ ရောက် သောအခါ သူသည်ကာဗရှိရာဖက်သို့ မျက်နှာမူ၍ကာဗလာ ပြုရာအရပ်ကို ပြောင်းလဲခဲ့လေသည်။

ထို့ကြောင့် ယခုခေတ်ရှိ ပသိ ဘာသာဝင် အားလုံး တို့သည် ဘုရားဝတ်ပြုသောအခါ အနောက်ဖက်သို့ မျက်နှာ မူကြလေသည်။ ထိုသို့သောသူတို့သည် ကိုရန်ကျမ်း အခန်း ၂ အပိုဒ် ၁၄၂ ၌ "ဘုရားသည် အရှေ့အနောက် အရပ် ဒေသ မရွေး တည်ရှိ၏" ဟူသော အလ္လာဟ်၏ မှတ်ချက်တော်ကို မှုကားမေ့လျော့နေကြပြန်တုသည်။

တဘက်တခါတွင်ထိုနိုင်က အကြိမ်ပေါင်း များစွာ ပသိ ဘာသာ ဝင်တိုင်း ဟဂျ် (ဝါ) ဘုရားဖူး သွားရမည်ဟု ဟောပြောခဲ့ လေသည်၊ ထို့ကြောင့် ယခုအခါ သတ်မှတ် ထားသော လများအတွင်း၌ ပသိ ဘုရားဖူး, မြောက်မြား စွာတို့မြင့်မြတ်လျက် နေသော သင်္ဘောများကို အာရေဗျ ရေပြင်၌ တွေ့မြင်ကြရ လေသည်။ ပသိဘာသာဝင် တို့၏ စိတ်သည် မက္ကာသို့ဘုရားဖူးမရောက်ရသမျှ ကြေနပ်နှစ်သိမ့်

ခြင်းမရှိနိုင်ချေ။ ဤကိစ္စကားပသီဘာသာဝင်တိုင်း မချွတ်မလွဲ ပြုလုပ်ရမည့်အလုပ်တခုဖြစ်လေသည်။ ၎င်းဘုရားဖူးခြင်းကိစ္စကိုရှာဝလ်ဇီကက် (လ) တို့နှင့်ဇီလဟာဂျ်လဆန်း (၉) ရက် အတွင်းမှာ ပြုလုပ်ရမည်။ ပသီဘုရားဖူးတို့သည် မက္ကာသို့ မရောက်မီ(၁၂)မိုင်ကွာမှာတည်ရှိသောအရဖတ်ကွင်းပြင်၌ ဇီလဟာဂျ်လဆန်း(၉)ရက်နေ့ညနေတွင် စုဝေးရမည်ဟုအဆို ရှိလေသည်။ ထိုနောက်မှ မက္ကာမြို့ ဘုရားကျောင်း ရှိရာသို့ သွားရန်ဖြစ်လေသည်။ ထိုသို့ ဘုရားဖူး သွားရခြင်း(ဝါ) ဘုရားဖူးရခြင်း၏ အကျိုးတရား မဟာပုလကို ကိုရန်ကျမ်း၌ မြိန်ယှက်လောက်အောင် ချီးကျူးဖော်ပြခဲ့လေသည်။

ယင်းသို့ဖော်ပြခဲ့ခြင်းကြောင့်ပင်အားလုံးသောပသီဘာသာ တို့သည် မက္ကာသို့ ဘုရားဖူး သွားရောက်ရန် အရေးကို တသက်တာလုံး နေ့ရှိသချှ မျှော်တွေးမှန်းဆ၍အာရုံပြုနေကြ လေကုန်သည်၊ မက္ကာသို့ ဘုရားဖူး မရောက်ပဲ ဘဝအဆုံး သတ်ရခြင်းကို ရှုံးခြင်းကြီး တရပ်ဟု ပသီ ဘာသာဝင် အပေါင်းတို့က မှတ်ယူပိုက်ကြုံးနှလုံးသွင်းကြလေသည်။

အလာ ကိုရန်ကျမ်း အလို အားဖြင့် ငရဲသည် အလ္လာဟ ဘုရား၏ လက်ရာပင်ဖြစ်၏။ ကိုရန်ကျမ်းအခန်း ၁၅ အပိုဒ် ၄၃–၄၄ တို့၌၊ ငရဲသည်မယုံကြည်သူ(ဝါ)ပသီဘာသာဝင် မဟုတ်သူများ မုချသွားရောက်နေထိုင်ရမည့်အရပ်ဖြစ်သည် ဟုအတိအလင်းအမိန့်တော်ရှိခဲ့လေသည်၊ ၎င်းငရဲသို့ဝင်ရန် တံခါး(၇)ပေါက်ရှိလေသည်။ သို့ရာတွင် ဝင်ပေါက်ကိုသာ ဖော်ပြခဲ့၏။ ထွက်ပေါက်ကိုမူကားမဖော်ပြခဲ့ချေ။

ကိုရန်ကျမ်း၌ ငရဲကိုအမည်နာမ(၇)မျိုးတို့ဖြင့်ခေါ်ဝေါ် ခဲ့လေသည်။ ထိုအမည်တို့၏အဓိပ္ပါယ်ကိုကြည့်ရှုခြင်းအားဖြင့်

၎င်း၏ စူးရှ ပြင်းထန် လှသော ဆင်းရဲ ဒုက္ခကို ရိပ်မိနိုင် လေသည်။

(၁) ဂျဟန္နမ်း၊ ချမ်းသာကင်းသော၊ငရဲ။
(၂) လဇာ၊ အမြဲတစေတဟုန်းဟုန်းတောက်နေသော မီး (၇၀း၁၅)
(၃) ဟုတမာ၊ စိစိညက်ညက်ဒ်ကျေအောင်ကြိတ်ချေ တတ်သောဥပါဒ်။
(၄) ဆအီရ်၊ လောင်စာ ရှိသမျှကို အမြဲလောင်နေ သော မီး (၁၂း၄)
(၅) ဆက္ကရ်(၅၄-၄၈)ယူဇနာပေါင်း များစွာအကွာ မှသော်မှ မရပ်နိုင်အောင် ကြောက်လန့်ဖွယ်မီး (၄း၄၈)
(၆) ဂျဟာမ်း၊မဖွေး၀ံ့ မကြံ၀ံ့ လောက်အောင် ကြောက်လန့်ဖွယ်မီး (၁၁၉)
(၇) ဟာဝိယာ၊ နက်လှသော ချောက်ကမ္ဘားပြက် (၁၀၁း၉) တို့ ဖြစ်လေသည်။

သို့ရာတွင် ဂျဟန်နမ် ဟူသော အမည်ကို ကိုရန်ကျမ်း၌ ငရဲအတွက် အများဆုံးအသုံးပြုခဲ့လေသည်။ ထိုငရဲသည်မယုံ ကြည်သူ (၀ါ) ပသီဘာသာဝင် မဟုတ်သူတို့၏ နေရာ ဖြစ်၏၊ငရဲသည်မယုံကြည်သူတို့၏ မိတ်ဆွေဖြစ်၏ ဟုအခန်း ၅၇ ၌အတိအလင်းမိန့်မြွက်ခဲ့လေ၏။

## "ပသီကောင်းကင်ဘုံနန်း"

ကိုရန်ကျမ်းစာ၌ကောင်းကင်ဘုံနန်းကိုဂျန္နတ်(၀ါ)ဥယျာဉ် ဟု ခေါ်လေသည်။ အခန်း ၄၇ အပိုဒ်-၁၂- ၌အလ္လာဟ ဘုရားသည် သူ့အား ယုံကြည်သူများကို၊ ထိုပြင်သူ့အမိန့်

ကို လိုက်နာ၍ ကောင်းမှုလုပ်ခဲ့သူများကို ထိုဂျန္နတ်ခေါ် ဥယျာဉ်တော်သို့ဝင်ရန်အခွင့်ကိုပေးမည်။မယုံကြည်သူ(ဝါ) သူ၏ အမိန့်ကို ဖီဆံတော်လှန်သူများကို ငရဲသို့ ပို့မည်ဟု ပါရှိခြင်းကြောင့် ထိုဂျန္နတ်ခေါ် ကောင်းကင် ဘုံနန်းသည် ယုံကြည်သူများအတွက် သက်သက်ဖြစ်ကြောင်း ထင်ရှား လေသည်။

၍နေရာ၌ ယုံကြည်သူဟူသော စကား၏ အဓိပ္ပါယ်ကို ရှင်းလင်းရန်ရှိလေသည်။ ကိုရန်ကျမ်း အခန်း ၅၀ အပိုဒ် ၁၅ ၌ယုံကြည် သူ ဆိုသည့်စကား အလ္လာဟ ဘုရား ၎င်း၏ မဟာမဒ်သခင်နှင့် ကိုရန်ကျမ်းစာကို ယုံကြည်သူဟု အတိ အလင်း ပါရှိခဲ့လေသည်။ထို့ကြောင့် ယင်းတို့၏ ကောင်းကင် ဘုံနန်းသည် ခရစ်ယာန်တို့၏ ကောင်းကင် ဘုံ နန်း ကဲ့သို့ပင် ယုံကြည်သူ အတွက်သာ ဖြစ်ကြောင်း ထင်ရှားလေသည်။

ထိုဂျန္နတ်ခေါ်သော ဥယျာဉ်အတွင်း၌ မြစ်ကြီး မြစ်ငယ် အသွယ်သွယ်တို့သည် ကျေ့လည်လျက်ခါ သာယာသော ရေအယဉ်မြင့်ပြောင်းလဲခြင်းမရှိပဲ တသွင်သွင် စီးဆင်းနေ ကြကုန်၏။ ချိုဆိမ့်သော အရသာဖြင့် ပြည့်ဝသော နွားနို့ ရေအယဉ်တို့သည်လည်း ဆုံး၍မကုန် သောက်၍မခန်းနိုင် အောင် တသွင်သွင် တဒီးဒီး စီးဆင်း၍ နေကြကုန်သည်။ သောက်လိုသူများ အတွက် အလွန် စူးရှ ထက်မြက်သော အရသာကို ဆောင်ကုန်သော အရက်သေစာ စမ်းပြွန်တို့ သည်လည်း အံ့မခန်း တသွင်သွင်ရေအယဉ်ကဲ့သို့စီးဆင်း နေကြကုန်လေသည်။ ချိုမြိန်သောပျားရည်အယဉ်ဖြင့် ပြီး သောမြစ်ချောင်းတို့သည်လည်းနှေးညှသောသော ဒလဟော စီးဆင်း နေကြကုန်လေသည်။ အရသာ မျိုးစုံကို ဆောင်

သောသစ်သီးဝလံပင်တို့သည်၎င်း၊ အရောင်ပြိုးပြွမ်း ရှုမခန်း အောင် လှပသော ပန်းပွင့်ကိုဆောင်သော ပွင့်ပင်တို့သည် ၎င်း၊လူသား၏မျက်စိဖြင့် တကြိမ် တခါမျှ မမြင် ဘူးသေး သော ထူးမြတ်သော အလှ ဂုဏ်ကြွက် သရေ မင်္ဂလာ ကို ဆောင်နေကြကုန်၏။ (၄၇း၁၅)။ ။

ထိုဂျန္နတ်ခေါ်အလ္လာဟ်၏ ဉယျာဉ်အောင်၌ နေ့လည်းမရှိ၊ အဆမတန်ပူပြင်းခြင်းလည်းမရှိ၊ခိုက်ခိုက်တုန်အောင် ချမ်း ခြင်းလည်းမရှိ ပကတိကောင်းခွဲ့ညီမျှသော ရာသီဥတုရှိ၏။ (၇၆း၁၃) အလ္လာဟ်အရှင်သည် သူ့အားယုံကြည်သူ မိန်း မ ယောကျ်ား သတ္တဝါအများတို့အား သူအမြဲ နေထိုင်ရန် မြစ်ချောင်းစသည်တို့နှင့်တကွ လှပ ကောင်းမွန် ခိုင်ခန့်သော အဆောက်အဦးများဖြင့် တင့်တယ်သော ဂျန္နတ်ကို ရစေ မည်ဟု ကတိထားခဲ့၏။ (၉း၇၂။)

ဤကောင်းကင် ဘုံနန်း ဂျန္နတ်၌ ချမ်းသာပုံ ပြည့်စုံ ကုံလုံပုံ စသည်ကို ကိုရန်ကျမ်း အခဏ်း ၁၅ အပိုဒ်၄၅- ၄၀ အတွင်း ၌ သေချာစွာ ဖေါ်ပြထားလေသည်၊ သို့သော် လိုရင်းအကျဉ်း မျှကိုသာ ဤ၌နေရာ၌ ဖေါ်ပြသင့်ပေသည်။ ၎င်းဂျန္နတ်၌ ပူ ဆွေးရခြင်း၊ ငိုကျွေးရခြင်း စိုးရိမ်သောက ကြုံတွေ့ ရခြင်း၊ ပင်ပန်း နွမ်းနယ်ရခြင်း၊ စားရေး၊ သောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေး၊ဝဖြိုးရေး၊အသက် မသေရေးတို့အတွက် ဘာမျှ လုပ်ကိုင်ဘွယ် မရှိခြင်း၊ တဦးနှင့် တဦး [illegible]၊ စောင်း မြောင်းခြင်း၊ မကောင်းကြံခြင်း စသည်တို့မှ ကင်းဝေး၍ စင် ကြယ်သော နှလုံးနှင့် ငြိမ်းခြင်း၊ လုံခြုံခြင်း၊ ချမ်းသာ သုခ တို့ပင်ဖြစ်သတည်း။

ဤဆိုအပ်ခဲ့ပြီးသော သုခ ချမ်းသာ ကြက်သရေမင်္ဂလာ

အပေါင်းတို့နှင့် ပြည့်စုံသော ဂျန္တတ်သည် အလ္လာဟ ဘုရားကို ယုံကြည်သူ ပသီဘာသာဝင် အပေါင်းတို့၏ နောက်ဆုံးမျှော်မှန်း တမ်းတရာ (ဝါ) ရောက်ရှိခံစားရာ ကောင်းကင်ဘုံနန်း ဘဝမှ လွတ်မြောက်ရာ စခန်းဖြစ်သတည်း။

## "ပသီတို့၏ ရှင်ပြန်ထမြောက်ခြင်း"

ခရစ္စယံများအတွက် ရှင်ပြန်ထမြောက်ရာနေ့(ဝါ)တရားဆုံးဖြတ်ရာနေ့ ရှိသကဲ့သို့၊ထို့အတူ ပသီများအတွက်သည်းထိုနေ့ရှိလေသည်။ထိုနေ့ကို ကိုရန် ကျမ်းစာ၌ အမည်နာမအမျိုးမျိုးဖြင့် ဖော်ပြသွားခဲ့၏။

(၁) ယကုမုလ်ကိယာမာ။ ။
သေပြီးလူ အများတို့တဖန် ရှင်ပြန် ထမြောက်သောနေ့။

(၂) ယကုမုလ်ဖဆလ်။ ။
လူသား၏ ကောင်းကျိုး ဆိုးပြစ်ကို စီစစ်ဆုံးဖြတ်ရာနေ့။

(၃) ယကုမုလ်ဟိဆာဗ်။ ။
လူဆိုးနှင့်လူကောင်းကို ပိုင်းခြားရေတွက်သောနေ့။

(၄) ယကုမုတလာက်။ ။
ယခုအခါ သေဆုံး၍ မြေတွင်း အောင်းနေ ကြရကုန်သော မိ–ဖ–သားသမီး ဆွေမျိုး မိတ်သင်္ဂဟတို့နှင့် ပြန်လည် တွေ့ဆုံရာနေ့၊စသော အမည်တို့သည်ထို့, ရှင်ပြန် ထမြောက်ရာနေ့ကို ညွှန်ပြကြကုန်၏။

သို့ရာတွင် ကိုရန်ကျမ်းစာ၌ အများဆုံး တွေ့ရသောအမည်ကား အာဆ် ဆာ အာဟ်ဖြစ်၏။ ၎င်းသည် နေ့ထူးအချိန်ထူးဟူသော အနက်ကိုဟော၏။ ရလာစ်ဗ် မည်သော

ကိုရန်ကျမ်းတတ် ပညာရှိကြီး၏ အလိုအားဖြင့် အချိန်သည် (၃)မျိုးရှိ၏။

(၁) ကုဗရာ။ ။
အကြီးဆုံး အခိပ္ပါယ်ကား၊ လူသား အားလုံး၏။ ကောင်းကျိုး ဆိုးပြစ်ကို ဆုံးဖြတ်ရန် အတွက်၊ လူသားအားလုံး ရှင်ပြန်ထမြောက်သောနေ့။

(၂) စုဆတာ။ ။
အလယ် အလတ် အခိပ္ပါယ်ကား၊ လူမျိုးတဆက် ကွယ်ပျောက်သောနေ့။

(၃) ဆုဃရာ။ ။
အငယ်ဆုံး၊ အခိပ္ပါယ်ကား၊ လူသား တယောက်စီ ဘဝဆုံး၍ သေကျေ ပျက်စီးရသော နေ့ဟူ၍၊ ခွဲခြား ထားခဲ့၏။ ။ ထို နေ့သို့ ရောက်ရန် အချိန်နီးလာ သောအခါ ကြီးစွာသော တိတ်နိမိတ် တို့သည်၊ ဤ လောက၌ ထင်ရှား ပေါ်လွင်လာလိမ့်မည်ဟု ကို ရန်ကျမ်း စာအခဏ်း(၇၈)၌ ညွှန်ပြခဲ့၏။

လူသားအားလုံး သေဆုံးပြီးနောက် ပုန်းအောင်း၍ နေရ သော သင်္ချိုင်းအတွင်းမှ မူလအတိုင်း တပြိုင်နက် ထလာကြ ရန် တံပိုးမှုတ်လိမ့်မည့်(ဝါ)ခရာမှုတ်လိမ့်မည်။ အာကာသ ကောင်းကင်သည် ဟင်းလင်း ပွင့်လာ လိမ့်မည်။ ကြီးကျယ် မြင့်မောက်သော တောင်တန်း များသည် နေရာရွှေ့ ရှား၍ သွားကြလိမ့်မည်။ ဤသည်တို့ကား ထို နေ့အတွက် တိတ် ကြီး နိမိတ်ကြီးတို့ ဖြစ်ပေသတည်း။

အလ္လာဟ ဘုရားသည် လူသား အားလုံး အတွက် စာ တအုပ်စီ သီးသန့်ထားခဲ့ လေသည်။ ထို စာအုပ်၌ လူသား

ပြုလုပ်သည့် ကြံစည်သည့် ကောင်းမှု၊ ဆိုးမှု တို့ကိုစေ့ စေ့ စုံစုံ တခုမကျန်၊ ရေးယူမှတ်သားထားရန် ဖြစ်လေသည်။ လူသား အားလုံးရှင်ပြန်ထမြောက်သော အခါ ၎င်းတို့ အသီးသီး၏ လက်သို့ ဆိုင်ရာစာအုပ် တအုပ်စီ ပေး၍ ဖွင့်ပြ ပေလတံ့။ ထို အခါ လူသည် မိမိပြုလုပ် ကြံစည်ခဲ့သော ကောင်းမှု ဆိုးမှုတို့ကို အကုန်အစင် ပြန်လည်တွေ့မြင်ရပေလတံ့ (၁၇း ၄၉) လူကောင်း၏ စာအုပ်ကို အမြင့်မြတ်ဆုံး နေရာ၌ တင် ထား၍ လူဆိုး၏စာအုပ်ကို၊ယုတ်ညံ့သော ထောင် အတွင်း၌ ထားလိမ့်မည် (၈၃း၇-၉) (၁၀း၅၀)။ ။

ထို နောက် အလ္လာဟ ဘုရားသည် မယုံကြည်သူ လူဆိုး ကို ငရဲသို့ပို့ချ၍ ယုံကြည်သူ လူကောင်းကို ဂျန္နတ်သို့ ပို့ လိမ့်မည်။ ထို အခါ လူသားသည် အနန္တ ဖြစ်သော ချမ်း သာသုခကိုငင်း၊ ဆင်းရဲဒုက္ခကိုငင်း ခံစားနေရ ချိမ့်မည်။ ဤ အချက်၌လည်း၊ ကျွန်ုပ်တို့သည် ခရစ္စယံ တို့၏၊ ရှင်ပြန်ထ မြောက်ခြင်းနှင့် ထူးခြား ကွဲပြားသော အနက် သဘောကို မတွေ့ရချေ တကား။

## ရူးဟခေါ် ဝိညာဏ်ငါးပါး

(၁) **အမာရဟ်။ ။**

လူသား၏ စိတ်ဝိညာဏ် တဖြည်းဖြည်း တိုးတက် ရာ၌ အနိမ့်ဆုံး အဆင့် အတန်း၌ ဖြစ်သော၊ ဝိ ညာဏ်ကို ဆိုလိုသည်။

(၂) **လဝါမာဟ်။ ။**

လူသား၏ ဝိညာဏ် တိုးတက်လာပြီဖြစ်၍ မိမိ ပြု လုပ်ကြံစည်မိသော အမှားတို့ကို သိနိုင် မြင်နိုင် သော ဝိညာဏ်ကို ဆိုသည်။

(၃) ရူဟုလ်ကုဒုဒ်။ ။
မြင့်မြတ်သော ဝိညာဉ် တော် (ဝါ) ကောင်းကင် တမန်တော် ( ဂေဗရီယလ်-ကိုလည်း ဆိုသည် ) ပရော်ဖက် မဟာမဒ်သခင်သို့ အလ္လာဟ ဘုရား၏ မုက္ခပတ်တော်ကို ထင်ရှား ဖွင့်ပြသော ဝိညာဉ် တော် ပင်တည်း။

(၄) နတ်ဖဆိနတိကာဟ်။ ။
ရှံ့ ပြင့် မွမ်းမံသုလုပ်ထားသော လူရုပ်၏ နှာခေါင်း အတွင်းသို့ ဘုရားကိုယ်တိုင် မှုတ်သွင်းလိုက်သော လေကို ဆိုလိုသည်။ (၁၅း ၂၈, ၂၉) ၎င်း ဝိညာဉ် ကြောင့် လူသားသည် အားလုံးသော သတ္တဝါတို့ ထက် မြင့်မြတ်သည့် အရာအားလုံးကို စိုးမိုးနိုင်သည် ဟု ဆိုလို၏။

(၅) မုတ္တမာသန္နှဘ်။ ။
အပြစ်ဟူက မြူချမကြုံအောင် ချုပ်ငြိမ်းပြီးဖြစ်၍ မြေသော ငြိမ်းချမ်းသော အနန္တသုခ အဆုံး အပိုင်း အခြားမရှိသော ချမ်းသာကို ကောင်းကင်ဘုံနန်း ဂျန္နတ်စခမ်း၌ ချေမ်းစွာ စံမြန်းနေသော ဝိညာဉ် ကို ဆိုလိုသည်။

## “ပသီသူတော်ကောင်း၏ လက္ခဏာ”

ယခုအခါ ကျွန်ုပ်တို့သည် ပသီဘာသာဝင် သူတော်စင် ၏ လက္ခဏာများကိုရေးသားဖော်ပြပေအံ့။ ၎င်းကိုအလ္လာဟ ကိုရန်ကျမ်းအခန်း ၂ အပိုဒ် ၁၇၇ ၌ တွေ့ရှိရလေသည်။

၎င်းတို့ကို အကျဉ်းချုံး၍ဖော်ပြရသော် နှစ်ဆူမရှိ အဘု မရှိ၊ အဒုတိယ ဖြစ်သော အလ္လာဟ ဘုရားရှင်ကို၎င်း၊ ယကု

မှုလ်ကိယာမာခေါ်သော ရှင်ပြန်ထမြောက်၍ တရားစီရင်မည့် နေ့ကိုငှင်း။ မုက္ခပတ်တော် ကိုရန် ကျမ်းစာ ကိုငှင်း အလ္လာဟာဘုရား၏ ပရော်ဖက်ခေါ် တမန်တော်များကိုငှင်း၊ ကင်းစင်သောသံသယဖြင့်ယုံကြည်ရမည်၊မိမိပိုင် ပစ္စည်းများအနက်မှ အချို့ အဝက်ကို ဆွေမျိုးညာတိ မိတ်သင်္ဂဟများသို့ငှင်း၊မိမဲ့ ဖမဲ့ ခိုကိုးရာမဲ့တို့သို့ငှင်း၊ဆင်းရဲ နွမ်းပါးသူများသို့ငှင်း၊ခရီးသွားအာဂန္တုဧည့်သည်များကိုငှင်း၊ ဖုံးတောင်းယာစကာများကိုငှင်း၊ တတ်နှမ်း သမျှခွဲခြမ်း၍ ပေးကမ်းလှူဒါန်းသူဖြစ်ရမည်၊ သုံ့ပန်းအကျဉ်းသားများကို ရွေးနှုတ်ယူ၍ လွတ်လပ်ခွင့် ရရှိစေမည်။ မေ့လျော့ ပေါ့ တော့ခြင်း မရှိပဲ အမြဲနိစ္စ ဆုတောင်း မေတ္တာ ပတ္ထနာ ပြု၍ ဘုရားကို ဆည်းကပ်ဝတ်ပြုရမည်၊ပြုလုပ်ပြီးပြောဆိုပြီးဖြစ်သောကတိစကားတို့ကို ပျက်ပြား သွေစောင်းခြင်း မရှိအောင် စောင့်ရှောက်ရမည်။ဆင်းရဲဒုက္ခနှင့်တွေ့ကြုံရသောအခါ ဇွဲနှင့်မဲနှင့် အားအံခဲ၍ သည်းခံနိုင် ရမည်။ ဤအခြင်းအရာ ဂုဏ်အင်္ဂါ လက္ခဏာတို့နှင့် ပြည့်စုံသော သူတို့ကား ဘုရားကို ရိုသေကြောက်ရွံ့သော ပသီသူတော်ကောင်းတို့ဖြစ်သတည်း။

## မဟာမဒ်ဆာဟပ်

ပသီဘာသာဝင်တို့၏ အယူအားဖြင့် မဟာမဒ်ဆာဟပ်သည် ဘုရား မဟုတ်၊ အဟုတ်သော် တမူကား ဘုရား၏ တမန်တော်သာ ဖြစ်၏။ သူသည် ဘုရားနှင့် တိုက်ရိုက် ဆက်သွယ်၍ ကောင်းကင်တမန်တော် ဂေဗရီယဲလ်၏ အကူအညီဖြင့် ဘုရား၏ မုက္ခပတ်တော်တို့ကို ရရှိခဲ့၏။ သူသည် ဘုရား၏ အလိုအတိုင်း(ဝါ)ဂေဗရီယဲလ်၏ညွှန်ပြချက်အတိုင်း တရားဓမ္မတို့ကို ဟောပြောခဲ့သူဖြစ်၏။

သူသည် ဘုရားကမှ တမန်တော် ဂေဗရီယဲလ်၏ အကူအညီအားဖြင့် ရရှိ အပ်သော တရားကို ၂၃ နှစ်တိုင်တိုင် ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများ၏ အကျိုးငှါ ဟောကြားခဲ့၏။ သူသည် ဟိုတစုသည်တခြား အစိတ်စိတ် အမွှာမွှာ ကွဲပြားနေသော အာရပ်လူမျိုး တို့ကို တဆူတည်းသော အလ္လာဟ ဘုရားနှင့် မြဲသောနိစ္စ အတ္တကို ယုံကြည်မှုတည်း ဟူသောရွှေ ကြိုးဖြင့်၊ ဖွဲ့စည်း၍ စည်းလုံး ညီညွတ်သော လူတမျိုးအဖြစ်သို့ရောက်စေခဲ့၏။

သူသည် အာရပ်တို့ကို ရုပ်တု ဆင်းတု ကိုးကွယ် ယုံကြည်မှုခြင်းအားနှင့်၊ လူမျိုးခြားတို့ကို အုပ်စိုး နှိပ်စက်ခြင်းဟူသော ဘေးဆိုးတို့မှ ကင်းလွတ်စေခဲ့၏။

သူသည် ရိုင်းစိုင်းသော (ဝါ)နိမ့်ကျသော အာရပ်တို့ကို ယဉ်ကျေး၍ အထက်တန်းသို့ ရောက်စေခဲ့၏။

သူသည် စည်းမဲ့ ကမ်းမဲ့ မယားတွေ မှိုလိုပေါက်အောင် ယူတတ်သော အာရပ်တို့၏ မယားအများယူ ခြင်းဝါဒကို ပယ်ဖျက်၍ ယောကျာ်းတယောက်လျှင် မယား ၄ ယောက်ထက် ပိုမယူရဟူသော စည်းမျဉ်းကို သတ်မှတ် ပေးခဲ့လေသည်။

သို့သော် သူကား ဘုရားမဟုတ်ခဲ့ချေ၊လူသားပင် ဖြစ်ခဲ့၏။ရှိယာဂိုဏ်းဝင် ပသီ တို့၏အယူအားဖြင့် ပရော်ဖက်ခေါ် ဘုရား၏ တမန်များသည် စင်ကြယ်သော အပြစ်အားလုံးမှ ကင်းသော ပြည့်စုံသော လူသားတို့သာဖြစ်ကုန်သည်။ သို့ရာတွင် ဆွန်နီ ဂိုဏ်း ဝင်တို့၏ အယူအားဖြင့်မူကား မဟာမဒ်ဆာ ဟာဗ်ကိုယ်တိုင် အပြစ်မှကင်းလွတ်ခြင်းမရှိချေ။ သို့သော် အလ္လာဟဘုရားကမူ သူ့အား ခွင့်လွှတ်သည်ဟု ယုံကြည်

ကြလေကုန်သည်။

မဟာမင်ဒ်ဆာဟပ်သည် အဖ အဗ္ဗဒူလာနှင့် အမိ အမိနာ တို့မှ ပေါက်ဖွားသော လူသားဖြစ်၏။ သူသည် ခရစ်သက္ကရာဇ် ၅၇၁ ခုနှစ် ဧပြီလ၌ မီးရှူးသန့်စင်ဖွားမြင်ခဲ့၏။ သူ၏အဖ အဗ္ဗဒူလာသည် သူမွေးပြီးနောက် သတင်းသုံးလေးပတ်ကြာသောအခါ လူ့ဘဝအဆုံး ကိစ္စတုံးခဲ့၏။ အချို့ ရာဇဝင်ဆရာတို့ကမူ သူမမွေးမီ သူ့ဖခင်သေဆုံးခဲ့ပြီဟု ဆိုကြကုန်၏။ သူ၏မိခင် အမိနာသည် မက္ကာမှ အပြန်တွင် သေဆုံးခဲ့လေသည်။

ထိုအခါ မိဘမဲ့ ကလေးငယ်ဖြစ်သူ မဟာမင်ဒ်သည် သူ၏ ဘကြီးအဗ္ဗဒူလာ၊ မူတာလစ်နှင့် အတူ နေထိုင်ရလေတော့၏ သို့ရာတွင် ကံခေသော သူငယ်၏မိခိုရာ ဘကြီးသည်လည်း နောက် နှစ်နှစ်ကြာသောအခါ ကံဆိုးသည့် မဟာမင်ဒ်ကို ခွဲခွာ၍ သွားခဲ့ပြန်လေသည်။

ထိုနောက် သူသည် သူ၏ဦးလေး အဗူတာလဗ္ဗနှင့် အတူ သွားရောက်နေထိုင်ရပြန်လေသည်။ သို့သော်သူ၏ဦးလေးသည် ဆင်းရဲမွဲတေလှသဖြင့် သူ၏ မှီခိုအားထားရာ ကောင်းစွာ မဖြစ်နိုင်ခဲ့ချေ။ အဗူတာလဗ္ဗသည် ပစ္စည်းဥစ္စာ များစွာချို့တဲ့ခြင်းကြောင့် အားကိုးရာမဲ့ဖြစ်သော တူတော် မဟာမင်ဒ်ကို ကောင်းမွန်စွာ စောင့်ရှောက်ကြည့်ရှုခြင်း၊ ကျွေးမွေးဆင်မြန်းခြင်း၊ ပညာသင်ပေးခြင်းစသည်တို့ဖြင့် မကူညီနိုင်ခဲ့ချေ။

ထိုနောက် မဟာမင်ဒ်ကလေးသည် အခ ကြေးစား သိုးကျောင်းခြင်း အလုပ်ဖြင့် ဆင်းရဲပင်ပန်းလှစွာ အသက်မွေးခဲ့ရလေသည်။

ထိုနောက် သူသည် အသက် ၂၅ နှစ်သို့ ရောက်သော

အခါ သူ၏ စန်းပွင့်လာလေပြီ။ ခဒီဂျာမည်သော ပစ္စည်းဥစ္စာ ကြွယ်ဝသော မုဆိုးမကြီး၏လက်အောက်၌ သူသည် အလုပ် အကိုင် ရလာလေပြီ၊ သူ၏အလုပ်ကား ထိုမုဆိုးမကြီး၏ ဝန် တင် ကုလားအုပ်များကို ထိန်းကျောင်း၍ မောင်းရသော အလုပ်ပင်ဖြစ်၏။ ထိုသို့လုပ်ကိုင်နေစဉ်ပင် မဟာမဒ်သည် စန်းပေါ်မှာစန်းပေါ်၍ စုပ်ကြီးလာလ်ကြီး ဝင်ရောက် ကိန်း သို့ ဆိုက်ရောက်လာလေသည်။

အကြောင်းမှုကား မကြာမီသူသည် မုဆိုးမကြီး ခဒီဂျာ ကို ကြင်ယာတော် အဖြစ်ဖြင့် သိမ်းပိုက်နိုင်ခွင့် ရလေသော ကြောင့်တည်း။ ထိုသို့ကြင်ယာသက်ထား ခဒီဂျာနှင့် ညားပြီး နောက်မှ သူသည် ဘုရားတရား ဖက်သို့စိတ်ထိလက်ရောက် လိုက်စားရန် အခွင့်ကို ရရှိခဲ့၏။ သူသည် စာပေမသင်ခဲ့ရ သဖြင့် ပညာရေး၌ ချို့တဲ့စေကာမူ ဂျူဒဘာသာ ခရစ္စယံဘာ သာတို့၏ အကြောင်းခြင်းရာအားလုံးကိုမူ တဆင့်စကားဖြင့် မှတ်သားခဲ့ခြင်းကြောင့် ဘာသာရေး ဗဟုသုတများ၌ ပြည့် စုံဖူလုံသူဖြစ်လေသည်။ စကားပြောနှင့် တရားဟော အရာ တို့မှာ သူသည် အလွန်အဖြူး အထူးကောင်းမွန် ကြွင်လည် လေသည်။

ထိုသို့ ဟောရင်း ပြောရင်းနှင့် သူသည် အသက်၄၀ အ ရွယ်၌ ပရောဖက်အဖြစ်သို့ ရောက်ခဲ့၏။ ထိုနေ့မှစ၍ သူသည် ၂၃နှစ်တိုင်တိုင် အလ္လာဟာဘုရား၏တရားကိုလူသားတို့အား ဟောကြားခဲ့၏။

သူသည် ပထမ မယားကြီး ခဒီဂျာ သေဆုံးပြီးနောက် ခါလလ်စ်၏ အရှိုးလေး မေမူနာ အဗူဗက္ကရ၏သမီး အမီရှာ အူမာရ်၏သမီး၊ ဟပ္ပဇာ အဗ္ဗဒူလာ၏နှမ နောဗ် အဗစ္စိ နီယာ

မှ ဆက်သသော ကျွန်မကလေး မေရီစသော ကြင်ယာသက်ထား မယားမပေါင်း မြောက်မြားစွာတို့ကို လက်ယပ် သိမ်းပိုက်ခဲ့၏ သူသည် ၁၄ ရက် တိုင်တိုင် ပြင်းထန်လှစွာသော အဖျားရောဂါကို ခံစားရပြီးလျှင် ခရစ်သက္ကရာဇ် ၆၃၂ ခုနှစ် ဇွန်လ ၈ ရက်နေ့၌ ခန့်၁၀န် လွတ်ငြိမ်း ဘ၀ဇာတ်သိမ်း၍ ငြိမ်းသော ကောင်းကင် ဘုံစခမ်း အလ္လာဘုရား၏ အထက်နန်းသို့ ကြွမြန်းခဲ့လေသတည်း။

ယခုသော် ကျွန်ုပ်တို့သည်မူယာ၏ မဟာမဒ် အတ္ထုပ္ပတ္တိ၌ ဖော်ပြထားသည့် အတိုင်း မဟာမဒ်၏ ပုံပန်း သဏ္ဌာန်ကိုယ် နေဟန်ထား အသွားအလာ အမူအယာ စသည်တို့ကို ရေးသား ဖော်ပြရသော် များစွာသိုက်မြိုက်၍ အကွက်ဆိုက်ပေလိမ့်မည်။

မဟာမဒ်၏ အရပ်အမောင်းမှာ မနိမ့်လွန်း မမြင့်လွန်းပဲ အလောတော်ပင်ဖြစ်၏။ ကြီးကျယ်သော မြင့်မောက်သော မြက်သောလလွှမှာကို ဆောင်သော ဉကျေ္ခာင်းရှိ၏။ ကျယ်ပြန့်၍ မြင့်မြတ်သော နံဖူးနှင့် အချိုးအစား ကျနသဖြင့်လှပသောပါးစပ်ရှိ၏။ တူယှပ်သော မုတ်ဆိတ်မွေးတို့သည် သူ၏ မေးရိုး၌ လှပသောတန်ဆာသဖွယ်တည်ရှိကြကုန်၏။ မိုးသားရွှေ ခေါင်ရမ်းပန်းတို့ကဲ့သို့ နီမြန်းသောပါးအို့ မြင့်မောက်ပေါ်လွင်သော နှာတံ ပြူးကျယ်မဲနက် အရောင် လက်သော မျက်လုံးတို့ဖြင့် တန်ဆာဆင်အပ်သော မျက်နှာရှိ၏။ မဟာမဒ်၏နဖူး၌ ဖြောင့်စင်းစွာ တန်းသော အကြော တချောင်းရှိ၏။ ၎င်းသည် သူစိတ်ဆိုးသောအခါ ကြီးလာသည် ပွလာသည်ဟု ဆိုကြကုန်၏။ သူ၏ အောက်နှုတ်ခမ်း၌၎င်း၊ လက်ဖြန်နှစ်ခုတို့၏ အကြား၌၎င်း၊ မှည့်ရှင်တလုံးစီရှိ၏။ ၎င်းမှည့်

ရှင်ပွဲသည့် ပရော်ဖက်အဖြစ်၏ အထိမ်းအမှတ် ဖြစ်သည့် ဟု လူအများတို့က ယုံကြည်ကြလေသည်။

သူ၏ ဆံပင်သည် လည်ကုတ်ပေါ်၌ ဝဲပျက်တည့်ရှိ၏။ ရင်းဆံပင်သည် သူ၏ နောက်ဆုံးနေ့ တိုင်အောင် အရောင် အဆင်းမပျက် မည်းနက်သော အရောင်ကို ဆောင်လေသည်။ သူသည် ရင်းဆံပင်ကို တရံတခါ ဆေးနှံ့ဆိုးလေ့ရှိသောဟူ၏။ တရံတခါ မွှေးကြိုင်သော ဆီဖြင့် လူကိမ်းလေ့ရှိ၏။ နောက်ဆုံးအကြိမ် ဘုရားဖူး သွားသော အခါမှ သာလျှင် သူသည် ထိုဆံပင်ကို ရိတ်ပယ်ခဲ့၏။ သူသည် သေကြာနေ့ကိုင်း ဘုရားဝတ်မပြုမီ သူ၏ ကြွင်စွယ် နှင့် ဂျိုင်းမွေးများကို ရိတ်ဖြတ်လေ့ရှိ၏။ ခြေသည်း လက်သည်း များကိုလည်းဖြတ်လေ့ရှိ၏။ သူသည် ကျယ်ပြန့် မို့မောက်သော ရင်အုံနှင့် ဖြောင့်စင်း ညီညာသော ကျောကုန်းရှိခြင်းကြောင့် အလွန်ယဉ်ကျေးသော ကိုယ်ဟန်အနေအထားရှိလေသည်။ သူ၏ခြေနှင့်လက်တို့သည် ကြီးမားလှစေကာ များစွာပေါ့ပါး လျင်မြန်၍ သပြင်၌ ခရီးသွားသောအခါမှာပင် ခြေရာမထင် အောင်လျင်မြန်သောဟူ၏။ သူသည်အစားအသောက်၊ အနေ အထိုင် အသုံးအစွဲတို့၌ အလွန်ရိုးသား၏။ ကကြဝတ္တိ လှပ်ရိယရှိ၏။ ကြီးစွာသော ဆင်းရဲဒုက္ခကို အောင့်အီးသည်းခံနိုင်သော ဇွဲရှိ၏။ အလ္လာဟ ဘုရားနှင့် အာရပ်အမျိုးကို လွန်မင်းစွာ ချစ် ခင်သော မျိုးချစ်ပုဂ္ဂိုလ်ဖြစ်သတည်း။

## "ဟိန္ဒူဘာသာ"

ဟိန္ဒူပေါ်ဒေသဆိုင်ရာ ကျမ်းစာတို့သည် ဟိမာလယတောင် တန်းမှာ ကြီးကျယ်ထူပြော များပြားလှစွာ သောကြောင့်

ရင်းဟိန္ဒူတို့၏ဘာသာဝါဒလည်း ကျယ်ဝန်းများပြားလှချေသည်။ ဤနိုင်ငံအတွင်း၌ အလွန်ရှေးကျသော အခါမှစ၍ဖြစ်ထွန်းပေါ်ပေါက်ခဲ့ကြကုန်သောပုဂ္ဂိုလ်ထူးတို့ ဟောခဲ့ပြောခဲ့သမျှ တို့ကိုရင်း၊ ရေးခဲ့ သားခဲ့ သမျှတို့ကိုရင်း၊ ဟခုမကျန်အကုန်သိမ်းကျုံး၍ ပွဲစည်းသားသောကြောင့် အမျိုးအစားခွဲခြားဘို့ပင် မဖြစ်နိုင်အောင် ခဲယဉ်းလှချေ၏။ ဟိန္ဒူတို့မှာကျမ်းစာတွေ များသလောက် ဘုရားတွေလည်း ပေါများ၍ဘာသာ ဝါဒ အယူ အဆတွေလည်း ကွဲပြားလျက် နေချေသည်။

ဥပမာ ဝေဒကျမ်းကြီးများ၌ ပါရှိခဲ့သော ဘုရား ၃၃ ဆူတို့သည် ခေတ်ကာလတွေ ပြောင်း၍ အချိန်ကြာညောင်းလာသောအခါ ၃၃ ကုဋေအထိ တိုးပွား၍ လာချေသည်။ ထို့ကျမ်းစာရော ဘုရားတွေပါ ပေါများခဲ့သော် ဟိန္ဒူတို့၏အယူ ဝါဒများ မည်မျှရှုပ်ထွေး၍ အဘယ်မျှ ပေါများ ထူးခြားမည်ကို ကျွန်ုပ်တို့ ရေးပြခြင်းထက် စာ ဖတ် သူ များတွေးဆခြင်းဖြင့် ပိုမိုထင်ရှားစွာ သိမြင်နိုင်ချေမည်။ သို့သော်ကျွန်ုပ်တို့သည် ထိုမျှ ကြီးကျယ်သော အဖု အထစ် အဆစ်အမြစ် မပြေပြစ်သော ကျောက်ရိုင်းတုံးကြီးကို ချောမွတ်ပြေပြစ် ကျစ်လစ် တင့်တယ် ကြည့်ရှုချင် စဖွယ် ကောင်းသော ကျောက်ရုပ် ဖြစ်လာအောင် ကျောက်ဆစ် လုပ်ငန်းကို ပြုလုပ်ရချေမည်။ ထို့ကြောင့် ဟိန္ဒူ ဘာသာ ဆိုင်ရာဘုရားနှင့် တရားတို့ကို မရေးသားမီ ဟိန္ဒူ တယောက်ဖြစ်ရန်အတွက် အရေးကြီးသော အရည်အချင်း(၀၇)အင်္ဂါလက္ခဏာများကို ရှေးဦးစွာပေါ်ပြပေအံ့။

## “ဟိန္ဒူဖြစ်ရန် ဂုဏ်အင်္ဂါ”

(၁) ဟိန္ဒူဘာသာဝင် မိဖနှစ်ပါးမှ ပေါက်ဖွားဆင်း သက်သူဖြစ်ရမည်။

(၂) ဝေဒကျမ်းကြီး ၃ (ဝါ) ၄ ကျမ်းကို မဟာဗြဟ္မာ၏ (ဝါ) ဋ္ဌာဝယဘုရား၏ မုက္ခပတ် အစစ်ဖြစ်သည် ဟုယုံကြည်ရမည်။

(၃) ဇာတိဝါဒကို ယုံကြည်ကြ၍ ၎င်းဝါဒ စည်းမျဉ်း အတိုင်းကျင့်ကြံရမည်။

(၄) နွားသည် စင်ကြယ် သန့်ရှင်း၏။ ဗြဟ္မဏ ဇာတ် သည် အမြတ်ဆုံးဖြစ်သည်ဟု ယုံကြည်ရမည်။

(၅) ကမ္ဘာလောကနှင့် ရှိသမျှ သက်ရှိ သက်မဲ့တို့ကို ဖန်ဆင်းသူ ဋ္ဌာဝယဘုရား ရှိသည်ဟု ယုံကြည်သူ ဖြစ်ရမည်။

(၆) ဥက္ကောင်းထက်၌ ဇာတ်အားလျော်စွာ၊ ရှိခါဝါသိ ခါခေါ် ဦးစွန်းငယ်ရှိရမည်။

(၇) ဇာတ်အားလျော်စွာ စလွယ်ကို သိုင်း ဆင် ယား ရမည်။

(၈) (၁) ကမ်တရား (၂) မြဲသောအတ္တနှင့် (၃) ဘာဝသစ် ရှိခြင်းကိုယုံရမည်။

(၉) အဝတာရခေါ် ဋ္ဌာဝယဘုရား၏ ကိုယ်စားပြည် တော်များကိုယုံရမည်။

(၁၀) တရားဥပဒေအရ တားမြစ် ပိတ်ပင် ထားသော အစားအသောက်များကိုအမြဲရှောင်ကြဉ်ရမည်။

ဤသို့သော ဂုဏ်အင်္ဂါ လက္ခဏာများနှင့် ပြည့်စုံ သာလျှင် ဟိန္ဒူဟူသောနာမံကို ခံယူနိုင်လေသည်။

## "ဟိန္ဒူဘာသာ၏ ပဓာနထူးခြားချက်"

ဟိန္ဒူဘာသာမှတပါး အခြားသော ဘာသာတို့သည် စတင်တည်ထောင်သူ ဘာသာရှင်၏ အမည်တို့ဖြင့်သာ လောကတွင် ထင်ရှားနေကြကုန်သည်။ ဟိန္ဒူဟူသော အမည်ကား တည်ထောင်သူကိုစွဲ၍ ဖြစ်ပေါ်လာသော နာမ မဟုတ်ခဲ့ချေ။ အဘယ်ကြောင့်? ဟိန္ဒူဘာသာကို စတင်တည်ထောင် ဖန်ဆင်းခဲ့သော ပုဂ္ဂိုလ် အသီးအခြား မရှိသော ကြောင့် ဖြစ်သည်။

စင်စစ်မှာ ဟိန္ဒူဟူသော ပုဒ်သည်ပင် ရှေ့သက္ကတ ကျမ်းကြီး ကျမ်းခိုင်တို့၌ မပါရှိခဲ့ချေ။ ထိုဟိန္ဒူဟူသောပုဒ်ကို ပါရစီ လူမျိုးတို့၏ ကျမ်းစာ၌ တွေ့ရ၏။ ထို့ပြင် ခရစ်သက္ကရာဇ် ၁၂၀၀ ခန့်က ရေးထိုးသွားခဲ့သော ကြေးပြားစာ၌ ဟိန္ဒူပုဒ်၏ ဗဟုဝုစ်ကိန်းဖြစ်သော ဟိဒါဝါ ဟူသောပုဒ်ကို တွေ့ရ သေးသည်။

ထို့ကြောင့် ဟိန္ဒူဝါဒသည် အခြားသော ဘာသာတို့ကဲ့သို့ တဦးတယောက်သော ပုဂ္ဂိုလ်က တည်ထောင်ခဲ့သော ဘာသာ မဟုတ်သည့်ပြင် ဣန္ဒိယနိုင်ငံအတွင်း၌ ဖြစ်ပေါ်ခဲ့ သမျှသော ပုဂ္ဂိုလ်ထူးတို့၏ တရားဓမ္မ ဟူသမျှတို့ကို ဆန့် ကျင်ဘက် မပြုပဲ အကုန်လုံးသိမ်းရုံးပြီး လက်ခံခဲ့သော ဘာ သာ ဟင်းလေးအိုးကြီးဖြစ်လေသည်။ ဤကား ဟိန္ဒူဘာသာ ၏ ထူးခြားချက်ပင်တည်း။

## "ဟိန္ဒူဘာသာ၏အများနှင့်ဆက်ဆံခြင်းသဘော"

ဟိန္ဒူဘာသာသည် အချင်းချင်း မတူညီသော အနား များစွာရှိသော ဗဟုဂံပုံကြီးနှင့် တူလေသည်။ အနားတဖက်

သည် လက်တွေ့ လုပ်ငန်းအတွက်သော် ၎င်း၊ အခြားတဖက်သည် လောကဓမ္မဟူသော လူ့ကျင့်ဝတ် တရားများအတွက် ၎င်း၊ ၄နောက်တဖက်သည် ဘုရားအား မှီဝဲဆည်းကပ်မှုများအတွက်၎င်း၊ ၅နောက်တဖက်သည် ခက်ခဲသော ဒုက္ခရစရိယာ (ဝါ)ယောဂလုပ်ငန်းများအတွက်၎င်း၊တဖက်သည် ကာမဂုဏ်နှင့် အာရုံငါးပါးကို မြိန်ရှက်စွာ ခံစားရေး အတွက် ၎င်း၊ အခြားတဖက်ကမူ နက်နဲခက်ခဲသော အဘိဓမ္မာဆိုင်ရာ နည်းနာနယများ အတွက်၎င်း၊ တဖက်သည် တွေးတောကြံစည်မှုများအတွက်၎င်း၊ တည်ရှိလေသည်။ထို့ပြင် ကျွန်ုပ်တို့သည် ဟိန္ဒူဘာသာအတွင်း၌ အားလုံးသော ဝါဒများ (ဝါ)ကမ္ဘာလောကိရှိအောက်အကျဆုံးမှအထက်ကန်းအကျဆုံး ဘာသာအ ပိုင်းဖြစ်သော ဘာသာအသီးသီးတို့၌ ပါဝင်သော ယုံကြည်ယူဆချက် အားလုံးကို တွေ့ရှိနိုင်လေသည်။မင်္ဂလာအခမ်းအနား ပြုလုပ်ခြင်း ဘုတော်ငိုးပတ္တနာ ပြုခြင်းတို့ဖြင့် သံသရာ စခမ်း သွားလိုသူများ အတွက် ၎င်းတို့ နှစ်သက်သော အချက်များကို ပြည့်ပြည့်စုံစုံ လုံလုံ လောက်လောက် တွေ့ရှိနိုင်လေသည်။

အလုပ်လုပ်ခြင်းသည် အနန္တသုခ ရရှိခံစားရေးအတွက် ၎င်း၊ ဤလောကမှ လွတ်မြောက်ရေး အတွက်၎င်း၊ ပဓာနမဟုတ်ချေ။ ဥာဏယာဘုရားအား အကန့်အသတ်မရှိယုံကြည်ခြင်းဖြင့်သာ ကကယ်တမ်း လွတ်မြောက်၍ အဆုံးမဲ့သော ချမ်းသာကို ခံစားနိုင်သည်ဟု ယူဆသောသူတို့သည် မိမိတို့ လိုလားသောနည်းကို၊ ဟိန္ဒူဘာသာ၌ ပိုမိုပြည့်စုံစွာ တွေ့ရှိရပေလိမ့်မည်။

နတ်ဘုရားတို့ကို အားကိုးမှသာ လိုရာပြည့်စုံ နိုင်သည်

ဟု ယုံကြည်သူများသည် ဟိန္ဒူ ဘာသာကို လက်လွှတ်၍ မဖြစ်နိုင်ချေ။ ပြင်းထန်သော အကျင့် ထူး သည်သာ လျှင် လွတ်လပ်ခွင့်ကို ပေးနိုင်သည်ဟု ယူသောသူများ အတွက် ယောဂ လုပ်ငန်းရှိပြီဖြစ်၍ ၎င်းတို့သည် ဟိန္ဒူဝါဒ၏ နယ်နိမိတ်အတွင်းမှ ထွက်ပြေးရန် မလိုချေ။

ကာမ ချမ်းသာမှုကို ခံစားလိုသူအများ တို့သည်လည်း လိုလေသေး မရှိသော နည်းနာ နိသျှမျှများကို ဟိန္ဒူဘာသာ၌ တွေ့ရှိရပေလိမ့်မည်။ လူသတ္တဝါ၏ အရင်း မူ လ ဖြစ် စဉ် ကို စဉ်းစား ဝေဖန်လိုသူ ဌာဝယဘုရား ရှိမရှိကိုငင်း။ အတ္တရှိ မရှိ(ဝါ)မြဲမမြဲကိုငင်း၊ တွေးတောလိုသူများ အတွက်လည်း အဖက်ဖက်မှ ပြည့်စုံ လုံလောက်စွာရှိလေသည်။

တိုတို လိုရင်း ဆိုရသော် ဟိန္ဒူတို့၏ ဘုရားကျောင်း၌ ကမ္ဘာ့ဘုရား အမျိုးမျိုးကိုငင်း၊ ဟိန္ဒူတို့၏ တရားစင်၌အနက် နဲဆုံးတရားမှ အညံ့ဆုံးတရားအထိ အမျိုးမျိုးသောတရား တို့ကိုငင်း၊ ပွတ်သိုက်ရှုပ်ထွေးလျက် အချင်းချင်း ဆန့်ကျင် နေသော ဝါဒများကိုငင်း၊ တွေ့ရှိရချိမ့်မည်။

## "ဟိန္ဒူဘုရား"

ဟိန္ဒူတို့၏ ဝေဒကျမ်းကြီး ၄-ခုတို့၌ ပါရှိသော ဘုရား တို့အနက် (ဤရှရ) သည် အရေးကြီးဆုံး ဘုရားဖြစ်၏ ၎င်း သည် အနာဒိ အနန္တဖြစ်၍ အစမရှိ အဆုံးမရှိဖြစ်၏၊သူသည် ကမ္ဘာလောကကို ဖန်ဆင်းသူဖြစ်၏။ ဤလောက အတွင်း၌ ရှိသမျှ သတ္တဝါတို့သည် သူမှ ပေါက်ဖွား ဖြစ်ထွန်းလာကြ ကုန်၏။ သူ၌သာလျှင် တည်ရာမှီရာ ရှိကြကုန်၏။ သူနှင့်သာ လျှင် ပြန်လည်ပူးပေါင်းကြရကုန်၏။

သူသည် မြင့်မြတ်၏၊ကရုဏာရှင်ဖြစ်၏။သတ္တဝါအားလုံး

၏ ကယ်တင်ရှင်ဖြစ်၏။ အနန္တ တန်ခိုးရှင် အနန္တဥာဏ်ကြီး ရှင်ဖြစ်၏။ ဆံကရ ကျာ ရ ယ၏ အလိုအားဖြင့် (ဤရှရ) သည် သာလျှင် ရမတ္တအားဖြင့် မှချတ ်ရှားရှိသော အရာ ဖြစ်၏။ သူမှတပါး အခြားဘာချမရှိ ယံသရာ ကမ္ဘာလေ က နှင့် ရှိသမျှသော သက်ရှိသက်မဲ့ အရာတို့သည် မာယာမျှသာ ဖြစ်ကြကုန်၏။ ကေန္တ အားဖြင့် ကာ်ရှားရှိသော အရာ များ မဟုတ်ကြကုန်။

ထို့ပြင် ရာမနု ဇာစရိယာမည်သော ဆရာ၏ အလိုအား ဖြင့် (ဤရှရ)သည် အိုးလုပ်သမားလည်းဖြစ်၏။ ထို့ပြင် အိုး အမျိုးမျိုးလည်းဖြစ်၏။ ထိုအိုးကို ပြုလုပ်ရန် ရွံ့ပြေလည်းဖြစ် ၏။ အဓိပ္ပါယ်ကား သူသည် အကြောင်းလည်းဖြစ်၏ အကျိုး လည်းဖြစ်၏ဟု ဆိုလိုသည်(သော ဟံ)ငါသည် သူဖြစ်၏ဟူ သော ဣဆိုး ပနိသျှဒ် ကျမ်းလာစကားကိုင်း၊ (သွာဟံ ဗြဟ္မသ္မိ)ငါသည်(ဤရှရ) ဖြစ်၏ဟူသော ဗရိဟ ္ ရည က ကျမ်းလာစကားကိုင်း၊(တတ္တမသိ)ထိုဟာသည် သင်ဖြစ်၏ ဟူသော ဆန္ဒေဂျ ကျမ်းလာစကားကိုင်း၊ကိုးကားကြကုန် ၍ အားလုံးရှိသမျှ သက်ရှိ သက်မဲ့တို့သည်(ဤရှရ) (ဝါ) ဗြဟ္မာဖြစ်ကုန်၏ ဟု ယုံကြည်ယူဆ နေကြလေကုန်သည်၊

## "ဟိန္ဒူဘုရား ကွဲလာပုံ"

ထို တဆူတည်းသော ဤရှရ ဘုရားသည် အကြင်အခါ ၌(ရဂျာတ်စ်)ဂုဏ်ကိုဆောင်၏။ ထို အခါ သူသည် ဗြဟ္မာ ဟူသော အမည်ဖြင့် တင်ရှားလာလေ၏။

(ဆတ်တွ) ဂုဏ်ကို ဆောင်သော အခါ သူ့ကို ဗိသျှနိုး ဟု သိကြကုန်၏၊ထိုပြင်(တမတ်ခ်)ဂုဏ်ကို ဆောင်သော အ ခါ သူသည် ရှိဝ ဟူသောနာမဖြင့် ထင်လျှား လာလေသည်။

ထိုသို့ သုံးဆူသော ဘုရားကြီးများ ဖြစ်လာကြသော အခါ သူတို့သည် လူပျိုကြီး ဘုရားများ မဟုတ်ကြတော့ချေ။ ဗြဟ္မာမှာ သူရဿတီ၊ ဗိဿနိုးမှာ လက်ချမိ၊ ရှိဝမှာ ပါရဝတီဟူ၍ ကြင်ဘက်သက်ထား ဘုရားကတော်များ အသီးသီး ရှိလာကြကုန်၏။

၎င်း တို့မှတပါး ဝေဒကျမ်း၌ ဘုရား အငယ်စားများလည်း ရှိကြကုန်သေး၏။ ၎င်းတို့ကား ဝသုနာမံ ခံယူသော ဘုရားပေါင်း (၈)ဆူ၊ ရုဒြ နာမံကို ခံယူသော ဘုရားပေါင်း (၁၁)ဆူ၊ အာဒိစ္စမည်သော ဘုရားပေါင်း(၁၂)ဆူ၊ အဿဝဏီ အမည်ရှိသော ဘုရားပေါင်း(၂)ဆူအားဖြင့် (၃၃)ပါး ရှိလေသည်၊ ဣန္ဒြနှင့် ပဇာပတိတို့ သည်လည်း အတော်အထက်တန်းကျသော ဘုရားများ ဖြစ်ကြကုန်၏။ ထို ၃၃ ဆူသော ဝေဒကျမ်းပါ ဘုရား အရေ အတွက်သည် ပုရာဏ်ခေတ်သို့ ရောက်သောအခါ ၃၃ ကုဋေအထိ တိုးတက်ပွါးများ၍ လာခဲ့လေသည် ထိုပြင် မြန်မာတို့၏ တာဝတိံသာဘုံ၌ ပါဝင်သော နတ်-- ၃၃ နှင့် ဤဝေဒကျမ်းပါ၃၃ တို့သည် ထပ်မိလှချေ၏ တကား။

## "ဗြဟ္မာ၏ လုပ်ငန်း"

ဟိန္ဒူ ရတနာသုံးပါးဟု ခေါ်ဆိုအပ်သော ဘုရားအကြီးစား သုံးဆူတို့မှာ အထက်၌ ဖေါ်ပြခဲ့ပြီးအတိုင်း၊ ကြင်ယာတော် တယောက်စီ ရှိကြသကဲ့သို့။ ၎င်းတို့အတွက် သီးသန့်ထားသော လုပ်ငန်း အသီးသီးလည်း ရှိကြကုန်၏ အခြားသော ဌာဝယ ဝါဒီတို့၏ ဘုရားကဲ့သို့ တဦး တည်းသောဘုရားက အကောင်းရော အဆိုးကိုပါ ဒိုင်ခံ၍ ပြုလုပ်နေသည် မဟုတ်ချေ။ ဟိန္ဒူဘုရားတို့သည် တာဝန်ကို တဦးစီ

ခွဲဝေ၍ အလုပ် လုပ်ကြကုန်သည်။ ဤကား ဟိန္ဒူတို့၏ စိတ်ကူးဥာဏ် အံ့ဩဖွယ်ကောင်းသော ဖန်ဆင်းချက်တည်း။ (ဝါ)အခြား ဌာဝယ ဝါဒီတို့နှင့် ထူးခြားသော ကွဲလွဲချက်ဖြစ်၏။

ထို ဘုရားကြီး သုံးဆူတို့တွင် ဗြဟ္မာသည် အရေးကြီးဆုံး နံပါတ်တစ် ဘုရားဖြစ်၏။ သူ၏ပဓာန လုပ်ငန်းကား ဤကမ္ဘာလောကကြီးနှင့် တကွ ၎င်း အတွင်းရှိ အားလုံးသော သက်ရှိသတ္တဝါနှင့် သက်မဲ့ အရာဟူသမျှ တို့ကို အစီအစဉ် ကျကျ ဖန်ဆင်းပေးရန်ဖြစ်၏။ သူသည် ကမ္ဘာ့ လက်သမား ဆရာကြီးဖြစ်၍ ကမ္ဘာ၌ ရှိသမျှ ဆိုးဆိုးကောင်းကောင်း အရာဟူသမျှသည် သူ၏ လက်ရာချည်းသာ ဖြစ်၏။ သူသည် ဘယ်အခါမှ မခွဲသော မက်တားနှင့် ဖိုစ် (ဝါ)ဓါတ်သော နှင့် ဓါတ်ရှင်တို့ကို တွဲပေးလိုက်သောသူဖြစ်၏။ သူသည် သတ္တဝါ အပေါင်းတို့ ပြုသမျှ လုပ်သမျှ ကြုံသမျှ လွန်သမျှ ကောင်းမကောင်း ကမ်တို့အတွက် သတ္တဝါတို့အား ကောင်းကျိုး ဆိုးပြစ်တို့ကို တိကျစွာ ဆုံးဖြတ်ပေးသူ ဖြစ်ခဲ့၏။

## "ဗိသျှနိုး၏ လုပ်ငန်း"

နံပါတ် (၁) ဗြဟ္မာက ဖန်ဆင်းတည်ထောင်လိုက်သော ကမ္ဘာသည် ၎င်းကို အမြဲတမ်း စောင့်ရှောက် ကြည့်ရှု၍ မွမ်းမံ ပြင်ဆင်နေမည့် သူ လိုနေချေသည်။ တစုံတဦးသော ဘုရားသည်ဤတာဝန်ကို ထမ်းဆောင်ရချေမည်။ အကြောင်းကား ကမ္ဘာကို ဖန်ဆင်းပြီးနောက် ဖြစ်လိုရာ ဖြစ်စေ သဘောအတိုင်းနှင့် ပစ်ထားရန် မဖြစ်သောကြောင့်တည်း။ ထိုတာဝန်ကို ထမ်းဆောင်ရမည့် ဘုရားကား ဗိသျှနိုးပင်ဖြစ်၏။ သူသည် လူသတ္တဝါ အပေါင်းအား ကောင်းမြတ်သော သုခချမ်းသာ ကြက်သရေမင်္ဂလာအဖြာဖြာနှင့် တန်ခိုးပါဝါကိုပေးသတတ်၏။

ထို့ကြောင့် သူသည်လူသား၏ ချစ်ခင်ကြည်ညို့ခြင်းကို အများဆုံး ခံယူရသော ဘုရားဖြစ်၏။သူသည် လူသား၏ အသိ ဥာဏ်ပညာ ဖွံ့ဖြိုးရေး လိမ္မာယဥ်ကျေး၍ အထက်တန်း ရောက်ရေးတို့ အတွက်၎င်း၊ လောကသူ လောကသားတို့အား တရား လမ်းမှန်ကို ပြရန်အလို့ငှါ၎င်း အဓမ္မဟူသော မတရား မှုကို ပယ်ဖျက်၍ ဓမ္မဟူသော တရား၏ နယ်ကိုချဲ့ရန်၎င်း။ သူတော်ကောင်းတို့၏ တရားမှန်ကို စောင့်ရှောက်ရန် အလို့ငှါ၎င်း။ဤလောကသို့ အဝတာရများကို လွှတ်လေ့ရှိလေသည်။

အဝတာရ ဆိုသည်ကား ဗိဿနိုး ကိုယ်တိုင် လူဝင်စားဇာတ်ကို ခံ၍ လူ့ဇာတိကို ယူခြင်းပင် ဖြစ်၏။ ကမ္ဘာ၏ အမှောင်ကို ပယ်ခွင်း၍ အလင်းကို ပြရန် ပွင့်ပေါ်ခဲ့ကြသော အဝတာရတို့၏ အရေအတွက်ကား စာရင်းကျယ် အရ ၂၄ စာရင်းငယ်အရ ၁၀ ခုဖြစ်လေသည်။စာရင်းကျယ်၌ ကိုးနံ (၀၅)ဗိနုဘုရား၊ ရှိသျှာ ဒေဝ၏။ အမည်လည်း ပါရှိ ခဲ့၏။ သို့ရာတွင် စာရင်းငယ်၌ မူ၎င်း ဘုရား၏အမည် မပါရှိတော့ချေ စာရင်းငယ်အရ အဝတာရတို့ကား .... .... ....

| | |
|---|---|
| (၁) မစ္ဆ ။ | (၆) ပရသုရာမ ။ |
| (၂) ကစ္ဆပ ။ | (၇) ရာမ ။ |
| (၃) ဝရာဟ ။ | (၈) ကရသျှဏ |
| (၄) နရသိံဟ ။ | (၉) ဗုဒ္ဓ ဂေါတမ ။ |
| (၅) ဝါမန ။ | (၁၀) ကာလကီတို့ ဖြစ်သတည်း။ |

နောက်ဆုံး ဖြစ်သော ကာလကီ အဝတာရသည် ဤကလိယုဂ် အတွင်း၌ပင် ဖြစ်ပေါ်လိမ့် ဦးမည်။ သူသည် ဖြူဆွတ်

သော မြင်းကိုစီး၍ ပြောင်လက်ထက်မြက်သော ဓါးရှည်ကို ကိုင်၍လာလိမ့်မည်။ ထူးဆန်းသော အချက်ကား ဤသို့ ဓါးရှည်ကိုပင် ကိုင်ဆောင်၍ လာစေကာ သူသည် ဗြဟ္မဏဇာတ်ဝင် ပုဏ္ဏားလူမျိုးဖြစ်လေသတတ်။

ဤသို့ပင် အဝတာရတွေ ပေါ်များလှစေကာ ယခုခေတ်ပေါ် ဟိန္ဒူတို့ကမူ လွန်ခဲ့သောနှစ်- သိန်းပေါင်း (၂၀) ကျော်က ဖြစ်ပေါ်ခဲ့သော ရာမနှင့် ကရစ်သျှဏ အဝတာရများကိုသာ ယုံကြည်လေးမြတ်ဖွယ် ကိုးကွယ် ဆည်းကပ်နေကြလေတော့သည်။ အခြား အဝတာရများကိုမူ ဥပေက္ခာပြု လစ်လျူ ရှုထားကြလေတော့သတည်း။

## "ရှိဝ၏လုပ်ငန်း"

ယခုအခါ ကျွန်ုပ်တို့သည် ဟိန္ဒူ ရတနာ သုံးပါးတွင် တတိယမြောက်ဖြစ်သော ရှိဝဘုရား၏ အကြောင်းအရာ နှင့် ၎င်း၏လုပ်ငန်းများကို ရေးသားရန် အခွင့်ဆိုက်ရောက် ခဲ့ပြီ။ သူသည်ဝေဒခေတ်၌ ရုဒြဟူသောအမည်ဖြင့် ထင်ရှားခဲ့၏။ ယခုအခါ လူသိ အများဆုံးသော သူ၏ အမည်ကား မဟာဒေဝဖြစ်သတည်း၊သူသည် သန္တတနု ငြိမ်းသာယာ ချစ်ဖွယ်ရာနူးညံ့ယဉ်ကျေးသော ကိုယ်နှင့် ဃောရတနု ကြောက်ခမန်းလန့်ခမန်း ရုံ့ရင်းကြမ်းတမ်းသော ကိုယ်ဟူ၍ ကိုယ်နှစ်မျိုးကို ဆောင်လေသည်။

သူသည် သူ၏တကိုယ်လုံးကို ပြာဖြင့် လူးလားလေ့ရှိ၏။ သင်္ချိုင်းမှရသော လူ့ခေါင်းခွံများကို ကြိုးဖြင့် သီ၍ ပုတီးအဖြစ်ဖြင့် ဆောင်လေ့ရှိ၏။ မြွေအမျိုးမျိုးကို မိမိကိုယ်မှာ ရစ်ခွေနှောင်ပတ်လျက် နေစေ၏။သစ်နက် ရေကို အဝတ်ဆင်လေ့ရှိ၏။ထိုသူလခေါ် အဖျားခွဲ သုံးခရိုလသော ခရင်...

လက်နက်ပိုင်ရှင်ဖြစ်၏။သူ၏ ပဓာန ကိစ္စကား အဖျက်လုပ်ငန်း ဖြစ်သတည်း။ ဤကမ္ဘာလောကဥ္ဆ ဖျက်စီးမှု ဟူသမျှသည် သူ၏ ယက်ရာများသာ ဖြစ်၏။ ဗိသျှနိုးသည့် ချစ်ခင်ဘွယ် ဘုရား ဟူသော နာမံကို ခံယူ သကဲ့သို့ သူသည် ကြောက်လန့်ဘွယ် ဘုရားဟူသော နာမံကို ခံယူလေသည်။ ကမ္ဘာ၏ ငြိမ်းချမ်းရေးကို ဖျက်ဆီးမည့်သူ (ဝါ)သူတော်ကောင်းတို့၏ ရန်သူများ ပေါ်ပေါက်လာသော အခါ ရှိဝဘုရား ပွင့်ပေါ်မြဲဖြစ်၏။

ယခု အချိန်အခါကား ထိုရှိဝဘုရားပွင့်ဘို့ အကောင်းဆုံး သမယ ဖြစ်ချေ၏ တကား၊ သူ့မှာ သူ၏ကြင်ယာတော်ပရာဝတီအားဖြင့် မွေးဖွားသော သားတပါးရှိ၏။ငင်းကား သွေးကဲ့သို့ နီသော အဆင်းရှိသော ပက်၏ ပမ်းဗိုက်မျိုး ရှိသော ဆင်ဦး ခေါင်းရှိသော ဂဏေသျှ (ဝါ) ဂဏ ပတိ ဖြစ်၏။

ငင်းသည် ဂိုဏ်းစောင့် (ဝါ) ပညာ ပေးတတ်သောနတ် ဖြစ်၏။တစုံတခု စတင်ပြုလုပ်သော အခါ(ဝါ)ကျမ်းစာရေးသောအခါ ဟိန္ဒူတို့သည် ဥုံမ်ရှရီ ဂဏေ သျှါယနမ ဟု ဆို၍ ငင်းကို ရှိခိုးကြကုန်၏။အဘယ့်ကြောင့် သူသည် လူတပိုင်း တိရစ္ဆာန်တပိုင်း ဖြစ်နေ၍ ဤသူကဲ့သို့ အကျည်းတန် အရုပ်ဆိုးနေရသနည်းဟု သူ၏ ခမည်းတော် မဟာဒေဝအား မေးသောအခါ သူနှင့် ပရာဝတီ ဟိမဝန္တာတော အတွင်း၌ အပျင်းပြေ လက်တွဲ၍လယ်ပတ်နေစဉ်ဆင်များအရွှေလိုက်သည်ကို မြင်သဖြင့်၊ အာရုံဟိမ်းညွတ်မိသော ကြောင့် ဖြစ်ရသည် ဟု ဖြေဆိုတော် မူသတတ်။

သူ့ကို ကိုးကွယ်သူ ရှိဝဂိုဏ်းဝင်များသည် အဝတာရ

များကို အယုံ အကြည်များစွာ မရှိကြကုန်။ ရှိဝကိုးကွယ်ဝင် တို့သည် သူတို့၏ဘုရား ရှိဝ၏ ပုံတူကို ပြုလုပ်၍ ကိုးကွယ် လေ့ မရှိကြကုန်။

"ရှိဝ"၏ ပုရိသ လိင်နှင့် ပါရာဝတီ၏ ဣတ္ထိယော နိမ့်များကို ပုံတူပြုလုပ်၍ စုံတွဲ ပြုလုပ် ကိုးကွယ်ကြကုန်၏။ ဣန္ဒိယနိုင်ငံ ရှိ ရှိဝ၏ ဘုရားကျောင်းတို့၌ အမြင့် ဆိုးလှသော (ဝါ) အောင် နှလုံး နာဘွယ် ဖြစ်သော ဤပုံများကို အမြဲ တွေ့ရှိ ရလေ သည်။

ဤသို့ပင် မြင်ရသူတို့၏ စိတ်ကို နောက်ကြု ခစေလောက် သော အသွင်အပြင်ရှိစေကာ သူသည် ဟိန္ဒူ ရတနာသုံးပါး တို့တွင် လူကြိုက်အများဆုံး ဖြစ်၏။ ဗာရာဏသီမြို့၌ ဗိန္ဒုနာထ ခေါ်သော "ရှိဝ"၏ လိင်ကြီးသည် ရှေးသား ပကတိ သွန်း လုပ်ထားသော ပုံဖြစ်၏။ သူ၏ အကြောင်းအရာများကို တခမ်း တနား ဖွဲ့ဆိုရေးသားထားသော ကျမ်းစာမှာလည်း များပြား လှစွာ၏ ထို့ပြင်သူသည် .... ....

(၁) အဏိမာ၊ ကြီးမျှင်သလို ကြီး၍ ငယ်ချင်သလို ငယ် နိုင်သော တန်ခိုး ... ....

(၂) လဃိမာ၊ အလိုအတိုင်း ပေါ့ပါး လျင်မြန်စေနိုင် သော တန်ခိုး .... ....

(၃) ပရာပတိ၊ မိမိလိုရာ အာရမဏ ရနိုင်သော တန်ခိုး ....

(၄) မဟိမာ၊ မိမိ၏ ဆောက်ကို လိုသလို ပြုပြင်နိုင်သော တန်ခိုး .... ....

(၅) ဣသိတွ၊ အမြင့်ဆုံးတန်ခိုး .... ........

(၆) ဝသိတွ၊ အရာ အားလုံးကို အုပ်စိုး သွမ်းမိုး နိုင် သောတန်ခိုး။

(၇) ပရာကာမျှ၊ မည်သူမည့်ဝါမျှ မခုခံနိုင်သော တန်ခိုး။
(၈) ဂရိမာ၊ အရာအားလုံးကို မိမိ၏အလိုအတိုင်း ဖြစ်စေနိုင်သော တန်ခိုးဟူသော တန်ခိုးရှစ်ပါးတို့၏ အရင်ဖြစ်ခဲ့၏။ ဤသို့စသော တန်ခိုးများပင် ထိုဆိုးဝါးသော ပုံကြီးကို မလွှမ်းမိုးရှာနိုင်ချေ တကား။

ထိုပြင် ယခုခေတ်ပေါ် ဟိန္ဒူပညာတတ်တို့သည် "ရှိဝ" ၏လုပ်ငန်းနှင့် ပုံပန်းသဏ္ဌာန်ကို ဖုံးအုပ်လိုကြသောကြောင့် "ရှိဝ" (ဝါ) သိဝဟူသော ပုဒ်၏ အနက်ကို ကြံဆ တွေး တော၍ အလွန်ချောသောအဓိပ္ပါယ်ကို ဖေါ်ထုတ်နေကြလေ ပြီ။ ထို"ရှိဝ"ပုဒ်၏ အနက်ရင်းကား ငြိမ်းခြင်းဖြစ်၏။ ထို "ရှိဝ" ပုဒ်ကို သဒ္ဒါနည်းအမျိုးမျိုးဖြင့် ဝေဖန်၍"ရှိဝ"(ဝါ) ငြိမ်းသော ဝါဒသည် အကောင်းဆုံး အမြတ်ဆုံး ဖြစ်သည် ဟု ကျေညာကြလေပြီ။

ထိုခေတ်ပေါ် ဟိန္ဒူ ပညာရှိတို့သည် ရှိဝ ပူဇော် လိင်္ဂပူဇော် ကျမ်းကြီးများကို ပယ်ကြ ဖျက်ကြ၍ ရှိဝ ပုဒ်၏ အနက်အဓိပ္ပါယ် အသစ်ကို ဖေါ်ထုတ်ကြလေပြီ။ သို့ရာတွင် ၎င်းတို့သည် ရှိဝ၏ လိင်ပုံကိုကား လက်စတုံး မဖျက်နိုင်ကြသေးချေ။ ဤဆိုးဝါးသော လိင်ပုံကို အစတုံး အညွန့်မတက်အောင် မပယ်ဖျက်နိုင်ကြသမျှကာလပတ်လုံး ၎င်းတို့၏ လုပ်ငန်းသည် တောတွင်း၌ အော်သကဲ့သို့သာ ရှိချေမည်။

**"ဗြဟ္မာ၏လျှို့ဝှက်မှုကို ရှိဝမိသွားပုံ"**

ဤသို့ဖေါ်ပြခဲ့ပြီးသော ဘုရားကြီးသုံးဆူတို့သည် ဟိန္ဒူ

ဣန္ဒိယကို လွှမ်းမိုး၍ တည်တွန်းခဲ့ကြကုန်၏။ သို့သော် ယခု ခေတ်၌မူ နံပါတ် ၁ ဖြူဟ္မာဘုရားသည် တန်ခိုး သေးသိမ် မှေးမှိန်ခြင်းသို့ရောက်၍ ခေတ်မစားတော့ပြီ(ဝါ)လူကြိုက် မများတော့ပြီ။ယခုအခါ သူ့အတွက် ရည်မှန်းဆောက်လုပ် ယားသော ဘုရားကျောင်း ၂ ခုသာရှိတော့၏။ဤသို့ဗြဟ္မာ ကို လူကြိုက် နည်းရခြင်း (ဝါ) အကြည်ညို နည်းရခြင်း၏ အကြောင်း များကို ပုရာဏ် ကျမ်းများ၌ အကျယ် တဝင့် ဖေါ်ပြခဲ့လေသည်။ထိုအကြောင်းတို့တွင် ပဓာန အကြောင်း ကား ဗြဟ္မာသည် သူ၏ သမီးတော်ကို ကာမဂုဏ် အားဖြင့် အတင်းပြစ်မှားမည်ရှိစဉ် နံပါတ် ၃ ဘုရားရှိဝဟ မိသွား သောအကြောင်းပင်ဖြစ်သတည်း။

ထိုမှတပါး ဗိသျှနိုးကိုးကွယ်မှု၊ ရှိဝဆည်းကပ်မှုများ ထွန်းကား လာသော အခါ ဝေဒ ခေတ်၌ များစွာ ထင်ရှား ခဲ့သော ပရဇာပတိ ဝရုဏ ဣန္ဒြ၊ အဂ္ဂနိစသော ဘုရားများ သည်လည်း တဖြည်းဖြည်း မှေးမှိန်၍ ခေတ်တိမ် ခြင်းသို့ ရောက်ကြရလေကုန်သတည်း။

## "ဟိန္ဒူကျမ်းစာများ"

ဂိုဏ်းဂဏ အမျိုးမျိုးကွဲပြားနေသော ဟိန္ဒူဘာသာဝင် အားလုံးတို့ အတွက် အပြင့်မြတ် ဆုံးသော ကျမ်းစာကား ဝေဒန္တပင် ဖြစ်သတည်း။ ဝေဒ-ပညာ၊ အန္တ-အဆုံး၊ ပညာ မှန်သမျှ အဆုံးသတ်ရာ ကျမ်းဟု ဆိုလိုသည်။ ၎င်းဝေဒန္တ ကျမ်းသည် မန္တ ပုရာဏ်ကျမ်းအရ တကျမ်းသာရှိခဲ့စေကာ ယခုအခါဉာဏ်ပညာသေးသိမ်သော နောက်လာ နောက် သားလူအများတို့၏ အနက်အဓိပ္ပါယ် နားမလည်မှုကြောင့် လေးကျမ်းဖြစ်၍နေခဲ့လေပြီ။

ကျောရဝါက ဆရာ စီရင်သော သဗ္ဗ ဒဿန သင်္ဂဟ ကျမ်း၌မူ ဝေဒ သုံးကျမ်းရှိသည်ဟု ပါရှိ၏။ထိုအတူ ဗုဒ္ဓ ဘာသာဆိုင်ရာ ပိဋကတ် များ၌လည်း ဝေဒ သုံးကျမ်းသာ ရှိသည်ဟု အဆိုရှိလေသည်။ထို့ကြောင့် စတုတ္ထ ဝေဒကျမ်း သည် အယွန်နောက်ကျ၍ နောက်လူတို့၏ ဖြည့်စွက်ချက် ဖြစ်ဟန်ရှိလေသည်။

ထိုဝေဒကျမ်းများကို မန္တရ(ဝါ)သံဟိတာနှင့်ပြဟ္မဏ ဟုနှစ်ပိုင်းစိ ခွဲခြားထားခဲ့၏။ ဟိန္ဒူတို့၏ အယူအားဖြင့်ထို ဝေဒကျမ်းတို့သည်အပေါ်ရုသေယျ(ဝါ)လူသား၏လက်ရာ မဟုတ်။စင်စစ်မှာနံပါတ်ဝ ပြဟ္မဏဘုရား၏ မုက္ခပတ်တော် များသာဖြစ်ကုန်သည်။ထို့ကြောင့်၎င်းကိုရှုရုတိဟူ၍ခေါ်ဆို ကြလေဟုန်သည်။

## (၁) "ရိဂဝေဒ"

ရှေးအကျဆုံးဖြစ်၍ ဟိန္ဒူ အားလုံးတို့ အလေးပြုဆုံး အမြတ်နိုးဆုံးကျမ်းကား ရိဂဝေဒဖြစ်၍ ၎င်းကျမ်းကိုမနု၏ အလိုအား ဖြင့်ပြဟ္မာဘုရားသည် မီးမှဖန်ဆင်းခဲ့သောဟူ၏ ။ ၎င်းကို မဏ္ဍလအားဖြင့်(၁၀)ခုခွဲခြားထားလေသည်။၎င်း၌ ရိက(ဝါ)ဂါထာ(ဝါ)လင်္ကာပေါင်း(၁၀၀၀)ကျော်ရှိ၏။၎င်းတို့ သည် ဘုရားအမျိုးမျိုးတို့၏ဂုဏ်ကို ချီးကျူးဖွဲ့နွဲ့ထားသော ယောမနာဂါထာတို့သာဖြစ်ကြလေကုန်သည်။

## (၂)"ယဇုဝေဒ"

ဒုတိယနှစ်ခုမြောက်ကားယဇုဝေဒကျမ်းဖြစ်၏။၎င်းဝေဒ ကျမ်း၌ စုတ္တိယတဝက်၊ ဂါထာတဝက် ပါရှိ၏။ သို့ရာတွင် ထိုတဝက်သော၊ဂါထာတို့သည် ရိဂဝေဒကျမ်း၌ ပါရှိပြီး

တို့ဖြစ်ကြကုန်သည်။ ၎င်းတို့သည် များသော အားဖြင့် ယာဇ်ပူဇော်ရာ၌ ရွတ်ဖတ်မန်းမှုတ်ရသော မန္တရားတို့သာဖြစ်ကြကုန်၏။ ၎င်းကိုသုက္ကယာဇု (ဝါ) အဖြူယာဇုနှင့် ကဏှယာဇု (ဝါ) အမဲယာဇုဟူ၍နှစ်ပိုင်းခွဲခြားထားလေသည်။

## (၃) "သာမဝေဒ"

၎င်းသည် တတိယမြောက်ဝေဒကျမ်းဖြစ်၏။ ၎င်းကျမ်း၌ ပါဝင် သော ဂါထာ တို့ တွင် ၇၅ ဂါထါ သာလျှင် အ သစ်ဖြစ် သည်။ ကြွင်း ကျန်သော ဂါထာ တို့ကား ရိဂဝေဒ၌ ပါရှိပြီး တို့သာ ဖြစ်ကြလေကုန်သည်။ သာမ ယဇ်ပူဇော်ရာ၌ ရွတ်ဆိုရန် အလို့ငှါ၊ ရိဂဒေဝ ဂါထာ များကိုစည်း- ဝါးယည့်သွင်းပေးခြင်း (ဝါ) စည်းဝါးကိုက် အောင်ပြုပြင်ပေးခြင်းမျှသာဖြစ်သတည်း။

## (၄) "အထ္တာရဝေဒ"

၎င်းသည်နောက်ဆုံးပေါ်ဝေဒကျမ်းဖြစ်၍၎င်းကိုကဏ္ဍ ပေါင်း ၂၀ ကျော် ခွဲခြား ထား၏။ ၎င်းကျမ်း၌ဂါထာပေါင်း ၆၀၀၀ ပါရှိ၏။ ၎င်းတို့အ နက် ဂါထာ ၁၂၀၀ သည် ရိဂ ဒေဝ၌ ပါပြီးဖြစ်၍ အပေါင်းတို့သာ ဖြစ်ကြကုန်၏။ ၎င်းကျမ်း၏ ၆-ပုံ၁-ပုံ သည် စုဏ္ဏိယဖြစ်၏ ။အကြွင်းတို့သည် ဂါထာများသာဖြစ်ကြကုန်သည်။

၎င်းဝေဒ ကျမ်း၌ စုန်း ကဝေ-တစ္ဆေ-မြေဘုတ်-နတ် ဘီးလူးနတ်မိစ္ဆာစသည်တို့၏ ဖမ်းစား မှုကြောင့် ဖြစ်သော ရောဂါ ဝေဒနာ အပေါင်းနှင့် ရာသီ-ဥတု-လေ-သည်းခြေ- သလိတ်တို့ကြောင့်ဖြစ်သော သဘာဝ ရောဂါဝေဒနာများ တို့ကိုပျောက်ကင်း ချမ်းသာအောင် မန်းမှုတ်ရသောမန္တရား များပါရှိလေသည်။ ထိုမှတပါး ,ကာယသိဒ္ဓိ ပိယသိဒ္ဓိ

ဓနသိဒ္ဓိစသော သိဒ္ဓိအမျိုးမျိုးကိုပြီးမြောက်စေနိုင်သော၊ဂါ ယာများမန္တရားများလည်း၊ပါရှိလေသည်။

## "ဝေဒကျမ်း၏အဖွင့်များ"

ထို့ပြင် (၁) သံဟိတာ (၂) ဗြဟ္မဏ (၃) အရညက (၄)ဥပနိသာဒမည်သောကျမ်းများလည်းရှိကြကုန်သေး၏ ၎င်းကျမ်းစာတို့တွင် သံဟိတာနှင့် ဗြဟ္မဏတို့သည် ဝေဒ ကျမ်းကြီးများ၌ ပါရှိပြီး ဖြစ်သော လျှို့ဝှက် နက်နဲသော အနက် အဓိပ္ပါယ်များကို နောက် လာနောက်သားများ နားလည်စေရန် ဖွင့်ပြ ဖေါ်ထုတ်ခဲ့ကြကုန်၏။

ရအညကဩကား ထူးဆန်းသောယဇ်ပူဇော်မှုများပါဝင် လေသည်။ ၎င်းယဇ်တို့တွင် အဝူးခြားဆုံး တို့ကား ဗြဟ္မဒေဝနှင့် ပုဏ္ဏရိကတို့ဖြစ်သတည်း၊ ၎င်းယဇ်ပွဲများ၌ ပြည့်တန်ဆာမ များသည် ပခါန အသုံးတော်ခံများဖြစ်ကြ ကုန်၍ လူ၏သုတ်သွေးဖြင့် ယဇ်ပူဇော်မှုကိုပြုကြလေသည်။

ဥပနိသာဒ ကျမ်းတို့ သည်ကား ယဇ်ပူဇော်မှု များကို ပယ်ရှား၍တွေးတောကြံစည်မှုသမထပွားများမှုဆိုင်ရာ နက် နဲခက်ခဲသောအဘိဓမ္မ တရားများကိုနည်းအမျိုးမျိုးဖြင့်ခွဲခြား ဖေါ်ပြခဲ့လေသည်။၎င်းတို့ အရေ အတွက် ရေးစကားအရ ၃၀၀ ကျော်ရှိသောဟူ၏။သို့ရာတွင်--

(၁) ဣသ။
(၂) ကေန။
(၃) ကာထာ။
(၄) ပရသာန။
(၅) မုဏ္ဍကာ။
(၆) မဏ္ဍုကျ။
(၇) တြိတြေယျ။
(၈) ဣတြေယျ။
(၉) ဆန္ဒောဂျ။
(၁၀) ဗြိဟန္ဒရညကာ။
(၁၁) ကောသိတကိ။
(၁၂) ဆွေတဆွတြိ။

၎င်းကျမ်း တို့သည် သာလျှင် ကျမ်း များ၏နယ်နိမိတ် အတွင်းသို့ချဉ်းနင်းပေါက်ရောက် နိုင်ခွင့်ရှိလေတော့သည်။

## "ဝေဒင်ကျမ်း"

ဝေဒင်ဟူသည်ပညာစစ်ပညာမှန်၏ အစိတ်အပိုင်းများ ဟုဆိုလိုသည်။၎င်းဝေဒင်ကျမ်းများ၌ ဂဏန်းသချင်္ချာစသော ပညာများ ယခုအခါမြန်မာ နိုင်ငံ၌ ယုံကြည်ဖွယ်လိုက်နာနေ ကြသော ဗေဒင်ပညာများပါဝင်လေသည်၊ အသက်ပါဝေဒ ကျမ်းကြီး တို့ကား ဘာသာရေး အတွက် ဖြစ်၍ ဗေဒင် ဟောခြင်းနှင့်လုံးဝမသက်ဆိုင်ချေ။

## "ဝေဒနယ်မှထွက်သောကျမ်းများ"

### "(၁) "သုတ္တ"

သုတ္တ ဆိုသည်ကား တို တို ကျဉ်းကျဉ်း နှင့်စကားလုံး အပိုမပါပဲ လိုရင်း အဓိပ္ပါယ် အကျယ်ပါဝင်အောင် ဆို ရေးသားထားသော (ဝါ) စကားပုံပမာ အသားပါသော အပိုဒ်များကို စုပေါင်းထားသော ကျမ်းများကို ဆိုသည်။ ၎င်းကျမ်းများ၌ ဘာသာရေး-နေ့ရေးတိုင်ရေး ပေါင်းသင်း ဆက်ဆံရေး-လက်မှု-နှုတ်မှု-ပညာရေး စာပေ ပညာရေး အကျင့်စာရိတ္တ ကောင်းမွန်ရေးစသော အကြောင်းအရာများ ပါဝင်လေသည်။

သရောတ သုတ္တ၌ ယဇ်ပူဇော်ပုံ အခြင်း အရာ အခမ်း အနားကို ဖေါ်ပြ၏။ဂရိဟသုတ္တ၌ အိမ်တွင်းမှုများ အိမ်နှင့် ဆိုင်သော မင်္ဂလာ အခမ်း အနားများကို ဖေါ်ပြထား၏။ဓမ္မ သုတ္တ၌ ဟိန္ဒူအားလုံးတို့ လိုက်နာရန် ဟာရေးဥပဒေ များကို ဖေါ်ပြထားလေသည်။ပတိသာခ သုတ္တ၌ဝေဒကျမ်းများတွင် ပါရှိသော ဂါထာလင်္ကာ များ၏ ရွတ်နည်းကို စည်းကမ်း

တကျဖော်ပြထားလေသည်။ ပါနိနိသုတ္တ၌ စာပေရေးသား စီကုံးရေးအတွက် သဒ္ဒါနည်း များကို ဝေဖန် ဖော်ပြထား လေသည်။ ကာမ သုတ္တ၌ ကာမဂုဏ် ချမ်းသာ ခံစားရေး အတွက် နည်းနာနယ ဟူသမျှကို ကျကျနန ဖော်ပြထား လေသည်။ဤသို့စသော သုတ်ပေါင်းများစွာရှိလေသည်။

## (၂) "သမိတိ"

မနု--ယာည ဝါကျ--နာရဒ--စသော ပညာရှိ အပေါင်း တို့သည် အထက်၌ဖော်ပြခဲ့ပြီးသော သုတ္တများကို အမှီပြု၍ သမိတိ- မည်သော ကျမ်းပေါင်း ၁၅၀ ကျော်တို့ကို ရေးသား စီရင် ခဲ့ကြ လေကုန်သည်။ ၎င်းကျမ်းတို့၌လည်း အကြောင်းအရာ များစွာတို့ကို ဖော်ပြခဲ့လေသည်။

## (၃) "ပူရာဏ"

ပူရာဏသည် ဗြဟ္မန္ဒ- ပူရာဏ် ကျမ်း၏ အလို အားဖြင့် တကျမ်းသာရှိခဲ့သတတ်။ ထိုဟာကျမ်း တည်းသော ပူရာဏ် ကို ဗျာသဆရာကြီးသည် စတင်ရေးသား ခဲ့၏။ သူသည် ထို ဟာကျမ်းကို သူ၏တပည့်ဖြစ်သော သုတနှင့်လောမ ဟာသန တို့အား သင်ပြပေးခဲ့၏။ ဟာဖန် လောမဟာသနသည် သူ၏ တပည့်(၆)ဦးတို့ကို သင်ပြပေးပြန်၏။ ထိုတပည့်(၆)ဦးတို့ အနက်မှ အကာရိတဝကာ သောမဒတ္တ သုသာမ မည်သော တပည့်သုံးယောက်သည် တဦးလျှင် ပူရာဏ် တကျမ်းကျစီ ရေးသားစီရင်ကြလေကုန်သည်။

ထိုအခါပူရာဏ် ၄ ကျမ်းဖြစ်လာပြီးလျှင်ဂါထာ ၄၀၀၀ ရှိလာ လေသည်။ ထိုနောက် ပူရာဏ်ကျမ်း ၄ ကျမ်းမှ ၁၈။ ဟာဖန် ၁၈ မှ ၃၆ အထိ တိုးတက် ပွါးများ လာခဲ့၏။ ထိုမှ တဆင့် ပူရာဏ် ကျမ်းပေါင်း ၅၄ အရေ အတွက် ဖြစ်လာ

ပြီးသော် ယခုအခါ ၆၀ ကျော် ရှိလေသည်။ မူလဂါထာ ၄၀၀၀ မှယခုအခါဂါထာ ၁၀ သိန်းအထိတိုးတက်ပွါးများ လာခဲ့လေသည်။

ယခုသော် သက္ကဋ စာပေနယ်၏ အလွန်ကျယ်ဝန်းသော အဖြစ်ကို အနည်းငယ် ထင်ရှားစေလိုသောကြောင့် ပုရာဏ် ကျမ်းစာရင်းကို ဖော်ပြဦးအံ့။ ဂါထာ တသောင်းကျော် ပါဝင်သော ပုရာဏ်ကျမ်းများ အမည်၏ နောက်၌ ဂါထာ အရေအတွက်ကို ကွင်းနှင့် ဖော်ပြ ထားသည်။

(၁) ဗြဟ္မ(၁၀၀၀၀၀)
(၂) ပဒ္မ(၅၅၀၀၀)
(၃) ဗိဿနိုး(၂၃၀၀၀)
(၄) ဿိဝ(၂၄၀၀၀)
(၅) ဘာဂဝတ(၁၈၀၀၀)
(၆) နာရဒ(၂၅၀၀၀)
(၇) မာကဏ္ဍေယ(၁၀၀၀၀)
(၈) အဂ္ဂနိ(၁၅၄၀၀)
(၉) ဘဝိဿ(၁၄၅၀၀)
(၁၀) ဗြဟ္မဝိဝတ္တ(၁၈၀၀၀)
(၁၁) လိင်္ဂ(၁၁၀၀၀)
(၁၂) ဝရာဟ(၂၄၀၀၀)
(၁၃) ခန္ဓ(၈၁၀၀၀)
(၁၄) ဝါမန(၁၀၀၀၀)
(၁၅) ကူမ္မ(၁၇၀၀၀)
(၁၆) မစ္ဆ(၁၄၀၀၀)
(၁၇) ဂရုဠ(၁၉၀၀၀)
(၁၈) ဗြဟ္မာဏ္ဍ(၁၂၀၀၀)
(၁၉) ဗြိဝဟာရဿ(၁၅၀၀၀)
(၂၀) ဗိဿနိုးရဟဿ။
(၂၁) သနတ်ကုမာရ။
(၂၂) နရသိဟ။
(၂၃) ဗြိဟန္နရာဒီယ။
(၂၄) ဒုဝသာ။
(၂၅) ကပိလ။
(၂၆) ဝါယု(၂၄၀၀၀)
(၂၇) အဂ္ဂဝ။
(၂၈) ဝရုဏ။
(၂၉) ကာလိက။
(၃၀) သမ္ဗ။
(၃၁) နန္ဒိ။
(၃၂) သောရ။
(၃၃) မရသာရ။
(၃၄) ဂါဗေဋ္ဌ။

(၃၅) ဒေဝီဘာဂဝတ (၁၈၀၀၀)
(၃၆) ဂဏေသျှ။
(၃၇) ဟံသ။
(၃၈) ပုဂ္ဂလ။
(၃၉) ရေနုက။
(၄၀) ဗိသျှနိုးဓမ္မုတ္တရ။
(၄၁) ရှိဝဓမ္မုတ္တရ။
(၄၂) ကုမာရ။
(၄၃) အမ္ဗ ိက။
(၄၄) မရိစိ။
(၄၅) သြသာနသ။
(၄၆) မဟေသွရ။
(၄၇) ယာဂုနာရဒ။
(၄၈) ပသုပတာ။
(၄၉) ကာလကီ။
(၅၀) အာဒိစ္စ။
(၅၁) ကလိ။
(၅၂) အဗ္ဗုမ။
(၅၃) ယောဝါသေဋ္ဌ (၃၂၀၀၀)
(၅၄) အဒိ။
(၅၅) ဗြဟာဓမ္မ။
(၅၆) ဘာသဝ။
(၅၇) နန္ဒိကေသရ။
(၅၈) သူရိယ။
(၅၉) မာနဝ။
(၆၀) ကံကလ။
(၆၁) ဂဒ။
(၆၂) ဗြဟာသာပတိ။

စသည်တို့ပင် ဖြစ်သတည်း။

## (၄) "တန္တရ"

တန္တရဆိုင်ရာ ကျမ်းစာတို့ သည်လည်း အရေ အတွက် အားဖြင့် များပြားလှချေကုန်၏။ သို့ရာတွင် ထိုကျမ်းစာများကို ယုံကြည်၍ လိုက်နာ သိမ်းပိုက် ထားကြသော တန္တရ ဂိုဏ်းဝင်တို့သည် မိမိတို့၏ ကျမ်းစာများကို အလွန် သိပ် သည်းစွာ လျှို့ဝှက်ထားကြသောကြောင့် အပြင် လူများတို့ သည် ထိုကျမ်းများ၌ ပါရှိသော အချက်များကို သိရှိနိုင်ခွင့် မရရှိကြလေကုန်။ ဤတန္တရကျမ်းများသည် ဝေဒကျမ်းရင်း ကြီးတို့ကိုသာ အမှီပြု၍ ကြီးပွားထွန်းကား လာကြကုန်၏။ ဝေဒကျမ်းများ၌ ရှေးဟိန္ဒူရသိတို့သည် မိမိတို့ ကိုးကွယ်

ယုံကြည်သော နတ်များ ဘုရားများ၏အာဏာမှ မိမိတို့ အလိုရှိသော စည်းစိမ် ချမ်းသာမှုစ၍ အားလုံးသော အရာများကို ဆုတောင်းပတ္တနာ ပြုခဲ့ကြကုန်၏။ ထိုသို့ပတ္တနာ ပြုချက်ကို အခြေခံထား၍ နောက်ခေတ်ပေါက်ပွားအချို့သော ပညာရှိတို့သည်နတ်အစားစား ဘုရားအမျိုးမျိုးတို့၏ဂုဏ်များကိုဖွဲ့ဆို သီကုံးထားသော ဂါထာမန္တရားမှော်ပဋ္ဌလက်စသည်ပါဝင်သော တန္တရကျမ်းများကို ရေးသားစီရင်ကြလေကုန်သည်။

၎င်းတန္တရဂိုဏ်းသည် ဝါမတန္တရ (ဝါ) လက်ဝဲဂိုဏ်း ဒက္ခိဏတန္တရ (ဝါ) လက်ျာဂိုဏ်းဟူ၍ နှစ်မျိုး ကွဲပြားခဲ့လေသည်။ ထိုတွင် လက်ဝဲ ဂိုဏ်းသားတို့သည် စုန်း-တစ္ဆေ ပြိတ္တာ-နတ်ဘီလူး- နတ်မိစ္ဆာ- ရက္ခိုက်စသော ဆိုးဝါး ယုတ်ညံ့သော(ဝါ)လူတို့အား ဆင်းရဲဒုက္ခကိုသာ ပေးတတ်သော အဟိတ် တိရစ္ဆာန်တို့ကို စေခိုင်းနိုင်ရန် ဂါထာမန္တရား အင်းအိုင် ခလှဲ့ လက်ဖွဲ့ စသည်ကို စီရင်ကြလေကုန်သည်။ ဤဝါမတန္တရသည် မြန်မာနိုင်ငံ၏ အောက်လမ်း၏ ဖခင်ဖြစ်ခဲ့၏။

ထို့ပြင် လက်ျာဂိုဏ်းဝင် တို့ကား အတော်အသင့်ယဉ်ကျေးသိမ် မွေ့လာပြီဖြစ်၍ မိမိတို့ကိုးကွယ်သည်းကပ်သော ဘုရား နတ်တို့၏ ဂုဏ်ကို ဖွဲ့ဆို သီးကုံးထားသော ဂါထာမန္တရား တို့ဖြင့်ရောဂါဝေဒနာ ပပျောက်ရေး၊စည်းစိမ်ဥစ္စာ တိုးတက်ရေး၊ အသက်ရှည်ရေး၊ ရာထူးဂုဏ်သိမ် တိုးတက်ရေးစသည်တို့ကို ပြီးမြောက်စေရန်အား ထုတ်ကြလေကုန်သည်၊မြန်မာနိုင်ငံ၌ဆေးဖယောင်းတိုင်ထွန်းခြင်း၊ပရိတ်ရွတ်ခြင်းစသည့် တို့သည် ဤဒက္ခိဏ တန္တရ၏ အမွေအနှစ်များ ဖြစ်ဟန်ရှိလေသည်။

## "အထင်အရှားဆုံးကျမ်းစာတို့ကား"

(၁) ယမလ။
(၂) မေရု။
(၃) ဝါမကေသွရ။
(၄) ဝိန္ဒုပြဒီပိကာ
(၅) လလိတသဟာသာရနာမ
(၆) ပဋ္ဌထဝိ။
(၇) သုန္ဒြာယလဟာရိ။
(၈) အဂ္ဂစသုတ္တ
(၉) ယောဂိနိဟာရိဒယ။
(၁၀) သေတုဗန္ဒ။
(၁၁) မဟာနိဗ္ဗါနတန္တရ။
(၁၂) သတာစက္ကပဒီပိကာ
တို့ဖြစ်သတည်း ။

## "ရာမာယဏ"

ရာမာယဏကား ရာမသီတာ လက္ခဏာတို့၏ အတ္ထုပ္ပတ်ဖြစ်၏။ တူလဆိဒါသမည် သောကဗျာဆရာကြီး၏ ကောင်းမှုဖြစ်သော ရာမာယဏကြောင့် ၎င်းသည့် ဟိန္ဒူ အိန္ဒိယ၌ အကောင်းဆုံး အထင်ရှားဆုံး လူကြိုက်အများဆုံး ကျမ်းတခု ဖြစ်လာလေသည်။ စာတတ်မတတ် ဟိန္ဒူလူမျိုးတိုင်း ထိုဘူလဆိဒါသ၏ ရာမာယဏမှ အနည်းဆုံး လင်္ကာ ၁ပိုဒ် ၂ပိုဒ်ကို နှုတ်တိုက်ရ၍ ရွတ်ပြနိုင်ကြလေသည်။ ၎င်းကျမ်းကို အာစပ ဂမန္ဒဝါလမိကိရသော ကြီးရေး သား စီရင်ခဲ့ သည်ဟု လူအများ ယုံကြည်ကြကုန်၏။

သို့သော်၎င်းရသော၏ ဝတ္ထုသည်ဗျာသဆရာ၏ ဝတ္ထုနှင့် ၎င်း၊ ပါဠိဘာသာ၅၅၀ဇာတ်၌ပါဝင်သော ဒသရတ္ထ ဇာတ်နှင့်၎င်း ၊ဟေမစန္ဒြရေးသားသော ဂျိန်းရာမာယဏနှင့်၎င်း၊ များစွာ ကွဲပြား ခြားနားလေသည်။ ၎င်းရာမဇာတ်သည်။ ယိုဒယား ဂျားဝါးတို့၌၎င်း၊ မြန်မာနိုင်ငံ၌၎င်း၊ အတော် ထင်ရှားခဲ့၏။ခရစ်ကျရာဇ်အဋ္ဌာရသမ သတာဗတိ(ဝါ)၁၈၀၀ ၌ ရာမာယဏကျမ်းပေါင်း( ၂၀ )ကျော်ရှိခဲ့၏။

ထိုမှတပါး ဟနုမာန်မျောက်ကြီး ကိုယ်တိုင် ရေးသားခဲ့သော မျောက် ရာမာယဏပင် ရှိသေး၏ဟု ဆိုကြကုန်၏။ ဝါလမိကိ ဆရာသည်ရာမာယဏကို ယခင်ရေးသားစဉ်က ဝတ္ထုကြောင်း ဇာတ်လမ်းကို ဂရုမပြုပဲ ကာဗျ ဂုဏ်ကိုသာ အလေးပြု၍ရေးသားခဲ့၏။ သို့သော်ယခု ခေတ် ဟိန္ဒူတို့ကား ဝတ္ထုဇာတ် ကြောင်းကိုသာ ပဓာနပြု၍ ကိုးကွယ် နေကြလေကုန်သည်။

ဟိန္ဒူတို့၏ အယူအားဖြင့် ရာမာယဏသည် လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀၀၀၀) နှစ်သန်း ခန့်အခါက ဖြစ်ပေါ်ခဲ့လေသည်။ သို့သော် ဗုဒ္ဓ ဘာသာဆိုင်ရာ ဘုရားစေတီများ အကြောင်းကို ၎င်း ကျမ်းအယုဒ္ဓယ ကဏ္ဍ၌ တွေ့ရှိရသော ကြောင့် ဗုဒ္ဓ၏ နောက်ဖြစ်သော ခေတ်၌ ပေါ်ပေါက်ခဲ့သည့် ကျမ်းစာဟုသာ ယူဆ ရန်ရှိသတည်း။

## "၆ မဟာ ဘာရတ"

မဟာ--ကြီးသော၊ဘာရတ--ဣန္ဒိယနိုင်ငံ။ မဟာ ဘာရတ။ ကြီးသော ဣန္ဒိယနိုင်ငံဟု အဓိပ္ပါယ်ရသော မဟာဘာရတ ကို ပထမရေးသားစီရင် သူကား ပရာသရ ရသေ့နှင့် ငါးဖမ်းတားသူ သူငယ်မတို့မှ မွေးဖွါးသော သားဖြစ်သည်ဟူ၍၎င်း၊ (ဝါ) ဝေဒကျမ်းများကို ပြုစီဆင်သော ဆရာပင်ဖြစ်သည်ဟူ၍၎င်း (ဝါ) ပဏ္ဍုနှင့်ဓိတရဋ္ဌတို့၏ ဖခင်ပင်ဖြစ်သည်ဟူ၍၎င်း။(ဝါ)ဗာရာဏသီမြို့ရှိပြည့် တန်ဆာမတဦး၏ရီးစါး သယ်ဖြစ်သည်ဟူ၍၎င်း၊ အမျိုးမျိုးပြောဆိုကြကုန်သည်။

သို့သော် မူလရေးသားသူ မည်သူပင်ဖြစ်စေ ဂါထာ (၄၀၀၀) ရှိသော၊မူလမဟာဘာရတကျမ်းကို နောက်ထပ် ပြင်ဆင်ရေး သားသူကား ဝေသံပါယနမည် သော ပညာရှိ

ကြီးဖြစ်၏။ ၎င်းပြင်ဆင်သော ကျမ်း၌ ဂါထာ (၂၄၀၀၀) ပါရှိလေသည်။

ယခုလက်ရှိ မဟာဘာရတ ကျမ်းကြီး ကား သောတ မည်သော ဆရာကြီး၏လက်ရာဖြစ်၍ ဂါထာပေါင်း (၁၀၀, ၀၀၀)ပါရှိလေသည်။၎င်းကျမ်း၏ လိုရင်းကား ကုရုတိုင်း၌ ပဏ္ဍဝမင်းနှင့် ကောရဗျမင်းတို့ တိုက်ခိုက်ကြသော ဇွန္ဒိယ စစ်ပွဲကြီး၏ အကြောင်းအရာများဖြစ်၏။ထို့ပြင်လူအမျိုးမျိုး တို့၏ အကြောင်း အရာများ လူကောင်း လူယုတ် မာ တို့၏ အဖြစ်အပျက် များဟိန္ဒူတို့၏တရားဥပဒေ ဓလေ့ထုံးစံများ တိုင်းရေး ပြည်ရေး ပေါင်းသင်း ဆက်ဆံရေးများ ဘာသာ ရေးကိုးကွယ်ယုံကြည် ရေးများ၊ လူမျိုးရေး၊ လောက ဓမ္မရေး များစစ်မက်တိုက် ခိုက်ရေး စသော အရေးများ အပြည့်အစုံ ပါရှိလေသည်။

အလွန်ထင်ရှား ကျော်ကြားသော ဘဂဝါ ဂီတာကျမ်း သည်လည်း ဤမဟာဘာရတ၏ အစိတ် အပိုင်ဖြစ်ခဲ့၏။ ၎င်း ကိုကရစ်သျှဏာဘုရားသည် ကုရုစစ်ပွဲအတွင်း၌ စစ်ရထား မောင်းနှင်စဉ် အဇ္ဇုနမင်းသားသို့ ဟောသော တရားဖြစ်၏။ ၎င်းကျမ်း၌ ကရစ်သျှဏာ သည် နိစ္စဓမ္မ၀ သဿတ ဖြစ်သော အတ္တကိုမှုတည်လေသည်။

၎င်းကျမ်းကား ဟိန္ဒူတို့အတွက်အ ဘိဓမ္မာဖြစ်၏။ ဟိန္ဒူ တို့သည် ၎င်းကျမ်းကို ဝေဒကျမ်း များကဲ့သို့ပင်မြတ်နိုးကြ ကုန်၏။ ထို့ကြောင့် ၎င်းကို ပဉ္စမဝေဒ၊ ငါးခုမြောက် ဝေဒ ကျမ်း ဟူ၍ပင်ခေါ်ဆိုကြလေကုန်သည်။

**"ကမ္ဘာ့ ဖန်ဆင်းပုံ"**

ဤဗြဟ္မရဟူ၍၎င်း၊ ပရမေဗြှရဟူ၍၎င်း၊ ထင် ရှားသော

ပြဟ္မာသည် ဤမ္ဗာလောကာ၏ ဖန်ဆင်းရှင်ဖြစ်ကြောင်း(ဝါ) စေတာလုံးပိုင်ရှင် ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိခဲ့ရပေပြီ။ ထို ပြဟ္မာမည်သော ဋ္ဌာဝယ ဘုရားသည် အခြားသော ဋ္ဌာဝယာ တို့နှင့်ဂုဏ်ရည်တူပင်ဖြစ်၏။

သို့သော် သူ၏ ဘမ္ဗာ ဖန်ဆင်းပုံ အခြင်းအရာ သည် အခြားသော ဋ္ဌာဝယတို့၏ ဖန်ဆင်းပုံနှင့် မတူချေ။ မနုသ မိတိကျမ်း၏အလိုအားဖြင့် အစပထမ၌ ဤစကြာဝဠာကမ္ဗာ လောကဓါတ်သည် ကြီးကျယ် ထူထပ် လှသော အမှောင် ဓါတ်ကြီးသာ ဖြစ်ခဲ့၏။ အဓိပ္ပါယ်ကား ပြဟ္မာမှတပါး ဘာမျှ မရှိခဲ့ (ဝါ) သုညသာ ဖြစ်ခဲ့သည်ဟူလို။ ထိုအခါ သယံဇာတ သယံဘူတ မိမိအလိုအလျောက်ဖြစ်၍ နိစ္စထာဝရ အမြဲ တည်ရှိနေခဲ့သော(ဝါ)နေဆဲဖြစ်သော(ဝါ)နေလတ္တံ့သော ပြဟ္မာသည် မိမိ၏အလင်းရောင် ကည်းဟူသော လက်နက် ဖြင့် အမှောင်ထုကို ပယ်ခွင်း ချေမှုန်းလိုက်လေသည်။

ထိုသို့အမှောင်ကိုပယ်ဖျက်၍ အလင်းရောင်ပေါ်ပေါက် စေပြီးနောက် သူသည် ရေကို ဖန်ဆင်းလိုက်၏။ ထိုရေ အတွင်းသို့ သာ ဗီဇ (ဝါ) သတ္တဝါ မျိုးစေ့ကိုထည့်သွင်း ပေးလိုက်သောဟူ၏။

ထိုအခါ ဗီဇမျိုးစေ့သည် ရွှေဖြင့်ပြီးသော ဥတလုံးဖြစ် လာခဲ့၏။ပြဟ္မာသည် ထိုဥ၏ အတွင်းသို့ မိမိကိုယ်တိုင် ဝင် ရောက်၍ ထိုဥ နှစ်ခြမ်းကွဲသောအခါ တခြမ်းကို မြေပြင်၊ ကျန်တခြမ်းကို ကောင်းကင် ဖြစ်စေခဲ့၏။ ထိုနောက် ပြဟ္မာ သည် မိမိစိတ်တန်ခိုးဖြင့် စိတ္တဇ သားတော် ၁ ပါးကိုဖြစ် ပေါ်စေခဲ့၏။ ၎င်းတို့သည် ပဇာပတိ၊သဝတ္တာတို့၏ အရှင်ဟူ

သော နာမဖြင့် ထင်ရှား၍ လူသတ္တဝါအားလုံး၏အဆက် အနွယ်များ ဖြစ်ကြသောဟူသတတ်။

ရာမယဏ ကျမ်းအရ ဖန်ဆင်းပုံကား ဗြဟ္မာသည်၍ သာမည်သော အဇ္ဈာ ကာသ အတွင်းမှ ဆင်းသက် လာ ပြီးသော် မရိစိကိုဖန်ဆင်းလိုက်၏။ ၎င်းမှ ကဿပမည်သော သားကိုမွေးဖွားခဲ့၏။ ၎င်းမှဝိဝါသတ။ ၎င်းမှ မနုတို့သက်ဆင်း ပေါက်ဖွား၍လာခဲ့ကြကုန်၏။ မနုမှလူသတ္တဝါအဆက်ဆက် ဆင်းသက်လာခဲ့သည်။ ထို့ကြောင့် လူသတ္တဝါအားလုံး သည် မနု၏သားသွီးများဖြစ်သည်ဟု ဆိုကြကုန်၏။

တက်ဟယဖန်ဆင်းပုံကား အယက်ပါအတိုင်း ဖန်ဆင်း ပြီးနောက် ဥကို ထက်ခြမ်းခွဲလိုက်၏။ တခြမ်းသည် အထီး ကျန်တခြမ်းကား အမဖြစ်လာသောဟူ၏။ ထိုသို့အထီး အမ ကဲ့စေကာ သဘာဝမှာ ဗြဟ္မာတဦးတည်းသာ ဖြစ်၏။ ထို အထီးအမတစုံမှ ဝိရဇာနှင့် မနုတို့ ပေါက်ဖွားခဲ့၏။ ၎င်းတို့ သည် လူမျိုးကို စ တင် တည် ထောင် သူ တို့ ဖြစ် ကြ၏ကုန် သတည်း။

ပု ရာဏ ကျမ်း များ ၏ အလိုအားဖြင့် ဟသံ္တယာဥ်၏ ပိုင်ရှင်ဖြစ်သော ဗြဟ္မာသည် ဗိဿနိုး၏ ချက်၌ပေါက်သော ကြာပွင့်မှ ဖြစ်ပေါ်လာရ၏။

ဤသို့ ဖြစ်ထွန်း ပေါ်ပေါက်လာပြီးနောက် ဗြဟ္မာသည် ကမ္ဘာကိုဖန်ဆင်းပြီး၍ လူမျိုးကို ပြုစုပျိုးထောင်ရန်အာသာ ဆန္ဒဖြင့် သူ၏သွီးတော်ကို ဇနီးမြောက်မည်ရှိစဥ် ရှိဝဘုရား က မိသွားသောဟူ၏။

ထိုအခါ ရှိဝဘုရားသည် ဒေါသအမျက် ခြောင်းခြောင်း ထွက်တော်မူလတ်၍ဗြဟ္မာ၏ဦးခေါင်း ၅ လုံးအနက်မှ တလုံး

ကိုဖြတ်ယူပြီးသော် မိမိ၏ တ ဂိယမျက်လုံးကို ဖွင့်ခြင်းအား ဖြင့် ၎င်းဦးခေါင်းကို ပြာကျစေခဲ့သတတ်၊ ထိုကြောင့် ယခု အခါ ဗြဟ္မာ၌ ဦးခေါင်းလေးလုံးသာ ရှိတော့သတည်း။

ဗြဟ္မာသည်ဤကမ္ဘာမြေပြင်မှအထက်၌ လောက (၇)ခု အောက်၌ ၇ ခု ကို ဖန်ဆင်းခဲ့၏။ အထက်လောကတို့ကား

(၁) ဘူလောက။ (၅) ဇန လောက။
(၂) ဘူဝရလောက။ (၆) တာပလောက။
(၃) သဂ္ဂလောက။ (၇) ဗြဟ္မာ လောက
(၄) မဟာရလောက။ တို့ဖြစ်၏။

## ထို့ပြင်အောက်လောကတို့ကား-

(၁) အတလ။ (၅) တလာတလ။
(၂) ဝိတလ။ (၆) မဟာတလ။
(၃) သုတလ။ (၇) ပါတလ။
(၄) ရသာတလ။ တို့ ဖြစ်သတည်း။

ထို့ပြင်ရှိဝလောက၊ ဗိသျှနိုးလောက စသည်တို့နှင့်တကွ မြန်မာတို့၏ စာပေ၌ ပါရှိသော နတ်ပြည့် ဗြဟ္မာပြည့်မျိုးတို့ ကား မရေမတွက်နိုင်အောင် ပေါ်များလှချေ၏။ ထို ပြင် ဤ မြေအောက်၌ င ရဲ အမျိုး ပေါင်း (၂၀) ကျော် လည်း ရှိ လေသည်။

## "ဟိန္ဒူဝါဒ"

ဟိန္ဒူလူမျိုးတို့မှာ အားထားမှီခိုရာ ကျမ်းဂန်တွေ များ သလောက် အယူဝါဒတို့လည်းပေါ်များလှကုန်၏။အသီးသီး သော ဝေဒကျမ်းကြီးများ၌ပါရှိသော စာပိုဒ်တခု ကိုဖြစ်စေ ကဏ္ဍတခုကိုဖြစ်စေ အမှီပြု၍ ဖြစ်ပေါ်လာခဲ့၏။ဤဒိယနိုင်ငံ၌

အရေးအကြီးဆုံးသော ဝါဒတို့ကား(၁)ဆံကာရ၏ အဒွိတ္တဝါဒ(၂)ရာမနုဇ၏ ဝိသေသအဒွိတ္တဝါဒ(၃)မာဓဝ၏ဒွိတ္တဝါဒတို့ဖြစ်ကြတည်း။

ဤဝါဒတို့၏ အကျယ်ကို ရေးရသော် တခုစီ တခုစီ အတွက် ကျမ်းစီရေးမှသာလျှင်ပြည့်စုံပေရာ၏။ သို့သော် ဘာသာရေး အသိဉာဏ် ဗဟုသုတ တိုးပွားရေး အတွက် အမြွက်ချုပ် ဖော်ပြပေအံ့။

ဆံကာရသည် တတွမသိ ဟူသော ဝေဒကျမ်းလာ စကား နှင့် သဗ္ဗံခလွိဒံ ဗြဟ္မာဟူသော ဆန္ဒောဂျ ဥပနိဿာဒ ကျမ်းလာစကားတို့ကို အခြေခံပြု၍ ဤလောက၌ မြင်--ကြား--နံ-လျက်--ထိခြင်းတို့ဖြင့် သိရသော အရာဟူသမျှ တို့သည် မာယာချည်းသာဖြစ်ကုန်၏။ ပရမတ္ထ သဘာဝအားဖြင့် ထင်ရှားရှိသော အရာများမဟုတ်ကြကုန်။

ဤဗြဟ္မ(ဝါ)ဗြဟ္မာသည်သာလျှင် တကယ်ရှိ အဟုတ်ရှိသောအရာဖြစ်၏။ ဆိုလိုရင်းကား ဤဗြဟ္မသာလျှင် မှန်၏။ အခြားအားလုံးသော အရာတို့သည် အမှားတို့သာ ဖြစ်ကုန်၏ ဟူလိုသည်။ ဤဗြဟ္မ၏အစိတ်အပိုင်းဖြစ်သော မိမိ၏အတ္တကို ရင့်ကျက်အောင် အားထုတ်ရမည်။ ငါသည် ဗြဟ္မာ (ဝါ) ဗြဟ္မာသည် ငါဖြစ်၏ဟု သိလာသောအခါ မောက္ခ (ဝါ) လွတ်လပ်ခြင်း ဖြစ်လေတော့၏။ ဤဆံကာရ၏ အလိုအားဖြင့် ထင်ရှားမရှိသော သံသရာမှလွတ်မြောက်လိုမှုသည် အချိုးနှိုးပင်ဖြစ်၏။ လူသားသည် မိမိပင်လျှင် ဗြဟ္မာဖြစ်ကြောင်းကို သိအောင်အားထုတ်ရမည်။ ဤသို့အားထုတ်၍ သိမြင်လာသော် လူသား၏ကိစ္စပြီးလေတော့၏။

ရာမနုဇ၏အလိုအားဖြင့် ဗြဟ္မာဟူသော ပရမတ္တမသည် ရှိလည်းရှိ၏၊မှန်လည်းမှန်၏၊ သို့ရာတွင် သံသာရိက (ဝါ) လောကအတွင်းရှိ သက်ရှိသက်မဲ့ အရာတို့ကား ရှိရုံသာရှိ၍ မှန်ကား မမှန်ကြကုန်။ထို့ကြောင့်မမှန်သော သံသာ ရိက နယ်မှ လွတ်မြောက်ရန် အရေးကြီးလေသည်။ သဗ္ဗာဝါ ကယောက်၏ ကိုယ်ကာယသည် ရှိကားရှိ၏။ သို့ရာတွင် မှန်သောအရာ မဟုတ်ချေ။ ထို ကိုယ်ကာယ အတွင်း၌ ရှိ သော အတ္တမူကား ရှိလည်း ရှိ၍ မှန်လည်း မှန်သောအရာ ဖြစ်၏။

ကာယသည် မမြဲ ပျက်စီးတတ်၏။သို့ရာတွင် အတ္တကား မြဲ၏။ ပျက်စီးခြင်းမှ ကင်း၏။ သဗ္ဗာဝါ၏ အတ္တသည် ပရမတ္တ မ၏ အစိပ် အပိုင်း ဖြစ်၍ ခန္ဓာကိုယ်ကို အမှီပြု နေသော ကြောင့် သဂုဏအတ္တ(ဝါ) အကယ် ဒြပ်ကိုရှိသော အတ္တဖြစ် ၏။ပရမတ္တမကား နိဂ္ဂုဏဖြစ်၍အာသယ်ကိုယ် ဒြပ်ကို မှီတွယ် ခြင်းမရှိချေ။ ဤသို့ ဝေဖန်ပြီးသော် ရာမနုဇသည် ဝိသေသ အဒွိတ္တ ဝါဒကို ဖြန့်ဖြူးခဲ့၏။

မာဓဝ ဆရာကမူ ဗြဟ္မာ ဟူသော ပရမတ္တမ လည်း အဟုတ်ရှိ၍ တကယ်မှန်၏ ထို့ပြင် သံသာရိက လောက အတွင်း ရှိသမျှ အရာတို့သည်လည်း အဟုတ်ရှိ၍ တကယ် ပင် မှန်ကြလေကုန်သည်။ အဓိပ္ပါယ်ကား ကိုင်တွယ်စမ်းသပ် လို့ ရ စကောင်းသော ရုပ်နှင့် ကိုင်တွယ် စမ်းသပ်လို့ မရ စကောင်းသော နာမ်တို့သည် နှစ်ခုစလုံး တကယ် တင်ရှိ ရှိ၍ တကယ် မှန်ကြကုန်၏ဟု ဆိုလိုသည်။ဤနည်း အားဖြင့် အကျယ်တဝင့် ဝေဖန်၍ မာဓဝ သည် ဒွိတ္တ ဝါဒကို စတင် ဟောပြောခဲ့လေသည်။

## "ဟိန္ဒူဝါဒသခင်ပ"

ဟိန္ဒူဟူ၏ ယုံကြည်မှုကို အကျဉ်း ချုံးရသော် ဟိန္ဒူသည် ကမ်ကိုရင်း။ ကမ်၏ အကျိုးကိုရင်း။ ယုံ၏။ ကမ်၏ အကျိုးကို ဗြဟ္မာက အမိန့်ချမှတ်ပေးသည်ဟု ယုံကြည်၏။

သတ္တဝါတိုင်း၌ အတ္တသည်ရှိ၏။ ထိုအတ္တသည် ပရမတ္တမ၏ အစိတ်အပိုင်း ဖြစ်၍ ပရမတ္တမမှ ထွက်လာခဲ့၏။ သတ္တဝါ သေသော် လည်း အတ္တကား မသေ၊ ခန္ဓာ အသစ်လဲခြင်းမျှ ဖြစ်၏ မြွေများ အရေ လဲသကဲ့သို့တည်း။ သတ္တဝါ၏ အတ္တသည် မကောင်းမှုများကို ရှောင်ကြဉ်၍ ကောင်းမှုများကို တွင်တွင် ပြုလုပ်ခြင်းဖြင့်ရင်း၊ ယောဂ လုပ်ငန်းများကို အားထုတ်ခြင်း ဖြင့်ရင်း၊ ဗြဟ္မာ၏ ဂုဏ်တော် ကျေးဇူးတော်ကို ဆင်ခြင် အောင့်မေ့ ခြင်းဖြင့်ရင်း၊ တဖြည်းဖြည်းရင့်၍ ကျက်၍ တိုး၍ တက်မြဲပေ၏။ မြင့်၍ မြတ်၍ လာရ၏။ ထိုသို့ ရင့်ကျက်၍ မြင့်မြတ်လာလေလေ ပရမတ္တမ နီးကပ်၍ လာလေလေ ဖြစ် ချိမ့်မည်။

နောက်ဆုံး၌ သတ္တဝါတိုင်း၏ အတ္တသည် ဇာတိထွက်ခွာ လာခဲ့ရာ ဖြစ်သော ပရမတ္တမနှင့် ပြန်လာ၍ ပူးပေါင်းရပေလိမ့် သည်။ ဤသို့ ပြန်လည် ပူးပေါင်းမိခြင်းသည် ဟိန္ဒူဝါဒအရ မှန်မြတ်သော မောက္ခ (ဝါ) လွတ်လပ်မှု ဖြစ်သတည်း။ ဤကား အယူဝါဒ ကွဲပြားနေစေကာ ဟိန္ဒူဝါဒီ အားလုံး ကိုက်ညီသော ယုံကြည်မှုပင်ဖြစ်သတည်း။

## "ဟိန္ဒူဓလေ့ထုံးစံများ"

ဟိန္ဒူဓုန္ဒိယ၏ အသက်ကား အိုမင်းရင့်ရော် လှလေပြီ။ ထို့ကြောင့် ဟိန္ဒူဘာသာ၏ အသက်လည်း အကြီးဆုံးဖြစ်ခဲ့

၏။ ယင်းသို့ အသက်ရှည်စွာ တည်ရှိခဲ့ခြင်းကြောင့် နောက်ခေတ် ပေါက်ဖွား ဘာသာအများ တို့ လိုက်၍ မှိုမှို လောက်အောင် ဓလေ့ ထုံးစံများ ကွယ်ပခဲ့လေသည်။ ယင်း ထုံးစံ ဓလေ့များကို အကျယ်တဝင့် ရေးသားခဲ့သော် အလွန် ရှည်လျား များပြားပေရာ၏။ ထို့ကြောင့် တိုတိုကျဉ်းကျဉ်း နှင့် လိုရင်းကို ဖော်ပြခြင်းဖြင့် ကိစ္စ ပြီးစေအံ့။

**ဟိန္ဒူတို့၏ ဓလေ့ ထုံးစံများကား** …. ….

| | |
|---|---|
| (၁) ဆမ်ဆကာရ။ | (၆) ဒါန။ |
| (၂) ဥပါသန။ | (၇) အာရှရမ။ |
| (၃) သဒ္ဓါ။ | (၈) ပရာယတ် ရှကျစ်တ်။ |
| (၄) သန္တိ။ | (၉) သုစိ။ |
| (၅) ဝဏ္ဏ။ | (၁၀) ဝဏ္ဏတို့။ ဖြစ်သတည်း။ |

ယင်း(၁၀)မျိုးတို့၏ အဓိပ္ပါယ်ကို အကျယ်မပေါက်စေဘဲ ခတ်ကျဉ်းကျဉ်း ရေးသားဖော်ပြခဲ့သော် ဟိန္ဒူဓလေ့ထုံးစံ တို့၏ သဘောသွားကို အများနားလည် နိုင်ပေလိမ့်မည်။

## (၁) "ဆမ်ဆကာရ"

ယင်းကား သတ္တဝါတယောက်၏ ဘဝတွင် ပိုင်းခြားသတ် မှတ်ထားသော အချိန်အခါ၌ လုပ်ကိုင်လိုက်နာ ပြုမူရမည့် မင်္ဂလာ အခမ်းအနား ဖြစ်၏။

ဤမင်္ဂလာ အခမ်းအနားသည် မနုဆရာကြီး၏ အလိုအား ဖြင့် ၁၂ ရပ်ရှိ၏။ မြန်မာတို့ မင်္ဂလာ ၁၂ ရပ်နှင့် မခြားမနား ချေ။ ထိုနောက် မင်္ဂလာ ၁၆ ပါး ဖြစ်ပေါ်ပြန်သည်။ ယခု ခေတ်သို့ ရောက်သောအခါ မင်္ဂလာ ၅၂ ရပ် ဖြစ်လာ၍ ယခု အခါ၌မူ မင်္ဂလာ အခမ်းအနားပေါင်း ၅၄ ဖြစ်လာလေပြီ။ နောက်ကို မည်မျှ တိုးပွားဦးမည်နည်း?

ထို မင်္ဂလာတို့ကြောင့် နာမကရဏနှင့် ဝိဟာဟ မင်္ဂလာတို့သာ ဇာတ်ဖွားလုံးနှင့် သက်ဆိုင်၍ ကြွင်းကျန်သော မင်္ဂလာများမှု ပြဟ္မဏနှင့် ခတ္တိယ ဇာတ်တို့အတွက် သက်သက်ဖြစ်သည်ဟု ဆိုရိုး ပြုကြကုန်သည်။ ဤမင်္ဂလာ အခမ်းအနားတို့ကား ဟိန္ဒူတယောက် အမိဝမ်းတွင်း ပဋိသန္ဓေ စ၍တည်နေသောအခါမှ အစပြု၍ ၎င်းသေပြီးနောက် စတုတ္ထ ၄ခုမြောက် ဖြစ်သော ဆွေစဉ်မျိုးဆက်တိုင်အောင် အမြဲနိစ္စပတ် ပြုလုပ်ရသော ကိစ္စများဖြစ်ကြကုန်၏။ ဂဗ္ဘ ဓါရဏ မိန်းမ ကိုယ်ဝန်ဆောင်သောအခါ ပြုလုပ်ရသော မင်္ဂလာ အခါကြီး၌ ရွတ်ဖတ်ရသော ဂါထာ မန္တန်များသည် အခြားဘာသာဖြင့် ပြန်ဆို မဖြစ်နိုင်အောင် ရှုံ့ရင်းကြမ်းတမ်းကြကုန်၏။ ကိုယ်ဝန်ဆောင်သည့် သီမန္တော နယာယနဟူသော ဆံပင် ခွဲထားခြင်း မင်္ဂလာကို ပြုလုပ်ရ၏။

ကိုယ်ဝန်ဆောင် မိန်းမသည် ပုံသဝံ မင်္ဂလာပြုလုပ်ရာ၌ သားယောကျ်ား ဖွားမြင်စေရန် အလို့ငှါ ယောကျ်ားအင်္ဂါဇာတ်သဏ္ဌာန် ပြုလုပ်ထားသော မုန့်များကို စားသောက်ရ၏၊ ဤသို့အားဖြင့် ပဋိသန္ဓေ တည်နေသောအခါမှစ၍ သေပြီးနောက် နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် ပြုလုပ်ရမြဲဖြစ်သော မင်္ဂလာ အခမ်းအနားတို့ကား သံသကာရ မည်သတည်း။

## [၂] "ဥပါသန"

ဘုရားယီး ဘုရားမ အမျိုးမျိုးတို့၏ဂုဏ်ကို ဖွဲ့သီ၍ ၎င်းတို့ဖြင့် ရွတ်ဖတ် မန်းမှုတ်ပြီး ပြုလုပ်သော ပူဇော်မှုကို ဥပါသန

ဟု ခေါ်ဆိုလေသည့် ၎င်း ဥပါသနတို့ကား (၁) ပရာဏယာမ (၂) ဇပ္ပ (၃) ဈာနဟူ၍ သုံးမျိုးသုံးစား ခွဲထားလေသည်။

ထိုတွင် ပရာဏယာမ ဟူသည်ကား အာဏာပါန (ဝါ) ထွက်သက် ဝင်သက်ကို အမှတ်ပြု၍ စိတ်၏ တည်ငြိမ်မှု ဖြစ်ပေါ်လာအောင် အားထုတ်ခြင်းကို ဆိုသည်။

ဇပ္ပကား ဂါယာမန္တရားကို ရွတ်မှုဖတ်မှု တန္တရခေါ် ပရိတ်တို့ကို ရွတ်မှု ဖတ်မှု ပုတီးစိတ် မှု တို့ကို ဆိုသည်။ ဈာနကား တစုံတခုသော ဘုရား၏ ဂုဏ်ကိုအောက်မေ့၍ တန္တရ ကျမ်းများ၌ ဖော်ပြထားသည့် အတိုင်း ပုံပေါ်လာအောင် ကမ္မဋ္ဌာန်းထိုင်မှုကို ဆိုလိုသည်။

တဖန် ဇပ္ပမှ ပရာဏဝနှင့် ဂါယတြီဟူ၍ နှစ်မျိုးကွဲပြား၍ လာပြန်၏။ ထိုတွင် ပရာဏဝ လုပ်ငန်းကား ။အ×ဥ×မဟူသော အက္ခရာသုံးလုံးကို တွဲစပ်ထားသော အုမ်အက္ခရာကို အမြဲတစေ ရွတ်ဖတ်-နေမှုပင်တည်း။ ထိုအက္ခရာ သုံးလုံးတို့သည် ဗြဟ္မာဗိသျှနိုး ရှိဝဟူသော ဘုရားကြီး ၃ ဆူတို့၏ ဂုဏ်များ စုပေါင်း ပါဝင်သော အက္ခရာများ ဖြစ်ကြ ကုန်သတတ်။

၎င်းအုမ်ကို ရွတ်ဖတ်ခြင်းဖြင့် သိဒ္ဓိဟူသမျှ ပြီးပြည့်စုံနိုင်သည်ဟု ဟိန္ဒူတို့ ယုံကြည်ကြကုန်သည်။ ထို့ကြောင့် ဟိန္ဒူတို့၏ ဘုရားကျောင်း အဝင်ဝ အိမ်အဝင်ပေါက်တိုင်း တို့၏အထက်၌ အုမ်ဟူသော အက္ခရာကို တွေ့မြင်နိုင်လေသည်။ ဟိန္ဒူတို့သည် ကျမ်းမာရေး စည်းစိမ်ဥစ္စာတိုးတက်ရေး လွတ်လပ်ရေး စသည်တို့ကို ရရှိခံစားရေး အတွက် ထိုအုမ်ကို အမြဲရွတ်ဖတ်လေ့ ရှိကြကုန်၏။

ထို့ပြင် ဂါယတြီကား မန္တာန်ဟာမျိုးဖြစ်၏ ၎င်းကား (တတ္တံ သဝိဘုဗ္ဗရေဏျံ သွားဟာ။ ဘာဂဝေါဒေဝသာ ဓိမိသွားဟ ဓိယောယောနော ပစ္စော ဒါယ သွားဟာ) တို့ဖြစ်၏။ ၎င်း ဂါယတြီ မန္တာန်ကိုတဖုံတခုသော ကိစ္စကို ဆောင်ရွက်လုပ်ကိုင်မည်ရှိသောအခါ ၁၀ ကြိမ် အနည်းဆုံး ရွတ်ဆိုရမည် နေထွက်ချိန် နေဝင်ချိန်တို့၌ သန္ဓျာပါသန အဖြစ်ဖြင့်။ ၎င်း ဂါယတြီ မန္တာန်ကို ရွတ်ဆိုရမည်။ ၎င်းကို အကြိမ်တသောင်းပြည့်အောင် ရွတ်ဖတ်နိုင်လျှင် အသိလိ အပြစ် ဟူသမျှ တစမကျန် ကင်းစင် ပပျောက်နိုင်သော ဟူသတတ်။

## (၃) "သဒ္ဓါ"

၎င်း သဒ္ဓါဆိုသည်ကား လူတယောက်၏ ကွယ်လွန်လေဆုံးလေပြီးသော မိဖ ဆွေမျိုးတို့အား၊ အစာနှင့် ရေကိုပေးဝေခြင်း။ (ဝါ) ၎င်းတို့ကိုရည်မှန်း၍ ဆွမ်းသွတ်ခြင်းလုပ်ငန်းပေတည်း။ ထိုသို့ရည်မှန်းပြီး ဆွမ်းသွတ်ခြင်း။ အမျှအတန်း ပေးဝေခြင်း ပြုလုပ် အပ်သောသူတို့ကို ပိတြိဟုခေါ်ဆိုကြကုန်၏။

၎င်း ပိတြိကား၊ ရုပ်ရှိ၊ ပိညာဏ်သတ်သတ်သာ ရှိသော ပိတြိ ၃ မျိုး ရုပ်ရော နာမ်ပါရှိသူ ၄ မျိုးဟူ၍ (၇) ပါး အပြားရှိ၏။ ဟို့ပြင် ယပေဝင်းနှင့် ၎င်း၏ အခြေအရံများ ဟုလည်း၊ ပဓာနအားဖြင့် ရည်မှန်းအပ်လေသည့် ထို ၇ ပါးသော ပိတြိတို့ကား။

(၁) သောမသဒ္ဒါ ။

ယ,၌နေသူများ၊ ၎င်းတို့ကား ဝိရာဇ (ဝါ) ဗြဟ္မာ၏ သားဖြစ်၍ ၎င်းတို့သည် အောက်တန်းစား နတ်တို့၏ ပိတြိများဖြစ်ကြကုန်၏။

(၂) **အဂ္ဂိနိသတ္တာ** ။

မီးစားသူများ၊ ၎င်းတို့ကား မရီစိ ရသေ့၏ သားများ ဖြစ်ကုန်၍ နတ်တို့၏ ပိတြိများ ဖြစ်ကုန်၏။

(၃) **ဗြဟိသဒ္ဒါ** ။

ကုသ (ဝါ) သမန်းမြက်၌ နေသူများ ၎င်းတို့ကား၊ အတြိ ရသေ့၏ သားများဖြစ်ကုန်၍ ဒိတျ။ ဒါနဝ ယက္ခ ဂန္ဓဗ္ဗဥရဂ သုပဏ္ဏ ကိန္နရ ရက္ခသတို့၏ ပိတြိများဖြစ်ကြကုန်၏။

(၄) **သောမ ပါနာ** ။

သောမ အရက်ကို သောက်သူများ၊ ၎င်းတို့ကား ဘရိဂု ရသေ့၏ သားများဖြစ်ကြကုန်၍ ဗြဟ္မဏဇာတ်ဝင် ပုဏ္ဏားတို့၏ ပိတြိများဖြစ်ကြကုန်၏။

(၅) **ဟဝိရ ဘုဇာ** ။

ကျက်ပြီးသော အစာကိုစားသူများ ၎င်းတို့သည် အင်္ဂိရသရသေ့၏ သားများဖြစ်၍ ခတ္တိယဇာတ်ဝင်၊မင်းမျိုးတို့၏ ပိတြိများဖြစ်ကြကုန်၏။

(၆) **အဇျပါနာ** ။

ထောပတ်ကို စားသောက်သူများ၊ ၎င်းတို့ကား ဖုလသစ္စ၏သားများ ဖြစ်ကြကုန်၍ ဝေဿဇာတ်ဝင် ကုန်သည်တို့၏ ပိတြိများဖြစ်ကြကုန်၏။

(၇) **သုကာလိမာ** ။

အခါကောင်းကို ယူဆောင်လာသူများ (ဝါ) သုဒ္ဒဇာတ်၌ဖြစ်စေရန် ပို့ချတတ်သောကမ်ကို ဖျက်ဆီးသူများ၊၎င်းတို့ကား။ ဝါသေဋ္ဌရသေ့၏ သားများဖြစ်၍ သုဒ္ဒဇာတ်ဝင် တောင်သူဆင်းရဲသားတို့၏ ပိတြိများဖြစ်ကြကုန်၏။

ထိုပြိတ္တာယန အသုနာနသုတ်၌ လာသော ပိတ္တိ (၇) ပါးရှိသေးသည် .... .... .... ....

(၁) အရှေ့အရပ်ကို အစိုးရသောသူများ ။
(၂) တောင်အရပ်ကို အစိုးရသောသူများ ။
(၃) အနောက်အရပ်ကို အစိုးရသောသူများ ။
(၄) မြောက်အရပ်ကို အစိုးရသောသူများ ။
(၅) အထက် အရပ်ကို အစိုးရသောသူများ ။
(၆) အောက် အရပ်ကို အစိုးရသောသူများ ။
(၇) ယမ မင်းနှင့် ၎င်း၏ လက်ပါးစေ ယမဒေါယမက တို့ဖြစ်သတည်း။

ဤဖော်ပြခဲ့ ပြီးသော ပိတ္တိတို့ကား၊သင်္ဂါ လုပ်ရာ၌ရည် မှန်းတိုင်တယ်အပ်သော သူတို့ဖြစ်ကြကုန်၏။မြန်မာနိုင်ငံ ရေ စက်သွန်းချရာ၌ ဆိုရသောနည်းမျိုးပင်ဖြစ်သတည်း။

ဤသင်္ဂါ လုပ်ငန်း ဆိုင်ရာ၌ သပိဏ္ဍခေါ် ဆွမ်းသွတ်မှု အခမ်းအနားလည်းပါဝင်လေသည်။ ဤ၌ သပိဏ္ဍ ဆိုသည် ကား သေသူများအတွက် ရည်မှန်း၍ ဆွမ်းသွတ်မှုကို ပြုလုပ် ခွင့်ရရှိသောသူတို့၏ စာရင်းဖြစ်၏။ ဆိုးမွေရောကောင်းမွေပါ ခံစားထိုက်သူများသာ ဆွမ်းသွတ်ခြင်း အမှုကိုပြုရာသည်။ သို့မှသာလျှင် ဆွမ်းသွတ်မှု၏ ရည်ရွယ်ချက် ပြည့်စုံနိုင်သည်။ ၎င်း၏ရည်ရွယ်ချက်ကား ဘဝတပါးသို့ပြောင်းသွားသူအား အထက်၌ဖော်ပြခဲ့ ပြီးသော ပိတ္တိတို့က ကောင်းမွန်စွာ စောင့်ရှောက်ကယ်မစေရန် ၎င်းတို့ကို ဆွမ်းကျွမ်းစသည်ဖြင့် လာဘ်ထိုးခြင်းပင် ဖြစ်၏။

မှန်လှ၏။သေဆုံးသွားသူ၏ ကောင်းမွေခံ နှင့် ဆိုးမွေခံ တို့သည် ဘဝတပါး၌သွားလေသူ၏ သက်သာချောင်ချိရေး

အတွက်မျှော်မှန်း၍ ရဟန်းပုဏ္ဏားတို့အား ကျွေးမွေးလှူဒါန်း ပြီးလျှင် အထက်ပါ ပိတြွိတို့ကို တိုင်တယ်ကြရ လေသည်။ သို့မှသာလျှင် ပိတြွိတို့၏ စောင့်ရှောက် မှုကြောင့် သွားလေ သူသည် ဘဝတပါး၌ ချမ်းသာ သုခကို ရရှိနိုင်လေသည်။ ထို့ကြောင့် ဆွမ်းသွတ် မှုသည် ဟိန္ဒူတို့ အတွက် အလွန် အရေးကြီး၍ မချွတ်မလွဲ အမြဲပြုလုပ် ရမည့် လုပ်ငန်းများ ဖြစ်ကြကုန်၏။

၎င်းဆွမ်းသွတ်မှု ဆိုင်ရာ အခမ်း အနားတို့သည်လည်း များပြားလှကုန်၏ ပုဗ္ဗဆွမ်းသွတ်မှု(ဝါ)အချိန်ကောင်း အခါ ကောင်း၌ပြုလုပ်ရသော ဆွမ်းသွတ် မျိုးပေါင်း (၉၆) မျိုးရှိ၍ ဧကုဒ္ဒိဿ တဦး တည်းကို ရက်ရွယ်၍ ပြုလုပ် ရသော ဆွမ်း သွတ်နည်းမျိုးပေါင်း (၂၅)ရှိလေသည်။ သို့သော် ၎င်းဆွမ်း သွတ်မျိုးတို့ကို အကျယ် တဝင့် ရေးသားခြင်းဖြင့် အကျိုး မများတော့ပြီ ဖြစ်၍ ဆွမ်းသွတ် ခြင်း၏ ရည်ရွယ် ချက်ကို ဖော်ပြခဲ့ခြင်းဖြင့် လုံလောက်ပေပြီ။

## (၄) "သန္တိ"

၎င်းကား တစုံတခုသော ဟိတ်ဆိုးနိမိတ်ဆိုးများဖြစ်ပေါ် လာသောအခါ (ဝါ) တွေ့မြင်ရသောအခါ ထိုဟိတ်နိမိတ် ဆိုးတို့ကြောင့် ဖြစ်ပေါ် လာလတံ့သော ဘေးဆိုး ရန်ဆိုး အန္တရာယ်များတို့ကို ပပျောက်စေရန် (ဝါ)၎င်းဘေးတို့မှ ကင်းလွတ်စေရန်(ဝါ)အပြစ်ပြေစေရန် ယတြာ ချေရသော ထုံးစံဖြစ်၏။

သို့သော်၎င်းထုံးစံကား ဝေဒစသော ကျမ်းကြီးဂန်ကြီး တို့၌မပါရှိခဲ့ချေ။ စင်စစ်မှာ နောက်ခေတ်ပေါက်ဖွား ရဟန်း ပုဏ္ဏားများ အားလမ်း ပွင့်သော ဟိစ္စမျှသာ ဖြစ်ခဲ့၏။ ထိုမှ

ထွန်းညှိထားသော မီးခွက် ရုတ်တရက်သေခြင်း၊ အိမ်မျှောင် ကျခြင်း၊ စုတ်ထိုးခြင်း၊ မကောင်းသော အိပ်မက်မြင်မက်ခြင်း အိမ်ပေါ်၌ လင်းတ နားခြင်း၊ ကျီးကန်း ဝင်ခြင်း၊ ငှက်ဆိုး ထိုးခြင်း၊ ရွာအတွင်းသို့ တောတိရစ္ဆာန်ဝင်ခြင်း စသော ထောင်ပေါင်းများစွာသော အခြင်းအရာ များသည် အလွန် မကောင်းသော တိတ်ဆိုးနိမိတ်ဆိုးများ ဖြစ်ကြကုန်၏။

ငင်းတို့အနက်မှ တိတ်နိမိတ် ဆိုးများ ဖြစ်ပွား ခဲ့သော် ထိုတိတ်နိမိတ်ဆိုးများဆောင်ယူလာ၍ လူသတ္တဝါ၏အပေါ် သို့ ချပေးမည့် ဘေးရန်အန္တရာယ်များကို ပပျောက်လွင့်စင် စေရန် တစုံတရာသော လှူဒါန်းဝတ္တုကို ဘန်းပြ၍ ဖုန်းကြီး ရဟန်းများ (ဝါ)ပုဏ္ဏား များကို၊ ပင့်ဖိတ်ပြီးလျှင် မင်္ဂလ တန္တရ၊ ပရိတ်စသည်တို့ကို ရွတ်ဖတ်စေရ၏၊ ထိုသို့ရွတ်ဖတ် သောအခါ၊ ထိုဘေး အန္တရာယ်များ ပပျောက်သွားသော ဟူ၏။

## (၅) "ဝတ္တ"

ဝတ္တဆိုသည်ကား၊ ဦးပုသ်စောင့်သုံးခြင်း ဝတ္တရားပင် ဖြစ်၏ ဟိန္ဒူတို့အတွက် တနေ့လုံးဖြစ်စေ၊ (ဝါ)နေ့ဝက်ဖြစ် စေ ဦးပုသ်စောင့်သုံးရမည့် နေ့ရက်တို့သည် တနှစ်မှာ ရှိ သော နေ့ရက်နှင့်ညီမျှလုမတတ် ရှိကြကုန်၏။ ငင်းတို့တွင် အရေးအကြီးဆုံးနေ့တို့ကား လဆန်းလဆုတ် ၁၁ရက် နှင့် တနှစ်လျှင် တကြိမ်သာ ကြုံတွေ့ရသော၊ ရှိဝရတြိ တို့ ဖြစ်လေ သည်။

တို့ပြင် နေ့စဉ်ရက်ဆက် မပျက်မကွက် ပြုလုပ်ရမည့် ပဥ္စမဟာယညဝတ္တရှိသေး၏၊ ငင်းကား .... .... .... ....

(၁) ဗြဟ္မယညာ၊နေ့စဉ် နေ့တိုင်း ဝေဒကျမ်းကို ရွတ်

ဖတ်ခြင်း။

(၂) ဝေဒယာည (ဝါ) အင်္ဂနိပ္ပေါတြ၊ အမွေးဆိမ်း စသည်တို့ကို မီးရှို့၍နတ်တို့အား ပူဇော်ခြင်း ။

(၃) ပိတြိယညာ၊လက်ခုတ်ဖြင့် ရေကိုယူ၊ ၎င်းရေတွင် နှမ်းစေ့အနည်းငယ်ရော၊ ထိုနောက် မန္တာန် တခုခု ကိုရွတ်၍ ပိတြိတို့ကို ရည်ရွယ်ပြီး ရေဖြင့် ပက် ဖျန်းခြင်း။

(၄) ဘူတယာည၊ တရွေ့ရွေ့ ပြောတ်စသော အောက်တန်း စားများကိုကျွေးမွေးခြင်း။

(၅) အတိထိယညာ၊ မိမိတို့၏ စားဦး စားဖျားကို ဧည့် သည်ပုဏ္ဏားအား ကျွေးမွေးခြင်းတို့ဖြစ်၏။

ဤဥ္စည့်သည်ကား၊ ဗြဟ္မဏဇာတ်ဝင် ပုဏ္ဏားသာဖြစ်ရ မည်။ အကြောင်းကား၊ ဗြဟ္မဏဇာတ်မှ တပါးသော အခြား ဇာတ်ဝင်တို့သည် အတိထိဟူသောဘွဲ့ကို မရနိုင် သော ကြောင့်ဟူလို။

ထိုမှတပါး ပွဲလမ်းသဘင်နှင့် ယာတြတို့လည်း ဤဝတ္တ မင်္ဂလာ၌ အကြုံးဝင် ကုန်သည်။ ပွဲလမ်း သဘင် ဟူသော အခါကြီးရက်ကြီးတို့ကား၊ ဟိုလီ၊ ဒိဝါလီ ဝိဇယ ဒသမီ၊ ယက္ခ သာဗန္ဓန၊ ဝသန္တပဉ္စမီ၊ ကရသျက ဂျန္မ အဋ္ဌမီ၊ မကာရ သင်္ကြန္တိ (မြန်မာသင်္ကြန်) စသည်တို့ ဖြစ်၏။

ထို အခါကြီး ရက်ကြီး တို့မှာ ပွဲလမ်းသဘင် ဆင်ယင် ကျင်းပ၍ ကောင်းမှုများကို ပြုလုပ်ရမည်။

ထို့ပြင် ၆ နှစ်တကြိမ် ပြုလုပ်မြဲဖြစ်သော ကုမ္ဘမေလာ အငယ် ၁၂နှစ် တကြိမ်ခင်းကျင်းရသော ကုမ္ဘမေလာကြီး တို့ကား ဟာရိဒွါရ၊ ပြယာဂ နာဆိက ဥဇ္ဇေနီတို့၌သာလျှင်

ကျင်းပရသော ပွဲသဘင်ကြီးတို့ ဖြစ်ကြကုန်သည်။ ထိုပွဲကြီးများနှင့် ကြုံကြိုက်သောအခါ သိန်းသန်းများစွာသော ဟိန္ဒူတို့သည် အဝေး အနီးမှ ထိုပွဲကျင်းပရာသို့ လာရောက်ခြင်းဖြင့် ကုသိုလ်တရားကို ပွါးစီးစေကြလေကုန်သည်။ ထို့မှ တပါး ယာတြာဆိုသည်ကား ဘုရားဖူးသွားခြင်း ဝတ်ကရားဖြစ်၏။ ဟိန္ဒူတိုင်း ယာတြာအမှုကို ပြုဘို့ဝတ်တရားရှိ၏။ တန်ခိုးအကြီးဆုံးသော ဟိန္ဒူဘုရားတို့ကား။ မြောက်ပိုင်း၌ ကေဒါရနာထနှင့် ဘဒြိနာထဘုရား။ တောင်ပိုင်း၌ ရာမိဿရဘုရား၊ အရှေ့ပိုင်း၌ ပူရီဂျဂနာထဘုရား။ အနောက်ပိုင်း၌ ဒွါရကတို့ဖြစ်သတည်း။

ဟိန္ဒူတို့၏ ၊အဝဓ္ဆနီယဌာန(၀)မြို့တော်ဇာကန် အမှန်သွားရောက်ဖူးမျှော်ခြင်းဖြင့် ကုသိုလ်တုပ်ကြီးကိုယူရန် မြို့ပြတို့ကား ..... .... .... .... ....

(၁) ကာသိ။ (၅) မာယာဝတီ။
(၂) ကဥ္စိပူရ်။ (၆) ပရယာဂ။
(၃) အဝန္တိ။ (၇) မဓူရ။
(၄) ဥဇ္ဇေနီ။ ဟူ၍ ဖြစ်သည်တည်း။

ဟိန္ဒူတို့၏ အယူအားဖြင့် ဘုရားဖူးသွားခြင်းသည်။ လူသတ္တဝါ၏ အပြစ်ကို စင်ကြယ်စေ၍ ကြီးမြတ်သော ကုသိုလ်ကို ဖြစ်စေလေသည်။

## (၆) "ဒါန"

ဒါနဆိုသည်ကား၊ပေးကမ်းမှု လှူဒါန်းမှု စွန့်ကြဲမှု အစရှိပင်ဖြစ်၏။ ဤဒါနဟူသောမင်္ဂလာကား၊ ဗြဟ္မဏပုဏ္ဏားနှင့် ဖုံးကြီးရှိသော ဘာသာများ၌ မထားမဖြစ်၊ မရှိမဖြစ်သော အရာဖြစ်ခဲ့၏။ဗြဟ္မဏနှင့် ဖုံးကြီးတို့သည်ဣန္ဒိယနိုင်ငံ၌အလွန်ရှေး

ကျသော ခေါတ်အခါမှစ၍ပေါ်ပေါက်ခဲ့ကြကုန်၏။ ၎င်းတို့၏ လုပ်ငန်းကားဘာသာရေးဆိုင်ရာ နက်နဲခက်ခဲသော တရား အချက်အလက်တို့ကို တွေးတောကြံစည်ရန်၊ ဃရာဝါသ ဗဟုကိစ္စဖြင့် အလုပ်များသော လူတို့အား တရားမှန်ကို ပြသရန်၊ လူသားအားလုံးအပြစ်ကင်းစွာ နေထိုင်ဖို့လူ့ကျင့် ဝတ်တရားများကို ဟောပြရန်၊ လူတို့ အားလပ်သောအခါ ဖတ်ဖို့တရားကျမ်းစာများကိုရေးသားရန်ဖြစ်၏။

လူတို့သည် ကျေးဇူးတုံ့ပြန်သောအားဖြင့် ၎င်းတို့အား အဝတ်အစား နေရာထိုင်ခင်းစသည့်တို့ကိုပေးလှူကြကုန်၏၊ ဤပတုံ့ပလဲ့ သဘောဖြင့် နေထိုင်လာခဲ့ရာ ခေတ်ကာလ ကြာမြောင်း၊ အချိန်တွေ ပြောင်းလာသောအခါ ထိုဗြာဟ္မဏ နှင့်ဖုံးကြီးတို့သည် မိမိတို့ရရှိအပ်သော ပါဝါကိုအလွဲသုံးစား ပြု၍မိမိတို့ဇာတ်(ဝါ)မိမိတို့ဘဝ၏မြင့်မြတ်ပုံနှင့်လူရိုးရိုးဇာတ် တို့၏နိမ့်ကျပုံတို့ကိုအကျယ်တဝင့်ရေးသားလာကြကုန်၏။

၎င်းတို့ကို ပေးလှူခြင်းဖြင့် လူရိုးရိုးသည် ကောင်းမှုကို ပွားစီးနိုင်သည်။ သူတို့သာလျှင် နတ်ရွာ၏၎င်း၊ နိဗ္ဗာန်၏၎င်း၊ သော့ထိန်းများဖြစ်ကုန်သည်ဟုရေးသားလာကြလေကုန်ပြီ။ ထိုအခါပညာဉာဏ် ကင်းမဲ့သော ရှေးလူသည် ၎င်းတို့ကို ယုံကြည်စ ပြုလေပြီ။ ထိုသူတို့သည် ဇာတ်မြတ် ဇာတ်နိမ့် တို့ကိုဖန်ဆင်း၍ မိမိတို့ကိုယ်ကိုမူအမြင့်ဆုံး ဇာတ်၌သွင်း၍ ထားခဲ့ကြ ကုန်သည်။ တဖြည်းဖြည်းနှင့် ၎င်းတို့သည် သွေးစုတ် သူများ ဖြစ်လာကြကုန် သည်၊ ခတ္တိယနှင့် ဝေဿ ဇာတ်တို့၏ပဓာန လုပ်ငန်းကား ဝေဒကျမ်းကို သင်ကြားရန်ယဇ် ပူဇော်ရန် ရဟန်းပုဏ္ဏားတို့အား ပေးကမ်း လှူဒါန်းရန်ဖြစ်၏။ ရဟန်းပုဏ္ဏားတို့၏ ဝတ္တရားကား ဝေဒ

ကျမ်းကိုသင်ပြပေးရန်၊ ယဇ်ပူဇော်ရာ၌ ပုရောဟိတ် (ဝါ) ဖုံးကြီးအဖြစ်ဖြင့် ဆောင်ရွက်ရန်၊ သူတပါးတို့၏ ပေးကမ်းစွန့်ကြဲသော ဒါနကိုအလှူခံရန် ဖြစ်၏။ အောက်တန်းစား ဇာတ်တို့မှာကားဤဝတ္တရားတို့မှကင်းလွတ်ကြကုန်၏။

## (၇) "အာရှရမ"

၎င်းကား လူသား၏အဆင့်အတန်းကို ခွဲခြားထားခြင်းပင်ဖြစ်၏။

(၁) ပထမ-ဗြဟ္မစာရီ၊ ဤအဆင့်၌လူသည် ပညာအမျိုးမျိုးကိုဆည်းပူးရှာဖွေရမည်။

(၂) ဒုတိယ--ဂိဟ္ထ၊ ဤအဆင့်သို့ ရောက်သောအခါ အိမ်ရာထောင်၍ စီးပွားဥစ္စာကို ရှာဖွေစုဆောင်းရမည်။

(၃) တတိယ--ဝနပတ္တ ဤအဆင့်သို့ ရောက်သောအခါ မိမိ၏ ရှာဖွေစုဆောင်းပြီး စီးပွားဥစ္စာတို့ ကို သားနှင့်သမီးတို့အား လွှဲအပ်ပြီးသော် တောထွက်ရမည်။

တောထွက်ရန် သတ်မှတ်ထားသော အချိန်ကား ဆံပင်ဖြူခြင်း၊ အရေတွန့်လိပ်ခြင်း သို့ရောက်၍ မြေးရသောအခါပင်တည်း။

(၄) စတုတ္ထ--ဆံညာဆ၊မိမိနှင့်အတူပါလာသောမယား ကိုပါစွန့်လွှတ်၍မိမိတဦးတည်း သွားလာ ကျင့်ကြံအားထုတ်ရမည်။

## (၈) "ပရာယရှကျစ်တ်"

၎င်းကားကြူးလွန်ဖြစ်မှားမိသော အပြစ်ကို ဖြေရန်ပင် ဖြစ်၏။ တစုံတခုသော အပြစ်ကိုကြူးလွန် မိသောအခါ

လူသည်သတ်မှတ်ထားသော မင်္ဂလာရက်ကိုရှောင်၍ ရွေးရမည်။
(၀၁)သတ်မှတ်ထားသော မင်္ဂလာအခမ်းအနားကိုသော်၎င်း၊ ပြုလုပ်ရမည့်(၀၁)ယဇ်တမျိုးမျိုးကိုသော်၎င်း၊ပူဇော်ရမည်။ သို့မှသာလျှင်ထိုအပြစ်မှ ကင်းလွတ်နိုင်ချေမည်။ ဤအပြစ်ဖြေရန်ယဇ်ပူဇော် မှုကားဗြာဝယ ဇာတ်လိုက် လုပ်သော ဘာသာတိုင်း၏လက်ကိုင်လုပ်ငန်း ဖြစ်သတည်း။ လောက၌ လူသား၏ အပြစ်များသလောက် ယဇ်ပူဇော်မှုနှင့်မင်္ဂလာ ရတွေပေါ်များမည့်အရေးကိုတွေး ကြည့်ခြင်းဖြင့်၊ ပိုမိုထင်ရှားစွာ သိမြင်နိုင်ပေလိမ့်မည်။

(၉) "သူစိ"

၎င်းအခမ်းအနား မင်္ဂလာကား၊ မစင်ကြယ်မှုကို မပျောက်အောင်ပြုလုပ်ရသော ကိစ္စဖြစ်၏။မိန်းမသားတို့မှာ မိန်းမတို့ဓမ္မတာ သွေးသွန်ရခြင်း၊ မီးဖွားရခြင်းဟူသော မစင်ကြယ်မှုနှစ်ခုပို၍ရှိလေသည်။အားလုံးအတွက် နေအိမ်တခု၌ လူသေခြင်းသည် မစင်ကြယ်မှုပင်ဖြစ်၏။

ဗြဟ္မဏဇာတ်၌ လူသေသော် ၁၀ရက်၊ ခတ္တိယဇာတ်၌ လူသေသော် ၁၂ရက်၊ ဝေဿဇာတ်၌ လူသေသော် ၁၅ရက်၊ သုဒ္ဒဇာတ်၌ လူသေသော် ၃၀ရက် တိုင်တိုင် ကျန်ရစ်သူများမစင် မကြယ်ဖြစ်နေရစ်ခဲ့ကြရကုန်သည် ။

အဆိုးဆုံး ကားအိမ်တအိမ်၌ အရွယ်ရောက်ပြီး ၍လက်မထပ်ရမီ မိန်းကလေး တယောက်သေဆုံး ခဲ့လျှင် ကျန်ရစ်သော မိဖတို့သည် ဟသက်လုံးမစင် မကြယ်ဖြစ်၍ နေကြရကုန်၏။ ထို့ပြင် သားယောကျ်ားဖွားမြင်သော မိခင်သည် အရက် ၂၀၊ သမီးမိန်းမဖွား မြင်ရသော ကံဆိုးမသည်အရက် ၃၀ မစင်မကြယ် နေရလေသည်။ မိန်းမများမှာ လစဉ်

မစင်ကြွယ်မှုရှိ၏။ ဥတုလာသောအခါ ထိုမိန်းမကို နေအိမ်မှ ၃ ရက်နှင့်အတူ ထားရမည်။ သို့မဟုတ် အိမ်အတွင်းရှိ ဒေါင့်ကျသော ညစ်ပတ်သော ကြွက်သရေ ကင်းမဲ့သော အညစ်အကြေး ထားရာဖြစ်သော ချောင်တခု၌ ထိုမိန်းမသည် အပေါင်းအသင်းမရှိပဲ၊ အခြားသောသူတို့နှင့် ထိရကိုင်ရခြင်းမရှိပဲ ပကတိဇာတ် ပျက်သူကဲ့သို့ ၃ ရက်တိုင် တိုင်နေထိုင်ရမည်။ ဤသို့အထက်၌ ဆိုခဲ့ပြီးသော မစင်ကြွယ် ရက်စေ့ရောက်သောအခါ ယောက်ျားသားတို့သည် ခေါင်းရိတ်ခြင်း မုတ်ဆိတ် ကျင်စွယ် ပယ်ခြင်း၊ ခြေသည်းလက်သည်း လှီးဖြတ်ခြင်း၊ ရေချိုးခြင်းဖြင့် စင်ကြယ်ခြင်းသို့ ရောက်ကြရကုန်၏။

ထိုမှတပါးမိန်းမသားတို့ မူခြေသည်း လက်သည်းပယ်ရုံ ရေချိုးရုံဖြင့် စင်ကြယ်ခြင်းသို့ ရောက်နိုင်ကြ လေကုန်သည်။ ၎င်းပြင် ကိုယ်ခန္ဓာ စင်ကြယ်ရေး အတွက် အကောင်းဆုံး ဆေးကားနွားချေး ပင်ဖြစ်၏။ နွားချေးအနည်းငယ် ကို မျိုဝါး စားခြင်း၊ နွားကျင် ငယ်ရေကို အနည်းငယ် သောက်ခြင်း၊ မိမိ၏ခန္ဓာကိုယ်ကို နွားချေးဖြင့် သုတ်လိမ်း၍ ရေချိုးခြင်း၊ နွားချေးဖြင့်ကောင်မွန်စွာ လိမ်းကျံထားအပ်သော မြေပြင်၌ ခဲ့ဘွယ် ဘောဇဉ်ကို စားသောက်ခြင်း ရေမိုးချိုး ပြီးနောက်နွား ချေးပြာဖြင့် မိမိကိုယ်ကိုလိမ်း ကျံခြင်း တို့သည် အလွန် မြင့်မြတ် သော (၁) ဗြဟ္မာဗိသျှနိုး ရှိဝဟူသော ဘုရားကြီးတို့၏ အကြိုက်ဖြစ်သော လုပ်ငန်းများဖြစ်၍ မိမိတို့၏ ခန္ဓာကိုယ်မှ အပြစ်ဟူသမျှကို စင်ကြယ် ပပျောက်စေနိုင်သော တန်ခိုးသတ္တိရှိကြကုန်၏။

## (၁၀) "ဝဏ္ဏ"

ဝဏ္ဏကား (၁) ဗြဟ္မဏ (၂) ခတ္တိယ (၃) ဝေဿ (၄) သုဒ္ဒ ဟူသော ဇာတ်ကြီး လေးခုနှင့်တကွ များပြားလှစွာသော ဇာတ်အငယ်အနှောင်းများကို ဆိုသည်။ ဗြဟ္မဏဇာတ်ဝင်တို့၏ လုပ်ငန်းကား ဝေဒကျမ်းများကိုသင်အံရန်၊ ယဇ်ပူဇော်ပေးရန်၊ ကောင်းမှု မျိုးစေ့တို့၏ စိုက်ပျိုးရာဖြစ်ရန် တို့ပင်တည်း။

ခတ္တိယဇာတ်ဝင်တို့၏ လုပ်ငန်းကား တိုက်ရန် ခိုက်ရန်၊ နိုင်ငံသူ နိုင်ငံသားတို့၏ အသက်အန္တရာယ်၊ ပစ္စည်းအန္တရာယ် တို့ကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်၏။

ဝေဿဇာတ်ကား ကုန် သွယ် ခြင်းဖြင့် ရရှိအပ်သော ပစ္စည်းတို့၏ အနက် ဗြဟ္မဏတို့ကို လှူရန်၊ ခတ္တိယတို့ကို ထောက်ပံ့ နေရန်ဖြစ်၏။

သုဒ္ဒဇာတ်ဝင်တို့၏ တာဝန်ကား လယ်ယာ ကိုင်းကျွန်း စသော အလုပ်ကြမ်းများလုပ်၍ အသက်မွေးရန်၊ အားလုံး သောဇာတ်ကြီးတို့၏ အစေအပါး ပြုလုပ်ရန်ဖြစ်၏။

ဗြဟ္မဏ ဇာတ်ဝင်တို့သည် ဗြဟ္မာ၏ပါးစပ်မှ မွေးဖွား ကြသောကြောင့် အမြတ်ဆုံးဖြစ်၏။ ခတ္တိယတို့သည်ဗြဟ္မာ၏ လက်ရုံးမှ မွေးဖွားခဲ့ကြကုန်၏။ ဝေဿတို့သည် ဗြဟ္မာ၏ ဝမ်းပိုက်မှ မွေးဖွားခဲ့ကြ၏။ သုဒ္ဒတို့သည် ဗြဟ္မာ၏ခြေမှ ဖွား မြင်ခဲ့ကြသောကြောင့် အယုတ်ဆုံးဖြစ်ကြကုန်၏။

ယခုအခါ၌ ဇာတ်အမျိုးပေါင်း များစွာ တိုးတက်လာပြီ ဖြစ်သောကြောင့် ၎င်းတို့ကို အကျယ် ရေးသား ရသော် အလွန်ငြီးငွေ့ဘွယ် ဖြစ်ချေမည်၊ ထို့ကြောင့် ဤ ဇာတ် ကြီး လေးခုဖြင့်ပင် ဇာတ်သိမ်းသင့်လေပြီ။

## "တာ ဝ ယို ဘာ သာ"

တာဝယိုဘာသာကိုစတင်ဖန်ဆင်းသူကား လာဝယိုစီ (ဝါ) လာဝယိုဇူဖြစ်၏။ သူ၏အမည်ရင်းကား လီအာဖြစ်၏။ သူသည် ခရစ်မပေါ်မီ ၆ဝ၄ ခုနှစ်၌ မိုးရှူးသန္တစင်အလင်းကိုမြင်ခဲ့၏။ သူ၏ဇာတိဒေသကား ဟိုနန်နယ်က ့ တောမြို့နှင့် မနီးမဝေး၌ တည်ရှိသောတောရွာငယ်ဖြစ်၏။ လာဝယိုစီဟူသော နာမည်သည် အိုသော အဘိဓမ္မာဆရာကြီးဟူသော အဓိပ္ပါယ်ကို ဆောင်၏။

ရှန်ရှင်ချုံကျမ်းအရ သူသည် ထူးခြားစွာ ပဋိသန္ဓေတည်နေပြီးနောက် သူ၏မယ်တော်သည်သူ့ကို ၇၂ နှစ်၊သို့မဟုတ် ၈၁ နှစ် ဝမ်းကြာတိုက်၌ လွယ်ပိုက်ထားခဲ့ရ၏။ ထိုနောက် သူမွေးဖွားလာသောအခါ အသက်အရွယ် ကြီးရင့်ပြီဖြစ်၍ အမိဝမ်းတွင်းမှဆံ ၊င်ဖြူလာခဲ့လေသတတ်။

သူ သည် ကုန်ဇီ (ဝါ) ကွန်ဖူးရှပ်နှင့် ခေတ်ပြိုင်ဖြစ်ခဲ့၏။ သို့သော် နောက်ပုဂ္ဂိုလ်သည် အသက်အရွယ်အားဖြင့် ရှေး ပုဂ္ဂိုလ်ထက်ငယ်၏။ ကွန်ဖူးရှပ်၏ အသက် ၃၅ နှစ်၌ ထို ပုဂ္ဂိုလ် ၂ ဦး တွေ့ဆုံမိကြသည်ဟု မှတ်တမ်းများ၌ တွေ့ရှိရ လေသည်။ လာဝယိုသည်ဆိတ်ငြိမ်ရာဌာနကိုအလွန်နှက်သက် ၏။ ထို့ကြောင့် ချိုးမြို့တော်မှ ထွက်ခွာလာခဲ့၏။ တံခါးသို့ ရောက်သောအခါတံခါးမှူးယင်ရှီသည် ဤသို့ကြွတော်မမူမီ ကျွန်တော်မျိုးအတွက် ကျမ်းစာတစောင် ရေး ပေး တော် မူခဲ့ပါဟု တောင်း ၊န်လေသည်။

ထိုအခါ လာဝယိုသည် တာဝယိုဝါဒနှင့် ပါရမီတရားတို့ ပါဝင်သော ကျမ်းစာတစောင်ကို ရေးသားခဲ့၏။ ၎င်းကျမ်း ကား တာဝယိုဝါဒ၏ အခြေခံဖြစ်၏။ ကဏ္ဍအားဖြင့် နှစ်ပိုင်း၊

စာလုံးရေ အားဖြင့် ၅၀၀၀ ရှိသောဟူ၏။ ဤသို့ယင်ရှိ၏ တောင်းပန်ချက်ကို ဖြည့်ပြီးနောက် သူသည် ဆိတ်ငြိမ်သော တောအရပ်သို့ ချဉ်းကပ်လေသတည်း။

လာယိုလေမည်သော သူ့တပည့် တယောက်၏ အဆို အားဖြင့် သူသည် အသက် ၁၆၀ ကျော်သောအခါ၊ အချို့ ရာဇဝင်ဆရာတို့အဆိုအားဖြင့် အသက် ၂၀၀ ကျော်သော အခါ ခန္ဓာပေါင်းကို စွန့်ပစ်ခဲ့လေသည်။ သူ၏ဘဝအဆုံး သတ်ရာဌာနကား ရာဇဝင်များ၌ မထင်ရှားခဲ့ချေ။ ၎င်းယင်၏ အဆိုအားဖြင့် လာယိုစီသည်ထူးခြားသော ပုဂ္ဂိုလ်မြတ်ဖြစ် ၍ ကမ္ဘာ၌ ကျော်ကြားထင်ရှားခြင်းကို အလိုမရှိခဲ့ချေ။ လာယိုသည် အထက်တန်းစား ပညာတတ်များ အတွက် မဟုတ်။ စင်စစ်သော် အောက်တန်းကျသော ပညာမဲ့များ အတွက်သာ ဖြစ်ခဲ့လေသည်။

## "တာယို တေကင်"

လာယိုစီ ပေါခဲ့ ပြောခဲ့သမျှသော တရားအားလုံးကို တာယိုတေကင် ဟူသောအမည်ဖြင့် စုပေါင်း သိမ်းဆည်း ထားခဲ့လေသည်။၎င်းကျမ်းသည် သံခိပ်သဘောမျိုး ဖြစ်၍ တိုလှကျဉ်းလှ၏။အားလုံးစုစုပေါင်းစာလုံးရေ၅၀၀၀ကျော် သာရှိလေသည်။လျှို့ဝှက်သော အဓိပ္ပါယ်လည်းရှိ၏။ ကာဗျ ဥာဏ်လည်းပါဝင်၏။ ၎င်းကိုပထမ၌ နှစ်ပိုင်း ခွဲထားခဲ့၏။ နောက်၌ ၈၂ ခဏ်းရှိအောင် ထပ်မံ၍ အဆင့်ဆင့်ခွဲလာခဲ့ကြ လေသည်။

တာယိုဟူသောပုဒ်၏အနက်ကား မုချအားဖြင့် လမ်းစဉ် ဖြစ်၏။ဥပစာအားဖြင့် လုပ်နည်း ကိုင်နည်း ကျင့်ကြံနည်းဖြစ် ၏။ သို့ဖြစ်ခဲ့သော် လာယိုသည် အဘယ်ရည်ရွယ်ချက်ဖြင့်

တာယိုကိုဟောခဲ့သနည်း။ တာယိုဆိုသည်ကား လုပ်နည်းကို လုပ်ကိုင်ရန် အသင့်ရှိခြင်း၊ ဆုလာဘ်ကို မြှော်ကိုးခြင်းမှကင်း၍ အလုပ် လုပ် ခြင်း၊ကိုယ် ကျိုး ကို ငဲ့ ကွက် ခြင်း မှ ကင်းလွတ်ခြင်း၊ ကိစ္စပြီးမြောက်အောင်မြင်မှုမှတပါး အခြားကို မရည်ရွယ်ခြင်းဖြစ်၏။

## "တာယိုဝါဒ"

တာယိုဝါဒကို။

(၁) စဉ်းစားတွေးတောမှု အဘိဓမ္မာ ဆိုင်ရာ။

(၂) တိုင်းရေး ပြည်ရေး ဆိုင်ရာ။

(၃) ဘာသာရေးဆိုင်ရာဟူ၍ ၃ ပိုင်း ခွဲခြားထားလေသည်။

## (၁) "တာယိုအဘိဓမ္မာ"

တာယို၏ မူလအဓိပ္ပါယ်ကား ကမ္ဘာမြေကြီးထက်ဝန်းကျင်ရှိ နေ လ နက္ခတ် တာ ရာ တို့ ၏ သွား လမ်း ပင် ဖြစ်၏။ ယင်းသို့ ကောင်းကင်နယ်သားများလှုပ်ရှားသွားလာမှုသည် ဤမြေပြင်၌ ဖြစ်ပျက် ပြောင်းလဲသမျှတို့၏ ပဓါနအကြောင်းဖြစ်သည်။တာယိုသည် ကောင်းကင်အလယ်၌ရှိ၏။ငင်းသည် တန်ခိုးပါဝါ၏ တည်ရာဖြစ်၏။ ဘာကြောင့်?အားလုံးသော အရာတို့သည် သူ့ကိုဗဟိုထား၍ လှည့် လည် နေ ကြ သော ကြောင့်တည်း။ ဤကား တာယိုကို သာကာရ အထည်ဒြပ်ရှိသော အရာအဖြစ်ဖြင့် မှတ်ယူပုံဖြစ်၏။

သို့သော် နှစ်တွေညောင်း၍ ခေတ်ပြောင်း လာ ခဲ့ သော နှောင်းအခါ၌ ငင်းတာယိုကို နိရာကာရစိတ္တဇနာမ်မျိုးအဖြစ်သို့ မြှင့်တင်ခဲ့ ကြလေသည်။ ငင်းအရ တာယိုသည် စကြာဝဠာ မဟာလောက ဓါတ်ကြီးတခုလုံး၏ ကြိုးကိုင်ဖြစ်သော

မြင်ရသော ကမ္ဘာ့တန်ဆာ၏ နောက်၌ ကွယ်၍နေသော သတ္တဝါထူးဖြစ်၏။ ၎င်းသတ္တဝါကို အားလုံး၌ နှံ့၍ တည်သော အဆုံး အပိုင်း အခြားမရှိ ကိုယ်ကောင် အသည်း ဒြပ်မရှိ၍ နိရာကာရဖြစ်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု ပုံကြည့်လာကြ၏။

၎င်း၏လုပ်ငန်းတို့ကား လူသား၏အကောင်းဆုံးအကျိုး ပြီး မြောက် ရေး အ တွက် ဖြစ် လေ သည်။ တာ ယို သည် ယင်နှင့်ယန်ကို ဖြစ်ပွားစေခဲ့၏။ ယင်ကားဖိုဓါတ်၊ ယန်ကား မဓါတ်ဖြစ်၏။ သဘာဝ ဓမ္မ၌ ထိုဖိုဓါတ် မဓါတ်တို့ရှိကုန်၏။ ဖိုဓါတ်နှင့် မဓါတ်တို့ ပေါင်းမိခြင်းကြောင့် ကောင်းကင်နှင့် မြေကြီး ဖြစ်ပွားလာရ၏။ တဖန်၎င်းကောင်းကင်နှင့် မြေကြီး တို့သည် သက်ရှိသတ္တဝါအားလုံးကို ဖြစ်စေ၏။

## (၂) "တာယိုတိုင်းရေးပြည်ရေး"

လာယိုဝါဒသည် ခွေတာရေး၊ ရိုးသားစွာ နေထိုင်ရေး လယ်ယာ လုပ်ကိုင် စားသောက် သူတို့၏ ရှင်ပျော်ရေး တို့ကို ညွှန်ပြ၍ အုပ်ချုပ်ရေး၌ တင်းကြပ်သော ဗဟိုအစိုးရ အုပ်ချုပ်မှုကို အပြင်းအထန် ရှုတ်ချခဲ့လေသည်။ အများလူ၏ အများဆုံး လွတ်လပ်သော အခွင့်အရေးကို ဟောပြခဲ့၏။

ထို့ကြောင့် လာယိုစီနှင့် သူ၏နောက် ရိုက်ရာဆက်ခံသူ တို့သည် လွတ်လပ်သော ရွာနယ်များကို တည်ထောင်ခဲ့ကြ၏။ ထိုရွာနယ်များသည် လုံးဝ လွတ်လပ်ခွင့်ကိုရရှိ၍ နီးကပ်လျက်ရှိသော ရွာနယ်များနှင့် သင့်မြတ် ညီညွတ်စွာနေခဲ့၏။ တာယို လောကဓမ္မများသည် ကွန်ဖူးရှင်လောကဓမ္မများနှင့် အတိုက်အခံဖြစ်ခဲ့၏။ ချစ်ခင်ခြင်း၊ မှန်ကန်ခြင်း၊ ရိုသေခြင်း၊ ပညာရှိခြင်း၊ ရိုးဖြောင့်ခြင်းဟူသော ကွန်ဖူးရှင် တရားများ သည် ရိုးသားညီညွတ်စွာ နေထိုင်သော ဘဝလမ်းကြောင်း

မှ တိမ်းစောင်း၍ သွားသော ပထမခြေလှမ်းများ ဖြစ်သည် ဟူ၍၎င်း၊ ဘဝ၏ စင်ကြယ်သန့်ရှင်းမှုကို မည်းနက် ညစ်ကြူ စေတတ်သော ပဋိပက္ခ(ဝါ)ဆန့်ကျင်မှုများကို ဖြစ်စေသည် ဟူ၍၎င်း၊ တာယို ဝါဒီတို့က အယူရှိကြကုန်၏။

တာယိုဝါဒီတို့သည် ဂူဠ်ဝိဇ္ဇာရတိ (ဝါ) လျှို့ဝှက်သော ပညာကို လိုက်စားသူများ ဖြစ်ကြကုန်၏။ သို့သော်၎င်းတို့ သည် လက်တွေ့ စမ်းသပ်သူများတည်း။ တာယိုနှင့်ညီမျှစွာ ဆက်သွယ်ခြင်းဖြင့် လူမျိုးရေးကို တိုးတက်စေရန် ရည်ရွယ် သူတို့ဖြစ်ကုန်၏။ ၎င်းတို့၏ ယူဆချက်ကား ဤလောကနှင့် သာဆိုင်၏။ ၎င်းတို့၏ဝါဒ၌ အဆင့် ၃ ဆင့်ရှိ၏။

(၁) သန့်ရှင်းခြင်း။ အမိပ္ပါယ်ကား၊ ကိုယ်ကျိုးရှာခြင်း နှင့် မျက်နှာလိုက်ခြင်းသဘောကို ပယ်စွန့်ခြင်းကို ဆိုလိုသည်။

(၂) တာယိုနှင့်ပေါင်းမိခြင်း (ဝါ) ပဋိပက္ခ ဆန့်ကျင် ဘက် အရာ တွေ ကို ဆုတ် နှုတ် လိုက် ပြီး ဖြစ် ၍ ငါပျောက်ခြင်း။

(၃) သတ္တိ၊ အမိပ္ပါယ်ကား၊ တာယိုအတွင်းသို့ ငုပ်ဝင် သွား ၍ ကောင်း ကင် နှင့် အ ချိန် ကာ လ တို့ ၏ စည်းဝိုင်းအတွင်းမှ လွတ်မြောက်စေရန်အားပေး တံဖြစ်သော ပါဝါပင်ဖြစ်၏။

## (၃) "တာယို ဘာသာ"

တာယိုဝါဒသည် ခရစ်မပေါ်မီ ၂၀၆ မှ ခရစ်သက္ကရာဇ် ၂၂၁-ခုနှစ်အတွင်း စိုးစံသော တရုပ် "ဟန်" မင်းဆက်သို့ ရောက်မှ ဘာသာရေးအဆင့်သို့ ရောက်ခဲ့၏။ ထိုအခါတာယို ဘာသာဝင်တို့သည် အသက်ရှည်ဆေး (ဝါ) မသေတတ်

သောခဆေးတို့ ဖေါ်စပ်ရန် အားထုတ်စပြုကြကုန်၏။အရှေ့ဘက် တရုပ်သမုဒ္ဒရာ အတွင်းရှိ အချို့ ကျွန်းများကို အမေကာကျွန်းဟု သမုတ်၍ ထိုကျွန်းများသို့ သွားရောက်စပြုကြလေကုန်ပြီ၊

ခရစ်သက္ကရာဇ် ၁၁၁၈ သဘာဝဗဒီ၊ ပထမနှစ် ရာစု၌ ကျံတာ ဒိုလင်မည်သော ပုဂ္ဂိုလ်ထူးတယောက်ပေါ်ပေါက်လာခဲ့၏။ သူသည် လာယိုမိ၏ တာယိုကို ဘာသာတခုအဖြစ်သို့ မြှင့်တင်လိုက်လေသည်။ သူသည် တာယိုဘာသာကို ပဓါန ဟောပြောသူနှင့် အုပ်ချုပ်သူဖြစ်လာ၏။ သူသည် အထက်တန်းကျသော မှော်အတတ်ကို တတ်မြောက်သောပထမတန်း မှော်ဝိဇ္ဇာကြီးဖြစ်ခဲ့၏။ သူသည် တောတွက်၍သူကိုယ်တိုင် ဖေါ်စပ်သော ရုပ်ပျိုကိုယ်နုဆေးကို မှီဝဲသဖြင့်ပြန်၍နုပျိုလာသော ဟူ၏။အားလုံးသော စုံး ကာဝေ တစ္စေမြေဘုတ် နတ်ဘီးလူး နတ်မိစ္ဆာ အစိမ်း သူရဲစသည်တို့ကိုသူ၏ပါဝါတန်ခိုးဖြင့် လွှမ်းမိုး အုပ်စိုးနိုင်ခဲ့၏။ သူသည် စာတကြောင်း အင်းတကွက်ဖြင့် သိန်း ပေါင်း များ စွာ သောနတ်ဘီလူး စသည်တို့ကို ဖျက်ဆီးနိုင်ခဲ့၏။ သူသည် သူ၏တန်ခိုးပါဝါသြဇာအာဏာနှင့်တကွ ဝိဇ္ဇာအတတ် အမျိုးမျိုးတို့ကို သူ၏ တပည့်အဆက်အနွယ်တို့ အသုံး ပြုနိုင်အောင်အမွေပေးခဲ့၏။

ဤသို့အားဖြင့် ကျံတာ ဒိုလင်၏ အစွမ်း ပယောဂကြောင့် ဘာသာတခုအဖြစ်သို့ ရောက်ခဲ့စေကာ ဘုရားကျောင်းများ၊ ဘုရားစေတီရုပ်ပွားများ၊ ဘုရားရှိခိုးနည်းများ၊ဝတ်ပြုနည်းများ၊ မင်္ဂလာအခမ်းအနားများ မရှိခဲ့သေးချေ။

၎င်းတို့ကို ဗုဒ္ဓဘာသာထံမှတဆင့် ဖေါက်သည် အဖြစ်ဖြင့် ခံယူရရှိလေသည်။

ဗုဒ္ဓဘာသာ တရုပ်ပြည်သို့ ရောက် လာ၍ နှစ် ပေါင်း များစွာ ဆက်ဆံလာခဲ့ခြင်းကြောင့် တာယို ဘာသာသည် ရတနာသုံးပါး ရဟန်းသံဃာစသော အရာများကိုပါ အတု ယူခဲ့လေသည်၊ ယခုခေတ် တာယိုဘာသာကား အရာရာ တိုင်းမှာ ဝိညာဏ်ရှိ၏ဟူသော ဝါဒ၊ ဘုရားအများကိုးကွယ် သောဝါဒ၊ မှော်ပညာလက်ဝါဒတို့ ရောနှောပြွတ် သိပ်၍ နေသော စာဖူးတောင်းသိုက်ကြီးဖြစ်လေသတည်း။

## "ကွန်ဖူးရှင်ဘာသာ"

ဤဘာသာကို တည်ထောင်သော ကွန်ဖူး ရှပ်စ်၏ ဖွား သက္ကရာဇ်နှင့် ပတ်သက်၍ တရုပ် ရာဇဝင် ဆရာကြီးတို့ သည် အယူ အဆ ကွဲ ပြား နေ ကြ လေကုန်၏။ရာဇဝင်ဆရာ ကြီးဇီမာချိယာ၏ အလိုအားဖြင့် ၎င်းသည်ခရစ်သက္ကရာဇ် မပေါ်မီ ၅၅၀-ခုနှစ်တွင် မွေးဖွား၏။ သို့ရာတွင် က်ရာနှင့် ကူလီယာမည်သော ရာဇဝင်ဆရာကြီးတို့၏ အလိုအားဖြင့် မူကား ၎င်း၏ဖွားသက္ကရာဇ်သည် ၅၅၁-ခုနှစ်ဖြစ်၏။ ၎င်းသို့ ဖွား သက္ကရာဇ်နှင့် ပတ်သက်၍ အယူအဆ ကွဲပြားကြစေ ကာ ၎င်း၏ မွေးလ မွေးနေ့တို့နှင့်ပတ်သက်၍မူကား ရာဇဝင် ဆရာအားလုံး သဘောတူမျှကြလေကုန်သည်။

ကွန်ဖူးရှပ်စ်သည် ကမ်းအနွယ် ဝင်ဖြစ်၍ ၎င်း၏ ဘွဲ့ တွင် အမည်ကား ကမ်းဖြစ်၍ ရှင့်အမည်မှာ ကွန်ဖူးရှပ်ဖြစ်လေ သည်။ဤကွန်ဖူရှပ်စ်သည် အနောက်တိုင်းသားတို့ ခေါ်ဆိုကြ သော လက်တင်ဘာသာဆန်သော အမည်ဖြစ်၏။ တရုပ် အခေါ်အားဖြင့်မူ ကန်ဖူစီ ဖြစ်သည်။

အဓိပ္ပါယ်ကား အတွေးသမားကြီး (ဝါ) အဘိဓမ္မာဆရာကြီးကမ်ဟု ဆိုလိုသည်။၎င်းသည် ယခုအခေါ်ရှမ်တန်း (ရှေးအခေါ်)လူအမည်ရှိသော နယ်သားဖြစ်ခဲ့၏။၎င်း၏အဘကား ဆောင်းနယ် ဗိုလ်မှူး ရှုလီယံပေးဖြစ်၏။ ကွန်ဖူးရှပ်သည် သူ၏ခမည်းတော် သက်ရွယ်ကြီးရင့်သောအခါမှ မွေးဖွားရသောကြောင့် လူအို နောက်ကျသားဖြစ်ခဲ့၏။ သူ၏ခမည်းတော်သည် ကွန်ဖူးရှပ် ၃ နှစ်သားရှိသောအခါ ကွယ်လွန်ခဲ့၏။၎င်းသည် ၅ နှစ် ၆ နှစ်အရွယ်သို့ ရောက်သော အခါ စွန့်စားခြင်းနှင့်ဟက္ခ မင်္ဂလာအခမ်းအနားများ ပါဝင်သော ကစားနည်းတို့ကို သူ၏ သူငယ်တော်များနှင့် နှစ်နှစ်ချိုက်ချိုက် ကစားလေ့ရှိခဲ့၏။ ထိုကစားနည်းမျိုးတို့ကို သူအလွန်နှက်သက် သဘောကျသည်ဟု ပြောစမှတ် ပြုကြရုန်၏။

သူသည် အသက် ၁၅ နှစ်သို့ရောက်မှ အတတ်ပညာတို့ကိုလေ့လာဆည်းပူးခဲ့သည်ဟူ၍၎င်း၊ ယင်းသို့ဆည်းပူးရာ၌ ဒုက္ခဆင်းရဲဟူသမျှကို ကြံ့-မဲ နှင့် သည်းခံခဲ့သည် ဟူ၍ ၎င်း၊ သူကိုယ်တွင်က ပြောဆိုခဲ့လေသည်။

၎င်းသည် အသက် ၁၉ နှစ် အရွယ် ၌ ဆောင်းနယ်သူတယောက်နှင့်အိမ်ထောင်ဘက်ပြုခဲ့၏။ လက်ထပ်ပြီး နောင်တနှစ်၌ သားတယောက်မွေးဖွားခဲ့၏။ ထိုနောက် များမကြာမီပင် ဆောင်းနယ်ကို စီရင်အုပ်ချုပ်သော စော်ဘွားတယောက်၏လက်အောက်တွင်ဝင်ရောက်အမှုထမ်းခဲ့၏။ ပဌမ၌ သူသည် ပစ္စည်းဘိန်း ရာထူးကို ရရှိခဲ့၏။ ထို့နောက်မှ သူသည် ပန်းခြံနှင့် တိရစ္ဆာန်အုပ်များဆိုင်ရာ ဝန်ထောက်ရာထူးသို့ ရောက်ခဲ့လေသည်။

သူသည်အသက် ၂၂ နှစ် အရွယ်၌ အကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့်တိုင်းရေးပြည်ရေး(ဝါ)နိုင်ငံအုပ်ချုပ်ရေး တို့ကို သင်ပေးသော ကျောင်းတကျောင်းကို တည်ထောင် ဖွင့်လှစ် လိုက် လေ သည်။ သူ ၏ တ ပည့် တပန်းများသည် ဤကျောင်းထောင်ခြင်းကိစ္စ၌ ငွေ ကြေးဖြင့် သူ့ ကိုများစွာ ကူညီကြလေသည်။ သူသည်ပညာသင်လိုစိတ်ပြင်းထန်သော ကျောင်းသားများကို ကျောင်းလခနည်းသည် ဖြစ်စေ (ဝါ) လုံးလုံးမရ သည်ဖြစ်စေ လက်ခံသင်ကြားပေး၍ ပညာသင် ယူလိုသော အာသာဆန္ဒမရှိပဲ။ ပေါ့ပေါ့ဆဆ နေလိုသော ကျောင်း သား များကိုမူ ငွေကြေးအမြောက်အမြားကျောင်း လခအဖြစ် ပေးစေကာမူ ကျောင်း မှ ချက်ချင်း နှင် ထုတ် လေ့ရှိခဲ့၏။

ထိုနောက် ခရစ်သက္ကရာဇ် မပေါ်မီ ၅၁၇-ခုနှစ်တွင် လူနယ်စော်ဘွား၏ အဆက်အနွယ်ဖြစ်သော သူငယ်နှစ်ဦး တို့သည် သူ၏အထံသို့လာရောက်၍ပညာဆည်းပူး ကြလေ သည်။ ၎င်းသည် ထိုတပည့်သစ် ၂ ယောက်တို့နှင့် အတူ မြို့ တော် ကြီးသို့ သွားရောက် လည် ပတ် ၍ ၎င်း မြို့ တော်ရှိ နန်းစဉ် စာကြည့်ပိဋကတ်တိုက်သို့ သွားရောက် ပြီးလျှင်ရှေး ဟောင်း စာအုပ်စာတမ်း များကို ရှာဖွေကြည့် ရှုမှတ်သား လေ့လာခဲ့၏။ ထိုအချိန် အခါ၌ပင် သူသည်ဂီတပညာကို လေ့လာဆည်းပူးခဲ့လေသည်။ အကြောင်းမူကားထိုအခါက အဆင့်အတန်း အမြင့်ဆုံးသော ဂီတပညာကို ထိုမြို့တော်၌ သာလျှင်တွေ့ရသောကြောင့်တည်း။

ထို့ပြင် သူသည် တာ ယိုဝါဒကို တည်ထောင် ခဲ့သော ပုဂ္ဂိုလ်ကြီးနှင့်သွား ရောက် တွေ့ဆုံ၍ နှီးနှော ဆွေး နွေး ခွင့်

ရရှိခဲ့လေသည်၊သူသည်ရွှေမြို့တော်မှ လူနယ်သို့ ပြန်လာသောအခါ နယ်စားနှင့်တကွမှူးကြီး မတ်ကြီးတို့ ကိုပါ မတွေ့မမြင်ရတော့ချေ။အကြောင်းကားထိုနယ်၌ သူပုန် ရန်မီး ထ၍ဘရုတ်ဘရက် ကာလနှင့် ကြုံနေသဖြင့် နယ်စားနှင့်တကွ သောသူတို့သည် အနီးအနား၌ ရှိသော စိနယ်သို့ ထွက်ပြေးတိမ်းရှောင်နေကြရသောကြောင့်တည်း။

ထို့ပြင်ကွန်ဖျူးရှပ်သည် သူပုန်ဂိုဏ်းဝင်တို့ကို အားမပေးလိုသောကြောင့်သူ၏နောက်လိုက်နောက်ပါ တပည့် တပန်းတို့နှင့်အတူတကွ ထိုနယ်မှ ထွက်ခွါ လာခဲ့လေသည်။ ဤသို့ ထွက်ခွါသွားပြီးနောက် တိုင်တောင်တန်းကိုလွန်သောအခါ သူတို့သည် သင်းချိုင်း ဟခု၌ပြင်းစွာငိုကြွေး နေသော မိန်းမကြီးတယောက်ကို တွေ့ကြ၍ကွန်ဖျူး ရှပ်သည် အဘယ် ကြောင့်ဤသို့ပူဆွေးငိုကြွေးနေရသနည်း ဟုထိုမိန်းမကြီးအား မေးလေ၏။

ထိုအခါ ထိုအပူသယ် မိန်းမကြီးက ကျွန်တော်မျိုးမ၏ ယောက္ခမ ယောကျ်ားသူ၊ ကျွန်တော်မျိုးမ၏ခင်ပွန်းသယ် နှင့်ကျွန်တော်မျိုးမ၏ သားတို့သည် ကျားကိုက်၍ သေကြ သောကြောင့်ငိုကြွေးနေရပါသည်ဟု ဆိုလေ၏။

ထိုအခါကွန် ဖူးရှပ်က ဤမျှလောက် သားရဲ တိရစ္ဆာန် တို့၏ ဘေးကိုကြောက်ရသော နေရာဌာနမှ အဘယ် ကြောင့် အသင် မခွါဘဲ နေရသနည်းဟု မေးမြန်ရာ ထိုမိန်းမ ကြီးက ဤနေရာ၌ကျားရိုင်းတိရစ္ဆာန်၏ ဘေး ရန်ကိုကြောက်ရသော် လည်းဖိစီး နှိပ်စက်တတ်၍ ဆိုးသွမ်း သော အစိုးရ မရှိသော ကြောင့် ကျွန် တော်မျိုးမ နေရပါသည်ဟု ပြန်လည် ဖြေကြား လေ၏။

ထိုအခါ ကွန်ဖူးရှပ်သည် သူ၏ တပည့်များအား ငါ့သားတို့ ဖိစီးချုပ်ချယ် နှိပ်ကွပ် တတ်သော အစိုး ရသည် ကျားထက်ပင်ဆိုး၍ ကျားတက်ပင် ကြောက် စရာကောင်းသည်ဟူသော ဥာဒေသကို မိန့်မြွက်လေသတည်း။

သူသည် စီနယ်သို့ ရောက်ပြန် သော်လည်း သူသဘော နှစ်ချိုက်သော နေရာဟာခုကိုမျှ မတွေ့ရသည့်အပြင် ထိုနယ်စားကလည်းသူ့ ကိုသူ၏ အမျိုးအဆင့်အတန်း နှင့်သင့်လျော်အောင် ညှော်ခံပြုစုခြင်း မလုပ်သည်ကို တွေ့နေရ ချေသည်။ ထိုနယ်စားကမူ သူ့ ကိုမည်သည့် အဆင့် အတန်းနှင့်မှ မတူအောင် ထူးခြားဧွာခြီးမြှင့်ပြု စုလို၏၊ သို့သော် အချို့ သောမှူးမတ်တို့က ကွန်ဖူးရှပ်ကား ပေါင်းသင်းဆက်ဆံ၍ မဖြစ်နိုင်သောသူတယောက်ဖြစ်၏။ မိမိကိုယ်ကိုမိမိအလွန်အထင်ကြီးသူ တယောက် ဖြစ် ၏ဟု ဆို၍ ကန့်ကွက် ကြသောကြောင့်သာလျှင် နယ်စားသည် သူ့အား စိတ်ရှိသလောက်ညှော့ဝတ်ကြေကုန်အောင်မပြုစုနိုင်ခဲ့ချေ။

ထို့ပြင် နယ်စားသည် ၎င်းအား အခွန်တော် ငွေထဲမှ ရိက္ခာတော်ကို လက်ခံ မည်လောဟု ဆိုပြန်လေ၏။ သို့နှင့် သူသည် ထိုနယ်၌ နေထိုင်ရန် အဆင် မပြေသော ကြောင့် လုနယ်သို့ပင်ပြန်လည်ကြွမြန်းခဲ့ရလေ၏။

ထိုနောက် ၁၅ နှစ်တိုင်တိုင် စာပေပညာ များကိုလေ့လာဆည်းပူး၍နေခဲ့လေသည်။များ စွာသော တပည့်တပန်းများသည်လည်း ပညာရင်နို့ သောက် စို့နိုင်ရန် သူ့ထံသို့ ဆည်းကပ်ကြရလေကုန်၏။သူသည်ထိုစဉ်အခါ၌ တိုင်းနိုင်ငံအတွင်းရှိ အသင်းအပင်း အဖွဲ့အစည်း ဟူသမျှတို့နှင့် လုံးဝ ဆက်ဆံခြင်းကို မပြုပဲနေခဲ့လေသည်။

အသက် ၅၂ နှစ်သို့ ရောက် သောအခါ သူသည်ဖြဲတူး နယ်မြို့တော်ကြီး၌တရားဝန်ကြီးရာထူးကို ထမ်းရွက်ရလေ သည်။ ထိုအခါပြည်နယ်အတွင်း၌ အချိုးချိုး သောပြောင်းလဲ ချက်များဖြစ်ပွါးပေါ်ပေါက်ခဲ့လေသည်။ထိုနောက်စီနယ်သို့ တွက် ပြေး ပြေး ရ သော နယ်စား၏ ညီ တော် တ ယောက် ကွယ်လွန် အနိစ္စ ရောက်သဖြင့် သူသည်ရာ ဇဝတ် မှု ဆိုင်ရာ တရားဌာန ဝန်ကြီး ရာထူးကို လက်ခံသိမ်း ပိုက် ရပြန်လေ သည်။ ထိုသို့သိမ်း ပိုက်လိုက် သည်နှင့် တပြိုင်နက် ထိုပြည် နယ်အတွင်း၌ ရာဇဝတ် မှုများ မရှိသ လောက် ပပျောက် သွားလေ၏။

တိုင်းပြည်အုပ်ချုပ် ရေးဆိုင်ရာ သူ၏လက် သုံးဝါဒကား စီမံအုပ်ချုပ်ရေးကိုအင်အားတောင့်တင်းစေ၍ မှုးမတ်များ ကိုနှိမ်နင်းရမည်ဟူသောဥပဒေပင်ဖြစ်သတည်း။

ယင်းသို့သူကိုယ်တိုင်အုပ်ချုပ်စဉ်အခါက အစိုးရအဖွဲ့၌ ကြီး ကျယ် သော ပြောင်းလဲမှုများ ဖြစ်ခဲ့၏။ လူမသမာများ တို့လည်းခေါင်းမဖော်ဝံ့အောင် တိမ်မြုပ်၍ နေကြလေ ကုန် ၏။ယောကျ်ားများလည်း သစ္စာ တော်ကို ရိုသေစောင့်ထိန်း ကြလေကုန်သည်။မိန်းမများသည်လည်း ပိပိရိရိနှင့် အတတ် ပညာတို့ကို လိုက်စား၍ မိမိတို့ဆိုင်ရာ လုပ်ငန်းများကို ကျေ ပွန်စွာ လုပ်ကိုင်ကြလေကုန်၏။ ဤလုပ်ငန်းကား တိုင်းသူ ပြည်သားတို့အတွက် ကောင်း မြတ်သော နမူနာကြီး တခု ဖြစ်ခဲ့၏။

ထို့ကြောင့် တိုင်းသူပြည် သားတို့သည် သူ့ကို အစဉ် မပြတ် ချီးကျူးနေကြ လေကုန်သည်။ ထိုမျှတိုင်းပြည်ကြီး စည်ပင်ဝပြော၍လူတို့၏အကျင့်စာရိတ္တမွန်မြတ် လာအောင်

ပြုပြင် ဖန်တည်း၍ ပေးနိုင်စေကာမူ အနှောင့် အယှက် အဖျက်အဆီးကား မကင်းခဲ့ချေ။မှန်လှ၏ ။ စိနယ်စားသည် ကွန်ဖူးရှပ်၏ဝါဒ ပြန့်ပွါးလာခဲ့သော် သူ၏ နယ် အပေါ်သို့ လူနယ် လွှမ်းမိုး လာလိမ့်မည်ဟု စိုးရိမ် ပူပန်လာ၍ ၎င်း၏ လုပ်ငန်းကို ဖျက်ဆီး ရန် အမျိုးမျိုး ကြံ စည်လေ တော့၏။ နောက်ဆုံး၌ ၎င်းနယ်စားသည်အဆိုအကကျွမ်းကျင်၍လှပ ယဉ်ကျေး သော ကချေသည် တစုနှင့် ဖျဉ်ကောင်း ကောင်း တအုပ်ကိုလူနယ်သို့ပို့ လွှတ်လိုက်လေ၏။

ထိုအခါ လူနယ် သူနယ်သားတို့သည် ကွန်ဖူးရှပ်၏ ဝါဒ ကို စွန့်လွှတ်၍ကပွဲများကို ကြည့် ရှုခြင်းဖြင့်သာလျှင် အချိန် ကုန်ကြလေကုန်၏။၎င်းအခြင်းအရာကိုမြင်သောအခါ ကွန်ဖူး ရှပ်သည် ထိုနယ်မှ ထွက်ခွါပြီးလျှင် ဧကစာရီ လှည့်လည် နေထိုင်ခြင်းဖြင့်အသက်၅၆နှစ်တိုင်ခဲ့လေသည်။

၎င်းသို့ ...း နှစ်လုံးလုံး ကွန်ဖူးရှပ်သည် တနယ်မှ တနယ်သို့ လှည့်လည်လျက် တနေ့နေ့တွင် သူ၏ပြဲဝါဒကို နာခံမည့် မင်းသားတပါးပါးကို တွေ့ခဲ့သော် ထိုမင်းသားပိုင်ရာ နယ် ပယ်ကိုဗဟိုဌာနပြုလုပ်၍ အစိုးရ အုပ်ချုပ် ပုံကို ပြုပြင်မည် ဟူသောမျှော်လင့်ချက်ဖြင့်မရပ်မနားလှည့်လည်သွားလာနေ ခဲ့၏ ။

သို့သော် သူ၏မျှော်လင့်ချက်ကားအထမ မြောက်ခဲ့ချေ။ ထို့ကြောင့် အသက်၆၉နှစ် ရှိသောအခါ လူနယ်သို့ပြန်လာ ခဲ့လေ သည်။ သို့သော် လည်း မည် သည့်ရာထူးကိုမျှ လက် မခံဘဲ စာပေ ကျမ်း ဂန်တို့ ကိုသာ ရေးသား ပြုစု၍ တပည့် တပန်းများအား ဆုမ္မပြဲဝါဒကိုသာ ပေးနေ လေတော့၏။ နောက်တနှစ်တွင် သူ၏သားအနိစ္စရောက်၏။သို့သော်တရား

နှင့်ဖြေ ဖျော်ခြင်းကြောင့် ပူပင်ဆွေး တခြင်းမရှိခဲ့။ သို့ရာတွင် သူ၏တပည့်ရင်း ရန်ဟူးအိုင် ကွယ်လွန်သောအခါမှ ဟလွန် အမင်း တမ်းတပူဆွေးခြင်းဖြစ်ခဲ့ရလေသည်။

ထိုနောက် ၄၇၈ ခုနှစ် အတွင်း သူ၏ တ ပည့်ရင်း ဇိလူ ဆုံးရှာပြန်၏။ ကွန်းဖူး ရှပ်၏ဇာတာကား ညှိုးနွမ်းလာခဲ့ချေပြီ ထိုနောက် ၎င်းနှစ်ဝါဆိုလတနေ့သောနံနက်ခင်း၌ကွန်ဖူးရှပ် သည် တောင်ဝှေး ကိုဆွဲလျက် တောင်ကြီး များသည် လဲပြို ရမည်။ခိုင်မာတောင့်တင်းသော ရုပ်ရောက်များသည်။ ကျိုး ကျရမည်။ ပညာရှိလည်း သမ်ပယ် ကလေး ကဲ့သို့ခြောက်သွေ့ ၍သွားရမည်ဟု ညည်းညူလေ၏။ ထိုအခါ သူ၏ တပည့်ဇိကန် သည် သူ့ထံသို့ လျှင်မြန်စွာ ပြေးသွား၍ အကျိုး အကြောင်း မေးမြန်းရာ ငါသည်ရှိန်မိတ်ပြုလုပ်သော အိပ် မက်ကိုလွန်ခဲ့ သောညက ငါမြင်မက်ခဲ့ပြီဟူသော ဖြေလိုက်ရတော့၏၊ ထို နေ့မှ နောက် ၇ရက် မြောက်သော နေ့၌ ကွန်ဖူးရှပ်သည် ဘဝတပါးသို့ ပြောင်းသွားခဲ့လေသတည်း။

## "ကွန်ဖူးရှပ်၏ဝါဒ"

၎င်းဝါဒကား ကွန်ဖူးရှပ်၏ အမည် တပ်ထား ရစေကာ ကွန်ဖူးရှပ်ကိုယ်တိုင် စတင်တည်ထောင်သော ဝါဒ မဟုတ် ခဲ့ချေ။ စင်စစ်မှာ ကွန်ဖူးရှပ်သည် လောကဓါတ် ဆိုင်ရာ ပညာ၊ ပေါင်း သင်း ဆက် ဆံ ရေး အုပ်ချုပ်နည်းစနစ်၊ လူ့ ကျင့်ဝတ် လောကနီတိ စသည်တို့နှင့် ဆိုင်ရာ ရှေးဟောင်း တရုပ်ဘာသာ စာပေ ကျမ်းဂန်တို့၏ အဆီ အနှစ်ကို ညှစ် ထုတ် စုပေါင်းခဲ့ခြင်းမျှသာ ဖြစ်လေသည်။

၎င်း၏သင်ပြမှုတို့ကို (ဝါ) ၎င်းဝါဒတို့ကို ခရစ်သက္ကရာဇ် မပေါ်မီ ၃၇၂မှ ၂၈၉ နှစ်အတွင်း၌ စီစဉ်ခဲ့၍ တရုပ်ပြည်

ဟန့်မင်းဆက်များ ကြီးစိုးလာသောအခါ ၎င်း၏ဩဝါဒ အတည်ပြုဘာကျ လွှမ်းမိုးလာလေသည်။ ထိုနောက် ခရစ်သက္ကရာဇ် ပထမအနှစ်(၁၀၀၀)အတွင်း၌ ကွန်ဖူးရှပ် ဝါဒသည် ဗုဒ္ဓဘာသာ၏ အရှိန်အဝါ လွှမ်းမိုးခြင်းကို ခံရလေသည်။

ထို့ကြောင့် ဤကွန်ဖူးရှင်းဝါဒ၌ ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်ခဲ့လေသည်။ မန်းချူးမင်း ဆက်၌ ကွန်ဖူးရှပ်၏ ဝါဒနှင့် တရုပ်ရှေးဟောင်းစာပေတို့ကို ပြန်သည်ဖော်ထုတ်ရန် တရုပ်ပညာရှိအချို့က ကြိုးစားကြလေသည်။

## ကွန်ဖူးရှပ်၏ လောကဓါတ်ပညာ"

ဤကမ္ဘာလောက၏ အကြောင်းအရာနှင့် ပတ်သက်ရာ၌ ကွန်ဖူးရှပ်ဝါဒသည် အဖို အမဓါတ်ကို အခြေပြုလေသည်။ ၎င်း၏အလိုအားဖြင့် အဖို အမဓါတ် ပေါင်းဆုံမှုကြောင့် ကောင်းကင် မြေကြီးနှင့်တကွ အခြားသက်ရှိသက်မဲ့ အရာဝတ္ထုဟူသမျှတို့ ပေါ်ပေါက်လာရသည်ဟု ဆို၏။

ပေါင်းသင်းဆက်ဆံရေး တိုင်းပြည် အုပ်ချုပ်ရေးနှင့် အကျင့်စာရိတ္တ ကောင်းမွန်ရေးတို့ပါ စိတ်ကူးဉာဏ်ကြောင့် ဖြစ်ပေါ်လာသော အရာတို့တည်း။ ၎င်းဝါဒအရ ထိုသည့်စိတ်ကူးဉာဏ်တို့သည် သူတော်ကောင်းများ ပညာရှိများ၏ သဏ္ဍာန် အတွင်း၌ ကိန်းအောင်းပြီးလျှင် ၎င်းတို့သည် ထိုစိတ်ကူးဉာဏ်၏ တည်ရာ မှီရာသာ ဖြစ်ချေသည်။ ၎င်းတို့သည်ပင် ထိုစိတ်ကူး ဉာဏ်ကို လောက လူသားတို့အတွက် အသုံးချ၍ ပေးရသည်ဟုဆိုလေသည်။

## "ကွန်ဖူးရှပ်၏ အစိုးရ"

ကွန်ဖူးရှပ်၏ အလိုအားဖြင့် တိုင်းပြည်နိုင်ငံ ဆိုသည်

ကား အိမ်ထောင်ကြီးတခုနှင့်တူ၏။ အစိုးရကား အိမ်ထောင်မှူးဖြစ်၏။ ရှင်ဘုရင်ကား တိုင်းပြည်၏ အမိအဘ ဖြစ်၏။ မှူးမတ်စသော မှုထမ်းရာထမ်းတို့သည် ရှင်ဘုရင်အား ကူညီရမည်။ ထိုမှူးမတ်စသည်တို့ကိုလည်း တိုင်းသူပြည်သားတို့၏အထဲမှ စာမေးပွဲပြုလုပ်၍ ရွေးလောက် တင်မြှောက်ရမည်။ ၎င်းတို့ကို အဆင့်အတန်းခွဲ၍ ဆိုင်ရာ အခွင့်အရေးအာဏာတို့ကို ပေးအပ်ထားပြီးလျှင် တလုံးတစည်းထည်းဖြစ်အောင်ပြုလုပ်ရမည်။ ရှင်ဘုရင်ကိုကား များစွာလေးစားရိုသေရမည်။ ထိုနောက် ရှင်ဘုရင်နှင့် မှူးကြီး မတ်ကြီးများ စုပေါင်းပြီးသော် သာသနာရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးစသော အစိုးရ၏ အုပ်ချုပ်မှု တာဝန်တို့ကို စီမံဆောင်ရွက်ရမည်။

ကွန်ဖူးရှပ်၏ အလိုအားဖြင့် အုပ်ချုပ်မှုတွင် တရားဥပဒေထက် လူကိုပို၍ အလေးဂရုပြုရမည်။ အဘယ်ကြောင့်နည်း? လူသည် တရားဥပဒေကို ပြုလုပ်၍ ၎င်း၏ အရှင်သခင်ဖြစ်သောကြောင့်တည်း။

## "ကွန်ဖူးရှပ်၏ လူ့ကျင့်ဝတ်"

လူကားသဘာဝအားဖြင့် အကောင်းဘက်ကများသောကြောင့်ကျမ်းဂန်သင်ကြားမှုစာပေလိုက်စားမှုဖြင့် လူကောင်းများအောင် ပြုလုပ်နိုင်လေသည်။ ကွန်ဖူးရှပ်၏ စနစ်အရ လူအစည်းအရုံးကြီးကို ၅ စုခွဲထားလေသည်။ ၎င်းတို့ကား

(၁) အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံရသူ။
(၂) အဖနှင့်သား။
(၃) လင်နှင့်မယား။
(၄) အစ်ကိုနှင့်ညီ။

(၅) မိတ်ဆွေနှင့် မိတ်ဆွေတို့ ဖြစ်သတည်း။ ၎င်းတို့သည်အချင်း ချင်းပေါင်း သင်း ဆက် ဆံ ကြ ရာ၌ သင်မကြိုက်သောအရာကို အခြား သူ တို့ အား မပြုလုပ်ပါနှင့်ဟူသော ဝါဒကို လက် ကိုင် ထား ရမည်။

ကောင်းမှု ကုသိုလ်ကို ချစ်ခင် ကြင်နာခြင်း ရှိမှသာလျှင် ပြုနိုင်သည်ဟူ၍၎င်း၊ တရားရှိမှသာလျှင်လူ့အခွင့်အရေးအသီးသီး နှင့် ကိစ္စတာဝန်တို့ကို ဆောင် ရွက်နိုင်မည် ဟူ ၍ ၎င်း ရိုသေကိုင်းရှိုင်းမှုရှိမှသာ လူတို့၏ အခွင့်အရေးကို နားလည်နိုင်မည်ဟူ၍၎င်း၊ အသိအလိမ္မာရှိမှသာလျှင်အကောင်းအဆိုးကိုခွဲခြားနိုင်မည်ဟူ၍၎င်း၊ သစ္စာကတိရှိမှသာအမှန်ကိုပြုလုပ်ဆောင်ရွက်နိုင်မည်ဟူ၍၎င်း၊ ကောင်းသောလုပ်ငန်း ၅ မျိုး ခွဲခြားသားလေသည်။သားသမီးတို့က မိဘတို့အား ကြည်ညိုရိုသေခြင်း လုပ် ကိုင် ကျွေး မွေး ခြင်း သည် အားလုံး သော ကောင်းမှုတို့ထက် မြင့်မြတ်သည်ဟု ကွန်ဖူးရှပ် ဘာသာ လိုက်စားသူတို့က ယုံကြည်ကြ လေသည်။

## "ကွန်ဖူးရှပ်၏ လောက ကျင့်စဉ်"

ကွန်ဖူးရှပ်၏ ဝါဒအားဖြင့် သဘာဝ မေ့နှင့် ဘိုးဘေး အဆက်အနွယ်ကို ရှိခိုးမှုသည် လောကကျင့်စဉ် ဖြစ်လေ တော့၏။၎င်းဝါဒအရ လျှုဒါန်းပူဇော်မှု ၃ မျိုး သာ ရှိ ၏။ ၎င်းတို့ကား(၁)မိုးနှင့်မြေကြီးကို ပူဇော်မှု (၂)မင်းဆက် မင်းနွယ်တို့ကို ပူ ဇော်မှု (၃) ကောက် ပဲ သီး နှံ စောင့်နတ် တို့ကိုပသမှုပင်ဖြစ်သတည်း။ ထိုမှတပါးနေလ သူရဲကောင်း များနှင့်တကွ အခြားနတ် အမျိုးမျိုးကို ပူဇော်မှုများလည်း ရှိသေး၏။ မှူးထမ်းရာထမ်းဖြစ်သော လူတို့သည်အများအား

ဖြင့်သူရဲကောင်းများ သဘာဝ နတ်များကို ပူဇော်ကြကုန်၏။ တိုင်းသူပြည်သားတို့ကမူ ၎င်းတို့၏ မိဘ ဘိုး ဘေး ဘီဘင် အစဉ်အဆက်နှင့် အစိုးရက ခွင့်ပြုထားသော နတ်တို့ကို ပူဇော်ပသကြကုန်၏။

ရှင်ဘုရင်ကမူ တိုင်းသူပြည်သားတို့၏ ဘာ သာ ရေး ခေါင်းဆောင်အနေဖြင့် ထုံးတမ်းစဉ်လာ တည့်တန့်စေခြင်း ငှာ ဆောင်းဥတုအခါ၌ မိုးယံကောင်းကင်ကိုဎင်း နွေဥတု အခါ၌ မြေကြီးကိုဎင်း ရှိခိုးပူဇော်ရလေသတည်း။

## "ကွန်ဖူးရှပ် ရွှေမျဉ်း ဓမ္မသတ်"

ကွန်ဖူးရှပ်သည် လူသတ္တဝါတို့၏ စိတ်အခြေအနေကို သေချာ မိမိသိရှိအောင် အားထုတ်ပြီး၍ လူ သဘော နှင့် လိုက်လျော ညီညာသော မြင့်မြတ်သော သုံးမသြဝါးများ ကိုပေးခဲ့လေသည်။ ၎င်း၏သြဝါဒအချို့ကို ရွှေမျဉ်းဥပဒေ ဟု အမည်ပေး၍ အကျဉ်းမျှ ဖော်ပြရသော် လူသား၏။ စိတ်ဓါတ် တိုးတက်ကြီးမြင့်ရေးအတွက် အလွန် အဘိုးတန် သော အကူအညီကို ပေးဆက် ပေလိမ့်မည်။

(၁) မြင့်မြတ်သောလူတို့သည် မိမိ၏ကိုယ်အတွင်း၌သာ လျှင်အပြစ်ကိုရှာ၏။ သေးနုတ်သော လူအောက်တန်းစားတို့ ကား သူတပါးတို့၌ အပြစ်ကိုရှာတတ်၏။

(၂) ထူးမြတ်သောသူသည် ကြက်သရေ မင်္ဂလာရှိပြီး ဖြစ်၏။ သို့သော် ငြင်းခုံခြင်းမရှိ ရွှေဘော်၏ သို့သော် ခွဲခြား ခြင်းမရှိ။ လူတယောက်၏စကားကို ယောက်ဆာ၍ ၎င်းကို ချီးမြှင့်လေ့မရှိ။ သို့သော် လူကိုကြည့်၍ ၎င်း၏စကားကို မပယ်ချေ။

(၃) သူများကို မဖြောက်ပင့်တတ်သော လူဆင်းရဲသည် ၎င်း၊ မောက်ကြွားခြင်း မရှိသော လူချမ်းသာသည်၎င်း၊ သင့်လျော်သော အကျင့်စာရိတ္တရှိ၏ဟု ဆိုနိုင်၏။ သို့သော် ဆင်းရဲသော်လည်းပြုံးနိုင်သော လူမွဲနှင့်၊ ချမ်းသာကြွယ်ဝ သော်လည်း ဖြောင့်မှန်သော အကျင့်ရှိသော ခနရှင်တို့သည် အားလုံးတို့ထက် ပိုမို၍ အချီးအမွမ်းကို ခံထိုက်လေသည်။

(၄) ဆင်ခြင်တွေးတောခြင်း မရှိသော စာပေသင်ကြား မှုသည်။ အလဟဿ အင်အားကို ဖြုန်းတီး မှုပင်ဖြစ်၏။ မဖတ်မသင်ဘဲနှင့် တွေးတောခြင်းကား၊ အလွန်ကြောက် မက်ဖွယ်ကောင်းလှ၏။

(၅) အမိပ္ပါယ်ပေါ်လွင်ဆင်ရှားအောင်ပြောဆိုတတ်သော အရည်အချင်းကား များစွာလိုလားအပ်သော အရာတည်း။

(၆) ဖြုန်းတီးမှုသည် စည်းကမ်းမဲ့ခြင်း မနှံ့နာ ခြင်း ကို ဖြစ်စေ၏။ နှစ်မြောစေးနဲခြင်းကား ယုတ်ညံ့သော သဘော ကို ဖြစ်ပွားစေတတ်၏။ သို့ရာတွင် သဘောယုတ်ခြင်းသည် မနှံ့နာခြင်းထက် ပို၍ကောင်း၏။

(၇) လူဘယောက်သည် သူ၏ဝါဒစည်းမျဉ်းကိုသူကိုယ် တိုင်ရေးဆွဲနိုင်၏။ သို့သော် သူ၏ဝါဒစည်းမျဉ်းသည်သူ့ကို မပြုပြင်နိုင်။

(၈) သတိရှိသောသူသည် အမှားကိုပြုလုပ်ခဲ၏။

(၉) ယုတ်ညံ့သောသူသည် အုပ်ချုပ်သောလုပ်ငန်းနှင့် မသင့်တော်ချေ။

ဤထူးခြားမြတ်သော ကွန်ဖူးရှပ်၏ ဝါဒများသည် ထိုခေတ် အခါမှစ၍ ယခုကာလတိုင်အောင်တရုပ်နိုင်ငံဘွားပြည်ကြီး သားတို့၏ အကျင့်စာရိတ္တကို များစွာကောင်းမွန်စေခဲ့လေ

သည်။ တရုပ်တိုင်းရင်းဝါဒကို နည်းများမဆို နှုတ်တိုက်ရရှိကြလေသည်။ ထို့ကြောင့် တရုပ်နိုင်ငံ၌ ကွန်ဖူး ရှပ်၏ဝါဒ တိမ်ကောခဲ့စေကာ ရင်း၏ဝါဒဘိုမူ တရုပ်လူမျိုးတို့နည်းများမဆို သတိရလျက် ရှိကြလေသတည်း။

## "ရှင်တိုဘာသာ"

ရှင်တိုဟူ၍ရင်း။ကာမိ နိုမိကျိဟူ၍ရင်း(ဝါ)လောကုတ္တရာလမ်းဟူ၍ရင်း ထင်ရှားသော ဘာသာသည် ဂျပန်လူမျိုးတို့၏ အယူဝါဒဖြစ်ခဲ့၏။

ရင်းသည်ဂျပန်ပြည်နှင့်တရုပ်ပြည် ပထမအကြိမ်အဆက်အသွယ်ဖြစ်ပြီးနောက်များမကြာမီဖြစ်ထွန်းပေါ်ပေါက်လာခဲ့လေသည်။ရှင်တိုဘာသာကြီးပွါးတိုးတက်၍လာရာ၌(၁)သဘာဝဓမ္မ (၂) ယဉ်ကျေးမှုဟူ၍ အဆင့်အတန်း ၂မျိုး ပိုင်းခြား၍ကြီးပွားခဲ့လေသည်။ထို၂မျိုးတို့တွင်နံပါတ်(၁)အရသဘာဝဓမ္မရှိခိုကုဘာသာကိုတွေ့မြင်ရ၏။နံပါတ်(၂)အရဗုဒ္ဓဘာသာကွန်ဖူးရှင် ဘာသာတို့၏ ဩဇာတန်ခိုး လွှမ်းမိုးခြင်းခံရသောလောကဓမ္မဆိုင်ရာယဉ်ကျေးမှုများကိုဖော်ပြထားလေသည်။

## "သဘာဝဓမ္မကိုးကွယ်မှု"

ရှင်တိုဝါဒ၌ သဘာဝဓမ္မ ရှိခိုးမှုကိုရင်း၊ အဝိညာဏကရုပ်ဘု ကိုးကွယ်မှုကိုရင်း တိရစ္ဆာန်ရုပ်၊ ရှိခိုးမှုကိုရင်းဝိညာဏ် ကိုးကွယ်မှုကိုရင်း၊ ဥာ ဝ ယ တ ဆူ တည်း သာရှိသည်ဟူသောယုံကြည်မှုကိုရင်း တွေ့ရှိရလေသည်။

ရှင်တိုဘာသာဝင် ဂျပန်တို့သည်နေကိုရင်း လကိုရင်း၊ မိုးသက်မုန်တိုင်းကိုရင်း၊ မိုးကြိုးကိုရင်း၊ လေကိုရင်း၊ မီးကိုရင်း၊ မြေကြီးကိုရင်း၊ ပင်လယ်ကိုရင်း၊ တောင်ကိုရင်း၊

မြေလျှော်၏ အရှင်ဖြစ်သော နတ်ကိုရင်း မိးတောင်ကိုရင်း၊ ရေတွင်းများကိုရင်း စန်းချောင်းများကိုရင်း၊ ကျောက်တောင် ကျောက်ဆောင်များကိုရင်း၊ မြေအမျိုးမျိုးကိုရင်း၊ ပျားကိုရင်း၊ ဝံပုလွေကိုရင်း၊ တောဝက်ကိုရင်း၊ ယုန်ကိုရင်း၊ အဆိုးစကား ရေးသားရသော်ပိုးကောင် မွှားကောင်တို့နှင့်သစ်ပင်နွယ်ပင် ဟင်းသီးဟင်းရွက်ပင် ပျောင်းစပါးစသော အပင်တို့ကိုရင်း ရှိခိုးပူဇော် ကြလေကုန်၏။

## "လူ့သေမိန်းကောင်းကို ရှိခိုးမှု"

ရှင်တိုဘာသာဝင်တို့သည် ထူးချွန်မြင့်မြတ်သော သူရဲ ကောင်းများကို ကာမိ (ဝါ) နတ်ဟု အမည်တပ်၍ ၎င်းတို့ အသက်ရှင်စဉ် အခါ၌ရင်း သေပြီးနောက်၌ရင်း ရှိခိုးပူဇော် လေ့ရှိ၏။ ထိုသူရဲကောင်းများမသေမီအခါ၌ရင်းတို့အတွက် ဆောက်လုပ် လှူဒါန်းသောရှင်တိုဘုရားကျောင်းများကိုပင် ကျွန်ုပ်တို့တွေ့ရှိရလေသည်။ ဂျပန်ဧကရာဇ် ဘုရင်မင်းမြတ် ကို အာကျိတိုဂမိ (သို့မဟုတ်) အကိစုကာမိ (သို့မဟုတ်) သာကာရဒေဝ (သို့မဟုတ်) အကောင်အထည် ရှိသောနတ်ဟု အသိအမှတ်ပြုကြလေသည်။

ထိုမှတပါး ရဲရင့်သော စစ်သူကြီးများ (သို့မဟုတ်) ကြီးကျယ်သော သူရဲကောင်းများ ကိုလည်း လူ၏ အသွင်ကို ဆောင်၍ နေသော နတ်များဖြစ်သည်ဟု ယုံကြည် ကြလေ ကုန်သည်။ ထို့ပြင်ရှင်တိုဘာသာ၌ ဘိုးဘွားဘီဘင်အဆက် အနွယ် ရှိခိုးမှုနှင့် သင်းချိုင်းပူဇော်မှု အမျိုးမျိုးတို့ကို ပြုသည့် အပြင် ဧကရာဇ် ဘုရင်မင်းမြတ် အသုံးပြုခဲ့သော မှန်ဓါးရည်

ကျောက်သံ ပတ္တမြားတို့ကို သက်မဲ့ ဆင်းတု အဖြစ်ဖြင့် ကိုးကွယ်ပူဇော်လေ့ရှိကြကုန်၏။

## "ကျောက်တုံးကျောက်ခဲ ကိုးကွယ်မှု"

ဂျပန်နိုင်ငံ၌ ကြီးကျယ်သော ကျောက်တုံးကျောက်လုံးကြီးများကို အဝိဇ္ဇာဏကက ရုပ်တုဆင်းတုများ ဖြစ်သည်ဟု အသိအမှတ် ပြုကြကုန်၏။ ထို့ပြင် ကျောက် (သို့မဟုတ်) သစ်သားဖြင့် ထုလုပ်ထားသော ပုရိသလိင် ဣတ္ထိလိင်အမျိုးမျိုးတို့ကို မြတ်နိုးကြလေကုန်၏။ ထို့ပြင် ကျိုးတိုမြို့ရှိ ကာမိုဘုရားကျောင်းမှ ရှင်တိုရဟန်းတို့၏ အလွန်ရှေးကျသော ဘိုးဘွား ဘိဘင်ဖြစ်သော ကာမိုဘာကေမိ နှင့် ဝိကိုတိုသည် မြင့်မြတ် ကြီးကျယ်သော ကျီးကန်းကြီး ဖြစ်သည်ဟု ရှင်တိုဘာသာဝင်တို့က ယုံကြည်ကြကုန်၍ နောံအခါ၌ ၎င်းကျီးကန်းကြီး အတွက် သီးသန့် ကျောင်းဆောင်တခု ဆောက်လုပ်၍ ၎င်းကို ပူဇော်ကြလေကုန်၏။ ရှင်တိုဘာသာဝင် ဂျပန်တို့သည် ဂျင်မူဧကရာဇ် ဘုရင်၏ အဘကား မိကျောင်းမှ (သို့မဟုတ်) ဟိကို ဟိုဟိုဒေမိ နိုမိကိုတို၏။ ကြင်ဘက်တော်ဖြစ်သော တိုရှိတာ မဟိမေ မည်သော ပင်လယ်နတ်သမီးမှ၎င်း မွေးဖွားသော သားထုံးသားမြတ် ဖြစ်သည်ဟု ယုံကြည်ခြင်းကြောင့် ၎င်းကိုလည်းအမြတ်တနိုး ရှိခိုး ကိုးကွယ်ကြလေကုန်၏။

ထိုမှတပါး ဂျပန်ဧကရာဇ် ဘုရင်တိုင်းကို နေနတ်သမီး၏ အဆက်အနွယ်များ ဖြစ်သည်ဟု ယုံကြည်ကြသောကြောင့် ယခုခေတ် သမယတိုင်အောင် ဂျပန် ဧကရာဇ်တိုင်းသည် ဘာသာရေး၏၎င်း၊ တိုင်းရေးပြည်ရေး၏၎င်း၊ တဦးတည်းသော ကိုယ်စားလှယ်ဖြစ်လေသည်။ ဆိုလိုရင်းကားဘာသာ

ရေးဆိုင်ရာရှိခိုးပူဇော်ဘွယ်ရာ ဘုရားလည်းဖြစ်၍တိုင်းပြည်ကိုအုပ်ချုပ်သော မင်းလည်းဖြစ်သည်ဟုဆိုလိုသည်။ ဤနည်းအားဖြင့် ရှင်တိုဘာသာသည် ဂျပန်အမျိုးသား ဘာသာ (သို့မဟုတ်) အစိုးရဘာသာဖြစ်၍ ဧကရာဇ်မင်းများကို ရှိခိုးသောဝါဒအဖြစ်သို့ ရောက်ခဲ့လေသည်။

ထို့ကြောင့် ဂျပန်လူမျိုးတို့၏ အမျိုးကိုချစ်သောစိတ်နှင့် ဘုရင်၏ ကျေးဇူးသစ္စာကို စောင့်သိ ရှိ သေ သော စိတ်တို့သည် ဘာသာရေးအရှိန်အဟုန် လွှမ်းမိုးမှုကြောင့် အခြားလူမျိုးတို့၏ မျိုးချစ်စိတ် စသည်တို့ထက် များစွာပိုမို၍ ခိုင်မာလေသည်။ နံပါတ် ၂ဖြစ်သော ယဉ်ကျေးမှု အဆင့်အတန်းနှင့် ပတ်သက်၍ကားရှင်တိုဘာသာသည် အစပထမ၌ အဝိညာဏက အ ရာ ဝတ္ထုများကို ဝိညာဏ်ရှိသည်ဟု ယူသောဝါဒ ဖြစ်ခဲ့၏။ ဒုတိယ အဆင့်၌ နတ်အများကို ကိုးကွယ်သောဝါဒဖြစ်ခဲ့၏။ နောက်ဆုံးဖြစ်သော တတိယ အဆင့်၌ ဋ္ဌာဝယသည် အားလုံးသော အရာဖြစ်၏။အားလုံးသောအရာသည် ဋ္ဌာဝယ်ဘုရားဖြစ်၏ဟု ယူဆသော ဝါဒ ဖြစ်ခဲ့၏။

## "လောကာယတ ဘာသာ"

၎င်းဘာသာကို တည်ထောင်သူကား ဗြိဟဿတိဆရာကြီး၏တပည့်ဖြစ်သော စာရဝါက မည်သော ပုဂ္ဂိုလ်ဖြစ်လေသည်။၎င်းဆရာကြီး၏ဟောပြချက်တို့ကား အသက်မသေမီအတွင်း၌ ချမ်းသာစွာနေရမည်။ ဤလောက၌ မသေမည့်သူမရှိ။ထို့ပြင် သေပြီးသောသူသည် ပြန်လာရိုးမရှိ။နတ်ပြည်လည်းမရှိ။ ဗြဟ္မာပြည်လည်းမရှိ။ နိဗ္ဗာန်လည်းမရှိ။ ငရဲ

လည်းမရှိ။ အသက်မသေမီအတွင်း၌ ထင်သလို စားသောက်၍ ထင်သလို နေထိုင်နိုင်၏။

လူသတ္တဝါသည် မိမိစိတ်ထင်ရာကို ပြုလုပ်နိုင်၏။ ၎င်းဘာသာ၏ အလိုအားဖြင့် လူသတ္တဝါသည် ယခုတဘဝအတွက်သာ ဖြစ်၏။ ဤပစ္စုပ္ပန်ဘဝသည် အစလည်းဖြစ်၏။ အဆုံးလည်းဖြစ်၏။ ယခုဘဝ၌ ပြုလုပ်သမျှသော အကြောင်းတရားကိုသည် သတ္တဝါသေသည်နှင့် တပြိုင်နက်ကုန်ဆုံးချုပ်ပျောက်ခြင်းသို့ ရောက်ကြကုန်၏။ နောက်တဖန် ဘဝအသစ်ဖြစ်ပေါ်၍ ထိုထိုအကြောင်းတရားတို့၏ ကောင်းကျိုးဆိုးပြစ်တို့ကို ခံစားဘွယ်ရာ မရှိတော့ပြီ။ ထို့ကြောင့် လူသတ္တဝါသည် မိမိ၏ ကိုယ်စိတ် ပျော်ရွှင်မှုအတွက် မိမိကောင်းမည်ထင်သော အရာများကို အပိုက်အပင် အဆီးအတား မရှိကြောက်ဘွယ် လန့်ဘွယ်မရှိ ပြုလုပ်နိုင် သေးတော့သတည်း။

ဤဝါဒ မျိုးကား အမှန်ဘုရားတည်းဟူသော အလင်းရောင်ကို ထွန်းပြမည့် ပုဒ္ဓိုလ်တူး ပုဂ္ဂိုလ်မြတ်တို့ မရှိကင်းကွာသောခေတ်အခါ၌ ဖြစ်ထွန်းခြဲ ပေါ်ပေါက်ခြဲ ဖြစ်လေသည်။ ဤဆရာ၏ အယူအတိုင်း ဤဘဝသည် နောက်ဆုံးဖြစ်ခဲ့သော် မည်သည့်ကောင်းမှု ကောင်းတာကိုမျှ ပြုလုပ်ရန် မလိုသည်ကား မှန်ပေ၏။ သို့သော် မှောင်နေစဉ် အခါအိမ်အောက်မှာ ဘာမျှမရှိဟုအင်မှတ်၍ ပေါက်ဆိန်ကို ပစ်ချလိုက်သော လူမိုက်သားကဲ့သို့ အမိ၏ခေါင်းကို ပစ်ချပြီးသား ဖြစ်ရာသကဲ့သို့ ဖြစ်တတ်သောကြောင့် ထိုအယူဝါဒများကို အထူးစင်းစားသင့်၏။

## "ဝိညာဉ်ဝါဒ"

၎င်းဝါဒကို အင်္ဂလိပ် ဘာသာအားဖြင့် စပီးရစ်ကြူး

ရယ်လစ်ဇင်းဟုခေါ်သည့်မြန်မာတို့၏လောက်လန်းသဘွယ် ဝိညာဉ်တွယ် ဟူသောဝါဒပင်ဖြစ်၏။ ထို ဝါဒ မျိုးကာ အလင်းရောင်ကင်းမဲ့စဉ်အခါက ဖြစ်ပေါ်ခဲ့ကြသော လူသတ္တဝါတို့ ဖြစ်ကတတ်ဆန်း တောရမ်းမယ်ဘွဲ့ ယုံကြည် ပြောဆိုလာကြသောအရာဖြစ်ခြင်းကြောင့် မယ်မယ်ရရတည့်တောင် ဖန်ဆင်းသူကိုဖော်ပြရန်မဖြစ်နိုင်ချေ။ သို့သော် ထိုဝါဒသည် ယခုအခါ လောကအတွင်းရှိ တိုင်းပြည်နိုင်ငံ အသီးသီးတို့၌ လူအမျိုးမျိုးတို့သည် များစွာယုံကြည် အားကိုး ကြသော ကြောင့် အလွန်ထင်ရှား လူကြိုက်များလျက် ရှိချေသည်။

၎င်းဝါဒအရ သတ္တဝါတိုင်း၌ (၁)ရူပကာယ ရုပ်ကိုယ် (၂)နာမကာယ နာမ်ကိုယ်ဟူ၍ နှစ်မျိုးရှိလေသည်။ ထိုနှစ်မျိုးတို့တွင် ရူပကာယဟူသည် ကျွန်ုပ်တို့ မြင်နိုင် တွေ့သိနိုင်သော ရုပ်အစုကိုဆိုသည်။ နာမ်ကိုယ်ဆိုသည်ကား ထိုရုပ်တို့၏ အတွင်း၌ ကိန်းအောင်းမှီတင်းနေပြီး၍ ရုပ်ကိုယ် ပျက်စီးသောအခါ (ဝါ)သတ္တဝါသေသောအခါ ရူပကာယအတွင်းမှ ထွက်ခွါသွားသော ကျွန်ုပ်တို့မမြင်နိုင်သော ကိုယ်ဟုဆိုလိုသည်။

ထိုသို့သတ္တဝါ၏ကိုယ်တွင်းမှ ထွက်ခွါသွားသော နာမ်ကိုယ်ဟု ခေါ်အပ်သော ဝိညာဉ်တို့သည် ဝိညာဉ်လောကကြီး၌အထင်အရှားသွားလာနေထိုင်လျက်ရှိကြကုန်၏။တခါတရံ ထိုဝိညာဉ်လောကသို့ ရောက်နေကြသောသူတို့သည် ဤလောက၌ အသက်မသေ တည်ရှိနေရစ်ခဲ့ကြသော လူတို့နှင့် အဆက်အသွယ် ပြုလုပ်လျက် နေကြကုန်သည်ဟူ၏။

သို့ရာတွင် ဤကမ္ဘာလောကရှိ လူသတ္တဝါတိုင်း ဝိညာဉ်လောကရှိသူတို့နှင့် အဆက်အသွယ် မပြုမလုပ်နိုင်ချေ။ ထို့

ကြောင့် မိဒီယံခေါ်သောနတ်ဝင်များလိုလေသည်။ ထိုနတ်ဝင်များသည် ဝိညာဉ်လောကရှိသူတို့နှင့် အမြဲဆက်သွယ်နိုင်ကြကုန်သတတ်။ သေဆုံးလေပြီးသော မိဘ သို့မဟုတ် ဆွေမျိုးညာတိ၊သို့မဟုတ် ချစ်ခင်သောမိတ်ဆွေတို့နှင့် တွေ့ဆုံ၍ စကားပြောဆိုလိုကြသော သူတို့သည် ထိုမိဒီယံခေါ်သော နတ်ဝင်ထံသို့ သွားရောက်ကြရကုန်၏။ ထိုအခါ နတ်ဝင်သည် ထိုသူတို့ တွေ့ဆုံပြောလိုသော ဝိညာဉ်လောကမှသူတို့ကို ခေါ်ယူလိုက်လေသည်။ ထိုနောက် နတ်ဝင်၏ အကူအညီအားဖြင့် ဤလောကရှိ လူသားတို့သည် ဝိညာဉ်လောကမှ သူတို့နှင့်အကျိုးအကြောင်းမေးမြန်းပြောဆိုနိုင်ကြကုန်သောဟူ၏။

သေလွန်၍ သွားကြလေကုန် ပြီးသော ကျွန်ုပ်တို့၏ ဆွေမျိုးညာတိ မိတ်သင်္ဂဟတို့သည် ပိညာဏ လောကသို့ ရောက်ရှိကြ၍၊ မအို-မသေ အမြဲ တည်နေကြကုန် ပြီးလျှင် ကျွန်ုပ်တို့လာမည့်လမ်းကို မျှော်မှန်းစောင့်စားလျက် နေကြကုန်သောဟူ၏။

ယခုအခါ ကျွန်ုပ်တို့ မြန်မာ လောကရှိ နတ်ကတော်ဆိုသော သူတို့သည်လည်း၊ ဤဝါဒ၏ စည်းမျဉ်းကို အတိအကျလိုက်နာလုပ်ကိုင်နေသူများဖြစ်ကြကုန်၏။ ထို့ကြောင့် များစွာသောလူတို့သည် ထိုနတ်ကတော်များထံသို့ သွား၍ အနာဂတ်၌ ဖြစ်ပျက်လတံ့သော အကြောင်းအရာများနှင့် တကွ အရပ်တပါးသို့ သွားလေသူ၊ သို့မဟုတ် သေဆုံးပြီးလေသူတို့၏အကြောင်းအရာကို မေးမြန်းကြလေကုန်သည်။

ကျွန်ုပ်တို့ နိုင်ငံမှ တပါး အခြားသော နိုင်ငံ များ၌လည်း ဤနည်း အတိုင်းပင် လူအများတို့ ပြုလုပ်၍ နေကြ ကုန်၏။

သို့ရာတွင် ထူးခြားချက်ကား အနောက် တိုင်းရှိ နတ်ဝင်တို့သည် ခေတ်ပေါ် လောကဓာတ်နှင့် တွဲဖက်၍ မိမိ တို့၏ လုပ်ငန်း ကို တွင် ကျယ် အောင် ပြု လုပ် ကြ လေ သည်။ လော က ဓါတ် ပ ညာ ကို တတ်မြောက်သော အချို့သော ဝိညာဏဘာသာဝင်တို့သည် ဝိညာဏလောကရှိ သူတို့ကို ဓာတ်ပုံရိုက်ယူရန်ပင် ကြိုးစားနေကြ လေကုန်ပြီ။ စင်စစ်မှာ ဤဝိညာဉ် ဝါဒသည် အတ္တဝါဒ၏ အစိတ် အပိုင်း မျှသာ ဖြစ်သတည်း။

## "ဇိနဝါဒ"

ဂျိန်း(ဝါ) ဇိန ဝါဒကို စကာ် တည်ထောင် သူကား မဟာဝိရ ဟူသော အမည်ဖြင့် ရာဇဝင် ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်၏။ ၎င်းသည် ပါဠိပိဋကတ်များ၌ နိဂဏ္ဌနာဋပုတ္တ ဟူသောဘွဲ့ဖြင့် ထင်ရှားခဲ့၏။ ဂေါတမ ဗုဒ္ဓ မပွင့်ပေါ်မီက ကျော်စောထင်ရှားခဲ့သော ဘုရား(၆)ဆူတို့တွင် တပါးအပါ အဝင်ဖြစ်ခဲ့၏။ ထို့ကြောင့် ၎င်းဝါဒသည် ကမ္ဘာ၌ အလွန် ရှေးကျသော ဘာသာတရပ် ဖြစ်ခဲ့၏။ ၎င်းဘာသာအရ ကိလေသာကုန်ပြီးသော(ဝါ)ကမ်တည်းဟူသော အာသဝ ကို ဖျက်ဆီးပြီးသော ပုဂ္ဂိုလ်များကို ဇိနဟုခေါ်လေသည်။

မဟာဝိရဘုရားကို တိရတ္ထံကရဟုလည်း ခေါ် ဆိုကြကုန်၏။ ၎င်းသည် ဝေသာလီမြို့၌ ခရစ် မပေါ်မီ နှစ်ပေါင်း ၆၀၀ ကျော်က မွေးဖွားခဲ့၏။ ၎င်းသည် ပရာကရစ် ဘာသာ ဖြင့် ၎င်း၏တရားများကိုဟောခဲ့၏။ ၎င်း၏ ရုပ်ပွား များကို ဇိနဘုရားကျောင်းများ၌ ယခုအခါတွေ့မြင်နိုင်၏။ ဂေါတမ ဗုဒ္ဓ၏ရုပ်ပွားနှင့် ဆင်တူ ရိုးမှား ဖြစ်၏။ ထူးခြားချက်ကား မဟာ ဝိရ၏ ရုပ်ပွား၌ အဝတ်သင်္ကန်းမပါခြင်းပင်ဖြစ်၏။

ဝင်းမဟာဝီရ မရှိသည့်နောက် ဇိနဝါဒ၌ ဒိဃမ္ဗရနှင့် သေတမ္ဗရဟူ၍ဂိုဏ်း ၂ ဂိုဏ်းကွဲပြားခဲ့၏။ ပ ၈၁ နှ ကွဲပြားခြင်း၏ အကြောင်းကား၊ ရဟန်းများ သင်္ကန်း ဝတ်ရုံမှုနှင့် မဝတ်ရုံမှုဖြစ်ခဲ့၏။ ဒိဃမ္ဗရဂိုဏ်းဝင် ဇိန ရဟန်း တို့သည် သင်္ကန်းအဝတ် မဆီးမဝတ်ကြကုန်၊ သေတမ္ဗရ ဂိုဏ်းဝင် ရဟန်း တို့ထက် ပြင်းထန်သော အကျင့် ရှိကြ ကုန်၏။ သေတမ္ဗရ ဂိုဏ်းဝင် တို့ကား သင်္ကန်း ဝတ်ရုံကြ ကုန်၏။ ဒိဃမ္ဗရ-ကောင်းကင် ပုဆိုးအိမ်မိန်း ဝတ်သူ၊ အဓိပ္ပါယ်ကား လုံးလုံး အဝတ်မကပ်သူ။ ။သေတမ္ဗရ-အဝတ်ဖြူဝတ်သူဟု ဆိုလို၏။ ယခုခေတ်ပေါ် သေတမ္ဗရမှ ကွဲလာသော ဌာနက ဝါသီ ဂိုဏ်းဝင်တို့သည် ရုပ်ပွား ဆင်းတု ကိုးကွယ် မှုကို စွန့်ပယ်ကြလေကုန်ပြီ။

မဟာဝီရ ဝဍ္ဍမာနသည် ဝေသာလီ လိစ္ဆဝိ မင်းမျိုးမှ မွေးဖွားခဲ့၏။ အရွယ် ရောက်သော် တောထွက် ပြီးလျှင် ပါရ္ရှနာထ၏ အသင်း၌ တရားနိသျှည်းကို ခံယူလေသည်။ သို့သော် ထိုသူ၏ တရားကို မကြေနပ် သဖြင့် ကိုယ်တိုင် ကျင့်ကြံအားထုတ်ခြင်းဖြင့် ဘုရားအဖြစ်သို့သက်တော်(....) အရွယ်၌ရောက်ရှိလေသည်။ထိုအခါမှစ၍ နှစ်ပေါင်း(၃၀) ကျော်တိုင်တိုင် မရပ်မနား လှည့်လည် ကြွသွား၍ တရား အမြိုက်ဆေး ကို လောကသား တို့အား တိုက်ကျွေးခဲ့လေသည်၊ သူသည် ခရစ်သက္ကရာဇ်မပေါ်မီ ၄၄၇ ခုနှစ်၌ ပါဝါမြို့တွင် နောက်ဆုံးစခမ်း မောက္ခနန်းသို့ ကြွမြန်းခဲ့လေသတည်း။

ဇိနဝါဒအရ လောကကြီးတခုလုံးကို ဇီဝ နှင့် အဇီဝဟူ၍ နှစ်ပိုင်း ခွဲထား၏။ ဇီဝကား၊ အသက်(ဝိ) နာမ်ဝိညာဉ်။

အဇီဝကား သက်မဲ့ အရာ (ဝါ) ရုပ်ဖြစ်၏။ ဇီဝနှင့် အဇီဝ ပေါင်းမှုသည် ဤကမ္ဘာလောက၌ ဒုက္ခ-သုခ ရုပ်ပွဲခြင်း၏ အကြောင်းဖြစ်၏။ ဇီဝသည် အဇီဝဟူသော အနှောင်အဖွဲ့မှ ကင်းလွတ် ခဲ့သော် သန့်ရှင်း စင်ကြယ် ခြင်းသို့ ရောက်၍ နောက်ဆုံး မောက္ခစခန်းသို့ ဝင်ရောက်နိုင်လေသည်။

ဇီဝသည် အဇီဝနှင့်တွဲနေသမျှ ကာလပတ်လုံး (ဝါ) အဇီဝစာရင်းဝင် သုဘကမ္မ အသုဘကမ္မ နှစ်ခုတို့နှင့် ရောထွေးနေသချို့ ကာလပတ်လုံး လွတ်လပ်ခွင့်ကို မရနိုင်။

တဖန် သိဒ္ဓဇီဝ၊ သံသာရိကဇီဝဟူ၍ နှစ်မျိုးခွဲခြားပြန်သည်။ လွတ်လပ်ပြီးသောဇီဝနှင့် မလွတ်လပ်သောဇီဝဟု ဆိုလိုသည်။ သံသာရိက-မလွတ်လပ်သေးသောဇီဝကို (၁) ဇင်္ဂမဇီဝ ထာဝရဇီဝ (၂) ဒေဝဇီဝ၊ မနုဿဇီဝ၊ တိရစ္ဆာနဇီဝဟူ၍ ၄ ပါး(၃) ဧကေဝါကာရဇီဝ၊ ဥဘဝေါကာရဇီဝ ကြိဝေါကာရဇီဝ၊ စတုဝေါကာရဇီဝ၊ ပဥ္စဝေါကာရဇီဝ ဟူ၍ ငါးပါးစသည်ဖြင့် ခွဲခြားထားပြန်လေသည်။ ဤဇီဝသည် ကမ္မနှင့် တွဲစပ်မိသော အခါ ပုံသဏ္ဌာန်အမျိုးမျိုး ယူသောကြောင့် ဤသို့ကွဲပြားရသတည်း။

အဇီဝသည်လည်း။

(၁) ဓမ္မဒ္ဒိကာယ-ဝိညာဏ်နှင့်ရုပ် ကိုတွဲပြီးလှုပ်ရှားသွားလာအောင်ကူညီတတ်သောအဇီဝ။

(၂) အဓမ္မာဒ္ဒိကာယ-ဝိညာဏ်ကိုဖြစ်စေ ရုပ်ကိုဖြစ်စေငြိမ်နေအောင်ကူညီတတ်သော အဇီဝ။

(၃) အာကာသဒ္ဒိ- သက်ရှိသက်မဲ့တို့ကို မိုးကာ၍ပေးတတ်သောအဇီဝ။

(၄) ကာလ-အချိန်။

(၅)ပုဂ္ဂလ ရုပ်ခြင်ဖြင့်မှု၍ ငါးပါး ကွဲပြားပြန်လေသည်။ သုဘကမ္မ ကောင်းသောကံ၊ အသုဘကမ္မ မကောင်းသောကံတို့ကို အာသဝဟုခေါ်၏။ ၎င်းအာသဝ မစီးဝင်နိုင်အောင်သံဝရဟူသော ပိတ်ဆီးမှုရှိရမည်။ ထိုအာသဝမှ မိမိ၏ ဇီဝကင်းအောင်အားထုတ်၍ ၎င်းကံများအပြီးသတ်သေခဲ့သော်မောက္ခအစစ်ကိုရရှိလေတော့၏။

ဇိနရဟန်းများအတွက် ငါးပါးသီလကား

(၁)သတ္တဝါကိုညှဉ်းဆဲသတ်ဖြတ်မှုမှ ရှောင်ကြဉ်ခြင်း။

(၂)မမှန်သောစကားကို မပြောဆိုခြင်း။

(၃)သူတပါး၏ ပစ္စည်းကိုမခိုးယူခြင်း။

(၄)ကာမမှုမှရှောင်ကြဉ်ခြင်း။

(၅)ကိုယ်ပိုင်ပစ္စည်းမထားခြင်း။တို့ဖြစ်သတည်း။

၎င်းတို့တွင် (၁) နံပါတ်အဟိံသာတရားသည် အလွန်တင်းကြပ်လှ၏။ ဇိနဘာသာဝင်တို့၏ အယူအားဖြင့် လူ အခြေလေးချောင်း ၂ ချောင်း တိရစ္ဆာန်နှင့် ပိုးမွှားတို့သာမက သစ်ပင်အမျိုးမျိုး၊ တွင်းထွက်သတ္တု အမျိုးမျိုး၊ ရေလေ မီးတို့တွင် သဇီဝ သတ္တဝါများ ဖြစ်လေသည်။ ထို့ကြောင့် အိမ်ယာထောင်သူဇိနဘာသာဝင်တို့သည်၎င်းအဟိံသာကို မဖြည့်မကျင့်နိုင်ကြကုန်။ ဇိနရဟန်းများသာ ဖြည့်ကျင့်နိုင်လေသည်။ ဇိနရဟန်းတို့သည် ရေကိုပင် အစိမ်းသောက်ခြင်းမှ ရှောင်ကြဉ်ကြကုန်၏။

ဇိနဘာသာဝင် ဒကာ ဒကာမတို့သည် ဆွမ်းရော ရေကျက်ပေါ် လှူဒါန်းကြရကုန်၏။ထိုပြင် အခြားသိက္ခာပုဒ်တို့သည်လည်း သာမန်လူသားတို့ မလိုက်နာနိုင်အောင် တင်းကြပ်လှကုန်၏။အတ္တကိလမထာနုယောဂ သဘောမျိုး

သို့ သက်ရောက် အောင် ပြဲးထန်လှ၏။ ထို့ကြောင့် ဇိနဘာသာဝင်ဤ၍ ချနည်းပါးလှသောသိက္ခာ ပုဒ်ငါးခုမျှကိုအပြည့်အစုံ စောင့်သိန်းရသောကြောင့် ရဟန်းများ နည်းပါးလှချေ၏။ ဇိနဘာသာဝင် လူဦးရေ ၁၀ သိန်းမျှ ရှိစေကာ ဇိနရဟန်း ၁၀ ပါးသက်ပိုမည် မဟုတ်ချေ။

ဇိန ဘာသာသည် ဌာဝယ ဘုရားကိုဇင်း ၎င်း၏မျာဒိတ်မှုက္ခပတ်တော်ကိုဇင်း၊ ကမ္ဘာ၏ ဖန်ဆင်း ရှင်ကို ၎င်း၊ အသိအမှတ် မပြုချေ။ သိဒ္ဓမောက္ခအခြေသို့ ရောက်နေသော ဇိဝကို ဌာဝယဘုရား ဆိုကဆိုနိုင်၏။ ဇိနဘာသာဝင်တို့အတွက် အရေးအကြီးဆုံးပဓါနလုပ်ငန်းကား ကမ္ဘရေအယာဉ် ကိုရပ်စဲရန်၊ ရှေးရှေးဘဝကပြုလုပ်စုဆောင်းလာခဲ့သော ကမ္မအစိုင်အခဲကို ထုခွဲချေဖျက်ရန်၊ ဇီ ဝ လွတ် လပ်ရေး အတွက် ကောင်း ဆိုသမျှ အရည်အ ချင်းတို့ ကို ပြည့် စုံအောင် အားထုတ်ရန်ဖြစ်၏။ပြင်းထန်သော အကျင့်များကိုကျင့်ခြင်းဖြင့် ကမ္မသတ္တိကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်လေသည်။ ဇိနဘာသာဝင်တို့၏ဘုရားကား ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်းကာမအနှောင် အဖွဲ့ကို ချိုးဖျက်ပြီးသူ လုံးဝလွတ်လပ်ပြီးသူတို့သာဖြစ်၏။

ဇိနဝါဒသည် သက်ရှိသတ္တဝါ ဟူသမျှကို သမာနတာသဘောအားဖြင့် အားလုံး အတူတူပင် ဖြစ်သည်ဟု ရှုရန်၊ သတ္တဝါအားလုံး၏ စိတ်ရောကိုယ်ပါ ချမ်းသာ ရွှင်လန်းမှုကို အလေးပြုရန်၊ ဇိဝကို တဆင့်ထက် တဆင့် မြင့်သည်ထက်မြင့်အောင် အားထုတ်ရန် ဟောခဲ့၏။

ဇိနဝါဒသည်ဇာဘ်ကိုဇင်း၊ အယူကိုဇင်း၊အမျိုးအနွယ်ကို ၎င်း၊အသိအမှတ်မပြုချေ။မည်သူမဆိုအဟ်ံသစသောငါးပါး

သီလကို အထိုက်အလျောက်လုံခြုံ အောင်(ဝါ)မပေါက်ကြား အောင် စောင့်သိမ်းနိုင်၏။ ထိုသူသည် ဇိနဘာသာဝင် ဖြစ်လေတော့၏။

ပြင်းထန်သော အကျင့်ဖြင့်သာ ဇီဝ၏ လွတ်လပ်မှုကို ရနိုင်သည်။ အဟိံသသစ္စ၊ အထေယျ၊ ဗြဟ္မစာရီ၊ အပရိဂ္ဂဟ ဏဟူသော သိက္ခာပုဒ် ၅ခုသည် ဇိနရဟန်းနှင့် ဇိနလူသားတို့အတွက်ဖြစ်၏။ ရဟန်း တို့သည် ၎င်း တို့ ကို ကမ်း ကုန်လမ်းကုန် လိုက်နာ ကျင့်သုံးရမည်။

လူသားကား လောကဓမ္မ စည်းမပေါက် ကြားရုံမျှသာ လိုက်နာကျင့်သုံးရ၏။ ဤမျှသာထူးလေသည်။ ထို့ကြောင့် အလွန်ရှေးကျသော ခေတ်သမယမှစ၍ ရိသျှဘဒေဝ ဇိနတို့ စတင်တည်ထောင်ခဲ့သော ဇိနဘာသာသည် ယခုတိုင်ဣန္ဒိယ နိုင်ငံ၌ အဆက်မပြတ် တည်ရှိခဲ့လေသည်။

ထိုမျှတာရှည်စွာ တည်ရှိခဲ့စေကာ ပြင်းထန်သောဒုက္ကရစရိယ အကျင့်တည်းဟူသော ခိုင်ခံ့သော တံခါးမြဖြင့်အမြဲ ပိတ်ကာ၍ထားခဲ့လေသောကြောင့်၊ ဇိနဘာသာဝင်များမတိုးပွားပဲ ရှိခဲ့ရလေသည်၊ ထိုတံခါးကိုသာ ဖွင့်လိုက်ချေသော် မဟာဝိရဝဒ္ဓ မာန၏ တရားဂုဏ်ကို ခိုလှုံသူဦးရေ ယခုထက် တိုး တက် လာ မည် ကား မြေ လက် ခတ် ပင် ဖြစ်လေတော့ သတည်း။

## “ပါရဆီဘာသာ”

ဤဘာသာ တည်ထောင်သူကား ဇရသူစတြ ဟူ၍၎င်း၊ ဇိုရိုယက်စတား ဟူ၍၎င်း ရာဇဝင်၌ ထင်ရှား လေသည်။ သူသည် ရှေးအိရန် လူမျိုးတို့၏ ပရောဖက်ဖြစ်၏။ သူသည် ခရစ်မပေါ်မီ နှစ်ပေါင်း (၈၀၀) ခန့်က ပါရှားပြည်၌

ဖြစ်ပေါ်ခဲ့၏။ သူဟောကြားဆုံးမခဲ့သောတရားများကိုဇင်းဒ အဝက်စတား ဟူသော အမည်ဖြင့် စုဆောင်း ထားခဲ့လေ သည်။၎င်းကျမ်းကား ပါရဆီတို့၏ ဘာသာရေးကျမ်း(၀၇) သမ္မာကျမ်းဖြစ်၏။

ရုပ်ဘုဆင်းတု ကိုးကွယ်မှုသည် သူဖြစ်ပေါ်သော သမယ၌ အလွန်ခေတ်စားခဲ့၏။ သို့ရာတွင် သူသည် ဒ၈ခြင်း အရာ အာကာရမရှိသော တဆူတည်းသော ဥဒ္ဒာဝယ်ဘုရား ဝါဒကို စဟောင်ဟောပြော ခဲ့လေသည်။ ရုပ်ပွား ဆင်းတု ကိုးကွယ်မှုကို ပပျောက်အောင် ကြိုးစားဆောင်မှုခဲ့၏။ ထိုဇင်း ဒအဝက် စတားကျမ်း၌ လောကကျင့်ဝတ်တရား ဆုတောင်း မေတ္တာများနှင့်တကွ နက္ခတ် အကြောင်း ဆေး အကြောင်း များပါရှိလေသည်။ ပါရဆီတို့သည်မီးကို များစွာ ရိုသေကြ ကုန်၏၊ရှိခိုး ကြကုန်၏၊ ပူဇော်ကြကုန်၏၊၎င်းတို့၏ ဘုရားကား အဟုရမ ဇဒ အမည် တော်ရှိ၏။ ပါရဆီတို့သည် ခရစ် သက္ကရာဇ် (၇၀၀) ခန့်၌ ပါရှားပြည်ကို ပသီတို့ လွှမ်းမိုး သောအခါမိမိတို့၏တိုင်းပြည်ကိုစွန့်ခွါခဲ့ ကြကုန်ပြီး နောက် ဤန္ဒိယနိုင်ငံဘုံဘိုင်ဆူရပ်စသောပြည်နယ်များသို့ လာရောက် နေထိုင်ကြကုန်၏။

ဇိုရိုယက်စတားသည် ခမ္မနှင့်အမ္မေ (၀၇) အကောင်းနှင့် မကောင်း တို့၏ သူနိုင်ငါနိုင် စစ်ပြိုင်ကြပုံ အချက်များကို ဟောပြခဲ့၏။ သူ၏ တရားသည် ဤအချက်ကို အခြေ ပြုလေ သည်။ နောက်လာ နောက်သား တို့သည် ထိုအကောင်းနှင့် အဆိုးကို အသက်သွင်းပေးလိုက်ကြကုန်၏ ။ ထိုအခါ အဟု ရမ ဇဒကို အကောင်းအတွက် ဘုရားစင်သို့တင်ကြကုန်၏။ မကောင်း ဘုရားကား အဟရိမံဖြစ်၏။

သို့သော်၎င်းဘုရားတို့ကား နောက်ပေါ်ပါ ရှီပညာရှင်တို့၏ လက်ရာသာဖြစ်ချေသည်။ ဇီဂ္ဂိုးယက်စတား၏ ဂါထာများ၌ပါသော ပဓာနတရားတော်များကို ချုံးလိုက်သော် 'ဖရရှိုကာရက်တ' ဟူသော စကား တလုံးသာရ၏ အဓိပ္ပါယ်ကား ကမ္ဘာ၏ တိုးတက်ရေး ဟူလိုသည်။ ၎င်းစကားတလုံးကြောင့်ပင်လျှင် ကမ္ဘာ့ပညာရှင် တို့သည်၎င်းကို ချီးကြူးကြလေသည်။ ၎င်း၏အလိုအားဖြင့်ရှေးခေတ်ဖြစ်ပြီးနောက်ခေတ်ဖြစ်လတံ့သော ပရော်ဖက် များသည် ၎င်းကမ္ဘာ့ တိုးတက်ရေးလုပ်ငန်းကို ဆောင်ရွက်ပြီး(ဝါ)ဆောင်ရွက်လတံ့သော ပုဂ္ဂိုလ်ထူးတို့သာ ဖြစ်လေသည်။

သာမန်လူသားတို့ သည်လည်း ဝန်နှင့်အား ညီမျှအောင် ထိုလုပ်ငန်းကို ဆောင်ရွက် ရမည်ဟု ဟောခဲ့၏။ သူသည် တိုးတက်ရေး တရားချ မက ကမ္ဘာ့ ငြိမ်းချမ်းရေး တရားကိုလည်း ဟောပြော ခဲ့၏။ ဟောတိုင်းလည်း ကိုယ်တိုင် ဆောင်ရွက်ခဲ့၏။ ယာရှတ်ခေါ် ဆုတောင်း များဖြင့် ကမ္ဘာ့ ငြိမ်းချမ်းရေး လုပ်ငန်းများ ထင်ရှား လေသည်၊ ဖါဝါဒင် ယာရှတ်ဖြင့်၊ တကမ္ဘာလုံးရှိ မြင့်မြတ်သူများကို အရိုအသေပြုခဲ့၏။ ဒင်ယာရှတ်ဖြင့်၊အများငြိမ်းရေး အတွက် ဘာသာအားလုံး၏ မြင့်မြတ်သော နမူနာကို လိုက်နာ ပြုကျင့်ရန် တိုက်တွန်းခဲ့၏။

"ဆစ်ခ်ဘာသာ"

(၁) ရှရီဝါဟိဂုရုဂျီးကာခါလဆာ။
(၂) ရှရီဝါဟိဂုရုဂျီးကာဖတေးဟ။

ဆစ်ခ် ဘာသာ ကား ဟိန္ဒူ ဝါဒ၏ ဇာတိ ဘေ ဒကို တော်လှန်ပြီး ခွဲထွက်လာ ခဲ့သော ဘာသာ တရပ် ဖြစ်လေ

သည်။၎င်းကို စတင်ထည်ထောင် သူကား ဂုရုနာ နတ်ဖြစ်၏ ၎င်းသည် ရှိက္ခပူရနယ်၊ တာလန္ဒိဗရွာတွင် ဟိန္ဒူ သက္ကရာဇ် ၁၅၂၆ ခုတန်ဆောင်မုန်းလပြည့်နေ့၌အဖဘာ ဘာ ကာလူး နှင့်အမိတြိပ္တာတို့မှမွေးဖွားခဲ့၏။

၎င်းသည် ဟိန္ဒူ ဝါဒ၏ချို့နဲ့သော အဖြစ်ကို မြင်၍ ဘာသာ သစ်တည် ထောင်ရန် စိတ်ကိုမွေးမြူလာခဲ့၏။ဟိန္ဒူ ကျမ်းစာများကိုအကုန်လုံးပုန်ကန်တွန်းလှန်ပစ်လိုက်စေကာ ဣာဝယဘုရား ကိုမူ မစွန့်သွတ်ပဲ ၎င်း တည် ထောင် သော ဝါဒ၏ အခြေခံ ပြုလုပ် လိုက် လေသည်။ ဣာဝယ ဘုရားကို အကာလပုရိသဟုခေါ်၏။ ခေါင်းစဉ်၌ ရေးခဲ့သော စာနှစ်ကြောင်းသည်ဆစ်ခ်ဝါဒ၏အဋ္ဌမြစ်ဖြစ်၏။

(၁) အိုဘုရား၊ကျွန်ုပ် တို့သည်သင်၏ ပစ္စည်းများ ဖြစ်ကြကုန်၏၊အခိပ္ပါယ်ကားရှိသမျှ အရာအားလုံးသတ္တဝါ အားလုံးသည်သူပိုင်ဖြစ်၏၊ကျွန်ုပ်တို့နှင့်မဆိုင်၊လိုရင်း ကားငါ--ငါ့ဟာဟူသောအစွဲကိုဖြတ်တောက်ဖျက် ဆီးဘို့ ပင်တည်း။

(၂) အသင်၏ အလိုတော်ပြည့်စုံ ပါစေ သတည်း၊ဟူ သောအခိပ္ပါယ်ရှိ၏။ဆစ်ခ် တို့သည် ဟိန္ဒူအဝတာ ရ များကို မယုံကြည်။ ဂုရုများ ကိုသာ ယုံကြည် ကြ၏။ဝေဒပူရာဏ်စသောကျမ်းများကိုမယုံ။ ဂုရုဂြန္ထဆာဟာဗ်ကိုသာ ယုံကြည်ကြ၏ ဂုရုနာနတ်သည် ခရစ်သက္ကရာဇ် ပန္နရသမသတာဗဒီ (၁၅၀၀) ၌ ဤဝါဒကိုစတင်ဟောပြောခဲ့၏။

မူလရင်း တည်ထောင်သော ဂုရု၏ ရည်ရွယ်ချက်ကား မြင့်မြတ်လှ၏။ဟိန္ဒူရောပသိပါ ယုံကြည်နိုင်အောင်၊ဟိန္ဒူနှင့်

ပသီ သင့်မြတ်၍ ညီရင်း အစ်ကို ပမာ၊ ချစ်ချင် လာအောင် ရည်ရွယ်ခဲ့၏။ သို့သော် လူသတ္တဝါ၏ အမြင်ကျဉ်းမြောင်းမှုကြောင့် မအောင်မြင်ခဲ့ပဲ ဘာသာ တရပ် ဖြစ်လာခဲ့ရလေသည်။ ၎င်းဆစ်ခ်ဘာသာဝင်တို့သည် ဒေသများအားဖြင့် ပန်ဂျပ်ပြည်နှင့်ပါတီယာလ နာဘာဂျင်းဒ စသော မဟာရာဇာပိုင်နယ်များ၌ နေထိုင်ကြကုန်၏။

## "ဆစ်ခ်လက္ခဏာ"

ဆစ်ခ်လူမျိုးတိုင်းမှာ လက္ခဏာ ငါးမျိုးရှိရမည်။ ၎င်းတို့ကား။

(၁) ကေသ။ ဆံပင်မှစ၍ တကိုယ် လုံး၌ပေါက်ရောက်သော အမွေး များကို မရိတ်မဖြတ်ရ၊ မွေးတိုင်းဖမွေးဘိုင်းရှိစေရမည်။

(၂) ကံဃာ။ ဆံပင်ရှင်းရန်ဘီးငယ်အမြဲပါရမည်။

(၃) ကိရပန်။ အဖျားချွန်လက် အသွားမြက်သော ဓါးကို အမြဲ ဆောင်ရမည်။

(၄) ကရာ။ လက်၌ သံဖြင့်ပြုလုပ် ထားသော လက်ကောက်ကိုအမြဲဝတ်ဆင်ရမည်။

(၅) ကတ်ကျရာ။ အသားကပ် ဘောင်းဘီ တိုကို အမြဲဝတ်ဆင်ရမည်။

ဤငါးပါး-တို့ဖြစ်သတည်း။ ၎င်း တို့ကိုဆစ်ခ်ငါးပါးသိလ ဟုလည်းခေါ်ဆိုနိုင်၏။ နံပါတ် (၁) သည်ထက်သောအသွားရှိသော ဓါး ကိုမိမိ ကိုယ်ပေါ်သို့ အတင် မခံရ ဟူသော သဘောကိုဖေါ်ပြ၏။ နံပါတ် (၂) သည် နံပါတ် (၁) ၏နောက်လိုက်ဖြစ်၏။ နံပါတ် (၃) (၄) တို့သည်ဆစ်ခ်၌သံ၏အသုံးဝင်ပုံကိုညွှန်၍ စစ်စိတ်ခစ်သွေးကိုဖေါ်ပြလေသည်။ နံပါတ် (၅)

သည်အမြဲတစေ တကြွလုလ္လဝိရိယရှိနေသော အချင်းအရာကိုဖေါ်ပြလေသည်။

## "ဆစ်ခ်ဘုရား"

ဆစ်ခ်တို့၏ဘုရားကား အကာလပုရိသ (ဝါ) ဝါဟိဂုရုအမည်ဖြင့်ထင်ရှား၏။ မွေးခြင်း သေခြင်းမရှိသော ဘုရား (ဝါ)ကမ္ဘာ၏ဆရာကြီးဖြစ်သော ဘုရားဟူသောအဓိပ္ပါယ်ရှိ၏။ အခြားသော ဗြာဝယဘုရား၏ ဂုဏ်အပေါင်းတို့နှင့်ပြည့်စုံ၏။ သို့သော်ဆစ်ခ်တို့၏ဗြာဝယဘုရားကား နိရာကာရဘုရား (ဝါ) ဂုဏ်ဘုရားဖြစ်၏။ ဤကမ္ဘာ လောကကြီးကိုပြုစု ဖန်ဆင်းခဲ့သော၊ ယခုလည်း စည်း စနစ် ကျကျ စောင့်ရှောက်နေသော တန် ခိုး ပါဝါ တ ခု ရှိ ၏။ ၎င်းကို အမည်အမျိုးမျိုးနှင့် ခေါ် ဆိုနေကြသည်။ ထို့ပြင်အမှန်သည် အမြင့်ဆုံးဖြစ်၏။အမှန်ကိုလိုက်နာခြင်းသည် အမြတ်ဆုံး အလုပ်ဖြစ်၏ဟု(ဆရိရတ်ဂံဂုရုကျမ်း)အခဏ်း(၁)၌ဆိုသဖြင့် ဆစ်ခ်တို့သည် အမှန်ကို အကာလပုရိသဘွဲ့ပေး၍ ကိုးကွယ်ကြောင်းထင်ရှားလေ တော့သည်။ ထို့ကြောင့် ၎င်းတို့၏ ဘုရားကိုအထူးချွတ်ခြွင် ရေးသားဘွယ် မရှိပြီ။

## "ဂုရုများ"

ဆစ်ခ် လူမျိုးတို့သ ည် ဂုရုနာနတ်မှ စ၍ ဂုရုဂိုဗင်ဒဆင်အထိ တကျိပ်သော ဂုရုတို့ကို ဝါဟိဂုရု(ဝါ)ဗြာဝယ ဘုရား၏ကိုယ်စားလှည်တော် များ ဖြစ်သည်ဟု ယုံကြည်ကြကုန်၏။ ဤဆစ်ခ် ဂုရုများသည် လူသား၏ တကိုယ်လုံး ဘာသာရေးဖြင့် စိမ်တုံထားသကဲ့သို့ဖြစ်စေရန် ကိုယ်ရော စိတ်ပါသန့်မာထွားကျိုင်း၍ အကျင့်စာရိတ္တ ကောင်း မွန် စေ ရန် အဓိက ထား၍ ဟောကြားခဲ့ကြကုန်၏။

ဂုရုဂိုဗင်ဒဆင်သည်ဆိုင်းတို့သည် ကမ္ဘာလောက၌ နေထိုင်၍ လူသား၏လုပ်ငန်း (၀၁) ဌာဝယနှင့် တွေ့ဘို့လုပ်ငန်းကို လုပ်ရန်ဟောခဲ့ကြကုန်၏။ ကြောက်စိတ်ကို ပယ်ဖျောက်ရန်၊ အတ္တဟိတ စိတ်ပပျောက်စေရန်၊ သူတော် ကောင်း နှင့် စစ်မိုလ်၏ အရည်အချင်းများနှင့် ပြည့်စုံစေရန် သွန်သင် ခဲ့ကြကုန်သည်။

ထင်ရှားစေအံ့၊ ဂုရုဂိုဗင်ဒဆင်ပေါ်ပေါက်လာသော ခါ သိုးငယ်ပမာ သနားစရာကောင်းသော ဆစ်ခ်တို့သည် ခြင်္သေ့ဘဝသို့ ပြောင်းလဲ သွားခဲ့ကြကုန်၏။ ဂုရုဂိုဗင်ဒဆင်သည် စာကလေးနှင့် တူသော ဆစ်ခ်တို့ကို သိမ်းငှက် အဖြစ် သို့ ပြောင်းလဲ စေခဲ့၏။ ဤဒသမမြောက် ဂုရုတရားကြောင့် ဖြစ်ပေါ်လာသော ဆစ်ခ်တို့၏ ပြောင်းလဲမှုသည် အံ့အားသင့်လောက်၏။ ဌာဝယ၏ တန်ခိုး ထက်သန် သာသာ ယောင်ယောင်ရှိခဲ့၏။ ဆစ်ခ်တို့၏ သတ္တိကား ထူးကဲလှ၏။ အံ့ခြီးဘွယ်ကောင်းလှ၏။ တယောက်ကောင်းနှင့် တသောင်းမိုလ် ခြေညက်ညက်ကျေ ဆိုသော သတ္တိမျိုးပေတည်း။

## "ဆစ်ခ်တရား"

ဂျပ္ပဂျီ ကျမ်း၌ ပဌမ ဂုရုကြီးနာနတ်သည် ဆစ်ခ် နိဗ္ဗာန်သို့တိုင်ရောက်အောင် အဆင့်အတန်းများကို ငါးပိုင်းခွဲခြား၍ ဟောကြားခဲ့လေသည်။

(၁) ပဌမ အဆင့်သည် ဓမ္မခန္ဓဖြစ်၏။ တာဝန်ဝတ္တရားကျေပြွန်အောင် ဆောင်ရွက်မှုကို ခေါ်သည်။ ဆုံးဖြတ် တတ်သော ဉာဏ်သည် အလုပ် ကိစ္စကို ဆောင်ရွက်ရာ၌ ပဓါနဖြစ်သည်ဟု ဟောခဲ့၏။ မြေကြီးသည် လေ-ရေ-မီးဟူသော ဓာတ်ဥပါဒ်တို့၏ အလယ်၌ မိမိ၏ ဝတ္တရားကို မပျက်မကွက်

ဆောင်ရွက် သွားသကဲ့သို့ လူသားသည် မိမိ၏ တာဝန် ဝတ္တရားကို မပျက်မကွက် ပြုလုပ်ရမည်။ အကြောင်းကား ယခုဘဝမှ သေလွန်သွားခဲ့သော် မိမိ၏ မကောင်း မကောင်း အလုပ်များ သည်သာ လျှင် မိမိမှာ အဖော်ရှိသောကြောင့်တည်း။

(၂) ဒုတိယ အဆင့်ကား ဂိယံခန္ဓဖြစ်၏။ ထိုအဆင့်၌ ဌာဝယဘာရား၏ ဉာဏ်တော် လွှမ်းမိုး၍တည်ရှိ၏။ ထိုအဆင့်၌ လူသားသည် မိမိ ဝတ္တရားကို ပြုလုပ် ရန် ထပ်မံ စိတ်အား တင်းလိုက်ပြန်၏။ မိမိ ဝတ္တရားကို ကျေပြွန်အောင် မဆောင်ရွက်ပဲ မည် သူမျှ မိမိလိုအပ်သော ငြိမ်းမှုကိုမရနိုင်။

(၃) တတိယကား ရှရန်ခန္ဓဖြစ်၏။ဤအဆင့်သို့ ရောက် သောအခါ မွေ့သည် ဝတ္တရား အသိဉာဏ် အဖြစ် ၌သာ မတည်နေတော့ပဲ လူသား၏ အစိတ်အပိုင်း တခု ဖြစ်လာလေသည်။ တည်ငြိမ်သော သမာဓိ ဓါတ် ကိန်းဝပ်လာသည်ဟူလို။

(၄) စတုတ္ထကား ကမ္မ ခန္ဓဖြစ်၏။ ဤအဆင့်သို့ ရောက် သော လူသားသည် တန်ခိုး ပါဝါကို ရရှိလာ၏။ အားသွန်ဗလနှင့် ပြည့်စုံလာ၏။ဧရာမ သူရဲကောင်း ကြီးဖြစ်လာ၏။ထိုသူမျှ သူတို့ကို မထိမဲ့ မြင်မပြုနိုင်၊ မသတ်နိုင်၊ မရဏဘေး ပျောက်ကွယ်၍ မွေးခြင်း၊ သေခြင်းတို့သည် သူ့ကို အနှောင့်အယှက် မပေး နိုင်တော့ပြီ။

(၅) သစ္စခန္ဓ၊ ၎င်းကားပဉ္စမမြောက် နောက်ဆုံးအဆင့် ဖြစ်၏။ ၎င်းသည်အမှန်၏ နန်းတော်ဖြစ်၏။ ဤအ

> ဆင့်သို့ ရောက်သောအခါ လူသား၏ ရုပ်-ဓါတ်-ပုံ သဏ္ဍာန် အကုန်ပြောင်း၍ ဝိညာဉ်သာ ကျန်တော့၏။ ဝိညာဉ်သည် တဆင့်ထက် တဆင့် မြင့်တက်လာ၍ ယခုအခါ ဌာဝယာဘုရားနှင့် အဆင့်အတန်းညီမျှခြင်းသို့ ရောက်လာလေပြီ။ ဌာဝယနှင့် ပူးပေါင်းမိလေပြီ၊ ဤသို့ ဌာဝယနှင့် ပူးပေါင်းမိခြင်းသည် လူသား၏ ကိစ္စတုံးခြင်း၊ နိစ္စသုခနှင့် အတူတူခံစားရခြင်းပင် ဖြစ်သတည်း။

ဤကား ဆစ်ခ်ဂုရုတို့ ညွှန်ပြခဲ့သော ဘဝ ကုန်ရာဆုံးရာသို့ သွားရာလမ်းကြောင်းဖြစ်သတည်း။ ဤနည်းအတိုင်း သွားသော နမူနာ တင်လောက်သော ဆစ်ခ်သည် ဘာသာရေးလိုက်စားသော ရဟန်းမျိုးလည်းမဟုတ်၊ ကာမဂုဏ်ဘက်သို့ ငန်းငန်းတက် လိုက်စားသော ကမ္ဘာသားလည်း မဟုတ်၊ အဟိံသ မညှဉ်းဆဲရေး ဝါဒကို လိုက်နာသူလည်း မဟုတ် သွေးထွက်သံယိုမှုကို ယုံကြည်သူလည်း မဟုတ်၊ အဟုတ်သော်ကား ကမ္ဘာထဲ၌နေသော်လည်းကမ္ဘာ့အညစ်အကြေးမှကင်းသော ရဟန္တာ၏ စိတ်ဓါတ်နှင့် သတ္တိ ဗျတ္တိရှိသော စစ်ဗိုလ်၏ စိတ်ဓါတ် ၂ခု ပေါင်းစပ်ထားသော ညွန့်ပေါင်းသာဖြစ်လေသည်။

သူသည် ကိုယ့်ဖို့ သူ့ဖို့ ကျင့်သူဖြစ်၏။ သူသည် လောကစည်းစိမ်ကိုရှာကြံ၏။ သို့သော် စွန့်လွှတ်ရန်လည်း အသင့်ရှိ၏။ သူသည်နူးညံ့၏။ သိမ်မွေ့၏။ ပြော့ပျောင်း၏။ သို့သော် အမှန်၏ရန်သူ လူသား၏ ရန်သူများအတွက် ကြောက်ဘွယ်ကောင်းသော ကျားကြီးနှင့် တူ၏။ သူသည်ပါးစပ်မှ ဆတ်ဆရိ အကာလဟု ဘုရား၏ နာမတော်ကို ရွတ်ဆို၏။ လက်

တဖက်မှ ပုတီးကို စိပ်၏။ သို့သော် ကျန်လက် တဖက်ဖြင့် လူသား၏ ရန်သူများကို သတ်ဖြတ် သုတ်သင်၏။ သူသည် ဆာဒူးခေါ် ဖုံးကြီးများထက်လည်းပို၏။ သာ မန် လော က သားလည်းဖြစ်၏။ လူသား၏ဘေးကို ကာကွယ်သော သူရဲ ကောင်းလည်းဖြစ်၏။ သူသည် ပေးလှူမှု စင်ကြယ်မှု ချော်ခင်မှု ကို အလေးပြုသူဖြစ်၏။ သူသည် ဋ္ဌာ၁၀ယ ဘုရားအတွက်၎င်း၊ ဂုရုများအတွက်၎င်း၊ လူသား၏ အမှုကို ထမ်းရန် အတွက် ၎င်း၊ အားနဲသူ အနှိပ်အစက် ခံရသူ အောက်ကျသူ များကို ကာကွယ် ဆယ်တင်ရန် အတွက်၎င်း၊ မိမိအသက်ကို ယဇ် ပူဇော်ရန်အသင့်ရှိသော ပုဂ္ဂိုလ်ဖြစ်ပေသတည်း။

**အခန်း ၂**

မေး (၁) အဘယ်ကဲ့သို့သောသူကို ဘုရားဟု ခေါ်ဆို၍ မည်ကဲ့သို့သောအရာကို တရားဟု ခေါ်ဆိုရပါသနည်း။

ဖြေ (၁) ဘုရား။

ကျွန်ုပ်တို့သည် ဘုရားအမျိုးမျိုးနှင့် တရားအစားစားတို့ ကို ခြားနားစွာ သိမြင်ခဲ့ကြရလေပြီ၊ ထိုဘုရားအမျိုးမျိုးကို အကျဉ်း ချုံးလိုက်သော် လူသားပကတိမှ အမှန် တရားကို ထိုးထွင်း သိမြင်မှုကြောင့် ဘုရားဘွဲ့ထူးကို ရရှိသောဘုရား နှင့် ဘုရားဇာတိအားဖြင့် ဘုရားချည်းအမြဲဖြစ်နေသောဘုရား ဟူ၍ နှစ်မျိုးသာရရှိနိုင်လေသည်။ထိုဘုရားနှစ်မျိုး၏ မှန်မမှန် ကို ပေဖန်နိုင်ရန် ထိုဘုရားဟူသော ပုဒ်၏ အတ္ထုဒ္ဓါရ(ဝါ) အဓိပ္ပါယ်ဖော်ပြချက်ကို ရှေးဦးစွာပြုလုပ်ရန် လိုလေသည်။

အချို့သော ဘာသာ၀င် ပညာရှင်တို့၏ အဓိပ္ပါယ်ဖော် ပြချက်ကား အနန္တတန်ခိုးတော်၊ အနန္တဉာဏ်တော်၊ အနန္တ ကရုဏာတော်နှင့် ပြည့်စုံသော (ဝါ)အနာဒိကာလမှ စခဲ့၍

အနန္တကာလတိုင်အောင်ဖေါက်ပြန် ပြောင်းလဲခြင်းမရှိ ပကတိ အားဖြင့် ဘုရားအဖြစ်၌ တည်မြဲသော(ဝါ)ဤကမ္ဘာလောကဓါတ်နှင့်တကွ ၎င်းအတွင်းရှိ သက်ရှိ-သက်မဲ့ ဟူသမျှကို လက်မွှန်မဆွဖန်ဆင်းခဲ့သော ဆရာသည် ဘုရားဖြစ်၏။

သို့သော် ဤအတ္တုဒ္ဓါရကို ကမ္ဘာ့သူ ကမ္ဘာ့သား ပညာရှင်အများတို့သည် ကြေနပ် နှစ်သိမ့်စွာ လက်မခံနိုင်ကြချေ။ အဘယ်ကြောင့်? ထိုသည့်ဂုဏ်တော်များနှင့် ပြည့်စုံသော ကိုယ်ထယ် ဒြပ်မရှိသော မြဲသောကမ္ဘာ၏ လက်သယ်ဖြစ်သော ဘုရားမျိုးသည် လူသား၏ဝေဒနာဉာဏ်နှင့် ကျော်လွန်ကာ စဖြစ်၍ အနန္တရယ်ဘွယ်ရာ ဖြစ်သောကြောင့်တည်း။ ထို့ပြင် ဘုရားမှ ဖြစ်သောဘုရား (ဝါ)ဘုရားဇာတိဖြင့် အမြဲဘုရားဖြစ်နေသော ဘုရားဟူသည် မြော်ရှိ၍သာ ရှိနိုင်သော အရာဖြစ်သောကြောင့်ဟူပေ။

စင်စစ်သော် တမူကား ဘုရားဟူသောပုဒ်သည် သိသူဟူသောအနက်ကိုဟော၏။ ထို့ကြောင့် အသွယ်ဆုံးဖြစ်၍ အမှန်ဆုံးသော အတ္တုဒ္ဓါရကို ထုတ်ရသော်(သိသူကိုဘုရားဟုခေါ်သည်) ပင်ဖြစ်၏။ မှန်လှ၏။ ဘုရားသည် ဂုဏနာမဝိသေသနပုဒ်ဖြစ်၍ ဂုဏ်ကိုဟော၏။ လောက၌ သိသင့်သိထိုက်သော အမှန်တို့သည် ထင်ရှားရှိကုန်၏။ သို့သော် လူတိုင်း လူတိုင်းသည် ထိုအမှန်တို့ကို မသိနိုင် မမြင်နိုင်ကြကုန်။

ကုဋေပေါင်းများစွာသော လူသားတို့အနက်မှ ထူးချွန်သော လူတယောက်သည် မိမိ၏လုလ္လအား ဉာဏ်အား အကြံအစည်အား ဝိစာရဏာ ဝိမံသနအား စသည်တို့ဖြင့် ကမ္ဘာ၏ပေးထားချက်ကိုလက်ကိုင်ပြု၍အမှန်ကိုဖေါ်ထုတ်

နိုင်လေသည်။ ထိုသို့ အမှန်တရားအစစ်တွေ့မြင် သိရှိသူကို ဘုရားဟူသောဂုဏ်ပုဒ်ဖြင့် ခြီးကြူးနိုင်လေသည်။

ထိုဘုရားဘွဲ့ကား တဦးထည်းပိုင် မဟုတ်ခဲ့ချေ။ တစုံတယောက် လက်ဝါးကြီးအုပ်ယူ ဘားရသော အရာမဟုတ်ခဲ့ချေ။ စင်စစ်မှာ ကမ္ဘာ့ဘုံဆိုင်ဘွဲ့ထူးဖြစ်ခဲ့၏။ မည်သူမဆို သတ်မှတ်ထားသော စည်းမျဉ်းအတိုင်း မကွေ့မကောက် သွား၍ အမှန်အစစ်ကို ဖေါ်ထုတ်သိမြင်နိုင်၏။ ထိုအမှန်ဖြင့် ဤလောက၌ ဖုံးအုပ်နေသော အမှောင်ကို ပယ်ဖျက်၍ လောကသားတို့အား အမှန်လမ်းကိုပြနိုင်၏။ ထိုအခါကမ္ဘာသူကမ္ဘာသားတို့သည်၊ ထိုသည့်လူထူးအား ဘုရားဟူသော ဂုဏ်ပုဒ်ဖြင့်(ဝါ) ဘွဲ့ထူးဖြင့် ခြီးကြူးလေတော့သတည်း။

ထို့ကြောင့် ဘုရားဘွဲ့ကို ခံယူလိုသူ (ဝါ) ဘုရားဖြစ်လိုသူသည် ကျွန်ုပ်တို့ကဲ့သို့သော လူသားပင် ဖြစ်ရမည်။ ထိုလူသားသည် ထူးကဲ မြင့်မား လှစွာသော ကိုယ်အား ဉာဏ်အားတို့ဖြင့် မဆုတ်မနစ်ပဲ ဤကမ္ဘာလောက၏ မောဟတည်းဟူသော အမှောင်တိုက်အတွင်း၌ အမှန်တည်းဟူသော မီးရှူးတိုင်ကို မတွေ့အတွေ့ရှာဖွေ၍ ထွန်းညှိနိုင်သူဖြစ်ရမည်။

အမှန်သည် ကမ္ဘာ၏အမွေအနှစ်ဖြစ်ခဲ့၏။ ကမ္ဘာ၏သားသမီးဖြစ်သောသတ္တဝါအပေါင်းသည် ထိုအမွေအနှစ်ကိုခံစားလို၏။ ကမ္ဘာသည် ထိုတိမ်မြုပ်နေသော အမွေအနှစ်ကို ဖေါ်ထုတ်နိုင်မည့်သားထူးသားမြတ်ကို အမြဲတစေမျှော်လင့်တောင့်တနေချေ၏။ အကြင်အခါ၌ ထူးချွန်သော လူသားတယောက်သည် အထက်၌ ဖေါ်ပြခဲ့ပြီးသော နည်းများအတိုင်း ကွယ်ဝှက်တိမ်မြုပ်နေသော အမှန်တည်းဟူသော

ရတနာအမွေကို ရှာဖွေဖော်ထုတ်နိုင်၏။ ထိုအခါမိခင်ကမ္ဘာသည် ထိုသည့် သားထူးသားမြတ်ကို ဘုရားဘွဲ့ထူးဖြင့် ချီးကြူးလိုက်၏။ (ဝါ) ဘုရားဟုသမုတ်လိုက်လေ၏။ ထိုဘွဲ့ထူးကို ဆင်မြန်းဘူးသောလူသား ထို့ပြင် ဆင်မြန်းလတ္တံ့သော လူသား၏ အရေအတွက်ကား ဂဏန်းသင်္ချာကိုပင် ကျော်လွန်၍ နေချေမည်။

ထို့ကြောင့် ဇာတိအားဖြင့်ဖြစ်သော ဘုရားအမျိုးမရှိ၊ စင်စစ်မှာ ကျင့်စရာကြံစရာအားလုံး ပြည့်စုံ၍ အမှန်ကိုသိမြင်သော လူသားတယောက်ရောက်နေခဲ့ရမည့် ဂုဏ်ထူး ဘွဲ့ထူးသာရှိလေသည်။ ထိုဂုဏ်ထူး ဘွဲ့ထူးကို ဆွတ်ခူးပန်ဆင်သူ ပုဂ္ဂိုလ်ထူးအား ယခုကာလ ယခုသမယ ယခုလောက၌ ထင်ရှားမရှိသေး၍ (ဝါ) မပွင့်ပေါ်သေး၍ လက်ညှိုးထိုးပြစရာ ဘုရားမရှိချေ။ အကယ်တစေ ဘုရားဘွဲ့ကို ခံယူနိုင်လောက်သော လူသားတယောက် ပေါ်ပေါက် လာ၍ အဆင်းရဲနှင့် အမှဲ့ဒွန်တွဲသော (ဝါ) ကမ်းမမြင် လမ်းမမြင် ရမ်းချင်တိုင်းရမ်းနေသော (ဝါ) အလိုမီး အမျက်မီးတို့ဖြင့် တဟုန်းဟုန်းတောက်လောင်နေသော (ဝါ) မောဟမှောင်ထုကြီး ကာဆီးထားမှုကြောင့် အမှားအမှန်ကို မဝေဖန်နိုင်လောက်အောင် မှောင်မဲသော ဤလောကကို ထိုသို့သော အခြေအနေမှ ကယ်လွတ်အောင် မြှင့်တင်နိုင်အံ့။ ထိုအခါ ထိုပုဂ္ဂိုလ်ထူးကား ဘုရားပေဟု ပုဂ္ဂလ ဒိဋ္ဌာန်အားဖြင့် လက်ညှိုးညွှန်စရာ ဘုရားဖြစ်လာချေမည်။

ထို့ကြောင့် ဘုရားကဖြစ်သော ဘုရားသည်မရှိ။ ဘုရားဇာတိအားဖြင့် ဘုရားအဖြစ်၌ အမြဲတည်နေသော ဘုရားမျိုး မရှိဟုမှတ်ယူရမည် ထိုကဲ့သို့သော ဇာတိဘုရားမျိုးရှိသည်

ဟု ယုံကြည်နေသော သူ့အိုသည် လည်း ၎င်းတို့၏ ယူဆချက်ကိုခိုင်လုံအောင် သက်သေသာဓက တစုံတခုမျှမပြနိုင်ကြကုန်။

လူသား၏အသိဉာဏ်သည် တိုးတက်လာပြီးဖြစ်၍ ထိုကဲ့သို့ ယုတ္တိကင်းမဲ့သော (ဝါ)ဘာမှမရှိ သုညဖြစ်စေကာ တန်ခိုးတွေအနန္တရှိသည်ဟု ဆိုကြသော (ဝါ) ဘာမှမရှိတဲ့ အထဲမှ တစုံတခုကိုဇာတ်ယူနိုင်သည်ဟု ယုံကြည်ကြသော (ဝါ)သုညအတွင်းမှတန်ခိုးရှိသောဂဏန်းဖြစ်အောင် ဖန်ဆင်းနိုင်သည်ဟုမှတ်ယင်နေကြသော ဇာတိဘုရားကို မယုံကြည်နိုင်တော့ပြီ။

ထို့ကြောင့် ဘုရားဆိုသည်ကား ဂုဏ နာမ ဝိသေသနပုဒ်ဖြစ်၍ သိသူဟူသော အနက်ကို ဟောသောလူတိုင်းကြိုးစားအားထုတ်ခြင်းဖြင့် ရရှိပန်ဆင်နိုင်သော ဘွဲ့ထူးသာဖြစ်သည်ဟု တသတ်ကျ မှတ်ယူစေခလို။

## "တရား"

မိမိ၏သဘောလက္ခဏာကို မပြောင်းမလွဲ။ အမြဲဆောင်နေသောအမှန်ကို တရားဟုခေါ်သည်။ ဤကား တရားဟူသော ပုဒ်၏ တိုတို ကျဉ်း ကျဉ်း နှင့် လိုရင်း ကို သိသော အဇ္ဈတ္တိကဓါတ်(ဝါ)အဓိပ္ပါယ်ဖေါ်ပြချက်ဖြစ်၏။

၎င်းသည်သာလျှင် ကျွန်ုပ်တို့သိခဲ့ပြီး ဖြစ်သော တရားအားလုံးကို စမ်းသပ်ချိန်တွယ် ကြည့်ရန် ရာဇူဖြစ်ခဲ့၏။ မှန်စွာ ထို ထို ဘုရား တို့ ဟော ခဲ့ပြော ခဲ့ သော တရားဟူသမျှကို ဤအဇ္ဈတ္တိကဓါတ်ဖြင့် ချိန်ထိုးကြည့်ရမည်။ သို့ ကြည့် ပြီးမှသာ တရားဟုတ်မဟုတ်ကိုဆုံးဖြတ် ချက်ချရန်ဖြစ်၏။ လင်းပါးကြဦးစို့။

ထိုအမှန် အမည်ကိုရသောတရားသည် မိမိ၏ သဘော လက္ခဏာကို ကမ္ဘာမကြေ နိစ္စထာဝရ အမြဲဆောင်နေ၏။ မိမိ၏ ပကတိ ပင်ရင်းသဘောမှ ပြောင်းလဲပြီး၍ အခြား သဘောတခုသို့ သက်ရောက်ခြင်းမှ ကင်း၏။မည်သူမည်ဝါ မည်သည့်အာဏာကြောင့်၊ ဖြစ်ပေါ်ရသည် မဟုတ်ပဲ၊ အမြဲ တစေ ၎င်း၏ သဘောအတိုင်းဖြစ်နေခဲ့၏။ ဖြစ်နေဆဲဖြစ်၏။ (ဝါ)ဖြစ်နေဦးမည်၊၎င်းသည် အစမရှိသောအနာဒိကာလမှ အဆုံးမဲ့သော အနန္တကာလတိုင်အောင် အမြဲမှန်နေ သော အရာဖြစ်၏။ ၎င်းသည်တစုံတယောက်သောအာဏာပိုင်က ဝင်ရောက် စွက်ဖက်မှုကြောင့် အမှန် ဘာဝမှစုတေ၍အမှား ဘာဝသို့ ကူးပြောင်းသွားရခြင်း သဘောမှကင်း၏။ ၎င်းမှာ ပြုလုပ် ဖန်ဆင်းသူ လက်သယ်မရှိ။ ထို့ကြောင့် ၎င်းသည် ပဋိသန္ဓေနေရခြင်းမှကင်းလွတ်၏ ထို့ပြင် ၎င်းသည် အိုခြင်း နာခြင်းသေခြင်းတို့ကိုလည်း အလျှင်းမသိခဲ့ချေ။

ထိုသည့် အမှန် တရားကို ရူပဗေဒ ဆိုင်ရာ ရုပ်တရားနှင့် နာမဗေဒ ဆိုင်ရာနာမ်တရားဟူ၍နှစ်မျိုးခွဲခြားနိုင်၏။ထိုတွင် ရုပ်တရားဆိုသည်ကား မြေ-ရေ- လေ-မီးဟူသော ဓါတ်ကြီး လေးပါးတို့၏အပွါးအစီးကိုဆိုသည်။ မြေနှင့်ရေဓါတ်သည် ဓါတ်သေဖြစ်၍ လေနှင့် မီးဓါတ်သည်ဓါတ်ရှင်ဖြစ်၏။

ထို့ကြောင့် ယခုခေတ်ပေါ် ဓါတုစိန္တာ ဆရာတို့၏ (Matter & Force)မက်တာဖို့စ်နှင့်တူလေသည်။ ထိုဓါတ် ကြီးလေးပါးတို့သည် မိမိတို့၏ သဘော လက္ခဏာကို အမြဲဆောင်ကြကုန်၏။ မှန်၏။ မြေဓါတ်၏။ကက္ခဋ(ဝါ) အမာသဘောသည်အတိတ်ကလည်းအမာ ပစ္စုပ္ပန်၌လည်း အမာ။ အနာဂါတ်မှာလည်း အမာပင်ဖြစ်ချိမ့်မည်။ အပူ

ဟူသော တေဇော (ဝါ) မီး၏သဘောလက္ခဏာအဖြစ်သို့ မရောက် ဘူးခဲ့ချေ။ (ဝါ) ရောက် လိမ့်မည် မဟုတ်ချေ။ ထိုခေတ်ရှင် ခေတ်သေဟူသော ခေတ်ကြီးလေးခု တို့သည်။ သဘောလက္ခဏာတချိုးစီ ဆောင်ကြကုန်၏။

သို့သော် ၎င်းတို့သည်း၊ တခြားစီလည်း ခွဲနေ၍ မဖြစ်ကြကုန်။ ခေတ်သေ ခေတ်ရှင် (ဝါ) (Matter & Force) မက်တာနှင့်ဖိုစ်တို့သည်။ အမြဲဒွန် တွဲနေခဲ့ ကြကုန်၏။ နေကြဆဲဖြစ်ကုန်၏။ နေကြလိမ့်ဦး မည်။ ၎င်းတို့ကို တခုစီခွဲခြားပြီး တနေရာစီ သွားနိုင်သောသူကား မပေါ်သေး(ဝါ) ပေါ်လိမ့်ဦးမည်လည်းမဟုတ်ချေ။

ထို့ပြင်နာမဗေဒဆိုင်ရာ နာမ်တရားဆိုသည်ကား အာရုံသို့ညွတ်တတ်သော(ဝါ)မိမိသို့ညွတ် စေတတ်သောသဘော လက္ခဏာရှိသော သဘာဝအမှန်တို့ကိုဆိုသည်။

ဥပမာ စိတ်သည် အဆင်း အသံအနံ့ အရသာ အတွေး ဟူသော အာရုံများသို့ ကိုင်းညွတ်တတ်၏။ နိဗ္ဗာန်သည် ၎င်း၏ဘက်သို့သတ္တဝါ၏စိတ်ကို ညွတ်စေတတ်၏။ ထိုနာမဗေဒဆိုင်ရာ တရားတို့သည်လည်း ၎င်း တို့၏ သဘော လက္ခဏာကိုအမြဲဆောင်နေ ကြကုန်၏။ ၎င်းတို့၏ သဘော လမ်းကြောင်း ကိုလွှဲ ပြောင်းအောင်လည်း မည်သူမျှ မတတ်နိုင်ချေ။

ဥဒါဟရုဏ်ကား၊ လောဘဟူသော နာမ်ဓါတ်သည် တပ်မက် ခြင်း သဘောကို အမြဲ ဆောင်၏။ ထို့ အတူ အလောဘသည် မကပ်ငြိခြင်း သဘောကို ဘယ်အခါမှ မပြောင်းမလဲပဲအမြဲဆောင်နေ၏။ ဒေါသသည် ပြစ်မှားခြင်း သဘောကို၊ အဒေါသ ချစ်ခြင်း သဘောကို ဆောင် နေကြ

လေသည်။ ထို့ပြင်နိဗ္ဗါန်ဟူသောဓာတ်သည် အညစ်အကြေးမှ ကင်းစင်ခြင်းသဘောကို နိစ္စဓူဝ အဝိနာသီ အဖြစ်ဖြင့် ဆောင်နေချေသည်။ ထိုမှတပါး အခြားသော နာမဗေဒနယ် အတွင်း၌ စရင်းဝင် သော တရား တို့သည်လည်း ၎င်းတို့၏ သဘော သဘာဝကို ပြုလို့မရ၊ ပြင်လို့မရ၊ ပြောင်းလို့ လွဲလို့မရအောင် အမြဲဆောင်နေကြလေကုန်သည်။

ထို့ပြင် အကြောင်းအကျိုးဟူသောသဘော လည်းရှိချေသေး၏။ ထိုနှစ်မျိုးတို့တွင် အကြောင်းအမည်ရသော တရားဟူသည်အကျိုးကို ဖြစ်စေတတ်သော သဘောရှိကုန်၏။ အကျိုးဟူသောတရားကား၊ အကြောင်းအားလျော်စွာ (ဝါ) အကြောင်းနှင့် အလားတူဖြစ်တတ်သော သဘောရှိလေသည်။

ပြည့်စုံသော အကြောင်းသည် အကြောင်း အဖြစ်ဖြင့် စုတေ့ရိုးမရှိ။ ထို့အတူ အကျိုးသည် အကြောင်းကင်းမဲ့၍ အလိုအလျောက်ဖြစ်လာတတ်သော သဘောမျိုးမရှိခဲ့ချေ။

ထို့ကြောင့် ကျွန်ုပ်တို့သည် အကြောင်းကိုသာ ပြင်ဆင်နိုင်ကြကုန်၏။ အကျိုးကား ကျွန်ုပ်တို့၏ ပါဝါမှ လွန်မြောက်နေသော အရာတည်း။ ဤသို့ အားဖြင့် ကျွန်ုပ်တို့ ပြဆိုခဲ့ပြီးသောအမှန် တရား တို့ကို(၁) သင်္ခတ(ဝါ) ပြုပြင်မှုမှ မကင်းသော(ဝါ)ပြုပြင်လို့ ရစကောင်းသော တရား (၂) အသင်္ခတ၊ပြုပြင်မှုမှကင်းသော တရားဟူ၍ နှစ်မျိုးခွဲခြားနိုင်သေးသည်။ ထိုတွင် အချို့သောတရားတို့သည် ပြောင်းလဲမှုမှ လွန်မြောက်ကြစေကာ ပြုပြင်မှု၏ လက်တွင်း မှကား မလွတ်ကင်းကြလေကုန်။ မှန်စွာ၊ ကျွန်ုပ်တို့သည် မြေဓာတ်၏

အမာသဘောကို အခြားသဘောဖြစ်သွားအောင် မပြောင်း လဲနိုင်ကြကုန်သည့်ကားမှန်၏။ သို့သော် ၎င်းကိုအလွန်အမင်း ဆတ်ဆတ်ကြိုး မာအောင် မမာ တမာအခြေ ဆိုက်အောင် သိပ်မမာအောင် ပြေ့သွားအောင် ပြုပြင်စွမ်းနိုင်ကြကုန်၏။ နာမ်တရားတို့ ကိုလည်း ထိုနည်းတူ ပြုပြင် မှုဖြင့် အတိုး အဆုတ် အရင့်အနုဖြစ်အောင် ပြုနိုင်ကြကုန်၏။

ထိုသို့သောတရားတို့ကို သင်္ခတဟု ခေါ်ဆိုရလေသည်။

အမှောင်အလင်း ဆင်းရဲချမ်းသာ ဟူသော ဒွန်တွဲစကား တို့သည်လောက၌ထင်ရှားရှိကြကုန်၏။ ထို့အတူသင်္ခတရှိက အသင်္ခတလည်း ရှိနိုင်လေသည်။ အသင်္ခတ ဆိုသည့်ကား ထိုထိုပြုပြင်မှုဟူသမျှမှ၎င်း ပြောင်းလဲမှုများမှ၎င်း၊ လွန်မြောက် သော (ဝါ) ပြုပြင်ခြင်းကြောင့် အတိုး အဆုတ် စသည် မဖြစ် စကောင်းသော သဘောကိုဆိုသည်။

၎င်းကားဆိုအပ်ခဲ့ပြီးသော ပြုပြင်မှုကြောင့် တိုးချီဆုတ်ချီ ဖြစ်ရသောသင်္ခတ တရားမှန်တို့ကို ၎င်းတို့၏အတွင်းသဘော ကို မြင်အောင်ထင်အောင်ကြည့်ရှုခြင်းဖြင့်ရရှိအပ်သော မှု ငြိမ်းမှုပင်တည်း။

ဉပမာ ငွေဒင်္ဂါး တပြား၌ ပါဝင် ဖွဲ့စည်း နေသော ဓာတ်တို့၏ အတွင်းသဘာဝကို ကျကျ နန မမြင်မသိသော သူသည်ထိုငွေဒင်္ဂါးကို အလွန်တပ်မက် လိုချင်သော လောဘ ဇောပြင်းစွာဖြစ်ပေါ်လာ၏။ ထို့ကြောင့်ခိုးမှုဝှက်မှုတိုက်ခိုက် သတ်ဖြတ်မှုတိုင်အောင် ကြူးလွန်ရ၏။ အကယ်တစေ ထိုငွေ ၏ သဘာဝ အကျကိုမြင်ချေသော် ထိုမျှ တပ်မက်ခြင်း မဖြစ် ပေါ်ခဲ့ပေရာ။ သို့မပေါ်သဖြင့် ထိုဆိုခဲ့ပြီး မကောင်းမှုများမှ ကင်းလွတ်၍သူ၏စိတ်အစဉ်၌ငြိမ်းမှုကြီး ပေါ်လာပေရာ၏။

ထိုငြိမ်းမှုကား အသင်္ခတဖြစ်၍ တမျိုးတမည်ဖြစ်အောင် ပြုပြင်ပြောင်းလဲ၍ မရစကောင်းချေ။ ထို့ကြောင့် အသင်္ခတ တရားကို တကယ်မြင်လိုလျှင် သင်္ခတ တရားကိုကြည့်ရှုရချေမည်။ ဆိုခဲ့သောသင်္ခတ အသင်္ခတ တရားတို့သည် သန္တာန သဏ္ဌာန ပညတ်တို့ကဲ့သို့ စိတ်ကူးဖြင့်သာကြံစည်ပြောဆိုရသော၊ တကယ်မရှိသော အရာများ မဟုတ်ကြကုန်၊ စင်စစ်သော်တမှုကား သဘာဝဓမ္မအားဖြင့် တကယ်ရှိ အဟုတ်ရှိသော တရားများဖြစ်ကြကုန်၏။ ဤချဖြင့် တရား၏သဘော ထင်ရှားခဲ့ပြီ။

## အခန်း ၃

မေး (၂) ဘုရားနှင့်တရားအဘယ်သို့ ဖြစ်ပေါ်လာကြသနည်း။

ဖြေ (၂) ကျွန်ုပ်တို့သည်ဘုရား၏ရင်း၊ (ဝါ) တရား၏ရင်း၊ ယထာဘူတ ကျနမှန်ကန်သော အတ္တုပ္ပတ္တိရ (ဝါ) အစပြုပါယ် ပေါ်ပြချက်ကို သိခဲ့ကြရကုန်ပြီ။ ဤပြဿနာ၏ အဖြေသည် ထိုအတ္တုပ္ပတ္တိရနှင့်ပင် လုံလောက်ပေပြီ၊ သို့သော်အနည်းငယ်လင်းပါးကြပါဦးစို့။ ကျွန်ုပ်တို့၏အတ္တုပ္ပတ္တိရ အရ သိသူကို ဘုရားဟုခေါ်သည် ဘာကိုသိသောသူနည်း? သင်္ခတ အမှန်နှင့် အသင်္ခတ အမှန်နှစ်ခုလုံး အကြုံး ဝင်သော တရားကို သိသောသူဟူ၍ဆိုလိုသည်။

အကြင် ထူးချွန်သော လူမွန် တယောက်သည် သင်္ခတ အမှန်ကိုရင်း၊ အသင်္ခတအမှန်ကိုရင်း၊ အတွင်းသသော မိမိ အဟုတ်တန်းတကယ်တန်းသိမြင်၍ကမ္ဘာသူ ကမ္ဘာသားတို့အား ထိုအမှန်တရားကို ထင်ရှားစွာ ညွှန်ပြနိုင်၏။ ထိုအခါ

ထိုသည့် လူသားကို မိခင်ကမ္ဘာသည် ဘုရား ဟူသော ဘွဲ့ထူးဖြင့်ခြီးကြူးလိုက်၏။

ထိုအခါ ဤကမ္ဘာလောကဌ ဘု ရား ဟူ သော နာမ စတင်၍ ပေါ်ပေါက်ခဲ့၏။ ထို့ကြောင့် အမှန်ကိုသိခြင်းအား ဖြင့် ဘုရားဟူသောဘွဲ့ကို ပန် ဆင် နိုင် သည့် ပုဂ္ဂိုလ်ထူး ဖြစ်ပေါ်လာရကြောင်း ထင်ရှားချေသည်။

တရားကား ဖေါ်ပြခဲ့ပြီးသော ကျွန်ုပ်တို့၏ အဋ္ဌုဒ္ဒါရ အားလျော်စွာ တစုံ တယောက်သော အာ ဏာပိုင်က ဖြစ်ပေါ်စေဟူ၍ အမိန့်ပေးလိုက်ခြင်းကြောင့် ဖြစ်ပေါ်လာ သော သဘာဝ မဟုတ်ခဲ့ချေ။ ၎င်းကား မိမိ၏ သဘော လက္ခဏာကို အနာဒိ ကာလမှစ၍ ဆောင်လာခဲ့၏။ အနန္တ ကာလတိုင်အောင်လည်း ဆောင်၍နေလိမ့်ဦးမည်။ ထိုသို့ သောသဘာဝ အမှန်တရားကား ပြုလုပ်ဖန်ဆင်းသူမှကင်း မဲ့၏။ အလိုအလျောက် မိမိ၏သဘာဝအားဖြင့် အမြဲဖြစ်၍ နေ၏။ ထို့ကြောင့် ၎င်းတရား၏ဖြစ်ပေါ်ပုံ အခြင်းအရာကို ရေးပြရန်မဖြစ်နိုင်တော့ပြီ။ အဘယ်ကြောင့်နည်း ? အစကား ဒီမှာ အဆုံးကား ဟိုမှာဟု ညွှန်ပြ ပြော ဆိုခြင်း ငှာ မဖြစ် စကောင်းသော သဘာဝမျှ ဖြစ်သောကြောင့်ဟူပေ။

သို့သော်အချို့ဘာသာဝင်တို့ကားအခြင်းအရာ အာကာ ရမရှိသောသို့မရှိခြင်းကြောင့် ရုပ်မရှိသောသို့မရှိခြင်းကြောင့် နှလုံး သားရော ဦးနှောက်ပါ မရှိသော သို့မရှိ ပဲလျက် ဉာဏ်တော် အနန္တရှိသော သို့ရှိပါလျက် သဘာဝမျှကို ကျကျနန သိမြင်ခြင်း မရှိသော ဝိညာဉ်ဘုရား (ဝါ)သုညဘုရားရှိသည်ဟု အယူရှိနေကြကုန်သည်။

၎င်းတို့၏ အယူအားဖြင့် ဘုရားသည် လူသတ္တဝါများ ရောက်ရှိနိုင်သည့်။ အဆင့်အတန်း အခြေ အနေ မဟုတ်ချေ။ စင်စစ်မှာ ဘုရားဇာတိအားဖြင့် အမြဲမအို မသေပဲ၊ ဘုရား အဖြစ်၌ တည်ရှိ နေနိုင်မှသာ ဘုရားဖြစ်သည်ဟု ဆိုနိုင်၏။ သို့သော် ၎င်းတို့၏ ဘုရားကို ပုံပေါ် လာအောင် ၎င်းတို့ သက်သေ မပြနိုင်ကြကုန်တကား။ အယူဝါဒ ရမထုတ်ပေါ်နိုင် ကြကုန်တကား။ ၎င်းတို့ မရမနေထုတ်ယူကြသောအယူဝါဒ ရသည်လည်း သုညသာဖြစ်နေချေသည်တကား၊ သုညကား တန်ဘိုးမရှိ သုညပေါင်း တသန်းမှ တစ်ဂဏန်း တခု ပေါ်ထွက်လာအောင် မလုပ်နိုင်ချေ။

ထို ပြင် ထိုထို ဘာသာဝင်တို့၏ အလိုအားဖြင့် တရား ဆိုသည်ကား ထိုရုပ်မရှိသောသို့ရုပ်မရှိခြင်းကြောင့် ပါးစပ် မရှိသော သုညဘုရား၏ မုခ္ခပတ်(ဝါ)နှုတ်တော်ထွက်သာ ဖြစ်ရမည်။ ဤမှတပါးအခြား၌တရားမရှိ အမှန်မရှိဟု ဆိုကြ ကုန်သည် ဆိုလို ရင်းကား မြေ-- ရေ--- လေ-- မီး---ဟူသော ဓာတ်သဘောတ်ရှင်(ဝါ)မက်တားနှင့်ဖို့စ် (Matter & Force) တို့သည် တခြားစီနေခဲ့ကြကုန်၏။ ထိုသုညဘုရား၏ အမိန့် ကြောင့်တွဲခဲ့ကြသည့် မီးသည် ထိုဘုရား၏ အမိန့်ရမှပူခဲ့သည် လူသည် နိဗ္ဗ သားဖြစ်ခဲ့ စေကာ ထိုဘုရား၏ အမိန့်တော် ကြောင့် အနိဗ္ဗမျိုးဖြစ်ခဲ့ရသည်။ အကြောင်းသည် ထိုဘုရား ၏ အမိန့်ရမှ အကျိုးကို ဖြစ်စေနိုင်သည် ဟူလို။ သို့ရာတွင် ထိုသို့သော ဘုရားနှင့် တရားတို့ကား ဒဏ္ဍာရီ ပုံပြင်၌သာ တည်ရှိနိုင်သော အရာများ ဖြစ်ခြင်းကြောင့် အကျယ်ချဲ့ရန် မလိုတော့ပြီ။

## အခန်း ၄

မေး (၃) ဘုရား၏စွမ်းအားနှင့် တရား၏ စွမ်းအားကို ဖော်ပြပါ။

ဖြေ (၃) ဤပြဿနာ၌ ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးသော အဩဝါဒများအားလျော်စွာ ဘုရား၏ စွမ်းအားဟု မဆိုသင့်။ အမှန်မှာဘုရားဘွဲ့ ကိုပန်ဆင်နိုင်သော ပုဂ္ဂိုလ်၏ စွမ်းအားဟုသာဆိုသင့်၏ ထိုဘုရားဘွဲ့ခံ ပုဂ္ဂိုလ်ထူး၏ စွမ်းအားကား ကြီးမားလှပါ၏ သူသည်နစ်မြုပ်၍နေသော ကမ္ဘာ၏ အမွေအနှစ်ဖြစ်သော အမှန် တရားကို ကမ္ဘာသူ ကမ္ဘာ သားတို့ ခံစားနိုင်ကြစေရန် ဖော်ထုတ် ဖွင့်ပြနိုင်သော အစွမ်းနှင့် ပြည့်စုံ၏။

သူသည် မှောင်အတိ လွှမ်းမိုးနေသော ကမ္ဘာအတွင်း၌ တရားအလင်းကို ထွန်းညှိခဲ့၏။ လူသတ္တဝါကို အကြောင်း မသင်အကျိုးမမြင်ပဲတိရစ္ဆာန်ရိုင်းနှင့် အတူနေထိုင်စားသောက် နေသောဘဝမှ မြင့်တင်လိုက်၍ အသိဉာဏ်ပညာနှင့် ပြည့်စုံသော ယဉ်ကျေးသော အဆင့်အတန်းသို့ ရောက်စေခဲ့လေသည်။

သူသည် သေမျိုးဖြစ်သော လူသတ္တဝါအတွက်သေခြင်းကင်းသော အမတဓါတ်ကို(ဝါ)အသင်္ခတ အမှန်ကို ရှာဖွေပေးခဲ့၏။ ထိုအမတဓါတ်၏ ကိန်းဝပ်ရာ ကိန်းဝပ်ကြောင်း လမ်းကောင်း နိယျာဉ်းဖြစ်သော ကျင့်စဉ် ကျင့်လမ်း ကိုလည်း ကျကျနနဖော်ပြခဲ့၏။

ကမ္ဘာသည် အမြဲတစေဒုက္ခဆင်းရဲနှင့် ရင်ဆိုင်တွေ့နေရသဖြင့် ညည်းညူဆွေးတ၍ နေခဲ့ချေသည်။ ထိုဒုက္ခ ပျောက်

ကြောင်း၊ ကင်းကြောင်း၊ နည်းကောင်း လမ်း ကောင်း ကို မတွေ့နိုင်သဖြင့် အမြဲတစေ မှိုင်တွေနေခဲ့ရချေသည်။

ဘုရားဘွဲ့ခံ ပုဂ္ဂိုလ်ထူးသည် ထိုကြီးလေး ပြင်းထန်လှသော ကမ္ဘာဒုက္ခ၏ အကြောင်းကို ညွှန်ပြသည့်အပြင် ထိုအကြောင်းကို ပယ်ဖျက်ဘို့နည်းကိုလည်း ပေးစွမ်းနိုင်ခဲ့၏။ ထိုသို့စသောကိစ္စအများသည် ဘုရားဘွဲ့ခံ လူထူးလူမြတ် ၏ စွမ်းအားတို့ပေတည်း။

ထို့ပြင် တရား၏စွမ်းအားလည်း ထက်မြက် လှ ပေ ၏။ ကြီးမားမြင့်မြတ်လှပေ၏။ တရားသည် အလင်းရောင်ဖြစ်၏။ အမှားသည် အမိုက်မှောင်ဖြစ်၏။ ထိုအမိုက်မှောင်ကို မည်သူ ပယ်ဖျက်ခြင်းငှါစွမ်းနိုင်သနည်း? ကောင်းစွာ လူသား။ အမှားတည်းဟူသော အမှောင် အမိုက်ကို တိုက်ဖျက် ပယ်လွှင့်နိုင်သော လက်သယ်ကား တရားမှတပါး အခြား မရှိတော့ပြီ။

၎င်းသည့်သာလျှင် လူသား၏ ဥာဏ်အတွင်းသို့ အမှောင်ပယ်ဖျောက် အလင်းရောက်စေ ခဲ့လေသည်။ အကြောင်းကား တရားအလင်းရောင် မရခဲ့သော် ကမ္ဘာသည် မှောင်အတိ လွှမ်းမိုးခြင်းကို ခံရ၍ လူသား၏ အခြေအနေ သည် အောက်တန်းစား တိရစ္ဆာန်တို့၏ အဆင့်အတန်း သို့ ပြန်လည်လျှောကျချေမည်။

အကြောင်းအကျိုး အကောင်းအဆိုးကို မချင့်ချိန် မစဉ်းစား နိုင်ခြင်းကြောင့် လူသားသည် ထင်ရာမြင်ရာ စည်းလွတ်ကမ်းလွတ် ပြုလုပ်လိမ့်မည်။ ထို့ကြောင့် သူသည် ဒုက္ခဝဲဇလုတ် အတွင်းသို့ စုံးစုံးမြုပ်နေရချိမ့်မည်။ ထို့ပြင် အလိုမပြည့်ခြင်း၊ တပ်မက်ခြင်း၊ စွဲလမ်းခြင်း တည်းဟူသော

အပူကို မည်သူ အေးအောင် ပြုစွမ်းနိုင်သနည်း? ဤဒွိလည်း တရားသည်သာလျှင် ထိုအပူကို အေးမြအောင်ပြု စွမ်း နိုင် လေသည်။

လူသားသည် သစ္စာ တ ရား တို့၏ အတွင်းသဘောကို အကြင်အခါ၌ အတိအကျသိမြင်လာ၏။ ထိုအခါ တပ်မက်မှု၊ ကပ်ငြိမှု လိုလားမှုမှ ကင်းဝေးလေတော့၏။ ထိုအခါ အသစ္စာ တ ဟူသော အအေးဓါတ်ကိန်းဝပ်လာလေတော့သည်။ ထို့ ကြောင့် တရားသည် ကြီးမားလေးလံလှစွာသော(ဝ)တန် ချိန်ရှိ၍ မရွေ့လှုပ်နိုင်သော ကမ္ဘာ၏ဒုက္ခဝန်ထုပ်ကို ပစ်ချ နိုင်သောအစွမ်းနှင့်ပြည့်စုံ၏။ ထိုဒုက္ခ၏ ရေသောက်မြစ်ကို ထက်လှစွာသောဓါးမြှောင် လျှင်စွာဖြတ်တောက်ပစ်နိုင်သော သတ္တိရှိ၏။ တရားသည် အရှိန်ပြင်း၍ ထက် မြက် လှ သော မိုးကြိုးစက်ကဲ့သို့ အမှားဆိုင် အမှားခဲကို တချက်ထဲနှင့် ဖေါက်ခွဲနိုင်၏။ ၎င်းသည် ပြင်းထန်သော တောမီးကဲ့သို့ ခြောက်သွေ့နေသော အမှားတောကို ပြောင်စင်အောင် လောင်ကျွမ်း၍ ပြာကျစေနိုင်၏။ ၎င်းသည် အမှားရေယာဉ် ကို ကူးသန်းဖြတ်ကျော်ရန် ခိုင်ခံ့သော တံတားနှင့်တူ၏။ ထို့ပြင် လူသား၏ အသိဉာဏ် တည်းဟူသော ပဒုမ်ကြာကို ကားကားစွင့်စွင့် ကြက်သရေ တင့်အောင် ပွင့်စေနိုင်သော နေမင်း၏အရောင်နှင့် လည်းတူ၏။

လိုရင်းချုပ်ရသော် တရားမှာ မည်သူမည်ဝါ မည်သည့် အာဏာရှင်မှ မယ်ဖျောက် ဖျက်ဆီးခြင်းငှါ မစွမ်းနိုင်သော အမှားကို ကျူးပင်ခုတ်က ကျူငုတ်ပါမကျန် အရင်း အမြစ် လှန်၍ ခုတ်တွင် သုတ်သင်နိုင်သော အစွမ်းသတ္တိရှိလေသည်။

ဤကား အစစ်အမှန်ဖြစ်သော ဘုရားနှင့်တရားတို့၏ ဌမ်းအား ဖြစ်သတည်း။

ထို့ပြင်ဗ္ဗာဝယ ဝါဒီတို့ကမူ ၎င်းတို့၏ဗ္ဗာဝယ ဆိုသော ဘုရားမှာ မြေရော ရေပါ တောရော တောင်ပါ ကောင်းကင် ဘုံနန်းရော အာကာသ ကောင်းကင်ပါ လူရော တိရစ္ဆာန်ပါ နေ-လရော ကြယ်တာရာတွေပါ အကောင်းရော အဆိုးပါ တရားရော အမှားပါ ဒုက္ခရော သုခပါ အပူရော အအေးပါ အားလုံးရှိသမျှသော အရာတို့ကို တချက်လွှတ် တလုံးဖြင့် ဖန်ဆင်းနိုင်သော အစွမ်းရှိသည်ဟု ဆိုကြကုန်၏။ (ဝါ) ယုံကြည် နေကြကုန်၏။

၎င်းတို့၏ အယူအားဖြင့် တရားဟူ၍ သဘာဝ အားဖြင့် တခြားသတ်သတ်မရှိချေ။ စင်စစ်မှာ ထိုဗ္ဗာဝယ၏ မုက္ခတ် သာလျှင်ရှိ၏။ ထို့ကြောင့် တရား၌ ဌမ်းအားမရှိချေ။ သို့သော် ဖြစ်နိုင် မဖြစ်နိုင်(ဝါ)ဟုတ်နိုင်မဟုတ်နိုင်ကို ဝေဖန်စစ်ဆေး ရာ၏။

ကျွန်ုပ်တို့သည် စစ်ဆေးနည်းအကျယ်ကို မရေးလိုပြီ။ သို့ရာတွင် အကျဉ်းအားဖြင့် ထိုဗ္ဗာဝယဘုရား၏ အာကာသ (ဝါ) ကောင်းကင် ဖန်ဆင်းမှုကို ဝေဖန်၍ ကြည့်ကြစို့၊ အာကာသ ဆိုတဲ့ ကောင်းကင်သည် ဘာလဲ? အကောင် အထည် ရှိသလော? ပုံသဏ္ဍာန်ရှိ သလော? စင်စစ်မှာ ထိုအာကာသသည် ဘာမျှရှိသော အရာမဟုတ်၊ အမည်သာ ရှိသောအရာတည်း၊ အာကာသသည် အရာဝတ္ထု မရှိသော နေရာ၊ (ဝါ) အရာဝတ္ထုတို့၏ အကြား၌ ရှိသောနေရာ(ဝါ) ဓါတ်သဘာဝ တို့၏ အကြား၌ ရှိသော နေရာ မျှသာ ဖြစ်၏။ ကမ္ဘာမြေကြီးနှင့်တကွ အားလုံးသော အရာဝတ္ထုတို့သည်

အာကာသထဲ၌ တည်ရှိနေကြရကုန်၏။အာကာသဆိုသော ကောင်းကင်ကို ပေတံ ပေကြိုးဖြင့် တိုင်းတာ၍ မဖြစ်နိုင်၊၎င်းသည် အစမရှိ အဆုံးမရှိ။ ယင်းသို့သော အာကာသကို ဋ္ဌာဝယဘုရားသည် ဘယ်ပုံပြုလုပ်၍ ဖန်ဆင်းခဲ့သနည်း။

အနာဒိ အနန္တဖြစ်သော(ဝါ)ခေါ်ဝေါ်စရာပညတ်မျှသာ ရှိ၍ လုံးလုံးဘာမှမရှိသော ကောင်းကင်ကို ဖန်ဆင်းသည်ဆိုသော ဋ္ဌာဝယဘုရားကား အံ့ဘွယ်မဟုတ်၊ အဟုတ်ကား ၎င်းကို ယုံကြည်နေသူတို့သာ အံ့ဘွယ်ရာ ကောင်းလှတော့၏။ ထိုမှတပါးအခြားသော ဋ္ဌာဝယဘုရား၏ ရယ်ဘွယ်ရာ လုပ်ငန်းတို့လည်း အများအပြားရှိကုန်သေး၏။သို့သော် ဤမျှဖြင့် လူသတ္တဝါတိုင်း စဉ်းစားဆင်ခြင်နိုင်ရန် သဲလွန်စရနိုင်လေပြီ။

ထို့ကြောင့်မဟုတ်မမှန် အကြံမျှ ဖြစ်သော တကယ်ကော်န္တ ဘယ်အခါမှမရှိနိုင်သော သုညဘုရား၌ တန်ဘိုးထားမှု၊ (ဝါ) အစွမ်း တပ်ဆင်မှုတို့ကား လေထဲ၌ ရေးဆွဲသော တိုက်အိမ်ကဲ့သို့တကယ်ဟမ်း လူတက်ပြီးနေ၍မဖြစ်ကြောင်းကိုဟုတ်တိုင်းမှန်စွာသိမြင်၍ တကယ် အစစ်အမှန် ဖြစ်သော ဘုရားနှင့်ဂရား၏စွမ်းအားတို့ကိုသာ ရှာဖွေ မှတ်ယူ ပိုက်ကိုး နှစ်လုံးသွင်းကြကုန်ရာသတည်း။

## အခဏ်း ၅

မေး (၄) ဘုရားနှင့်တရားမရှိပဲ မထားပဲ ဖြစ်နိုင်ပါမည်လော?မဖြစ်နိုင်ဘူးလော?

ဖြေ (၄) ဘုရား၏ စွမ်းအားနှင့် တရား၏ စွမ်းအားတို့ကို ဖေါ်ပြခဲ့ပြီ။ ထို့ပြင် ဘုရားနှင့် တရားတို့၏ လုပ်ငန်းကိုလည်း ကျွန်ုပ်တို့သိခဲ့ရပြီ။ ထို့ကြောင့် ဘုရားနှင့် တရားမရှိ

မဖြစ် မ ထား မ ဖြစ် သော အရာများဖြစ်ကြောင်း ထင်ရှား လေပြီ။

သို့ရာတွင် အနည်းငယ် ရှင်းကြဦးစို့။ ဤကမ္ဘာလောက အတွင်းရှိ ရွာ၌ဖြစ်စေ မြို့နယ်၌ဖြစ်စေ တိုင်းပြည်နိုင်ငံ၌ ဖြစ်စေ၊ အ များ လူ တို့ ထက် ပို၍ အသိအမြင်များသူကို ခေါင်း ဆောင်တင်မြှောက်၍ ၎င်း၏စကားကို လိုက်နာနေကြရကုန်၏။ ထိုခေါင်းဆောင်၏ နောက်သို့ လိုက်ခြင်း၊ ၎င်း၏စကား ကို နာယူခြင်းဖြင့် ထိုမြို့ ထိုရွာ ထိုနိုင်ငံ နေသူတို့သည် တိုး တက် ကြီးပွားခြင်း၊ ချမ်းသာ ရှင်လန်းခြင်းကို ရရှိကြကုန်၏။ ထို့ကြောင့် အသိ အမြင် အဆင်ခြင် ဉာဏ်နှင့် ပြည့်စုံသော နောက်လိုက်ငယ်သားတို့၏ အကျိုးစီးပွားကို လိုလားသော၊ ထိုသို့လိုလားသည့်အားလျော်စွာ နည်းကောင်းလမ်းကောင်း စည်းမျဉ်း ဥပဒေသ ကောင်းတို့ကို တည်တွင် ညွှန်ပြတတ် သော ကောင်းမြတ်သော ခေါင်းဆောင်ကား မုချဧကန်ဆတ် လိုလားအပ်သော ပုဂ္ဂိုလ်ဖြစ်ခဲ့၏။

ထို့ပြင် လောကဓါတ် အတွင်း၌ ထင်ရှားရှိသော ဓါတ် သဘာဝတခုခု၏ အစွမ်းသတ္တိ (ဝါ) အခြင်းအရာကို ကျကျ နနသိမြင်စွမ်းနိုင်၍ ၎င်းကိုအများလူတို့အား ဖေါ်ပြနိုင်သူကို ပညာရှိကြီးဟု သမုတ်ကြ၍ ၎င်းကို လူအများတို့က အရို အသေ ပေးကြကုန်သည်။

ယခုအခါ လူအများ အသုံးပြုနေကြသော စက်ကိရိယာ အမျိုးမျိုးတို့ကား ရုပ်လောကဓါတ်ဆိုင်ရာ တရားတို့အနက် မှ အချို့အဝက်သော ဓါတ်တို့၏သဘာဝကို အတွင်းကျကျ သိမြင်၍ တည်တွင် ခဲ့ကြသော ဓါတု စိန္တာ ဆရာကြီးတို့၏ ကျေးဇူးပေတည်း။

ထိုသို့သော ဓါကုစိန္တာ ဆရာတို့နှင့် ၎င်းတို့ ဟည့်တွင် ဖေါ်ပြခဲ့သော စည်းမျဉ်း တို့သည်လည်း မှ ချ လို လား အပ် သော အရာများ ဖြစ်သည်။

ထို့အတူ တရားသဘောမှန်တို့ကို ထိုးထွင်း သိမြင်သော ဘုရားဘွဲ့ခံပုဂ္ဂိုလ်ဘူးနှင့် ထိုဘုရား၏ တရားမှန် တို့သည် လူ သား၏ တိုးတက်ရေး ကြည် လင် ရွှင် ပျ ရေးစ သည် တို့ အတွက် မရှိမဖြစ် (ဝါ) မထားမဖြစ်သော အရာတို့ဖြစ်ချေ သည်။ ဤအချက် ထင်ရှားစေရန် အားလုံးသော သင်္ခတ အသင်္ခတတို့၏ သဘာဝ အမှန်ကို သိမြင်၍ ဖေါ်ပြနိုင်သူ ဘုရားလည်းမရှိ၊ ထိုသို့ မရှိခြင်းကြောင့် ထိုထို အကြောင်း အကျိုးနှင့် အကောင်းအဆိုးတရားတို့လည်းမရှိဟူ၍ စကား အဖြစ်ထားပြီးကြည့်ကြပါစို့။ ထိုအခါလူသား၏ အခြေအနေ မည်သို့ရှိမည်နည်း?။

လူသားသည် ညဉ့်နက်သန်းခေါင် ထိမ်တောင် ပိတ်ဖုံး ကြယ်ရောင် လရောင်လုံးလုံးမရှိသော အမှောင်အတွင်း၌ခရီး သွားနေရသော တုတ်ကောက်ဒေါ့ ဆွဲသူမရှိသော သူကန်း ၏ အခြေအနေသို့ ဆိုက်ရောက်နေချေမည်။ အကြောင်းနှင့် အကျိုးကို မဆင်ခြင်နိုင်(ဝါ) အကောင်းနှင့် အဆိုးကိုလည်း မသင်မြင်နိုင်ခြင်းကြောင့် လူသားသည်တောတွင်း တိရစ္ဆာန် များ၏ အဆင့်အတန်းမှ လွန်မြောက်ခွင့်ကို ရရှိနိုင်တော့မည် မဟုတ်ချေ။ ထို့ကြောင့်လူသား၏ အသက်ရှင်ရေး အတွက် လေနှင့်ရေသည် မရှိမဖြစ်သကဲ့သို့ လူသား၏ တိုးတက်ရေး၊ လွတ်လပ်ရေး၊ ကြည်ရွှင် အေးမြ ရေး အတွက် ဘုရားနှင့် တရားတို့သည် မရှိလည်းမဖြစ်(ဝါ)မထားလည်း မဖြစ်ကုန် ဟူ၍ တသစ်ချ မှတ်ယူအပ်ပေသတည်း။

## အခန်း (၆)

မေး (၅) ၎င်းဘုရားနှင့် တရားကို အသိအမှတ်မပြုသူကို ၎င်းတို့က ဘယ်လိုအပြစ်ဒဏ်ပေးဦးမည်နည်း?

ဖြေ (၅) တရားမှန်သည် ကြာသို့လင် တောက်ပြောင်သော အလင်းရောင်ကို ဆောင်သော မီးရှူးတိုင်နှင့် တူ၏။ ဘုရားကား ထိုမီးရှူးတိုင်ကို ကိုင်ဆောင်ပြသူ ဖြစ်ခဲ့၏။ ဘုရားသည် ထိုသို့သောမီးတိုင်ကို ကိုင်ဆောင်ထွန်းပြခြင်းဖြင့် ကမ္ဘာ၏ အမိုက်မှောင်ကိုဖွင့်ခဲ့၏၊ ကမ္ဘာသူ ကမ္ဘာသားတို့သည် ထိုအလင်းရောင်အားဖြင့်အနိမ့်အမြင့်အချိုင့်အဝှမ်း အစိုအခြောက်၊ ရေပြင်မြေပြင် လမ်းကောင်း လမ်းညံ့သည် တို့ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ခွင့်ကို ရရှိခဲ့ကြ၏။ အကြောင်းအကျိုးနှင့် အကောင်းအဆိုးတို့ကို ခွဲခြားဝေဖန်နိုင်ခွင့်ကို ရရှိခဲ့ကြ၏။ ထိုကြောင့်သူသည် မကောင်းဟူသမျှကို ရှောင်ကြဉ်၍ အကောင်းဟူသမျှကို ပြုလုပ်နိုင်ခဲ့လေသည်။

ထို့ပြင်တရားအမှန်သည် နေရောင်နှင့်တူ၏။ ဘုရားသည် ကိုယ်ထည်ဒြပ်နှင့် တူ၏။ နေသည် ဆင်းရဲသူ ချမ်းသာသူ ယုတ်သူ မြတ်သူ ပညာရှိသူ မဲ့သူ ရှင်ဘုရင် သူတောင်းစား မရွေးချယ်ဘဲ လူတိုင်းအား မိမိ၏အလင်းရောင်ကို ပေးတတ်၏။ မုန်းသူချစ်သူ မထားပဲ တသားတည်း အလင်းရောင်နှင့် အားဓါတ်ကို ပေးတတ်၏။ ၎င်းကို အသိအမှတ်ပြုသူမှ ၎င်း၏ အလင်းရောင်နှင့် အားဓါတ်ကိုရစေ၊ ခံစားစေဟု ထုံးစံမရှိချေ။

ထို့အတူ အလင်းရောင်၏ ပိုင်ရှင်ဖြစ်သော ဘုရားဘွဲ့ထူးကို ဆွတ်ခူးပန်ဆင်နိုင်သော သူသည်လည်း လူဖြူ လူမဲ--လူနီ

လူဝါနှာခေါင်းချွန်းနှာခေါင်းပြား လူချမ်းသာ လူမွဲ မုန်းသူ ချစ်သူ မခွဲခြားပဲ တသမတ်ဘည်း တသားထည်း တရား အလင်းရောင်ကို ပေးတတ်လေသည်။ ၎င်းတို့ကို အသိအမှတ်ပြုမှု(ဝါ)မပြုမှုကား ကမ္ဘာ့သား၏ တာဝန် ဝတ္တရားမျှသာဖြစ်၏။

နေနှင့် ၎င်း၏အလင်းရောင်သည် ၎င်းတို့ကို အသိအမှတ်မပြု ဂရုမစိုက်မှုကြောင့် လူကိုအပြစ် ပေးရိုးမရှိသကဲ့သို့ထို့ အတူ ဘုရားနှင့် တရားတို့ကလည်း အသိအမှတ်မပြုသူတို့ကို အဘယ်ကဲ့သို့သော အပြစ်ဒဏ်ကို မျှပေးလိမ့်မည် မဟုတ်ချေ။ အလင်းရောင်ကို အသိအမှတ် မပြုလိုသူသည် အမှောင်ထဲမှာ ဖြစ်လိုရာဖြစ် နစ်လိုရာနစ် သဘောနှင့် နေရုံသာရှိ၏။ အလင်းရောင်နှင့် ၎င်း၏ပိုင်ရှင်ကို ပြုစုနေကလည်း အကျိုးမထင် စိတ်ပင်ပန်းရုံသာ ရှိချေမည်။ ဘုရားနှင့် တရားမှာ အနေသာချည်းပင်တည်း။

ထို့ပြင်ဘုရားဘွဲ့ခံပုဂ္ဂိုလ်ထူးသည် အလွန်တတ်မြောက်လိမ္မာ ကျွမ်းကျင်သော အင်ဂျင်နီယာ ဆရာကြီးနှင့် တူ၏ တရားကား ထိုအင်ဂျင်နီယာဆရာကြီး ဖေါက်လုပ်၍ထား အပ်သော,(ဝါ)ဖြောင့်စင်းညီညာ၍ ဘေးရန် ကင်းပသော လမ်းမကြီး နှင့်တူ၏။ ထိုအင်ဂျင်နီယာနှင့် လမ်းမကြီးကို အသိအမှတ်မပြုလိုသော (ဝါ) မုန်းတီးရွံရှာသော လူသားသည် သူ၏သဘောအတိုင်း ထိုလမ်းပေါ်မှာ မလျှောက်ပဲ (ဝါ)မသွားပဲ နေနိုင်ပါ၏။ နေပိုင်ပါ၏။နေခွင့်ရှိပါ၏။ ဆူးညောင့်ခလုတ် ချုံဖုတ်ထူထပ်၍ ဘေးရန်ဥပါဒ်၊ များသော ဘေးလမ်းတို့ဖြင့်လည်း သွားနိုင်ပါ၏။ သွားခွင့်ရပါ၏။ သို့သော် လဲကျွခြင်း၊ ပွန်းပဲ့ခြင်း စသော ဘေးရန် အန္တရာယ်

တစုံဘရာ ကျရောက်ခဲ့သော် လူသတ္တဝါသည် မိမိမိုက်မဲမှု၏အပြစ်ဒဏ်ကို မိမိခံရုံသာရှိလေသည်။အခြားလူကိုအပြစ်တင်ဘွယ်မရှိတော့ပြီ။ အင်ဂျင်နီယာနှင့် လမ်းတို့သည် ချောမွတ် ဖြောင့်စင်းသော လမ်းကိုမလျှောက်သူအား ဘယ်လိုအပြစ်ဒဏ်မှ သားမည်မဟုတ်ချေ။

ထို့အတူ ဘုရားနှင့်တရားတို့ကလည်း ၎င်းတို့ကို အသိအမှတ်မပြုသူ လူသတ္တဝါအား ငရဲပို့ခြင်းစသည်ဖြင့် အပြစ်ဒဏ်ခတ်မည်မဟုတ်ချေ။

သို့သော် ဘာသာဝင်အချို့တို့ကမူ ၎င်းတို့၏ဘုရားများသည် ၎င်းတို့ကို အသိအမှတ်မပြုသူ (ဝါ) မကိုးကွယ်သူများနှင့် ၎င်းတို့၏ မုက္ခတ်သားများကို လိုက်နာသူတို့အားကြီးလေးသောအပြစ်ဒဏ်ကို ပေးလေ့ရှိသည်ဟုဆိုကြကုန်၏။ ၎င်းကား အားလုံးသော ဗြာပသတို့၏ မွေတာပင်ဖြစ်၏။

ခရစ် ယံဗြာဝယသည် သူအား မယုံကြည်သူ အသိအမှတ်မပြုသူကို ကယ်တင်လိမ့်မည်မဟုတ်။ သူကိုယ်တိုင်ဖန်ဆင်းထားသော အနန္တငရဲသို့--၎င်းတို့ကိုပစ်ချလိမ့်မည်။ သူသည် သူအား အသိအမှတ်ပြုသူ လူနည်းစုကိုသာလျှင်ကယ်တင်လိမ့်မည်။ (ဝါ) သူ၏ ကောင်းကင် ဘုံ နန်းသို့ပို့လိမ့်မည်။

မဟာမေဒင် ဗြာဝယဘုရားကလည်း ဤနည်းအတိုင်းပင်ပြုလုပ်လိမ့်မည်။ဤယူဆချက်များသည် ကမ္ဘာ၏ အကျင့်စာရိတ္တကို ပျက်ပြားစေခဲ့၏။ အဘယ်ကြောင့်နည်း?အလုပ်ကို ပဓါန မထားဘဲ ယုံကြည်မှု အသိအမှတ် ပြုမှုကိုသာအရေးတကြီး ပြုလုပ်ခဲ့သောကြောင့်တည်း၊ ၎င်းဗြာဝယ

တို့၏ အပြုအမူသည် ငါနဲ့ မတဲ့သူကို မုံ့ဝေမစားဘူး ဟူသော ကျောင်းသားငယ်ကလေးတို့၏ အလုပ်နှင့် တူလှချေသည်။

ထိုသို့အယူရှိသော ဗြာဝယဝါဒီတို့၏ အယောက်အဘား ကားယခုမျက် မြင်လောကရှိ တရားသူကြီး ဥပဒေနှင့် ဥပဒေ ကြူးလွန်သူတို့ ပင်ဖြစ်၏။ လူတယောက်သည် ဥပဒေကို ကြူးလွန်၏။ တရားသူကြီးသည် ထိုလူကို ထောင်ချလိုက်၏။ သို့သော် ၎င်းဗြာဝယဝါ ဒီတို့သည် လူကသမုတ်ထားသော တရား သူကြီးနှင့် လူကပြဋ္ဌာန်းထားသော တရားဥပဒေမျှ ဖြစ်သည်ကို သတိမေ့လျော့နေကြကုန်သည်။ ၎င်းတို့၏ သာဓကကား သဘာဝမကျချေ။

မည်သူမဆို မီးထဲသို့ လက်နှိုက်လိုက်စမ်းပါ။ မီးသည် ယုံသူကို မပူလောင်စေပဲ မယုံသူကိုသာ ပူလောင်စေမည် လော?မဟုတ်ပါ။ယုံသူ မယုံသူ ထိုနှစ်ဦးလုံးကို မခွဲခြားပဲ ပူလောင် စေလိမ့်မည်။ မှန်လှ၏။ သဘာဝမွေသည်(ဝါ) အမှန်သည် မျက်နှာလိုက်ခြင်းမရှိ၊ လက်ဆောင် တံစိုးထိုး လို့ရသော အရာမဟုတ်ချေ။ ဤကမ္ဘာမြေကြီး၏ ဗဟိုရ် တည့်တည့်၌ ယူဇနာတရာ အချင်းရှိ၍ ယူဇနာတထောင် အလျားရှိသော စိန်ဘုံးကြီးရှိ၏။ ၎င်းအချက်ကို ယုံကြည် သူအားဆုငွေတသိန်းပေးမည်ဟု လူတယောက်က ပြောလာ ၏။လူအများသည် ထိုသူ၏စကားကို ယုံကြည်ကြ၏။ အဘယ်ကြောင့်?ဆုငွေတသိန်းဟူသော လက်ဆောင်တံစိုးကို မက်သောကြောင့်တည်း။ အဘယ်ကြောင့် လက်ဆောင်ထိုးရ သနည်း။ မူလအခြေခံစကား မမှန်သောကြောင့် ထိုးရ၏။ ထို အတူမမှန်သောအရာကို ယုံကြည်စေရန် အပြစ်ဒဏ် ဖြင့်

ချောက်လှန့်ရ၏။ မီးသည်ပူ၏။ ထိုစကားကို လက်ဆောင် မထိုးရပဲနှင့် ၎င်း မချောက်လှန့်ရပဲနှင့် ၎င်း၊ လူအများတို့ လိုက်နာယုံကြည်ချေမည်။ အဘယ်ကြောင့်နည်း။ သဘာဝ မှန်သော ကြောင့်တည်း။ ထို့ကြောင့်လာဘ် ထိုးမှု ချောက် လှန့်မှု ဖြင့် ယုံကြည် အောင်ဖြားထုတ်ကြသောဘုရား တို့သည် သဘာဝ အားဖြင့် မှန်သော တရားများ မဟုတ်ကြကုန်။ ထိုသို့မဟုတ် သောကြောင့် ၎င်းတို့က ပေးမည်ဆိုသော အပြစ်ဒဏ်နှင့် ဆုလာဘ်တို့လည်း ယုံတမ်းစကားမျှဖြစ် ကြောင်း ထင်ရှား လေပြီ။

## အခန်း ၇

မေး (၆) ဘုရားနှင့်တရားကို မည်သူ ပြု လုပ် ဖန် ဆင်း သနည်း?

ဖြေ (၆) အများသောသတ္တဝါတို့နှင့်မတူကွဲပြား အလွန် ထူးသော အကြင်လူသား တယောက်သည် သူ၏ဝီရိယအား ဉာဏ်အားတို့၏ အကူအညီဖြင့်၊ မည်သူမှ ဖေါ်မထုတ်နိုင် လောက်အောင် တိမ်မြုပ်၍ နေသော သစ္စာ တရား တို့ကို ပိုင်းခြားဝေဖန် သဘောမှန်အတိုင်း ကောင်းစွာသိမြင်၍ လောက သားအား လုံး၏ အကျိုးငှါ၊ ညွှန်ပြစွမ်း နိုင်၏ ထိုသည့် လူထူးသည်ကျွန်ုပ် တို့ဖေါ်ပြခဲ့သော အဋ္ဌုဒ္ဓါရအရ ဘုရား ပင်ဖြစ်လေတော့၏။

ထို့ကြောင့် ဘုရား ဖြစ်ရခြင်း၏ အကြောင်းကား- ဆိုခဲ့ ပြီးသော အမှန် တရားဟူသမျှကို ကိုယ်ပိုင် ဉာဏ် ဖြင့်သိမြင် မှုပင်ဖြစ်၏။ ထို့ကြောင့်ဘုရားကို ဖန်ဆင်းသူ လက်သည်မှာ တရား ပင်ဖြစ်၏ ။ အဘယ် ကြောင့် ? ၎င်းတရား မှန်ကို သိမြင်မှ ဘုရားဘွဲ့ကို ရရှိပန်ဆင်နိုင်သောကြောင့်တည်း။

တရားကား အနာဒိ၊ အစမရှိသော ကာလမှစ၍ ၎င်း၏ သဘာဝအတိုင်း တည်ရှိလာခဲ့၏။ ထိုပြင် အနန္တ အဆုံးမရှိသော ကာလတိုင်အောင် ၎င်း၏ သဘာဝ လမ်းကြောင်းမှ မပြောင်းမလဲပဲ အမြဲတည်ရှိဦးမည့်အရာဖြစ်၏။ ထို့ကြောင့် တရားကို စတင်ဖန်ဆင်းသူ ပြုလုပ်သူမရှိနိုင်ပြီ။

သို့သော် အချို့သော လူသတ္တဝါတို့သည်စည်းကမ်းစနစ်ကျန သေသပ်သော ဤကမ္ဘာလောကကြီးကို တွေ့မြင်ကြသောအခါ ဤမျှ အစီအစဉ်တကျ သော (ဝါ) အဆက်အပြောင်းကောင်းလှသော (ဝါ) ချွတ်ချော်တိမ်းပါးခြင်းမရှိသော (ဝါ) ရာသီဥတုအခြေအနေ ရေမြေ စသည်အားလျော်အောင် ဖြစ်ပျက်နေသော ကမ္ဘာ လောကကြီးမှာ ဖန်ဆင်းသူ စီစဉ်သူ ဒီဆိုင်းနား၊ မုချရှိရမည်ဟု အယူရှိကြ (ဝါ) ယုံကြည်ကြကုန်သည်။ ဘုရားရော တရားပါ အားလုံးသောအရာတို့သည် ဌာဝယဟူသော ထို ဒီဆိုင်း နား ဆရာကြီး၏ လက်ဖြစ်တို့သာဖြစ်၏ဟု ယုံကြည် နေကြကုန်၏။ သဘာဝဓမ္မ၏ ဆန်းကြယ်မှုသည် ၎င်းတို့ကို ဌာဝယ၏။ ဘက်သို့ ဦးညွတ်စေလေသည်။ လူသတ္တဝါ၏ကိုယ်အား၊ ဉာဏ်အားဖြင့် တားမနိုင် ဆီးမရ သူ့သဘာဝအတိုင်းဖြစ်နေသောသဘာဝဓမ္မကို မြင်ရလေလေ၊ ဌာဝယ ဝါဒီတို့၏စိတ်၌ လူသား၏ဉာဏ်ဖြင့် မသိနိုင် မမြင်နိုင်သော ကမ္ဘာ ဒီဆိုင်းနား၊ ဌာဝယရှိသည်ဟူသော အယူကြီး စွဲစွဲမြဲမြဲ ဖြစ်ပေါ်လာလေဖြစ်တော့၏။

သို့သော် ဌာဝယ ဘာသာဝင်တို့သည် အောက်ပါ ပြဿနာတို့ကို စဉ်းစားဆင်ခြင် သဘာဝအမှန်မြင်အောင် ကြိုးစားကြပါလျှင် အသဲခိုက်အောင် စွဲစိုက်နေသော မိမိတို့

၏ အယူဝါဒ၏ အမှန်နှင့်အမှားကို ကွဲပြားစွာ တွေ့မြင်ကြလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်၏။

အနာဒိ အနန္တ အမြဲမခွာ မခွဲခဲ့သော ဓါတ်သေနှင့် ဓာတ်ရှင် (ဝါ) (မက်တာနှင့် ဖို့စ်)(Matter & Force)ကို မည်သူက တွဲပေးခဲ့သနည်း? ၂နှင့် ၂ ကိုပေါင်းလျှင် ၄ဖြစ်စေဟု မည်သူက အမိန့်ပေးခဲ့သနည်း? စက်ဝိုင်းတခု၏ အတွင်း၌ ဒီဂရီ ၃၆၀ သာရှိစေ၊ တြိဂံတခုအတွင်းမှာတော့ ဒီဂရီ ၁၈၀ သာရှိစေဟု ဘသူက အော်ဒါပေးတော်ခဲ့သနည်း? ဟိုက်ဒရိုဂျင် ၂ ဆနှင့် အောက္ကဆီဂျင် ၁ ဆကို ရေဖြစ်စေဟု မည်သူက ဒီဆိုင်းလုပ်ခဲ့သနည်း? အထက်သို့ ပစ်တင်လိုက်သော အရာဝတ္ထုသည် အောက်မြေပြင်သို့ ကျစေလို့ကော မည်သူက စေခိုင်းခဲ့ပါသနည်း?သရက်စေ့သည် သရက်ပင်ကိုသာ ပေါက်စေရမည်။ ကမာပင်ကို မပေါက်စေရဟု ဘသူက တားမြစ်ခဲ့သနည်း?အပူပိုင်းဒေသမှာရှိတဲ့ ဝက်ဝံများကို နက်အောင် အဖေပိုင်းက ဝက်ဝံများကိုတော့ ဖြူနေအောင် မည်သူက ဆေးချယ်ခဲ့ပါသနည်း? ဤသို့စသော သောင်းသောင်းမကသော မေးခွန်းတို့ကို ကိုယ်တိုင် မေး၍ကြည့်ရာ၏။ ထိုသို့ စမ်းသပ်ကြည့်ခဲ့သော် သာ်တတရားဟူသော သဘာဝဓမ္မကို တည်ထွင်ဖန်ဆင်းသူ မရှိကြောင်းကို တွေ့ရပေမည်။

အမှန်တရားမှာ လက်သယ်ဒီ ဆိုင်းနား မရှိကြောင်းလည်း ပိုမိုလေးနက် ထင်ရှားလာပေမည်။

ထို့ကြောင့် တရား၏ ၎င်း၊ အခြားအစုံတခုသော သဘာဝဓမ္မ၏ ၎င်း၊ လက်သယ်မရှိဟု မှတ်ရမည်။ကမ္ဘာ၏

လက်သမား(ဝါ)ဒီဆိုင်းနားဟူသော ဌာဝယဘုရားရှိသည် ဟူသော ဝါဒလည်း မှတ်မကိုက်တော့ပြီ၊

သို့ရာတွင် ဘုရားသည် အင်ဂျင်နီယာနှင့်တူ၏။ တရားသည် ၎င်းဖေါက်လုပ်သော လမ်းနှင့် တူ၏ဟုဆိုခဲ့သည် မဟုတ်တုံလော?။

ထို့ကြောင့်ဘုရားသည် တရားကို ဖန်ဆင်းသူမဟုတ်တုံလော? ဟူ၍ စောဒကတက်ပေရာ၏။ ဒီလိုဟုတ်ပါရိုးလား အချင်းလူသား။ လမ်းဖေါက်သည်ဆိုရာ၌ ရှိပြီးသစ်ပင်ဆူးပင်တို့ကို ခုတ်ထွင်ခြင်း၊ ရှိပြီး မြေကိုညီအောင် တူးပစ်ခြင်း ဖို့ခြင်း၊ ရှိပြီးကျောက်ခဲတွေကို ဖဲ့သောင်း၍ ညီညီညာညာ စီစစ်ခြင်းမျှဖြစ်သည်။ ဘယ်အခါ ဘယ်ကာလမှ မရှိဘူး မဖြစ်ဘူးသော အရာဝတ္ထု အသစ်ကို ဖြစ်စေခြင်း၊ (ဝါ) ဖန်ဆင်းလိုက်ခြင်း မဟုတ်ချေ၊ ဖန်ဆင်းဆိုသည်ကား တခါမှ မဖြစ်ဘူး မရှိဘူးသောအရာတခုကို ဖြစ်စေခြင်း၊ ပေါ်ယွင်ဘင်ရှားစေခြင်းဖြင်၏။

ထို့ကြောင့် ဘုရားဘွဲ့ကို ခံယူနိုင်သော ပုဂ္ဂိုလ်ထူးများ သိမြင်ပြီးသော သင်္ခတတရား အသင်္ခတတရားတို့သည် ရှိပြီးများဖြစ်ကြကုန်၏။ ဘုရားက ပေါ လိုက် ပြော လိုက်ခြင်းကြောင့် မှန်လာရသော တရားများမဟုတ်ကြကုန်။ ၎င်းတို့သည် ပကတိ သဘော အားဖြင့် အမြဲမှန်နေသော တရားတို့သာတည်း။

ဘုရား၏ လုပ်ငန်းကား ထိုတိမ်မြုပ်နေ၍ လူအများ မမြင်နိုင်သော တရားတို့ကို ဖေါ်ထုတ်ပြီးလျှင် လူအများ ကျင့်နိုင် ကြံနိုင်အောင် စီစဉ်လမ်းခင်းပေးမှုသာ ဖြစ်၏၊

ထို့ကြောင့်ဘုရားကို ဖန်ဆင်းပေးသူကား တရားဖြစ်၏။ သို့သော် တရားကို ဖန်ဆင်းနိုင်သူဒိဆိုင်းနားကားမရှိ။တရားကား ၎င်း၏သဘောကို အမြဲမသွေ တိမ်းစောင်းပြောင်းလွဲခြင်းမရှိစေဘဲ ဆောင်နေသောသဘာဝ ဖြစ်သောကြောင့် ဖန်ဆင်းသူကင်း၍ အနာဒိအနန္တ တည်ရှိနေသည်ဟု မှတ်ယူကြစေခလို။

## အခန်း ၈

မေး(၇)ဘုရားနှင့်တရားဘယ်အနားမှာတည်ရှိသနည်း?

ဖြေ (၇) ဘုရားသည် ဂုဏ်ထူးနှင့် ထူးချွန်သော ဖြစ်ခြင်းကြောင့်၎င်း၊ ထို့ပြင် ထိုဘွဲ့ထူး ဂုဏ်ထူးကို ဖန်ဆင်းနိုင်သူ ပုဂ္ဂိုလ်ထူးလည်း ယခုအခါထင်ရှားမရှိတော့ပြီ ဖြစ်သောကြောင့် ၎င်း၊ ဘုရားကား ဘယ်နေရာမှာရှိသည်ဟု ညွှန်ပြရန် မဖြစ်နိုင်ချေ။ အကယ်တာစေ ဘုရားဘွဲ့ထူးခံ ပုဂ္ဂိုလ်ထူး ဤကမ္ဘာလောက၌ ရှိနေသေးမူ ကျွန်ုပ် တို့သည် ၎င်းဘုရား၏ နေရပ်ဌာနကို လိပ်စာအပြည့်အစုံနှင့် စာပေးဖြစ်လောက်အောင် ညွှန်ပြပေးနိုင်ရာ၏။

သို့ရာတွင် ဌာဝယာဝါဒီတို့ကမူ သူတို့၏ ဌာဝယာဘုရားသည်ကောင်းကင်ဘုံနန်း၌ အမြဲရှိနေသည်ဟု ဆိုကြကုန်၏ သို့ရှိခဲ့လျှင် ထိုဌာဝယာဘုရားသည် ဘယ်နားမှာနေသနည်း? ကောင်းကင်ကား ကျယ်ဝန်လှစွာ၏။ အနာဒိအနန္တ ဖြစ်၏။ အတိုင်းအတာကိုလွန်၏။ ထိုအနန္တ ဖြစ်သော ကောင်းကင်၌ ထိုဌာဝယ နေသည်ဆို၏။ သို့ဆိုလျှင် အရှေ့မှာလော? အနောက်မှာလော ? တောင်မှာလော ?မြောက်မှာလော? ဘယ်အရပ်မှာ ရှိသနည်း။ သူ၏ နေရာကို မည်သူညွှန် ပြနိုင်သနည်း?အချို့ဌာဝယ ဝါဒီတို့ ကမူ သူသည် ကောင်းကင်

မြောံပိုင်း၌ လှည့်လည်နေသော (၇) စဉ်ကြယ် အပါအဝင် ဖြစ်သောရှေ့တန်း ကြယ်လေးလုံး၏ အလယ် မှာနေသည်ဟု ဆိုကြကုန်၏။

အချို့ကမူ သူတို့၏ဌာဝယသည်ဝိညာဉ် မျှဖြစ်၍ (ဝါ) သုညဖြစ်၍ ဘယ်နေရာမှာရှိသည်ဟူ၍ အပ်ချ မတ်ချ မပြော နိုင်ဟု ဆိုကြကုန်၏။

အချို့တို့ ယမူ သူတို့၏ ဌာဝယ ဘုရားသည် ပျံ့နှံ့၍ တည်၏၊ အပ်ပေါ်ယ်ကား၊အရာအားလုံး၌ ဌာဝယ တည် ရှိ၏ ဟု ဆိုကြပြန်၏။

ဤသို့အဆို ကွဲပြားကြရာ၌ မည်သည့် ဌာ ဝ ယ ဝါဒီ၏ ညွှန်ပြချက်ကို အမှန်ဟု မှတ်ရမည် နည်း ? အကုန် လုံးကား မမှန်နိုင်။ သို့ရာတွင် အများဆုံး ဖြစ်နိုင်သော အချက်ကား အကုန်လုံးမှားပုံရလေသည်။

အကြောင်းကား ရူပဓေဒ ဆိုင်ရာတရားသဘောနှင့်နာမ ဓေဒ ဆိုင်ရာတရားသဘောတို့မှတပါး (ဝါ) သင်္ခတ တရား နှင့်အသင်္ခတ တရား တို့မှတပါး၊ အခြားဘာမျှ မရှိသော ကြောင့်တည်း။

ဌာဝယဝါဒီတို့သည် ၎င်းတို့၏ ဌာဝယ ဘုရား ရှိသော နေရပ်ကိုလည်း သေချာဂန မညွှန်ပြနိုင်တဲ့အပြင် ၎င်းတည် ရှိကြောင်းကိုပင်၊ သက်သေသာဓက ခိုင် လုံအောင် မပြနိုင် ကြကုန်။ ထို့ကြောင့် ပရိကပ္ပ (ဝါ) စိတ်ကူးမျှဖြစ်သော (ဝါ) တကယ် အဟောင်အရှား မရှိသော အရာ ဖြစ်၏။ ဒဏ္ဍာရီ ဇာတ်လိုက်မျှဖြစ်၏။

ထိုတကာယ်မရှိသော အရာ၏ တည်နေရာ ဌာနကို ပြောဆိုနေခြင်းကား အပျင်းပြေစကား ယက်ပိုလွှန်သော တန်ဘိုးမရှိသောအလုပ်ဖြစ်သတည်း။

ယခုသော် ကျွန်ုပ် တို့သည် တရား၏ တည်နေရာကို ညွှန်ပြရချေမည်။ တရား ကား သင်္ခတ အသင်္ခတဟူ၍ ကွဲပြားနေကြောင်းကို ကျွန်ုပ်တို့သိခဲ့ရပြီ။ ထိုတရားကား သဗ္ဗဗျာပီဖြစ်၍အရာအားလုံး၌ တည်ရှိချေသည်။ ဥပမာကျောက်ခဲ၌ သင်္ခတ အမှန်တရားရှိ၏၊ ဘာကြောင့်?ကျောက်ခဲ၌ အမေါ်နှင့် တကွသော ဓါတ်သေ ဓါတ်ရှင် (ဝါ) မက်တားနှင့် ဖို့စ် (Matter and Force)ရှိသောကြောင့်တည်း။ ထို့ပြင်၎င်း၌ ရှိသောအမာဓါတ်ကိုအပူသဘောသို့ပြောင်းလဲ စေခြင်း ၎င်း၌ ပါရှိသော ဓါတ်သေဓါတ်ရှင်တို့ကို လတ်စသုံး အဘာဝ သဘောသို့ ဆိုက်ရောက်အောင်ခြင်း၊ ပြုလုပ်စွမ်း နိုင်သူ၍ ကမ္ဘာ လောက၌ မရှိခဲ့ဘူး (ဝါ) ရှိဦး မည်လည်း မဟုတ်ချေ။ မှုချအားဖြင့် ဆိုရသော် မြင်ရသမျှ ကြားရသမျှ နံရသမျှ၊ မြည်းရသမျှ၊ တွေ့ထိရသမျှသော အရာအားလုံး၌ ပင် သင်္ခတအမှန်သည်တည်ရှိခဲ့၏၊ ထိုရှိသမျှ တို့သည်ပြုပြင်မှုမှ မကင်းခြင်းကြောင့် ကျွန်ုပ် တို့၏ အထင်၌ အခဲ--အလုံး--အဖြုံးအမှုံ ဟူ၍၎င်း၊ အရည်အဖတ် အကြမ်းအချောဟူ၍ ၎င်း၊ အတိုအရှည် အဆီအစေးဟူ၍၎င်း၊ အပြားအလုံးအခုံး အခွက်ဟူ၍၎င်း၊ ထင်လာ မြင်လာရလေသည်။

မီးစကိုကိုင်၍ ရမ်းဝှေ့သော အခါ မီးကွင်း မီးဝိုင်းထင်လာရသကဲ့သို့ပြုပြင်မှုမကင်းသော ကြောင့် ပုံသဏ္ဍာန်အမျိုးမျိုးထင်လာရ၏။ ၎င်းသင်္ခတ တရားအစုကိုသဘာဝ အကျအတိုင်း မြင်အောင်ရှုရမည်။ လျှပ်စစ်လက် သကဲ့သို့ မှိတ်ချီ

ပေါ်ချိသသောအတိုင်း ထာဝစဉ် ဖြစ်ပျက်နေမှုကို ရှုရမည်။ ထိုအခါအသင်တတရားအမှန်ကို မြင်နိုင်တွေ့နိုင်၏။အဘယ်ကြောင့်နည်း ? သင်တ တရား ရှိသော နေရာ၌ အသင်တ တရားလည်းရှိနေသောကြောင့်တည်း။

ထို့ကြောင့် အိုအချင်းလူသား။အသင်၏ ထက်ဝန်းကျင် အရပ်မျက်နှာအားလုံးသို့ လှည့်လည်ကြည့် ရှုပါလော့။ ထိုအခါ သင်သည် တစုံတခုကိုမြင်ရအံ့။ ထိုသည် တစုံတခု၌ အမှန် တရား ရှိခဲ့၏။ ထိုအမှန်ကို ဖော်ထုတ် သိမြင်းဖို့ကား အသင်၏ ဘာဝနာ့ဝတ္တရား ပင်ဖြစ်ချေ၏။ အသင်မသိသော် သော်ရှိစေ၊ အသင်၏ ကိုယ်၌လည်း သင်တ အသင်တ အမှန် တရားတို့သည်ရှိနေကြကုန်၏။ထိုကြောင့် အမှန်သည် အသင် လူသား လက်ညှိုးညွှန်ရာ အရပ်၌ တည်ရှိသဖြင့် အဘယ် အရပ်မှာရှိသည်ဟူ၍ ညွှန်ပြရန်မလိုတော့ပြီ။

## အခန်း ၉

မေး (၁) ဘုရားက တရားကိုခိုင်စေနိုင်သလား?(ဝါ) တရားကသာ ဘုရားကို ခိုင်းစေနိုင်သလား? သို့မဟုတ် ၎င်းတို့ အချင်းချင်းခိုင်စေနိုင်ကြပါသလား?။

ဖြေ(၁) ဘုရားနှင့် တရားတို့၏ အကြောင်းကို ကျွန်ုပ်တို့အပြည့်အစုံသိခဲ့ကြရပြီ။ဤပြဿနာအရလောက၌ အရှင်သခင်ဖြစ်သူတယောက်က ကျွန်အစေခံတဦးကို သူ၏ စိတ်တိုင်းကျခိုင်းစေနိုင်သော ပါဝါမျိုးကား ဘုရားနှင့် တရားတို့မှာမရှိကြချေ။ထိုစကားဆိုအပ်ဖွယ်။ ဘုရားသည် ကျွန်ုပ်တို့ဖော်ပြခဲ့ပြီး သည့်နည်းအရ အမှန် တရားကိုသိမြင် မှုကြောင့် ရရှိအပ်သောဘွဲ့တူး ဂုဏ်တူးမျှသာ ဖြစ်ခဲ့၏။၎င်း၌ သင်တသဘာဝကိုအသင်တသဘာဝသို့ပြောင်းစေ (ဝါ)သအင်တ

သဘာဝကို သင်္ခတ သဘာဝသို့ ပြောင်းလဲသွားစေဟု ခိုင်း စေနိုင်သောပါဝါ မရှိခဲ့ချေ။

ထို့ပြင် ကုသိုလ်ကို အကုသိုလ် (ဝါ) အကုသိုလ်ကို ကုသိုလ်ဖြစ်စေဟူ၍၎င်း၊ ကုသလကမ္မ အတွက် မကောင်း ကျိုး၊ အကုသလကမ္မအတွက်ကောင်းကျိုးကိုရစေဟူ၍၎င်း။ စေခိုင်းနိုင်သောသတ္တိမရှိခဲ့ချေ။

တရားကား ကျွန်ုပ်တို့သိခဲ့ပြီးအတိုင်း ပျက်စီးခြင်းလည်း မရှိ (ဝါ) ဖျက်ဆီးလို့လည်းမရ၊ အစလည်းမရှိ၊ အဆုံးလည်း မထင်၊ မည်သူ တဦးတယောက်မျှ မတည်ထွင် မဖန် ဆင်း နိုင်သောအရာဖြစ်၏။

တရားသည်ဖြောင့်စင်း၏။ တည်တံ့နိုင်မြဲ၏။ ဖောက်လွဲ ဖောက်ပြန်မရှိ၊ မျက်နှာကြီးမျက်နှာငယ် လိုက်စားခြင်းမရှိ တံစိုးလက်ဆောင် ထိုး၍မရ၊ ပကတိ သဘော အတိုင်း သွား မြဲ လမ်းကြောင်းမှ တိမ်းစောင်းခြင်းကင်း၏။ တရားကိုသူ၏ သွားမြဲလမ်းကြောင်းမှ တိမ်းစောင်းလွဲဖယ်၍ လမ်းကောက် သွားအောင် မည်သူမျှ မတတ်နိုင် (ဝါ) မခိုင်းစေနိုင်ချေ။

၎င်းသည် ကမ္ဘာ့ အာဏာရှင်ဖြစ်၏။ ၎င်း၏အမိန့်ကို အယူခံဝင်၍၎င်း၊ စောဒကတက်၍၎င်း မရနိုင်ချေ။

၂၉ အဆုံးပြောရသော် ၎င်းသည် ကမ္ဘာတခုလုံးကို ၎င်း၏ သဘောအတိုင်း စီမံဖန်တည်း နေခြင်းဖြင့် ဘုရားဘုန်းခံ ပုဂ္ဂိုလ် ထူး ပင် ၎င်း ၏ အ မိန့်ကို သွေဖယ် ဖီဆန်ခြင်းငှါ မတတ် နိုင်ချေ။

သို့ရာတွင် ဘုရားဘုန်းခံ ပုဂ္ဂိုလ်ထူး၏ ကြီးမြင့်သော သတ္တိ စွမ်းအားကား တိမ်မြုပ်လျက် နေသော သင်္ခတ အသင်္ခတ အမှန်တရားတို့ကို သိမြင်မှု၊ ဖေါ်ထုတ်မှုဖြစ်၏။သဘာဝဓမ္မ

ကို ဖေါက်လွဲ ဖေါက်ပြန် ဖြစ်အောင် ခိုင်းစေနိုင်သော သတ္တိမျိုး၏ ပိုင်ရှင်ကား ဤကမ္ဘာလောက၌ မရှိပြီဖြစ်၍ထိုပုဂ္ဂိုလ်မျိုးကိုရှာဖွေရန် မလိုတော့ချေ။

တရားကား ၎င်းကို လိုက်နာ ကျင့်ကြံ သူကို ကြီးကျယ်မြင့်မြတ်သော ဆုလာဘ်ကို ရရှိစေ၍ ၎င်းနှင့် ဗိလာပြုကျင့်နေထိုင်သူသတ္တဝါများကို ပူပြင်းစပ်ခါးသော ဒုက္ခအမျိုးမျိုးကို ရစေလေသည်။

ထို့မှတပါး တရားသည် ၎င်းအား မတွေ့ တွေ့ကြောင်း မသိ သိကြောင်း အမျိုးမျိုးအဖုံဖုံ လုလ္လဝိရိယ ဉာဏ်ပညာစုံဖြင့် ခံမင်ဆွာရှာကြ၍ ထိုရှာဖွေတိုင်း တွေ့မြင် သိရှိသော ဘုရားဘွဲ့ထူးခံ လူမြတ်ကို မရပ်မနား လောကနယ်တလွှားသို့ အမြဲသွားကြ၍ သူကိုယ်တိုင် တွေ့မြင်ခဲ့သော တရားမှန်ကို ဟောပြော ပြသရန် တိုက်တွန်းနှိုးဆော် တတ်၏။ ထို့ကြောင့် တရားသည် ၎င်းကို သိသည်နှင့် တပြိုင်နက် ကမ္ဘာတခွင်သို့ လှည့်လည် ဟောပြောအောင် ဘုရားဘွဲ့ခံလူထူးကို အမြဲကစေ၊ခိုင်းစေနေသကဲ့သို့ ရှိသောကြောင့် ၎င်းမှာကတ္တုသတ္တိရှိသယောင်ယောင် ပေါ်၏။သို့သော်မုချအားဖြင့်မူ ဓမ္မသဘာဝဖြစ်၍ ကတ္တုသတ္တိ မရှိစကောင်းချေ။

သို့သော် အချို့သော ဘာသာဝင်တို့ကမူ သူတို့၏ဘုရားကို တရားပိုင်မင်းဟူသော ဂုဏ်ပုဒ်ဖြင့် ချီးကျူးနေကြ ကုန်သည်။ သူတို့၏ ဘုရားသည် တရားပိုင်မင်း အစစ် ဖြစ်ခြင်းကြောင့် ထိုထိုသော အမှန်တရား ဟူသမျှ တို့သည် သူတို့ဘုရား၏ အမိန့်အာဏာကြောင့် မှန်လာကြရကုန်သည်ဟူ၍ ၎င်း၊ သူတို့ဘုရားမှာ အမှန်တရားကို ထင်သလို ခိုင်းစေနိုင်

သော တန်ခိုးသတ္တိ ရှိသည်ဟူ၍ဝင်း ယုံကြည်စွာ ပြောဆိုနေကြကုန်၏။

ဆိုလိုရင်းကား မြေဓါတ်သည် သူတို့ ဘုရား၏ အမိန့်ကြောင့် မာလာရသည်။ မီးဓါတ်လည်း ထို့အတူသူတို့ဘုရား၏ အာဏာဖြင့် ပူလာရသည်။ အဆုံးစကား ဆိုရသော် ၂ အပေါင်း ၂ သည်ပင် သူတို့ဘုရား၏ အမိန့်ကြောင့် လေးဖြစ်လာရသည် ဟူလို။ သို့သော်သူတို့ပြောတိုင်းယုံရမည်လော။

စင်စစ်မှာ အမှားအမှန် ဤနှစ်တန်ကို ချိန်ဆ ဝေဖန်ပြီးမှသာ ယုံကြည်ကြကုန်ရာသည်။

ထို့ကြောင့် အောက်ပါ ပြဿနာတို့ဖြင့် စစ်ဆေးကြည့်ကြပါစို့။ ထိုဣဿရဝါဒီတို့၏ဘုရားသည် အမှန်တရားကို သူ့သဘောအတိုင်း ပြုပြင် ဖန်တည်း နိုင်သည်။ သူဖြစ်ချင်သလိုဖြစ်စေနိုင်သည်။ (ဝါ) အာဏာပိုင်အနေဖြင့် အမိန့်ပေးနိုင်သည်မှန်ပါက ၂ + ၂ ကို ၅ ဖြစ်အောင် ပြုစွမ်းနိုင်ပါမည်လော။ မျဉ်းဖြောင့်သုံးခုဖြင့် စတုဂံ (ဝါ) လေးထောင့်ပုံဖြစ်အောင် အမိန့်ပေးနိုင်ပါမည်လော။ မီးထဲမှ အပူဓါတ်ကို ထုတ်နိုင်သော အစွမ်းသတ္တိ ရှိပါမည်လော။ သရက်စေ့မှ တမာပင်ပေါက်၍ ဖရဲသီး သီးစေဟု အော်ဒါ ထုတ်နိုင်ပါမည်လော။ အပင်မှကြွေကျသော သစ်သီးကို အောက်မြေသို့မကျစေပဲ အထက်ကောင်းကင်သို့ ပြန်တက်အောင် အမိန့်ပေးနိုင် ပါမည်လော။ ဤသို့သော ပြဿနာများကို ထုတ်ဆောင်ခြင်းအားဖြင့်ပင် ဣဿရဝါဒီတို့၏ ဘုရားမှာ သူတို့ထင်မြင် ယုံကြည် တိုင်း တန်ခိုးပါဝါ ဩဇာအာဏာ မရှိကြောင်း ထင်ရှားလေသည်။

ထို့ကြောင့် မုချဟူ အားဖြင့် ဘုရားနှင့် တရား တို့သည် အချင်းချင်း မခိုင်းနိုင်ဟု မှတ်ရာသတည်း။

**အခန်း (၁၀)**

မေး (၉) ခညွှန်သူမှ မခိုင်းနိုင်သော အရာမျိုးရှိပါသလော?

ဖြေ (၉) ဤပြဿနာ၏ အဖြေသည် နံပါတ် ၈ ပြဿနာ၏ အဖြေနှင့်ပင် ပြည့်စုံ လုံလောက်ဖွယ် ရှိပေပြီ။ သို့သော် အနည်းငယ် ရှင်းလင်းကြဦးစို့။ ဤကမ္ဘာလောကအတွင်း၌ ရှိသမျှသော အဆင်းရုပ်၊ အသံရုပ်၊ အနံ့ရုပ်၊ စပ်ခါး ချဉ်ငံ ချို ဆိမ့် ဖန် ဟူ သော အ ရ သာ ရုပ် ကြမ်း ရုပ် ချော တို့သည် ဖြစ်ကြောင်း ရှိ၍ ဖြစ်နေကြကုန်၏။ ပညတ်ကဲ့သို့ ဟာကယ်မရှိပဲလျက် ကြံဆ၍ပြောဆိုမှတ်သားရသော တရားမျိုးမဟုတ်ကြကုန်။ ဟာကယ်ရှိ အဟုတ်ရှိသော တရားများ ဖြစ်ကြကုန်၏။

အဆင်းရုပ်ကို မျက်စိဖြင့် မြင်ရ၏။ အသံရုပ်ကို နားဖြင့် ကြားရ၏။ အနံ့ရုပ်ကို နှာခေါင်းဖြင့် နံရ၏။ အရသာ ရုပ်ကို လျှာဖြင့်သိရ၏။ အသိရုပ်ကို ကိုယ်၌ရှိသော အင်္ဂါကြီးငယ် တို့ဖြင့်ထိ၍သိရ၏။ အဟုတ် အမှန် ရှိကြောင်း မသင်ရှား ပါလား?ထင်ရှားလှချေ၏။ သို့ထင်ရှားရှိခြင်းကြောင့် ၎င်းတို့ သည် အဟုတ်ဟာကယ်လည်းရှိ၊ မှန်လည်းမှန်ကြကုန်၏။

သို့သော်ဖြစ်ခြင်း ပျက်ခြင်းနှင့်တကွ ပြုပြင်မှုတို့မှမကင်း ကြကုန်။ ဖြစ်ပျက်မှုနှင့် ပြုပြင်မှု တို့သည် လူ၏စိတ်၌ အလို အာသာကို ဖြစ်ပေါ်စေတတ်ကုန်၏။ ပြုပြင်မှု ဖြစ်မှု တွေ့ရှိနေ သမျှကာလပတ်လုံး သတ္တဝါ၏ အလိုအာသာမပြည့်နိုင်ချေ။ မပြည့်ဝသမျှ တင်းမတိမ်နိုင်ချေ။ တင်းမတိမ်သမျှ မရောင့် ရဲချေ။ မရောင့်ရဲသမျှ ဆင်းရဲ ဒုက္ခ ချည်းပင် ဖြစ်ချေသည်။

သတ္တဝါ တိုင်း၏ ရည်ရွယ် ချက်ကား ဖြစ်ပျက်မှု ပြုပြင်မှု မကောင်းသော သဘာဝ နယ်မှလွတ်မြောက်ရန်ဖြစ်၏။

ထိုနယ်မှ လွတ်မြောက် ခဲ့သော် ဖြစ်ခြင်း ပျက်ခြင်း ကင်းသော ပြုခြင်းပြင်ခြင်း ကင်းသော အသင်္ခတ အမှန်ကို တွေ့မြင် ရချေမည်၊ ဤအသင်္ခတကား မည်သူမှ မခိုင်းစေနိုင်သော(ဝါ)မပြုပြင်နိုင်သော အရာဖြစ်သတည်း။

ခိုင်ခံစေရန် သက်သေခံပြကြဦးစို့။ ဤကမ္ဘာ လောကကြီးသည်ဒွန် စုံလောကကြီးဖြစ်ခဲ့၏။ အသေးရှိသော် အကြီးရှိ၏။ အပူရှိက အအေးရှိ၏။ အမှားရှိက အမှန်ရှိ၏။ သင်္ခတ ရှိက အသင်္ခတရှိ၏။ အဖြစ်ရှိသော် မဖြစ်ရှိ၏။ အပျက် ရှိသော် မပျက်ရှိ၏။ နီဝရဏ ရှိသော် ပိဋကတ်ရှိ၏။ အမှောင်ရှိသော် အလင်းရှိ၏။ ဤအစုံတို့ကား တခုမရှိသော် ကျန်တခုကို မသိနိုင် မမြင်နိုင်သောအရာများ ဖြစ်ကြကုန်၏။ ထို့ကြောင့် ပြုပြင်နိုင် (ဝါ)ခိုင်းစေနိုင်သော သဘာဝများ ရှိနေသဖြင့် မပြုပြင်နိုင် (ဝါ)မည်သူမည်သူ မည်သည့်သတ္တဝါမှ မခိုင်းစေနိုင်သော အရာလည်းရှိသည်ဟု မှတ်ယူရာသည်။

ထို့ပြင် ဆင်းရဲနှင့် ချမ်းသာ ဟူသော စကား တို့သည် အချင်းချင်းတခုကိုတခု အမှီပြုရမှ အဓိပ္ပါယ် ပေါ်လွင်နိုင်ကုန်၏။ ဆိုလိုရင်းကားဆင်းရဲဟူသော စကားမရှိပဲ ချမ်းသာ ဟူသော သဘောမပေါ်နိုင်။ ဆင်းရဲ၏အရသာ မခံစားဘူးသူသည်ချမ်းသာ၏ အရသာကို မခန့်မှန်းနိုင် ဟူလိုသည်။ သတ္တဝါ၏ သဘောကား အပူထဲ မှာချည်း နေရဖန်များခဲ့သော် အအေးကိုတောင့်တစမြဲတည်း။ ထို့ အတူ အနှောင့်အယှက်အမြဲဒွန်တွဲနေရသော် အပူနှင့် တွဲလို စမြဲတည်း။ ဤလောကသားအပေါင်းသည် သင်္ခတဟုဆိုအပ်သောပြုပြင်မှု

ခိုင်းစေမှု မကောင်းတဲ့ တရားများနှင့် အမြဲတစေ ပေါင်းသင်း ဆက်ဆံ ရနေခြင်းကြောင့်၊ငြိုးငွေ့ လာ၏၊ ပျင်းရိလာ၏၊ အသင်တ တရားမှန်ကိုမြှော်မှန်းလာ၏။ ထို့ကြောင့်လည်း မည်သူမှမခိုင်းစေနိုင် မပြုပြင်နိုင်သောတရားအမှန် ရှိကြောင်း ထင်ရှားပြန်လေသည်။

ထို့ကြောင့် မည်သူမှ မခိုင်းစေနိုင်သော အရာမျိုးကား ထင်ရှားရှိ၏။ ၎င်းကားအခြားမဟုတ် အသင်တ မဖြစ်တရား အမှန်ဖြစ်၏ ဟူ၍ မှတ်ယူပိုက်ကြုံး နှလုံးသွင်းအပ်သတည်း။

အခန်း ၁၁

မေး (၁၀) အကယ်၍ မည်သူမျှ မခိုင်းနိုင် မပြုပြင်နိုင် သော အရာ ရှိခဲ့လျှင် ၎င်းကို မည်သို့ ရအောင် ပြုလုပ် ရမည်နည်း။

ဖြေ (၁၀) အို အချင်းလူသား၊အသင်၏ထက် ဝန်းကျင် အရပ်လေးမျက်နှာသို့ မပိတ်သော မျက်စိဖြင့် လှည့်လည် ကြည့်ရှုပါလော့။ အသင်သည် ဘာကိုတွေ့မြင်ရမည်နည်း? သင်သည် အရာအားလုံး ဖြစ်ချီ ပျက်ချီ အမြဲ စက်လည်နေ သည်ကို၎င်း၊ အရာအားလုံး ဖေါက်လွဲ ဖေါက်ပြန် ဖြစ်နေ သည်ကို၎င်း၊ မွေးလိုက် သေလိုက်ဖြစ်နေ သည်ကို၎င်း၊ တိုးလိုက်ဆုတ်လိုက် တက်လိုက်ကျလိုက် ဖြစ်နေသည်ကို၎င်း ဆုံလိုက်ကွဲလိုက် ပြုံးလိုက် လဲလိုက် ဖြစ်နေ သည်ကို၎င်း၊ မျက်ဝါးထင်ထင်တွေ့မြင်ရချေမည်။

ဤကမ္ဘာလောက၏ ပျော်မှုရွှင်မှုသည် ပန်းပွင့်၏ အလှ ကြက်သရေနှင့် တူလှ၏။ ၎င်းသည် နံက်ခင်းအချိန်၌ မြင်ရ တွေ့ရသူမမုန်းနိုင်ပဲ ပန်းချီကျော် ရှုံးမျှ လူ့နှလုံး ငြိဘွယ် တင့်တယ်လှပ ရှုမဝ ချစ်မဝသောအလှဂုဏ်ကြက်သရေကို

ဆောင်ရွက်နေစေသော နေဝင်းသည် မှန်းတည့်မျှဉ်းကြောင်း ကိုကျော်လွန်၍ ၎င်း၏အပူဓာတ် ပြင်းထန်လာသော နေ့ခင်း အချိန်သို့ရောက်သည်နှင့် မရေးမှနှေးကွေး နံက်အချိန်က လှပတင့်တယ်ခဲ့သော ကြက်သရေ မင်္ဂလာ ဟူသမျှသည် ကဖြည်းဖြည်း တစတစ ညှိုးလျှ မှေးမှိန်ခြင်းသို့ ရောက်ရ လေသည်။

ဒို……အချင်းလူသား၊ အသင်သည် ဘယ်နေရာ ကိုပဲ ကြည့်ကြည့် ထိုသို့ကြည့်သော နေရာ၌ ပျော်မှု ရွှင်မှု၊ကိုးမှု တက်မှု၊ကြီးမှု ပွားမှု၊ ချမ်းသာ ကြည်လင်မှုများ အတွက် အလုံးအပေါက် တဦးနှင့်တဦး ကတောင်တွက်ပြီးပေါယောက် ရှေ့သို့တယောက် လက်လို ခြင်းကြောင့်၊ အတင်းအဓမ္မ သူ့ဟာကို ပါသော တိုးဝှေ့နေသူ ကိုကိုရင်း၊ ဘေးဒုက္ခ အမျိုးမျိုးနှင့်ဖြေသ ခြင်းကို ကြောက်ရွံ၍ ဖြိုခံ လက်သော ခိုက်၊ ထိတ်လန့်သော အမူအရာ၊ မ ပေ သော မျက်နှာ ပေး လှုပ်ရှားသော ခြေလက်တို့ဖြင့် သွက်သွက်ကြီး ပြေးလွှား နေကြသူကိုကိုရင်း၊ အလိုဆန္ဒ မိမိတို့၏ အာသာမပြည့် သဖြင့် တကြွကြွလှုပ်ရှား၍ အပူမီးပွားနေကြသူတို့ ကိုရင်း၊ မြင်ရချိမ့်မည်။ သြော်……ဤကမ္ဘာလောကသည် ပြောင်း ပြောင်းလဲမှု ဖေါက်ပြန် ပျက်စီးမှုတို့ဖြင့် ပြည့်နှက်လျက် နေချေ၏တကား။

သို့ရာတွင်၊ ဤကမ္ဘာလောက၌ အတိုင်းအဆ အမြဲကျည့်နေ နိုင်သော အရာမရှိတော့ဘူးလား? ကမ္ဘာလုံး၊ ဆူမှု ပူမှု၊ ကိုးရိမ်မှုတွေ မငြိမ်းမှုကြောင့်၊ အနှောင့် အယှက်မကင်းသော လူသား၏ စိတ်နှလုံးသည် ဧကန်တုံးကယ်အခါမှ မနင်းနိုင် တော့ဘူးလား? ဤသို့မမြဲဒါတွေ ဖေါက်လွဲဖေါက်ပြန်ဖြစ်နေ

ဒါတွေ၊ပြုပြင်ခြင်း မကောင်းသဖြင့် အဆင်းရဲကြီးဆင်းရဲနေတာ တွေရှိပါလျက်သားနှင့် မြဲသောပြုပြင်ခြင်းကင်း၍ ချမ်းသာ မြဲသော၊ဖေါက်ပြန်ပြောင်းလဲခြင်းမရှိသော သဘာဝတော့ မရှိနိုင်ရတော့ဘူးလား? လူသား၏ စိုးရိမ်မှုပူပန်ဆင်းရဲမှု အိုမှုနာမှု သေမှုစသော အပူမီးတို့ကော ဘယ်သောအခါမှ မငြိမ်းရတော့ဘူးလား? လူသား၏အတွင်းသန္တာန်၌အမြဲ တောက်လောင်နေတဲ့၊ အလို အာသာ တဏှာရမက် မီး တောက်ကော ဘယ်တော့မှ မငြိမ်းရတော့ဘူးလား? အပူ မကင်းသော လူသား၏စိတ်ဓာတ်သည် ဘယ်တော့မှ တည် ကြည်ငြိမ်းခွင့်ကို မရနိုင်တော့ဘူးလား?ဤကဲ့သို့ပင် အမြဲတ စေ မပြတ်ဒလစပ် ပူပင်နေရတော့မှာလား?

အိုအချင်း လူသား၊ အထက် ပြဿနာတွေကို မေးပြီး၊ ဆွေးနေရန် အချိန်မဟုတ်တော့ပြီ။ မသေလိုသော အသင် လူသားအတွက် အသင်္ခတ အမည်ရသော အမြတ်ဓာတ်ကို တွေ့ရချေပြီ။

၎င်းသည် သင်္ခတ တရားတို့၏အတွင်း၌ ထိမ်မြုပ်လျက် ရှိချေ၏။ အဘယ် ကြောင့်နည်း? သင်္ခတ တရား ရှိရာမှာ အသင်္ခတ တရားလည်း ရှိနေသောကြောင့်ကည်း။အပူအပင် နှင့် ဆင်းရဲဒုက္ခကိုရှုမုန်းသော အသင်လူသားအတွက် သုခ စစ်သုခမှန်ကို တွေ့ရချေပြီ။အပူဓာတ်မရော ပကတိသဘော အားဖြင့် ဖေဓာတ် အစစ်ဖြစ်သောချမ်းသာမှန်ကို လိုလား သူသည် ဖြောင့်မတ်စွာ ကျင့်ကြံ အားထုတ် ရာ၏။ရန်သူ ငါးတန်နှင့် မဆက်ဆံသောသုခရိပ်ငြိမ် မြဲသော စည်းစိမ် ကိုအလိုရှိသော အသင် လူသားသည် နိစ္စ ဓူဝ သဿတ

အပိနာသီဖြစ်၍ အမတဓာတ် အစစ်ပါဝင်သော အသခ်တ ရတနာကို လက်ခံသိမ်းပိုက်သင့်လေသည်။

ထိုရတနာသည် အဖြစ်အပျက်နယ်မှ လွှန်မြောက်သော အမြဲ တေအစစ်ဖြစ်၏။ ၎င်းကိုရခြင်းသည်သုခစစ် ချမ်းသာမှန်ကိုရသည်မည်၏။ ၎င်းကို သိမြင်ခြင်းသည် အဇဓါတ် အစစ်ကို ရင်ခွင်ပိုက်ရသည်မည်၏။

အိုအချင်းလူသား၊ စုပေါင်း ဖွဲ့စည်းနေသော အရာဟူသမျှသည် တဖန်ကျေမွ ပျက်စီးကြရကုန် လတံ့။ သို့သော် အသခ်တ တရား အမှန်သည် မပြိုမကွဲ အမြဲ တည်နေပေလိမ့်မည်။

အသင်လူသား၏ ရုပ်ခန္ဓာ အစုသည်သေကျေပျက်စီး၍ မြေကြီးနှင့်ရောလတံ့ ။

သို့ရာတွင် အသင်၏ အသခ်တအမှန်သည် ပျက်စီးခြင်းကို အောင်နိုင် လွှမ်းမိုးပေလိမ့်မည်။

အဘယ်ကြောင့်နည်း? ထိုအမှန်သည် အမတဓာတ်အစစ်ဖြစ်သောကြောင့်တည်း။ထို့ကြောင့်၎င်းကို အသင်လူသား၏ ရှိက်၌ ကိန်းဝပ်ပါစေလော့။

၎င်းသည် သေမျိုး ဖြစ်သော အသင် လူသားအား၊ သေခြင်းကို အောင်မြင်စေနိုင်သော အမတ(ဝါ) အမြိုက်ဆေးကို ပေးစွမ်းနိုင်၏။ ဤသို့အားဖြင့် အသင် လူသား၏ စိတ်ဓါတ်၌အသခ်တ အမှန်တရားကို စမွါယ်စေပြီး၍ ၎င်းနှင့်ဆန့်ကျင်ဘက်(ဝါ)ရန်ဘက်ဖြစ်သော အညစ် တရား များလုံးလုံးကွယ်ပသွားသောအခါ အသင်သည် အမှန်ကိုသိသူ(ဝါ)အသခ်တဓာတ်ကိန်းဝပ်သူ(ဝါ) အမတဓာတ်ပြည့်ဝသူ ဖြစ်လာချိမ့်မည်။

အသင်၏စိတ်ကို အမှန်တရားဖြင့် အထပ်ထပ်တုံ့ လိုက်၍ အမှန်ခေါ်သားချည်းဖြစ်လာခဲ့သော်အသင်သည့်ထိုအမတခေါ်ကို(ဝါ)မည်သူမျှ မခိုင်းနိုင်မစေနိုင်၊ မပြုပြင်နိုင်သော အရာကိုပိုင်ပြီ၊ (ဝါ) လက်ဆုပ် လက်ကိုင် ရပြီဟု မှတ်ရပေမည်။

သို့ရင်, ထိုမျှ မြင့်မြတ် လှသော၊ အဖိုးတန် လှသော အမြတ်တရားကိုဘယ်သူမှ မခိုင်းနိုင်တဲ့ အရာကိုရအောင် လုပ်နည်းကော ရှိပါသလောဟုမေးဘွယ်ရှိ၏။ အဖြေကား **အ**သင်လူသား မလုပ်**နိုင်**လျှင်သာရှိစေ လုပ်နည်းကားရှိချေ၏ အဖြေကားအဘယ်နည်း?

(၁) အသင်လူသား၏ အမြင်သည် သန့်ရှင်းစင်ကြယ်ရမည်။ဖြောင့်မှန်ရမည်။အမျိုးမျိုးသောဥပါဒါန်အစွဲအလမ်းတို့မှ ကင်းစင်၍ ကြည်လင်သော ကြေးမုံပြင်ကဲ့သို့ ရှိရမည်။

(၂) မြင့်မြတ်၍ အထက်တန်းကျသော လူ့အဘိုးတန်များနှင့်သာ ထိုက်တန်သော ရည်ရွယ်ချက် ကြံစည်တွေးတောချက်နှင့် ပြည့်စုံရမည်။

(၃) ကြင်နာ သနားခြင်း၊တော်တည့် ဖြောင့်မှန်ခြင်း၊ မထိမ်မဝှက် ပွင့်လင်းခြြင်း၊ သူ့ကျိုးကိုယ်ကျိုး နှစ်မျိုးစလုံး မပျက်စီးစေခြင်း စသော အင်္ဂါများနှင့် ပြည့်စုံစွာ ပြောဆိုရမည်။

(၄) ငြိမ်း ချမ်းသာမှု၊ သာယာ စည်ပင်မှု တိုးပွားများမြောင်လာစေရန် ရိုးသားစွာ(ဝါ)သန့်ရှင်းစင်ကြယ်စွာ အသေးငယ်ဆုံးသော လောကပြစ်မှုပြစ်ပင်မဖြစ်နိုင်အောင် လုပ်ကိုင်ဆောင်ရွက်ရမည်။

(၅) အားလုံးသော သက်ရှိသတ္တဝါတို့၏ ကိုယ်ဒုက္ခ၊ စိတ်ဒုက္ခ ဟူသော ဘာဝနာကျင့်မှု ပူဆွေးဝမ်းနည်းမှု ဒုက္ခများ မဖြစ်ပွားပဲ ပျော်ပါးပါစေသော သက်မွေးဝမ်းကြောင်းမှု ဖြင့်သာ စားသောက်နေထိုင်ရမည်။

(၆) ကျိုးမဲ့ဖြစ်ရကိုသာ ဖြစ်စေတတ်သော ပျင်းရိမှု ဖင့်နွဲ့မှု အချိန်ဆွဲမှု တို့ကို ပယ်ရှား၍ သူတော်ကိုယ်ပါ အားလုံးသတ္တဝါတို့၌ ဘေးရန်ဥပဒ်၊ တစုံတခုမျှ မကပ်နိုင် မငြိနိုင်သော အားထုတ်ခြင်း လုံ့လဝီရိယရှိရမည်။

(၇) ပေါ့ပါးပျော်မြှန်အသိမှန်သောစောင့်စည်းသိမ်းဆုပ်၍ ထိန်းချုပ်ထားသော လှုပ်ရှားမှုပိုင် ကျော်သံတိုင် ကဲ့သို့ ခံနိုင်တည်ငြိမ်သောစိတ်ရှိရမည်။

(၈) ကမ္ဘာလောကအတွင်း၌ ကူယှက်ဝှက် ဖုံးမြုပ်၍ နေသောအမှန်တရားတို့ကို သဘာဝအကျအတိုင်း ထင်လင်းစွာ သိမြင်နိုင်ရန် နက်နက် နဲနဲ စွဲစွဲမြဲမြဲကြံစည် တွေးတော ရမည်။

(၉) သေးနုပ်သိမ်မွေ့သော အတ္တဟိတ သဘောနှင့် တကွ မနာလိုမှု ငြူစူမှု မကောင်းကြံမှု ဟူသမျှကို အသင် လူသား၏စိတ်မှ အကုန်ပယ်ထုတ်ပစ်ရမည်။

(၁၀) သင်္ခတဓမ္မအဖြစ်တရား(ဝါ)ပြုပြင်လို့ရစကောင်း သောတရားတို့၏ သဘာဝအကျကိုသိမြင်အောင် အားထုတ် ၍ ခံစားခွင့်ယူခြင်း မုန်းတီးရှုံ့ရှာခြင်း လုံးဝကင်းရမည်။

ဤသို့ဖော်ပြခဲ့ပြီးနည်း(၁၀)မျိုးအတိုင်းမဆိုင်းမတွဘဲမဆုတ် သောလုံ့လဖြင့် ကျင့်ကြံအားထုတ်ခဲ့သော် အာဂန္တုသား သည် အသင်္ခတ ဆိုသော မဖြစ်တရား အမှန်ကို ကောင်း ထင်ထင် မျက်မှောက်ချိုင်း တွေ့မြင်ရပေလိမ့်မည်။

ထိုအခါ အသင်သည် မည်သူမျှမပြုပြင်နိုင် မခိုင်းစေနိုင်သော အရာကို ကိုယ်ပိုင် ရလေတော့အံ့။ ၎င်းသည် သင်၏စိတ်ကို လွှမ်းမိုး၍ တည်လာတော့အံ့။ ထိုသို့တည်လာသောအခါ ဖေါက်လွဲဖေါက်ပြန် မမှန်သော အရာတို့သည် အမှန်ကို နေရာဖယ်၍ ပေးကြကုန်လတံ့။ ထိုအမှန်သည် အမှားတည်းဟူသော သင်၏ရန်သူ ယူသမျှတို့ကို ကျူပြင်ခုတ် ကျူငုတ်ပါမကျန်ဟူသကဲ့သို့ အကုန်လုံး သုတ်သင်ရှင်းလင်းပြီးနောက် သင်၏ စိတ်တည်း ဟူသော ရာဇပလ္လင်၌တဦးတည်းအာဏာရှင်အဖြစ်ဖြင့် ထိုင်ပေလတံ့။

ထို့ကြောင့်အထက်ပါနည်းတို့ဖြင့် မည်သူမျှ မခိုင်းနိုင်သောအရာကို ကိုယ်တိုင်ရရှိအောင် အားထုတ်ရာ၏။ ၎င်းအရာကား မြဲ၏။ ဖြစ်ခြင်း ပျက်ခြင်းမှ ကင်း၏။ မွေးခြင်း သေခြင်းမရှိ၊ ပကတိအတိုင်းအမြဲတည်၏။ ထိုအမှန်ကို ရရှိသိမြင်သူသည် ကြက်သရေရှိစွတကား။ အမှန် လွှမ်းသော စိတ်ရှင်သည် မင်္ဂလာရှိစွတကား။ အမှန်တရားကိန်းဝပ်ခြင်းခံရသူသည် ဘုန်းကံကြီးမားစွတကား၊ အမှန်သည် အမတ။ အမတသည် အမှန်ဖြစ်၍ ၎င်းကိုရအောင် အားထုတ် ကြိုးစားမှုထက် ပိုမိုမြင့်မြတ်သော၊ မင်္ဂလာရှိသော အနှစ်သာရနှင့် ပြည့်စုံသော လုပ်ငန်းသည် ဤကမ္ဘာလောက၌ မရှိပေတော့ပြီ။ ထို့ကြောင့် အိုလူသား၊ ကြိုးစားလော့။ နည်း ၁၀ မျိုးတို့ဖြင့် အမတဓာတ်ကို အရကုတ်၍ အားထုတ်ယူပါလော့။

## အခန်း ၁၂

မေး (၁၁) အမှန်ဆိုး ဘုရားနှင့် တရားဟု ဆိုနိုင်ရန်

လုံလောက်သော အချက်နှင့် သန့်ရှင်းသော ရွေးချယ်နည်းကား အဘယ်နည်း။ ?

ဖြေ (၁၁) ကျွန်ုပ်တို့သည် အမှန်တရား စစ်ဆေးနည်းနှင့်ဟက္ခ ရအောင်လုပ်နည်းကိုပါ ပြည့်စုံစွာရေးသားခဲ့ပြီ။ ဤသို့အမှန်တရားကိုရအောင် စစ်ဆေးနိုင်ခဲ့သော် ထိုအမှန်တရားကို ထုတ်ဖော်ပြနိုင်သော ဘုရားမှန်ကို ရအောင် စစ်ဆေးရန်လည်း ခက်ခဲတော့မည်မဟုတ်ချေ။

ယခုခေတ်ကား အစွဲအလမ်း ဥပါဒါန် အလွန်အားကြီးသော သမယဖြစ်ခဲ့၏။ လူမျိုးတိုင်းမှာ အစွဲတမျိုး အကြိုက်တမျိုး။အချစ်တမျိုးအမုန်းတမျိုး၊အကြောက်တမျိုး၊မြှော်လင့်ချက်တမျိုးစီခဲ့၏။

၎င်းတို့ကို မပယ်စွန့်နိုင်သမျှကာလပတ်လုံး အမှန်တရားနှင့် ဝေးကွာလျက်ပင် နေရချေမည်။ လူသား၏ စိတ်၌ ကြောက်ခြင်း၊ မုန်းခြင်း၊ ချစ်ခြင်း၊ မြှော်လင့်ခြင်းဟူ၍ မင်းမူလျက်နေချေသည်။ ၎င်းတို့ကိုနှင်ထုတ်နိုင်သော်သာ လူသားသည် အမှန်နှင့်နီးကပ်ချေမည်။

လူသည် ဘာကိုကြောက်သနည်း ? သူ သည် သူ ကိုးကွယ် ယုံကြည်သော ဘုရားကိုကြောက်၏။ ထိုဘုရား၏ တရားစကားများ၌ ပါရှိနေသော ငရဲဘုံ ဟွေကို ကြောက်၏။ ဘုရားက ချောက်လှန့်သမျှတွေကို အကုန်ကြောက်နေရ၏။ သူသည်ဘာကိုမုန်းသနည်း ? သူ ယုံကြည် သက်ဝင်သော ဘာသာ ဘုရား တရား မှတပါးအခြားသော အရာတွေကို မုန်း၏။ သူသည်ဘာကိုချစ်ခင်သနည်း? သူ ကိုးကွယ်သော ဘုရားနှင့် သူယုံကြည်လိုက်နာသောတရားကို ခုံမင် နှစ်သက်၏။ အလွန်ကြီးစွာဖြင့် ချစ်ခင်၏။ သူသည် ဘာကိုမြှော်လင့်

သနည်း ? သူယုံကြည်သော ဘာသာကျမ်းစာတို့၌ ပါရှိ၍ သူကိုယ်တိုင် ဆုအဖြစ်ဖြင့် ရရှိမည်ဆိုသော သုခချမ်းသာ တွေကို မြော်လင့်နေချေသည်။

ဘုရားစစ် ဘုရားမှန်နှင့် တရားစစ် တရားမှန်ကို တကယ် လိုလားသော လူ့သတ္တဝါသည် ကြောက်ခြင်း၊ မုန်း ခြင်း မြော်လင့်ခြင်းဟူသော ဥပါဒါန်ချုပ် တောမှကင်းကင်းရှင်းရှင်း ကြီး လွန်မြောက်၍ သဘောထားပြန့်ပြူး၍ အဆီးအတား အပိတ် အပင် အတားအကွယ်မရှိသော လွင်ပြင်၌ ရပ်နေသူဖြစ်ရ မည်။ ယင်းသို့ရပ်နေပြီးမှ ဤလောကတွင် ဖြစ်ပေါ်ခဲ့ဘူးသော ဘုရားတွေခံ ပုဂ္ဂိုလ်တွေကို လူသားသည် မိမိ၏စိတ် ကြည်းဟူသော ခမ္ဘာမျိုးကို အကုန်ပင့်ဖိတ်ရမည်။ သို့ပင့်ဖိတ် ပြီးသော် ၎င်းတို့၏ တရားများကို ၎င်းတို့ကိုယ်တိုင် ဟောပြ ပါဟု တောင်းပန်လျှောက်ထားရမည်။

သို့သော် ဤသို့ မလျှောက်မီ သူတို့ ဟောပြတဲ့ တရား ဟူသမျှကို စစ်ဆေးမည်၊ စေ့ဒက တက်မည်၊ ဝေဖန်မည်၊ ပေါက်တွေ့ စမ်းသပ်ကြည့်မည်၊ မျက်နှာကြီးပေါ် မလိုက်ပဲ မှတ်တိုက်ကြည့်မည်ဟု တင်ကြို၍ သတိပေးစကားလျှောက် ထားရမည်။

ဤသို့စစ်ဆေး ဝေဖန်ခြင်း စသည်ကို မခံနိုင်သော ဘုရား ကို နှုတ်လာကထဲက စရင်းပယ် နှုတ်ထား ရမည်။ သို့မှ သာလျှင် ဘုရားစစ်နှင့် တရားမှန်ကို တွေ့နိုင်ချေမည်။

ထိုနောက် ၎င်းဘုရားများဟောပြောသော တရားအစု ကို မိမိ၏ ဝိစာရဏာ ဝိမံသနဟူသော မျက်စိ ကျောက်မှာ တင်ကြည့်ရမည်။ ချိန်တိုးကြည့် ရမည်။ စောဒက တက်၍ ပေါက်ကြည့်ရမည်၊ အကြောင်း အကျိုး ဆက်မိ၏ မဆက်

မိဓါ်ကို စစ်ဆေး ကြည့်ရမည် ထိုထိုဘုရား တို့၏ တရား များသည် ၎င်းတို့ဟောတိုင်း ကျိုးရပြစ်မဲ့ မှန်ပါ၏ လောဟု ကိုယ်တိုင်လက်တွေ့ စမ်းသပ်ကြည့်ရမည်။

ဥပမာတြိဂံဟာခုအတွင်းရှိဒေါင့်သုံးခုတို့၏ ပေါင်းရကိန်း သည် ဒေါင့်မှန် ၂ခု နှင့်ညီမျှ၏ ဟုသင်္ချာ ဆရာ ဟယောက် ပြောလာသော် ထိုသူ ပြောတိုင်း မယုံ ပါလေ နှင့်ဦး။ ကိုယ်တိုင် လက်တွေ့ စမ်းသပ် ကြည့် လိုက်ပါ။ ပုံဆွဲပြီး တိုင်းကာကြည့် လိုက်ပါ။ ယင်းသို့ ကြည့် ပြီးမှ မှန် သည်ဟု ယုံပါလေ။ ရေထဲမှ ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်တို့ကို နှုတ်လိုက် သော် သုညကျန်သည်ဟု မာတုဗေဒ ဆရာ တယောက်က ပြောလာငြားအံ့။ ရှေးနည်း အတူ ပြောတိုင်း မယုံပဲစမ်းသပ်ကြည့်ပြီးမှ ဟုတ်မဟုတ်ဖော်သာအမှန်ဟု ယုံကြည်ရာသကဲ့သို့တည်း။

ဘုရား ဟွဲ့ ခံပုဂ္ဂိုလ်များတိုင်း ဟောပြော ခဲ့သော တရား သည် အသင်လူသား၏ ငုယ္ဒငြိမ်းဖို့၊ ချမ်းသာဖို့၊ မြေဖို့ပင် ဖြစ်၏ သို့ဖြစ်လျှင်၎င်းတို့ဟောတိုင်း ဟုတ်မဟုတ် (ပါ) ဖြစ် မဖြစ်ကိုစမ်းသပ်ကြည့်စရာ မကောင်းပေဘူးလား ? ၎င်းတို့ ညွှန်ပြသော လမ်းကို မလျှော့မကောက်ပဲ ရှောက် လိုက်စရာ မကောင်းပေဘူးလား။အိမ်းကောင်းလှချေ၏။ကောင်းပေသော် ရဲရဲရင့်ရင့် မဖင့်မနွဲ့ အားအင်ခဲ၍ စမ်းသပ်ကြည့်ပါ။ လျှောက် ကြည့်ပါ။၎င်းသို့စမ်းသပ်၍ လျှောက်ကြည့် သောအခါသူတို့ ဟောပြောတိုင်း သုခ ချမ်းသာ မှန်ကို မရခဲ့သော် (ဝါ) သူတို့ လက် ညိုးတိုး ပြတဲ့ နေရာသို့ မရောက် ခဲ့သော် သူတို့ ဟောခဲ့တဲ့တရားတွေကို မမှန်ဘူးဟု ယတိပြတ်ဆုံး ဖြတ် နိုင်သည် မဟုတ် လား ? ယင်းသို့ သူတို့၏ တရားများ

မှားကြောင်း ထင်ရှားခဲ့သော် သူတို့လဲဘုရားညာ ဘုရားဝါ ဘာဝ သို့အလိုအလျောက် ဆိုက်ရောက်ချေတော့မည်။ သူတို့ အတွက်ဆေးချက်မရှိတော့ပြီ။

ထို့ကြောင့် ဘုရားစစ် တရားမှန်ကို ရအောင် သန့်ရှင်း စင်ကြယ်သောရွေးချယ်နည်းကား (၁) ကြောက်စိတ်မုန်းစိတ် ချစ်စိတ် မြောလင့်စိတ်ကင်းပြီး စစ်ဆေး ဝေဖန်ခြင်း (၂) ယောဒကတက်၍ ဆွေးနွေးခြင်း (၃) လက်တွေ့စမ်းသပ်ခြင်း တို့ပင်ဖြစ်သတည်း။

## အခန်း ၁၃

မေး (၁၂) ဘာသာ-- ဘုရား-- တရား သုံးခုအနက်တခုခု မှန်က ကျန်နှစ်ခုပါ မှန်မည်လော?

ဖြေ (၁၂) ဘုရား-တရား-ဘာသာ တို့၏ အဓိပ္ပါယ် အကျယ်ကို ကျွန်ုပ်တို့ သိခဲ့ကြရပြီ။ ၎င်းတို့တွင် ဘုရား သည် ဘယ်အခါမှာ ပေါ်ပေါက် လာနိုင်သနည်း? သစ်တ အသစ်တ (ဝါ) ဖြစ်တရား မဖြစ်တရားအမှန်ကိုခွဲခြားဝေဖန် ၍ ကောင်းသိမြင်သော အခါ ဘုရား ဟူသော ပုဂ္ဂိုလ်ထူး တယောက်ပေါ်ပေါက်လာရချေသည်။ ဤစကားဖြင့်ဘုရား ဘွဲ့ခံပုဂ္ဂိုလ် ဟူးသည် ဤကမ္ဘာ လောကဦ အမြဲရှိမနေ ကြောင်း တခါတရံမှပေါ်ပေါက်ကြောင်းထင်လျှား၏။

ထို့ပြင် ဘာသာဆိုသော အရာလည်း ထိုဘုရားဘွဲ့ခံ ပုဂ္ဂိုလ်မြတ်၏ မှတ်ချပတ်တော်မျှ ဖြစ်၍ ဘုရား၏ နောက်မှ ပေါ်လျက် လိုက်သော အရာမျှသာ ဖြစ်ချေသည်။ သို့သော် ဖြစ်တရား မဖြစ်တရားတို့ကား ဘုရားပွင့်သည်ဖြစ်စေ (ဝါ) မပွင့်သည်ဖြစ်စေ၊ဘာသာပေါ်သည်ဖြစ်စေ (ဝါ) မပေါ်သည် ဖြစ်စေ ၎င်းတို့၏ သဘာဝ အတိုင်းထာဝရ အမြဲတည်ရှိနေခဲ့

လေသည်။ လိုရင်းမှာ တိမ်မြုပ်လျက်နေသော အမှန်တရား ကိုသိမြင်သူကို ဘုရားဟု ခေါ်ဆိုရ သောကြောင့် တရား သာလျှင်ပဓာနဖြစ်ချေသည်။

ထို့ကြောင့် ဘုရားမှန်သော်သာ ကျမ်းရှိသော ဘာသာ နှင့်တရားမှန်နိုင်သည်။ သို့မဟုတ် ဘာသာ မှန်သော်သာ ကျမ်းဘုရားနှင့် တရားမှန်နိုင်သည်ဟု မဆိုနိုင်ချေ။ တရားမမှန် သော်ထိုတရားကို ဟောသောဘုရားနှင့် ထိုတရား အကြုံး ဝင်သော ဘာသာတို့သည် အမှန်အဖြစ်သို့ ရောက်ရန်ယမ်း ပိတ်လျက်ရှိချေ၏။ ထို့ပြင် ဘုရားနှင့် ဘာသာကို စစ်ဆေး ခြင်းဖြင့်တရားမှန်ကိုမရနိုင်ချေ။

စင်စစ်သော်ကား တရားကို စစ်ဆေးခြင်းဖြင့် သာလျှင် ဘုရားနှင့်ဘာသာတို့ကို အမှန်နှင့်အမှား ခွဲခြား ဆုံးဖြတ်နိုင် ချေသည်။အဘယ်ကြောင့်နည်း? ဘုရားနှင့် ဘာသာတို့သည် တရားကို အမှီ ပြု၍သာ ဖြစ်ပေါ် လာခွင့် ရသော ကြောင့်တည်း။

ဥပမာဖြင့်ရှင်းဦးစို့။သစ္စာလေးပါး တရားသည် မှန်၏။ လောက၌ ဒုက္ခဟူသော ဆင်းရဲသည် မြေခတ်မလွဲ ရှိခဲ့၏။ ယိုသည့်ဒုက္ခသည် တွယ်တာမှု ကပ်ငြိမှုကြောင့်သာ ဖြစ်ရ သည်။ထိုဒုက္ခအပေါင်းမှ ကင်းရှင်းပြီးတကယ် ငြိမ်းသော ချမ်းသာ တရားလည်း မုချရှိ၏။ ဘာကြောင့်? ဆင်းရဲနှင့် ချမ်းသာတို့သည် စုံတွဲတရားများ ဖြစ်သော ကြောင့်တည်း။ ဆင်းရဲတွေ အမြစ်ပြတ်၍ ချမ်းသာမည် ဟိနိုးဂဂ် အောင် ကျင့်နည်းလည်းရှိ၏။ဤအမှန်တရားလေးခုတို့သည် ဂေါတမ ဘုရားက ဟောသောကြောင့် မှန်ကြသလော? မဟုတ်။ အဟုတ် သော်ကား၊ ဂေါတမဘုရားက ဟောဟော မဟော

ဟော ၎င်းတို့သည် အမြဲမှန်နေခဲ့ကြကုန်၏။ နောင်ကိုလည်း အမြဲမှန်နေကြပေဦးမည်။

ပေါ်လာမဘုရားများ၏ ကိစ္စကား ထိုသို့ အမြဲ မှန်နေသော သစ္စာတရားကို မျက်ဝါးထင်ထင် ကိုယ်တိုင် သိမြင်အောင် အားထုတ်၍သိမြင်ပြီးနောက် ထိုအမှန်ကို ကမ္ဘာသူ ကမ္ဘာသားတို့အား ဟောကြားခြင်းပင်ဖြစ်၏။

ထိုအမှန်ကို တွေ့မြင်ရခြင်းအားဖြင့် ၎င်းကိုဟောပြသူဘုရားလည်းမှန်သည်၊ ၎င်း၏ဘာသာလည်းမှန်သည် ဟုမုချ ဆိုနိုင်လေသကဲ့သို့ အခြားလုံးသော ဘုရားနှင့် ဘာသာတို့၏ မှား-မှန်ကို ၎င်းတို့၏တရားဖြင့်သာ ဆုံးဖြတ်နိုင်လေသည်။

## အခန်း ၁၄

မေး (၁၃) ဘာသာ-ဘုရား-တရား သုံးခုကို အားမထားပဲ (ဝါ) အသိအမှတ်မပြုဘဲ လိုရာကိစ္စ အားရုံး ပြီး ပါမည်လော (ဝါ) မပြီးပဲနေမည်လော?

ဖြေ (၁၃) ဤပြဿနာနှင့် သက်ဆိုင်သော အဖြေကို (အပိုဒ် ၁၁)ဘာသာပုစ္ဆာနံပါတ် ၆-၇ တို့၌အကျယ်တဝင့် ဖွင့်ဆို ပြောကြားခဲ့ပြီ။ ၎င်းတို့ကို ပြန်လည် ကြည့်ရှုပါဟု ညွှန်ပြရန်သာ ဖြစ်ရှိတော့၏။

သို့ရာတွင် အနည်းငယ်လင်းခဲ့ပါဦးအံ့။ အမှန်တရားအမည်ရသော ဖြစ်မှန် မဖြစ်မှန်တို့ကား လူသား၏ ကောင်းမြတ်သောကိစ္စတိုင်း၌ ပါဝင်သည်ချည်း ဖြစ်ကြကုန်၏။ ထိုအမှန်တရားပေါ်ကဲ(ဝါ)၎င်းကို အသိအမှတ် မပြုပဲ ပြုလုပ်သော လူသား၏ကိစ္စမှန်သမျှသည် မကောင်းသော(ဝါ)မှားသော ကိစ္စကြွသာ ဖြစ်ချိမ့်မည်။ ထိုအမှန်တရားသည် သဗ္ဗဗျာပီ ဖြစ်၍အားလုံး၌ နှံ့၍ တည်ရှိ နေခြင်းကြောင့် ပြယ်၍ဖြစ်စေ

ကောင်းသော(၀ါ)ရှောင်ကွင်း၍လှုက်စကောင်းသောအရာ မဟုတ်ချေ။

လူသတ္တဝါသည် ကောင်းမြတ်သော ကိစ္စကို ပြုလုပ်ဆောင်ရွက်ရာ၌ အမှန်တရားဟို အားမကိုးပဲ၊ ချောချောမောမော ကိစ္စကခု ပြီးမြောက်ရန် မကောင်းနိုင်ချေ။ အမှန်တရားသည် အလင်းရောင်ဖြစ်၏။ လူသားသည် အလင်းရောင်ကိုအားမကိုးပဲ၊ ကိစ္စကောင်း ဟူသမျှကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါမည်လော?

မျက်စိနှစ်ကွင်း အလင်းမရသော သူကောင်းသည် အမှောင်ထဲ၌ ခရီးသွားခဲ့သော် ဖြစ်ကားဖြစ်ရာ၏။ သို့သော် သူသည် တခါတရံ ချောမွေ့ ညီညာသော ကမ်းပေါ်သို့လည်း ရောက်သွားမိပေရာ၏။ တရံကခါသော် ဆူးခြောင့်ခလုတ်ကန်သင်း အဆင်း အတက်အဖုအထစ် မပြေပြစ်သော လမ်းဆိုး လမ်းကြမ်းပေါ်သို့ လည်း ရောက်သွားမိရာ၏။ သို့ရာတွင် ကိုသူကောင်း ရောက်ရမည့် ပခမ်းကား၊ အသူတရာ နက်လှစွာသော ချောက်ကမ္ဘားကောက် အတွင်းသို့ လျှမ်းပြန် ကောက်ကိုးကျ၍ မရှုမလှအလွန်စူးရှုပြင်းထန်သော ဝေဒနာကို ခံစားပြီး သေကျေပျက်စီးခြင်းသာ ဖြစ်ချိမ့်မည်။

လူသတ္တဝါသည် ဒုက္ခဆင်းရဲကို ရှုံမုန်း၍ သုခချမ်းသာကို နှလုံးတွေ့၏။ ချစ်ခင်၏။ လိုချင်၏။ အမှန်တရားသည် ဒုက္ခကိုကားမြစ်၍ သုခစစ်ကိုဖြစ်ပေါ်စေနိုင်၏။ ထို့ကြောင့် ဆင်းရဲကို ကြောက်သဖြင့်၊ ချမ်းသာနောက်သို့ အမြဲမသွေမရေ အရ လိုက်နေသော လူသတ္တဝါသည် သုခစစ် ချမ်းသာမှန်ကို ဖြစ်ပေါ်စေနိုင်တဲ့ တရားအမှန်ကို မည်သည့်နည်း

နှင့် အသိအမှတ်မပြုပဲ အားမကိုးပဲ နေနိုင်မည်နည်း။ အမြဲတမ်း အသိအမှတ်ပြု၍ အားကိုးနေရမည်သာတည်း။

လူသတ္တဝါသည် လမ်းကောင်း လမ်းမှန်ကို တွေ့ရှိနိုင်ရန် ခရီးညွှန်လမ်းပြကို အမြဲလိုလျက် နေချေသည်။ အမှန်တရားသည် လမ်းကောင်းလမ်းချောဖြစ်၏။ ဘုရားသွဲ့ကျူးခံ ပုဂ္ဂိုလ်သည် လမ်းညွှန်လမ်းပြဖြစ်၏။ တရားစစ်တရားမှန်ကို တွေ့မြင်သိရှိ၍ ညွှန် ပြ နိုင် သော ဘုရားစစ် ဘုရားမှန် ကိုယ်တိုင် ဟောပြော တည်ထောင်သော ဘာသာစစ် ဘာသာမှန်သည် လမ်းလျှောက်သူများ ချော်မကျနိုင်ရန် စိုက်ထူသတ်မှတ်ထားသော အကျာအရံဖြစ်ခဲ့၏။ ထို့ကြောင့် အမှန်ဖြစ်သော ဘာသာ-ဘုရား-တရားတို့ကို အားမထားပဲ(ဝါ) အသိအမှတ်မပြုပဲ၊ ကောင်းမြတ်သော (ဝါ)လူသား ကိုယ်တိုင် လိုလားအပ်သော ကိစ္စထူး ကိစ္စမှန်ဟူသမျှ မပြီးနိုင်ဟု သေချာစွာ မှတ်ယူစေလသေး။

## အခန်း ၁၅

မေး (၁၄) ဘာသာ-ဘုရား-တရား သုံးခုကို အားကိုး ယုံကြည်နေရုံနှင့် လိုရာကိစ္စပြီးပါမည်လော?(ဝါ) မပြီးပဲနေမည်လော?

ဖြေ (၁၄) ဘာသာကိုဋ္ဌင်း၊ဘုရားကိုဋ္ဌင်း၊တရားကိုဋ္ဌင်း ယုံကြည်အားကိုးနေကာ မတ္တဖြင့်၊ လူသား၏ လိုရာကိစ္စ ပြီးစီးနိုင်ပါမည်လော? ဟူသော အမေး၏အဖြေကား၊ ၎င်း သုံးခုကို ယုံကြည်အားကိုးနေရုံနှင့် ဘာကိစ္စမှ မပြီးဟုလို။ အနည်းငယ် ရှင်းကြပါဦးစို့။ ကိစ္စဟူသော စကားသည် ပြောဆိုအပ်၊ လုပ်ကိုင်အပ်၊ ကြံစည်အပ်သော အမှုအခင်းကို

ဟော၏။ ဤသုံးမျိုးတို့ဖြင့် ပြုလုပ်ရသော ကိစ္စဟူသည့် လုလ္လဗိရိယ စိတ်ယုတ်၍ တကယ်လုပ်ကိုင် ဆောင်ရွက်မှ သာ ပြီးစမြဲဖြစ်၏။ ကောင်းမြတ်သော ကိစ္စဖြစ်စေ (ဝါ) ဆိုးယုတ်သောကိစ္စဖြစ်စေ၊ လုလ္လနှင့်ဇွဲဒ္ဓိ စိုက်တွဲလျက် ခိုင်မြဲ စိတ်ဓာတ် ကြည့်ကိန်းဝပ်၍ ဖျတ်လတ်ဉာဏ်မြင့် အဆင်ခြင် လည်း စုံလင်မချို့ လူအဖို့ကား မြင့်မိုရ်‌ ထိပ်ဖျား တက်ရ ပြားလည်း မဖြစ်စကား သူမကြားတည်း။ ဟူ သကဲ့သို့ ကြိုးစားအားထုတ်၍ ပြုလုပ် သော်သာ အပြီးအဆုံးသို့ ရောက်ရမြဲဖြစ်ချေသည်။

ပြောဆိုခြင်း၊ လုပ်ကိုင်ခြင်း၊ ကြံစည်ခြင်း အားလုံးကို အလုပ် လုပ်သည်ဟု ခေါ်ဆိုရ၏။ ဤသုံးပါးဖြင့် မပြုမလုပ်ပဲ ဤလောက၌ ဘာကိစ္စမှမပြီးနိုင်ချေ။

သို့သော် အချို့သော ဘာသာဝင်တို့ကမူ ပြောဆို လုပ် ကိုင် ကြံစည်ခြင်းသည် ကိစ္စတခု ပြီးမြောက်ခြင်း၏ ပဓါန အကြောင်းမဟုတ်။ ယုံကြည်အားကိုးမှုသည်သာလျှင် ပဓါန အကြောင်း ဖြစ်သည်ဟု ပြောဆိုကြကုန်၏။ ဧကန်အမှန်ဟု လည်း ယုံကြည်နေကြကုန်၏။ ၎င်းတို့၏အယူအဆ အားဖြင့် ကောင်း မကောင်းဟူသော ကိစ္စအားလုံးတို့သည် ယုံကြည် မှုတခုဖြင့်သာ ပြီးမြောက်ခြင်းသို့ ရောက်နိုင်ကြကုန်၏။ ယုံ ကြည်မှုဖြင့် ပင်လယ် မြစ်ချောင်း တို့သည် ခန်းခြောက် ခဲ့ ကုန်၏။ ယုံကြည်မှုဖြင့် ကျောက်ဆောင်မှ၎င်း၊ အရိုးမှ၎င်း၊ စမ်းရေတို့သည် စီးထွက်ယိုကျခဲ့ကြကုန်၏။ ယုံကြည်မှုဖြင့် လူသေတို့သည် တွင်းမှ ထမြောက်ခဲ့ကြကုန်၏။ ယုံကြည်မှု ဖြင့် ခေါင်းခုစုတ်သည့် ရွှေအဖြစ်သို့ ပြောင်းခဲ့ဘူးလေသည်။ တိုတိုပြောရလျှင် ယုံကြည်မှုဖြင့်ပင် ကောင်းကင် ဘုံနန်းသို့

ဖြောင့်တန်းစွာ သွားနိုင်ကြကုန်အံ့။ သံသာရာ ဝဋ္ဋဘဝမှ လွတ်ကြကွတ်မြောက်ကြကုန်အံ့။

သို့ရာတွင် ကျွန်ုပ်တို့မှာ ၎င်းတို့၏ ယုံကြည်မှုကို အပြစ်ဆိုရန် အခွင့်မရှိချေ။ ကျွန်ုပ်တို့၏ တာဝန်ကား ၎င်းတို့ယုံကြည်တိုင်း ဖြစ်နိုင်၏ မဖြစ်နိုင်၏ ဟူသော အချက်ကိုသာ စစ်ဆေးရန်ဖြစ်သတည်း။

အကယ်တကဲ ၎င်းတို့၏ အယူ အဆ အတိုင်း ခပ်သိမ်းကိစ္စ ဟူသမျှကို ယုံကြည်မှု တခုတည်းဖြင့် ပြီးနိုင် ခဲ့သည်မှန်ပချေသော် ယခုလောကရှိ အလုပ်ဟူသမျှကို တခါတည်းပိတ်လိုက်ရုံသာရှိတော့၏။ထွန်ယက်စိုက်းပျိုးခြင်း၊ ကုန်သန်းရောင်းဝယ်ခြင်း စသည်တို့ကို မပြုလုပ်ကြတော့ပဲ ယုံကြည်မှုဖြင့်သာ ကိစ္စအားလုံးကို ပြီးမြောက်အောင် ဆောင်ရွက်ရာ၏။ ယခုခေတ်၌ အမြဲလိုလို ကိုက်ခိုက်နေကြသော စစ်ပွဲတွေကို အောင်နိုင်ရန် လက်နက်အမျိုးမျိုးကို အဘယ်ကြောင့် စုဆောင်းရှာဖွေ နေကြရသနည်း? ယုံကြည်မှုဖြင့် နိုင်အောင် တိုက်ခိုက်ကြပါကောလား? သင်တို့သည် ယုံကြည် မှု ဖြင့် တောင်ကြီးကို ရွှေ့ပစ်နိုင်၏ဟု ဆိုသည်မဟုတ်လော?ယင်းသို့ဆိုတိုင်းကောဖြစ်နိုင်ပါ၏လော? မဖြစ်နိုင်သေး။ယုံကြည်မှုရှိခဲ့သော် ပွေ့ဆိုးများကို ကိုင်တွယ်သော်လည်း ၎င်းတို့သည် ပေါက်ရန်မေ့နေတတ်ကုန်၏ဟု အဆိုရှိသည် မဟုတ်လော? ဟုတ်သော် မြွေပွေးအမည်ံ အမြီးတို မြွေမျိုးကို ယုံကြည်မှုဖြင့် ကိုင်ပြဝံ့ပါမည်လော? မဝံ့သေး။ ထိုပြင် ယုံကြည်မှုခိုင်မြဲခဲ့လျှင် အလွန်ပြင်းထန်သော အဆိပ်ကိုသော်စေကာ သောက်ပါ၍ တစုံတရာမဖြစ်ပဲ အားတိုးသေး ပမာအရသာတွေ၍ အားကိုးလာနိုင်သည်ဟု ဆိုကြသေး၏။

ဤအတိုင်းမှန်လျှင် ယုံကြည်သူများ အကုန်ကွက်ခဲ့ကြပြီ။ ၎င်းတို့အဖို့ အဆိပ်ဆေးရည်တခွက်စီ ကျွန်ုပ်တို့ဖော်စပ်ပေးပါရစေ။ စိတ်ချလက်ချ သောက်မျိုဝံ့ပါ၏လော? မရဲဝံ့ကြကုန်။ ဘာကြောင့်? သူတို့သည် ယုံကြည်ခြင်းကြောင့် ဘာမဆိုဖြစ်နိုင်သည်ဟူသောစကားကို တကယ်မယုံသောကြောင့် (ဂ) သံသယ ဖြစ်သောကြောင့်တည်း။

ဤသို့သောစကားအစဉ်ဖြင့် ယုံကြည်မှုကြောင့် မည်သည့်ကိစ္စမျှ မပြီးမြောက်နိုင်ကြောင်း ထင်ရှားချေပြီ။ ထို့ကြောင့် ဘာသာ ဘုရား တရားတို့ကို ယုံကြည်ကိုးစားနေရုံဖြင့် မည်သည့်လုပ်ငန်းမျှ မပြီးနိုင်။ မည်သည့်ကိစ္စမျှ အထ မမြောက်နိုင်ဟု တထစ်ချ မှတ်ယူအပ်သတည်း။

## အခန်း ၁၆

မေး (၁၅) အချို့ ကိစ္စ၌ ၎င်းပုံးခုကို အားမထားဘဲ လိုသလိုပြီးမြောက်ခဲ့၏။ ထိုသို့ပြီးမြောက်ရခြင်း၏ အကြောင်းကား ဘာလဲ?

ဖြေ (၁၅) လူလူ စိုက်ထုတ် ကိုယ့်အလုပ်ကိုမဆုတ် မပျင်းအားမာန်တင်း၍ မှုခင်းကိစ္စအဝဝဝဋ္ဋာနမယုတ် ကိုယ်တိုင်လုပ်သော် အဟုတ်အောင်ပန်း ဆွတ်မြဲလမ်းတည်း။ ဟူသည်နှင့် အညီ ဝိရိယ (ဂ) အားထုတ်မှု ရှိသောသူသည် ယင်းသို့ရှိတိုင်း မဆိုင်းမတွပြုလုပ်ခဲ့သော် ခပ်သိမ်းသောကိစ္စဟူသမျှကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်လေသည်။ ရဲရင့်သော အာဇာနည်စိတ်၊ မဖြစ်မနေ လုပ်ကိုင်နိုင်သောဇွဲ၊ ကြည်လင် သန့်ရှင်းသော ဉာဏ်အမြင်၊ မှန်ကန် ဖြောင့်စင်းသော တွေးတောကြံစည်မှု၊ ယိမ်းယိုင်လှုပ်ရှားခြင်းကင်းသော သမာဓိတို့ဖြင့် မပျင်းမရိ ဆန္ဒာဓိပ္ပတိဖြင့် လုပ်ကိုင်သူသည်

ခဲခက်၍ မဖြစ်မြောက်နိုင်သော ကိစ္စကို တွေ့ရမည် မဟုတ်ချေ။

ဤသို့ သဘောရှိသူသည် ဘုရား တရား ဘာသာတို့ကို အားထား ယုံကြည်သည်ဖြစ်စေ၊ အားမထား မယုံကြည်သည်ဖြစ်စေ၊ ပြုလုပ်ဆောင်ရွက်ဘွယ်ကိစ္စတို့ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်လေသည်။ "ကြိုးစားက ဘုရားဖြစ်နိုင်၏" နှင့် မဖြစ်နိုင် ဟူသော စကားလုံးသည် လူရှုတို့၏ အတိခေါန်၌ သာရှိသည်" ဟူသော စကားပုံ များသည် ထိုပုဂ္ဂိုလ်မျိုးကို ရည်ရွယ်လေသည်။

ဘာသာ-ဘုရား-တရား သုံးမျိုးကို အားကိုး ယုံကြည်နေရုံနှင့်ခပ်သိမ်းကိစ္စဟူသမျှမပြီးမြောက်နိုင်၊ (ဝါ) အိပ်ပျော်လျက်နေသော ခြင်္သေ့မင်း၏ ခံတွင်းထဲသို့ သားငယ် ကိရစ္ဆာန်များ အလိုအလျောက် လာရောက် ဝင်ဘူးသော ထုံးမရှိနိုင်သော အချက်များကို ပုစ္ဆာ နံပါတ် ၁၄ ၏အဖြေ၌ ပြည့်စုံစွာ ရှင်းလင်းခဲ့ပြီး။ အချို့ ကိစ္စသာမက အားလုံးသော ကိစ္စတို့၏ ပြီးမြောက်ရခြင်း၏ အကြောင်းကို အထူးတလည် ရှာဖွေနေရန် မလိုချေ။ စင် စစ် မှာ ပြုလုပ်ဆောင်ရွက်ခြင်းပင် ပြီး မြောက် ခြင်း ၏ မုချအကြောင်းရင်း ဖြစ်လေသည်။

ထို့ကြောင့် ဘာသာ-ဘုရား-တရား သုံးမျိုးကို အားမထားပဲ အချို့ ကိစ္စများ ပြီးသွားရခြင်းရ၏ မူရင်း အကြောင်းကား အခြားမဟုတ်၊ ထိုကိစ္စကို မဖြစ်နေ (ဝါ) မပြီးမနေ ဆောင်ရွက် လုပ်ကိုင်ခြင်းပင် ဖြစ်သည်ဟု မှတ်ယူထိုက်ပေသတည်း။

## အခန်း ၁၇

**အမေး (၁၆)** လိုရာကိုရအောင်လုပ်နည်းရှိပါသလော?

**ဖြေ (၁၆)** လူသား၏ အလိုဆန္ဒကား များပြားလှချေ၏။ ဤကမ္ဘာ လောကကြီးအတွင်း၌ လူဦးရေ များသလောက် အလိုဆန္ဒတွေလည်း များပေရာ၏။ ထိုမျှပင်ကမည်မဟုတ်ချေ။ ထိုထက်ပင် အများကြီး ပိုလွန်နေပေရာ၏။ အဘယ်ကြောင့်နည်း? လူကကိုယ်မှာပင်လိုအင်ဆန္ဒအမြောက်အမြားရှိသောကြောင့်ဟူပေ။

"နာနစ္စန္ဒာ မဟာရာဇ ကောဃရေ ဝသာမသေ" မင်းကြီး၊လိုအင်ဆန္ဒ အမျိုးမျိုးရှိသူတို့သည် တအိမ်ထဲ၌ နေကြကုန်၏ဟုလာသည့်အတိုင်း တမိဟည်းမှပေါက်ဖွားရှိတအိမ်တည်း၌စုရုံးနေကြသော သားချင်းဟစုတို့သည်ပင် အလိုဆန္ဒအမျိုးမျိုး ကွဲပြားနေကြကုန်၏။ ယင်းသို့ ပင် လိုအင်ဆန္ဒများပြားလှစေကာ ငင်းတို့သည် မဖြည့်စွမ်းနိုင်သော အလိုတွေချည်းပဲဟု တထစ်ချမဆိုနိုင်သော အရာများဖြစ်ကြကုန်၏။

လူသား၏ များပြားလှသော လိုအင်ဆန္ဒ ဟူသမျှကို ရအောင် လုပ်နည်းကား အကောင်သင့်ပင်ရှိချေ၏။ သို့ရာတွင် လူသားက မလုပ်နိုင်ခြင်းသာ ရှိတတ်ချေသည်။ လုပ်နည်းမရှိမှုကား မဖြစ်နိုင်ချေ။ အဘကြောင့်? လူသားသည် မဖြစ်နိုင်သောအရာကို စိတ်ကမှန်းပြီးစွဲလမ်းကာ မလိုချင်တတ်သောကြောင့်ဖြစ်သတည်း။

သင်တို့သည် အဘကိုအလိုရှိကြ သနည်း? ဘုရား ဟူသော ဘွဲ့ထူးသည် အမြင့်ဆုံး အမြတ်ဆုံးဖြစ်၏။ ထိုအမြင့်ဆုံးဖြစ်သော ဘွဲ့ထူးကိုပန်ဆင်လိုကြပါသလော? အကယ် စင်စစ်

ဘုရားအဖြစ်ကို လိုလားခဲ့သော် ရအောင် လုပ်နည်းကား အဆင်သင့်ပင်ရှိချေ၏။

ဤဘုရား အဖြစ်ဟူသော ရာထူးသည် ဤကမ္ဘာ လောက၌ အမြင့်မြတ်ဆုံး ရာထူးဖြစ်ခဲ့၏။ ထိုရာထူးကို ရအောင်လုပ်နည်းမရှိခဲ့သော် ဘာများအရသာထူး ရှိတော့မည်မဟုတ်ချေ။ အမှန်တရားကို တွေ့အောင် ရှာဖွေနည်းကို အထက်၌ ရေးသား ဖော်ပြခဲ့လေပြီ။ **ထို**အမှန် ဖြစ်သော အဖြစ်တရားနှင့် မဖြစ်တရားတို့ကို တွေ့အောင် ရှာဖွေ၍ သတ္တလောက တခုလုံး၏ အကျိုးစီးပွါး ဖြစ်ထွန်းရေး၊ တိုးတက်ရေး၊ စည်ပင်သာယာရေး၊ ကြည်ရွှင်ချမ်းသာရေးအတွက် ဆီးဖြူရှစ်ရှား လက်ဝယ်ထားသို့ ထင်ရှားစွာ ဟောကြား ညွှန်ပြနိုင်သော လူသတ္တဝါ တယောက်သည် ထိုဘုရားတည်းဟူသော ဘွဲ့ထူးကိုဆွတ်ခူးပန်ဆင်နိုင်လေတော့၏။

အသင်တို့သည် သေရခြင်း ဘေးကို အကြောက်ဆုံး မဟုတ်ကုန်လော? ထိုသင်တို့ အလွန်ကြောက် ရွံ့သော သေရခြင်းဘေးမှကော၊ လွတ်လို ကြသည် မဟုတ်လော? အကယ်၍ သင်တို့ လွတ်လိုလျှင် ထိုကြောက် မက်ဖွယ် ကောင်းသည့် သေဘေးမှ လွတ်မြောက်အောင် လုပ်ဖို့ နည်းလမ်းလည်း အဆင်သင့်ပင် ရှိချေ၏။

ထိုစကားဆိုသင့်ပွ။ အသင်္ခတ အမှန်သည် အမတဓာတ် (ဝါ) အမြိုက်ဓာတ်အစစ်ဖြစ်၏။ ဖြစ်ခြင်းပျက်ခြင်းမှကင်း၏။ ဖေါက်ပြန်ပြောင်းလဲခြင်းမရှိ၊ ပကတိ အမြဲတည်၏။ ပြုပြင်မှုဟူသမျှတို့မှဆိတ်၏။ ဘဝဓာတ်တည်းဟူသော စက်ရဟတ်၏ ပြင်ပ၌တည်ရှိ၏။ အိုအချင်းလူသား၊ အသင်၌ ထိုအသင်္ခတ အမှန်တရားကိုကိန်းဝပ်စမ့်ပါယ်စေလော့။ လွှမ်းမိုး၍တည်စေ

လေ၇၊ အသင်၌ ပျက်စီး တတ်သော (ဝါ) မမြဲသော (ဝါ) သေတတ်သော ခေတ်ကြွင်းခေတ်ကျန် ဟူသမျှကို တစမကျန် အကုန် ပပျောက် စေ၍ အမှန်ချည်း သက်သက် တည်ရှိစေလော့။

ထိုအခါ အသင် လူသားသည် အမှန်ဘုံ အမှန်ခဲကြီး ဖြစ်လာပေတံ့။ အမဟာ ခေတ်တုံးခေတ်ခဲကြီး ဖြစ်လာ လတံ့။ ထိုအခါ အသင်လူသားသည် သေမင်း၏ နယ်မှ လွတ်မြောက်လေတော့၏။ သေမင်းကိုနိုင်လေတော့၏။

ဥပမာ သံသည်- သတ္တုတွင်းထဲမှ ထွက်လာသောအခါ အမှုန့်အမှုန့်ကြဲလျက် တကွဲစီရှိခဲ့၏။ အခြားသောဓါတ်သတ္တု များနှင့် ရောနှောလျက်တည်ရှိခဲ့၏။ အညစ်အကြေး ချေးညှော် အထပ်ထပ်တို့ဖြင့်ပူးစပ်လျက်ရှိခဲ့၏။ ထိုအခြေအနေ၌ တည်ရှိသော သံသတ္တုသည်အသုံးမကျသေး၊ အသုံး မဝင်သေးချေ။ ၎င်းသံကို လုံတွင်ထည့်သွင်းပြီး မီးပြင်းတိုက်၍ အရည်ကျိုချက်လိုက်သောအခါအချို့ သောဓာတ်ပျိုသည် အမိုးအငွေ့ ဖြစ်၍ထွက် သွားကြလေကုန်၏။ အချို့သော ဓာတ်ပျိုကား ချေးညှော်(ဝါ)ချော်အဖြစ်သို့ပြောင်းလွဲသွားကြလေကုန်၏၊

ထိုနောက် အလုံး အခဲ ဖြစ်သော သံပေါက်သား တခု ဖြစ်ပေါ် လာလေသည်။ ၎င်းသည်လည်း အညစ် အကြေး ရှိသေး၍ (ဝါ) ချေးညှော်အကုန် မစင်သေး၍များ စွာအသုံး မဝင်သေးချေ။ ၎င်းသံကိုအဖန်ဖန် ဖိုကျင်ထိုး၍ အယပ်ထပ် မီးဖြင့် အရည် ကျိုလေလေ ၎င်းသည် ပို၍ ပို၍ စင်ကြယ် တောက်ပြောင်အရောင်လက်လာလေလေဖြစ်၏။ နောက် ဆုံး၌ ၎င်းသံသည် သံတွယ် သံလိုက် လွတ်သော (ပါ) သံပန်း သေသောအခြေသို့ ဆိုက်ရောက်သွား လေသည်။ ထိုအခါ

ရင်းသည့် သံပျော့၍ပင် ခေါ်ဆို သမုတ်ရစေကာ သံလိုက်မှာ ပြုကပ်ခြင်း ဓာတ်နှင့်ပွတ်တိုက် ကနီမြန်းလာခြင်းစသော သံဇာတ်ကို လုံးဝစွန့်လွှတ်လိုက်လေပြီ။

ထို့ကြောင့် ရင်းသံသည် သံ၏ ပျက်စီးခြင်း မျိုးဖြင့် မပျက်တော့ပြီ။ မသေ ပေါ့ပြီ၊ သံ၏ မရဏကို လွှမ်းမိုး အောင်နိုင် ပြီးဖြစ်၍ သံအမတ ဓာတ်ဖြစ်လေပြီ။

ထို့အတူ အသင် လူသားမှ မမှန်သော ဖေါက်လွဲ ဖေါက်ပြန် ဖြစ်တတ်သော သေကျေ ပျက်စီး တတ်သော အညစ်အကြေးဟူသမျှကို တဖြည်းဖြည်း တစတစ လုံးဝ ကုန်စင်အောင်မှုတ်ထုတ်နိုင်ခဲ့လျှင် အမှန်ဓာတ်(၀ါ)အမတ ဓာတ်သာ သို့အသင်လူသား၌ တည်လာလိမ့်မည်။

ထိုအခါ၌ သင်တို့များစွာလိုလားသော အမတ ဓာတ်ကို ရပြီဖြစ်၍ သင်တို့များစွာလိုလား သော မသေမှုကို ရပြီဟု မှတ်ပါလေလော့။

သင်တို့သည် ထိုရှင်ဖြစ်ရပ် လက်နက် စကြာ သခင် ရှင်ဘုရင် များသော မဖြစ်ချင်ကြ ဘူလား?ဖြစ်ချင် လှပါ၏။ ဖြစ်နိုင်ရန်လုပ်နည်းများရှိပါသလား?အမြဲမ်းရှိချေ၏။ရှင်ဘုရင် ဖြစ်လိုသောသူအတွက် မခဲခက်သော လုပ်နည်း ရှိချေ၏။ ရှင်ဘုရင်ဖြစ်လိုသူသည် အလဟဿ အိပ်နေပြီး စိတ်ထဲက ဖြစ်ချင်နေရုံမျှနှင့်ဘယ်သောအခါမှ ရှင်ဘုရင်မဖြစ်နိုင်။ စင်စစ် မှာ ရှင်ဘုရင်ဖြစ်နိုင်သော နည်းလမ်း ရှိသမျှ အဝဝကို မနားမနေ ကြိုးစားနေလိုက်ရ၊ လုပ်ကိုင်မှသာလျှင် ရှင်ဘုရင် ဖြစ်နိုင်ချေမည်။

ဥပမာ ကိုင်းပြည်လို့ တခု၌ မင်းလုပ် နေသော ရှင်ဘုရင် ကလေးကိုသာ သွားကြပါဦးစို့။ ထိုရှင်ဘုရင်၏ နေရာသို့

ရောက်အောင်လုပ်နိုင်ခဲ့သော်အသင်လူသားလည်းရှင်ဘုရင်
တပါး ဖြစ်ရချိမ့်မည်။ လုပ်နည်းကား ထိုရှင်ဘုရင်ထက်
သာလွန်သောလူအား၊ ငွေအား၊ လက်နက်အား၊ပရိယအား၊
ဉာဏ်အားတို့ကိုရအောင် စုဆောင်းပါလော။ သို့စုဆောင်း
ပြီးသောအခါထိုဘုရင်ကိုစစ်ဆင်၍ တိုက်ခိုက်ပါ။ အသင်၏
အင်အားသည် ထိုဘုရင်၏ အင်အားထက် သာလွန်သော
ကြောင့် ၎င်းကိုမုချအောင်မြင်ရမည်။ အောင်နိုင်သောအခါ
ထိုရှင်ဘုရင်နှင့်တကွ ၎င်း၏ဘက်တော်သားတွေကို သင်၏
သစ္စာတော် ရေသောက် ပါစေ။မသောက် လိုဟုငြင်းသွေဖီ ဆန်
သူများကိုထောင်သွင်းအကျဉ်း ချထားလိုက်ပါလေ။ ထိုနေ့
ထီးနန်းသိမ်းပိုက်၍ ဘိသိက်ခံယူပါလေ။ ထိုအခါသင်သည်
သင်ဖြစ်လိုသော ရှင်ဘုရင်အဖြစ်ကို ရရှိလေတော့၏။

သင်တို့သည် ဒါဇီယဉ်များလော မပေါက် လိုကြ
ဘူးလား ? လူတိုင်း အလွန်ပေါက်ချင် နေကြသည် မဟုတ်
လော? သို့ရင် ပေါက်အောင် လုပ်နည်းများကော ရှိပါ
သလော? အိမ်းရှိချေ၏။ သင်တို့မလုပ်နိုင်ရင်သာ ရှိရမည်။
ယဉ်ပေါက်အောင် လုပ်နည်းကား အလွယ်သာပင် ရှိချေ၏။
အသို့ရင် ယဉ်ပေါက်အောင်မည်ကဲ့သို့လုပ်ရမည်နည်း ?ယဉ်
ပေါက်လိုသောသူ အတွက် ယဉ်ထိုးခြင်း အလုပ် ထက်ပိုမို၍
ကောင်းသော အလုပ်မရှိချေ ။ယဉ်ထိုးခြင်းသည် ယဉ်ပေါက်
အောင် ပြုလုပ်ရသောနည်း အပေါင်းတို့တွင် အကောင်းဆုံး
နည်းဖြစ်ခဲ့၏။ ထိုနည်းကို တကယ်တမ်း လိုက်နာ၍
အဟုတ်တမ်းယဉ်ထိုးခဲ့လျှင်တနေ့နေ့၌ မုချယဉ်ပေါက်ရမည်။
ထို့ကြောင့် ယဉ်ပေါက် လိုသော သူသည် မပေါက်မချင်း

ဤနည်းကို လိုက်နာ၍ မဆုတ်မနစ်လုပ်ခဲ့သော် ထိပေါက်ကိန်းနှင့်ကြိမ်းသေကိုကြိုက်ရမည် သာတည်း။

စင်စစ်မှာ အမှန်တရားကို ၎င်း၏သဘာဝ လက္ခဏာမှ အခြားသဘောလက္ခဏာသို့ ပြောင်းလဲသွားအောင် ပြုလုပ်လိုမှုမှတပါး အခြားသင်တို့လိုသမျှ အရာတွေကိုရအောင် လုပ်နည်းများရှိကြကုန်သည်ဟု မှတ်အပ်သတည်း။

**အခန်း ၁၈**

မေး (၁၇) ကိုယ်ဖြစ်ချင်သလို အဘယ်ကြောင့် မဖြစ်ရသလဲ? ဖြစ်နိုင်ဘို့ရာကော ရှိသေးသလား?။

ဖြေ(၁၇) ဤပြဿနာကား ကိုယ်ဖြစ်ချင်သလိုလည်း မဖြစ်နိုင် (ပါ) ဖြစ်နိုင်ဘို့ရာ လမ်းလည်းမရှိဟု အတိအကျ စွဲယူယုံမှတ်၍ ကိုယ်၏စွမ်းရည်သတ္တိကို အထင်အမြင်သေးမှုကြောင့်ဖြစ်ပေါ်လာသောပုစ္ဆာဟုရပ် ဖြစ်ချေသည်။

ကိုယ်ဖြစ်ချင်သလိုမဖြစ်ရင် သူက ဖြစ်စေချင် သလိုသာ အားလုံးဖြစ်နေရ၏ ဟူသော အယူဝါဒသည် ဤကမ္ဘာလောက၌ ထင်ရှားရှိခဲ့၏။ အများသော လူသတ္တဝါတို့သည်လည်း ထိုအယူဝါဒကို နှစ် သက်ကြေနပ်စွာ ယုံကြည်နေကြကုန်၏။ ထို"သူ"ဆိုတဲ့လူကား မည်သူနည်း? ၎င်းကား ဌာဝယအမည်ရှိသောဘုရားပင်ဖြစ်သတည်း။

ဤကမ္ဘာလောက၌ ဖြစ်ပျက်နေသော အရာဟူသမျှသည် ထိုဌာဝယဘုရား၏ အလိုအတိုင်းသာဖြစ်ပျက်နေကြရသည်ဟု ယုံကြည်နေကြကုန်သည်။ ဥပမာ မွေးဖွားခြင်း၊ ဖျားနာခြင်း၊ သေကြေပျက်စီးခြင်း နှင့် တကွ၊ သဘာဝ မမွှဲဖြစ်ပေါ်သောမြေလျှော်လုပ်ခြင်း၊ မီးတောင် ပေါက်ကွဲခြင်း၊ မြောက်လဲခြင်း၊ မိုးသည်းရွာခြင်း၊ မိုးသည်းကြိုး ထစ်ချုန်းခြင်း၊

စသည်တို့ပင် ထိုဣဿရ ဘုရား၏ အလိုကြောင့် ဖြစ်ရကုန်သည်ဟူလို။

သို့ရာတွင် ထို "သူ"ဆိုတဲ့ ဣဿရ ဘုရားက ဖြစ်စေချင်သလို မဖြစ်နိုင်ကြောင်းကို ကျွန်ုပ်တို့ ရေးသား ဖော်ပြခဲ့လေပြီ။

သင်္ခါ-အသင်္ခတဟူသော (ပါ) ဖြစ်ပျက်ရား မဖြစ်တရားဟူသော သဘာဝ မမှုသည် မည်သူ၏ အမှုနှောင့် အယှက်ကိုမှ မခံဘဲ၊ (ပါ) မည်သူ၏ အမိန့်ဩဇာကိုမှ မနာယူဘဲ၊ ၎င်း၏သဘောအတိုင်း (ပါ) နိယာမဓာတ်အားလျော်စွာ အစဉ်တစိုက် ဖြစ်ပျက်လျက်နေချေ၏။

အပူ အအေးဟူသော ဥတု၏ အစီအစဉ်ကိုလည်းကောင်း၊ သစ်ပင် သီးပင် ပွင့်ပင် ရွက်ပင်တို့၏ မျိုးစေ့ ဗီဇအတိုင်း သီးတတ် ပွင့်တတ်သော အစီအစဉ်ကိုလည်းကောင်း၊ အကြောင်းနှင့် အကျိုး ဆက်သွယ်နေသော အစီ အစဉ်ကိုလည်းကောင်း၊ ဖြစ်ပျက်ဟူသော သဘာဝမမှု၏ အစီ အစဉ်ကိုလည်းကောင်း၊ မည်သူမျှ တမျိုးတမည် ပြောင်းလဲ သွားအောင် မ လုပ် စွမ်း နိုင် ချေ ။ ထိုသို့သော သဘာဝ မမှု အစီအစဉ်ကို ဖေါက်လွှဲ ဖေါက်ပြန် (ပါ) ကပြောင်း ကပြန် ဖြစ်အောင် ပြုလုပ်လိုသော အလိုမှာပါ၊ အခြားသော လူသတ္တဝါ၏ အလိုဟူသည်များကား ကိုယ်ဖြစ်ချင်သလို ဟကယ်တမ်း ပြုလုပ်ပါက မချဖြစ်နိုင်လေသည်။

ထို့ကြောင့် ကိုယ်ဖြစ်ချင်သလို အဘယ်ကြောင့် မဖြစ်သလဲဟူသော အမေး၏ အဖြေကား ဖြစ်ချင်ရုံသာ စိတ် အ တွင်း၌ ဖြစ် ချင် နေ ပြီး လျှင် ဖြစ် ရာ ဖြစ် ကြောင်း နည်းကောင်းကိုတွင်၍ ဟကယ် မလုပ် သောကြောင့် မဖြစ်သည်ဟူလို။

လူသတ္တဝါ၏စိတ်၌ ကိုယ်ဖြစ်ချင်သလို မဖြစ်နိုင်ဟူသော ယုံကြည်မှုသည် အနှစ်တည်၍ အနယ် ကျနေသောကြောင့် အစွဲနာလှချေ၏။ ထို့ကြောင့်လည်း ကိုယ်ဖြစ်ချင်သလိုဖြစ်နိုင်အောင် နည်းကောင်းလမ်းကောင်းများ ရှိပါသေးသလားဟူ၍ လူသားသည် တွေးဟောပူပန်လျက် နေချေသည်။

အိုအချင်းလူသားတွေးတောပူပန်ခြင်းမှကင်းလွတ်လော့ နေလော့၊ ငြိမ်းလော့၊ သင့်စိတ်၌ ဖြစ်ချင်သလို ဖြစ်စေနိုင်တဲ့ နည်းလမ်းကိုသေချာစွာ တွေ့ရချေသည်။ အိုအချင်းလူသား၊ ၎င်းနည်းလမ်းကား အခြားမဟုတ်။ ဖြစ်ချင်သလို လုပ်ခြင်းပင် ဖြစ်၏။

အသင်သည်ဖြစ်ချင်ရုံသာစိတ်အတွင်း၌ဖြစ်ချင်မနေပါနှင့် သင်ဖြစ် ချင်သော အရာကို မဆိုင်းမတွ ပြင်းထန်သော လုံ့လဝီရိယ၊ ဟိကျဖြောင့်မှန်သော ဉာဏ်အမြင်၊ လျင်မြန်သောအဟုန်၊ မဟုန်မလှုပ်သော စိတ်ဓါတ်တို့ဖြင့်ဆောင်ရွက် ပြုလုပ်ပါလေလော့။ ထိုအခါ သင်ဖြစ်ချင်သလို မုချဖြစ်စေလိမ့်မည်။

အလုပ်လုပ်ခြင်းသည် အကြောင်းဖြစ်၏။ (Action) အကြောင်းဖြစ်၏။ သင် ဖြစ် လို သော အ ရာ သည် အကျိုးဖြစ်၏။ (Reaction) ရှိ အ ကျိုး ရှင်း ဖြစ် ၏။ အ ကြောင်း သည် အကြောင်းအဖြစ်၌သာ ရပ်တန့်တည်နေ၍ အဆုံးသို့ရောက်မြဲ မဟုတ်ချေ။ အကြောင်းသည် အကျိုးကို မဖြစ်စေဘဲသေဆုံး သွားရန် ထုံးစံမရှိ။ မဖွတာမရှိဖြစ်ချေသည်။

အကြောင်းသည် အကျိုးကို မချွတ်ဖြစ်စေရမြဲ ဖြစ်၏။ ချိန်သီးတခုကို ကြိုးရှည်သမျှ တဘက်သို့ဆွဲ၍ လွှတ်လိုက်ပါ လောလော့၊ ထိုအခါ၎င်းသည် ထိုသို့ဆွဲထားပြီးသောဘက်၌

ရပ်တန့်တည်နေမည်လော့၊ မတည်နိုင်ချေတကား။ ဆွဲလာခဲ့သောဘက်သို့ အရှိန်ပြင်းစွာဖြင့် မုချ ပြန်သွားချေမည်။ တဘက်သို့ ချိန်သီးကို ဆွဲခြင်းသည် အကြောင်းဖြစ်၏။ ဆွဲခဲ့သောဘက်သို့ ချိန်သီးပြန်သွားခြင်းသည် အကျိုးဖြစ်၏။

ဤဥပမာဖြင့် အကြောင်းရှိက ထိုအကြောင်း နောက်မှ အကျိုး ဟပ်လျက် လိုက်ပါကြောင်း ထင်းရှား ချေသည်။ ထိုကြောင့်လူသတ္တဝါသည် မိမိဖြစ်လိုသော အရာကို ထိုဖြစ်လိုသော ခဏမှစ၍ လုပ်ကိုင်ရမည်။ ယင်းသို့ လုပ်ခဲ့သော် အလုပ်တည်းဟူသော အကြောင်း ဖြစ်ပေါ် လာချေမည်။ ထိုအကြောင်းကြောင့် အသင်လူသား ဖြစ်လိုသော အကျိုးသည်လည်း မုချဖြစ်ထွန်းလာချေမည်။

ထိုကြောင့်အမှန်တရား တည်းဟူသော သဘာဝ ဓမ္မကို (ဝါ) ဓမ္မဋ္ဌိတတာ သဘောကို ကပြောင်းကပြန် ဖြစ်စေလိုသော အာသာ ယန္တမှတပါး အခြားလူသတ္တဝါတို့၏ ဖြစ်စေချင်သောအရာများကိုဖြစ်အောင်လုပ်ဆောင်နည်း ရှိသည်ဟု မှတ်ရာ၏။ယင်းနည်းကားကိုယ်ဖြစ်ချင်ရာဖြစ်အောင်လုပ်လိုသူသည်။

(၁) အကြောင်းသည် အကျိုးကိုဖြစ်စေ မြဲဖြစ်၍ မိမိ၏ အလုပ်၏ တန်ဘိုးကို သိမြင်ယုံကြည်ခြင်း။

(၂) ဖြောင့်မှန် ဖြူစင်၍ အပြစ်အစွန်းမထင်သော အကျင့် စာရိတ္တ ကိုယ်ကျင့်သီလနှင့် ပြည့်စုံခြင်း။

(၃) ကိုယ်တွေ့ လက်တွေ့ လုပ်ကိုင်ဘူး၍ ကိုယ်တွေ့ မျက်မြင် ဗဟုသုတနှင့် အကုန်လုံးပြည့်စုံခြင်း။

(၄) အသက်ရှောစည်းစိမ်ပေါ် အားလုံးသောအရာတို့ကို မိမိဖြစ်လိုသော ကိစ္စလုံး၀ ပြည့်စုံရေးအတွက် မငဲ့မကွက် စွန့်လွှတ်ရန် အသင့်ရှိခြင်း။

(၅) နက်နဲစူးရှသော အမှန်ကို ထိုးထွင်းသိမြင်နိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်းဟူသော အင်္ဂါငါး၀နှင့် ပြည့်စုံဖူလုံသူဖြစ်ရမည်။ ဤအင်္ဂါငါး၀နှင့် ပြည့်စုံ၍ မိမိဖြစ်လိုသော အရာကို မဖြစ်မနေ အရှိုးကြေကြေ အရေဖုတ်စုတ် လုပ်ရက်ပင်သေသည် ဖြစ်စေ မဆုတ်မနစ် လုပ်ကိုင်ခြင်းသည် ကိုယ်ဖြစ်ချင်ရာကို ဖြစ်အောင် လုပ်နည်းပင် ဖြစ်သတည်း။

**အခန်း ၁၉**

မေး (၁၈) ဘာသာ-ဘုရား-တရား သုံးခုက ကိုယ်ဖြစ်ချင်ရာကို လုပ်ပေးနိုင်ပါသလား?

ဖြေ (၁၈) ဘာသာ-ဘုရား-တရား သုံးခု တို့သည် ကျွန်ုပ်တို့ဖြစ်ချင်ရာကို လုပ်မပေးနိုင် ဟူသော အဖြေသည် ဤပြဿနာ၏ ဟိုဟိုစိစိနှင့် အပိုမရှိသော အဖြေပင်ဖြစ်၏။

မိမိကိုယ်တိုင် စွဲစွဲမြဲမြဲတကာယ် သူမတူတာန်သော ဇွဲဖြင့် ကိုယ်တိုင် ကြိုးစား လုပ်ကိုင်မှသာလျှင် ကိုယ်ဖြစ်ချင်သော အရာများ ဖြစ်နိုင် ကြောင်းကို သိခဲ့ကြရပြီ ဖြစ်၍ အကျယ်တ၀င့် ရေးသားဖြေဆိုရန် လိုမည်မထင်ချေ။

သို့သော် အနည်းငယ် လင်းပါးကြပါဦးစို့။ လူသတ္တ၀ါသည် ဇင်းအလိုရှိသော အရာ၀တ္ထု ဟူသမျှကို တန်ခိုးကြီးသော နတ်ကဖြစ်စေ၊ ဌာ၀ယ အမည်ရှိသော ဘုရားကဖြစ်စေ ပေးကမ်းစွန့်ကြဲခြင်း ကြောင့်သာ သူရရှိခံစားရသည်ဟု အမြဲတစေ ယုံကြည်လာခဲ့လေသည်။

ထိုမျှမက သူကိုယ်တိုင်နှင့် တကွ ဤကမ္ဘာ လောက အတွင်း၌ရှိရှိသမျှသော သက်ရှိသတ္တဝါ သက်မဲ့ အရာဝတ္ထု အားလုံးတို့သည် ထိုဌာဝယ၏ အာဏာကြောင့် ဖြစ်ပေါ် လာရသည်ဟု မှတ်ထင် ယုံကြည်နေခဲ့သည့် အပြင် သူနှင့် တကွ သက်ရှိသတ္တဝါအားလုံးတို့ ဖိုလိုက်မိုလိုက်နှင့်ရှူ၍ရှိုက် နေသော လေသည်ပင် ထိုဌာဝယ ကိုယ်တိုင်က အာဒန် မည်သော ပထမလူသား၏ နှာခေါင်းအတွင်းသို့ မှုတ်သွင်း လိုက်သောအရာဖြစ်သည်ဟု စွဲမြဲယုံကြည်လာခဲ့၏။ အဆုတ် ဆုံးအားဖြင့် ဆိုရသော် နေ့စဉ် နေ့တိုင်း စားသုံး နေကျ ဖြစ်သော အစားအသောက်နှင့် အဝတ်တန်ဆာ အမျိုးမျိုး ကိုပင် ထိုဌာဝယက အမြဲပေးလို့သာ ရရှိနေကြ သည်ဟု ယုံကြည်လာခဲ့လေသည်။

ထို့ကြောင့် နံက်မိုးလင်း သည်နှင့် တပြိုင်နက် ယနေ့ စားသောက်ဖို့ ပေါင်မုံ့ကို ပေးသနားတော်မူပါ ဟူသော ဆုတောင်းသံကို ဌာဝယ ဝါဒီတို့၏ အိမ်တိုင်း၌ ကြားရ လေသည်။ ထို့ပြင်ဘေးရန်အန္တရာယ် တစုံတခုနှင့် တွေ့ကြုံ ရသောအခါ၌လည်း ဘုရားကယ်ပါဟု ကမ်းဟသံကို ကြား ရလေသည်။

ထို့မှတပါး အကြင် လူသား တယောက်သည် ပြင်းထန် သော လုံ့လဝီရိယဖြင့် တစုံ တခု သော အလုပ် ကိစ္စ ကို ပြီးမြောက်အောင် ဆောင်ရွက်၏။ ထိုအခါ သူသည်ကိုယ်တိုင် လုပ်၍ ပြီးမြောက်သော ကိစ္စတခုအတွက် ဌာဝယဘုရားကို ကျေးဇူးတင်စကား မြွက်ကြားရလေသည်။

သို့သော် ထိုသို့သော ယုံကြည်မှု များသည် ဝိမံသန ဝိစာရဏာဟု ဆိုအပ်သော အကျိုး အကြောင်း ဆင်ခြင်

တိုင်းထွာ တတ်သော ဥာဏ်အလင်းရောင် ထွန်းပြောင်လာလေလေ တဖြည်းဖြည်း ခေါင်းပါး၍ သွားလေလေ ဖြစ်ချေမည်။ အဘယ်ကြောင့်နည်း?ထိုယုံကြည်မှု များသည် လူသတ္တဝါ၏ အစဦးစားဥာဏ်နှင့် ကလျာကောဇ ဖြစ်၍ အဆင်မပြေသောကြောင့်တည်း။

နောက်တဆင့် တက်၍ စစ်ဆေး ကြည့်ကြ ဦးစို့။ လူသတ္တဝါသည် မိမိအလိုရှိသော အရာဟူသမျှကို ဣဿရ ဆိုသော ဘုရားက ချည်း အတွင်ဒိုင်ခံပြီး ပေးနေခဲ့သည်ဟု ယုံကြည်နေခဲ့လေသည်။

သို့ယုံကြည်တိုင်း ဖြစ်နိုင်ပါမည်လော?ဣဿရ ဘုရားကို ကိုးကွယ်ယုံကြည်သော လူအပေါင်းတို့၏ အလိုဆန္ဒဟူသမျှကို ပြည့်ဝအောင် ဖန်တည်း၍ ပေးသည် ဟူသော အချက်ကိုတော့ အသာဖယ်ထားလိုက်ပါဦး။ သူ့ကိုမယုံကြည်မကိုးကွယ်သော အများသော လူသတ္တဝါတို့၏ အလိုကို တော့ မည်သူကလာ၍ပေးသနည်း။

ဣဿရဘုရားကတော့ လာ၍ပေးမည် မဟုတ်တန်ရာ။ ထိုဣဿရ ဘုရားသည် စေတလုံးကို အသုံးပြု၍ ဤကမ္ဘာလောကနှင့် ၎င်းအတွင်း ရှိသမျှ တွေကို (၆) နေ့ထဲနှင့် ပြီးအောင် ဖန်ဆင်းခဲ့သည်ဆို၏။

၎င်း၏ကမ္ဘာဖန်ဆင်းပုံ အခြင်းအရာ တို့တွင် လူထီးကို ရွှံ့ရုပ်လုပ်ပြီး ဖန်ဆင်းခဲ့၏။ လူမကို ထိုလူထီး၏ နံရိုးဖြင့် ဖန်ဆင်း ခဲ့သည်ဟုဆို၏။ အခြား ရေ-မြေ နေ-လ-နက္ခတ်တာရာတွေကို ဖြစ်စေဟူသော စေတလုံးဖြင့်ဖန်ဆင်းခဲ့သည် ဆို၏။ဤဖန်ဆင်းပုံတွေကို ဖယ်ထား ပြီးလျှင် ကောင်းကင်

ဖန်ဆင်းပုံကို စဉ်းစားဆင်ခြင်ရာ၏။ ကောင်းကင် ဆိုသည်ကား ဘာမျှမရှိသောကွက်လပ် (ဝါ) လဟာပြင်ကို **ဆို၏**။

၎င်းသည် အစမရှိ အဆုံးမရှိ အနာဒိအနန္တဖြစ်၏။ ထိုသို့သဘော ရှိသော ကောင်းကင်ကို ဣဿရဝယာသည် မည်သို့ဖန်ဆင်းခဲ့ သနည်း? အာကာသဟူသော ကောင်းကင်၏သဘောကို ဣဿရဘုရားနားလည်ပုံ မပေါ်ချေတကား။

ယခုခေတ်၌ ပေါက်ဖွားသော လူ အဘိုး တန် သည် ဣဿရဘုရား၏ ဤဖန်ဆင်းပုံတွေကို **လုံးဝ** မယုံကြည်နိုင်တော့ပြီ။ ထို့ကြောင့် ဖန်ဆင်းခြင်းဟူသော ဣဿရဘုရား၏ မူလလုပ်ငန်း ပျက်ပြားသွားပြီ မဟုတ်ဘုံလော။

သို့ရင် လူသား ပိုသဖျကို ပေးနိုင် သည် ဟု ဆိုသော ဣဿရဘုရား၏ ဒုတိယလုပ်ငန်းကော တည်ရှိနိုင်ပါဦးမည်လော။ ဣဿရဝါဒီတို့သည် ၎င်းတို့ဘုရား၏ တန်ခိုးအာနုဘော်ကို အားကိုးအားထားပြုပြီးလျှင် ဘာကိုမျှမလုပ်မကိုင်မကြံမစည်ဘဲ အိပ်နေရကြပါမည်လော။ ကမ္ဘာပေါ်ရှိလူသားပေါ တို့သည် အလုပ်ကြီး အကိုင်ကြီး တွေကို ဘာကြောင့် အပင်ပန်းခံပြီး လုပ်ကိုင်နေကြပါသနည်း။ ပေါင်မုန့်လေး တလုံး နှစ်လုံးနှင့် လူပေါင်း မြောက်မြားစွာကို ဝအောင်ကျွေးနိုင်သည်ဆိုသော ဣဿရဘုရားထံ တောင်းရမ်းပြီး စားသောက်နေကြပါတော့လော။ ဥရောပတိုက်သို့သွားလိုသူသည် အဘယ်ကြောင့် သင်္ဘောနှင့် လေယာဉ်ပျံတွေကို စီးသွားနေရမည်နည်း။ ဥရောပတိုက်၏ ကမ်းခြေသည် ဤမှာဘက်သို့လာ၍ကပ်ပါစေသတည်းဟုဆုတောင်းလိုက်လျှင် ဣဿရဘုရားက ရွှေ့ပေးမည်မဟုတ်ကုံ့လော။ လူတို့သည် စက်ရုံ အမျိုးမျိုးကို တည်ထောင်၍ လူ အသုံး

အဆောင် အစားအသောက် ပစ္စည်းတွေကို ငွေကုန် လူပန်း ခံ၍ပြုလုပ်နေမည့်အစားမိမိတို့အလိုရှိသောအရာကို ဌာဝယ ဘုရားထံ တောင်းယူကြပါတော့လော။လူတို့သည် မထွန် မယက် မစိုက်မပျိုးဘဲ ကောက်ပဲသီးနှံအမျိုးမျိုးကို ဌာဝယ ဘုရား၏ထံမှ ရဘူးကြပါ၏လော။ကျွန်ုပ်တို့နေ့စဉ် စားသောက် နေသော ဆန်တွေကို ထောင်းပြီး၊ ဖွတ်ပြီး၊ ပြာခတ်ပြီးများ အယ်ဘုရားထံက ရခဲ့ဘူးပါသနည်း။ မီးနှင့် ထင်းနှင့် ရေနှင့် အိုးနှင့်မချက်မပြုတ်ပဲ နူးပြီးနပ်ပြီး ဟင်းလျာများကို အလို အလျောက် ကောက်ရသလို ဌာဝယဘုရားက ပေးသဖြင့် စားသောက်ရဘူးသူများရော ရှိပါ သလော၊ သကြားကို လည်းမဝယ်၊ နို့ကိုလည်း မဝယ်၊ လွက်ခြောက် ကိုလည်း မဝယ်၊ရေနွေးအိုးကိုလည်းမတည်ဘဲ ဘုရားခန်းထဲမှာထိုင် ပြီး လွက်ရည်အချို သောက်ရပါစေဟု ဆုတောင်း နေရုံနှင့် လွက်ရည်အချို သောက်ရဘူးသူ ကယောက်ကို လက်ညိုး ထိုး၍ ပြနိုင်ပါ၏လော။ ဤသည်တို့ကား မဖြစ် စလောက် မပြောပလောက်သော လူသတ္တဝါ၏ အလိုဆန္ဒကလေးများ သာဖြစ်ကြကုန်၏။ ဌာဝယဘုရားသည် ၎င်းအလိုဆန္ဒကလေး များကိုပင် ပြည့်ဝအောင် လုပ်ပေးနိုင်ပါသလော။ မပေးနိုင် ခဲ့ချေကကား။ဤမျှသေးငယ်သော လူသား၏အလိုကိုမှ ပေး စွမ်းနိုင်သော သတ္တိမရှိခဲ့သော် ထိုထက်မြင့်မြတ်ကြီးကျယ် သော လူသား၏ အလိုဆန္ဒတွေကို ထိုဌာဝယသည် မည် သည့် နည်းနှင့်မျှ ပြည့်ဝအောင် လုပ် ပေး နိုင်တော့ မည် မဟုတ်ဟု မှတ်ကြကုန်ရာ၏။

ထို့ကြောင့် ဘာသာ–ဘုရား–တရားတို့သည် လူသား လိုချင်သောအရာ သို့မဟုတ် ဖြစ်ချင်တာတွေကို လုပ်မပေး

နိုင်ကြောင်း ထင်ရှားသည့်အပြင် ဥစ္စာရင်လို ဥစ္စာ့ရင်ခဲ ဆို သည့်နည်းအတိုင်း ကိုယ်ဖြစ်ချင်တာ(ဝါ)ကိုယ်လုပ်ချင်တာ ကို အခြားလူကို အားမကိုးဘဲ ကိုယ်တိုင်လုပ်ယူမှ ရမည်ဟူ သောအချက်သည် အဝုဏ္ဏသိဒ္ဓိ နည်းအားဖြင့် လှော့နောက် လှိုင်းပါဖြစ်လေပော့သတည်း။

## အခန်း ၂၀

မေး (၁၉) အဘယ်ကြောင့် အကောင်းချည်းလဲ မဖြစ်၊ အဆိုးချည်းလဲ မဖြစ်ရသနည်း။ ?

ဖြေ (၁၉) သင်္ခါ အသင်္ခတ ဟူသော အမှန်တရား သည် မျက်နှာကြီး မျက်နှာငယ် လိုက်စားခြင်း မရှိသည့် အပြင် ကပ်ရပ်ပြီး တံဆိုးသက်ဆောင် ထိုး၍လည်း ရသော သဘာဝ ဓမ္မမဟုတ်ချေ။ ၎င်းသည် မိမိ၏နိယာမအစဉ်အလာ အတိုင်း တားမနိုင် ဆီးမရ ပြုမနိုင် ပြင်မရ ဖြစ်ပျက် နေသော သဘာဝ ဓမ္မ ဖြစ်ချေသည်။

ထိုအမှန်တရားသည် မှန်ကား မှန်ပါပေ၏။ သို့မှန်ခြင်း ကြောင့် ကောင်းသည်ဟူ၍ရင်း၊ ဆိုးသည် ဟူ၍ရင်း၊ မဆိုနိုင် ချေ၊ အကြောင်းကား အမှန်သည် အမှန်မျှသာ ဖြစ်၍ အကောင်းအဆိုး မဟုတ်သောကြောင့်တည်း။

အမှန်သည် သတ္တဝါ၏အလို (ဝါ)သတ္တဝါ၏ အကြိုက် ကို ဘယ်သောအခါမှ မလိုက်ချေ။ ယင်းသို့မလိုက်မှုကြောင့် အကောင်းအဆိုးဟူသော စကားများ ပေါက်ဖွါး လာရ လေသည်။

လူသည် သူ၏သဘောအကြိုက်နှင့် တိုက်ဆိုင်မိသော အရာကို အကောင်းဟူ၍ရင်း မတိုက်ဆိုင်မိသော အရာကို အဆိုးဟူ၍ရင်း၊ခေါ်ဆို သမုတ်သားလေသည်။

သတ္တဝါ တယောက် အတွက် ကောင်းသည် ဆိုသော အရာ ဝတ္ထုသည် အခြားတဦးမှာ ဆိုး၍နေတတ်ချေသည်။ ဥပမာ မြက်နုနုစိမ်းစိမ်းသည် နွားအတွက် အတိုးအနဋ္ဌ ထိုက်တန်သော အစာအာဟာရဖြစ်စေကာ ကျားအတွက်မူ အသုံးမဝင် အတိုး မတန်သော အစာဖြစ်ချေ၏။ ထို့အတူ သွေးသံရဲရဲနှင့် အသားဆိုင် အသားခဲသည် ကျားအတွက် သွားရည်ယိုဖွယ်ရာ အစာအာဟာရ ကောင်းဖြစ်စေတမင့် နွားအတွက်မှာ အချည်းနှီး အစာဖြစ်ချေသည်။ ညဉ့်အခါ၌ငွေ ဘော်စင်ကဲ့သို့ ဖြူဖွေးသော အရောင်ကို ပေးတတ်သော လရောင်သည် အများသော လူတို့၏ စိတ်နှလုံးကို ရွှင်ပြုံး ကြည်နူး စေနိုင် သဖြင့် ၎င်းလူတို့ အတွက် အကောင်းဆုံး ဖြစ်၏။ သို့သော် သူခိုးဓါးပြစသော ညလူတို့အတွက်မူ လရောင်သည် အဆိုး ဖြစ်ရလေတော့၏။ စင်စစ်မှာ မြေဇာ ပတော်စသောစိမ်းလန်းသော မြက်တို့၌၎င်း၊ သွေးသံရဲရဲနှင့် အသားတုံး အသားခဲတို့၌၎င်း၊ အမှောင်ကိုခွင်း၍ တွန်းလင်း တောက်ပနေသော လရောင်၌၎င်း၊ အကောင်းအဆိုးမရှိချေ။ ထို့အတူ ရေသတ္တဝါသည် ကုန်းကို၎င်း၊ ကုန်းသတ္တဝါသည် ရေကို၎င်း၊ အကောင်းဟု မထင်နိုင်ချေ။ သို့ရာတွင် ကုန်းနှင့် ရေတို့သည် ၎င်းတို့၏သဘာဝအတိုင်း စုပေါင်း၊ ဖွဲ့စည်း နေ သော အရာများဖြစ်၍ ၎င်းတို့မှာ အကောင်း အဆိုး မရှိကြ ကုန်။

ထို့ကြောင့် သတ္တဝါ၏ စိတ်ကြိုက် ကိုလိုက်၍ အကောင်း အဆိုးဖြစ်ပေါ်ရကြောင်းထင်ရှားချေသည်။

ပို၍ ရှင်းလင်းကြဦးစို့။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ် နှင့် တကွ အပြင်အပ၌ ဖြစ်သော ဗဟိဒ္ဓ ကမ္ဘာ လောက အ တွင်း၌

ရှိသျှသော အရာ ဝတ္ထုတို့သည် ရူပဗေဒ လောကဓါတ်ဆိုင်ရာ ရုပ်အစုတို့သာ ဖြစ်ကြကုန်၏။

ထိုရုပ်တို့တွင်လည်း မြေ--ရေ--လေ--မီးဟူသော ဓါတ်ကြီးလေးပါးတို့သည် အမာထည် အခြေခံ ဖြစ်ကြကုန်၏။ အသေး အငယ်ဆုံး ပရမာ နုမြူမှ အကြီးဆုံးသော ဟိမာလယ တောင်အသိ ဖြစ်သော ရှိရှိသမျှ အရာဝတ္ထုတို့သည် ထိုဓါတ်ကြီးလေးပါးနှင့် မကင်းကြကုန်။ (ဝါ) ထိုဓါတ်ကြီးတို့၏ အစုအဝေးတို့သာ ဖြစ်ကြကုန်၏။

အဆင်းအနံ့ အရသာသြဇာဟူသော ဓါတ်တို့သည် ထိုဓါတ်ကြီးလေးပါးတို့ကို အမှီပြု၍ ဖြစ်ပေါ်လာကြကုန်သည်ဆိုလိုရင်းကား ဓါတ်ကြီး လေးပါတို့တွင် ဓါတ် တပါးပါး၏ တိုးမှု၊ ဆုတ်မှု (ဝါ) တပါးနှင့်တပါး အချိုးအစား ကိုက်ညီမှုကြောင့် အဆင်းအနံ့စသည်ဖြစ်ပေါ်လာရလေသည်။

ထိုမှတပါး အခြားသော ရုပ်ဓါတ် ရုပ်ကလာပ် အစုတို့သည်လည်း ထိုဓါတ်ကြီးလေးခု၌သာ အခြေဘည့် ကြရလေကုန်၏။ ထိုဓါတ်ကြီး လေးခုတို့တွင် မြေ ဓါတ်သည်မာသော လက္ခဏာကို ဆောင်၏။ ထို အမာ ဓါတ် ကို အကောင်းဟူ၍ရင်း၊ အဆိုးဟူ၍ရင်း၊ မဆိုနိုင်ချေ။ ထို့အတူ အခြားသော ဓါတ်ကြီးတို့သည်လည်း အသီးသီး မိမိတို့၏ လက္ခဏာကို ဆောင်နေကြကုန်၏။ ၎င်းတို့တွင် အကောင်း အဆိုးများ မရှိကြကုန်။ ဥပမာ ရွှံ့လုံးနှင့် ရွှေတုံးတို့သည် ဓါတ်လေးပါးတို့၏ အစုအဝေးချည်းသာ ဖြစ်ကုန်၏။ ရွှံ့လုံး၌ ပါဝင်သောဓါတ်တို့၏ အချိုးအစားရာ ရှိစပ်ပုံနှင့် ရွှေတုံး၌ ပါသော ဓါတ်တို့၏ အချိုးအစား ညီမျှစွာ စပ်ပုံတို့သည် မတူကြကုန်။ ထိုမျှသာကွဲပြား၏။

သို့ရာတွင် လူသတ္တဝါသည် ထိုရွှေတုံးရှုံလုံးတို့၌ စုပေါင်းဖွဲ့စည်းနေသော ဓာတ်သဘာဝတို့၏ မှန်ကန်သော သဘောကို သေချာစွာမမြင်မှုကြောင့် ရွှံ့ဘဲ၊ ရွှေဘဲဟု နာမပညတ်ခွဲ၍ ရွှေခဲကို အကောင်း၊ ရွှံ့လုံးကို အဆိုးဟု သမုတ်ထားလေသည်။

ထို့ကြောင့် လူသတ္တဝါ၏ အမြင်မမှန်မှုနှင့် အမှတ်လွဲမှားမှုသည် အကောင်းအဆိုး ဖြစ်ပေါ်ရေးရန် အကြောင်းရင်းဖြစ်လေသည်။အမြင် လွဲမှားမှုကြောင့် ဓါတ်သဘာဝ အစုဖြစ်သော အရာတခုကို လူသတ္တဝါသည် နှစ်သက်လာ၏။ လိုချင်၍လာ၏။ထိုသို့ သူ့စိတ်ကြိုက်နှင့် တိုက်ဆိုင်မိသော အရာကို အကောင်း၊ မတိုက်ဆိုင်မိဘာကို အဆိုးဟုအမှတ်လွဲခဲ့လေသည်။

အမှန်မှာ သဘာဝမွှ အကောင်းအဆိုးမရှိ၊ ထိုသို့မရှိသောအဖြစ်ကို အကြင်အခါ၌ လူသတ္တဝါသည်မြင်၏။ ထိုအခါ သူ့မှာ အကောင်းအဆိုး ပျောက်လေတော့၏။

လူသတ္တဝါသည် တယောက်က ကောင်းသော အရာဝတ္ထုတခုကို လူအားလုံးစု၍ ကောင်းတတ်သောအလေ့မရှိဖြစ်ချေသည်။ ထို့ကြောင့် အထည်ရောင်းသော ဆိုင်တခု၌ အရောင်အဆင်း အမျိုးမျိုး၊အထူ အပါး အချော အကြမ်း အမျိုးမျိုးသားရလေသည်။ထို့အတူ ကုန် အမျိုးမျိုး၊ရောင်းသောဆိုင်၊ ၁၂ မျိုးဟင်းချို၊ ဘုရားရှိခိုး၊ အမျိုးမျိုး၊ စားသွယ်သောက်သွယ်အမျိုးမျိုး၊ နေရာ ထိုင်ခင်း အမျိုးမျိုး၊ အသုံးအဆောင်ပစ္စည်းအမျိုးမျိုးစသည်ဖြင့် တမျိုးထည်းနှင့် မပြီးနိုင်ဘဲ အမျိုးမျိုး ပေါ်ပေါက် လာရ လေသည်။ ထိုသို့

ပေါ်ပေါက် လာခြင်းကား လူသတ္တဝါ၏ အမြင်မမှန်မှု၊ အကြိုက်မညီ မှုကြောင့် ဖြစ်လေသည်။

ထို့ကြောင့် အကောင်း အဆိုးတို့၏ လက်သယ်ကိုရှာခဲ့သော် လူသတ္တဝါ၏ အကြိုက်မညီမှုကိုသာတွေ့ရလေသည်။ ထိုအကြိုက်မညီမှုသည်လည်း သဘာဝဓမ္မကို အမှန်အတိုင်း မမြင်မှု အမှတ်မှားမှုကြောင့် ဖြစ်ရလေသည်။ ထို့ကြောင့် အကောင်းချည်း (ဝါ) အဆိုးချည်း မဖြစ်ဟု မှတ်ယူပါလေလော့။

## အခန်း ၂၁

မေး (၂၀) အကောင်းနှင့် အဆိုးကို မည်သူ လုပ်ပေးသနည်း?

ဖြေ (၂၀) အကောင်း အဆိုး တို့၏ အကြောင်းကို ရေးသားဖော်ပြ၍ပြီးခဲ့ပြီ။ ထိုအကြောင်းပင် အကောင်းအဆိုး၏ လက်သယ်ဖြစ်သည်။ အချို့သော လူသတ္တဝါ တို့သည် အကောင်းနှင့်အဆိုးကို လုပ်ပေးသူရှိ၏ဟု ယုံကြည်နေကြ၏။ ထိုလုပ်ပေးသူ လက်သယ်ကား အဘယ်သူနည်း? ဋ္ဌာဝယဘုရားကိုပင် ဓါးစာခံ ထားကြကုန် ပြန်၏။ ထိုသည့် ဋ္ဌာဝယဘုရားသည် အင်မတန်တန်ခိုးရှင်၊ အဆမတန်ဉာဏ်တော်ရှင် အဓိပတိ ကရုဏာတော်ရှင်ကြီးဖြစ်၏။ သို့ရင် ဋ္ဌာဝယသည် အဘယ်ကြောင့် အကောင်း တွေချည်း မဖန်ဆင်းခဲ့ သလဲ။ အဆိုးတွေကို ဘာလုပ်ဖို့ ဖန်ဆင်းထားခဲ့ရသနည်း။ ဤကမ္ဘာလောကအတွင်း၌ ကြားသိတွေ့မြင် နေရသော အကောင်းအဆိုးဟူသော အရာတို့သည် ထိုဋ္ဌာဝယဘုရား၏ လက်ရာများသာ ဖြစ်သည်ဟု ဆိုခဲ့သော် ထိုအချက် မှန်မမှန်ကို သေချာကျနစ်ဆေးရန်လိုလေသည်။

ဋ္ဌာဝဃ ဝါဒီတို့၏ ကျမ်းစာ အလိုအားဖြင့် သူတို့၏ ဋ္ဌာဝဃဘုရားသည် " သဗ္ဗသော--ပရိပုဏ္ဏ" ဖြစ်၍ လိုလေသေးမရှိ၊ အဘက်ဘက်မှ ပြည့်စုံသူ ဖြစ်၏။ သတ္တဝါသည် ထိုဋ္ဌာဝဃဘုရား၏အစိတ်အပိုင်းဖြစ်၏။ထို့ကြောင့်သတ္တဝါသည်ပြည့်စုံသူဖြစ်၏။ တဖန် ဋ္ဌာဝဃဘုရား သည် အနာဒိအနန္တဖြစ်၍အစလည်း မရှိ မဆုံးလည်းမရှိဖြစ်သည်။ သတ္တဝါသည်ဋ္ဌာဝဃဘုရား၏ အစိတ်အပိုင်း တခုဖြစ်၏။ ထို့ကြောင့် သတ္တဝါသည် အနာဒိအနန္တဖြစ်၏။ တဖန်တုံ ဋ္ဌာဝဃသည် အကောင်းချည်း သက်သက်ဖြစ်၏။ သတ္တဝါသည် ၎င်း၏ အစိတ်အပိုင်းဖြစ်၏။ထို့ကြောင့် သတ္တဝါသည် အကောင်းချည်းဖြစ်၏။

ဤသို့" လော့ဂျစ်"နည်းအားဖြင့် စစ်ဆေးခဲ့သော်ဖြစ်နိုင်ပါမည်လော? မဖြစ်နိုင်။ ရွှေတုံးကြီးမှ ခွဲလှုတ်ထားသောအစိတ်အပိုင်းသည် ရွှေအစစ်ပင်ဖြစ်ချေသည်။ ကျွန်းသားတုံးမှဖြတ်ထားသော အစိတ်အပိုင်းသည် ကျွန်းသားအစစ်ပင်ဖြစ်ချေသည်။ ဤသို့လော့ဂျစ်နည်းအားဖြင့် စစ်ဆေး ခဲ့သော်ထိုသည့် ဋ္ဌာဝဃပင်တည်ရှိခွင့်မရနိုင်တော့ချေ။

ဓာတုစိန္တဆရာ (ဝါ) လောကဓာတ်ဆရာ တို့၏ အလိုအားဖြင့် (Matter) မက်တားနှင့် (Force) ဖို့စ် တို့သည် မည်သူမျှမဖန်ဆင်းနိုင် (ဝါ) မည်သူမျှ မဖျက်ဆီးနိုင်သော သဘာဝဓမ္မများဖြစ်ကြကုန်၏၊၎င်းနှစ်ခုသည် အနာဒိကာလမှစ၍ အစဉ်အမြဲ ဒွန်တွဲလာခဲ့ကြလေသည်။ ထို့ပြင်အနန္တကာလတိုင်အောင်လည်းမကွာမကွဲ တွဲမြဲပင် တွဲနေကြလေဦးမည်။

ဤကမ္ဘာ လောကဓာတ်နှင့် တကွ ၎င်းအတွင်း ရှိသမျှ အရာ အား လုံးကို အ ကျဉ်း ချုံး လိုက် သော် (Matter) မက်တာနှင့် (Force) ဖို့စ်တို့ နှစ်ခုသာရှိလေသည်။ ထိုသို့ အနာဒိအစမရှိ၊ အနန္တ အဆုံးလည်းမရှိ သော သဘာဝဓမ္မကို ဥာဝယဘုရားကဘယ်ပုံဖန်ဆင်းခဲ့သနည်း။ ဤအချက်ကောက် ပို၍ ယုတ္တိမရှိသော အရာသည်ဤကမ္ဘာ၌ တွေ့နိုင်တော့ မည်မဟုတ်ချေ။

ထိုသို့ဆိုခဲ့ပြီးသော ဓာတုစိန္တာဆရာ တို့၏ (Matter) မက်တာနှင့်(Force)ဖို့စ်တို့ကားအခြားမဟုတ်။ကျွန်ုပ်တို့၏ ဓာတ်သေ- ဓာတ်ရှင်တို့သာ ဖြစ်သတည်း ။ပထဝီနှင့် အာပေါ ကို ဓာတ်သေ ဟူ၍ ၎င်း၊ တေဇော နှင့် ဝါယောကို ဓာတ်ရှင် ဟူ၍၎င်းခေါ်ဆိုရလေသည်။ပထဝီနှင့်အာပေါသည်လှုပ်ရှား မှုမှုဆိတ်သောကြောင့်ဓာတ်သေဖြစ်၏။တေဇောနှင့်ဝါယော မှာလှုပ်ရှားမှုရှိသောကြောင့် ၎င်းနှစ်ခုသည် ဓာတ်ရှင် ဖြစ်၏။

၎င်းတို့ဘွဲ့ သဘာဝဓာတ်(၀၁)မျိုးသောလက္ခဏာရှိသော မြေဓါတ်သည် အတူတကွ ဖြစ်ပေါ် ဖြစ်ဘက် ဖြစ်သော ရုပ်ဓာတ်တို့၏မိုရာတည်ရာဖြစ်လေသည်။

နှစ်ခွ။ ပွဲစည်း မှုသည် အမာသည် ဓာတ်ခံရှိမှုသာ ပွဲစည်းနိုင်၏။ထို့ပြင် အပူ(၀၁)မီးဓာတ်သည်မြေဓာတ်အမာ သည်းဟူသောယောင်စာရှိမှသာလျှင်လောင်မြိုက်မှုမ်းနိုင်၏။ ထိုမီးဓာတ်ကြောင့် သာလျှင်လှုပ်ရှားမှု ပေါ်ပေါက် ရလေ သည်။ ထို့ကြောင့် ဓာတ်သေ မရှိဘဲ ဓာတ်ရှင်ချည်း သက်သက်တည် နိုင်ခွင့် မရှိချေ။ ထိုအတူ ဓာတ်သေချည်း သည်းခဲ့၍တည်တန့် ခြင်းငှါမဖြစ်နိုင် ဓာတ်သေ- ဓာတ်ရှင်

နှစ်ခုတွဲမှသာလျှင်အကောင်းအဆည့်ဖြစ်သော်လည်းကောင်း လုပ်ရှားမှုသော်ငင်းဖြစ်ပေါ်လာနိုင်လေသည်။

ထိုအခါမှာ လူသား၏ ယိမှု သိမှုစသည့် ပေါ်ပေါက်လာနိုင်လေသည်။ ထိုဓာတ်သေ ဓာတ်ရှင်တို့သည် အနာဒိ အနန္တဖြစ်၍ ဆုတ်ယုတ်ခြင်းလျော့ပါးခြင်း ကင်းလေသည်။ ထို့ကြောင့် ၎င်းတို့ကို လက်မွန်မဆွစတင် ဖန်ဆင်းသူ (ဝါ) ၎င်းတို့၏ နောက်မှနေ၍ အမိန့်ပေးသူ စီမံသူ ဒိဇိုင်းလုပ်သူ မရှိနိုင်တော့ပြီ။

ထို့ကြောင့်လည်းကမ္ဘာကို ဖန်ဆင်းနိုင်သော ဒွာဝယ။ အကောင်းနှင့်အဆိုးကိုပြုလုပ်ပေးသော ဒွာဝယ၊ ဆုတောင်းပတ္တနာပြုတိုင်း ပေးနိုင်သော ဒွာဝယ၊ သဗ္ဗာဝါ အပေါင်းကို ကယ်တင်နိုင်သော ဒွါဝယလည်း ကွယ်ပျောက် သွားပြီ မဟုတ်ဘူလော။

ဓာတ်သေ-ဓာတ်ရှင်တို့သည်အစမရှိသောအနာဒိကာလမှ တည်ရှိ လာခဲ့၍ ၎င်းတို့၏ဖြစ်သင့် ဖြစ်ထိုက်အား လျော်စွာ (ဝါ)နိယာမ အစဉ်အား လျော်စွာ အမြဲ ဖြစ်လျက် နေခဲ့ချေသည်။ စင်စစ်မှာ ဤကမ္ဘာလောကဌာ ဘာဝီ သဘော သံယောဂ သဘော(ဝါ) ကြက်ကဏ်းဆန် အိုး တိုး သဘော မျိုးမရှိဖြစ်ချေသည်။

ဖြစ်သမျှ အရာ တိုင်းသည် အလို အလျောက် မိုးကျ သဘောဖြင့် ဖြစ်လာကြသည် မဟုတ်။ ဖြစ်တို့ အကြောင်း ရှိခြင်းကြောင့်သာ ဖြစ်ရလေသည်။ မဖြစ်မည့် အရာသည် ယခုရော နောင်ပါဘယ်အခါမှမဖြစ်တော့ချေ။ ပစ္စုပ္ပန်သည် အတိတ်၏သားဖြစ်၍ အနာဂတ်၏ မိခင်လည်း ဖြစ်ရဦးမည်။

ထို့ကြောင့် အနာဒိအနန္တဖြစ်သော ကမ္ဘာ၏ သံကြိုးကွင်းဆက်၌ ပျောက်နေသော သံကွင်းဆက်မရှိနိုင်တော့ပြီ။

ထို့ကြောင့် အကောင်းနှင့် အဆိုးကို လုပ်ပေးသူ မရှိကြောင်းသင်ရှားပြီမဟုတ်လော။ စင်စစ်အားဖြင့်အကောင်းနှင့်အဆိုး တို့သည် လူသတ္တဝါ၏ အမြင်နှင့်အကြိုက် ကိုသာအမှီပြု၍ နေချေသည်။ သဘာဝဓမ္မ၌ အကောင်း အဆိုးဟူ၍မရှိချေ။

ထိုအကောင်းနှင့်အဆိုးဟူသော နာမပညတ် များသည် သတ္တဝါ၏ အကြိုက်နှင့်ကိုက်ညီခြင်း မကိုက်ညီခြင်း ကိုအမှီပြု၍ခေါ်ဆိုသမုတ်ထားသော အရာ မျှသာ ဖြစ်ချေသည်။ မှချအားဖြင့် ဆိုရသော် ဤကမ္ဘာ လောက၌ ခေတ်သေ ခေတ်ရှင်တို့မှ တပါးအခြားဘာမျှမရှိ၊ အကောင်းအဆိုးမရှိ။

သို့သော်သတ္တဝါ၏ ပညာအမြင် မကြည်လင်မှုကြောင့် အကြိုက်မညီမှု ဖြစ်ပေါ်ရသည်။ ထို့ကြောင့် အကောင်း အဆိုး အမျိုးမျိုးဖြစ်ပေါ်လာရလေသည်။

ဥပမာ (ပရစ်ဇင်းမ်) ဟု ခေါ်သော သုံး ထောင့်ရှိ မှန်ချောင်း ကလေးကို မျက်စိ တွင်ကပ်၍ထောင် ကြည့်လိုက်သောအခါအဖြူပကတိဖြစ်သောနေရောင်ကိုအမျိုးမျိုးမြင်ရသကဲ့သို့တည်း။

ထို့ ကြောင့် သဘာဝ ဓမ္မ၌ အကောင်း အဆိုး မရှိပါဘဲလျက်အကောင်းဘဲ အဆိုးဘဲ ဟုခွဲခြား၍ဖန်ဆင်း သူကား အခြားမဟုတ် လူသတ္တဝါပင် ဖြစ်ချေသည်။ သူသည်ပင် သဘာဝဓမ္မတခုအား အကောင်း အဆိုးဟူသော အမည်ကို ပေးသူဖြစ်ခဲ့၏။ သူ့ သဘောနှင့် တိုက်ဆိုင်၍ သူ့ အကြိုက် ဟူသမျှကို အကောင်းဟူ၍၎င်း၊ မတိုက်ဆိုင်တာကို အဆိုး

ဟူ၍ရင်း အမှတ်မှားသူသည်လည်း သူပင် ဖြစ်ချေသည်။ အကောင်း အဆိုးသည်တခြားက လာ၍ ပေးသော အရာ မဟုတ်။ သူ့ကိုယ်တိုင် ပြုလုပ်ထားသောအရာဖြစ်သတည်း၊

**အခန်း ၂၂**

မေး (၂၁) အဆိုး အဖြစ် နည်း၍ အကောင်း အဖြစ် များအောင်မည်သို့လုပ်ရမည်နည်း။

ဖြေ (၂၁) အကောင်းနှင့် အဆိုး တို့သည် သတ္တဝါ၏ ဉာဏ်အမြင် မဖြောင့်မှန်မှု ကြောင့်ရင်း၊ အမှတ် အသား ဖေါက်ပြန် လွဲမှား မှုကြောင့်ရင်း၊ စိတ်အကြိုက် မညီမျှမှု ကြောင့် ရင်းဖြစ်ပေါ်လာရကြောင်းကို ကျွန်ုပ်တို့ သိခဲ့ရလေ ပြီ။ လူသတ္တဝါ၏ဉာဏ်အမြင်သည်အတိုင်းမသိတိုးတက်လာ ပြီဟုဆိုရစေကာ လွန်စွာကျဉ်းမြောင်းလှချေသေး၏။

ထိုစကားဆိုသင့်စွ။ လူသတ္တဝါသိမြင် ပြီးသောအရာ သည်လူမသိမြင်သေးသော အရာများနှင့် နှိုင်းစာခဲ့သော် လွန်စွာ နည်းပါး လှချေသေး၏။ သူသည် အများအားဖြင့် အသားစိုင် အသားတုံးမျှသာ ဖြစ်သော မံသစက္ခု ကိုသာ လျှင် အသုံးပြုလျက်နေသေး၏။ ဉာဏ်မျက်လုံးကိုနေရာတိုင်း အရာဝတ္ထုတိုင်း၌ အသုံးမပြုသေးချေ။

ထို့ကြောင့် လူသတ္တဝါ၏ဉာဏ် အမြင်သည် သန့်ရှင်း ကြည်လင်ခြင်း၊ဖြောင့်မှန်ခြင်းမရှိဘဲ၊ မှေးမှိန် ကွေ့ကောက် လျက်ရှိချေ၏။ ထိုသို့အမြင်ကောက်လျက် ရှိနေခြင်းကြောင့် သူမြင်သမျှသောအရာတို့သည် အချိုးအစားကျနစ်၍ အဆင် ပြေခြင်း မရှိကြကုန်။ သူသည် အရာ အားလုံးကို သဘာဝ ကျကျ မသိမမြင်ချေ။ ရှိသမျှသော အရာအားလုံးတို့သည် "ဘူတ တထာ တာ" (ဝါ) ရင်းတို့၏နိယာမအစဉ်အတိုင်း

မတိမ်းမစောင်း ဖြစ်ပျက်နေသော အခြင်းအရာကို အမှန်တိုင်း မမြင်ချေ။

ထို့ကြောင့် ဉာဏ်၏ အမြင်လွဲမှားရလေ၏။ ထို့ကြောင့် အမှတ်အသားလွဲမှားလေ၏။ ထို့ကြောင့် အကောင်းအဆိုး ပေါ်လာရ၏။ စင်စစ်မှာ အရာအားလုံးတို့၏ "ဘူတတထာ"သဘော (ဝါ) အမှန်သဘော (ဝါ) နိယာမ အစဉ်အတိုင်း အလိုအလျောက် ဖြစ်ပျက်နေသော သဘောကို သေချာစွာမသိမမြင်မချင်း အကောင်းအဆိုးခွဲခြားမှု မပျော်နိုင်ချေ။

ထို့ကြောင့် ဤပြဿနာ အရ အဆိုးအဖြစ် နည်း၍ အကောင်း အဖြစ်များအောင် ပြုလုပ်နည်းကို ရှာဖွေရန် လိုချေသည်။

သဘာဝမြွှ၌ အကောင်းအဆိုးမရှိကြောင်းကို သိခဲ့ပြီ၊ သို့သော် ထိုအကောင်း အဆိုးသည် ဘယ်မှာတည့်ရှိနေ သနည်း? ဟု စိစစ်ရှာဖွေသော် လူ့သဘာဝ၏ စိတ်၌သာလျှင် တည်ရှိနေကြောင်း တွေ့ရချေသည်။ လူသဘာဝ၏ စိတ်သည် ပကတိ သဘောအားဖြင့်ဖြူစင်၏။ ပြောင်ပြောင် လက်လက် အရောင်ထွက်သကဲ့သို့ရှိ၏။ သို့ရာတွင် ခေတ် သဘာဝတို့၏ ဖြစ်ပျက်အစဉ်ကို မမြင်ခြင်း၊ ရှုနှင့်ရွှေ့ကဲ့သဖြင့် တပ်မက်ခြင်းစသော ညစ်ညွှမ်းမှု တရားများကြောင့် ညစ်ထေးမဲဘူ၍ လာရလေသည်၊ ထိုသို့ အဖြူကွက်မဆောင် အောင်မဲနက်သော စိတ်ဖြင့် ပြုလုပ်ပြောဆိုကြံစည်သမျှကို အဆိုး (ဝါ) မကောင်း (ဝါ) အကုသိုလ်ဟု ခေါ်ဆိုကြလေသည်။

ထိုအကုသိုလ် အဆိုးများကို မဖြစ်ပေါ်စေရန် အမြင်မှန်မှုသည် အရေးအကြီးဆုံး ဖြစ်လေသည်။ ဤသို့အမြင်မှန်၍ အမှတ်မမှားခဲ့သော် လူသတ္တဝါ၏ စိတ်သည် သန့်ရှင်းကြည်လင်၍လာ၏။ အညစ်အကြေးကင်းစင်၍လာ၏။ ထိုသို့ သန့်ရှင်းစင်ကြယ် သောစိတ်ဖြင့် ပြုလုပ်ကြံစည်ပြောဆိုသမျှ အရာများကိုအကောင်းဟူ၍၎င်း၊ ကုသိုလ်ဟူ၍၎င်း၊ ခေါ်ဆိုကြလေသည်။

ထို့ကြောင့်စိတ်၏ တည်ငြိမ်မှု၊ ဉာဏ်အမြင်ဖြောင့်မှန်မှု။ အသင်အမှတ်မလွဲမှုကို အထူးအလေးဂရုပြုသင့်လေသည်။

ယင်းသို့စိတ်ရော ဉာဏ်အမြင်ရော အမှတ်အသားရော ဖြောင့်မှန်တည့်မတ်လာ၍သဘာဝဓမ္မ၏ 'ဘူတတထာတာ' သဘောကို သေချာ ထင်ထင်သိမြင်လာခဲ့သော် လူအပေါင်းတို့ကအဆိုးဟု ခေါ်ဆိုသမုတ်ထားသော အရာများသည် လုံးဝမဖြစ်ပေါ်တော့ဘဲ၊ အကောင်းတွေချည်းဖြစ်ပေါ်လာပေလိမ့်မည်။

သို့သော် အကြင်မျှလောက် ကာလပတ်လုံး လူသား၏ စိတ်သည်ဤအကောင်းအဆိုးနယ်ထဲမှ မလွန်မြောက်သေး၊ ထိုမျှလောက် ကာလပတ်လုံး လူသတ္တဝါသည် လုံးဝ ချမ်းသာမှု၊ လွတ်လပ်မှု၊ မြေကြည်လင်မှုကို ရရှိလိမ့်မည် မဟုတ်သေးချေ။

လူသတ္တဝါသည်ရွှေ-ငွေ-ကျောက်-သံပတ္တမြားဆင်မြင်း ကျွဲနွား လယ်ယာ ချောင်းမြောင်းအစားကောင်းအသောက်ကောင်းမိတ်ကောင်းဆွေကောင်း အခြွေအရံကောင်းတို့နှင့် ရာထူး ဂုဏ်ထူး စသည်တို့ကို လိုလား၏။ ၎င်းတို့ကို လိုတိုင်း ရခဲ့သော်စိတ်၏ချမ်းသာမှု ဖြစ်လိမ့်မည်ဟုထင်၏။

သို့သော်လူသတ္တဝါသည် ကောင်းသည် ထင်၍ သူ့အလို ရှိသမျှအကောင်းတွေကိုရပြီဟုစကားအဖြစ်ထားကြပါစို့။ ထိုအခါသူ၏စိတ်သည်အမှန်ဖြစ်သော ချမ်းသာခွင့်ကို(ဝါ) ကြည်လင်မြွေခွင့်ကို ရရှိပြီလော။ ကေန်မှုချမရရှိသေးချေ။ အဘယ်ကြောင့် နည်းဟူမူကား သူ၏စိတ်သည် အကောင်း အဆိုးနယ်ထဲမှ မလွန်မြောက်သေး၍ရပြီးသော အရာများကို အဆိုး၊မရသေးသော အရာများကို အကောင်းဟု အထင် အမှတ် မကင်းသေးသောကြောင့်တည်း၊ ထို့ကြောင့်ထိုကဲ့ သို့သော အထင်လွဲမှု အမြင်လွဲမှားမှုကို ပပျောက်အောင် အားထုတ်ရမည်။ထိုအခါ အကောင်းအဖြစ်များလာလိမ့်မည် လူသတ္တဝါသည် မျက်စိလည်သူနှင့် တူလှချေသည်။အကြွင် မျှလောက်သော ကာလပတ်လုံး မျက်စိလည် မပျောက်သေး၊ ထိုမျှလောက်ကာလပတ်လုံး နေထွက်ရာအရပ်ကို အရှေ့မှန်း သိရက်ကနဲ့ အနောက်ဟူ၍ ထင်မြင်မှတ်ယူမှုကို မဖျောက် နိုင်ချေ။

အရာ အားလုံးကို " ယထာဘူတ " ကျကျ ဘယ်တော့မှ မမြင်နိုင်ချေ။

ထိုသို့ မမြင်နိုင်သမျှ ကာလပတ်လုံး အကောင်း အဆိုး တွေ ရောနှောနေချေသည်။ မျက်စိလယ် ပျောက်လျှင်ပျောက် ချင်း အမြင်တဲ့၊အယူတဲ့၊အမှတ်တဲ့၍ အကောင်းတွေ အဖြစ် များလာမည်။

ထို့ ကြောင့် အကောင်းအဖြစ်များရေး အတွက် လိုအပ် သော လုပ်ငန်းကား မျက်စိလယ် ပျောက်အောင် ကုသတို ပင်ဖြစ်သတည်း။

## အခန်း ၂၃

မေး (၂၂) မည်သည့် အရာကို အမြဲ အားထုတ် ရ မည်နည်း?

ဖြေ (၂၂) လူသတ္တဝါသည် အသိဉာဏ်တည်းဟူသော အလင်းရောင်မှ ကင်းခြင်းကြောင့် မိမိကိုယ်ကို မိမိ အားထားရာမဲ့ (ဝါ) ကိုးကွယ်ရာမဲ့ဟု သံသရာအစမှ ယခုသမယတိုင်အောင် ထင်မှတ်၍ လာခဲ့လေသည်။ ထို့ကြောင့်လည်း ဘာသာ အမျိုးမျိုးကို လိုက်နာ ယုံကြည်၍ နေကြသော လူသတ္တဝါ အများတို့သည် ထိုထိုဘာသာ ဆိုင်ရာ ဘုရားတို့ကို အားကိုးရာ၊ အားထားရာ၊ မှီခို ပုန်းအောင်းရာဟု ထင်မှတ် လာခဲ့ကြလေကုန်သည်၊

ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓဘွဲ့ထူးကိုရသော ဂေါတမ ဘုရားကိုင်း၊ ခရစ္စယာန်တို့သည် ခမည်းတော်ယေဟောဝယနှင့်သားတော် ယေရှုခရစ်ကိုင်း၊ ပသီဘာသာဝင် တို့သည် ခိုဒါ အရှင်နှင့် မဟာမဒ်သခင်ကိုင်း၊ ဟိန္ဒူဘာသာဝင်တို့သည် မဟာဗြဟ္မာ ဝိဿနိုး "ရှိဝ" ဟူသော ဘုရားကြီး သုံးဆူနှင့် ရာမ-ကရိသျှနာ စသော ဘုရားကလေးတို့ကိုင်း၊ အားကိုး အားထားပြု၍ နေခဲ့ကြကုန်၏။

ထိုထို ဘုရားတို့သည် မိမိတို့၏ ကိုးကွယ်ရာ အားထားရာဖြစ်ကုန်သည်ဟု ယုံကြည် မှတ်ထင်မှုကြောင့် လူသတ္တဝါ တို့သည် ၎င်းတို့ကိုအမြဲတသ၍ ဆုမွန်တောင်းနေခဲ့ကြလေကုန်ပြီ။

လူသတ္တဝါတို့သည် ထိုထို ဘုရားတို့အတွက် အသက်ရော စည်းစိမ်ပါ ဘာကိုမျှ မငဲ့ကွက်ဘဲ စွန့်လွှတ်ခဲ့ကြလေကုန်ပြီ။ သို့သော် ထိုဘုရားတို့သည် လူသတ္တဝါအများတို့၏

ကိုးကွယ်အားထားရာ (၀၅)မိုခို ပုန်းအောင်းရာများ ဖြစ်ခဲ့ကြပါ၏လော? မဖြစ်ခဲ့ကုန်သေး။ သို့သော်မဖြစ်ခဲ့စေကာ လူသတ္တဝါ၏ဘုရားစွဲသည့် ခိုင်မြဲလှချေသေး၏။ ထိုဘုရားတို့ကို အားကိုးအားထားမပြုဘဲ မနေနိုင်ခဲ့ချေတကား။

လူသတ္တဝါသည် ထိုဘုရားတို့ကို ယုံကြည် အားကိုးရ၊ အားထားခြင်းပြုရမှ ကျေနပ် ရောင့်ရဲလေသည်။ လူသတ္တဝါ၏ အသော ခြင်ဉာဏ် အသိ အမြော် ဉာဏ်သည် ရှင်းလင်းစွာ မပွင့်ခဲ့သေး။ အကယ်၍ ပွင့်လင်းခဲ့သော် လူသတ္တဝါသည် မိမိ၏ အသင်အမြော် လွဲမှားမှုကို သေချာ ထင်ထင် သိမြင်ချေမည်။

အမိဝမ်းတွင်းမှ စုံလုံးကျွတ်းလာသော မျက်မမြင်ဒုက္ခိတသည် သူတပါးတို့၏ ပြောသံ ဆိုသံကြားသဖြင့် ဆွတ်ဆွတ်ဖြူဖွေးသော အဝတ် တန်ဆာကို အလွန် တရာလှပသည်၊ ကြက်သရေ မင်္ဂလာရှိ သည်ဟု သိရခြင်းကြောင့် ၎င်းကို အလွန်အမင်း ဝတ်ရုံဆင်မြန်းလို၏။ ထိုဖြူဖွေးသော အဝတ်တန်ဆာကို လိုလား၏။ ခုံမင်တပ်မက်၏။ ထို့ကြောင့် ဆွေမျိုးတစုနှင့် မိတ်ဆွေအပေါင်းသိမှ ထိုအဝတ်ဖြူကို မရမကပူဆာလေ၏။ ထိုအခါ တဦးသောမိတ်ဆွေသည် မဲနက်ညစ်စုတ်သော အဝတ်ကိုချုပ်၍ ထိုမျက်မမြင်အား ပေးပြီးလျှင် အို မိတ်ဆွေ၊ ဤအဝတ်ကား သင်အလွန်တရာ ပူဆာတောင့်တနေသည့် ဖြူဖွေးလှပသော အဝတ်တန်ဆာ ပေတည်း။ ဝတ်ရုံလော့၊ ဆင်မြန်းလော့၊ ဝမ်းသာကြည်နူးလော့ဟု ဆို၍ပေးလိုက်လေ၏။

ထိုအခါ မျက်မမြင်သည် အမြဲတောင့်တခဲ့သော သူ၏ လိုအင်ဆန္ဒ ပြည့်ဝစုံလင်ပြီဟု မှတ်ထင်လျက် အလွန်အကြူး

အထူးဝမ်းမြောက် ရွှင်လန်း၍ ပီတိပန်း ပွင့်နေပေရာ၏။ သို့ရာတွင် များမကြာမီ မျက်စိကု ဝိဇ္ဇာတယောက်၏ ဆေးပေးကုစားမှုကြောင့် ထိုမျက်မမြင်သည် မျက်စိနှစ်ကွင်း အလင်းရလာ ခဲ့ပေရာ၏။ ထိုအခါ သူသည် သူကိုယ်တိုင် ဖြူဖွေးသော အဝတ်တန်ဆာဘဲဟု စွဲမြဲ ယုံကြည်ပြီးလျှင် အလွန်သာ ယာ ခဲ့သော၊ အလွန်စွဲမက် ခဲ့သော၊ အလွန် လှသည် အလွန် ကြက်သရေရှိသည်ဟု ထင်မြင်ခဲ့သော မဲနက်သော အဝတ်စုတ်ကို ချက်ခြင်း လက်ငင်း ချွတ်၍ လွှင့်ပစ်ပေရာ၏။ မိမိကိုယ်တိုင် ချီးမွမ်း၍ ကျေးဇူးတင် ခဲ့သော ထိုအဝတ်ပေးသူ ကိုလည်း ရန်သူစာရင်းသို့ သွင်းပြီးလျှင် ရိုက်နှက်ချင် သတ်ဖြတ်ချင် လောက်အောင် ဒေါသ ဖြစ်၍ နေပေရာ၏။

ထို့အတူ လူသတ္တဝါသည် ဉာဏ်မျက်စိပွင့်၍ အလင်းရောင် မရသေးသောကြောင့် သာလျှင် အမျိုးမျိုး အစားစားသော တိုထိုဘုရားတို့ကို အားကိုးရာ၊ အားထားရာ အစစ်ဖြစ်ကြသည်ဟု ထင်မှတ် ယုံကြည်နေခဲ့ခြင်း ဖြစ်လေသည်။

အလင်းရောင်ကို ရသည်နှင့် တပြိုင်နက် အဖြူမဟုတ်မှန်းသိ၍ ချက်ခြင်းစွန့်လွှတ်ပြီးလျှင် တကယ်ဧကန် အားကိုးရာ၊ အားထားရာ အစစ်အမှန်ကို ရှာဖွေချိမ့်မည်။ အသို့ရင် အမြဲစိတ်ချလက်ချ တကယ် အားကိုးအားထား ပြုရမည့် အရာကား ဘာလဲ? လူသတ္တဝါသည် မိမိကိုယ်တိုင် အမြဲအားကိုးရမည့်။ (ဝါ) တကယ့် အားထားရမည့် အရာကို အခြားမှာသွား၍ ရှာဖွေနေရန်မလိုချေ။

ဒိုအချင်းလူသား။ သင်တကယ်အားထားရမည့် အရာကား အခြားမဟုတ်၊ အသင်ပင်ဖြစ်ချေ၏။ အသင်မှတပါး

အခြားဘုရားတို့ကို ယုံကြည် ကိုးစားနေခြင်း(ဝါ)အားထား နေခြင်းဖြင့် သင်၏ လိုအင်ဆန္ဒ ပြည့်ဝမည် မဟုတ်ချေ တကား။ သင့်ကိုယ်တိုင် မဆုတ်မနစ်သော လုလ္လဖြင့် သင်အလိုရှိသျှ အရာတို့သည် တလုံးတဝတည်း ပြည့်စုံ ချေမည်။

သင့် ကိုယ်တိုင် သင် အားမထုတ်လျှင် သင်သည် အဘယ် အခါမှ ဒုက္ခတည်းဟူသော ညွှန်ပွက် အတွင်းမှ လွတ် မြောက်ခွင့် ရလိမ့်မည် မဟုတ်ချေ။ အမှန်တရားကိုသိသော အခါမှ (ဝါ) အသစ်တခါတ် သင်၏ သန္တာန်၌ ကိန်းဝပ် သောအခါမှ သင် ဇရ ငြိမ်းရမည် မဟုတ်တုံလော။

ထိုအမှန်တရားကို ဘုရားတို့၏ အသံမှ တောင်း၍မရနိုင် ချေ။ ပုဂ္ဂိုလ်တို့မှာလည်း သင့်အား ပေးနိုင်သောအစွမ်း သတ္တိ မရှိချေ။ အသင့်ကိုယ်တိုင် ကြိုးစားအားထုတ် ယူမှသာလျှင် သင်သည် ထိုအမှန်တရားကို တွေ့ရှိ သိ မြင် ရ ချေ မည် ထို အမှန်တရားကို ရ ရှိ ရေး အ တွက် အခြားသူတွေကို အားကိုးအားထားပြုနေခဲ့လျှင် သင်၏ လိုရင်းဆန္ဒနှင့် အများ ကြီးဝေးကွာနေပေလိမ့်မည် တကား။

အိုအချင်းလူသား သင့်ကိုယ်ကိုသင် အထင်မသေးပါလင့် အမြင်မသေးပါလင့်၊ သင်သည် သာမည–အသင်(ဝါ)နှယ် နဲ့ အသင်မဟုတ်ခဲ့တကား၊သင်သည် သင့်အတွက် အာဏာ ရှင်ဖြစ်၏။ အာဏာပိုင်ဖြစ်ခဲ့၏။ သင်သည် သင့်ကိုယ်တိုင်၏ ဗိသုကာ ဆရာလည်း ဖြစ်ခဲ့၏၊ သို့ဖြစ်ပါလျက် အိုအချင်း လူသား၊ သင်သည် သင်၏အားကိုးစရာ အားထားစရာကို တခြားမှာသွားပြီးလျှင် အဘယ်ကြောင့်ရှာဖွေနေဘိသနည်း

သင့်လော့ သင်ထိုးမှ ပဲခိုးရောက်နိုင်သည်ကို သင်သိသည် မဟုတ်တုံလော။

အို အချင်း လူသား........ ထလော့၊ ကြွလော့၊ ကြိုးစား အားထုတ်လော့၊ အမှန်ကိုရအောင် ရှာဖွေလော့၊ သူတပါး တို့ကို အားကိုးအားထားပြု၍ ပျင်းရိငြီးငွေ့ အိပ်၍နေခြင်း ဖြင့် အသင့်အတွက် ဘာအကျိုးတက်မည်နည်း။

အိုအချင်းလူသား၊ အိပ်ရာမှထလော့၊ ဥာဏ်မျက်စိကိုဖွင့် ၍ကြည့်ချေလော့။ ဆင်ခြင်စဉ်းစားလော့။ သင့်ကို သူတပါးတို့ လှည့်စား၍ ထားခဲ့ပြီတကား။ အဘယ်ကြောင့် သင်သည် ယခုတိုင်အောင် သူတပါး၏ လှည့်စားခြင်းကို ခံနေရပါ သနည်း။ သူတပါးတို့၏လှည့်စားခြင်း ကြော့ကွင်းမှ အတင်း ရုန်းကန်၍ အမြန်ထွက်ပါတော့လော။ သင်သည် သင့်ကိုယ် တိုင်အာဏာရှင်ဖြစ်နေပါလျက် အဘယ်ကြောင့် သူတပါးတို့ ၏ ကျွန်အစေခံ လုပ်ခြင်နေရသနည်း။ သင့်ကိုယ်ကို သင်အား မကိုးဘဲနှင့် ဘယ်အလုပ် ဘယ်ကိစ္စများ သေချာဂန သင့်စိတ် တိုင်းကျ ပြီး စီး ခဲ့ ဘူး ပါသလဲ? သင့်ကိုယ်တိုင် ကြိုးကုပ်၍ သင့်ကိုယ်တိုင် လုပ်မှပြီးစီးခဲ့သော အရာတို့သည် သင့်လက် တွေ့ မဟုတ်လော၊ သူတပါးတို့ကို ယုံကြည် ကိုးစားခဲ့မှု ကြောင့် သင်အကျိုးနည်းခဲ့တာတွေကို သင်တွေ့ရဖန်များခဲ့ ပြီမဟုတ်တုံလော။

လှည်းသမားတယောက်၏လှည်းသည် စေးကပ်လှသော ညွန်ပွက်၌နစ်ခဲ့သည်။နွားနှစ်ကောင်တို့သည်လည်း အင်အား ကုန်ခန်း၍ လှည်းကို ထိုညွန်ပွက်အတွင်းမှ အတင်းဆွဲရုန်းပြီး လျှင် ကုန်းပေါ်သို့ မဘင်နိုင်တော့ပြီ ထိုအခါ လှည်းသမား သည် လှည်းပေါ်၌ထိုင်၍လက်အုပ်ချီမိုးရှိခိုးပြီလျှင် သိကြား

မင်းကို တိုင်တည်၏။ ကယ်မတော်မူပါဟု တောင်းပန်၏။ ထိုအခါ သိကြားလာပြီး ဘာကိုပြောခဲ့သလဲ? နွားနှစ်ကောင်နှင့်ရုန်း၍မရသော် သင့်ကိုယ်တိုင် သင့်ပခုံးဖြင့် ကူညီထမ်းပြီး ရုန်းလော့ဟု ပြောခဲ့သည်မဟုတ်တုံလော။

ထို့ကြောင့် သင့်ကိုယ်တိုင်မရုန်းက ကုန်းသို့မရောက်နိုင်။ သင့်ကိုယ်တိုင် မလျှောက်က အလင်းသို့ မရောက်နိုင်။ သင့်ကိုယ်တိုင် ကြိုးစား၍ အားမထုတ်က ဘယ်အလုပ်မျှ မပြီးနိုင်ကြောင်း ထင်ရှားသည် မဟုတ်လော။

ထို့ကြောင့် ကျွန်ုပ်တို့အမြဲ အားထားရမည့် အရာကို တခြားမှာ သွား၍ ရှာနေရန် မဟုတ်။အဟုတ် သော်ကား ကျွန်ုပ်တို့ ကိုယ် တိုင် သည် ကျွန်ုပ် တို့၏ အားထားရာ ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ လည်းလျောင်းရာ ခေါင်းထားရာ ဖြစ်သတည်း။

## အခန်း ၂၄

မေး (၂၃) မည်သည့် အရာသည် အထွဋ် အထိပ် အကျဆုံးဖြစ်သနည်း?

ဖြေ (၂၃) အဓောတ် အစစ် ပါဝင်သော အသံတ အမှန်သည် ဤလောကထက် လွန်မြတ်သော တရားဖြစ်၏။ ၎င်းမှာ အဖြူ မရှိ၊ အဆိုင် မရှိ၊ အဘုလည်း မရှိ၊ အတုလည်းမရှိချေ၊ ဤလောက၌ ရှိသမျှသောဘုရားတို့သည် မှန်ကား မှန်ကြကုန်၏ရှင့်။ သို့သော် ပြုပြင်မှုနှင့်ကား မကင်း ကြကုန်။ ထိုသို့မကင်းခြင်းကြောင့်လူသတ္တဝါ၌ လိုလားသော ဘဝစစ် ချမ်းသာမှန်ကို မဖြစ်စေနိုင်ကြကုန်။ သို့ရာတွင် အသံတ အမှန်ကား ပြုပြင်မှု ပြောင်းလဲမှု ဒိုမင်း ရင့်ရော်မှု

ချို့ရှင်းပျက်ပြားမှုတို့မှ ကင်းစင်ကင်းလွတ် သဖြင့် ဤကမ္ဘာလောက၏အကောင်းဆုံးရတနာ အမြတ်ဆုံးဥစ္စာဖြစ်၏။

၎င်းသည် ကမ္ဘာ့ဒုက္ခသည် တို့၏ အမြိုက်ဆေး ဖြစ်၏။ အပြင်းအထန် မွတ်သိပ် နေသော ကမ္ဘာသူ ကမ္ဘာသား အတွက် မြေကြည်လင်သော ရေစင်ရေသန့်ဖြစ်၏။ အလွန်အကြူး ဆာလောင် တော်မွတ်၍ နေသော ကမ္ဘာသားတို့ အတွက် မြိန်ရှက် ဘွယ်သော ခဲဘွယ်ဘောဇဉ် ဖြစ်ခဲ့၏။ ၎င်းသည် သုခစစ်သုခမှန်ဖြစ်၏၊မိခင်အစစ် ဖြစ်၏။၎င်းသည် ကမ္ဘာကိုယဉ်ကျေးသိမ်မွေ့စေခဲ့၏။ တိုးတက် စည်ပင်စေခဲ့၏။ သာယာဝပြောစေခဲ့၏။

၎င်းသည် ကမ္ဘာလောက၏ အဋ္ဌမြစ်ကြီး ဖြစ်၏။အထွဋ်ဒုပိကာလည်း ဖြစ်၏။ ၎င်းသည် ကမ္ဘာ့အဆောက် အဦး၏ ထိပ်ဖြားဝယ် ရောင်ရှင် တင့်ငါးငါးနှင့် တည်နေသော ၄က်မြတ်နားစိန်ဖူးလည်း ဖြစ်၏။ထို့ကြောင့် ထိုသည့် သစ္စာအမှန် ခာတ်သည် အမြင့်ဆုံး၊ အမြတ်ဆုံး၊ အထွဋ်အထိပ်အကျဆုံး အချက်ဖြစ်သတည်း။

## အခန်း ၂၅

အမေး (၂၄) ၎င်းအချက်သို့ ရောက်အောင် မည်သို့ လုပ်ရမည်နည်း?

အဖြေ (၂၄) အသစ္စာအမှန်ကို ရအောင်လုပ်နည်းကို ပုစ္ဆာနံပါတ် ၁၀၏အဖြေ၌ ၁၀မျိုးသောနည်းတို့ဖြင့်တန်ဆာဆင်၍ အကျယ်တဝင့် ဖွင့်ဆိုရေးသားပြီးခဲ့လေပြီ။ထို ၁၀မျိုးသော နည်းတို့ဖြင့် အားထုတ်၍ ရှာကြံခဲ့သော် ဤအထွဋ်အထိပ်အကျဆုံး အချက်ကိုလည်း မုချ ရရှိနိုင် လေသည်။

ထို့ကြောင့် ထိုပုစ္ဆာနံပါတ် ၁၀ ၏အဖြေကိုသာ ညွှန်ပြရန် ရှိတော့သည်။

သို့သော်ပိုမို ပြည့်စုံအောင် ရှင်းလင်းချက် ထည့်လိုက်ပါရစေဦး။လူသတ္တဝါသည် မိမိ နေ့စဉ်တွေ့မြင်၍ အသုံးပြုနေသော သင်္ခတ တရား တို့၏ ဖြစ်မှု၊ ပျက်မှု၊ ဖောက်ပြန်ပြောင်းလွဲမှုဟူသမျှကို သေချာစွာစစ်ဆေး ကြည့်ရှုရမည်။

သင်္ခတ တရားတို့၏ အတွင်းသဘောကို သိမြင်အောင် ကြိုးစားအားထုတ်ရမည်။

မှန်လှ၏။သင်္ခတ အသင်္ခတဟူသော သဘာဝ တို့သည် အမှောင်အလင်းကဲ့သို့ တခုနှင့်တခုဆက်စပ်၍ တည်နေကြလေကုန်၏။အမှောင်မရှိမှ သာလျှင်အလင်း ရှိနိုင်၏၊ အလင်းမရှိခဲ့သော် အမှောင်းသာဖြစ်၏ ၊ဟူဘိသကဲ့သို့ သင်္ခတ တရားစုကိုသဘာဝအကျအတိုင်းမြင်၍ အကောင်းအဆိုးပျောက်မှ ထိုကြောင့် စွဲလမ်းခုံမင်ခြင်း ကင်းမှုအသင်္ခတဓာတ် ဖြစ်ပေါ်နိုင်လေသည်။

ထို့ပြင် အမှောင်ကို လက်တွေ့ သိရှိမှု ကြောင့် အလင်းကို သေချာစွာ သဘောပေါက်နိုင် သကဲ့သို့ ထိုအတူ သင်္ခတ တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းမကင်းသော အတွင်းသဘောကိုကိုယ်တွေ့သိရှိမှသာလျှင် အသင်္ခတ တရား၏ အရသာကို သေချာစွာသိမြင်နိုင်လိမ့်မည်။

အသင်္ခတအမှန်ကို (၀၁) အတွင်အထိပ်အကျဆုံး အရာကို တကယ်လိုလားသူသည် ရှေးဦးစွာ သင်္ခတ ဟူသော ဖြစ်တရားအမှန်ကို သိရန်ဖြစ်၏။ ထိုဖြစ်တရား သည်ကား အဆင်း-အသံ အနံ့-အရသာ အထိ ဟူသောရုပ်တို့တရားပင်ဖြစ်သည်။စကြာဝဠာအနန္တ၌ကမ္ဘာ လောကဓါတ်ကြီး

အတွင်း၌ သက်ရှိသက်မဲ့ စိတ်ဝိညာဉ်ရှိမရှိ၊ အလုံးစုံသော အရာတို့၌ အဆင်းအသံ အနံ့ စသောရုပ်တရားတို့သည်တဖွါးဖွါးတသက်သက် အစဉ်မပျက်ဆက်၍ဆက်၍ ဖြစ်ပျက်ဖြစ်ပျက်နေကြကုန်၏။ ထိုရုပ်တရားတို့၏ ဖြစ်ပျက် ဖြစ်ပျက်အစဉ်ကို ဉာဏ်ကြေးမုံပြင်၌ အမြဲတမ်းမြင်အောင်ကြည့်ရှုဆင်ခြင်၍ကောင်းစွာမြင်သောသူသည် အသင်္ခတ ဟူသော မဖြစ်တရားအမှန်ကိုအလိုအလျောက်သိမြင်လာရ၏။

ထို့ကြောင့် နံပါတ် ၁၀ အဖြေ၌ ရေးသားခဲ့သော နည်း ၁၁ မျိုးတို့ကို အတိအကျ မလိုရအောင် လိုက်နာ ကျင့်သုံးခြင်းဖြင့်၎င်း၊ ယခုနောက်ဆုံး တည့်လိုက်သော ပရမတ်အစစ် ဓါတ်အနှစ်ကို ကြည့်ရှုခြင်းဖြင့်၎င်း၊ လက်တွေ့စမ်းသပ်၍တကယ်လုပ်ကိုင် ကျင့်ကြံခဲ့သော် ယိုအတွင်း၌ အသိပ်အကျဆုံးအချက်ဟု ဆိုအပ်သောအသင်္ခတအမှန်သို့ မပျက်မကွက်ဆက်ဆက် မုချကေန္တ ရောက်ရှိနိုင်လေသတည်း။

X X X X

## တတိယပိုင်း ၃။ ဗုဒ္ဓဘာသာ

### အခန်း ၁

အမေး (၁) ဗုဒ္ဓဘာသာဟူသော စကား၏ အဓိပ္ပါယ်ကား ဘာလဲ?

အဖြေ (၁) ဗုဒ္ဓ ဘာသာ ဟူသော ပုဒ် သည် ဗုဒ္ဓနှင့် ဘာသာဟူသော နှစ်ပုဒ်ကို တွဲစပ်ထားသော ပုဒ်ဖြစ်လေသည်။ ထိုနှစ် ပုဒ် တို့တွင် ဗုဒ္ဓ ဟူသော ပုဒ်၏ အဓိပ္ပါယ်ကား အမှန်တရား ကိုသိသူ သို့မဟုတ် အလင်း ဉာဏ် ရသူဟု ဆိုလိုသည်။ဘာသာပုဒ်၏အဓိပ္ပါယ်ကားစကား(ဝါ)ဟောကြားသော တရားဟု ဆိုလိုသည်။ နှစ်ပုဒ် ပေါင်းစပ်လိုက်သော်

အမှန်တရားကို သိသူ၏စကားဟူသော အဓိပ္ပါယ် ရရှိလေသည်။

ထို့ကြောင့် အမှန် တရားကို သိမြင်သော (၀၁) အလင်းဉာဏ် ကိုရသော ဂေါတမ ဗုဒ္ဓဟူ၍ ၎င်း။ သကျမုနိ ဟူ၍ ၎င်း။ ကမ္ဘာ့ ရာဇဝင်၌ ထင်ရှားသော ပုဂ္ဂိုလ်ထူး၏ တရားစကားတို့ကို ဗုဒ္ဓဘာသာဟု ခေါ်ဆိုရလေသည်။

၎င်းဗုဒ္ဓဘာသာသည် ဣန္ဒိယ နိုင်ငံအတွင်းများစွာသော နယ်ပယ်တို့၌ ရှေးအခါက ပြန့်နှံ့တည်ရှိခဲ့လေသည်။ ယခုအခါ၌လည်းသီဟိုဠ်ကျွန်း၊မြန်မာနိုင်ငံ ယိုးဒယား၊ ကမ္ဘောဒီယ မွန်ဂိုလီယ၊ မန်ချူးရီယား၊ တရုပ်၊ ဂျပန်၊ တိဗက်၊ နီပေါလ်၊ ဘူတန် စသော နိုင်ငံ တို့၌ ပဓါန ဘာသာ အဖြစ် ဖြင့် ပြန့်နှံ့လျက်တည်ရှိနေလေသည်။ ၎င်းဘာသာသည်လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်က ဣန္ဒိယနိုင်ငံ ပေါ်မြေပြင်ဝယ် ပေါ်ပေါက်စတင်ဖြစ်ပေါ်ခဲ့လေသည့် သိဒ္ဓတ္ထဂေါတမသည်အသက် (၃၅) နှစ်အရွယ်၌ ဗုဒ္ဓဘွဲ့ထူးကိုခံယူခဲ့ပြီးနောက် (၄၅) နှစ်တိုင်တိုင် ဟောပြခဲ့သော တရားစကား အစုကို ဗုဒ္ဓဘာသာဟု ခေါ်ဆိုရလေသည်။ ထိုမှတပါး ဂေါတမဗုဒ္ဓ၏ အတ္ထုပ္ပတ္တိ နှင့်တကွ ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ် စာချင်းနှင့်တကွ ပဓါနဖြစ်သော ဗုဒ္ဓဘာသာ တရားများကို ဗုဒ္ဓဘာသာ အခါက်း၌အပြည့်အစုံ ရေးသားဖော်ပြခဲ့လေပြီ။

## အခန်း ၂

အမေး (၂) မည်သည့်အရာသည် ဗုဒ္ဓဘာသာ၌ အမွန်မြတ်ဆုံးဖြစ်သနည်း?

အဖြေ (၂) ဤပြဿနာ၌ အမွန် မြတ် ဆုံး ဟူသော စကားသည် အကောင်း ဆုံး ထို့ကြောင့် အမှန်ဆုံးတရား

ဟူ၍ ရည်ညွှန်းလေသည်။ အဘယ်ကြောင့်နည်း ဟူမူကား အမှန်တရားသည်သာလျှင် ဤကမ္ဘာလောကအတွင်း၌ အမွန်မြတ်ဆုံး၊ အကောင်းဆုံး၊ အရသာအရှိဆုံး ဖြစ်နိုင်သောကြောင့်တည်း။ ဗုဒ္ဓဘာသာ၌ အမွန်မြတ်ဆုံး အကောင်းဆုံး အရာကား သစ္စာ-တရား(ဝါ)အမှန်တရား တို့ဖြစ်သတည်း။ ၎င်းကို ဗုဒ္ဓဘာသာ၌ သစ္စာ၄-ပါး(ဝါ) အမှန်လေချက်ဟု ခေါ်ဆိုသမုတ်ထားလေသည်။ ၎င်းသစ္စာ လေးပါးကား ဗုဒ္ဓဂေါတမဘုရား၏ပထမဆုံး ဟောပြောချက်ဖြစ်သည်။ ၎င်းသစ္စာ လေးပါးကိုပါဠိဘာသာအားဖြင့် (၁) ဒုက္ခ(၂)သမုဒယ(၃)နိရောဓ(၄)မဂ္ဂဟုခေါ်ဆိုသည်။

ကျွန်ုပ်တို့၏မြန်မာဘာသာအားဖြင့်ဆိုခဲ့သော်(၁) ဆင်းရဲ၊(၂)ဆင်းရဲ၏အကြောင်း(၃)ငြိမ်းခြင်း(၄)ငြိမ်းခြင်း၏အကြောင်းဖြစ်လေသည်။ ထိုလေးပါးတို့တွင်နံပါတ်(၁)နှင့်(၃) တို့သည်အကျိုး၊နံပါတ်(၂)နှင့်(၄)တို့သည်အကြောင်းများဖြစ်ကုန်၏။

ဆင်းရဲနှင့် ချမ်းသာတို့သည် အချင်းခြင်း ဆက်စပ်လျက်ရှိကြကုန်၏။ ဒုက္ခ၏ (ဝါ) ဆင်းရဲ၏ အကြောင်းမှန်ကို ပယ်ဖျက်လိုက်သော အခါ ဒုက္ခ ပျောက်ရုံသာ မက၊ သုခ အစစ်လည်း (ဝါ) နိရောဓလည်း တပြိုင်နက် ပေါ်ပေါက်လာရလေသည်။

ဆင်းရဲ ဒုက္ခဟူသော အရာသည် မည်သူမျှ မငြင်းနိုင်။ တကယ်ရှိသော အဟုတ်ရှိသော အရာဖြစ်၏။ ဒုက္ခချုပ်ငြိမ်းခြင်း (ဝါ) ငြိမ်းခြင်းသုခဟု ဆိုအပ်သော နိရောဓလည်း မုချဖြစ်ပေါ်နိုင်သော အရာဖြစ်လေသည်။ အကြောင်းကား ဆင်းရဲ ဒုက္ခ တ ကယ် ရှိ ခြင်း သည် ပင် ထိုဆင်းရဲဒုက္ခ၏

ချုပ်ငြိမ်းခြင်း နိဗ္ဗာန်ကို မဖြစ်နိုင်ကြောင်းကို ထောက်ခံလျက် နေသောကြောင့်တည်း။ ဥပမာကား၊ အမှောင်သည် အလင်း ရှိခြင်းကို ခိုင်မာစေသကဲ့သို့တည်း။

ဂေါတမ ဗုဒ္ဓသည် မည်သူမျှ မငြင်းနိုင်သော ကမ္ဘာ၏ လက်တွေ့ကို မလွှတ်တမ်း ကိုင်၍ စခန်းသွား ခဲ့လေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် ယုကလစ်၏ ဂဲသြ မေဒ္ဒရီ ပညာ၌ ပေးထားချက်ကို မလွှတ်ရသကဲ့သို့ ကမ္ဘာ၏ လက်တွေ့ကို မလွှတ်ချေ။ ဂေါတမဗုဒ္ဓ၏ အတွက် ကမ္ဘာ၏ ပေးထားချက်ကား အဘယ်? ၎င်းကား၊ ဒုက္ခ (ဝါ) ဆင်းရဲ ဖြစ်၏။ ဤကမ္ဘာလောက၌ဆင်းရဲဒုက္ခသည်အမှန်ရှိ၏။ ဤကား ပေးထားချက်ဖြစ်၏။

ဂေါတမ ဗုဒ္ဓသည် ဤပေးထားချက်ကို စွဲကိုင်ခဲ့၏။ ဤပေးထားချက်ကို မည်သူငြင်းဝံ့သနည်း။ ငြင်းဆိုလော့။ အကြောက်အကန် ပြုလော့။ ပယ်ဖျက်ရန် ကြိုးစားလော့။ ရပါ၏လော။ မရချေ။ ထိုသို့ငြင်းဆိုပယ်ဖျက်၍ မရခဲ့သော် ထိုပေးထားချက်သည် ခိုင်မာပြီ တကယ်မှန်ပြီ မဟုတ်တုံ လော။ အိမ်း....မှန်ပြီ။

သို့မှန်ခဲ့သော် ဤကမ္ဘာလောက၌ ဆင်းရဲဒုက္ခ ရှိသည် ဟူသော ဂေါတမဗုဒ္ဓ၏ ပထမ မူတည်ချက်ကို ကျောံထက် အက္ခရာ တင်လိုက်ကြစို့။ ထိုသို့ တင်ပြီးနောက် ဤသို့ ဆင်ခြေတက်ရာ၏။ ထိုသည့်ဆင်းရဲ ဒုက္ခကို မည်သူဖန်ဆင်း လိုက်သနည်း။ မည်သူက ဤကမ္ဘာအတွင်းသို့ ထည့်သွင်း၍ ပေးလိုက်သနည်း။ သို့မဟုတ် ၎င်းသည် အလေ့ပေါက် မိုးကျရှေ့ကိုယ်လော။ ၎င်းသည် အကြောင်းလော။(ဝါ) အကျိုးလော။ ၎င်းသည် အက္ကရှင်းသော (ဝါ) ရီအက္ကရှင်း

လော။ထိုဆင်းရဲသည်အာဏာပိုင်တယောက်ကဖန်ဆင်းပေး လိုက်ထာလဲ မဟုတ်။ အလိုအလျောက် ဖြစ်ပေါ်လာသော အလေ့ပေါက်လည်း မဟုတ်ချေ။

စင်စစ်မှာ ၎င်းသည် ရီအက္ကရှင်း (ဝါ)အကျိုးတရားသော ဖြစ်ချေသည်။ဤသို့ဖြစ်လျှင်၎င်း၏အကြောင်း(ဝါ) အက္ကရှင်း ရှိရဦးမည် မဟုတ်လော။ အိမ်း....ရှိချေ၏။ သို့ရှိခဲ့သော် ထိုအကြောင်း (ဝါ) အက္ကရှင်းသည် ဘာလဲဟု စိစစ်ခြင်း အားဖြင့် ဂေါတမဗုဒ္ဓသည် ၎င်းဆင်းရဲဒုက္ခ၏ အကြောင်း မှန်ကို တွေ့မြင်ခဲ့လေပြီ....၎င်းကား ဂေါတမဗုဒ္ဓ၏ ဘာသာ စကားအားဖြင့် သမုဒယ။ ကျွန်ုပ်တို့၏ စကားအားဖြင့် စွဲလမ်းခြင်း။ ကပ်ငြိခြင်း။ တပ်မက်ခြင်းဖြစ်၏။

ထိုစွဲမက်ခြင်း တည်း ဟူသော သမုဒယ အကြောင်း ကြောင့် ဆင်းရဲဒုက္ခဟူသော အကျိုးတရား ပေါ်ပေါက် လာချေသည်ဟု တသစ်ကျ ဆုံးဖြတ်နိုင်လေပြီ။ သို့ရာတွင် ဤဆုံးဖြတ်ချက် မှန်မမှန်ကို လက်တွေ့ စမ်းသပ်ကြည့်ကြဦးစို့ ဤလောက၌ အကြွင်း တစုံ တယောက် သော လူသည် အကောင်းဆုံး၊အဘိုးအတန်ဆုံး၊ အသုံးအဝင် ဆုံးသတ္တုတွင်း ပိုင်ရှင် သူဌေးကြီးဖြစ်၍ ထိုသူဌေးကြီး ခံစားရလတံ့သော စည်းစိမ်ကိုပြင်းစွာသော အာသာဆန္ဒဖြင့် လိုချင်တပ်မက် လေရာ၏။ ထိုစွဲလမ်းမှုအာသာသည် ၎င်းလူကို သတ္တုတွင်း မတွေ့တွေ့အောင် ရှာဖွေရန်တိုက်တွန်းလိမ့်မည်။ဤသို့တိုက် တွန်းရုံမျှမက သတ္တုရှိဘတ်သော တောကြီးတောင်ကြီး စိမ့်ကြီးမြိုင်ကြီးအတွင်းသို့ မခေါ်ဆောင်၍ သွားပေလိမ့်မည်။ သူသည် ငွေကုန်ကြေးကျခံ၍၎င်း၊ ကိုယ်၏ ပင်ပန်းခြင်း စိတ်၏ပင်ပန်းခြင်းကိုခံ၍ ၎င်းထိုသတ္တုကို ရှာပေရာ၏။

နောက်ဆုံး၌ ၎င်းသတ္တုကို တွေ့အောင် ရှာ ရသော ဆင်းရဲဒုက္ခကို ခံစားပြီးသည့်အပြင် သတ္တု တူးဖော်ရခြင်း ရောင်းချရခြင်း၊ ရောင်းချ၍ ရသော ရွှေငွေတို့ကို သိမ်းဆည်း ရခြင်းစသော ဒုက္ခအမျိုးမျိုးကို ခံစားရချိမ့်မည်။ အကယ်၍ သူအလိုရှိသော သတ္တုကို နောက်ဆုံး၌ မတွေ့ရချေသော် အလွန်စုးယှ ပြင်းထန်သော ဆင်းရဲဒုက္ခကို ခံစားရလိမ့်မည်။ ထို့ကြောင့် စွဲလမ်းမှုဟု ဆိုအပ်သော သမုဒယတဏှာ သောဘသည် ဆင်းရဲဒုက္ခ၏ အကြောင်းရင်း ဖြစ်ကြောင်း ထင်ရှားလေတော့၏။

ဆာအိုက်ဇာယက် နယူတန်သည်သစ်ပင်အပေါ်မှ၊ ကြွေကျသော သစ်သော့သီး တလုံးတည်း ဟူသော ပေးထား ချက်ကို အခြေပြု၍ ကြံစည်တွေးတောခြင်းကြောင့် အာကာစနှ သတ္တိဟူသော ကမ္ဘာကျော် ဉာဏ်တော်ကို ထင်ပေါ်နိုင်သကဲ့ သို့ ထို့အတူ ဂေါတမ ဗုဒ္ဓသည် ဆင်းရဲ (၀)ဒုက္ခဟူသော ကမ္ဘာ၏ ပေးထားချက်ကို လက်ကိုင်ထား၍ ဉာဏ်ကစား တော်မူခဲ့ခြင်းကြောင့်သမုဒယ (၀ါ) အပ်မက် စွဲလမ်းခြင်းဟူ သော ကမ္ဘာ့တည် တရားဉာဏ်ကို ဖွင့်ပြခဲ့လေသည်။

ကမ္ဘာ၏ ပေးထားချက် တခုခုကို လက်တွေ့ တည်၍ စဉ်းစားတွေးတောခြင်းအားဖြင့် အမှန်တရားများကို ရရှိနိုင် လေသည်။

ယခုခေတ်ပေါ် ဓါတုဗေဒ ဆရာတို့ အသုံးပြုနေသော လက်တွေ့ စမ်းသပ်နည်း ဆိုသည်ကား ခေတ်ဆန်းမဟုတ် ခဲ့ချေ။၎င်းနည်းကို ဂေါတမ ဗုဒ္ဓသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က၊ စ၍ စမ်းသပ် လုပ် ကိုင် ခဲ့ လေ သည်။ ထို့ကြောင့်၊ ဂေါတမဗုဒ္ဓကို ခေတ်ပေါ် လောကဓါတ်ဆရာ

တို့၏ ခေါင်းဆောင်ရှေ့သွားဟု သံသယကင်းစွာ ဆိုနိုင်လေသည်။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့်၊ ဆင်းရဲဒုက္ခနှင့် ၎င်း၏အကြောင်း ထင်ရှားပေါ်ပေါက်လာခဲ့သော်၎င်းတို့နှင့် ဆန့်ကျင်ဘက် ဖြစ်သော အချက်တို့ကို ဆက်လက်၍ တွေးတောနိုင်ကြလေပြီ။ ဒုက္ခနှင့် ဆန့်ကျင်ဘက်သည် သုခဖြစ်၏။ ထို့အတူ သမုဒယ၏ ဆန့်ကျင်ဘက်သည် အသမုဒယဖြစ်၏။သမုဒယသည် သစ်ပင်၏ ရေသောက်မြစ်နှင့် တူ၏။ဒုက္ခသည် ထိုသစ်ပင်မှ ထွက်ကျနေသော အရိပ်နှင့်တူ၏။ သစ်ပင်၏ အရိပ်ကို ဖျက်ပစ်ခြင်းငှါ၎င်း၊ ရွှေ့ပြောင်းပစ်ခြင်းငှါ၎င်း မတတ်နိုင်။စင်စစ်သော် သစ်ပင်၏ ရေသောက်မြစ်ကို လုံးဝ ဖြတ်တောက်ပစ်လိုက်မှသာလျှင် သစ်ကိုင်းသစ်ရွက်တို့ ခြောက်သွေ့ပြီးလျှင် အရိပ် လည်း အလိုအလျောက် ကွယ်ပျောက်နိုင်လေသည်။

ထို့ကြောင့် သမုဒယ တည်းဟူသော ရေသောက်မြစ်ကို နောက် အသစ်တဖန်ပြန်၍ မရှင်နိုင်အောင် ဖြတ်တောက်လိုက်သော် ဒုက္ခဟူသော ဆင်းရဲကွယ်ပျောက်၍သွားချေမည်။ဒုက္ခ၏ ရေသောက်မြစ်ကိုဖြတ်ခြင်းဖြင့်ကိစ္စ ၂ခု ပြီးနိုင်လေသည်၊ ထိုရေသောက်မြစ်ကို ဖြတ်လိုက်သော် ဒုက္ခသေမှုနှင့် သုခအစစ်ပေါ်မှုတို့ကို တပြိုင်နက်တချက်ထည်း ဖြစ်ပေါ်စေလေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ၌ အကောင်းဆုံးအမွန်မြတ်ဆုံးဖြစ်သော အရာကား ဒုက္ခပျောက်၍ သုခမှန် ဖြစ်ပေါ်မှုပင်ဖြစ်သတည်း။

ဤသို့ ဒုက္ခချုပ်ငြိမ်း၍ သုခမှန်ပေါ်မှုကို ဗုဒ္ဓဘာသာ ပိဋကတ်တော်များ၌ နိဗ္ဗာန ဟူသော အမည်ဖြင့် ခေါ်ဝေါ် သုံးစွဲလေ့ရှိသည်။ ၎င်းနိဗ္ဗာန၏ အဓိပ္ပါယ်အကျယ်ကိုဖော်ပြ ပြီးခဲ့လေပြီ။

**အခန်း ၃**

အမေး (၃) နိဗ္ဗာန်၏မွန်မြတ်ပုံ အချင်းအရာကားမည်သို့ နည်း?

အဖြေ (၃) နိဗ္ဗာန်တည်း ဟူသော အကျိုးမှန်သည် သန္တိ သုခအစစ်ဖြစ်၍ ဝိမုတ္တိရသဟူသော လွတ်လပ်ခြင်း၏ အရသာကို ဆောင်ချေ၏။

လူသတ္တဝါသည် ထိုမွန်မြတ်လှသော အကျိုး မှန်ကို များစွာလိုလားခဲ့၏။ ၎င်းကိုရရှိရေးအတွက် အကြောင်းမှန် ကို ကြိုးစားအားထုတ်ရ ချေမည်။ သေး ငယ် လှ သော သစ်စေ့အတွင်း၌ သစ်ပင်ကြီးတပင်ကို ဖြစ်စေနိုင်သော ဇီဇ(ဝါ) မျိုးစေ့ဓါတ်ပါရှိလေသည်။ ထိုမျိုးစေ့ဓါတ်ကို တစုံတခုသောနည်းဖြင့် ဖျက်ဆီးပစ်လိုက်သော် သစ်ပင်ကြီး မဖြစ်တွန်းနိုင်တော့ချေ။

ထို့အတူ လူသတ္တဝါတိုင်း၌ ဒုက္ခကြီးကို ဖြစ်စေတတ် သော သမုဒယတည်းဟူသော မျိုးစေ့ဓါတ် ပါရှိလေသည်။ ထိုမျိုးစေ့ဓါတ်ကို မှန်ကန်သောနည်းဖြင့် ဖျက်ဆီးပစ်လိုက် ခဲ့သော် ဆင်းရဲဒုက္ခကြီး ပေါ် ပေါက် ခြင်း ငှါ မစွမ်းနိုင် တော့ချေ။

ထိုသို့ဒုက္ခကြီးမပေါ်ရုံမျှမက သုခအစစ်ကြီးပေါ်ပေါက် ၍လာရချေသည်။ ဤ၌သစ်ပင်မပေါက်ခြင်းသည်အကျိုးမှန်

ဖြစ်၏၊ ၎င်းမှန်မြတ်ပုံ၊ အရသာရှိပုံကို အထူး ရှာဖွေရန် မလိုချေ။

စင်စစ်မှာ မျိုးစေ့ ဒေါ်တ်ကို ဖျက်ဆီးသော နည်းဥပါယ်၏ မှန်မြတ်ပုံ၊ အရသာရှိပုံကိုသာ ရှာဖွေရချေမည်။

ဥပမာ ကုဋ္ဌနူနာခေါ် အနာကြီးရောဂါစွဲသူ၏ ဒုက္ခသည် ကြီးမားလှချေ၏။ ထိုသူ၏သွေး၌ နူနာကိုဖြစ်စေတတ်သော ပိုးတို့သည်ရှိကြကုန်၏။ထိုပိုးများကို အကုန်အစင် သတ်ဖြတ် ဖျက်ဆီးပြီးလျှင် ထိုသူ၏သွေးကို စင်ကြယ်အောင် ပြုလုပ်ခဲ့ သော် ထိုသူသည် ကုဋ္ဌနူနာ ပျောက်ကင်းခြင်း တည်းဟူ သော ချမ်းသာသုခကို ရရှိချေမည်။

ထိုချမ်းသာကား ထိုသူကိုယ်တိုင် နှုတ်ဖြင့်လည်း ပြော မပြနိုင် စာဖြင့်လည်း ရေးမပြနိုင်သော အရာဖြစ်၏။စင်စစ် မှာ ကုဋ္ဌနူနာ စွဲကပ်နေစဉ်အခါ၌ မသက်မသာ ခံစားနေရ သောစက်ဆုပ်ရွံရှာဘွယ် ဒုက္ခကြီး အပြီးတိုင် ပျောက်ကင်း ချုပ်ငြိမ်းမှုသာဖြစ်၏။ ထိုရောဂါကို ပျောက်ကင်း စေနိုင် သော အစွမ်းသတ္တိရှိသော ဆေးထူးဆေးမြတ်၏ ထက်မြက် မှန်မြတ်ပုံ အခြင်းအရာကိုသာ ရှာဖွေရသကဲ့သို့တည်း။

ထို့အတူ ဂေါတမဘုရားရှင်၏ ဆင်းရဲဒုက္ခအလုံးစုံ အပြီး သတ် မြုံရာဖြစ်သော နိဗ္ဗာန်၏ မှန်မြတ်ပုံ အခြင်းအရာကို သေချာစွာသိရှိလိုပါလျှင်၊ ၎င်းသို့ ရောက်စေ နိုင်သော မဂ္ဂ သစ္စာ၏ဖြောင့်မှန် မှန်မြတ်ပုံ အခြင်းအရာကို ကြည့်ရှုသင့် လေသည်။ အဘယ်ကြောင့်နည်း ဟူမူကား နိဗ္ဗာန်ဟူသည် ဒုက္ခဇာတ် အကုန် သိမ်း၍ ငြိမ်း ခြင်းတည်း ဟူသော သန္တိသုခသဘောဖြစ်၍ စင်စစ်ရအပ် ခံစားအပ်သောအကျိုး တရားဖြစ်၏၊ထိုအကျိုးတရားကို ဖြစ်စေနိုင်သော အကြောင်း

တရားမင်္ဂ-သစ္စာ၏ အခြင်းအရာကို ကြည့်ခြင်းဖြင့်သာလျှင် အကျိုးမှန်၏ မှန်မြတ်ပုံကို သိမြင်နိုင်သော ကြောင့်တည်း။

ထို့ကြောင့် ဂေါတမ-ဗုဒ္ဓ၏ ဒုက္ခ မြစ် ဖြတ် ဆေးကို အစွမ်းသတ္တိရှိမရှိ ဩဇာအက်မထက် ကမ္ဘာ့ ဝေဒနာရှင် အပေါင်းနှင့် တည့်မတည့် စစ်ဆေးကြည့်ကြစို့။

(က) (၁) မှန်သော လုလ္လ။ ။မကောင်းသော အရာ များကိုမဖြစ်စေရန်၊ဖြစ်ပြီးတို့ကိုခေါင်းပါး ပပျောက်စေရန်၊ မဖြစ်သေးသောကောင်းမှုများကိုဖြစ်ပေါ်လာစေရန်၊ဖြစ်ပြီး သော ကောင်းမှုတရားများကို တိုးတက် ပွားများ လာစေရန် ကြိုးစားအားထုတ်မှုကိုဆိုသည်။

(ခ) (၁) မှန်သောနှုတ်မှု။ ။သူ့ကျိုးကိုယ်ကျိုးနှင့်တကွ ဤကမ္ဘာ လောက၏ ကောင်းကျိုး ချမ်းသာ ကြက်သရေ မင်္ဂလာတို့ကို အနည်းငယ်မျှ မတိုးတက်စေသော ဝစီကံမှု ဟူသမျှမှ ရှောင်ကြဉ်၍ ထိုသုံးမျိုးသော အကျိုးတရားတို့ကို တိုးတက် ပွားများ စေနိုင်သော သတ္တလောက၏ ငြိမ်းမှု ပျော်ရွှင်မှုကြည်ရွှင်မှု များကို ဖြစ်စေ နိုင်သော စကားကို ပြောဆိုရန်ဖြစ်၏။

(ခ) (၂) မှန်သောကိုယ်မှု။ ။သက်ရှိ သတ္တဝါတို့ကို နှိပ်စက်သတ်ဖြတ်ခြင်း၊ နာကျင်စေခြင်း၊၊ ခိုးဝှက် လုယူခြင်း မမြတ်သော(ဝါ)မှားယွင်းသော အပြုအမူတို့ကို ကျူးလွန် ခြင်းစသောကိုယ်ဖြင့် ပြစ်မှားကျူးလွန်၍ ရစကောင်းသော မတရားမှု အမှားမှုတို့မှ ရှောင်ကြဉ်ခြင်း။

(ခ) (၃) မှန်သောအသက်မွေးမှု။ မိမိမှတပါး အခြား သောသတ္တဝါတို့၏ခုကျိုး-နောင်ကျိုးပျက်စီးစေခြင်း၊နစ်နာ စေခြင်း၊ ဆုတ်ယုတ် စေခြင်း၊ မခံချည်း မခံသာ ဖြစ်စေခြင်း

စသည်တို့ကို ဖြစ်စေ တတ်သော၊ အသက် မွေးမှု တို့မှ ရှောင်ကြဉ်၍ မြင့်မြတ်သော မှန်ကန်သော အပြစ် ကင်းမဲ့ အသက်မွေးမှုဖြင့် လုပ်ကိုင်စားသောက် နေထိုင်ရန်ဖြစ်၏။

(ဂ) (၁) မှန်သောအမှတ်။ ကိုယ်နှုတ်စိတ်တို့၏ခံစားမှုဟူသမျှကိုနက်နက်နဲနဲ သဘာဝ-ဓမ္မအမှန်ကျအောင်ကြံစည်မှတ်သား၍။ ဗဟိဒ္ဓ ကမ္ဘာလောကဓာတ်၌ရှိသမျှသောအရာအားလုံးတို့သည်တစုံတခုသော အကြောင်းကြောင့်ဖြစ်ပေါ်လာကြသည်ဟူ၍၎င်း၊ သဘာဝဓမ္မ၏ ဥပဒေအတိုင်း အစိုင်အခဲ ခိုင်ခြံ တည့်တန့်သော သဘောမှ ဆိတ်၍ ဖြစ်ပြီးကံ ပျက်စီးမှုမြဲသည်ဟူ၍၎င်း၊ ထို့ကြောင့် အကောင်း အဆိုးမှ ဆိတ်၏ ဟူ၍၎င်း၊ ထို့ကြောင့်နှစ်သက် ခုံမင်ချစ်ခင် စွဲလမ်းစရာမရှိဟူ၍၎င်း၊ မှတ်ယူရန်ဖြစ်၏။

(ဂ) (၂) မှန်သော ဆိတ်ငြိမ်မှု။ ။မိမိစိတ်ကို ထို၍ လှုပ်ရှား၍ပြေးသွားခြင်းမရှိအောင်အားလုံးသော ငြိတွယ်မှုတို့မှကင်း၍ အညစ်အကြေးမရှိ ပကတိ ဖြူဖွေး သန့်ရှင်းစင်ကြယ်အောင် မွန်မြတ် သော အာရုံ တခုခု၌ ချည်နှောင်ထားသဖြင့် တည်ငြိမ် လာအောင် ကြိုးစားအားထုတ်မှုပင်ဖြစ်၏၊ ထိုစိတ်၏တည်ငြိမ်မှုကိုနံပါတ် (ခ) (၁) ဖြင့်လုံးဝပြည့်စုံခြင်းသို့ရောက်စေနိုင်၏။ အညစ်အကြေးမတွယ်သန့်ရှင်းစင်ကြယ်၍ မဟုန်မလှုပ် တည်ငြိမ်သော စိတ် ဓာတ်သည်အလွန်ကြီးမားသန်စွမ်းသောတန်ခိုးသတ္တိရှိချေ၏။

(ဃ) (၁) မှန်သောအကြံ။ သဘာဝဓမ္မအတိုင်းဖြောင့်မှန်သောတွေးတောကြံစည်မှုနှင့်ပြည့်စုံရန်အမှန်တရားကိုသိမြင်ပြီးဖြစ်သည့်အတိုင်း လူသား၏ ရည်ရွယ်ချက် ပြီးမြောက်သည် တိုင်အောင် စွဲမြဲဖြောင့်မှန်ကြံစည်ရန်မှားသော (ဝါ)

ကမ္ဘာ၏ ဒုက္ခကို တိုးတက် စေတတ်သောကြံစည် တွေးတော မှု ဟူသမျှကိုလုံးဝပိတ်ပင်လိုက်ရန်ဖြစ်၏။

(ဃ)(၂)မှန်သောအမြင်။ ။အကြောင်းမှန်အကျိုးမှန်ကို ဖြောင့်ဖြောင့် စင်းစင်း၊ ထင်လင်းစွာသိမြင်ခြင်း ရုပ်မရမတ် နှင့်နာမ်ရမတ်တို့၏ သဘော လက္ခဏာကို သဘာဝမွေ အတိုင်း ဖြောင့်ဖြောင့် သိမြင်ခြင်း၊အရာအားလုံးတို့သည် နိစ္စ သုခ အတ္တသုဘာသဘောမှ ဆိတ်၏ဟုထိုးထွင်း သိမြင်ခြင်းပင် ဖြစ်၏။

၎င်းပြဿနာတို့ကား ဖေါ်တာမဗုဒ္ဓ၏ ဒုက္ခ မြစ်ဖြတ်ဆေးကို စခန်းအစဉ်(၀၁)ရေလဲ အစဉ်အတိုင်း၊ ဝေဖန် ဖေါ်ပြချက် ဖြစ်ချေသည့် ၎င်းဆေးကို တကယ်တမ်း လက်တွေ့ စမ်းသပ် ကြည့်ခဲ့သော အကျုးမွန်မြတ် သော အရသာကိုမုချ ခံစားရ ချေမည်။

ခေတ်ခိုက်ကိုရှောင်၍ခေတ်ကြိုက်ကို ဆောင်ခြင်းသည် ဝေဒနာပျောက်ရေး အတွက်အလွန်အရေးကြီးသောအချက် ဖြစ်ချေသည်။

၎င်းသို့ရှောင်စာကိုရှောင်၍ ခေတ်ကြိုက်ဖြစ်သော ဆေး ကိုကြိုးစားမှီဝဲခဲ့သော်၎င်းဆေး၏မွန်မြတ်ပုံ၊ ဩဇာလေးနက် ပုံ၊ စူးရှထက်မြက်ပုံ၊ဟူသမျှကိုအကုန်အစင် တွေ့မြင်သိရှိရ ပေလတံ့။

၎င်းနည်းကား အမြင် အားဖြင့် ခက်ခဲ နက်နဲသောအရိပ် အရောင်ကင်းမဲ့၍တိမ်မရောင်လွှယ်မရောင်ထင်ရ၏။သို့သော် ၎င်းကို အကြိမ်ကြိမ် အထပ်ထပ် ဘတ်လေလေ၊ ကြံစည် တွေးတော လေလေ၊ လက်တွေ့ စမ်းသပ် လုပ်ကိုင်ကြည့် လေလေ ခက်ခဲ၍နက်နဲ၍ လာလေလေဖြစ်၏။ကျွန်ုပ်တို့သည်

ကောင်းသည် မှန်မြတ်သည် ဆိုကာ မတ္တာဖြင့် ရောရောင် ပြီးလျှင်၊ သူမျှားကောင်းတိုင်း ကောင်းနေကြရန် မဟုတ်ချေ။ အဟုတ်သော်ကား ကောင်းသည်ဟု ဆိုအပ်သောအရာကို ကိုယ်တိုင် လက်တွေ့ စမ်းသပ်ပြီးမှ သြော်.... ...ကောင်းပါ ပေ၏ ဟု ပြောဆိုသင့် လေသည်။ ဥပမာ၊ အသင်တို့သည် အမျက်ထွက်စရာရှိခဲ့သော် တနာရီဆိုင်းပြီးမှ ဒေါသထွက် ကြပါ။ ထိုအခါသင်တို့သည် ထူးခြားသော အကျိုးကို ရရှိ လိမ့်မည်ဟု တစုံ တယောက်က သင်တို့အား ပြောလာ ခဲ့သော် လက်တွေ့ စမ်းသပ် ကြည့်ရာ သကဲ့သို့တည်း။ စမ်းသပ်နည်းကား အသင်သည် တစုံတယောက်ကို စိတ် ဆိုး၍ အမျက်ထွက်စရာ ကြုံလာခဲ့၏။ ထိုအခါသင်သည် သင် ၏ စိတ်ကို ရှုတ်တရက်အားဖြင့် ဒေါသဘက်သို့မပါစေနှင့် ဦး။ တနာရီဆိုင်းပြီးမှ သင်စိတ် ထင်သလို အမျက် ထွက်ရန် စိတ်ဆိုးရန်ဆုံးဖြတ်ထားပါလေ။ ထိုအချိန်ာတောအတွင်း၌ အသင်သည် အကျိုးအကြောင်းနှင့် အဆိုးအကောင်း တို့ကို ဆင်ခြင်စဉ်းစားပါလော့။ ထိုနောက်မှ သင်၏ ဆုံးဖြတ်ချက် အတိုင်း၊ စိတ်ဆိုး အမျက်ထွက် ပါလေ။ ဤသို့ လက်တွေ့ စမ်းသပ်ကြည့်ခဲ့သော် ချက်ခြင်း၊ လက်ငင်း၊ အမျက်မထွက် ဘဲ တနာရီဆိုင်းငံ့ ဆင်ခြင်ပြီးမှ ဒေါသ ထွက်ခြင်းကြောင့် သင်၌ အကျိုး အများကြီး တိုးတက် လာသည်ကို တွေ့ရ ချိမ့်မည်။

အကယ်တစေ အသင်သည် ဒေါသအမျက် ထွက်စရာ ကြုံလာ၍ တားမနိုင် ဆီးမရဘဲ ထိုသူ အနီးမှာ ရှိစဉ် အချိန် အခါ၌ ချက်ခြင်း အမျက် ဒေါသကို ထွက်စေ ခဲ့သော် သင်သည် လူသတ်မှုကြီးကိုသော်လည်း ကျူးလွန်မိပေရာ၏၊

သို့မဟုတ် ထိုမျှ နီးပါး ကြီးကျယ်သော ရာဇဝတ်မှု ကို သော်လည်းကျူးလွန်မိပေရာ၏။ သို့ရာတွင် သင်၏ စိတ်ကို ထိန်းအုပ် သိမ်းချုပ်၍ တနာရီ ကြာမှ အမျက် ထွက်ခွင့် (ဝါ)စိတ်ဆိုးခွင့်ပြုခဲ့လျှင် သင်သည် ထိုမျှ ကြီးကျယ်သော ရာဇဝတ်မှုကြီးကို တားမြစ်နိုင်ပေရာ၏။

ထို့အတူ သင်တို့သည် ကျွန်ုပ်တို့ ဖော်ပြခဲ့ ပြီးသော ဂေါတမ ဗုဒ္ဓ၏နည်းကို လက်တွေ့စမ်းသပ် လိုက်နာကြည့် ခဲ့သော် မွန်မြတ်သောအချက်များကို မုချတွေ့မြင်ရချေမည်။ ကျွန်ုပ် တို့သည် ဖော်ပြ ခဲ့ပြီး နည်းများကို တကယ်တမ်း လိုက်နာကျင့်ကြံနိုင်ခဲ့သော် ကျွန်ုပ်တို့၏ ဒုက္ခ အမြစ်သည် မုချပြတ်တော့အံ့။ကျွန်ုပ်တို့၏စိတ်၌ အမတာဓာတ် ကိန်းဝပ် လာချေတော့အံ့။ ဤချဖြင့် အကြောင်း မှန်၏ မွန်မြတ်ပုံ အခြင်းအရာ ပြည့်စုံလေပြီ။ ထိုသို့မွန်မြတ်သော အခြင်းအရာ တို့နှင့် ပြည့်စုံသော အကြောင်း မှန်ကြောင့် ဖြစ်ပေါ်လာ လတံ့သောအကျိုးမှန်အမတာဓာတ်၏ မွန်မြတ်ပုံ အခြင်းအရာ များကား ဗုဒ္ဓဘာသာ အခန်း၌ ထင်ရှားဖော်ပြခဲ့ပြီး ဖြစ်၍ ဤ၌ အကျယ်တဝင့်ရေးသားရန် မလိုတော့ချေ။

**အခန်း ၄**

အမေး (၄) ဗုဒ္ဓဘာသာ၌ မည်သည့် အရာ များကို အဆိုး အညံ့တွေဟု မှတ်ယူ၍ မည်သည့် အရာ များကို အကောင်းအမွန်တွေဟု မှတ်ယူထားပါသနည်း။

အဖြေ (၄) (၁) မိမိ၏စိတ်၌ရင်း၊ မိ မိ မှ တ ပါး အခြားသော လူသတ္တဝါတို့၏စိတ်၌ရင်း၊ ဆင်းရဲ ပူပန်ခြင်း၊ မကြည်မသာ နာကျင်ခြင်းစသည်တို့ကို ဖြစ်စေတတ်သည့် အရာတို့သည်ရင်း၊

(၂) မိမိရော အခြားသတ္တဝါများပါချမ်းသာသုခကိုမရဆင်းရဲဒုက္ခကိုသာ ဖြစ်စေ-တတ်သော အရာများသည်ရှင်း။

(၃) လောဘ ဒေါသ မောဟ စသော သူရော ကိုယ်ပါ မဲနက် ညစ်ကျုံစေတတ်သော အရာ များသည်ရှင်း။

(၄) ကိုယ်ကျိုး--သူကျိုး (ဝါ) ခုကျိုး--နောင်ကျိုးကိုပျက်ပြား စေ တတ် သော ကိုနူတ် စိတ် တို့ ဖြင့်ဖြစ်သော ဒုစရိုက်အကျင့် တို့သည်လည်းကောင်း။ ဗုဒ္ဓဘာသာ၌ အဆိုး အညံ့တွေဟု မှတ်ယူထားသောအရာများဖြစ်ကြကုန်၏။

ထို့ပြင် ဗုဒ္ဓဘာသာ၌ အကောင်းတွေ (ဝါ) အမွန်အမြတ်တွေဟု မှတ်ယူထားသော အရာတို့ကား။

(၁) ကိုယ်နူတ်စိတ်ဟု ဆိုအပ်သော အချက် သုံးခုကိုစောင့်စည်းထိန်းသိမ်းခြင်း။

(၂) မိမိနှင့်တကွ အခြားသောလူသတ္တဝါ၌ ချမ်းသာကြည်ရွှင်ခြင်း စသည်တို့ကို ဖြစ် စေ တတ် သော လုပ် ငန်းများ။

(၃) ကိုယ်ရောသူပါ ကိုယ်စိတ်နှစ်ဖြာချမ်းသာရွှင်လန်းစေတတ်သော သုစရိုက် အကျင့်တရားများ။

(၄) အကြောင်းမှန် အကျိုးမှန်ဟု ဆိုအပ်သော သစ္စာလေးပါး၌အကြုံးဝင်သော ဒုက္ခအမြစ်ကိုဖြတ်၍သုခစစ် ချမ်းသာမှန်ကို ဖြစ်စေတတ်သော လုပ်ငန်းများ ဖြစ်သတည်း။

ထို့ပြင်လောဘ တပ်မက်ခြင်း။ဒေါသအမျက်ထွက်ခြင်း။ မောဟ အမှန်ကို မမြင်ခြင်း တို့နှင့်ယှဉ်၍ ပြုလုပ် ပြောဆို

ကြီး စည့် အပ် သော အရာများကို အဆိုး အညံ့ ဟူ၍၎င်း အလောဘ မကပ်ငြိခြင်း(ဝါ)ရက်ရောခြင်း၊ အဒေါသ ချစ် ခင်ခြင်းမေတ္တာ၊ အမောဟ အမှန်ကိုသိမြင်သော ဉာဏ်ပညာ တို့နှင့် ယှဉ်သော လုပ်ငန်းဟူသမျှကို အမွန်အမြတ်ဟူ၍၎င်း၊ ဗုဒ္ဓဘာသာ၌ မှတ်ယူထားလေသတည်း။

**အခန်း ၅**

အမေး (၅) ဗုဒ္ဓဘာသာကို ကိုးကွယ် ယုံကြည်သူ များသည် မည်သို့သော အကျိုးကို ရမည်နည်း?။

အဖြေ (၅) ဗုဒ္ဓ ဂေါတမ၏ အလိုတော်အားဖြင့် ဗုဒ္ဓ ဘာသာကို လိုက်နာ ယုံကြည်ခြင်း၊ အား ထား ကိုးကွယ် နေခြင်းချဖြင့် လူသား၏ ကိစ္စလုံးဝ မပြည့်စုံသေး၊ လူသား ၏ ရည်ရွယ်ရင်း အကျိုးကို မရနိုင်သေးချေ။

စင်စစ်သော် မကောင်းသော အကျိုးကို ဖြစ်စေတတ် သော ရှုံ့ရင်းကြမ်းတမ်းသော ဒုစရိုက်အကျင့်တို့ကို လုံးလုံး ရှောင်ကြဉ်၍ ကောင်းသော အကျိုးကို ဖြစ်စေတတ်သော မြင့်မြတ် မှန်ကန်သော သုစရိုက် အကျင့်တို့ကို တဆင့်ပြီး တဆင့်တက်၍ ကျင့်ကြံ အားထုတ်မှသာ (ဝါ) မဆုတ်တမ်း လုလ္လဝိရိယဖြင့် တကယ်တမ်း အားထုတ်မှသာလျှင် လူသား ၏ လိုလားချက်ပြည့်စုံချေမည်။

လူသား၏ လိုလားချက်ကား တစုံတရာ ချို့တဲ့ခြင်းမရှိ ပကတိအားဖြင့် ပြည့်စုံသောဖြစ်ခြင်း၊ ပျက်ခြင်းတို့ လုံးလုံး အနှောင့်အယှက် မရှိသော လွတ်လပ်မှုပင် ဖြစ်သတည်း။ (ဝါ) အပူဒုက္ခ မနှောသော အအေးဓါတ် ကိန်းဝပ်မှုပင်ဖြစ် သတည်း။

ထို့ကြောင့် ဗုဒ္ဓဘာသာကို ကိုးကွယ် ယုံကြည်သော လူသတ္တဝါသည်နံပါတ်(၃) ၏အဖြေ၌ ကျွန်ုပ်တို့ဖော်ပြခဲ့ပြီး သော မဂ်လမ်းအစဉ်အတိုင်း မကျွေ့မကောက် ဖြောင့်ဖြောင့် မတ်မတ် ကျင့်ကြံအားထုတ်သွားရာ၏။

ထိုသို့ကျင့်ကြံ အားထုတ်ခဲ့သော် အသင်တာ အမှန်တရား ကိုရရှိ၍ သူလိုလားချက် အကုန် ပြည့်စုံချေမည်။

ဆင်းရဲဒုက္ခ တည်းဟူသော ထောင် အတွင်းမှ အတင်း ရုန်းကန် ထွက်မြောက်ပြီး၍ တကဲ့ လွတ်လပ်ရေးကို ရရှိချေ မည်။ မာယာ တည်းဟူသော ကျော့ကွင်းကို တစ မကျန် အကုန်ချေမွပြီးဖြစ်၍ အစစ်အမှန်ဖြစ်သော သန္တိသုခကို ရရှိချေမည်။ အဝိဇ္ဇာ မောဟတည်းဟူသော ညွှန်တွင်းမှ(ဝါ) အမှောင်နယ် အတွင်းမှ ကျော် လွန်ပြီး၍ အလင်းရောင် ကွန့် မြူးသော ဝိဇ္ဇာနယ်သို့ ဝင်ရောက်ရချေမည်။

ဤသည်တို့ကား ဗုဒ္ဓဘာသာကို လိုက်နာ ယုံ ကြည်၍ မဂ်လမ်း အစဉ်အတိုင်း အားထုတ်လုပ်ကိုင်သူတို့ ရရှိခံစား ရမည့်အကျိုးတရားများ ဖြစ်သတည်း။

## အခန်း ၆

အမေး (၆) ဗုဒ္ဓဘာသာ ဘုရားကို ဆဲက အပြစ်ရှိမည် ဆို၏။ ထိုအပြစ်ကို ဗုဒ္ဓဘာသာ ဘုရားက ပေးသလော?သို့ မဟုတ် မည်သူက ပေးသနည်း?။

အဖြေ (၆) အကြင်သူတယောက်သည် ဗုဒ္ဓဘာသာဘုရား ကိုသာမဟုတ် အခြားမည်သူ့ကို မဆို ဆဲဆို၏။ ထိုသို့ ရိုင်း ရင်းကြမ်းတမ်းသော စကားကိုပြောကြား မြွက်ဆိုပြီးသည် နှင့်မရှေးမနှောင်းပင်ထိုသူ၌ ဆဲပြစ်ပေါ်လာရလေသည်။

ထိုဆဲပြစ်ကို ဗုဒ္ဓဘာသာ ဘုရားကလည်း မပေး။ အခြားမည်သူတစုံတယောက်ကမျှလည်း မပေးချေ။ ရုံ့ရင်းကြမ်းတမ်းသော မနောပဒေါသဖြင့် မကြားကောင်း မနာသာ မဖွယ်ရာသော ဆဲဆိုမှုကြောင့် ထိုဆဲဆိုပြစ်ကို ရလေသည်။

ဥဒါဟရဏ်ကား ဘူးသီးနုနုတလုံးကို အသွားထက်လှစွာသော ဒါးရှည်ဖြင့် အားဟောင်းမောင်းသန် ယောက်ျားသည် တည့်တည့် မတ်မတ် ခုတ်ပိုင်းလိုက်ရာ၏။ ထိုအခါ ဘူးသီး ထက်ပိုင်း ပြတ်သွားစေသတည်းဟု မည်သူက ဆိုနေရဦး မည်နည်း။ (ဝါ) အမိန့်ပေးနေရဦးမည်နည်း။ အောက်ခံသစ်တုံးကိုဒါး သွားထိသည်နှင့် တပြိုင် နက်ဘူးသီး ထက်ပိုင်း ဖြစ်ရလေတော့၏။

ထို့ပြင်မဲနက်လှသော ကတ္တရာစေးပုံးအတွင်းသို့ လက်နှိုက်ပြီးလျှင် ဖွေးဖွေးဖြူသောပိတ်သားပေါ်သို့လက်ဖြင့်ရိုက်ချလိုက်သော် လက်နှင့်ပိတ်သား ထိပြီးသည်နှင့် တပြိုင် နက် ပိတ်သား၌ မဲနက်သောလက်ရာထင်ရလေတော့၏။

ထို့အတူ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် မှား ယွင်း သော အမှုကို ကျူးလွန်ပြီးသည်နှင့်တပြိုင်နက် ၎င်းတို့နှင့် ဆိုင်ရာ အပြစ်ပေါ်ပေါက်လာရလေသည်။ မည်သူ တစုံတယောက် ကမျှ ကျွန်ုပ်တို့အား အပြစ်ပေးနေရန်မလိုချေ။

ထို့ကြောင့် ဗုဒ္ဓဘာသာဘုရားကို ဆဲဆိုသူအား ထိုဆဲ ပြစ်ကို ဗုဒ္ဓဘာသာ ဘုရားကလည်း မပေး။ အခြား တစုံ တယောက်သော သူကလည်းမပေးချေ။ စင်စစ်မှာ ထိုသို့ ဆဲဆိုသောသူ၏ ရုံ့ရင်းကြမ်းတမ်းသော ဝစီကံ မှုကြောင့် သာလျှင် ထိုအပြစ်ဖြစ်ရလေသည်။ မှန်လှ၏။ အကြောင်းနှင့် အကျိုးတို့သည် အတူတူလည်းဖြစ်၏။ (ဝါ) ဖြောင့်ဖြောင့်

ဆန့်ကျင်ဘက် လည်း ဖြစ်ကုန်သောကြောင့် ခွဲခြား၍ ရစကောင်းသော သဘာဝဓမ္မများမဟုတ်ကြကုန်။

အကြောင်းကို ပြုလုပ်က အကျိုး တရား ဖြစ် ပေါ်ရမြဲတည်း။ ဤအကြောင်းအကျိုး ဖြစ်စဉ်ကို မည်သူမျှ နှောင့်နှေးဖင့်နွှဲအောင် သော်၎င်း ခုန်ကျော် ပြောင်းလဲသွားရန်သော်၎င်း၊ ပြုလုပ်ခြင်းငှါ မစွမ်းနိုင်ချေ။ ထို့ကြောင့် ဆဲသူ၏ဝစီကံမှုတည်းဟူသော အကြောင်းကြောင့် ဆဲပြစ် ဖြစ်ရသည်ဟု မှတ်ကြစေလို။

## အခန်း ၇

အမေး (၇) အပြစ်ဟူသောအရာသည် ဘယ်က ဖြစ်ပေါ်လာသနည်း?

အဖြေ (၇) အပြစ်ဆိုသည်ကား မကောင်းသော (ဝါ) ဆိုးဝါးသော အကျိုးတရားဖြစ်၏။ ၎င်း၏ အကြောင်းကား မကောင်းဆိုးဝါးသော (ဝါ) မှားယွင်းသော ကိုယ်-- နှုတ်-- စိတ်တို့ဖြင့် ကြံလွန် ပြစ်မှားမှုပင် ဖြစ်ချေ၏။ ထို့ကြောင့် မှားယွင်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု တည်းဟူသောအကြောင်း တရားကြောင့် ကာယကံပြစ်၊ ဝစီကံပြစ် မနောကံပြစ်ဟု ဆိုအပ်သော အပြစ်သုံးမျိုး ပေါ်ပေါက်၍ လာရချေသည်။

သို့သော်ဋ္ဌါဝယဝါဒီတို့၏ အယူအဆ အားဖြင့် ဋ္ဌာဝယ ဘုရား စတင် ဖန်ဆင်းထားသော ဤကမ္ဘာ လောကသည် အပြစ်ကင်းမဲ့၍ သန့်ရှင်းစင်ကြယ်ခဲ့၏။ မက်ဆို ပိုတေမိယ နယ်မှ ရွှံ့ဖြင့်ပြုလုပ်ဖန်ဆင်းထားသော ဋ္ဌာဝယဘုရား၏ ရွှံ့လူအာဒံနှင့် ၎င်း၏နံရိုးတချောင်းကို ထုတ်နှုတ် ဖြတ်ယူပြီးလျှင်ထုလုပ်ဖန်ဆင်းထားသော မိန်းမသား ဧဝတို့သည်သော်

သီးကို ခိုးမစားမီအခါက ကမ္ဘာ လောကသည် သန့်ရှင်း စင်ကြယ်ခဲ့၏။အပြစ်ဟူသမျှမှ လုံးဝကင်းစင်ခဲ့၏။

သို့ရာတွင်အကြင်အခါ၌ ထိုဇနီးမောင်နှံတို့သည်ခမည်းတော် ဌာဝယ ဘုရား၏ အာဏာကို ဖီဆန်ပြီး လျှင် အီဒင်ဥယျာဉ်အလယ်၌ရှိသော သစ်သော့ပင်မှ သစ်သော့သီးကို ခိုးယူ စားသောက်ခဲ့၏။ ထိုအခါမှစ၍ ဤကမ္ဘာလော ကအတွင်း၌အပြစ်ဟူသောအရာတခုပေါ်ပေါက်၍လာခဲ့သော ဟူ၏။ အဘယ် ကြောင့်နည်း ဟူမူကား ဌာဝယ ဘုရားရှင်သည့် လူသား၏ အမိန့် မနာခံ မှုကြောင့် အမျက်တော်ရှိပြီး လျှင် အပြစ်ဖြစ်စေဟု(ဝါ) ပေါ်ပေါက်စေဟု အမိန့် ထုတ်လိုက်သောကြောင့်ဟူလို။

သို့သော် အပြစ်ဟူသောအရာကား မည်သူက ဖြစ်စေဟု အမိန့်ထုတ်လိုက် သော ကြောင့် ဖြစ်ပေါ် လာရ သော သဘာဝမျှ မဟုတ်ချေ။ အဟုတ်သော် တမူကား အပြစ်ဟူသည့် အကျိုးတရား စစ်စစ်ဖြစ် သောကြောင့် ကြူးလွန်ပေါက်ပွား၍ မတရား ကျင့်ကြံသူ၏ မကောင်းသော (ဝါ) မှားယွင်းသော ကိုယ်မှု---နှုတ်မှု-- စိတ်မှု ကြောင့် သာ ဖြစ်ချေသည်။

အကယ်တစေ ဌာဝယ ဝါဒီတို့၏ အလိုအတိုင်း သန့်ရှင်းစင်ကြယ်၍အပြစ်ကင်းမဲ့သော်၊ ဤကမ္ဘာ လောကအတွင်းသို့ မည်းနက် ယုတ်ညံ့သော အပြစ်ဟူသော အရာတခုကို အတင်းအဓမ္မ ထိုးသွင်း၍ ပေးသူတယောက် ရှိချေသော်၊ ထိုသူထက် ဆိုးသွမ်းသူကို ရှာဖွေ၍ တွေ့ပါဦး မည်လော။ ထိုသူထက် ရက်စက်ကြမ်းကြုတ်သူ၊ ကရုဏာ ကင်းမဲ့သူ ဤကမ္ဘာ လောက၌ ရှိပါဦးမည်လော၊ ထိုသူထက် ပို၍

ကြောက်စရာကောင်းသော ကမ္ဘာလောက၏ရန်သူ ရှိပါဦး မည်လော၊ထိုသူသည် ကမ္ဘာ့သူ ကမ္ဘာ့သားတို့၏ အားထား မှီခိုခြင်း၊ ယုံကြည် လေးမြတ်ခြင်းကို ခံယူထိုက်ပါဦးမည် လော။

စင်စစ်မှာ သတ္တဝါ၏ သဘာဝဓမ္မကို အမှန်အ တိုင်း မမြင်မှုသည်ပင် အပြစ် ဖြစ်ပေါ်ရခြင်း၏ အကြောင်း ရင်း တရပ်ဖြစ်ချေသည်။ သတ္တဝါ၏ဉာဏ်မျက်စိကို လောဘ--ဒေါသ--မောဟ တည်းဟူသော တိမ်သလာ ဖုံးလွှမ်း လျက် ရှိနေခြင်းကြောင့် သူသည် ထိုထိုများပြားလှစွာသော အဓမ္မ မှု(ဝါ)မကောင်းမှုများကို ကြုံးလွန်မိရလေသည်။

ယင်းသို့ ကြုံး လွန်မိသည်နှင့် တပြိုင်နက် ဒုစ္စ ပြစ် ပေါ် ပေါက် လာရလေသည်။ ထို့ကြောင့် ဤကမ္ဘာ လောက၏ အပြစ် ပပျောက်ရေးအတွက် လော က သား အားလုံးတို့၏ အသိဉာဏ်ကို ဖွင့်ပေးရန် လိုလေသည်။ ဤလောကသား အားလုံးကိုအမှောင်နယ်အတွင်းမှအဘောင်းဆွဲထုတ်၍အလင်း လွင်ပြင်သို့သွားရန် လိုချေသည်။ ယင်းသို့ထားပြီးသောအခါ လူသည် အမှားအမှန် ဤနှစ်တန်ကိုရင်း၊ အကောင်းအဆိုး ဤနှစ်မျိုးကိုရင်း ခွဲခြားဝေဖန်၍ သိမြင် နိုင်လတံ့။ လူ သား သည် မျက်စိလယ် ပျောက်၍ သဘာဝဓမ္မကို အတွင်းသ သော ကျကျရိပ်မိသိမြင်တော့အံ့။ ထိုသို့ သိမြင်ခဲ့သော် လူ သားသည် အမှားကို ရှောင်ကြဉ်အံ့။ ယင်းသို့ ရှောင်ကြဉ်ခဲ့ သော်အပြစ်ကိုမုန်းတော့အံ့၊(ဝါ)ရှင်းရှင်းကင်းလွတ်တော့ အံ့။

ထိုသို့ အပြစ်ကို လုံးဝ ပပျောက်အောင် သော်ရင်း၊ သို့ မဟုတ် အနည်းငယ် ခေါင်းပါးအောင်သော်ရင်း၊ ပြုလုပ်ရာ

၏။ ထိုအပြစ်ဟူသော အရာသည် တစုံတယောက်သော သူက ဤကမ္ဘာလောကအတွင်း၌ ဖြစ်စေ--ပေါ်စေဟု စေတလုံးအာဏာကို သုံးပြီးလျှင် အတင်းအဓမ္မ ပစ်သွင်းထားသောအရာမဟုတ်၊ အမှန်မှာ အကြောင်းတရားကြောင့်ဖြစ်ပေါ်လာသော အကျိုးတရားသာဖြစ်ခဲ့သည်။

## အခန်း ၈

မေး (၈) လူတွေ သို့မဟုတ် သတ္တဝါတွေ အပြစ်ခံရဖို့ အပြစ်ကပေါ်ကြိုတင်၍ စောင့်နေသလော? သို့မဟုတ် ထိုအပြစ်အဘယ်ကထွက်ပေါ်လာသနည်း?

အဖြေ (၈) အပြစ်ဟူသောအရာတခုသည် ဤကမ္ဘာလောကအတွင်း၌အရှားရှိနေသည်မဟုတ်ကြောင်းကိုရင်း၊ တစုံတယောက်သောသူ၏ အမိန့် အာဏာကြောင့် ဖြစ်ပေါ်လာသောအရာမဟုတ်ကြောင်းကိုရင်း၊ ကျွန်ုပ်တို့ သိခဲ့ကြရလေပြီ။ ထို့ကြောင့်ထင်ရှားမရှိသောအပြစ်သည် လူ တွေ သို့မဟုတ် သတ္တဝါတွေအတွက်စောင့်နေရန်ဌာန ဤလောက၌ မှုချမရှိနိုင်ချေ။

မှန်ပေ၏။ အပြစ်ဟူသည့်အမှားမှုကို ပေါက်ပြားကြူးလွန်သူ၌မှပေါ်ပေါက်လာခြင်းဖြစ်၍ လူသတ္တဝါမွေးကာယဲက (ဝါ) အမိဝမ်းထဲမှ ကပ်ပါလာသော အရာလည်း မဟုတ်။ တစုံတယောက်သော သတ္တဝါအတွက် အခြားတစုံတယောက်က အပြစ်ချသွားခဲ့သော အရာလည်းမဟုတ်ချေ။

အကြင် တစုံတယောက်သော သတ္တဝါသည် မကောင်းသောအမှုကို ကြူးလွန်၏။ ထိုအခါ ထိုသတ္တဝါ အတွက် အပြစ်တခု ပေါ်ပေါက်လာရလေသည်။

သို့ရာတွင် အချို့သော ဘာသာဝင်တို့၏ အလိုအားဖြင့်မူကားလူသတ္တဝါသည်ဇာတိအားဖြင့်အပြစ်ရှိ၏။ ပဋိသန္ဓေကထဲက အပြစ်ဆိုသောအရာသည် ကပ်လျက် မှီတွယ်လျက်ပါလာခဲ့၏။ထိုအပြစ်ကို ဌာဝယဘုရားက လူသတ္တဝါအား အမိန့်ချမှတ်၍ ပေးအပ်ထားခဲ့၏။ထို့ကြောင့် လူသားသည် အပြစ်နှင့် တကွ ဖြစ်၏။အပြစ်မှ ရှောင်၍ မလွတ်။ထို့ပြင် လူသတ္တဝါသည် ဌာဝယဘုရား၏ အကူအညီကို မရဘဲနှင့် ထိုအပြစ်ကို ပပျောက်အောင် မလုပ်စွမ်း နိုင်ချေ။ ဌာဝယဘုရားသည်သာလျှင် လူသား၏အပြစ်ကို ချေချွတ်နိုင်သည် (ဝါ) ခွင့်လွှတ် နိုင်သည် ဟူလို။သို့သော် ကျွန်ုပ် တို့သည် အပြစ် မဲ့သော လူသားကို အပြစ် ရှိစေဟု မည်သူ ကမျှ အာဏာရှင်သဘောဖြင့် အမိန့်မပေးနိုင်ကြောင်းကို ရှင်းလင်းစွာသိမြင်ခဲ့ကြရလေပြီ။

စင်စစ်မှာ အနာဂတ်ကာလ၌ ဆုရခြင်း အပြစ်ခံရခြင်း သဘောများသည် ကောန်စင်စစ်အားဖြင့် မရှိကြကုန်။ သို့သော်အကြောင်းနှင့်အကျိုး(ဝါ)အက္ခရှင်းနှင့် ရီအက္ခရှင်းတို့သာ ရှိကြကုန်၏။ အကြင်သူသည် အကြောင်းကိုလုပ်၏။ ထိုအကြောင်း၏အကျိုးသည် ချက်ခြင်း လက်ငင်းသန္ဒိဋ္ဌိက အကာလိကသဘောဖြင့်အမြဲကပ်လျက် ပါရမြဲဖြစ်၏။

ဥပမာ။ချိန်သီးကြီးကို တဘက်သို့ဆွဲလိုက်၍ လွှတ်လိုက်သောအခါ အချိန်မလင့် အခါမဆိုင်းဘဲ မူလ ခဲဆွဲသောဘက်သို့ ပြန်သွားမြဲ ဖြစ်သကဲ့သို့တည်း။ အကြောင်းနှင့် အကျိုးတို့သည် ဓါတုဗေဒနယ်၌ အရေးကြီး သကဲ့သို့ပင် စာရိတ္တနယ်၌လည်း အရေးကြီးကြကုန်၏။ စင်စစ် သော် ဤကမ္ဘာလောကသည်ပင် ထိုအကြောင်း အကျိုးတည်း

ဟူသော ကွင်းဆက်တို့မပြတ်မပြေဘဲ ဆက်ကာ ဆက်ကာ လည့်၍ ဖြစ်ပျက်နေမှုပင် ဖြစ်ချေသည်။

ထို့ကြောင့် ဤကမ္ဘာလောက၌ ကျွန်ုပ်တို့အား အကျိုး ပေးမည့်သူ (ဝါ) အပြစ်ဒဏ် ခတ်မည့်သူ တစုံတယောက်မျှ မရှိချေ။ အဟုတ်ရှိသော အရာကား အကြောင်းကို ဖန်တည်း မှုကြောင့် မဆိုင်းမတွ အကာလိက သဘောဖြင့် အကျိုး ထင်လာမှုသာ ဖြစ်သတည်း။

သို့ရာ ဤကမ္ဘာ လောကအတွင်း၌ ရာဇဝတ် မှုကို ကျူးလွန်ပြီးနောက် အပြစ်ဒဏ်တစုံတရာမခံရဘဲ လွတ်မြောက် နေသော လူဆိုးတွေ အနန္တရှိနေသည် မဟုတ်ဘူးလော။

အိမ်း ဟုတ်ချေ၏။ လူသတ္တဝါသည် အခြားလူမသိအောင် သော်ရင်း။ နတ်ဗြဟ္မာဆိုသော သူတွေမသိအောင်သော်ရင်း။ ဘုရားတွေ မသိအောင် သော်ရင်း။ ဌာဝယာဆိုသူပင် မသိ အောင်သော်ရင်း၊ ရာဇဝတ်ပြစ်မှုကို ကျူးလွန်နိုင်ပါ၏။ မိမိ ကျူးလွန်ပြီးသောပြစ်မှုကို လျှို့ဝှက်၍လည်း ထားနိုင်ပါ၏။

သို့....ထားနိုင်ခဲ့သော် ဤလောကရှိ အစိုးရမင်းတို့က ပေးလတံ့သော ငွေဒဏ် ကြိမ်ဒဏ်။ ထောင်ဒဏ်။ ကြိုးဒဏ် များကို မခံရဘဲ လွတ်မြောက်၍ နေနိုင်ပါ၏။

သို့သော် ထိုအပြစ်ဒဏ် များကား လူသား အစိုးရ သတ်မှတ်ထားသောလောကအပြစ်ဒဏ်မျှသာဖြစ်ချေသည်။ ဓမ္မ အပြစ်ဒဏ်ကား မဟုတ်ချေသေး ဓမ္မ အပြစ်ဒဏ် ဟူမှု ကား စိတ်ဓာတ် ဖြူစင်လျက် ရှိသော အကြင် သတ္တဝါ တယောက် သည် တပ်မက် ခြင်း ကြောင့် သော် ရင်း။ အမျက်ထွက်ခြင်းကြောင့်သော်ရင်း၊ အမှားအမှန်ကိုမသိမြင် ခြင်းကြောင့်သော်ရင်း၊ ပြစ်မှုတစုံ တရာကို ကျူးလွန်လိုက်

လေသည် ထိုအခါ ၎င်း၏ ဖြူစင်သော စိတ်၌ အမဲကွက် ပေါ်လာလေသည်။ယင်းသို့ အမဲကွက် ပေါ်လာ ခြင်းသည် လူသတ္တဝါ ကြူးလွန် မိသော အမှား မှု၏ အကာလိက အပြစ်ဒဏ်ဖြစ်ချေသည်။

ထိုနောက်မဲနက်သော စိတ်ရှိသူတို့ ခံစားရမြဲ ဖြစ်သော အပြစ်ဒဏ်ကား မုချ ကျိုးများ မဟုတ် ကြကုန်။ တနည်း သော်ကား။လူသတ္တဝါသည်အပြည့်အစုံ မြေသောသန္တိသုခ တည်းဟူသော ဘုံနန်းသို့ တက်ရာ ဖြစ်သော လှေခါး၌ တက်နေသူဖြစ်ချေသည်။ လူသတ္တဝါ၏လုပ်ငန်းကားတဆင့် ထက်တဆင့်မြင့်၍-မြင့်၍ တထစ်ပြီးတထစ် တက်သွားရန် ဖြစ်၏။ထိုမြေသော ဘုံနန်းရောက်မှသာလျှင် လူ့ကိစ္စ ပြီးဆုံး လေတော့၏။

ထိုသို့လှေခါး၌တက်နေသောလူသားသည်မှားယွင်းသော အမှုတခုကိုကြူးလွန်မိ၏။ ၎င်းကြူးလွန်မိသောအခါထိုတက် နေသောလှေခါးမှတထစ်ပြန်၍ ကျလေတော့၏။ အမှားမှုကို ကြူးလွန်ဖန်များခဲ့သော်လှေခါးထစ်ပေါင်းများစွာလျှောကျ ချေမည်။ထိုအခါလိုလားအပ်သော(ဝါ)ရည်ရွယ်ထားသော အထက်စခန်း -သန္တိ- ဘုံနန်းသို့ မရောက်ဘဲ ဒုံရင်းသို့သာ ပြန်၍ရောက်နေချေတော့အံ့။

ထိုအခါ လူသားသည် မနှစ်မြို့ဘွယ်သော ဒုက္ခအမျိုးမျိုး ကိုခံစားရချေတော့အံ့။ဤ၌လှေခါး တထစ် ပြန်၍လျှောကျ ခြင်းသည် ချက်ခြင်း ခံစားရသောအပြစ်ဒဏ် ဖြစ်၏။ ဒုက္ခ အမျိုးမျိုးကို ခံစားရခြင်းသည် နောက်ဆက်တွဲအပြစ်ဒဏ် များဖြစ်လေသည်။

ထို့ပြင် ပြစ်မှုကျူးလွန် သူသည် နောင်တရမြဲ ဖြစ်၍

ငါသည် ဤမျှသောပြစ်မှုကို ကျူးလွန်မိခဲ့ပြီဟူသော အသိမှ လွတ်အောင် ရှောင်ဘိမ်း ခြင်းငှာ မစွမ်း နိုင်ချေ။ နောင်တ ရနေသောစိတ်သည် ကျူးလွန် ပြီးခဲ့သော အပြစ်ကို အမြဲ တစေ သတိရနေဟတ်ချေ၏။ ဤသို့ အမြဲသတိရနေခဲ့သော် လူသားသည့်စိတ်၏ ငြိမ်းခွင့်ကြည်လင်ချမ်းမြခွင့် လွတ်လပ် ပျော်ရွှင်ခွင့်များကို မရနိုင်ဘဲ တမှိုင်မှိုင် တတွေတွေနှင့် မြေ့ဘ်လင့်ချက်ကင်းမဲ့ နေရလေတော့၏။ မြော်လင့်ချက်သည် လူသတ္တဝါကို ကြည်လင်ရွှင်ပြစေနိုင်၏။ စိတ်အား တက်၍ သွက်သွက် လက်လက် ဖြစ်စေနိုင်၏။ မျှော်လင့် ချက်တည်း ဟူသော ကြာပဒုမ်သည် လူသတ္တဝါ၏ စိတ် ရေကန်၌ ကားကား ဖွင့်ဖွင့် ကြက်သရေတင့်၍ အမြဲပွင့်နေမှသာလျှင် လူသတ္တဝါ၏ လုပ်ငန်းဟူသမျှ စေ့ငကျန်စင်နိဂုံးဆင်နိုင်လေ တော့သည်။ဤသို့မြော်လင့်ချက် ကင်းမဲ့ခြင်းသည့်ပင်လျှင် ကြီးကျယ်သော အပြစ်ဒဏ်ကို ခံစားရခြင်း မည်နိုင်သည် မဟုတ်ဘုံလော။

ထို့ကြောင့် အပြစ်ဟူသော အရာသည် လူသတ္တဝါ အတွက် တနေ ရာရာက ပေါ်ထွက်လာပြီးလျှင် စောင့်နေ တတ်သောအရာမဟုတ်သည့်ပြင် အခြားအာဏာပိုင် တဦး တယောက်၏ အမိန့်ဒဏ်သြဇာကြောင့်ဖြစ်ပေါ်လာသော အရာ မဟုတ်ကြောင်းကိုစွဲမြဲစွာမှတ်ယူပါလေလော့။

## အခန်း (၉)

အမေး (၉) တယောက်ရမည့်အပြစ်ကိုတယောက်က ပြောင်းလွှဲယူ၍ရမည်လော?ရလျှင် မည်ကဲ့သို့ ရ၍၊မရလျှင် အဘယ်ကြောင့်မရသနည်း?

အဖြေ (၉) လူတယောက်လူသတ်မှု တခုကိုကျူးလွန်ခဲ့၏။ အစိုးရသည် ထိုလူသတ် ယောက်ျားကို ဘမ်းဆီး၍ စစ်ဆေးသောအခါလူသတ်မှုကျူးလွန်ကြောင်း ထင်ရှား၏ ထို့ကြောင့်၎င်းကို သေစား-သေစေဟူသော ကြိုးမိန့် ကြိုးဒဏ်ကို ပေးလိုက်လေ၏။သို့သော် ထိုလူသတ် ယောက်ျားကိုကြိုးပေးမည်ရှိစဉ် သူ၏ဘခင်သည် လာလတ်၍ ကျွန်ုပ်၏သားကို သေဒဏ်သေပြစ်မှ ချမ်းသာ ေးတော်မူပါ၊ ၎င်း၏အစား ကျွန်ုပ်ကိုယ်တိုင် အပြစ်ဒဏ်ကို ခံယူ ပါမည် ဟုပြောလာ၏။

ထိုအခါလူသတ်မှု ကျူးလွန်ခဲ့သော တရားခံ အစစ်ကိုလွှတ်၍ အပြစ် လုံး၀ မရှိသူကို သေဒဏ် သေပြစ် ပေးမည်လော၊ထိုသို့ဖြစ်ခဲ့သော် ဤသို့ပြုလုပ်ခြင်းထက် ဆိုး၀ါးသော (ဝါ) မတရားသော အလုပ်သည် ဤကမ္ဘာလောကတွင် ရှိနိုင်တော့မည်မဟုတ်ချေ။ ထိုသို့တယောက် အပြစ်ကို အခြားတယောက်က ပြောင်းလွဲ၍ ခံယူနိုင်သည်ဟူသောယုံကြည်ချက်သည် လောက ယုတ္တိ အလျှင်း ကင်းမဲ့သော ၀ါဒဖြစ်လေသည်။

သို့ရာတွင် ထို၀ါဒသည် ကမ္ဘာလောကတွင် တည်လျက်ပင်ရှိချေသေး၏။ ၎င်း၀ါဒကို မည်သူစခဲ့သနည်း။ ဤမှားယွင်းသောဂါဒကို စတွင်သူကား အခြားမဟုတ် ဌာ၀ယပင်ဖြစ်ချေသည်။ ၎င်း ဌာ၀ယသည် အပြစ်ကင်းသော ယောက်ျားနှင့် မိန်းမသားဧ၀တို့ကို ဖန်ဆင်းခဲ့၏။ ထိုအပြစ်မဲ့သူတို့သည် မြွေ၏ လှည့်စားမှုကြောင့် ဌာ၀ယ၏အမိန့်ကို တော်လှန်ဖီဆန်၍ သစ်သော့သီးကို ခိုးစားခဲ့၏။ ထို့ကြောင့် အပြစ်ပေါ်လာရ၏။ ထိုအပြစ်ကို ထိုလူရိုင်း

နှစ်ဦးတို့သာလျှင် ခံစားရသည်မဟုတ်။ စင်စစ်မှာ ယခုအခါ ဤကမ္ဘာလောက၌ ရှိသမျှသော လူသား အားလုံးတို့သည် ထိုကမ္ဘာဦးသူ နှစ်ယောက်၏ အပြစ်အမွေကို ခံနေရသော ဟူ၏။ ဤကား ဌာဝယဘုရား၏ ပဌမ အမှားတော်ပုံတည်း။

အဘ၏အပြစ်ကို သားကခံယူနိုင်ခြင်း (ဝါ) သား၏ အပြစ်ကို အဘကခံယူနိုင်ခြင်းဟူသော အမှားသည် အပြစ်ပြေခြင်းဟူသော ဌာဝယဘုရား၏။ ဒုတိယ မှန်တာကို ဖြစ်ပေါ်စေလေသည်။

ဌာဝယဝါဒီတို့၏ အယူအားဖြင့် တစုံတခုသောအပြစ်ကိုကျူးလွန်မိသူသည် ဌာဝယဘုရားသို့ အကြွေးတင်သည်မည်၏။ ထို့ကြောင့် ဌာဝယဘုရားကို မိမိ ကျူးလွန်သော အပြစ်အားလျော်သော ယဇ်ကောင်ဖြင့် ပူဇော်ခဲ့သော် ထိုအပြစ် ပပျောက်နိုင်လေသည်။ ယဇ် ပူဇော်နည်းကား တစုံတခုသော အပြစ်ကို ကျူးလွန်မိသူသည် အပြစ်ငယ် လျှင်ငယ်သည်အလျောက် ချိုး ခါစသော သတ္တဝါငယ်ကို၎င်း၊ အပြစ်ကြီးလျှင် ကြီးသည်အလျောက် ကျွဲ နွား သိုး ဆိတ် စသော သတ္တဝါကြီးကြီးကို၎င်း၊ ယဇ်ပုရောဟိတ်ခေါ်သော ဘုန်းကြီးထံသို့ ယူဆောင်သွားရမည်။ ထိုအခါ ဘုန်းကြီးသည် သူ၏လက်ကို ယဇ်ကောင်၏ အပေါ်သို့ တင်လိုက်ရ၏။ ဤသို့တင်လိုက်သည်နှင့် တပြိုင်နက် လူသား၏ အပြစ်သည် ထိုယဇ်ကောင်သို့ ပြောင်းရွှေ့၍ သွားလေတော့၏။ ထိုနောက်ဘုန်းကြီးသည်ထက်လှစွာသောဒါးဖြင့် ယဇ်ကောင်၏ လည်ကိုဖြတ်၍ ၎င်း၏သွေးဖြင့် ဌာဝယ ဘုရား၏ ယဇ်ပလ္လင်ကို ပက်ဖျန်း လိုက်လေသည်။ ထိုသို့ ပြုလုပ်လိုက်သောအခါ လူသား၏အပြစ်ဟူသမျှသည် လုံးဝ

ပပျောက်သွားသောဟူ၏။ ဤကားအသွေးဖြင့်ပူဇော်သော ယဇ်တည်း။အသားဖြင့် ပူဇော်သော ယဇ်၌လည်း ထိုအစီအစဉ်အတိုင်း ပြုလုပ်၍ နောက်ဆုံး၌ ယဇ်ကောင်၏ အသားကို ဖုတ် ကင် ကြော်လှော်၍ တင်ရလေသည်။ယဇ်ကောင်၏တန်ဘိုးနှင့် လူ၏အပြစ်တို့သည် ရာရှိ (၀၇) အချိုးကိုက်မှသာလျှင် လူသား၏ အပြစ်ပပျောက်နိုင်လေသည်။ဤဝါဒကား ခုတ်ရာတခြား၊ ရှရာတခြား၊ အလွန် လွဲမှားသော အယူဖြစ်သတည်း။

သို့သော် လူသတ္တဝါ၏အပြစ်သည် အလွန်ကြီးကျယ်၍ လာချေပြီတကား။ ဤကမ္ဘာ၏အပြစ်သည် အလေးချိန်ကိုး၍ လာခဲ့ခြေပြီတကား။ ဤကမ္ဘာလောက၌ ရှိသောသတ္တဝါအားလုံးကို သတ်ဖြတ်၍ ၎င်းတို့၏သွေးဖြင့် ဌာဝယဘုရားအား ယဇ်ပူဇော်သော ကမ္ဘာ၏အပြစ်နှင့် ရာရှိုမကိုက်သောကြောင့် သတ္တဝါ၏ အပြစ်ပပျောက်ရေးအတွက် ဌာဝယဘုရား ရင်လေးလာတော့မှုခဲ့၏။ ကမ္ဘာ၏ အပြစ်သည် ကမ္ဘာ၏ အလေးချိန်နှင့် ညီညွှနေသောကြောင့်။ ၎င်းနှင့် ရာရှိ ကိုက်စေရန် အလို့ငှါ၎င်းကိုဖန်ဆင်းခဲ့သော ဌာဝယဘုရားကို သတ်၍ သူ၏သွေးနှင့် ဆေးကြောမှသာလျှင်။ကမ္ဘာ၏အပြစ် ပပျောက်နိုင်ဘွယ်ရာရှိတော့၏။

ထို့ကြောင့် ဌာဝယသည် လူဝင်စားဇာတ်ကို ခင်း၍ မယ်ရှုအဖြစ်ဖြင့် ဖြစ်ပေါ်လာရ၏။သူ့ကိုယ်တိုင် လက်ဝါးကပ်စင်ကိုတင်၍ အသတ်ခံပြီး နောက် သူ၏ သွေးဖြင့် ကမ္ဘာ၏အပြစ်ကို ဆေးကြောခဲ့သော ဟူ၏။၎င်းကားအပြစ်ပြေခြင်းဟု ဆိုအပ်သော ဌာဝယဘုရား၏ ဒုတိယအမှား ဘော်ပုံတည်း။

သို့သော် ဤကမ္ဘာ၏အပြစ်ကို ဆေးကြောသည်ဟူရာ၌ ဠာဝယသည်၊ ဤကမ္ဘာလောက၌ ရှိသမျှသော လူသားအားလုံး၏အပြစ်ကိုဆေးကြောခဲ့ပါသလော? မဟုတ်။ ခရစ်မှာ သူ့ကို ယုံကြည်ကိုးစားသော လက်တွင်း တဆုပ်မျှလောက်သော လူတစု၏ အပြစ်ကိုသာ ဆေးကြောသုတ်သင်ခဲ့လေသည်။

သို့ရင် သူ့အား မယုံကြည်သူများနှင့် သူမသေမီက (ဝ၊) သူ့သွေးဖြင့်မဆေးကြောမီက သဤဝါတို့၏အပြစ်ကို မည်သူက ပပျောက်အောင် ဆေးကြောမည်နည်း။ ထိုသူအားလုံးတို့သည် ဠာဝေလဘုရားကို မယုံကြည်မှု (ဝ၊) မကိုးကွယ်မှုကြောင့် အပြစ်မပျောက်ရဘဲ၊ အမြဲအပြစ်ဒဏ်ကို ခံနေရမည်လော? ထို့ကြောင့် လူသား၏ အပြစ်ပပျောက်ရေးအတွက် လူသားကိုယ်တိုင် အားထုတ်ရမည်၊ အခြားတစုံတယောက်၏ အပြစ်ကို အခြားတစုံတယောက်က ပပျောက်အောင် မလုပ်နိုင်ကြောင်းကို ဟိကျမ်းမှာ မှတ်ယူထိုက်ပေသတည်း။

ဤဝါဒသည် ကမ္ဘာလောက၏ အကျင့်စာရိတ္တကို ဖေါက်ပြားစေခဲ့၏။ ဤကမ္ဘာ၏ လော်လီမှုကို အားပေးခဲ့၏။ ဠာဝယ၏ကောင်းကင်ဘုံနန်းကို လူမိုက်လူဆိုး၊ လူကြမ်းပိုးမှူတလေတို့ဖြင့် ပြည့်စေခဲ့၏။ လူညွန့်၊ လူကောင်း၊ လူပညာရှင်အပေါင်းကို ငရဲသို့ရောက်စေခဲ့၏။

ငါယင်ဟာ ငါလုပ်မည်၊ အပြစ်ကို ဘုရားခံလိမ့်မည် ဟူသော စည်းမဲ့ကမ်းမဲ့တို့၏ စကားပုံကို ဖြစ်ပေါ်စေခဲ့၏။ ကောင်းသောအရာဟူသမျှကိုလည်း ဘုရားကပေး၍ဆိုးပြစ်ဆိုးမွေကိုလည်း ဘုရားကပင်ဝင်ရောက်၍ခံခဲ့သော် ကောင်

မြတ်သော သုစရိတ ‌ဓမ္မကို ကျင့်ကြံနေစရာအဘယ်မှာ လိုချေတော့အံ့နည်း?။

စစ်ဆေးကြည့်ကြဦးစို့၊ မိခင်တယောက်မှာ ချစ်မဝသော သားတယောက်ရှိခဲ့၏။ ထိုသားသည် သစ်ပင်ထက်မှ လိမ့်၍ကျသဖြင့် ခြေကဖက် ကျိုးခဲ့၏။ မိခင်သည် သူ့သား ခြေကျိုးလျက် နေသည်ကို မကြည့်ရက်၊ မရှုရက် နိုင်ချေ။ သား၏အစား သူ့ကိုယ်တိုင်ပင် ခြေကျိုး၍ နေလိုက်ချင်၏။ ထို့ကြောင့် သူ၏ခြေကို ချိုးပစ်လိုက်ခဲ့သော် သား၏ခြေကျိုး ပျောက်ပါ၏ လော? နှစ်ယောက်ကျိုးသာ အဖတ်တင်နေ သည်မဟုတ်ကုံလော။

မိဘတို့သည် မိမိ၏ သားသမီးများ လှလှပပ အစာဝ သည်ကို မြင်ရသော် မိမိတို့ကိုယ်တိုင်မစားဘဲ နေနိုင်ပါ၏ဟု ဆိုကြကုန်၏။ သို့ရာ် သားသမီး အစာစားသည်ကို ကြည့်နေ ကာ မတ္တဖြင့် ထိုမိဘဖြစ်သူများ အစာ ဝရိုး ထုံးစံရှိပါ၏ လော?။

ထို့အတူမိဘတို့လည်း ချစ်ခင်လှစွာသော သားသမီးများ သေဆုံးခဲ့သော် အလွန်အကြူးပူဆွေးကြကုန်၍ ထိုသားသမီး များအစား ငါတို့သာ သေလိုက်ချင်သည်ဟု ဆိုကြကုန်၏။ သို့သော် ထိုသို့ သေခြင်းဖြင့် သားသမီးများ ပြန်ရှင်လာပါ မည် လော? ထိုသို့ ရှင်ပြန်ရိုးမရှိသည့်ပြင် နှစ်ရောက်သေဆုံး ခြင်းဖြင့်သာ ကိစ္စတုံးရမည်မဟုတ်လော?။

အပြစ် ကျူးလွန်သူသည် ဌာဝယဝါဒီတို့၏ အလိုအား ဖြင့် ဌာဝယဘုရားကို ကြွေးတင်သည်မည့်၏။ ထိုသို့တင်ရှိ နေသောကြွေးကို အပြစ်ရှိသူလူက မဆပ်ဘဲ ယေရှုက ဆပ် သောဟူ၏။ အဓိပ္ပါယ်ကား အပြစ်ကြွေး အတွက် ယေရှု

ကိုယ်တိုင်က အသတ်ခံလိုက်၏။တင်နေသောကြွေးကို မဆပ်ဘဲ ကြွေးပခုံး ပြောင်းခြင်းမျှသာဖြစ်၏။ လူသတ္တဝါ ကျူးလွန်သော အပြစ်ကို ဌာဝယဘုရားက ခွင့်လွှတ်မှသာလျှင် ထိုအပြစ် ကြေလည် ပပျောက်နိုင်သည်ဟု ဌာဝယဝါဒီတို့ကဆိုကြကုန်၏၊

ထိုသို့ဆိုတိုင်း ဟုတ်မှန်ပါမည်လော၊ စဉ်းစားကြဦးစို့။ အသင်သည် သင်၏ အိမ်နီးချင်း တယောက်ကို နှုတ်ဖြင့် ကျူးလွန် စော်ကားခဲ့၏။ဌာဝယဘုရားက ခွင့်လွှတ်ရုံမျှနှင့် ကိစ္စမပြီး။စင်စစ်မှာ သင်၏အိမ်နီးချင်းထံသို့ သင်ကိုယ်တိုင် သွားပြီး ဝန်ချတောင်းပန်၍ ၎င်းကိုယ်တိုင်က ကြေနပ်စွာ အခွင့်လွှတ်မှသာလျှင် ကိစ္စပြီးနိုင်လေသည်။

ထို့ပြင် သင်သည် ရဲရဲတောက်သောင်ကျမ်း၍နေသော မီးကောက်ထဲသို့ လက်နှိုက်မိခဲ့သော် ဌာဝယဘုရားကမူ အခွင့်လွှတ်ပါ၏။ သို့ရာတွင် မီးကတော့ သင်၏ လက်ကို မလောင်ဘဲ နေမည်မဟုတ်ချေတကား။ထို့ကြောင့် အပြစ်မဲ့သူကို အပြစ်ပေးခြင်း၊(ဝါ)အပြစ် ခံယူစေခြင်းထက် ပိုမိုဆိုးဝါးသောအပြစ်သည် ဤကမ္ဘာလောက၌ မရှိတော့ပြီ။

ပြစ်မှုကျူးလွန်သူ ရာဇဝတ်သား အတွက် အခြား လူကောင်းတယောက်ဝင်ရောက်၍ အပြစ်ဒဏ် ခံယူနိုင်သည်ဟူသော အယူဝါဒထက် ပိုမို၍ယုတ္တိ ကင်းမဲ့သောအရာသည်လည်းဤကမ္ဘာလောက၌ မရှိတော့ပြီ။

တရားသူကြီး တဦးသည် လူကောင်းတယောက်ကို သူကိုယ်တိုင်မကျူးလွန်သော ရာဇဝတ်ပြစ်မှုအတွက် အပြစ်ဒဏ်ပေးလိုက်အံ့၊ သို့မဟုတ်အဖေကျူးလွန်သော အပြစ်ကို သားဖြစ်သူအား ပေးလိုက်အံ့။ထိုတရားသူကြီးကို ကျွန်ုပ်တို့

မည်သို့ဆိုမည်နည်း။ ထိုကဲ့သို့သော တရားဥပဒေကို ကျွန်ုပ်တို့ အဘယ်သို့ ထင်မှတ်မည်နည်း။

ထို့ကြောင့် လူတဦး၏အပြစ်ကို အခြားသူတယောက်က လွှဲပြောင်း၍မခံနိုင်ဟူ၍၎င်း၊ ယင်းသို့ လွှဲပြောင်း၍ ယူနိုင်သည်ဟူသော အယူ ဝါဒသည် ယုတ္တိသာဓက ကင်းမဲ့၊ အကြောင်း အကျိုး မတဲ့သော အယူ ဖြစ်သည် ဟူ၍၎င်း၊ မှတ်ယူကြရာသတည်း။

## အခန်း ၁၀

အမေး (၁၀) ဗုဒ္ဓဘာသာကို မကိုးကွယ် မယုံကြည်ဘဲ အခြား ဘာသာကို ကိုးကွယ် ယုံကြည်သူ များသည် ကောင်းကျိုး မခံစား ရဘဲ ဆိုးပြစ် ကိုသာ ခံကြရ တော့မည်လော?

အဖြေ (၁၀) ဂေါတမဗုဒ္ဓသည် လက်တွေ့ လုပ်ကိုင်၍ ရနိုင်သော တရားများ ကိုသာ ဟောကြားခဲ့၏၊ လက်တွေ့ နည်းအားဖြင့် သက်သေသာဓက မပြနိုင်သော အရာတို့ကို ဟောလေ့ ပြောလေ့ မရှိခဲ့ချေ။ ဗုဒ္ဓဘုရားသည် လုပ်သလို ဟောပြော၍ ဟောပြောသလိုလုပ်တတ်သောသဘောရှိခဲ့၏။ ၎င်းသည်စိတ်ကူးနှင့် မှန်းပြီးလွှမ်းရသော အလုပ်ကို အလွန် စက်ဆုတ်တော်မူခဲ့၏။ အမှန်တရားကို လိုက်နာ ကျင့်ကြံသူသည် ငါဘုရားကိုမြင်သည်မည်၏၊ အမှန်တရားကိုကျင့်ကြံဘဲ ငါ့အားကြည့်နေ သူသည် ငါ့ကိုမြင်သည် မမည်ဟု ဟောပြောခဲ့၏။

ဂေါတမရှင်တော်ဘုရားသည် လူသားတို့၏ လုလ္လဝိရိယဖြင့် ကြိုးစားကျင့်ကြံခြင်း၊ ကြံစည်အားထုတ်ခြင်း၊ ထို့ပြင် လက်ငင်းဒိဋ္ဌ မှန်မြတ်သောအကျိုးကို ရနိုင်သော တရားကို

သာဟောပြောခဲ့ လေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် ဘုရား အားကိုးနှင့် ပျင်းရိ ဖင့်နွဲ၊ ကောင်းသော အလုပ်ကို မလုပ်မကိုင်ဘဲ မွန်မြတ်သော အကျိုးရစေနိုင် သောဘာသာ မဟုတ်ချေ။

ဗုဒ္ဓဂေါတမ၏ အလို အားဖြင့် ကောင်းမြတ်သော သုစရိုက် တရားကို ကျင့်ကြံ လုပ်ကိုင်သော သူသည် ကောင်းမြတ်သော အကျိုးကို ရ၏။ မကောင်းသော ဒုစရိုက်မှုကိုကျူးလွန်သောသူသည် မကောင်းသော အပြစ်ကိုရ၏။ ဤ ကျိုးရ ပြစ်ရ နည်းမျိုးတို့သည် ထူးခြားလူကို၎င်း၊ ဘုရားကို၎င်း၊ ဘာသာ ကို၎င်း အမှီမပြု ကြကုန်။ အကြောင်း အကျိုး ဟူသော တရားတို့သည် မျက်နှာလိုက်ခြင်း၊ သွားမြဲ လမ်း ကြောင်းမှ ဂတ်စောင်းခြင်း မရှိကြကုန်။ ၎င်းတို့သည် လူမျိုး မရွေး၊ ဘာသာမရွေး၊ အဖြူအမဲမရွေး၊ နှာခေါင်းနိမ့်နှာခေါင်း ပြားမရွေး တသမတ်တည်း သွားလေ့ရှိကြကုန်၏။

ကောင်းသော အကြောင်းကို ပြုလုပ်သူသည် ကောင်း ကျိုးကို ရမြဲဖြစ်၏၊ မကောင်းသော အကြောင်းကို ပြုလုပ် သောသူသည် ဆိုးပြစ်မှ ရှောင်၍ မလွတ်ချေ။ ကောင်းမွန် ချောမွေ့သော လမ်းဖြင့် သွားသောသူသည် မိမိ လိုသော ခရီး အဆုံးသို့ ချော ချော မော မော ရောက် စေ ဟူ၍ ၎င်း၊ လမ်းကောက် လမ်းကြမ်းလမ်းမှားကို လိုက်သူသည် ဘေး အမျိုးမျိုးသင့်၍ ခရီးတာရှည်စေဟူ၍ ၎င်း၊ တချက်တည်း တသမတ်တည်း ချွင်းချက် ပြင်ဆင်ချက် မရှိဘဲ ဆုံးဖြတ် သော သဘောရှိချေ၏။

ထို့ကြောင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကာမျှနှင့် ကျိုးရ ပြစ်မဲ့ မဖြစ်နိုင်ချေ။ စင်စစ်မှာ ဗုဒ္ဓဘာသာ၌ အကြွမ်း

ဝင်သော မှန်ကန်သော တရားစည်းမျဉ်းကို လိုက်နာကျင့်ကြံမှသာလျှင် ကျိုးရပြစ်ကင်း ဖြစ်နိုင်ချေသည်။

ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်၍ ဗုဒ္ဓဘာသာဖြစ်နေစေကာ မှားသောမကောင်းသောကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ပြုလုပ်ချေသော် ထိုသူ၌ ကျိုးမဲ့ပြစ်ရသာ ဖြစ်ချေသည်။

မှန်သော ကောင်းမြတ်သော ကာယကံမှု ဝစီကံမှု မနောကံမှုတို့ကိုပြုလုပ် အားထုတ်သော သူမှုကား ကျိုးရပြစ်ကင်း ဟူသော ဆုလာဘ်ကို ရရှိချေမည်။ အဘယ်ကြောင့်နည်းဟူမူကား ကျိုးရပြစ်ကင်းတို့သည် ဘာသာကိုငင်း၊ ဘုရားကိုငင်း၊ အမှီမပြုဘဲ အလုပ်ကိုသာ အမှီပြုသောကြောင့်တည်း။

ထို့ကြောင့် မည်သည့် ဘာသာဝင်ဖြစ်ဖြစ်၊ ကောင်းသောအရာကို ပြုလုပ် ခဲ့သော် ကောင်းကျိုးရ၍ မကောင်းသောအရာကို ပြုလုပ် ခဲ့သော် မကောင်းကျိုးကို ရရှိ ချိမ့်မည်။ ဤကား မည်သူ-မည်ဝါ-မည်သည့် သတ္တဝါမျှ မငြင်းဆန်နိုင်သော ဓမ္မနိယာမ တရားအမှန် ဖြစ်သတည်း။

## အခန်း ၁၁

အမေး (၁၁) ဗုဒ္ဓဘာသာကို ကိုးကွယ်လျှင်အပြစ်မခံရတော့ဘူးလား?

အဖြေ (၁၁) မည်းနက်လှသော မောဟမှောင်ကြီးသည် ဤကမ္ဘာကိုလွှမ်းမိုး လျက် နေခဲ့၏။ ထို့ကြောင့် ဤကမ္ဘာလောကသည် ကြောက်စိတ်ဖြင့် ပြည့်လျှက်ရှိခဲ့ချေ၏။ မျက်စိမမြင်ခြင်းသည်ပင် လူသတ္တဝါ အတွက် အကြောံသက်သာသော ကွေက် ဖြစ်ခဲ့ ချေသည်။ လူသတ္တဝါသည် အမှောင်

အတွင်း၌ မထင်မလင်းမြင်ရသော အရာဟူသမျှကို ကြောက်ဘွယ် လန့်ဘွယ်တွေ ဖြစ်သည်ဟုထင်မှတ် ယုံကြည်နေခဲ့၏။

သူသည် အပြစ်ဒဏ်ခံရမည့် အရေးကို အမြဲတွေးတော၍ ကြောက်လန့်နေခဲ့၏။ ထိုအပြစ်ဒဏ် ပပျောက်ရေး အတွက် မည်သည့်အရာကိုမဆို ပြုလုပ်ရန် အသင့်ရှိခဲ့၏။ ထို့ကြောင့် သူသည် အပြစ်ဒဏ် ပပျောက်အောင် ပြုလုပ် နိုင်သည်ဟု ဆိုသော ဘုန်းကြီး များ၏ နောက်သို့ တကောက်ကောက် လိုက်နေခဲ့၏။လူသားသည် သူ၏ အပြစ်ဟူသမျှပပျောက်စေရန် အလို့ငှါ ထိုဘုန်းကြီးပြောသမျှကို အမြဲလိုက်နာ၍လုပ်ခဲ့၏။ သူသည် တနင်းလာနေ့မှ စ၍ စနေနေ့ တိုင်အောင် ပြုလုပ် ကျူးလွန်ခဲ့သော အပြစ်များကို ပပျောက်စေရန် အလို့ငှါ တနင်္ဂနွေ နေ့သို့ ရောက်တိုင်း ရောက်တိုင်း ဘုရား ရှိခိုး ကျောင်းသို့သွားပြီးလျှင် မိမိကျူးလွန်ခဲ့သော အပြစ်များကို ဘုန်းကြီး၏ရှေ့မှာ ဖွင့်လှစ် ဝန်ခံခဲ့၏။ တဖန် ဘုန်းကြီးက ဧဝယာ ဘုရားသံ အခွင့် ပန်လိုက်၏။ ထိုအခါ ဘုရားက လူသား၏ အပြစ် ဟူသမျှကို ကံတရိုက် သဘော မျိုးဖြင့် အကုန်သိမ်း၍ ယူလိုက်သည် ဟူလို။ နေရာ ကျလှ ချေ၏ တကား။

ဤကဲ့သို့သာဖြစ်နိုင်ခဲ့သော် ဤကမ္ဘာလောကရှိ သဗ္ဗာဝါ ဟူသမျှသည်အကုန်လုံးဧဝယာဘုရား၏ကောင်းကင်ဘုံနန်း သို့ချည်းရောက်ကုန်ပေရာ၏။အဘယ်ကြောင့်နည်းဟူမူကား ဧဝယာဘုရားသည်သူ့အားယုံကြည်စွာကိုးကွယ်၍ သူ့ထံ၌ အပြစ်ကို ဝန်ချသော သဗ္ဗာဝါ ဟူသမျှကို ထိုအပြစ်မှ ခွင့်လွှတ်၍ သူ၏ကောင်းကင်ဘုံနန်းသို့ ပို့ဆောင် နိုင်သော ကြောင့်တည်း

ဤသို့ပင် ဗုဒ္ဓဘာသာကိုကိုးကွယ်လျှင် လူသား၏အပြစ်အားလုံး ကင်းပျောက်ပါမည်လော။ ဋ္ဌာဝယဝါဒီ အများတို့ကမူ ၎င်းတို့၏ ဘုရားနှင့် ဘာသာကို ကိုးကွယ်ယုံကြည်လိုက်လျှင်လူသား၏ အပြစ်ဟူသမျှကို အကုန်ပလပ်နိုင်သည်ဟုပြောဆိုကြကုန်သည် မဟုတ်လော။ ဟုတ်နိုင် ရိုးလားအချင်း လူသား။ အမှောင်ထဲမှာချည့် မျက်စိကို စုံမှိတ်၍သွားမနေပါလင့်။ အသင်၏စဉ်းစားဉာဏ်ကို အသုံးပြုပါဦး

ထိုသို့ ဋ္ဌာဝယဝါဒီတို့က ဆိုကြသည့် အတိုင်း ကမ္ဘာလောက၏အပြစ်ဟူသမျှကို ဘုရား တဦးတည်းက အကုန်ကိုတရိုက်ယူနိုင်သည်ဆိုသော စကား မှန်ခဲ့သော် အသင်လူသားသည် အဘယ်ကြောင့် စောင့်စည်းနေရပါသနည်းဖြစ်လိုရာဖြစ်စေဆိုပြီးလျှင် သင်၏ စိတ်ကို လွှတ်ထားလိုက်ပါတော့လော။သင်သည် သင်စိတ်ကြိုက်ရာ သင်စိတ်ထင်ရာတို့ကိုပြုလုပ်နေပါတော့လော။

ထိုသို့သင်တို့၏ အပြစ်ဟူသမျှကို အကုန်ပလပ်နိုင်သည်ဆိုသော ဋ္ဌာဝယ ဝါဒ်စား-ယေရှု ဘုရားသည် ကောင်းမြတ်သော အလုပ်တို့ကို ပြုလုပ်ကြရန် အဘယ်ကြောင့် သင်တို့အား ဟောပြောခဲ့ရသနည်း။ သူ့ကိုယ် တိုင်ကော အဘယ်ကြောင့် မကောင်းသော အမှုတွေကိုမပြုမလုပ်ဘဲရှောင်ကြဉ်သွားခဲ့၍သနည်း? မကောင်းကျိုး (ဝါ) အပြစ်ဒဏ် ကေန်ကျရောက်မည်ဟု စိုးရိမ်သောကြောင့်၊ဟူသော အဖြေမှတပါးအခြားမရှိတော့ပြီ။

ကမ္ဘာ၏ ကယ်တင်ရှင် ဖြစ်သော ယေရှု ဘုရားသည် လက်ဝါးကပ်စင်တင်၍ တံကျင်လျှိုပြီးလျှင် အသတ်ခံရ၏။ သူသည် သေခါနီး၌ ဧလိ လာမရှာဘာသာနိ၊ အနက်ကား

အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်းဟု ဝမ်းနည်းကြေကွဲသော အသံဖြင့် အဘယ်ကြောင့် အော်ဟစ် တ-သ-ရသနည်း။

သူ၏ လက်-ခြေ-နံဘေးတို့၌ ရိုက်နှက် ထားသော ဒဏ်ရာဒဏ်ချက်တို့ ပြင်းထန်လှသဖြင့် အခံရ ခက်လှသည့် အပြင်၊ အားကိုးရာ အားထားရာ မြော်လင့်ဘွယ်ရာကင်းမဲ့၍ နေသောကြောင့် အော်ဟစ် တ-သ-လေသည်ဟုလို။

ဤသို့အားဖြင့် သူ့ကိုယ်တိုင်ပင် အားကိုး အားထားရာ မဲ့ဖြစ်ခဲ့ရသော သူသည် ကမ္ဘာလောက၏ အားကိုး မြှော်လင့်ရာ ဖြစ်နိုင်ပါဦးမည်လော။

သူသည် သံမှိုရိုက် နှက်၍ ထားသော ငါးခုသော ဒဏ်ချက်တို့ကို အခံရခက်အောင် (ဝါ)သက်သာအောင် မပြုလုပ်နိုင်ခဲ့သော်၊ သူသည် ကမ္ဘာသူ ကမ္ဘာသား ဒုက္ခသည်အများ၏ ဆူးရှပြင်းထန်၍ အခံရခက်သော ဆင်းရဲကို သက်သာပျောက်ကင်းအောင် ပြုနိုင်ပါဦးမည်လော။

သူသည် မည်သို့သော ပြစ်မှုကြောင့် သေပြစ်သေဒဏ်ကို ခံခဲ့ရသနည်း။ ဖိလိပ်သည် သူ့ကို ပြစ်မှုထင်ရှားအောင် မစစ်မဆေးဘဲ တချက်လွှတ် အမိန့်ဖြင့် လက်ဝါးကပ်စင်တင်၍ သတ်စေဟု ဒီဂရီချပေးခဲ့သည် မဟုတ်ချေ။ စင်စစ်မှာ ဖိလိပ်သည် သူ၏ပြစ်မှုကို ထင်ရှားအောင် စစ်ဆေး၏။ တိုင်းသူပြည်သား၊ လူအများတို့၏ အလိုဆန္ဒကို မေးခဲ့၏။ ထို့နောက် ဖိလိပ်သည် လူအများတို့၏ သဘော တူညီချက်အရ ထိုအမိန့်ကို ချမှတ်ခဲ့လေသည်။

ကမ္ဘာလောက၏ အပြစ်ကို ချေချွတ်မည့်(ဝါ)ခွင့်လွှတ်မည့် ကယ်တင်ရှင်သည် ဤ မပြောပလောက်သော သူ၏

အပြစ်ကလေးကိုပင် ပပျောက်အောင် မလျှောက်လဲနိုင်ချေတကား။ သူ့အပြစ်ကား ဘာလဲ? သူသည် ဥ္ဒဝယဘုရား၏ သားတော်ဖြစ်သည်ဟု ပြောခဲ့၏။ ထိုစကားသည် ထိုခေတ် ထိုအခါ ထိုနယ်ပယ် ထိုမြို့ရပ်ရွာ၌ အပြစ် မလွတ်သော ရာဇဝတ်ဘာသာစကား ဖြစ်ခဲ့၏။ ထိုစကားကို ပြောကြားမိသည့်အတွက် သူ့ကို ဘမ်းဆီးရန် ဆုတော်ငွေ ၃၀ ကျပ် တိတိနှင့် ဝါးရမ်း ထုတ်ခဲ့၏။ သူသည် ထိုဝါးရမ်း ဘေးမှလည်း လွတ်အောင် မလွဲရှောင်နိုင်ခဲ့ချေတကား။ ဤသို့ သေးငယ်သော အပြစ်ကိုလည်း ပပျောက်အောင် မလျှောက်လဲနိုင်၊ ဝါးရမ်း ဘေးမှလည်း လွတ်အောင် မပြေးနိုင်သော ဘုရားက လူသား၏အပြစ်ကို လက်ဝါးကြီးအုပ်၍ ကံတရိုက်ယူမည်ဆိုသော အချက်သည် မှန်နိုင်ပါဦးမည်လော။

ထို့ပြင် အနန္တဘုန်ခိုးတော်ရှင်ဟု ဆိုအပ်သော သူ၏ခမည်းတော် ဥ္ဒဝယဘုရားသည်လည်း မိမိရင်နှစ်သားရင်းအစစ်ဖြစ်သော သူ့ကို မကယ်နိုင်ချေတကား။ ယင်းသို့ကိုယ့်သားမှလည်း ကိုယ်မကယ်နိုင်၊ ကိုယ့်ကိုယ်မှ လည်း ကိုယ်မကယ်နိုင်သောဘုရားက ကမ္ဘာ့အပူသယ်၊ ဒုက္ခသယ်တွေကို (ဝါ) ကမ္ဘာ့ ရာဇဝတ်ကောင်တွေကို ကယ်တင်ချွတ်လွှတ်မည်ဆိုသော အချက်သည် ကေန်စင်စစ် ဖြစ်နိုင်ပါမည်လော။

ထို့ကြောင့် လူတယောက်၏ အပြစ်ကို အခြားလူတယောက ချေချွတ် ခွင့်လွှတ်နိုင်သည်ဟူသော စကားသည်လည်း ယုံတမ်းစကား (ဝါ) ဒဏ္ဍာရီစကားမျှသာ ဖြစ်လေတော့၏။

ထို့ကြောင့် မည်သည့်ဘာသာ မည့်သည် ဘုရားကို ကိုးကွယ်ဆည်းကပ်သူပင်ဖြစ်စေ၊ မှန်သောအရာကိုလုပ်က

အကျိုးရ၍ မှားသောအရာကို ပြုလုပ်ကျူးလွန်သော် အပြစ်ရချိမ့်မည်။

တစုံတခုသော ဘာသာကို ကိုးကွယ် ယုံကြည်ကာမတ္တဖြင့်၊ လူသားကိုတိုင် ကျူးလွန်ထားသော မှားယွင်းသော အမှုတို့၏ အပြစ်ဒဏ် ပပျောက်ရိုး ဟူ၍တမ်းမရှိချေ။ မှန်လှ၏။ အကျိုးအပြစ်နှင့် ကိုးကွယ်ရာ ဘာသာတို့သည် ပြဒါးတလမ်း သံတလမ်း ဖြစ်ကြကုန်၏။ ကျိုးရပြစ်ရှိတို့သည် ကိုးကွယ် ယုံကြည်သော ဘာသာ နှင့် ဆက် စပ် ခြင်း မှ ကင်းကြကုန်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာကို ကိုးကွယ် လိုက်ရုံ နှင့် ကျူးလွန် ပြုလုပ်ထားသော အကြောင်း တရား၏ အကျိုးမှန်ဖြစ်သော အပြစ်ဒဏ်မှ ပြေးလွှားရှောင်ပုံး၍ မလွတ်နိုင်ချေ။ သို့သော် မှန်သောလမ်းကိုလိုက်၍ မှန်သောအလုပ်ကို ပြုလုပ်လိုသော အသင်လူသားအတွက် ပြုလုပ်နည်းတို့ကား ဗုဒ္ဓဘာသာ၌ အထင်အရှားရှိကုန်၏။ မဖြစ်သေးသော ပြစ်မှုဟူသမျှတို့ကို မဖြစ်နိုင်အောင် စောင့်စည်း ဆီးတားထားခြင်း၊ ဖြစ်ပြီးသော အပြစ်ဟူသမျှကို အညွန့်အညှောက်မတိုးပွားဘဲ အမြစ်ဗီဇ သွေ့ခြောက်သွားအောင် ပြုလုပ်နိုင်ခြင်း ဟူသောနည်းများ အတိုင်း တသွေမတိမ်း လိုက်နာလုပ်ကိုင်ခဲ့သော် ဗုဒ္ဓဘာသာဆိုင်ရာ အပြစ် ပပျောက်ရေး ပြီးမြောက်လေတော့၏။

ထို့ကြောင့် အို……အချင်းလူသား။ ဘာသာနှင့် ဘုရားကို ကိုးကွယ်ယုံကြည်ရုံနှင့် တင်းမတိမ် ပါလင့်။ ယုံကြည်မှုသည် အပြစ်ကို ပပျောက်စေနိုင်သည်ဟု အထင်မှား မနေပါလင့်။ အားထုတ်လော့။ ကြိုးစားပါလော့။ မေ့လျော့

ပေါ့တော့ခြင်းမရှိဘဲ သတိသမ္ပဇဉ်တရား အမြဲထားရှိပါလော့။ အသင်၏ စိတ်တံခါးကို လုံအောင် ပိတ်ထားလော့။ အမိုး၌ အပေါက်ရှိသော အိမ်အတွင်းသို့ မိုးရေသည်ယိုကျမြဲဖြစ်သကဲ့သို့၊ ထို့အတူ စိတ်တံခါးမလုံသူ၏ ထံသို့ အပြစ်တွေ ဒေါသဟော ဝင်လာချေမည်။

အို........အချင်းလူသား။ ထလော့။ အမှောင်အတွင်းမှ အကောင်းရှုန်းကန်၍ ထွက်လော့။ မေ့လျော့ ပေါ့တော့၍ ငေးငေး မောမော နေသူသည် လူသေမည်၏။ ထကြွ လုလ္လ ဝိရိယရှိသူသည် လူရှင်မည်၏။ သေခြင်းထက်ပို၍ဆိုးသော (ဝါ)ကြောက်မက်ဘွယ်ကောင်းသော အရာမရှိ။ အသက်ရှင်ခြင်းထက် ပို၍မြတ်နိုးဘွယ် ကောင်းသောအရာလည်းမရှိတော့ပြီ။

အို......အချင်းလူသား။ သေခြင်းမှလွှန်မြောက်၍ ရှင်ခြင်းသို့ရောက်အောင် အားထုတ်ပါတော့လော့။ သေနေရခြင်းဖြင့် သင့်မှာ ဘာအကျိုးများ တိုးတက်လာချေ မည်နည်း။ ထလော့။ သတိတရားဖြင့် စောင့်စည်း ချုပ်တည်းလော့။ အပြစ်ဝင်လမ်းကိုပိတ်လော့။ ဆို့လော့။ ဘာသာကိုယုံကြည်ကိုးစား၍ အိပ်လို့များမနေပါလေလင့်။ သင်အလွှန်ကြောက်သောအပြစ်နယ်မှ ထွက်ပေါက်ကို ဘယ်သော အခါမှ တွေ့ရလိမ့်မဟုတ်ချေ။

## အခန်း ၁၂

အမေး (၁၂) ဗုဒ္ဓဘာသာဝင်ဖြစ်ရန် လုပ်ငန်းနှင့် ဗုဒ္ဓဘာသာ ဝင်တို့ လိုက်နာရမည့် တာဝန်ဝတ္တရားတို့ ကား အဘယ်နည်း?။

အဖြေ (၁၂) ဗုဒ္ဓဘာသာဝင်ဖြစ်ရန် အတွက် လိုအပ်သော ပုဗ္ဗကရဏ(၀၁) ရှေးဦးစွာ ပြည့်စုံလုံလောက်ရမည့် အရည်အချင်းတို့မှာ .... .... ....

(၁) အကြောင်းသည် အကျိုးကို ဖြစ်ပြစေ၏။ အဓိပ္ပါယ်ကား ကောင်းသော အကြောင်းသည် ကောင်းသော အကျိုး၊ မကောင်းသော အကြောင်းသည် မကောင်းသော အကျိုးကိုဖြစ်စေတတ်၏။ အကြောင်းကို ငြိမ်းသတ်မှ အကျိုး ငြိမ်းပြတ်နိုင်မည်ဟူ၍ အကြောင်းအကျိုး တရားဖြင့် ခွဲခြားစွာ ယုံကြည်မှုကို ဆိုလိုသည်။

(၂) အရာအားလုံးသည် တစုံတခုသော ရှေးအကြောင်းကြောင့် ဖြစ်ပေါ်လာကြကုန်သည်။ ထို့ကြောင့် မမြဲသော သဘော အတ္တမှ ဆိတ်သော သဘောရှိ၏ဟု သဘာဝကို အမှန်အတိုင်း သိမြင်ခြင်းတို့ပင်ဖြစ်သတည်း။ ဤသို့ဘာသာဝင်ဟူသော အမည်ကို မခံယူမီ ရှေးဦးစွာ ပြည့်စုံရမည့် အရည်အချင်းဟု ဆိုအပ်သော ပုဗ္ဗကရဏကို ပြည့်စုံစေပြီးသော် သရဏဂုံ ဆောက်တည်ဟု ဆိုအပ်သော ပုဗ္ဗကိစ္စဟူသော မင်္ဂလာ အခမ်းအနားကို ပြုလုပ်ရချေမည်။

(၁) ဗုဒ္ဓဘွဲ့ထူးကို ခံယူတော်မူသော ဘုရားရှင်ကို ရှေ့ဆောင်လမ်းပြ အဖြစ်ဖြင့် အသိအမှတ်ပြုပါ၏။

(၂) ၎င်းဘုရားရှင်ကိုယ်တိုင် တွေ့ရှိသိမြင်ခဲ့တိုင်း။ ဟောပြအပ်သော အမှန်တရားကို ရှေ့ဆောင်လမ်းပြ အဖြစ်ဖြင့် အသိအမှတ်ပြုပါ၏။

(၃) ထိုဘုရားရှင်နှင့် တိုက်ရိုက်ဆက်သွယ်၍ အမှန်တရားကို အမှန်အတိုင်း လိုက်နာကျင့်ကြံ နေကြသော ပုဂ္ဂိုလ်မြတ်တို့ကို လမ်းပြအဖြစ်ဖြင့် အသိအမှတ် ပြုပါ၏

ဟူ၍ ပုဗ္ဗကိစ္စကို ပြုလုပ်ရာ၌ ရွတ်ဆိုရလေသည်။ ၎င်းကို ဗုဒ္ဓဘာသာဝင် ဖြစ်လိုသူသည် အများသော ဗုဒ္ဓဘာသာဝင်တို့၏ မြက်မှောက်၌ ဖြစ်စေ။ သို့မဟုတ် ဆိတ်ငြိမ်ရာ အရပ်၌တစ်ဦးတည်းဖြစ်စေ တည်ကြည်သောစိတ်၊ နှစ်မြို့ဝမ်းမြောက်သောစိတ်ထားဖြင့် ရွတ်ဆိုလျက် အဓိဋ္ဌာန်ပြုရမည်။ ထိုအခါမှ၎င်းသည် ဗုဒ္ဓဘာသာဝင်ဟူသော အမည်နာမံကို ခံယူနိုင်လာပေတော့၏။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့ လိုက်နာ လုပ်ကိုင်ရမည့် တာဝန်ဝတ္တရားတို့ကား နည်းပါးလှပေ၏။ လူသတ္တဝါမလိုက်နာနိုင်လောက်အောင်(ဝါ)တာဝန် မယူရဲလောက်အောင် များပြားလှသည် မဟုတ်ပေ။ စင်စစ်မှာ လူသတ္တဝါတိုင်း တာဝန်ယူနိုင်ပါ၏။ သို့ ယူနိုင်သည့်အတိုင်း လူသားမှန်သမျှ လိုက်နာကျင့်ကြံနိုင်ပေ၏။ အဘယ်ကြောင့်နည်း။ ဗုဒ္ဓဘုရားကို ခံယူတော်မူသော လူသားသိဒ္ဓတ္ထ ဂေါတမသည် ၎င်းကို သူကိုယ်တိုင် လိုက်နာကျင့်ကြံနိုင်ခဲ့၏။

ဗုဒ္ဓဘာသာ ဘုရားသည်၊ ယထာဝါဒီ တထာကာရီ ဂုဏ်နှင့် ပြည့်စုံသောကြောင့် ပြောသလိုလုပ်၍ လုပ်သလို ပြောခဲ့၏။ ၎င်းကိုယ်တိုင် ကျင့်ကြံအားထုတ်၍ဖြစ်မြောက်ပြီး သောနည်းများကိုသာ ဟောဖြောခဲ့သောကြောင့် တည်း။

ထို့ကြောင့် ဗုဒ္ဓဂေါတမနှင့်တကွ ၎င်း၏ တပည့်များ လည်း လိုက်နာကျင့်ကြံနိုင်သဖြင့် များပြားကျယ်ဝန်းခြင်း။ မရှိသော ဗုဒ္ဓဘာသာဝင်တို့လိုက်နာရမည့် တာဝန်တို့ကား

(၁) မှားယွင်း သော အမှုကို မပြုလုပ်ခြင်း။

(၂) မှန်မြတ်မှန်ကန်သော အရာများကိုပြုလုပ်ခြင်း၊

(၃) စိတ်ကို တည်ငြိမ်ဖြူစင်စေ၍ ဖြောင့်အောင်
ပွားများခြင်းတို့ပင် ဖြစ်သတည်း။

အို-----အချင်းလူသား။ ဤဆိုအပ်ခဲ့ပြီးသော တရား ၃-ခု တို့သည် သင့်အတွက်ခက်ခဲ၍ နေပါသေး သလော။ သင်သည်ဤတရား၃-ခုကို(ပါ)တာဝန်သုံးမျိုးကို လိုက်နာကျင့်ကြံ နိုင်ခဲ့သော် သင်သည် လမ်းမှန်သို့ရောက်၍ အပြစ်ဟူသမျှ ပပျောက်ပြီးလျှင် မုချ အစစ်အမှန်ဖြစ်သော သုခချမ်းသာကို ရရှိခံစား ရပေလိမ့်မည်။ ထို့ကြောင့် သင်သည် ဤတာဝန် ၃ မျိုးကို ဦးလည်မသုန်ဘဲ ယူပါလေလော့။

## စတုတ္ထပိုင်း။

## ဓမ္မတာခန်း။

အမေး(၁) ဓမ္မတာဟူသော စကား၏ အဓိပ္ပါယ်ကား အဘယ်နည်း?

အဖြေ (၁) ဤပြဿနာ၌ ဓမ္မနှင့် ဓမ္မတာကို ရှေးဦးစွာ ခွဲခြားသင့်လေသည်။ ထိုတွင် ဓမ္မဟူသော ပုဒ်သည် ဗုဒ္ဓဘာသာဆိုင်ရာပိဋကတ်ကျမ်းစာများ၌၎င်း၊ ဟိန္ဒူဘာသာ ဆိုင်ရာ သက္ကတ စာပေ ကျမ်း ဂန် များ ၌၎င်း။ အသုံး အများဆုံးအဓိပ္ပါယ် အကျယ်ဆုံးပုဒ်ဖြစ်လေသည်။

၎င်းပုဒ်၏ ဓါတ်ရင်းကား ဓရဖြစ်၍ ဆောင်ခြင်း အနက်။ အောက်သို့ မကျအောင် ဆွဲတင်ခြင်းအနက်ကို ဟော၏။

မိမိ၏ သဘောကို ဆောင် တတ် သော သဘော တရား သည် ဓမ္မမည်၏ ဟူရာ၌ ရုပ် နာမ် စ သော သဘာဝ ဓမ္မကို ရည်ညွှန်းလေသည်။ မိမိအား ကျင့်ကြံလိုက်နာ သူများကို အောက်သို့ မကျ စေ ဘဲ အထက်သို့ မြှင့်တင်တတ်သော သဘော သည် ဓမ္မ မည် ၏ ဟူရာ၌ ကောင်း မြတ် သော

ကိုကျင့် တရား သီလအာ စာရများ ကိုရည်ရွယ် လေသည် ။ ယေဓမ္မာ ဟေတုပ္ပ ဘဝါ ဟူရာ၌ ဓမ္မသဒ္ဒါသည် သက်ရှိ သက်မဲ့ဖြစ်ပျက်နေသမျှ အရာအားလုံးကို ဟောလေသည်။

သေဓမ္မော သနန္တနော ဟူရာ၌ ဓမ္မသဒ္ဒါသည် ရှေးရှေး အခါမှ ဆင်းသက် လိုက်နာ ကျင့်ကြံ လာကြသော အကျင့် အာစာရကို ရည်ရွယ်သည်။

နာယံဓမ္မော သုသမ္ဗုဒ္ဓေါ ဟူရာ၌ဓမ္မသဒ္ဒါသည်ဒုက္ခ သမုဒယ၊နိရောဓ၊မဂ္ဂဟူသော သစ္စာလေးပါးကိုဟော၏။

သစ္စံဓမ္မော ဓိတိစာဂေါ ဟူရာ၌ ဓမ္မသဒ္ဒါသည်စူးစမ်း ဆင်ခြင်တတ်သောဥာဏ်ကို ဟော၏။

နဟိဓမ္မော အဓမ္မောစ ဥဘောသမ ဝိပါကိနော ဟူရာ၌ ကောင်းမြတ်သောအမှုကိုရည်ရွယ်သည်။

မယာဓမ္မောစ ဝိနယောစ ဒေသိတော ဟူရာ၌ ဓမ္မသဒ္ဒါ သည်ဒီဃ၊ မဇ္ဈိမ၊ အင်္ဂုတ္တရ၊သံယုတ္တဟူသောနိကာယ်တို့၌ ပါဝင်သော ဗုဒ္ဓဂေါတမ၏မုက္ခပတ်တော်ကိုရည်ရွယ်သည်။

ခယဓမ္မော ဝယဓမ္မော ဟူရာ၌ မမြဲတတ်မလွဲ အမြဲဖြစ်တတ် သောသဘောကိုရည်ရွယ်သည်။

နဝလောကုတ္တရော ဓမ္မော ဟူရာ၌ ဓမ္မ သဒ္ဒါ သည် မဂ် လေးပါး ,ဖိုလ်လေးပါး, နိဗ္ဗာန်ဟူသော တရား ကိုး ပါး ကို ရည်ရွယ်သည်။ ဤသို့စသောအားဖြင့် ဗုဒ္ဓ ဘာသာဆိုင်ရာ ပိဋကတ်တော်များ၌ဓမ္မဟူသောပုဒ်ကို ရေလဲအမျိုးမျိုး(ဝါ) အနက်အဓိပ္ပါယ်အမျိုးမျိုးဖြင့်သုံးစွဲခဲ့လေသည်။

ထို့ပြင်ဟိန္ဒူဘာသာဆိုင်ရာကျမ်းစာများ၌လည်းဤဓမ္မ ဟူသောပုဒ်ကို အနက်အဓိပ္ပါယ် အမျိုးမျိုးဖြင့် သုံး စွဲထား သည်ကိုတွေ့ရပြန်လေသည်။ ဓမ္မသဒ္ဒါ၏အဋ္ဌုဒ္ဓါ ရ (ဝါ)

အမိပ္ပါယ် ဖေါ်ပြချက်ကို ရှေးအကျဆုံး ဘော်ပြခဲ့သူကား ကနုဒမုနိမည်သော ရသေ့ဖြစ် လေ သည်။ ၎င်း၏ အလိုအား ဖြင့် လောက၏ ကြီးပွါးရေးနှင့် အမွန်မြတ်ဆုံး ချမ်းသာကို ဖြစ်စေတတ်သောအရာသည်ဓမ္မမည်၏။

ဗျာသမည်သော ဆရာကြီး၏ အလိုအားဖြင့် မြင့်မြတ်သော ပုဂ္ဂိုလ် ထူး တယောက်၏ ဟော ပြော သွန်သင်ချက်ဟူသျှသည်၎င်း၊ဤအရာကိုမလုပ်ရ၊ ဤအရာကိုလုပ်ရမည်ဟူသောရှေးအစဉ်အလာသည်၎င်း၊ဓမ္မမည်၏။

မိမံသက ဆ ရာ၏ အလိုအား ဖြင့် စုံစမ်း စစ် ဆေး ခြင်းသဘောသည် ဓမ္မမည်၏။ ဝိသေသိက ဆရာကမူ ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝ၌ ကောင်း ကျိုး ချမ်းသာဟူ သမျှကို ဖြစ် စေ တတ်သော အရာတို့ကို ဓမ္မဟု ခေါ် ဆို လေသည်။

မနုဆရာကြီး၏အလိုအားဖြင့် ဝေဒကျမ်းများ၊ သမိတိကျမ်းစာများနှင့် လူ့ညာ ရှိတို့၏ အပြုအမူ များသည်၎င်း၊ အတွင်းအ ဇ္ဈတ္တကို ကျေနပ်နှစ်သိမ့်စေတတ်သော အရာများသည်၎င်း၊ဓမ္မမည်၏။

ရည ဝါကျ မည်သော ပညာရှိ ပုဂ္ဂိုလ်ကြီးကမူ ဝေဒလေးကျမ်း၊ ပုရာဏ် တကျမ်း၊ ညာယ တကျမ်း၊ မိမံသ တကျမ်း၊ ဓမ္မသုတ္တတကျမ်း၊ ဝေဒင်္ဂ ၆ကျမ်းအားဖြင့် ၁၄ ရပ်သော ကျမ်းကြီးတို့၌ ပါဝင်သော အတတ်ဝိဇ္ဇာ ဟူသမျှသည်ဓမ္မမည်၏။

ထိုမှတပါလည်း လူသား၏နေနည်း၊ထိုင်နည်း၊ ကျင့်ကြံနည်းစသည်တို့သည် ဓမ္မမည်၏ ဟူ၍၎င်း၊လူသား၏အတ္တကို တိုးတတ်စေတတ်သော အရာဟူသမျှသည် ဓမ္မမည်၏ဟူ၍

ရှင်း၊ ရေးသားသုံးနှုန်း၍ ထားသည်ကို ဟိန္ဒူဘာသာဆိုင်ရာ ကျမ်းဂန်တို့၌ တွေ့ရချေသေး၏။

ဤသို့စသည်ဖြင့် ဓမ္မသဒ္ဒါကိုဟိန္ဒူကျမ်းစာ ဆရာတို့သည်အဓိပ္ပါယ်အမျိုးမျိုးဖြင့်ဝေဘန်၍ သုံးစွဲခဲ့ကြလေသည်။ သို့ရာတွင်ကျွန်ုပ်တို့သည် တိုတိုကျဉ်းကျဉ်း နှင့်လိုရင်းဖြစ်၍ အားလုံးငုံမိသောအဋ္ဌုပ္ပတ္တိ (ဝါ) အဓိပ္ပါယ် ဖော်ပြချက်ကို မရနိုင်သေးချေ။ လိုရင်း မှတ်ရန်ကား။

(၁) မိမိသဘာဝအတိုင်း အမြဲမှန်၍နေသော သဘော

(၂) လူသားတို့သမုတ်အပ်သဖြင့် မှန်နေသော သဘော

သည် ဓမ္မမည်၏။

ဓမ္မတာ ဆိုသည်ကား ထိုဓမ္မ နှစ်မျိုးတို့၏ ဖြစ်ရိုး ထုံးစံ အစဉ်အလာကိုဆို၏။ သို့သော် အမြဲမှန်၍နေသော ဓမ္မသည် ဓမ္မတာကို ဖြစ်စေရာ၌ သဘာဝမန္တ အဖြစ်အားဖြင့် ခြားနားခဲ့၏။ ထို့ပြင် လူသားတို့ သမုတ်သဖြင့် မှန်နေသော ဓမ္မ၏ ဓမ္မတာကို ဖြစ်စေရာ၌ကား သတ္တိ၊ သတ္တိမန္တအားဖြင့် ကွဲပြားခြင်း မရှိချေ။ ဆိုလိုရင်းကား ဓမ္မတာအချို့ကို ဓမ္မစာရင်းသို့ သွင်းနိုင်စေကာ ဓမ္မအချို့ကိုမူ ဓမ္မတာဟု မသုံးနိုင်ဟူလို။

ဤသို့အားဖြင့် ဘာသာ အသီးသီးဝင် ပုဂ္ဂိုလ်တို့သည် မိမိတို့ဆိုင်ရာ ကျမ်းဂန်များကို ကိုးကား ကြကုန်ပြီးသော်၊ ဓမ္မဟူသော ပုဒ်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြရေးသား ပြောဆိုကြကုန်၏။

ထို့ပြင် ဌာဝယ ဝါဒီတို့၏ ဓမ္မနှင့် ဌာဝယဝါဒီမဟုတ် သူတို့၏ ဓမ္မကို ခွဲခြားပြသရသော် များစွာ စိတ်ဝင်စားဘွယ် ကောင်းချေမည်။ ဌာဝယဝါဒီတို့သည် ဓမ္မဟူသော ပုဒ်၏ အဓိပ္ပါယ်ကို ဘယ်လောက် များများပင် ဖွင့်ဆိုရေးသားနေ

ကြံစေကာမူ ၎င်းတို့အတွက် အရင်းအကျဆုံး အနက်ကား ဌာဝယ ဘုရား၏မုက္ခာတ်သည်သာ ဓမ္မမည်နိုင်သည်ဟူလို။ သို့ရာတွင် အဌာဝယ ဝါဒီတို့ကမူ မှန်သောတရားသည် ဓမ္မ မည်၏ဟုဆိုကြကုန်၏။

ကျွန်ုပ်တို့သည် ဌာဝယ၊ အဌာဝယ ဝါဒီ နှစ်ဦးလုံးတို့၏ အနက်အဓိပ္ပါယ်ကို စဉ်းစားဆင်ခြင်ရန်သာ ရှိတော့၏။

ထိုပြင်ကျွန်ုပ်တို့သည် ဖေါက်လွဲ ဖေါက်ပြန်မရှိ ပကတိ သဘာဝအားဖြင့် အမြဲမှန်၍နေသော အရာကို အသက်၌ ရေးသားဖေါ်ပြပြီးခဲ့လေပြီ။

ထိုသည့် အဌာ[ဝယ]ရသည်သာလျှင် အားလုံး သိမ်းကြုံး မိသောကြောင့် ခရစ်၊ ဟိန္ဒူ၊ ယသီ၊ ဗုဒ္ဓစသော ဘာသာများ တွင် ဘယ်ဘာသာမှာဘဲ ပါပါ မှန်သောအရာကို ဓမ္မဟု ခေါ်ဆိုနိုင်လေသည်။

ယခုသော်ဓမ္မတာ၏ အဓိပ္ပါယ်ကို ရေးသာ ဖြေဆိုကြစို့။ ထုံးစံ (ဝါ) သဘော(ဝါ) တံတွာဟိုဝင်း၊ ရှေးဖြစ်ဘူးသော သဘောအတိုင်း နောက်နောက်ဆက်ကာဆက်ကာ အလား ဟူဖြစ်တတ်သော သဘောကိုဝင်း၊ ဓမ္မတာဟု ခေါ်သည်။ ဤနေရာ၌ နိယာမဟူသော ဖြစ်စဉ် ငါးမျိုးကို ရေးသားဖေါ် ပြသင့်လေသည်။

(၁) **စိတ္တနိယာမ။ ။**

စိတ်၏ ဖြစ်စဉ်.... .... ....

(၂) **ကမ္မနိယာမ။ ။**

အကြောင်း အားလျော်စွာ အကျိုးတို့၏ ထင်ရှားစွာ ဖြစ် ပေါ်မှု သဘောအစဉ်။

(၃) ဗီဇနိယာမ။ ။
သစ်စေ့ မျိုးစေ့ သစ်ပင် နွယ်ပင် သီးပင် ပွင့်ပင်တို့၏ မူလရင်းနှင့် အလားတူစွာ ပေါက်ပွား လာတတ်သော သဘောအစဉ်.... .... .... ....

(၄) ဥတုနိယာမ။ ။
ဆောင်း နွေ မိုးဟူ၍ (၀၇) အပူအအေး (၀၇) သီးနှံကျခြင်း မိုးယံရွာခြင်း မိုးသည်းခြိမ်းခြင်း၊ ဒီရေတက်ခြင်း၊ ကျခြင်းစသည် တို့အစီအစဉ် ကျကျ ဖြစ်နေသော သဘောအစဉ်.... .... ....

(၅) ဓမ္မနိယာမ။ ။
အထက်ပါ လေးပါးသော နိယာမတို့၏ သဘောဓမ္မတာ အားလျော်စွာ အစဉ် အလာ ထုံးတမ်းအတိုင်း ဖြစ်စေမှု သဘောအစဉ်.... .... ....

ထို့ကြောင့် အထက် ဖော်ပြ ခဲ့ပြီးသော နိယာမတရား ငါးခုတို့၏ သဘာဝအတိုင်း ဆက်ကာ ဆက်ကာ ဖြစ်ပေါ် နေမှုကို ဓမ္မတာဟု ခေါ်ဆိုရလေသည်။ ထိုမှတပါး နံပါတ် ၂ အနေအားဖြင့်၊ လူသား၏ ပယောဂကြောင့် ဖြစ်ပေါ်လာရ သော ထုံးစံဟု ခေါ်အပ်သော ဓမ္မတာလည်း ရှိချေသေး၏။

**အခန်း ၂**

မေး (၂) ဓမ္မတာ ဖြစ်ပေါ်လာပုံကား အသို့နည်း?

ဖြေ (၂) ဓမ္မတာ ဟု ဆိုအပ်သော ထုံးစံသည် လူသတ္တဝါ က လုပ်မှ ဖြစ်ပေါ်လာဒါ လည်းရှိ၏။ လူကမလုပ်ဘဲ ၎င်း ၏ ဓမ္မနိယာမ အားလျော်စွာ ဖြစ်ပေါ်နေဒါ လည်းရှိချေ ၏။

ဥပမာ (၁) ဤမြို့သို့ဝင်လျှင် ငွေတမတ်ပေးရမြဲ ဓမ္မတာ ရှိသည်။

(၂) လူသည် သေရခြင်း ဓမ္မတာမှ မလွတ်နိုင်ဟူသော စကား ၂ရပ်၌၊ ဓမ္မတာ ဟူသောစကား ကိုပင် သုံးစွဲထားချေသည်။ သို့ သော် ထိုဓမ္မတာ ဟူသော ပုဒ် ၂ခု တို့၏ အဓိပ္ပါယ်ကား အလွန်ကွဲပြား ခြားနားလှချေ၏။

နံပါတ်(၁) ၌ပါသော ဓမ္မတာသည် လူသား၏ ပယောဂကြောင့် ဖြစ်ပေါ်လာရသော ဓမ္မတာဖြစ်၍ နံပါတ်(၂)၌ ပါဝင်သော ဓမ္မတာသည် မည်သူ၏ ပယောဂမှ မပါဘဲ ဖြစ်နေသော ဓမ္မတာဖြစ်၏။ ထို့ကြောင့် နံပါတ် (၁)ပါ ဓမ္မတာမျိုး၏ အကြောင်းကား ဖော်၍ ထည့်တတ်သော လူသားပင် ဖြစ်ချေသည်။ သူ လုပ်လိုက် သဖြင့် (ဝါ) ဖော်လိုက် သဖြင့် ဖြစ်ပေါ် လာရသောကြောင့်တည်း။

နံပါတ်(၂)ပါ ဓမ္မတာမျိုး၏ အကြောင်းမှာ ဓမ္မနိယာမ သဘောပင် ဖြစ်ချေသည်။ ၎င်းအကြောင်းမရှိလျှင် အကျိုး မဖြစ်ထွန်းနိုင်သော ကြောင့်တည်း။ ၎င်းဓမ္မတာ၏ ဖြစ်ပေါ် လာပုံမှာ၊ ရှေးဦးမူလ ဖြစ်ပေါ်ဖူးသည့်အတိုင်း နောင်နောင် ဆက်ကာ ဆက်ကာ ဖြစ်ပေါ်လာမှုပင် ဖြစ်၏။

သရက်ပင်က သရက်သီး၊ တဖန် သရက်သီးက သရက် ပင်ကို ဖြစ်စေသကဲ့သို့၊ မူလဖြစ်ရင်းနှင့် အလားတူစွာဖြစ်ပေါ် လာမှုပင်တည်း၊ ဤနေရာ၌ ဓမ္မနိယာမ သဘောဟူသည် နိယာမ လေးပါးတို့၏ ဖြစ်ရိုးထုံးစံ အစဉ်အလာ အတိုင်း ဖြစ်ပေါ်မှုကို ဆိုလို၏။

## အခန်း ၃

အမေး (၃) ဓမ္မတာ၏ အစကား အဘယ်နည်း?

အဖြေ (၃)၊ ဓမ္မတာဟူသည် အစဉ်အဆက် အသွင်တူ အလားတူ ဖြစ်ပွား ပေါ်ပေါက်လာခြင်း ဓမ္မ၏ သတ္တိသဘာဝ

မှုဖြစ်၏။ ဤကဲ့သို့အလားတူ ဖြစ်ပွားပေါ် ပေါက်လာသော အရာ၏အကြောင်းကိုပင်မေ္ဘတာ၏အစဟူ၍ခေါ်ဆိုခွင့်ရှိ၏။ မှန်လှ၏။မေ္ဘနှင့် မေ္ဘတာ တို့သည်သတ္တိ၊သတ္တိ မန္တ အဖြစ်ဖြင့် ကွဲပြားကြ၏။ ကောင်းကင်၏အစသည် ပထဝီဖြစ်၏ဟု ဆို သကဲ့သို့ မေ္ဘတာ၏မူလ ဖြစ်ပွားကြောင်း ကိုသာ အစဟု ဆိုသင့်၏။ ဤကား မည်သူ တစုံတယောက်၏ ပယောဂမျှ မပါဘဲမေ္ဘတာ၏ အစကိုဖော်ပြချက်ဖြစ်၏။

ထိုမှတပါးလူကလုပ် ထားသော မေ္ဘတာ၏ အစကား ထိုမေ္ဘတာကို စတင်လုပ်ကိုင်သူ လူသာလျှင် ဖြစ်တော့၏။ ထိုလူက လုပ်သော မေ္ဘတာ၌ မေ္ဘနှင့်မေ္ဘတာကွဲပြားခြားနား ခြင်းမရှိချေ။စင်စစ်မှာ နည်းဥပဒေ (၀၁) အစဉ်အလာ သုံးစွဲ ရိုးလာ့းစံ ချှသော ဖြစ်သတည်း။

## အခန်း ၄

အမေး( ၄) မေ္ဘတာကို မည်သူက ဖန်ဆင်းပေးသနည်း ?

အဖြေ(၄) မေ္ဘတာ ၂မျိုးရှိကြောင်းကိုနံပါတ် ၂ပြဿနာ ၏အဖြေ၌ ကျွန်ုပ်တို့ရေးခဲ့ပြီ။ ၎င်းတို့အနက် လူက လုပ်လို့ ဖြစ်သော မေ္ဘတာကို ဘန်ဆင်းသူ လက်သယ်ကား လူပင် ဖြစ်သည်ဟု မှတ်ယူရမည်။ ထိုပြင် ဒုတိယ မေ္ဘတာ မျိုး၏ လက်သယ် ကား နိယာမ ၄ ပါးပင်ဖြစ်သတည်း။ မှန်လှ၏။ နိယာမ ၄ ပါးတို့၏ မေ္ဘနိယာမအတိုင်း သဘောကို မလွန် ဆန်မူ၍ အစဉ်အလာဖြစ်နေမှုကိုမေ္ဘတာဟု ဆိုအပ်ရကား။ ထိုနိယာမ ၄ ပါးကိုပင် မေ္ဘတာ၏ လက်သည်ဖြစ်သည်ဟု ဆိုအပ်ခွင့်ရှိလေတော့သတည်း။

## အခန်း ၅

အမေး(၅) ဓမ္မတာနှင့်လူ မည်သူက စသနည်း?

အဖြေ(၅) လူသား၏ ပယောဂကြောင့် ဖြစ်ပေါ်လာရသော ဓမ္မတာနှင့်လူတို့တွင် လူကစသည် ဟူသော အချက်၌ ငြင်းချက်ထုတ်ရန်မလိုတော့ချေ။ ထိုပြင်ဓမ္မနိယာမသဘောရှိသောဒုတိယဓမ္မတာ မျိုးကား အနာဒိအန ဟု ဖြစ်သော (ဝါ)အစမရှိ အဆုံးမရှိသော ဓမ္မ၏ အကျိုး ဌမ်းအားပင်ဖြစ်၍လူမပေါ် မီက စပြီး ၎င်း၏ သဘော အတိုင်း ရှိနေခဲ့ပေရာ၏။

ကမ္ဘာလောက၌ ဖြစ်ရ ပျက်ရမည် ဟူသော ဓမ္မတာသည် ဓာတ်သေ ဓာတ်ရှင်တို့နှင့် ဘွားဘက်ဖြစ်ခဲ့၏။ဓာတုစိန္တာ ဆရာ တို့၏ မက်တာဖိုစ် တို့နှင့် ပြိုင်တူ ပေါ်ခဲ့၏။ ထို့ကြောင့်၎င်း၏အစကို ရှာဖွေရန် အခွင့်မရှိတော့ပြီ။

ယင်းသို့ အစလည်း မထင် အဆုံးလည်း မမြင်သော သဘာဝဓမ္မဖြစ်သောကြောင့်။လူမပေါ်မီကြီးကပင် ၎င်းရှိခဲ့လေသည်။အဘယ် ကြောင့်နည်း။ ကမ္ဘာလောက သည်ပင် ၎င်းတို့ကြောင့်ဖြစ်၍ လူသည်လည်း ၎င်းတို့အထဲမှထွက်လာရသောကြောင့်တည်း။

## အခန်း ၆

အမေး(၆) ဘယ်လိုဟာကို လူဟုခေါ်သနည်း?

အဖြေ (၆) အဝိဇ္ဇာ။သင်္ခါရ၊တဏှာဥပါဒါန်ကံဟူသောအကြောင်းတရားငါးပါးကြောင့် ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ဖဿ၊ဝေဒနာဟူသောအကျိုးငါးပါးတို့အစဉ်မပြတ်ဆက်ကာ ဆက်ကာ ဖြစ်ပျက် နေသော အစဉ်ကို လူဟူ၍ခေါ်သည်။ (ဝါ) တနည်းသော်ကား အကျိုးအကြောင်းကို

ဆင်ခြင် တတ်သောဉာဏ်၊ အမှားအမှန်ကို ခွဲခြားဝေဖန်၍ သိမြင်နိုင်သော ဉာဏ်၏ပိုင်ရှင်ကို လူဟူ၍ခေါ်သည်။

ဤဉာဏ်များ သည့်ပင် အားလုံးသော သဝိညာဏက သက်ရှိသတ္တဝါတို့နှင့် လူကို ကွဲပြား ခြားနား စေလေသည်။ လူသည် ၎င်းဉာဏ်တို့၏ ပိုင်ရှင်ဖြစ်ခြင်းကြောင့် သူမှတပါး အခြားသော သက်ရှိ သတ္တဝါတို့နှင့် တကွ အရာ အားလုံး တို့ကို လွှမ်းမိုးနိုင်ခဲ့၏ (ဝါ) အရာအားလုံးတို့၏ အရှင်သခင် ဖြစ်ခဲ့၏။ ၎င်းဉာဏ်တို့၏ အစွမ်းအားဖြင့် လူသည် သဘာဝ ဓမ္မကိုပင် သူ၏အလိုအတိုင်းနိုင်း စေနိုင်ခဲ့၏။သတ္တဝါအားလုံး နှင့်တကွ ဘောဂပြရာ၊ အရာဟူသမျှသည် ဉာဏ်၏ အရှင် ဖြစ်သောလူ၏အခစားလက်ပါးစေတို့သာ ဖြစ်ကြကုန်၏။

## အခန်း ၇

အမေး (၇) လူသည်ဘယ်ကစသနည်း?

အဖြေ (၇) လူသည် လူကစ၏။ ထိုလူသည် ဓါတ်သော ဓာတ်ရှင်က စ၏။ ဥပမာ–သစ်ပင်သည် သစ်စေ့မှ စ၏။ သစ်စေ့သည် သစ်ပင်မှစ၏။ ထိုသစ်ပင်ကို ဥတုက ဖြစ်ပွား စေသကဲ့ သို့တည်း။ ဗုဒ္ဓဘုရားခံ ဂေါတမ ရှင်တော်ဘုရား သည် ကမ္ဘာကို(၁) သံဝဋ္ဋကပ် (၂) သံဝဋ္ဋဋ္ဌာယီကပ်(၃) ဝိဝဋ္ဋကပ် (၄) ဝိဝဋ္ဋဋ္ဌာယီ ကပ်ဟူ၍ ကပ် ၄ ခု ဖြင့် ခွဲခြမ်း စိတ်ဖြာခဲ့၏။ ဇမ္ဗူဒ္ဒီပ မြောက်၌ လူသတ္တဝါ စတင်ပေါ်ပေါက် ကြောင်းဟောခဲ့၏။

ထိုအတူ ခေတ်စိန္တာ လောကခေတ် ဆရာတို့ကလည်း (၁)ပရာမောဒိယဲလ် (၂)ပရိုင်မာရီ (၃)ဆကွန်ဒရီ (၄) တာရှာရီ(၅)ကွတ္တာနာရီဟူသော ခေတ် ၅ ခုဖြင့် ကမ္ဘာကို ခွဲခြမ်း ဝေဘန် ပြီးလျှင် နောက်ဆုံး ကွတ္တာနာရီ ခေတ်သို့

ရောက်မှ လူသတ္တဝါ စတင်၍ ပေါ်လာ သည်ဟု ဆိုကြကုန်၏။

ဂေါတမ ဗုဒ္ဓသည် ပဋိစ္စသမုပ္ပါဒ်ဟူသော ဂွင်းဆက်ဖြင့် လောက သမုဒယ ဟူသော လူသတ္တဝါ အစကို ရှာခဲ့၏။ ထို့အတူ ခေတ်ပေါ် ဓာတုစိန္တာဆရာတို့သည် "မွန်နီရန်" (*M neron*)မှ လူအ ိဆက်၍နေသောလောက၏ဂွင်းဆက် ၂၆ ခုကို ရှာ နိုင်ကြကုန်၏။ ဓာတုစိန္တာဆ ရာကြီး ဒါဝင်၏ (**O**rigin of Species) သတ္တဝါမူလ ကျမ်းနှင့် ဟ တ်လ်က ရေးသော(*Evolution of Men*)လူ့ ပဋိစ္စ သမုပ္ပါဒ် ကျမ်း စသည့် တို့သည် လူ၏ အစကို ရှာဖွေ ကြသော ကျမ်းများ ဖြစ်ကြ ကုန်၏။

သို့ရာတွင် လူ၏အစကိုသာမေးသောကြောင့် လူသည် လူကပင်စသည်ဟု ဖြေဆိုခဲ့၏။သတ္တဝါအစကို မေးမူ အလွန် ရှည်လျား ခက်ခဲသော ပြဿနာ တရပ် ဖြစ်ပေ ရာ၏။ ထို့ကြောင့် လူကို ဘန်ဆင်း သူသည်လူပင် ဖြစ်သည်ဟု မှတ်ယူစေလို။

## အခန်း ၈

အမေး (၈) မွေတာနှင့် တရား မည်သည့် အရာက စသနည်း? မည်သည့်အရာက လွှမ်းမိုးသနည်း?

ကဖြေ (၈) (၁) လူကလုပ်ထားသော မွေတာ။ (၂)လူ၏ ပယောဂမပါဘဲ (ဝါ) မည်သူမှ မလုပ်ဘဲ ရ ား၏ သဘော အတိုင်း (ဝါ) မွေနိယာမအားလျော်စွာအစဉ် မပြတ် ဆက်ခါ ဆက်ခါဖြစ်နေသောမွေတ ာ ၂မျိုးတို့ကိုကျွန်ုပ်တို့သိခဲ့ကြရပြီ။ သို့သိခဲ့ကြသည့် အတိုင်း မွေတာသည် မွေမှ စကြောင်း၊ မွေကြောင့် မွေဘာဖြစ်ပေါ်လာရကား မွေ တာ ၏ အစ

သည် ဓမ္မပင်ဖြစ်ကြောင်းကို ထင်ရှား သိသာနိုင် လေသည် လူကပြုလုပ်သော ဓမ္မတာမှာ လူကပင်စကြောင်း ကိုလည်း ဘော်ပြခဲ့လေပြီ။

မည်သည့်အရာက လွှမ်းမိုးသနည်းဟူသော ပြဿနာ အရမှာ နိဿယ နိဿိတ သဘောနှင့် စဉ်းစား ဆင်ခြင် ခဲ့သော် တရားသည် (ဝါ) ဓမ္မသည် နိဿယ၊ ဓမ္မတာသည် နိဿိတ ဖြစ်ခဲ့၏။ ထိုသို့ ယူဆလျှင် သစ်စေ့ကို သစ်ပင်က လွှမ်းမိုးသကဲ့သို့ ဓမ္မတာကပင် ဓမ္မကို လွှမ်းမိုး ၏ ဟု ဆိုသင့်၏။

အကြောင်း မူကား အကြောင်းနှင့် အကျိုး တို့ တွင် အကြောင်းကား မထင်ရှားဘဲအကျိုးသာပေါ်လွင်ထင်ရှားမြဲ ဖြစ် သော ကြောင့် တည်း။ ဥပမာ သစ်စေ့၌ ရှိသောဗီဇ နိယာမဓမ္မသည်မထင်ရှားဘဲ အညွန့် အညှောက်ပင်စသည်ဖြစ် သော ဓမ္မတာအကျိုးသည်သာ ထင်ရှားသကဲ့သို့တည်း။

[မှတ်ချက်] ဤ၌တရားဟူသည်ဓမ္မကိုပင်ဆိုလို၏။ တရား နှင့်ဓမ္မတာကိုဝေဘန်ရာ၌လူ၏ လက်ဖြစ်ဓမ္မတာကို မပါဝင် စေရန် သတိပြုရမည်။

## အခန်း ၉

အမေး (၉) အရာ တိုင်းမှာ ဓမ္မတာနှင့် တရား ပါဝင် သလော? ၎င်းနှစ်ပါးသည် အမြဲရှိနေသလော?

အဖြေ (၉) ဓမ္မတာနှင့် တရားတို့သည်အရာရာတိုင်း၌ ပါဝင်လျက်ရှိကြကုန်၏။(ဤ၌လည်းလူက ပြုလုပ်ထားသော ထုံးစံဓမ္မတာကို ဝင်ရောက်ခွင့်မပေးရာ) ဓမ္မတာနှင့် တရား တို့မှ ကင်းလွတ်သော အရာသည် ဤလောက၌ မရှိချေ။ အကြောင်းနှင့်အကျိုးမှ ကင်းလွတ်သောအလုပ်မရှိ။ဇာရိယာ

ပုထ်လေးပါးမှ လွတ်၍ဖြစ်နိုင်သော ကိစ္စမျိုးမရှိကောင်းသကဲ့သို့တည်း။(ဥပမာ)သစ်ပင်တပင်၌ဓမ္မတာလည်းရှိ၏၊တရားလည်းရှိ၏။ထိုသစ် ပင်ကို သရက် ပင်ဟု အမည်ပေးခဲ့အံ့။ ရင်းသရက် ပင်၌ ရှေးရှေးသောသရက်ပင်(ဝါ)အခြားတပါးသော သရက်ပင်တို့နှင့်တူသော အခြင်း အရာဖြင့်အညွန့်အညှောက်ပေါက်ခြင်း၊ ကြီးရင့်ဖွံ့ထွားခြင်း၊ ဖူးခြင်း ပွင့်ခြင်းသီးခြင်းစသော သဘောရှိခဲ့၏။ ရင်းကိုဓမ္မတာဟု ခေါ်ဆိုရလေသည်။

ထို့ပြင်ရင်းသရက်ပင်၌ ဖျက်ဆီးလို့ မရကောင်းသော မြေ-ရေ-လေ-မီးဟူသော ပရမတ် အစစ်ဓာတ်နှစ် တရားလည်းရှိချေ၏။ထို့ကြောင့်အရာတိုင်း အရာတိုင်း၌ဓမ္မတာနှင့်တရားပါဝင်သည်ဟု မှတ်ယူရာ၏။ ထိုမှ တပါး ဓမ္မတာနှင့်တရားတို့သည် အနာဒိ အနန္တဖြစ်၍ အစမရှိအဆုံးမရှိသောကြောင့်၊ ရင်းတို့နှစ်ခု အမြဲရှိနေသလောဟူသောပြဿနာကို အထူးဖြေကြားရန်ပင် မလိုတော့ချေ။

## အခန်း ၁၈

အမေး (၁၀) ဓမ္မတာသည် အကြောင်းလော အကျိုးလော?

အဖြေ (၁၀) လူသားတို့ သတ်မှတ် ပိုင်းခြား၍ အစဉ်အလာထုံးစံ ပြုထားသော ဓမ္မတာ သည်ရင်း၊ ဓမ္မနိယာမဖြစ်သော ဓမ္မတာသည်ရင်း၊ အကျိုးတို့သာဖြစ်ကြကုန်၏။ အဘယ်ကြောင့် ဟူမူ။

(၁) ဓမ္မတာ၌ လူသားတို့ သတ်မှတ် ပိုင်းခြား အပ်သော ဥပဒေသ။

(၂) ဓမ္မတာ၌ နိယာမဓမ္မတို့သည်၊ ထိုဓမ္မတာတို့၏ အကြောင်းများ ဖြစ်သောကြောင့်တည်း။

( သို့ရာတွင် )

( ၁ ) ဓမ္မတာ၌ လူ သား တို့သတ်မှတ်ပိုင်းခြားခြင်းမျှ ဖြစ်၍ သတ္တိ–သတ္တိမန္တ- သဘောမျိုးမရှိချေ။

(၂) ဓမ္မတာ၌ သတ္တိ--- သတ္တိ--- မန္တ---နိယာယ---နိယာိတ စသည် ကွဲပြား၏။

ထင်ရှားစေဦးအံ့။နိယာမ ငါးပါး တို့တွင် စိတ္တနိယာမနှင့် ကမ္မ-နိယာမတို့သည် နာမဓမ္မနှင့်သာ သက်ဆိုင်ကြ ကုန်၏ ဗီဇ နိယာမနှင့် ဥတု နိယာမ တို့ သည် ရူပဓမ္မနှင့်သာ သက်ဆိုင်ကြကုန်၏။ ဓမ္မနိယာမသည် နာမရူပနှစ်မျိုးလုံးနှင့် သက်ဆိုင်၏။ထိုနိယာမ ငါးမျိုးလုံးကို ဓမ္မဟူသော ပုဒ်ဖြင့် သိမ်းကြုံးရေတွက်အပ်လေသည်။

ရုပ်ဓမ္မ၏ သဘာဝ တရားကိုယ်မှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဟူသော ဓါတ်ဖို ဓါတ်မ (ဝါ) ဓါတ်သေ ဓါတ်ရှင် တို့ပင်ဖြစ်သည်။ ထို့ကြောင့် ထိုဓါတ်လေးပါးတို့ ကို ရူပဓမ္မဟုဆိုလို၏။ ထိုသည့်ဓမ္မ၏ အစွမ်းသတ္တိ ကြောင့် ဖြစ်ပွားပေါ်ပေါက်လာရသော အချမ်း-အပူ-နေ့-ည ဆောင်း- နွေ-မိုးဦး- စသောသဘာဝ သီးပင်- ပွင့်ပင်- သစ်ပင် တောတောင်-ရေ-မြေ-စသော အတည်ဖြစ် ထင်ရှားရှိသော ရုပ် ဝတ္ထုများသည် ဓမ္မတာဟူ၍ ဆိုနိုင်၏။

သို့ရာတွင် စင်စစ် ဓမ္မတာ၏ သဘာဝမှာ ဓမ္မ၏ သတ္တိ ကြီးရာဖြစ်ပုံ အခြင်းအရာသဘောမျှကိုသာ ဓမ္မတာ အစစ် ဖြစ်နိုင်၏ဟု ဆိုရပေမည်။

သို့ကြောင့် ဓမ္မသည်သတ္တိ၊ ဓမ္မတာသည် သတ္တိမန္တ၊ ဓမ္မသည် နိဿယ၊ဓမ္မတာသည် နိဿိတ။ ဓမ္မသည် အကြောင်း (ဝါ)ကာရဏ၊ဓမ္မတာသည် အကျိုး(ဝါ) ကာရိယဟုခေါ်ဆိုနိုင်လေသည်။

နာမဓမ္မ၏သဘာဝတရားကိုယ်မှာ စိတ္တနာမ၊ စေတသိကနာမဟူ၍ နှစ်မျိုး ပွားလေသည်။ ရူပဓမ္မ၌ ဓါတ်ဖို ဓါတ်မတို့သည် တခုစီခွဲ၍ မဖြစ်နိုင်သကဲ့သို့ ဤနာမဓမ္မ၌လည်း စိတ္တနှင့် စေတသိကတို့သည် တခုစီခွဲ၍မဖြစ်နိုင်ကြကုန်။

ထိုစိတ္တနှင့် စေတသိကတို့ကို နာမဘေဒ၌ ဓမ္မဟု ဆိုလို၏။ ထိုသည့် ဓမ္မ၏အစွမ်းသတ္တိကြောင့် ဖြစ်ပေါ် လာသော မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ တွေ့သိမှု၊ ကြံစည် တွေးတောမှုတို့၌ အသိဉာဏ်များသည် (ဝါ) ဝိညာဏ ဓာတ်များသည် ဓမ္မတာပင်ဖြစ်၏။

ဤ၌လည်း ဓမ္မ၏ဖြစ်ရိုးစဉ်လာ၊ ဖြစ်ပုံအခြင်းအရာ သတ္တိကြိယာချုပ်ကိုသာ ဓမ္မတာဟုဆိုရ၏။ ဤနာမဓမ္မမှ နာမဓမ္မတာဖြစ်ပုံ အခြင်းအရာများကို ကျယ်ပြန့်စွာ ဝေဘန်လျက် အဘိဓမ္မာပါဠိတော်ကြီးများ၌ ဖေါ်ပြ၍ ထားလေသည်။

ရူပဓမ္မမှနာမဓမ္မတာ၊နာမဓမ္မမှ ရူပဓမ္မတာဖြစ်ပုံ အခြင်းအရာများသည် စိတ်ဝင်စားဘွယ်ရာ ဆန်းကြယ် လှစွာ၏။ ထိုသို့ဆန်းကြယ်လှစွာ အကြောင်းအကျိုး (ဝါ) ဓမ္မနှင့်ဓမ္မတာဖြစ်ပုံသဘောသွားကို နှစ်ဆယ့်လေးပါးသော ပဋ္ဌာန နည်းတို့ကို အခြေပြု၍ ရာ ထောင် မ က သော နည်းတို့ဖြင့် ပဋ္ဌာန်းပါဠိတော်ကြီး၌ အကျယ်စိစစ်ပြီးရှိလေပြီ။

မှန်လှ၏။ ပဋိစ္စ သမုပ္ပါဒနည်း(ဝါ)အကြောင်းကို စွဲ၍ အကျိုးကိုဖေါ်ပြသောနည်း၊ပဋ္ဌာနနည်း(ဝါ)အမျိုးမျိုးသော

အကြောင်းကိုစွဲ၍ အမျိုးမျိုးသော အကျိုးကို ပေါ်ပြသော နည်းဟူ၍ နည်းကြီးနှစ်ပါးရှိခဲ့ရာ။ ထို နည်းကြီး နှစ် ပါး တို့ သည်သာ မွေ့မှ မွေ့တာဖြစ်ပုံများကို အတိကျညွှန်ပြသော နည်း ကြီးတို့သာဖြစ်လေသည်။

ပုဒ္ဓဂေါတမ ဘုရားတော်၌မွေ့မှမွေ့တာဖြစ်ပုံကို အမှန် အတိုင်းသိရန် အရေးကြီးသော ကိစ္စပင်ဖြစ်၏။ သို့ကြောင့် လည်း နည်းအမျိုးမျိုးဖြင့်ဟောခဲ့လေသည်။ ထိုသို့ဟောနည်း မှ အကျယ်ကို ဤစာအုပ်၌ ရေးသားရန် မလိုတော့ သဖြင့် အဘိဓမ္မာစာပေတို့၌ ကြည့်ရှုရန် ညွှန်ကြားခြင်းဖြင့် ပင် ပြည့်စုံစေရပေမည်။

အထက်၌ ပေါ်ပြခဲ့သည့်အတိုင်းဓမ္မတာသည် အကျိုး ဖြစ်ကြောင်းကို ယုံကြည်စွာ မှတ်ယူကြရာသတည်း။

## နှိုက်ရုံး ပိုဒ်စုံ ရတု
## ပထမပိုဒ် ပုဒ်ရေ ၆၂။

တောင်တွင်းထေရ်ရှင်။ မြတ်သခင်ကား၊ အကြင်ကာလ၊ ရာဝင်စသည့်၊ သမယသော်၊ ဖြစ်တွန်းပေါ်သား၊ ရှင်ကျော်လေးပါး၊ လှည့်ဖွား၍၊ ပေကားလေးပင်၊ ရာဇဝင်ဖြင့်၊ အစဉ်မှော်ကွန့်၊ စိုက်ခဲ့ညွန်းသား၊ မြန့်ကျွန်း ချက်မ၊ ဂုဏ် ပေါင်းခသည်၊ ဌာနခင်္ဂလာ၊ ရာဝင်လာဖြင့်၊ သြဘာ ပြောင်လင်း၊ မြို့တောင်တွင်းဟု၊ ပြန့်သင်းကိတ္တိ၊ ဂုဏ်ဟိတ်ရှိသား၊ ပကျိုသုခမိန်၊ ကွယ်မမှိန်ပဲ၊ ကဝိန်မျိုးဇာတ်၊ နွယ် တော် မြတ်မှ၊ မပြတ်စဉ်လာ၊ ဆင်းသက်ခါဖြင့်၊ ရတနပဒ္ဒိ၊ ရွှေဘွဲ့ချီသည့်၊ သာကီမြတ်ဖျား၊ ဘေရ်ဘုရားတိုင်၊ နွယ်မယိုဘဲ၊ သွယ်ဆိုင်ရင်းစစ်၊ ဖြစ်ကြီးဖြစ်၍၊ ရှင်ချစ်သာသနာ၊ ဌကထာနှင့်၊ သုံးဖျာပိဋကတ်၊ ကျမ်းဂိုးမြတ်ကို၊ ပတ်ပတ်နှောက်မွှေ၊ ခြောက်ခြားစေ၍၊ အနဖြူမိမိ၊ တတ်မြောက်ဘိသော်၊ ကဗိဖွယ်ရာ၊ ဆင်မြန်းရာသား၊ ဘာသာသက္ကဋ၊ စာနည်းတည်း၊ ကာဗျဗင်္ဂလီ၊ နာဂရီနှင့်၊ ဟိန္ဒြီအူရဒူ၊ စာရင်းမှုတွင်၊ ပါရဂူမြောက်၊ ဖက်ကမ်းရောက်၍၊ ယိုးနောက် အင်္ဂလိပ်၊ စာဝိ သိဋ္ဌကို၊ ခဲကြိတ်နှောက်မွှေ၊ တတ်ပြီးစေမှ၊ အခြေ သာသနာ၊ ဤကမ္ဘာဝယ်၊ ဤစာ ကျမ်းကြီး၊ ရည့်တိုင်းပြီးအောင်၊ ငြမ်းမှီး တည့်တွင်၊ ရေး စီရင်သည်။ ။ထေရ်ရှင် တောင် တွင်း လက် စွမ်းသောင်။

## ဒုတိယပိုဒ် ပုဒ်ရေ ၆၂။

မှောင်ခွင်း နေသွင်၊ လင်းလင်း၊ မြင်ဇိမ့်အကြင် ကမ္ဘာ၊ ကြင်အခါ၌၊ ဘာသာဝါဒ၊ အဝဝကို၊ မွေ့သရုပ်၊ အရထတ်၍၊

အချုပ်စိစစ်၊ ပေဖန်လှစ်သော်၊ ဤခေတ်ကမ္ဘာ၊ ဤအခါတွင်၊ ဤစာမိတ်ဆက်၊ မေတ္တာယှက်က၊ နှစ်သက်ကြည်နူး၊ ချစ်ရည်ဖြူး၍၊ မထူးမခြား၊ ကမ္ဘာသားတို့၊ ကိုးစားကြရာ၊ သာသနာလည်း၊ ဘာသာတွေထူး၊ မရှိဦးပဲ၊ ရှင်မြူးကြည်ဖြူ၊ တူတာကွလျှင်၊ ယူဆကိုးကွယ်၊ စိုးမိုးချယ်သော်၊ ဖိုးကြွယ်ပွားစီး၊ တရားမှီးလျှက်၊ ခြားသီးမရှိ၊ စည်းလုံးမိ၍၊ ကင်းဘိမိစ္ဆာ၊ ပိတ်မကာပဲ၊ သမ္မာဖြူဖြူ၊ ကမ္ဘာသူတို့၊ အယူအကျင့်၊ တူသာဖြင့်လျှင်၊ မှုချင့်မသွေ၊ ဖြူစင့်စေဟု၊ ကပေပတ္လို၊ ပေဖန်ညှိ၍၊ သိရိလျှမ်းဝေ၊ နန်းမဟောသို့၊ လှမ်းချွေအမတ၊ မြန်းစေကြလျှင်၊ မေတ္တာဒယာ၊ လှစ်ပေါ်ခါတည့်၊ သစ္စာသံယု၊ မှန်ဓမ္မကို၊ စံပြုစရာ၊ တန္တရှာသော်၊ အာကာဝေပါင်၊ ညစ်မျိုးစင်သည့်၊ အကြွင်းသရေ၊ ခါသမယတွင်၊ တက်ကြွရောင်ရှိန်၊ မှောင်မမှိန်ပဲ၊ အချိန်ရာပြည့်၊ ကျွန်းစဉ်လှည့်၍၊ အလှည့်ကျသွား၊ ရထား စက်ယဉ်၊ မိုက်မျိုး နှင်သည့်။ ။နေ့သွင်မှောင်ခွင်း၊ တက်လျှမ်းသောဝ်။

## တတိယပိုဒ် ပုဒ်ရေ ၆၂

အောင်ခြင်းခေမင်၊ အောင်စေချင်သား၊ မြေပြင်ပထဗျာ၊ ဤကမ္ဘာဝယ်၊ ဤစာသစ်ဆန်း၊ ပုလဲပန်းကို၊ ဆင်မြန်းနှစ်သက်၊ မပစ်ရက်လျှင်၊ ချစ်လျက်ဆုံးတိုင်၊ မမုန်းနိုင်ပဲ၊ သုံးနိုင်ကြစေ၊ မျှော်ရှုဖွေ၍၊ ထုတ်ဝေဖြန့်ချိ၊ ပြုပါပြီတည့်၊ ကိုယ်စီကျင်ဘက်၊ ယှဉ်တွဲယှက်သို့၊ နှစ်သက်လှစွာ၊ ပစ်မနွှာပဲ၊ ဤစာကြင်ဆွေ၊ ချစ်မပြေကို၊ ချစ်စေရည်ငံ၊ စုံဖက်နှံကာ၊ နိစ္စံသုခ၊ ဘုမရအောင်၊ ယုယချော့မြူ၊ ပြုအမှုဖြင့်၊ ရှုသူဘဝင်၊ အမြဲရှင်တည့်၊ စိမ့်ဝင်ထုံအေး၊ ပူမျိုး

ဝေး၍၊ နတ်ဆေးအမြိုက်၊ နတ်ကျွေးတိုက်သို့၊ နှစ်ချိုက်ပိတ်၊ ပြည့်ဖြိုးဘိ၍၊ ဆီဘိသွင်းဝါ၊ ကဲ့ပမာလျှင်၊ မေတ္တာဓမ္မ၊ ဖြစ်ပေါ်ကြွလိမ့်၊ သစ္စာလေးခိုင်၊ လေးပွင့်ဆိုင်၍၊ မဏ္ဍိုင်ဓါတ်မီး၊ လျှံဝါကြီးဖြင့်၊ လိန်ညှိုးပြောင်ရှာ၊ မှောင်မိစ္ဆာကို ကမ္ဘာတိုက်လုံး၊ ချေဖျက်မှုန်း၍၊ သိမ်းကြုံးလွှမ်းဆောင် အလင်းရောင်ဖြင့်၊ ပြောင်တဘိန်ထိန်၊ ရောင်မမှိန်ဘဲ၊ အောင်ချိန်ခါလေ၊ မျှော်ရှုသင်သင်၊ စာပေစဉ်ဆို၊ ရာဝင်ထောင်ပြေ့၊ မှောင်မပေ့ပဲ၊ အောင်၍နှိမ်နင်း၊ "အချိန်မင်း"ကို၊ ငင်းစင်း လိပ်ခွေ၊ သေပြီးစေမှု၊ မွန်ရှေ့အစဉ်၊ သာဓုရလျှင်သည်း၊ ခေမင်အောင်ခြင်း တက်ကြွမ်းသောဝ်။

## နိဂုံးသံဒိုင်း

ရိုက်ခြုံးကမ္ဘာ၊ တိုက်လုံးဂြာဝိမ့်၊ ဤစာရွှေကျမ်း၊ မိုရာငြမ်းကား၊ ငြိမ်းချမ်းသာပာ၊ ကမ္ဘာသစ်ပေါင်း၊ အပြစ်ပြောင်း၍၊ အပေါင်းစွန့်ပယ်၊ ကိုးကွယ်ကြရာ၊ သာသနာနှင့်၊ ဘာသာဓမ္မ၊ ယူဝါဒလည်း၊ တူချုအသစ်၊ နေဝန်းကျင်သို့၊ တက်ခေတ်ကမ္ဘာ၊ တွက်စဉ်ခါလျှင်၊ ဤစာဂမ္ဘီ၊ မြသဒ္ဒါဆီကို၊ သိင်္ဂီရွှေနံ့သား၊ ပန်ဆင်ငြားရ၍၊ အမှားအမှန်၊ ဤနှစ်တန်ကို၊ ဝေဖန်ပိုင်းခြား၊ တရားဓမ္မ၊ ပဘာဝမူ၊ မျှော်ရှုဥဒေး၊ သေကွေကျစ်လစ်၊ စိစစ်ပြီးခါ၊ ယထာဘူတာ၊ အယူကျလျှက်၊ တူအျညီညာ၊ ဤကမ္ဘာဝယ်၊ သိတာနတ်မိုယ်း၊ ရာသွန်းကြုံးသို့၊ ဘေးမျိုးအန္တရာယ်၊ ရန်ရွယ်ငြိမ်းချမ်း၊ တိုက်အဝှမ်းလည်း၊ မလွှမ်းမိစ္ဆာ၊ ပိတ်ကာမရှိ၊ သိရှိဖိုးဝေ၊ ကြက်သရေလန်းလန်း၊ တက်နေနှန်းသို့၊ ရောင်သုန်းလင်းရှိန်၊ ဝင်းဝင်း

ထိန်လျက်၊ တေ ိနတ်တိုင်း၊ စုံယူနိုင်သား၊ ဂိုဏ်းသာသနာ၊ ဘာသာမခြား၊ တဝမ်းပွားသို့၊ သနားကြင်နာ၊ ချစ်မဆွေ ဖြင့်၊ သဗ္ဗာဆက်နွယ်၊ ကူးလူးဆွယ်၍၊ ရည်ရွယ်ဤကျမ်း၊ သူ့အစွမ်းကြောင့်၊ မပန်းလွယ်ကူ၊ ရောက်စိမ့်ဟူရှင့်၊ ပြုစု ကင်းဝေး၊ ပြစ်မတွေးပဲ၊ ချမ်ဆေးမျက်ပြေ၊ ဆောင်သော တွေ့သို့၊ အောင်စေ နိဂုံး၊ ကမ္ပတ်ဖုံးသည်။ ။တိုက်လုံး သိမ့်သိမ့်ကုန်ဟီးတည်း။

ပြီး၏။

တောင်တွင်းကြီးမြို့-မုဒ္ဒအဏ္ဏဝမ်ိုလ်၏လက်ဆောင်များ။

၁။ ကြိုက်ရာရွေး လမ်းနှစ်သွယ် (ထွက်ပြီ)

၂။ ကမ္ဘပြသာနာ (ထွက်ပြီ)

၃။ ဗုဒ္ဓလမ်းစဉ် (ထွက်ပြီ)

၄။ ဗုဒ္ဓအဘိဓမ္မာ (ထွက်ပြီ)

၅။ သမထ-သမဂ္ဂ (ထွက်ပြီ)

၆။ ဝိဝေကစူဠာမဏိ (ရိုက်ဆဲ)

၇။ ရွှေချိန်ခွင်စာအဖြေ (ရိုက်ဆဲ)

၈။ ဖါဟိယန်ခရီးစဉ် (ရိုက်ဆဲ)

အောက်ပါ ဌာနများတွင် ရနိုင်ပါသည်။

၁။ အထွေထွေဌာနမှူး။ ဗုဒ္ဓအဘိဓမ္မာအသင်း။ တောင်တွင်းကြီးမြို့။ ။

၂။ ဘုံလောက-စာပေ ဖြန့်ချိရေး ဌာန။ ၃၁-လမ်း။ ပဒေသာတန်း။ မန္တလေးမြို့။ ။

၃။ ပြည်သူ့စာပေတိုက်။ ၅၄၆-ကုန်သည်လမ်း။ ရန်ကုန်မြို့။

ဏာ အာဥ ဗုဒ္ဓတက္ကသိုလ်